ပုဂံမြို့တော်ဟောင်းရှိ

စေတီပုထိုးနှစ်ဆယ်ဆူသမိုင်း

ပုဂံမြေ၌ ပေါက်ဖွားပေါ်ထွန်းခဲ့သော

သာသနာ့ဝန်ဆောင် ပညာရှင်တို့၏

အဖြစ်တော်စဉ်စသည်ဖြင့်

တန်ဆာဆင်အပ်သော

# ပုဂံသာသနာဝင်


အရှင်ကေလာသ

ဓမ္မာစရိယ၊ ဂဏဝါစက (B.A ဝိဇ္ဇာဂုဏ်ထူး)

(ရေးသားစီစဉ်တော်မူသည်)



၃၀၉
သ

ပုဂံမြို့တော်ဟောင်းရှိ

စေတီပုထိုးနှစ်ဆယ်ဆူသမိုင်း

ပုဂံမြေ၌ ပေါက်ဖွားပေါ်ထွန်းခဲ့သော

သာသနာ့ဝန်ဆောင် ပညာရှင်တို့၏

အဖြစ်တော်စဉ်စသည်ဖြင့်

တန်ဆာဆင်အပ်သော

# ပုဂံသာသနာဝင်

## အရှင်ကေလာသ

မဟာစရိယ၊ ဂဏဝါစက (B.A ဝိဇ္ဇာဂုဏ်ထူး)

ရေးသားစီရင်သည်

သာသနာသက္ကရာဇ် - ၂၅၁၇၊ ကောဇာသက္ကရာဇ် - ၁၃၃၅၊

ခရစ်သက္ကရာဇ် - ၁၉၇၃။

ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ-၁၀၀၀

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၇၃၈၀
ရက်စွဲ ၂၅-၁-၂၀၁၀
ဗုဒ္ဓသာသနာစာကြည့်တိုက်

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ဦးအောင်သိန်းညွန့်၊ ညွှန်ကြားရေးမှူး
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
မှတ်ပုံတင်အမှတ်-၀၃၈၄၅ က
ပုံနှိပ်ထုတ်ဝေသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | (န) |
| ၂။ | ရတနတ္တယပဏာမ | ၁ |
| ၃။ | အာစရိယပဏာမ | ၁ |
| ၄။ | ပဋိညာဉ် | ၂ |
| ၅။ | နန်းမြို့တော်ပုဂံ | ၂ |
| ၆။ | ပုဂံမြို့တည်ရာ | ၃ |
| ၇။ | ရှေးဘုရားသုံးဆူတို့လက်ထက်က ပုဂံမြို့၏အမည်များ | ၃ |
| ၈။ | ပုဂံမြို့အမည်များ | ၄ |
| ၉။ | သာသနာတည်ထွန်းရာ | ၄ |
| ၁၀။ | ရင်သတ်ရှုမော အံ့ဩစရာ သာသနာ့အဆောက်အအုံများ | ၄ |
| ၁၁။ | သမိုင်းအကျဉ်း | ၄ |
| ၁၂။ | ရသေ့ကြောင်မင်း | ၅ |
| ၁၃။ | ပြူစောထီးမင်း | ၆ |
| ၁၄။ | ထီးမင်းယဉ်စသောမင်းများ | ၆ |
| ၁၅။ | ပေါက္ကာရာမကိုဖျက်၍ သီရိပစ္စယာမြို့တည် | ၇ |
| ၁၆။ | သီရိပစ္စယာကိုဖျက်၍ တမ္ဗဝတီမြို့တည် | ၇ |
| ၁၇။ | ပုပ္ပါးစောရဟန်းမင်း | ၇ |
| ၁၈။ | ပုဂံမြို့တည်ခြင်း | ၈ |
| ၁၉။ | ငှက်ပစ်တောင်ဘုရား | ၉ |
| ၂၀။ | တုရင်းတောင်ဘုရား | ၁၀ |
| ၂၁။ | တန့်ကြည့်တောင်ဘုရား | ၁၁ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂။ | <u>နန်းဘုရား</u> | ၁၃ |
| ၂၃။ | <u>ဗူးဘုရား</u> | ၁၄ |
| ၂၄။ | <u>ရွှေစည်းခုံဘုရား</u> | ၁၇ |
| ၂၅။ | ဘုရားကြီးအနီးကျောင်းတိုက်များ | ၁၇ |
| ၂၆။ | စေတီတော်ကြီးဖူးမြင်ကွင်း | ၁၈ |
| ၂၇။ | သမိုင်းအကျဉ်း | ၁၉ |
| ၂၈။ | အံ့သြဘွယ်ရာများ | ၂၀ |
| ၂၉။ | <u>ထီးလိုမင်းလိုဘုရား</u> | ၂၂ |
| ၃၀။ | ထီးလိုမင်းလိုဟုတွင်ခြင်း | ၂၂ |
| ၃၁။ | <u>နဂါးရုံဘုရား</u> | ၂၄ |
| ၃၂။ | စေတီတည်ထားကိုးကွယ်ပြီ | ၂၆ |
| ၃၃။ | <u>အာနန္ဒာဘုရား</u> | ၂၇ |
| ၃၄။ | စေတီတော်မြင်ကွင်း | ၂၇ |
| ၃၅။ | အတိုင်းအတာပမာဏ | ၂၈ |
| ၃၆။ | သမိုင်းအကျဉ်း | ၂၈ |
| ၃၇။ | စေတီတော်ကြီးတည်ဟန် | ၂၉ |
| ၃၈။ | မင်းတရားတို့ကုသိုလ် | ၃၀ |
| ၃၉။ | <u>ရွှေဂူကြီးဘုရား</u> | ၃၁ |
| ၄၀။ | <u>လောကနန္ဒာဘုရား</u> | ၃၃ |
| ၄၁။ | သမိုင်းအကျဉ်း | ၃၃ |
| ၄၂။ | လောကနန္ဒာဘုရားရှိခိုး | ၃၄ |
| ၄၃။ | <u>မြစေတီဘုရား</u> | ၃၄ |
| ၄၄။ | <u>မဟာဗောဓိဘုရား</u> | ၃၆ |
| ၄၅။ | သမိုင်းအကျဉ်း | ၃၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၆။ | မဟာဗောဓိစေတီယဝန္ဒနာဂါထာ | ၃၇ |
| ၄၇။ | ဇေယျသိဒ်မင်းတရား၏ အခြားကောင်းမှုများ | ၃၈ |
| ၄၈။ | <u>မနူဟာဘုရား</u> | ၃၈ |
| ၄၉။ | သမိုင်းအကျဉ်း - | ၃၉ |
| ၅၀။ | မနူဟာဘုရားရှိခိုး | ၄၀ |
| ၅၁။ | <u>သဗ္ဗညုဘုရား</u> | ၄၀ |
| ၅၂။ | <u>ဆပဋ္ဌဘုရား</u> | ၄၂ |
| ၅၃။ | <u>ဓမ္မရံကြီးဘုရား</u> | ၄၃ |
| ၅၄။ | အရှင်ဓမ္မရံသီထေရ် | ၄၄ |
| ၅၅။ | <u>စူဠာမဏိဘုရား</u> | ၄၄ |
| ၅၆။ | <u>ကျောက်ကူဘုရား</u> | ၄၅ |
| ၅၇။ | မင်္ဂလာစေတီဘုရား | ၄၈ |
| ၅၈။ | သမိုင်းအကျဉ်း | ၄၈ |
| ၅၉။ | နရပတေ့မင်းနတ်ရွာစံခြင်း, ပုဂံပြည်ပျက်စီးခြင်း | ၄၉ |
| ၆၀။ | ပုဂံသာသနာဝင်ဒုတိယပိုင်း အဆုံးသတ်ခြင်း | ၅၀ |
| ၆၁။ | ပုဂံခေတ်သာသနာစတင်ရောက်လာပုံ | ၅၁ |
| ၆၂။ | မဟာသံဃိကဂိုဏ်းကြီး | ၅၁ |
| ၆၃။ | မဟာသံဃိကဂိုဏ်းသားတို့အယူ | ၅၃ |
| ၆၄။ | မဟာသံဃိကပိဋကများ | ၅၄ |
| ၆၅။ | မဟာသံဃိကအယူအချို့ | ၅၅ |
| ၆၆။ | ဂေါကုလိကဂိုဏ်း | ၅၅ |
| ၆၇။ | ဧကဗျောဟာရိကဂိုဏ်း | ၅၆ |
| ၆၈။ | ဗဟုဿုတိကဂိုဏ်း | ၅၇ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၉။ | ပညတ္တိဂိုဏ်း | ၅၇ |
| ၇၀။ | စေတိယဂိုဏ်း | ၅၈ |
| ၇၁။ | မဟာသံဃိကဂိုဏ်းခွဲငါးဂိုဏ်း | ၅၈ |
| ၇၂။ | မဟိံသာသကဂိုဏ်း | ၅၉ |
| ၇၃။ | ထေရဝါဒဂိုဏ်းခွဲ | ၆၀ |
| ၇၄။ | မဟိံသာသကဂိုဏ်းသားတို့အယူအချို့ | ၆၁ |
| ၇၅။ | ဝဇ္ဇိပုတ္တကဂိုဏ်း | ၆၂ |
| ၇၆။ | ဓမ္မုတ္တရိကဂိုဏ်း | ၆၂ |
| ၇၇။ | ဘဒ္ဒယာနိကဂိုဏ်း | ၆၂ |
| ၇၈။ | ဆန္နာဂါရိကဂိုဏ်း | ၆၃ |
| ၇၉။ | သမ္မိတိယဂိုဏ်း | ၆၃ |
| ၈၀။ | သမ္မိတိယတို့အယူအချို့ | ၆၄ |
| ၈၁။ | သဗ္ဗတ္ထဝါဒီဂိုဏ်း | ၆၅ |
| ၈၂။ | ဓမ္မဂုတ္တိကဂိုဏ်း | ၆၇ |
| ၈၃။ | ကဿပိကဂိုဏ်း | ၆၈ |
| ၈၄။ | သံကန္တိက (သံကန္တိကဿပိကဂိုဏ်း) | ၆၈ |
| ၈၅။ | သုတ္တန္တိကဂိုဏ်း | ၆၈ |
| ၈၆။ | ဂိုဏ်းကြီး ၁၈-ဂိုဏ်း | ၆၉ |
| ၈၇။ | နောက်ထပ်ကွဲဂိုဏ်းများ | ၇၀ |
| ၈၈။ | ဂိုဏ်း ၆-ဂိုဏ်း ထပ်မံပေါ်လာခြင်း | ၇၀ |
| ၈၉။ | ဟေမဝတိကဂိုဏ်း | ၇၁ |
| ၉၀။ | ရာဇဂိရိကဂိုဏ်း | ၇၂ |
| ၉၁။ | သိဒ္ဓတ္ထိကဂိုဏ်း | ၇၂ |
| ၉၂။ | ပုဗ္ဗသေလိယဂိုဏ်း | ၇၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၃။ | အပရသေလိယဂိုဏ်း | ၇၃ |
| ၉၄။ | အပရရာဇဂိရိကဂိုဏ်း (ဝါဇိရိယ) | ၇၄ |
| ၉၅။ | ဝေတုလ္လဂိုဏ်း | ၇၄ |
| ၉၆။ | ဝေတုလ္လဂိုဏ်းသားတို့အယူ | ၇၆ |
| ၉၇။ | ဓမ္မရုစိဂိုဏ်း | ၇၇ |
| ၉၈။ | သာဂလိကဂိုဏ်း | ၇၇ |
| ၉၉။ | ပုဂံအရည်းကြီးရဟန်းများ | ၇၈ |
| ၁၀၀။ | အာယ်မှအရည်းကြီး | ၇၉ |
| ၁၀၁။ | အသွင်အပြင် ပုံပန်းသဏ္ဌာန် | ၇၉ |
| ၁၀၂။ | အမူအကျင့်များ | ၇၉ |
| ၁၀၃။ | **အရှင်အရဟံမဟာထေရ်မြတ်** | ၈၀ |
| ၁၀၄။ | ရဟန္တာပုဂ္ဂိုလ်များ သိကြားမင်းထံတောင်းပန်ကြခြင်း | ၈၁ |
| ၁၀၅။ | ပဋိသန္ဓေတည်နေပြီ | ၈၁ |
| ၁၀၆။ | ဖွားမြင် ရဟန်းပြု | ၈၂ |
| ၁၀၇။ | ပုဂံနန်းမြို့တော်သို့ ကြွလာခြင်း | ၈၂ |
| ၁၀၈။ | အနော်ရထာဘုရင်နှင့် တွေ့ပြီ | ၈၂ |
| ၁၀၉။ | ပြဿနာအခန်းခန်း မေးမြန်းပြီ | ၈၃ |
| ၁၁၀။ | မထေရ်ကိုပြုစုခြင်း | ၈၆ |
| ၁၁၁။ | အရည်းကြီးတို့ကို ဆင်ချေးကျုံး, မြင်းချေးကျုံးခန့်ခြင်း | ၈၆ |
| ၁၁၂။ | မင်းမြတ်၏နောင်တ | ၈၆ |
| ၁၁၃။ | ပရိတ္တနိဒါန်းလာ အရှင်အရဟံအဖြစ်တော်စဉ် | ၈၇ |
| ၁၁၄။ | အနော်ရထာမင်းကမေး၍ အရှင်အရဟံကဖြေပုံ | ၈၈ |
| ၁၁၅။ | ပုဂံပြည်ကြွရောက်တော်မူခြင်း | ၈၉ |
| ၁၁၆။ | အရှင်အရဟံအားဇေတဝန်ကျောင်းတိုက်တင်လှူ | ၈၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၇။ | သာသနာဆက်စာများလာ<br>အရှင်အရဟံဖြစ်တော်စဉ် | ၉၀ |
| ၁၁၈။ | အရည်ကြီးတို့၏ကျမ်းစာများ မီးတိုက်ခြင်း | ၉၀ |
| ၁၁၉။ | ညှိနှိုင်း၍ပြုခြင်း | ၉၃ |
| ၁၂၀။ | သထုံမှပိဋကတ်များ ပုဂံသို့ပင့်ယူခြင်း | ၉၃ |
| ၁၂၁။ | အရှင်အရဟံကြွလာချိန်နှင့် ပရိနိဗ္ဗာန်စံချိန် | ၉၄ |
| ၁၂၂။ | ဈာပနပွဲသဘင် | ၉၄ |
| ၁၂၃။ | **အရှင်သုမေဓာထေရ်** | ၉၅ |
| ၁၂၄။ | မထေရ်မြတ်၏ဂုဏ်တော်များ | ၉၆ |
| ၁၂၅။ | **အရှင်ဂုဏသာရမဟာထေရ်** | ၉၆ |
| ၁၂၆။ | **ပဌမအဂ္ဂပဏ္ဍိတမဟာထေရ်** | ၉၆ |
| ၁၂၇။ | **ဒုတိယအဂ္ဂပဏ္ဍိမဟာထေရ်** | ၉၇ |
| ၁၂၈။ | ပိဋကတ်တော်သမိုင်းအဆို | ၉၇ |
| ၁၂၉။ | **အရှင်သီလဗုဒ္ဓိမဟာထေရ်**<br>(ဇေယျရှင် ပုံ့သုကူမဟာထေရ်) | ၉၇ |
| ၁၃၀။ | ပုံ့သုကူထေရ်တွင်ကြောင်း | ၉၈ |
| ၁၃၁။ | ဇေယျရှင်အမည်တွင်ကြောင်း | ၉၈ |
| ၁၃၂။ | မန္တလေးအရှေ့ဖက်ထွန်တုံးပူ တက်ကြွခြင်း | ၉၉ |
| ၁၃၃။ | ကုလားကျမင်းကြီးဆိုအဆိပ်ခတ်လုပ်ကြံ | ၉၉ |
| ၁၃၄။ | ပုံ့သုကူထေရ် သံဝေဂရခဲ့ | ၁၀၀ |
| ၁၃၅။ | သီဟိုဠ်ကျွန်းကြွမည်ပြုခြင်း | ၁၀၀ |
| ၁၃၆။ | မင်းကြီးကဆွမ်းလုပ်ကျွေးခြင်း | ၁၀၁ |
| ၁၃၇။ | ဝန်ချတောင်းပန် သားများလှူ ဘုရားတည် | ၁၀၂ |
| ၁၃၈။ | သာသနာပြုမထေရ် | ၁၀၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃၉။ | <u>**အရှင်ဥတ္တရဇီဝမဟာထေရ်**</u> | ၁၀၃ |
| ၁၄၀။ | နရပတိစည်သူမင်းကမျှားစွာချီးမြှောက် | ၁၀၃ |
| ၁၄၁။ | သီဟိုဠ်ကျွန်းသို့ကြွတော်မူခြင်း | ၁၀၄ |
| ၁၄၂။ | သီဟိုဠ်၌ဆပ္ပဒသာမဏေ ပဉ္စင်းခံခြင်း | ၁၀၄ |
| ၁၄၃။ | ပုဂံပြည်ပြန်ကြွတော်မူခြင်း | ၁၀၄ |
| ၁၄၄။ | ပျံလွန်တော်မူပြီ | ၁၀၅ |
| ၁၄၅။ | <u>**ပဋ္ဌမဆပ္ပဋ္ဌမဟာထေရ်**</u> (အရှင်သဒ္ဓမ္မဉာဏ) | ၁၀၅ |
| ၁၄၆။ | သီဟိုဠ်၌ရဟန်းခံခြင်း | ၁၀၅ |
| ၁၄၇။ | ပုဂံပြည်ပြန်ကြွခြင်း | ၁၀၆ |
| ၁၄၈။ | နရပတိစည်သူမင်း ကြည်ညိုခြင်း | ၁၀၇ |
| ၁၄၉။ | အရှင်ရာဟုလာလူထွက်ခြင်း | ၁၀၇ |
| ၁၅၀။ | အနုသာသနီ | ၁၀၈ |
| ၁၅၁။ | ပုဂံသာသနာဂိုဏ်း ၄-ဂိုဏ်းကွဲ | ၁၀၈ |
| ၁၅၂။ | ဓမ္မပဒေသ | ၁၀၉ |
| ၁၅၃။ | <u>**ဒုတိယဆပ္ပဋ္ဌ**</u><br>(အရှင်သဒ္ဓမ္မဉာဏမဟာထေရ်) | ၁၁၀ |
| ၁၅၄။ | တတိယဆပ္ပဋ္ဌ<br>(အရှင်သဒ္ဓမ္မသီရိမဟာထေရ်) | ၁၁၁ |
| ၁၅၅။ | ပညာသင်ကြား တတ်မြောက်ခြင်း | ၁၁၁ |
| ၁၅၆။ | ကျမ်းဂန်များပြုစုခြင်း | ၁၁၁ |
| ၁၅၇။ | သဒ္ဒတ္ထဘေဒစိန္တာကျမ်း | ၁၁၁ |
| ၁၅၈။ | <u>**အရှင်ဓမ္မဝိလာသမဟာထေရ်**</u> | ၁၁၃ |
| ၁၅၉။ | ပုဂံ၌ပညာသင်ရဟန်းဖြစ် | ၁၁၄ |
| ၁၆၀။ | ဓမ္မသတ်ကျမ်းများ စိတ်ဝင်စား | ၁၁၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆၁။ | အင်္ဂါချို့တဲ့၍ မင်းဆရာမဖြစ် | ၁၁၅ |
| ၁၆၂။ | ဓမ္မသတ်ကျမ်းပြုခြင်း | ၁၁၅ |
| ၁၆၃။ | ပျံလွှန်တော်မူခြင်း | ၁၁၆ |
| ၁၆၄။ | ကာရိကာကျမ်းစသည်ပြု **<u>အရှင်ဓမ္မသေနာပတိမဟာထေရ်</u>** | ၁၁၆ |
| ၁၆၅။ | စာပေတတ်မြောက်ခြင်း | ၁၁၆ |
| ၁၆၆။ | သီတင်းသုံးရာကျောင်းတိုက် | ၁၁၇ |
| ၁၆၇။ | ကျမ်းဂန်များပြုစုတော်မူခြင်း | ၁၁၇ |
| ၁၆၈။ | ကာရိကာပါဌ် | ၁၁၇ |
| ၁၆၉။ | ဣန္ဒသဒ္ဒါ, ဝိသုံသဒ္ဒါ | ၁၁၈ |
| ၁၇၀။ | ကစ္စာယနသာရဆရာနှင့် ဆက်စပ်ခဲ့ | ၁၁၈ |
| ၁၇၁။ | ကာရိကာဋီကာပါဌ် | ၁၁၉ |
| ၁၇၂။ | နန္ဒာကျောင်းတိုက် | ၁၂၀ |
| ၁၇၃။ | ဝစနတ္ထဇောတိကာဋီကာကျမ်းပြု **<u>အရှင်ဝေပုလ္လဗုဒ္ဓိမဟာထေရ်</u>** | ၁၂၀ |
| ၁၇၄။ | ဝစနတ္ထဇောတိကာဋီကာပါဌ် | ၁၂၁ |
| ၁၇၅။ | ရက် ၂၀-ဖြင့် ဝစနတ္ထဇောတိကာဋီကာရေးခဲ့ | ၁၂၂ |
| ၁၇၆။ | ကစ္စာယနသာရကျမ်းပြု အရှင်ယသမဟာထေရ် | ၁၂၂ |
| ၁၇၇။ | ကစ္စာယနသာရကျမ်းပြုစုခြင်း | ၁၂၃ |
| ၁၇၈။ | ချာသပ္ပဒီပိကာမည်သောသံပျင်ဋီကာကျမ်းပြု သံပျင်အမတ် | ၁၂၄ |
| ၁၇၉။ | ချာသကျမ်းကြီး | ၁၂၄ |
| ၁၈၀။ | ကျမ်းပြုပုဂ္ဂိုလ် | ၁၂၅ |
| ၁၈၁။ | သာသနာဝံသပ္ပဒီပိကာအဆို | ၁၂၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈၂။ | သာသနဝံသဒီပအဆို | ၁၂၆ |
| ၁၈၃။ | ချာသကျမ်းပြုသူမှာ **အရှင်ဝဇိရဗုဒ္ဓိထေရ်** | ၁၂၆ |
| ၁၈၄။ | ချာသအဆို ရူပသိဒ္ဓိဋီကာဆရာပယ် | ၁၂၇ |
| ၁၈၅။ | **စာချဆရာသံပျင်မင်းသမီး** | ၁၂၇ |
| ၁၈၆။ | မင်းသမီးကြည့်မြင်လို၍ဉာဏ်ဆင် | ၁၂၈ |
| ၁၈၇။ | မင်းသမီးနှ်တပ်မက်ခင်မင် ရဟန်းဘဝမပျော်ရှင် | ၁၂၈ |
| ၁၈၈။ | ငါ့သမီးလိုချင်လျှင် ကျမ်းဂန်ပြုစုရမည် | ၁၂၈ |
| ၁၈၉။ | သံပျင်ဋီကာရေးပုံ | ၁၂၉ |
| ၁၉၀။ | လက္ခဏာရေးသုံးပါးအားထုတ်ရန်တိုက်တွန်း | ၁၃၁ |
| ၁၉၁။ | **မဟာကဝိသံပျင်အမတ်** | ၁၃၂ |
| ၁၉၂။ | **အရှင်တိပိဋကမရေ အဘယမဟာထေရ်** | ၁၃၃ |
| ၁၉၃။ | ကျမ်းဂန်ပြုစုခြင်း | ၁၃၃ |
| ၁၉၄။ | သမ္ဗန္ဓစိန္တာဋီကာဟောင်းစာသွား | ၁၃၄ |
| ၁၉၅။ | သဒ္ဒတ္ထဘေဒစိန္တာဋီကာဟောင်းပါ၌ | ၁၃၄ |
| ၁၉၆။ | သာသနာပြုခဲ့ခြင်း ပျံလွန်တော်မူခြင်း | ၁၃၅ |
| ၁၉၇။ | **ပေါင်လောင်အရှင်မဟာကဿပထေရ်** | ၁၃၆ |
| ၁၉၈။ | သီဟိုဠ်ကျွန်းသို့ကြွတော်မူခြင်း | ၁၃၆ |
| ၁၉၉။ | သမုဒ္ဒရာအလယ် ရွက်လှေရပ် | ၁၃၆ |
| ၂၀၀။ | ကြွပေတော့အရှင်ဘုရား | ၁၃၇ |
| ၂၀၁။ | ပြုခဲ့ဘူးသောအကုသိုလ်မှ အကျိုးပေး | ၁၃၇ |
| ၂၀၂။ | သိကြားမင်းက မိကျောင်းဖန်ဆင်း ဘီလူးကျွန်းပို့ | ၁၃၈ |
| ၂၀၃။ | ရွှေပေါင်လောင်ဆုတောင်းပြည့်စေတီ | ၁၃၈ |
| ၂၀၄။ | ပေါင်လောင်ကဿပစေတီများ | ၁၃၉ |
| ၂၀၅။ | ကျမ်းဂန်များပြုစုတော်မူခြင်း | ၁၃၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀၆။ | မဟာဗောဓိဝံသအဌကထာ | ၁၃၉ |
| ၂၀၇။ | ကျမ်းဂန်တတ်ကျမ်းပြုပုဂ္ဂိုလ် | ၁၅၅ |
| ၂၀၈။ | အရှင်ဂုဏာသာဂရထေရ် | ၁၅၅ |
| ၂၀၉။ | ကျမ်းဂန်ပြုစုခြင်း | ၁၅၆ |
| ၂၁၀။ | အရှင်ဂုဏာသာဂရ၏ဂါထာများ | ၁၅၆ |
| ၂၁၁။ | သဒ္ဒနီတိကျမ်းပြု | |
| | တတိယ အဂ္ဂပဏ္ဍိတမဟာထေရ် | |
| | (အရှင်အဂ္ဂဝံသ) | ၁၅၆ |
| ၂၁၂။ | အရှင်အဂ္ဂဝံသပေါ်ထွန်းချိန် | ၁၅၇ |
| ၂၁၃။ | ဆရာစသည် | ၁၅၇ |
| ၂၁၄။ | စာပေတတ်မြောက်ကျွမ်းကျင်ခဲ့ | ၁၅၇ |
| ၂၁၅။ | သက္ကတတတ်ပုဂ္ဂိုလ် | ၁၅၇ |
| ၂၁၆။ | ရာဇဝင်, သာသနာဝင်ကျမ်းတတ်ပုဂ္ဂိုလ် | ၁၅၈ |
| ၂၁၇။ | ပရိယတ္တိဝန်ဆောင်ပုဂ္ဂိုလ် | ၁၅၈ |
| ၂၁၈။ | စေတနာဗလဝဖြင့် ကျမ်းဂန်ပြုခဲ့ | ၁၅၈ |
| ၂၁၉။ | နိုင်ငံခြားများက ကူး၍ပုံနှိပ်ခဲ့ | ၁၅၉ |
| ၂၂၀။ | ပဒမာလာကျမ်းကြီး | ၁၅၉ |
| ၂၂၁။ | ဓာတုမာလာကျမ်းကြီး | ၁၆၀ |
| ၂၂၂။ | သုတ္တမာလာကျမ်းကြီး | ၁၆၁ |
| ၂၂၃။ | ကျမ်းပြုပုံအခြင်းအရာတို့ကိုဖော်ပြခဲ့ | ၁၆၁ |
| ၂၂၄။ | ဘုရားဆုပန်ပုဂ္ဂိုလ်ထူး | ၁၆၂ |
| ၂၂၅။ | စာပေရေးသားဟန် | ၁၆၂ |
| ၂၂၆။ | သီဟိုဠ်ပညာရှင်တို့ချီးမွမ်းအံ့သြကြ | ၁၆၃ |
| ၂၂၇။ | သီဟိုဠ်ပါဠိသမိုင်းကျမ်း၌ဖော်ပြခဲ့ | ၁၆၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂၈။ | တုသိတာဘုံခိုလှုံခဲ့ | ၁၆၅ |
| ၂၂၉။ | ဆရာတော်ဦးကျည်ပွေ့ | ၁၆၅ |
| ၂၃၀။ | စာပေတတ်မြောက်ခြင်း | ၁၆၆ |
| ၂၃၁။ | ခြောက်ကျောင်းတိုက် | |
| | ရဟန်းတော်များ ပြဿနာမေး | ၁၆၆ |
| ၂၃၂။ | ပြန်၍ပြဿနာမေးခြင်း | ၁၆၇ |
| ၂၃၃။ | ဒိသာပေါမောက္ခဘွဲ့တံဆိပ်လှူ | ၁၆၇ |
| ၂၃၄။ | ကျမ်းဂန်ပြုစုခြင်း | ၁၆၇ |
| ၂၃၅။ | သဒ္ဒါကျမ်းနက် | ၁၆၇ |
| ၂၃၆။ | သင်ပုန်းကြီးဋီကာပါဌ် | ၁၆၉ |
| ၂၃၇။ | ပျံလွန်ခြင်း | ၁၆၉ |
| ၂၃၈။ | သဒ္ဒဝုတ္တိကျမ်းပြု | |
| | အရှင်သဒ္ဓမ္မဂုရုမဟာထေရ် | ၁၇၀ |
| ၂၃၉။ | သဒ္ဒဝုတ္တိကျမ်းကိုပြုစီရင်ခြင်း | ၁၇၀ |
| ၂၄၀။ | မှတ်သားဖွယ်ကောင်းသောဂါထာများ | ၁၇၀ |
| ၂၄၁။ | သဒ္ဒဝုတ္တိဋီကာကျမ်းပြု | |
| | အရှင်သာရိပုတ္တရာမဟာထေရ် | ၁၇၁ |
| ၂၄၂။ | ပိဋကတ်နှင့် သဒ္ဒါကျမ်းတတ် | ၁၇၂ |
| ၂၄၃။ | သဒ္ဒဝုတ္တိဋီကာဟောင်းပါဋိ | ၁၇၂ |
| ၂၄၄။ | ကျမ်းကိုးများ | ၁၇၃ |
| ၂၄၅။ | အရှင်သဒ္ဓမ္မဇောတိပါလမဟာထေရ် | ၁၇၃ |
| ၂၄၆။ | ကျမ်းဂန်ပြုစုရေးသားမှု | ၁၇၄ |
| ၂၄၇။ | သင်္ခေပဝဏ္ဏနာဋီကာပါဌ် | ၁၇၅ |
| ၂၄၈။ | သင်္ခေပဝဏ္ဏနာဋီကာလာ ဂုဏ်ရည်ပြစကား | ၁၇၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄၉။ | သီဟိုဠ်၌လည်း ရိုက်နှိပ်ခဲ့ | ၁၇၇ |
| ၂၅၀။ | နာမစာရဒီပကပါဠိ | ၁၇၇ |
| ၂၅၁။ | သုတ္တနိဒ္ဒေသပါဠိ | ၁၇၈ |
| ၂၅၂။ | သီမာလင်္ကာရဋီကာ | ၁၇၉ |
| ၂၅၃။ | ဝိနယဂုဠှတ္ထဒီပနီ | ၁၈၀ |
| ၂၅၄။ | ဆပ္ပဋ္ဌထေရ်ဟုထင်ရှားခြင်းအကြောင်း | ၁၈၀ |
| ၂၅၅။ | မျှလွှန်တော်မူခြင်း | ၁၈၁ |
| ၂၅၆။ | **အရှင်သာရဒဿီထေရ်** | ၁၈၁ |
| ၂၅၇။ | သာသနာ့ဝန်ထမ်းဆောင် | ၁၈၁ |
| ၂၅၈။ | ရေကြည်ဂိုဏ်းစတင်သူ | ၁၈၁ |
| ၂၅၉။ | ကျမ်းဂန်ပြုစုခြင်း | ၁၈၂ |
| ၂၆၀။ | ပရမတ္ထမဉ္ဇူကျမ်း | ၁၈၂ |
| ၂၆၁။ | ဒီဃနိကာယ်နိဿျကျမ်းစသည်ပြု **အရှင်ဂုဏဝံသကမဟာထေရ်** | ၁၈၃ |
| ၂၆၂။ | အရှင်ဂုဏဝံသကပေါ်ထွန်းချိန်ခေတ် | ၁၈၃ |
| ၂၆၃။ | ကျမ်းဂန်ပြုစုခြင်း | ၁၈၃ |
| ၂၆၄။ | သုတ်မဟာဝါအဋ္ဌကထာနိဿျနိဂုံး | ၁၈၄ |
| ၂၆၅။ | ဝီရိယကြီးမြတ်သူ | ၁၈၅ |
| ၂၆၆။ | **အရှင်သီရိသဒ္ဓမ္မာဘိလင်္ကာရ** | ၁၈၅ |
| ၂၆၇။ | **အရှင်ဂုဏမဟာထေရ်** (နတ်ထောင့်ဆရာတော်) | ၁၈၅ |
| ၂၆၈။ | ရှင်ရဟန်းပြုခြင်း၊ ပညာသင်ကြားခြင်း | ၁၈၆ |
| ၂၆၉။ | ရာဇာဓိရာဇာဂုရု | ၁၈၆ |
| ၂၇၀။ | **အရှင်လင်္ကာဒီပထေရ်** | ၁၈၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၇၁။ | ပုဂံမြို့၌စာပေပို့ချ | ၁၈၇ |
| ၂၇၂။ | ကျမ်းဂန်ပြုစုတော်မူခြင်း | ၁၈၇ |
| ၂၇၃။ | သာသနာပြု ပျံလွန် | ၁၈၈ |
| ၂၇၄။ | ပုဂံသာသနာခန့်မှန်းနိုင် | ၁၈၈ |
| ၂၇၅။ | ရာဇာဂုရုဘွဲ့တံဆိပ်တော် ၃-ထပ်ရ မြတောင် (ပုဂံ)ဆရာတော် **အရှင်အာလောကမဟာထေရ်** | ၁၈၈ |
| ၂၇၆။ | ဖွားမြင်တော်မူခြင်း | ၁၈၉ |
| ၂၇၇။ | ကျောင်းအပ်ပညာသင် | ၁၈၉ |
| ၂၇၈။ | သာသနာ့ဘောင်ရောက် ပညာသင် | ၁၈၉ |
| ၂၇၉။ | သင်္ဂဇာဆရာတော်ထံမှောက်ရောက်ရှိခြင်း | ၁၉၀ |
| ၂၈၀။ | လူ့ဘောင်သို့ | ၁၉၀ |
| ၂၈၁။ | ရဟန်းဘဝ ဒုလ္လဘသို့ | ၁၉၁ |
| ၂၈၂။ | တောကျောင်းခိုဝင် ဓူတင်ကျင့်တော်မူခြင်း | ၁၉၁ |
| ၂၈၃။ | ဂူကျောင်းတောရ၌ သိမ်သမုတ်တော်မူခြင်း | ၁၉၂ |
| ၂၈၄။ | သာဓုဇနပသံသနီသိမ် | ၁၉၂ |
| ၂၈၅။ | ဂူကျောင်းတောရမှ ရတနာပုံမန္တလေးသို့ | ၁၉၅ |
| ၂၈၆။ | ပုဂံသေလန္တရာရာမကျောင်းတိုက်၌ သီတင်းသုံးခြင်း | ၁၉၆ |
| ၂၈၇။ | ကြံခင်းမြို့ နဝင်းလယ်ပြင် ကျောင်းတိုက်၌ သီတင်းသုံးခြင်း | ၁၉၆ |
| ၂၈၈။ | မန္တလေးတောင်ခြေ မြတောင်တိုက်တော် အလှူခံခြင်း | ၁၉၆ |

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၈၉။ | အာလောကာဘိဝရသာသနရက္ခ မဟာဓမ္မရာဇဂုရု | ၁၉၇ |
| ၂၉၀။ | ပရိယတ္တိသာသနာတော်ကို ချီးမြှောက်တော်မူခြင်း | ၁၉၈ |
| ၂၉၁။ | မြတောင်ဆရာတော်စာချနည်း | ၁၉၈ |
| ၂၉၂။ | ဒကာတော်မင်းဧကရာဇ်သဘောရှိ | ၁၉၈ |
| ၂၉၃။ | မြတောင်တိုက်သစ်ဆောက်လုပ်ခြင်း | ၂၀၀ |
| ၂၉၄။ | မြတောင်တိုက်သစ်သို့ ကြွသီးတင်းသုံးတော်မူခြင်း | ၂၀၂ |
| ၂၉၅။ | စာချီးလက်ာများ | ၂၀၂ |
| ၂၉၆။ | သာသနာတော်အကျိုး သည်ပိုးဆောင်ရွက်တော်မူခြင်း | ၂၀၃ |
| ၂၉၇။ | ဘွဲ့တံဆိပ်တော် ၃-တန် အလှူခံတော်မူခြင်း | ၂၀၃ |
| ၂၉၈။ | မင်းတုန်းမင်း, သီပေါမင်းတို့၏ မြတောင်အလှူဝတ်များ | ၂၀၄ |
| ၂၉၉။ | ဆရာတော်ကြီးလုပ်ငန်းတော်များ | ၂၀၅ |
| ၃၀၀။ | ကျမ်းဂန်ရေးသားပြုစုတော်မူခြင်း | ၂၀၅ |
| ၃၀၁။ | ဧဟိဘိက္ခုဖြစ်၍ သင်္ဂဇာဆရာတော်အား ပူဇော်လိုကြောင်း တောင်းဆုချွေ | ၂၀၆ |
| ၃၀၂။ | မြတောင်ဆရာတော်ဘုရားကြီး၏ ပညာရှိတပည့်များ | ၂၀၇ |
| ၃၀၃။ | ဘဝနတ်ထံဝင်စံတော်မူခြင်း | ၂၀၈ |
| ၃၀၄။ | ဈာပနပွဲဆင်နွှဲကျင်းပခြင်း | ၂၀၉ |
| ၃၀၅။ | သံဝေဂယူဖွယ် | ၂၀၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| ၁၀၆။ | အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီဆရာတော် | |
| | အရှင်ဥဿယမဟာထေရ် | ၂၁၀ |
| ၁၀၇။ | မန္တလေးသစ်ဆိမ့်တိုက် ပညာသင် | ၂၁၀ |
| ၁၀၈။ | ရွှေစေတီတိုက်ပြန်ကြွ နာယကဖြစ် | ၂၁၀ |
| ၁၀၉။ | နတ်ထောင့်ဂိုဏ်းချုပ် | ၂၁၁ |
| ၁၁၀။ | ကျမ်းဂန်များပြုစုတော်မူခြင်း | ၂၁၁ |
| ၁၁၁။ | အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် | ၂၁၂ |
| ၁၁၂။ | ပျံလွန်တော်မူခြင်း | ၂၁၂ |
| ၁၁၃။ | ပါရာဇိကဏ်ဂဏ္ဌိ စသည်ပြု | |
| | အရှင်သုတဗုဒ္ဓိမဟာထေရ် | ၂၁၃ |
| ၁၁၄။ | ဖွားမြင်ခြင်းစသည် | ၂၁၃ |
| ၁၁၅။ | ရဟန်းပြုခြင်း | ၂၁၃ |
| ၁၁၆။ | မန္တလေးမြို့ဒက္ခိဏာရာမတိုက်သို့ | ၂၁၃ |
| ၁၁၇။ | စာချကျမ်းပြု | ၂၁၄ |
| ၁၁၈။ | ပါရာဇိကဏ်ဂဏ္ဌိသစ်ကျမ်းကြီး | ၂၁၄ |
| ၁၁၉။ | ကျမ်းစာအပြီးမှတ်ခဲ့ | ၂၁၆ |
| ၁၂၀။ | ဘဝနတ်ထံဝင်စံတော်မူခြင်း | ၂၁၆ |
| ၁၂၁။ | အရှင်သုမင်္ဂလာလင်္ကာရထေရ် | ၂၁၆ |
| ၁၂၂။ | ရွှေစေတီတိုက်တည်ထောင် | ၂၁၇ |
| ၁၂၃။ | စာပေပို့ချခြင်း, တောထွက်ခြင်း | ၂၁၇ |
| ၁၂၄။ | ဝိနည်းကွန်ချာကျမ်း ပြုစု | ၂၁၇ |
| ၁၂၅။ | ပျံလွန်တော်မူခြင်း | ၂၁၈ |
| ၁၂၆။ | ရတနာပုံပုဂံတိုက်တည် ပုဂံဆရာတော် | |
| | အရှင်ဉာဏုတ္တရမဟာထေရ် | ၂၁၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃၂၇။ | မြတောင်ဆရာတော်အရှင်အာလောကထံ ပညာသင် | ၂၁၉ |
| ၃၂၈။ | ပုဂံတိုက်သစ်တိုက်၌ သီတင်းသုံး | ၂၁၉ |
| ၃၂၉။ | ရာဇဂုရုနှင့် လွဲခဲ့ခြင်း | ၂၁၉ |
| ၃၃၀။ | စာပေပို့ချ, တရားဓမ္မဟော | ၂၂၀ |
| ၃၃၁။ | သီတာမုခကျောင်းတည်, သီတင်းသုံး, ပျံလွန် | ၂၂၀ |
| ၃၃၂။ | **ပခုက္ကူသဲပုံစေတီတောင် (ပုဂံ-ညောင်ဦး)ဆရာတော် ဦးကြည်** | ၂၂၀ |
| ၃၃၃။ | ရှင်သာမဏေဝတ်, ရဟန်းပြုခြင်း | ၂၂၁ |
| ၃၃၄။ | စံကျောင်းဆရာတော် ဦးသုဒဿနထံ ပညာသင် | ၂၂၁ |
| ၃၃၅။ | တောထွက်၍ဓုတင်ကျင့်တော်မူခြင်း | ၂၂၂ |
| ၃၃၆။ | ဆရာတော်ဦးကြည်၏ ဓုတင်အကျင့် | ၂၂၂ |
| ၃၃၇။ | ဣန္ဒြိယ, သီဟိုဠ်ကြွတော်မူခြင်း | ၂၂၃ |
| ၃၃၈။ | ဘဝနတ်ထံ ပျံလွန်တော်မူခြင်း | ၂၂၃ |
| ၃၃၉။ | ဆရာတော်ဦးကြည်၏ အဖြစ်ဆန်းများ | ၂၂၃ |
| ၃၄၀။ | ဆရာတော်နှင့်ပြိန်ပေး | ၂၂၄ |
| ၃၄၁။ | ဆရာတော်နှင့် ဆင်ကြမ်း | ၂၂၄ |
| ၃၄၂။ | ဆရာတော်နှင့် မြွေများ | ၂၂၄ |
| ၃၄၃။ | ဆရာတော်နှင့် ကလေးသူငယ်များ | ၂၂၅ |
| ၃၄၄။ | **အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်** | ၂၂၅ |
| ၃၄၅။ | ဖွားမြင်တော်မူခြင်းစသည် | ၂၂၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၄၆။ | ရှင်, ရဟန်းပြု ပညာသင်ခြင်း | ၂၂၅ |
| ၃၄၇။ | သဒ္ဒါဖြတ် ၄-ရက်, သဒ္ဒါကြီး ၁၆-ရက်, ပါထိကပါဠိ, အဋ္ဌကထာ ၁၅-ရက်ဖြင့် သင်ယူခဲ့ | ၂၂၆ |
| ၃၄၈။ | ကိုရင်ဝတ်နှင့် စာချ, ရဟန်းဖြစ်ခြင်း | ၂၂၆ |
| ၃၄၉။ | မန္တလေးခင်မကန်တိုက်သို့ | ၂၂၆ |
| ၃၅၀။ | ဆရာတော်အရှင်အရိယဝံသက များးစွာချီးကျူး | ၂၂၇ |
| ၃၅၁။ | ပခုက္ကူပြန်ကြွ စာချ | ၂၂၇ |
| ၃၅၂။ | ကျမ်းဂန်ပြုစုတော်မူခြင်း | ၂၂၇ |
| ၃၅၃။ | ဆောင်ရွက်ချက်အမျိုးမျိုး | ၂၂၉ |
| ၃၅၄။ | သကျသီဟမူလစာချ၊ အဂ္ဂမဟာပဏ္ဍိတ | ၂၂၉ |
| ၃၅၅။ | ပညာမိကဘုရားအလောင်း | ၂၃၀ |
| ၃၅၆။ | ဘဝနတ်ထံ ပျံလွန်တော်မူခြင်း | ၂၃၀ |
| ၃၅၇။ | **ဆရာတော်အရှင်ဝိသုဒ္ဓါစာရာဘိဝံသ မဟာထေရ်** | ၂၃၀ |
| ၃၅၈။ | ဖွားမြင်ခြင်း, သာမဏေဝတ်ခြင်း | ၂၃၀ |
| ၃၅၉။ | ပခုက္ကူသုံးထပ်တိုက် | ၂၃၁ |
| ၃၆၀။ | ရဟန်းဘဝ ဒုလ္လဘသို့ | ၂၃၁ |
| ၃၆၁။ | မန္တလေးမစိုးရိမ်တိုက်သို့ | ၂၃၁ |
| ၃၆၂။ | သကျသီဟမွှာစရိယ | ၂၃၂ |
| ၃၆၃။ | စာပေပို့ချ နာယက | ၂၃၂ |
| ၃၆၄။ | မဟာပါဠိအဘိဓာန် ရေးသားပြုစုရာပါဝင် | ၂၃၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| ၃၆၅။ | ကျပ်တောင်ကုန်းရွာ၌ စာပေပို့ချ | ၂၃၂ |
| ၃၆၆။ | ဘဝနတ်ထံ ပျံလွန်ခြင်း | ၂၃၃ |
| ၃၆၇။ | **အဂ္ဂမဟာပဏ္ဍိတ အရှင်သောဘိတ မဟာထေရ်** | ၂၃၃ |
| ၃၆၈။ | ပညာသင်, သာမဏေဝတ်, သာသနာ့ဝန်ထမ်း | ၂၃၃ |
| ၃၆၉။ | ပခုက္ကူပိဋကတ်အတတ်မြို့တော်သို့ | ၂၃၄ |
| ၃၇၀။ | ရန်ကုန်၊ မန္တလေး၊ မြင်းခြံနေ ရဟန်းဖြစ် | ၂၃၄ |
| ၃၇၁။ | ပခုက္ကူနောက်တခေါက်ရောက် စာဆို, စာချဖြစ် | ၂၃၅ |
| ၃၇၂။ | စာသင်တိုက်တည် ဓမ္မာစရိယဘွဲ့ရ | ၂၃၅ |
| ၃၇၃။ | ဂျပန်ပြည် သိမ်သမုတ်ကြွခြင်း | ၂၃၅ |
| ၃၇၄။ | အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် | ၂၃၅ |
| ၃၇၅။ | **စာချကျမ်းပြုပုဂ္ဂိုလ်ဆရာတော် အရှင်ဝိစာရမဟာထေရ်** | ၂၃၆ |
| ၃၇၆။ | ဖွားမြင်ခြင်း, ပညာသင်ကြားခြင်း, ရဟန်းဖြစ်ခြင်း | ၂၃၆ |
| ၃၇၇။ | မန္တလေးမြို့ ပြည်ပွင့်လှသိမ်ကုန်းတိုက်၌ ပညာသင် | ၂၃၇ |
| ၃၇၈။ | မြတောင်တိုက်နာယက သကျသီဟမူလဓမ္မာစရိယ | ၂၃၈ |
| ၃၇၉။ | စစ်ကိုင်းတောင်ရိုးကြွ တရားကျင့် | ၂၃၈ |
| ၃၈၀။ | စာချ, ကျမ်းပြုစုတော်မူခြင်း | ၂၃၈ |
| ၃၈၁။ | မဏိစလထေရုပ္ပတ္တိကျမ်း | ၂၃၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၈၂။ | ဤဘုရားသာသနာ၌ ကျွတ်ရလိုကြောင်း တောင်းဆုချွေ | ၂၃၉ |
| ၃၈၃။ | ဘဝနတ်ထံ ဝင်စံတော်မူခြင်း | ၂၄၀ |
| ၃၈၄။ | စာချကျမ်းပြု ကျစွာဘုရင် | ၂၄၀ |
| ၃၈၅။ | ကျမ်းဂန်တတ်ဘုရင် | ၂၄၁ |
| ၃၈၆။ | ပရမတ္ထဗိန္ဒုပါဌ် | ၂၄၁ |
| ၃၈၇။ | သဒ္ဒဗိန္ဒုပါဌ် | ၂၄၄ |
| ၃၈၈။ | ပညာရှင်တို့ပေါ် ထွန်း ပျော်ရွှင် | ၂၄၅ |
| ၃၈၉။ | နတ်ရွာစံခြင်း | ၂၄၆ |
| ၃၉၀။ | နတ်ထောင့်ဂိုဏ်းသံဃနာယကဆရာတော် အရှင်ဝိလာသာဘိဓဇမဟာထေရ် | ၂၄၆ |
| ၃၉၁။ | ပညာသင်ကြားခြင်း, ရှင်သာမဏေပြုခြင်း | ၂၄၇ |
| ၃၉၂။ | မြတောင်ဆရာတော် အရှင်အာလောကထံ | ၂၄၇ |
| ၃၉၃။ | ရဟန်းဖြစ်ခြင်း, အဓိဋ္ဌာန်ခြင်း | ၂၄၈ |
| ၃၉၄။ | မြတောင်ဆရာတော်ထံ ဆက်လက်ပညာသင် | ၂၄၉ |
| ၃၉၅။ | နတ်ထောင့်ကျောင်း ဆရာတော်ဖြစ်ခြင်း | ၂၄၉ |
| ၃၉၆။ | စာပေချပို့ ရွှင်ပျော်ပျို့ | ၂၅၀ |
| ၃၉၇။ | ဆရာတော်၏ကြည်ညိုဖွယ်ရာ ဂုဏ်တော်များ | ၂၅၀ |
| ၃၉၈။ | တပည့်သံဃာတော်များ ဩဝါဒပေးတော်မူခြင်း | ၂၅၁ |
| ၃၉၉။ | လင်းတဥပမာ | ၂၅၁ |
| ၄၀၀။ | ငါးဥပမာ | ၂၅၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၀၁။ | ဥပမေယျ အနုသာသနကထာ | ၂၅၂ |
| ၄၀၂။ | သီလ, ပညာပြည့်စုံဆုံးမသောဂါထာ | ၂၅၂ |
| ၄၀၃။ | ဘဝနတ်ထံ ပျံလွန်တော်မူခြင်း | ၂၅၃ |
| ၄၀၄။ | ကျမ်းစာအပြီးသတ်ခြင်း | ၂၅၄ |
| ၄၀၅။ | ပုဂ်ံသာသနာဝင်ကျမ်းနိဂုံး | ၂၅၄ |


-----o-----

# နိဒါန်း

ကျမ်းစာရေးသားပြုရာ၌ နိဒါန်းသည် အင်္ဂါတစ်ခုအဖြစ် ပါဝင်လေသည်၊ နိဒါန်း၏ကောင်းခြင်းသည် ကျမ်းစာများ၏လိုအပ် ချက်ပင်ဖြစ်ပေသည်၊ ထို့ကြောင့် မိမိသည်တည်ဆောက်အပ်ပြီးသော ပုဂံသာသနာဗိမာန်တည်းဟူသော သာသနာဝင်ကျမ်းစာ၏နိဒါန်းကို မကျဉ်းမကျယ်ရေးသားရပါဦးမည်။

## ရာဇဂြိုဟ်မြို့တော် နှင့် သာသနာ

ဘုရားရှင်ရှေ့လက်ထက်တော်က မဂဓတိုင်း၊ ရာဇဂြိုဟ်မြို့ တော်သည် မြို့တွင်းလူဦးရေ ကိုးကုဋေ၊ မြို့ပြင်လူဦးရေ ကိုးကုဋေ ၂–ရပ်ပေါင်းလူဦးရေ တစ်ဆယ့်ရှစ်ကုဋေရှိ၍ စည်ကားလှသောမြို့ ကြီးဖြစ်လေသည်၊ "ဣသိဂိလိ ဝေဘာရနှင့် ဝေပုလ္လ, ပဏ္ဍဝအပြင် ဂိဇ္ဈခေါ် တောင်ညိုမြရယ်တို့ ဝန်းခပတ်လည်"ဟူသည့် နှင့်အညီ တောင်ငါးလုံး စီရရီဖြင့် ကြည့်ရှုချမ်းမြေ့ဖွယ်ကောင်းသည့် မြို့တော် ဖြစ်လေသည်၊ ဘုရားမြတ်စွာသည် ဖော်ပြပါ ရာဇဂြိုဟ် မြို့တော်၌ ၂–ဝါမြောက်၊ ၃–ဝါမြောက်၊ ၄–ဝါမြောက်၊ ၁၇–ဝါမြောက်၊ ၂၀–ဝါ မြောက်တို့မှာ ရာဇဂြိုဟ်မှာဝါကပ်တော်မူ၍ ဗုဒ္ဓကိစ္စငါးချက်ကို ပြုတော်မူခဲ့လေသည်၊ ယင်းရာဇဂြိုဟ်၌ပင် ရဟန္တာသခင်အရှင်မြတ်တို့ သီတင်းသုံးရာ ကျောင်းတိုက်ကြီးပေါင်း ၁၈–တိုက် ရှိလေသည်၊ ကျောင်းတိုက်ငယ်ပေါင်းမှာလည်း မြားမြောက်စွာလှကုန်၏၊ ဝေဠုဝန် ကျောင်းတော်ရာ, ဂိဇ္ဈကုဋ်ကျောင်းတော်ရာ, အဇာတသတ်ဓာတ်တော် တိုက်, ပဌမသံဂါယနာတင်ရာလိုဏ်ဂူတော်–စသည်ဖြင့် ယခုတိုင် ကြည့်ရှုဖူးမြော်နိုင်ပေသည်၊ ယင်းရာဇဂြိုဟ်သာသနာနှင့်ပတ်သက်၍ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းများမှာ ကြည့်ညိုဖွယ်ရာဖတ်ရှုနိုင်လေ သည်။

## သာဝတ္ထိမြို့တော် နှင့် သာသနာ

မဇ္ဈိမဒေသရှိ သာဝတ္ထိမြို့တော်သည် ကောသလတိုင်း၏ မြို့တော်ဖြစ်လေသည်၊ ဘုရားရှင်လက်ထက်တော်က လူဦးရေ ၇- ကုဋေရှိ အဓိပတိမြို့ကြီးဖြစ်လေသည်၊ မြို့၏အနောက်တောင်ဖက်က ငါးဆယ့်လေးကုဋေကုန် တည်ဆောက်လှူဒါန်းခဲ့သည့် ဇေတဝန် ကျောင်းတိုက်ကြီး, မြို့အရှေ့ဖက် နှစ်ဆယ့်ခုနစ်ကုဋေကုန် ပုဗ္ဗာရုံ ကျောင်းတိုက်ကြီး-စသည်ဖြင့် ဘုရားရှင်သာသနာတော်သည် အံ့မ ခန်း စည်ပင်ခဲ့ပေသည်၊ ယင်းသာဝတ္ထိသာသနာနှင့်ပတ်သက်၍ ထေရ ဝါဒစာပေ၌ ကြည့်ညိုဖွယ်ရာလေ့လာနိုင်ပေသည်။

## ပါဋလိပုတ်မြို့တော် နှင့် သာသနာ

ပါဋလိပုတ်မြို့ကို ပုပ္ဖပူရဟူ၍လည်းခေါ်သည်၊ ကုသုမပူရ ဟု သုံးနှုန်းကိုလည်း တွေ့ရ၏၊ ယခု ပဋ္ဋနာမြို့ဟုခေါ်၏၊ သီရိဓမ္မာ သောကမင်းကြီး ၃၇-ခုနှစ်တိုင်မင်းပြု၍ သာသနာကိုစည်ပင်အောင် ပြုခဲ့ရာ ဌာနမွန်လည်းဖြစ်လေသည်၊ ယင်းပါဋလိပုတ်မြို့တော်၌ သီရိ ဓမ္မာသောကမင်းကောင်းမှုတော် အသောကာရာမကျောင်းတိုက်ကြီး ရှိခဲ့ဘူးသည်၊ ယင်းအသောကာရာမကျောင်းတိုက်ကြီး၌ ဆဋ္ဌာဘိညာ ပဋိသမ္ဘိဒါပတ္တရဟန္တာတစ်ထောင်တို့ သံဂါယနာတင်တော်မူခဲ့ကြကုန်၏၊ ပါဋလိပုတ်မြို့တော်သာသနာနှင့်စပ်၍ ပါရာဇိကဏ်အဋ္ဌကထာ ဗာဟိ ရနိဒါန်း, ဒီပဝံသ, မဟာဝံသ-စသည်တို့၌ ကြည့်ညိုမဆုံးဖတ်ရှုနိုင် ပေသည်။

## အနုရာဓမြို့တော် နှင့် သာသနာ

အနုရာဓမြို့တော်သည် သီဟိုဠ်ကျွန်း၏မြို့တော်ဖြစ်ခဲ့လေ သည်၊ ကိုလံဘိုမြို့တော် အရှေ့မြောက်ယွန်း ၁၂၆-မိုင်ခန့်အကွာတွင် တည်ရှိလေသည်၊ သာသနာသက္ကရာဇ် ၂၃၆-ခုနှစ်၊ နယုန်လပြည့်နေ့ တွင် အရှင်မဟိန္ဒခေါင်းဆောင်သော သာသနာပြုအဖွဲ့စတင်ရောက် ရှိတော်မူကြကာ သာသနာတော်ကို စတင်တည်ထောင်တော်မူကြ

သည်၊ မဟာဝိဟာရကျောင်းတိုက်ကြီး, အဘယဂိရိကျောင်းတိုက်ကြီး၊ ဇေတဝန်ကျောင်းတိုက်ကြီးစသည့် ဗုဒ္ဓသာသနိကကျောင်းတိုက်ပေါင်းများစွာတို့သည် ယင်းအနုရာဓမြို့၌တည်ရှိကုန်၏၊ အရှင်မဟာဗုဒ္ဓဃောသသည် အဋ္ဌကထာကျမ်းပေါင်းများစွာတို့ကို အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်ကြီး၌ ရေးသားစီရင်တော်မူခဲ့လေသည်၊ ၎င်းအပြင် သံဃမိတ္တာ၊ ဗောဓိပင်, ထူပါရာမစေတီ, မဟာစေတီ, မရိစိဝဋ္ဋိစေတီ–စသည့် စေတီပုထိုးတော်များစွာတို့လည်း တည်ရှိကုန်၏၊ အနုရာဓသာသနာနှင့်ပတ်သက်၍ ဒီပဝံသ, မဟာဝံသ–စသည့် အဋ္ဌကထာများ၌ တွေ့ရှိဖတ်ရှုကြည့်ရှုနိုင်လေသည်။

## ပုလတ္ထိမြို့ နှင့် သာသနာ

ပုလတ္ထိမြို့သည် သီဟိုဠ်နိုင်ငံ၌တည်ရှိ၏၊ အနုရာဓမြို့မှ ၅၇–မိုင်ခန့် ဝေးကွာ၏၊ သာသနာသက္ကရာဇ် ၁၇၀၀–ကျော်တွင် အစွမ်းကုန်ပွင့်လင်းစည်ကားခဲ့သည်၊ ယင်းပုလတ္ထိမြို့၌ ပရက္ကမဗာဟုမင်းကြီး ဆည်ဖို့ခဲ့သော ပရက္ကမသမုဒ္ဒခေါ် ကြီးကျယ်သောရေကန်ကြီးတည်ရှိလေသည်၊ သီဟိုဠ်သာသနာကိုသုတ်သင်ရာသည့် ပုလတ္ထိမြို့တော် ဖြစ်လေသည်၊ ဂိုဏ်းကြီး ၃–ဂိုဏ်းကိုစေ့စပ်ရာမြို့ဟုလည်းထင်ရှားသည်။ ကျောင်းပေါင်း ၁၀၀–ဖြင့်ဘန်ဆာဆင်၍ ပရက္ကမဗာဟုမင်းကြီး သာသနာသက္ကရာဇ် ၁၇၁၀–ကျော်လောက်က ဆောက်လုပ်ခဲ့သည်။ ဇေတဝန်ကျောင်းတိုက်ကြီးစသည်တို့သည် ပုလတ္ထိမြို့၌ တည်ရှိကုန်၏၊ သီဟိုဠ်စာပေ၌စိတ်ဝင်စားစွာဖတ်ရှုရပါသည်၊ ဤစာပြုသူသည် သီဟိုဠ်၌ ၄–နှစ်၊ ၆–လခန့်နေထိုင်၍ သီဟိုဠ် ဘာသာ, သက္ကတ,ပရာကရိတ်, သမိုင်းသာသနာဝင် အမျိုးမျိုးကို လေ့လာခဲ့ဘူးပါသည်။ မြန်မာပြည်မှ သာသနာဝင်ကျမ်းတော်တော်များများတို့ကို ရေးသားပြီးလျှင် သီဟိုဠ်သာသနာဝင်ကျမ်းတစ်စောင်ရေးသားရန် ရည်ရွယ်ချက်ရှိပါ၏။

## ပုဂံနန်းမြို့တော်နှင့် သာသနာ

မြန်မာပြည်ရှိ ပုဂံနန်းမြို့တော်သည်လည်း လွန်စွာမှလူနေ အိမ်ခြေစည်ကားလှ၏၊ "ကိုးကိုးတန် ပုဂံအိမ်ခြေပေါင်း၊ ညိုးညိုးညံ့ ပုဂံဆော်သည့်မောင်း" ဟူ၍ပင် ဥဒါန်းတွင်ခဲ့လေ၏၊ ပုဂံမြို့တော်၌ တည်ရှိသောဘုရားပေါင်းမှာလည်း "လှည်းဝင်ရိုးသံ တည်ညံ့ ပုဂံ ဘုရားပေါင်း" ဟူသောလင်္ကာဖြင့် ၄၄၆၆၇၃၃–ဆူရှိခဲ့ကြောင်းမှတ်တမ်း တင်ခဲ့ကြ၏၊ ဒီပဓက္ကဝတ္တိအဖြစ်ထင်ရှားလှသော ဘုန်းမီးနေလ တောက် ပထိန်ညီးသည့် သီရိဓမ္မာသောကမင်းတည်ဆောက်သည့်စေတီပေါင်း ၈၄၀၀၀–ရှိကြောင်း ကျမ်းဂန်များ၌ဆိုထား၏၊ ပုဂံပြည်ကား ထိုသီရိ ဓမ္မာသောကမင်း၏စေတီဂဏန်းထက် အဆပေါင်း မနှိုင်းယှဉ်နိုင်အောင် များပြားလေသည်၊ ပုဂံ၌သီတင်းသုံးတော်မူခဲ့သောရဟန်းတော်တို့၏ သင်္ချာကိုလည်း ၄၀၀၀၀–မက များပြားကြောင်းတွေ့ရပြန်၏၊ ထို့ကြောင့် ပုဂံသာသနာမှာ မည်မျှကြီးကျယ်စည်ပင်ကြောင်း ပြောပြ၍မကုန် ရေး ၍မဆုံး မှတ်တမ်းတင်၍ အတောမသတ်နိုင်အောင်ရှိချေမည်။

## ပုဂံသာသနာဝင်ကျမ်း

ဤစာပြုစုသူ၌ ရည်ရွယ်ချက်တစ်ခုရှိပါသည်၊ ယင်းရည်ရွယ် ချက်ကား မြန်မာနိုင်ငံ၌ သာသနာပွင့်လင်းစည်ပင်ရာမြို့ကြီးများ၏ သာသနာဝင်ကျမ်းများဖြစ်မြောက်ရေးဖြစ်ပါသည်၊ သို့ဖြစ်၍ သာသနာ ဝင်ကျမ်းများကိုရေးသားခဲ့ရာ ပဒုက္ကူသာသနာဝင်ကျမ်း၊ မဟာဝိသုတာ ရာမနိကာယသာသနာဝင်ကျမ်းကြီး ရေးပြီးရိုက်နှိပ်ပြီးဖြစ်လေသည်၊ မန္တလေး သာသနာဝင်ကျမ်းကြီးမှာလည်း ရေးသားပြီးဖြစ်၏၊ စာမျက်နှာ ၃၅၀၀ –ခန့်ရှိ၏၊ သို့ရာတွင် ယခုတိုင်စက်တင်ပုံနှိပ်ခြင်းမပြုနိုင်သေးချေ၊ မန္တလေးသာသနာဝင်အပြီး ပုဂံမြို့ သွားရောက်လေ့လာပြီး သမိုင်း ကျောက်စာ၊ သမိုင်းရာဇဝင်အမျိုးမျိုး၊ ပုဂံဖြစ်ကျမ်းဂန်အမျိုးမျိုးတို့ကို ကြည့်ရှုလေ့လာပြီး အရဆောင်ကျက်သင့်သည့်စာများကို ဆောင် ကျက်၍ တပည့်တပန်း ရဟန်းသာမဏေများ မာဂဓ, သက္ကတစာဝါ

များပို့ချခြင်းကိစ္စ၊ အရပ်ရပ်မှမေးလျှောက်သည့် စာတို, စာရှည်များကို ရေးသားဖြေဆိုခြင်းကိစ္စများအကြားမှ ဤမည်သောပဂံသာသနာဝင်ကျမ်းကြီးကို ရေးသားခဲ့ရာ ယနေ့ ၁၃၃၅–ခုနှစ်၊ ဝါခေါင်လဆန်း ၁၂–ရက်၊ နေ့လည် ၁–နာရီခန့်တွင် ဤနိဒါန်းနှင့်တကွ အောင်လံစိုက်ဆောက် ပြီးမြောက်ပါသည်။

## အရှင်ကုမာရအား ကျေးဇူးတင်

ဤပုဂံသာသနာဝင်ကျမ်းကြီးကို ရေးသားပြုစုရာ၌လည်း လက်နှိပ်စက်ရိုက်ပေးခြင်း၊ စာမူတိုက်ပေးခြင်းစသည်များစွာကူညီသော မိမိ၏စာဆိုတပည့် မဟာဝိသုတာရာမ ဂဏဝါစက တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းပြု အဖွဲ့ဝင် ဓမ္မာစရိယဘွဲ့ရ သုံးခွ အရှင်ကုမာရ အား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ကုမာရောဝါစံယမေသော၊ ကုသလော ဂန္ထေသု သုဓီ။**
**လေခနေဝံသဂန္ထဿ၊ ဗျာဝဋ္ဌော ကိစ္စကာရကော။**

## ဆန္ဒပြုချက်

ဤကျမ်းစာပြုစုသူမှာ မအားလပ်ပါဘုရား၊ မြတ်စွာဘုရားသာသနာဝန်ဆောင်ပုဂ္ဂိုလ်တို့၏လုပ်ဆောင်ချက်အဝဝကိုသိစေလိုသော ဇော, စေတနာတွေပိုလှသောကြောင့် ဤမည်သောပုဂံသာသနာဝင်ကျမ်းကြီးကို ပြုလုပ်နေကြကိစ္စများကြားမှ အနည်းငယ်အားလပ်ချိန်ယူ၍ ရေးသားပြုစုရာ သဒ္ဓါတရားရှေ့ထားကာ ဖတ်ရှုလေ့လာကြပြီး ဘုရားမြတ်စွာသာသနာကိုတိုးတက်စည်ပင်အောင် ဆောင်ရွက်နိုင်သော ပုဂ္ဂိုလ်များဖြစ်ကြပါစေဟု ဆန္ဒပြုရင်း ဤစာနိဒါန်းကို လက်စသတ်လိုက်ပါပြီ။

အရှင်ကောသလ
ဓမ္မာစရိယ၊ ဂဏဝါစက၊ **B.A** (ဝိဇ္ဇာဝုဏ်ထူး)
သာသနဓောတိပါလကျောင်း
မဟာဝိသုတာရာမတိုက်၊ ပခုက္ကူ
ဝါခေါင်လဆန်း ၁၂–ရက်၊ ၁၃၃၅–ခုနှစ်။

# အထူးကျေးဇူးတင် ဝမ်းမြောက်ခြင်း

မိမိ၏ အနန္တကျေးဇူးရှင်ဖြစ်သော သာသနာဝင်ကျမ်းအစ ရှိသော ကျမ်းဂန်ပေါင်း (၃၀၀)ကျော်တို့ကို ရေးသားပြုစုတော်မူသော ကျမ်းပြုဆရာတော်ဘုရားသည် ၁၃၅၄–ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၅)ရက်၊ (၂၉၊ ၇၊ ၁၉၉၂)နေ့၊ ည (၁၁း ၂၀)နာရီအချိန်တွင် သံဝေဂ ဂါထာများကို ရွတ်ပွားတော်မူရင်း သံဝေဂဉာဏ်များ ပွားလျက် သူချစ်မြတ်နိုးအပ်သော စာပေလုပ်ငန်းခွင်မှ အပြီးတိုင် အနားယူတော်မူသွားပါသည်။ မိမိသည် ဆရာတော်၏ အန္တိမပူဇာသဘင်အပြီးတွင် ဆရာတော်၏ **ပုဂံသာသနာဝင်, ပင်းယသာသနာဝင်, အင်းဝသာသနာဝင်, အမရပူရ သာသနာဝင်, ဝိမုတ္တိမဂ္ဂပါဠိ, ဒီပဝံသပါဠိ**စာမူများကို အကြောင်းညီညွတ်သည့်အခါ စာအုပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရန် ရန်ကုန်သို့ ယူဆောင်လာခဲ့ပါသည်။

ပင်းယသာသနာဝင်ကို (၁၃၆၈)ခုနှစ်က အုပ်ရေ (၂၀၀)ရိုပ်နှိပ်ပြီး စာကြည့်တိုက်များနှင့် လှူသင့်လှူထိုက်သော ပညာရှင်များအား လှူဒါန်းခဲ့ပြီး ဖြစ်ပါသည်။ ဝိမုတ္တိမဂ္ဂပါဠိကို ၁၃၇၀–(၂၀၀၈)ခုနှစ်က နိဿယအပါအဝင် လက္ခဏာတဗ္ဗကထာ၊ ဝိသုဒ္ဓိမဂ္ဂကျမ်းနှင့် နှိုင်းယှဉ်ချက်၊ ဝိသုဒ္ဓိမဂ်ကျမ်းက ပြန်လည်စိစစ်ထားသော ဝိမုတ္တိမဂ္ဂကျမ်း၏ အဆိုအမိန့်နှင့် ဂန္ထန္တရ နှိုင်းယှဉ်ချက်တို့ကို စွမ်းနိုင်သမျှ ရှာဖွေဖော် ထုတ်၍ သာဓကပါဠိကျမ်းညွှန်း များဖြင့် စွမ်းနိုင်သမျှ ရှာဖွေဖော်ထုတ်၍ စာမျက်နှာ (၆၄၄)မျက်နှာဖြင့် စာအုပ် အဖြစ်သို့ရောက်အောင် ဆောင်ရွက်ပြီး ပညာရှင်များထံသို့ ထုတ်ဝေ လှူဒါန်းခဲ့ပြီး ဖြစ်ပါသည်။

အမရပူရသာသနာဝင်မှာ လိုအပ်ချက်များ ရှိနေပါသေးသည်။ (၂၉၊ ၄၊ ၂၀၀၉)နေ့က သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာမျိုးမြင့်က ဆရာတော်ဦးကေလာသ (ပခုက္က)၏ စာမူများကို ရိုက်နှိပ်ဖြန့်ဝေလိုပါကြောင်း လျှောက်ထားသဖြင့် လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်ပေးရန် ပေးအပ်ထားသော ဒေါက်တာတိုးလှထံမှ စာမူ ရရှိသဖြင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့် (သ. ထ. ပ) အား ပေးအပ်လိုက်ပါသည်။ ယခုကဲ့သို့ ကျမ်းပြုဆရာတော် အရှင်မြတ်၏ ပုဂံသာသနာဝင်ကျမ်းစာကို စာအုပ်ဖြစ်အောင် ရိုက်နှိပ်ဖြန့်ဝေပေးသဖြင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးမြင့် (သ. ထ. ပ)အား အထူးကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဤစာတမ်းဖြင့် မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

ဘဒ္ဒန္တကုမာရ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယပါမောက္ခချုပ်

နမော တဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ရတနတ္တယပဏာမ

**စက္ကုဿမာပကံ ဗုဒ္ဓံ၊ ဓမ္မံ တေန နိဝေသိတံ။**
**သံဃဉ္စာပိဘိဝန္ဒာမိ၊ သုနိဝါတေန စေတသာ။**

အဟံ၊ ပုဂ်သာသနာဝင် အားသွန်ကြိုးကုတ် အကျွန်ုပ်သည်။ စက္ကုဿမာပကံ၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် မြားမြောင်ဟောပြ ဝေနေယျအနန္တတို့အား သံသရာစက်ရဟားမှ ထွက်သွားလွတ်မြောက်ရန် သာသနာတော်ကို ဖန်ဆင်းတည်ထောင်တော်မူသော။ ဗုဒ္ဓံ စ၊ သစ္စာလေးဆင့် ပွင့်စေငြါးငြါး မြတ်ဘုရားကိုလည်းကောင်း။ တေန၊ သစ္စာလေးအင် ကိုယ်တိုင်မြင်၍ သုံးပြင်ဘုံသား ဝေနေယျအားလည်း ဟောကြားသိစေ အစိန္တေယျ သုံးလောကခေါင်ဖူး သမ္မာသမ္ဗုဒ္ဓဘွဲ့ထူးရသည့် ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ နိဝေသိတံ၊ အမြဲမပြတ်မှီဝဲအပ်တော်မူသော။ ဓမ္မဉ္စ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်မြတ်ကိုလည်းကောင်း။ သံဃဉ္စာပိ၊ ရှစ်ပါးသံဃာ အရိယာကိုလည်းကောင်း။ သုနိဝါတေန၊ လွန်စွာနှိမ့်ချ ရိုတုပ်ကွသော။ စေတသာ၊ သဒ္ဓါယိုဖိတ် ကုသိုလ်စိတ်ဖြင့်။ အဘိဝန္ဒာမိ၊ အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက်ရန် ရည်သန်ရိုကျိုး ရှိခိုးပါ၏။

## အာစရိယပဏာမ

ပုဗ္ဗာစရိယသံဃေ စ၊ ဝိသုတာဝံသပါလကေ။
ဓိတိမန္တေဘိဝန္ဒာမိ၊ ဒယာသီတလမာနသေ။

ဝိသုတာဝံသပါလကေ၊ မဟာဝိသုတာရာမ သာသနာ့အနွယ်ဆက်ကို မပျက်မတိမ်းအောင် ထိန်းသိမ်းစောင့်ရှောက်တော်မူကြကုန်သော။ ဒယာသီတလမာနသေ၊ စန္ဒကူးနှင်းခဲပေါင်း ထောင်သောင်းမကကရုဏာရေစင်ဖြင့် အေးမြချမ်းကြည်သောနှလုံးရည်ရှိတော်မူကြကုန်သော။ ဓိတိမန္တေ၊ နိကာယ်ငါးဖြာ သာသနာ့ဗဟုဿုတ ပြည့်ဝကုန်စင်သိမြင်နိုင်ဘိ ဉာဏ်ပညာရှိတော်မူကြကုန်သော။ ပုဗ္ဗာစရိယသံဃေ စ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမနိကာယ တက္ကသိုလ်မဟိုစာချ သာသနာ့

နန်းပျော် ရှေးဆရာတော်အရှင်မြတ်တို့ကိုလည်း၊ အဘိဝန္ဒာမိ၊ ကျေးဇူး တော်အနန္တကို မှန်းဆရိုကျိုး ရှိခိုးဦးချပါ၏။

## ပဋိညာဉ်

ကရိသာမိ သမာသေန၊ ပုဂံမဝံသနာမကံ။

သြဂါဟေတွာ ဣတိဟာသ–ဂန္ထေ သန္တေပိ ပုစ္ဆိယ။

အဘိဝန္ဒိတွာ၊ ရတနာသုံးဖြာ မြတ်ဆရာများ လွန်စွာရိုကျိုး ရှိခိုးဦးချပြီး၍။ ဣတိဟာသဂန္ထေ၊ သာသနာ့သမိုင်းကျမ်းဂန် မှတ်တမ်း အမျိုးမျိုးတို့ကို။ သြဂါဟေတွာ၊ ရင်းဖျားမွှေနှောက် သက်ဆင်းဝင်ရောက် ၍လည်းကောင်း။ သန္တေပိ၊ အကြားအမြင် စုံလင်ပေါ်ပြည့် ကဝိကဝိန် သုခမိန်တို့ကိုလည်း။ ပုစ္ဆိယ၊ ဆွေးနွေးစုံစမ်း မေးမြန်း၍လည်းကောင်း။ သမာသေန၊ အကျယ်မသွင်း အကျဉ်းအားဖြင့်။ ပုဂံမဝံသနာမကံ၊ ပုဂံသာသနာဝင် မည်တွင်တောက်လျှမ်း ပုဂံသာသနာ့သမိုင်းကျမ်းကို။ ကရိသာမိ၊ ဂန္ထဝူရ ကိစ္စလပ်လျား ချိန်အကြား၌ ရေးသားပြုပြင် စီရင် ပါအံ့သတည်း။

## နန်းမြို့တော်ပုဂံ

ပုဂံနန်းမြို့တော်ဟောင်းသည် လွန်စွာမှစိတ်ဝင်စားစရာ ကောင်းသော ဘုရင်စံနန်းမြို့တော်ဟောင်းဖြစ်လေသည်၊ ကမ္ဘာ့သုတေ သီ မြောက်များစွာတို့နှင့် မြန်မာ့သုတေသီများစွာတို့ လေ့လာရာ ယဉ်ကျေးမှုဗဟုသုတအမျိုးမျိုးတို့ကို ရှာဖွေလေ့လာရယူရာ ဣဋ္ဌာသယ ရတနာတွင်းသဖွယ်ဖြစ်လေသည်။

ပုဂံမြို့တော်ဟောင်းကား တောင်ဖက်တွင် စဋ္ဌကူးတောင် တန်းဖြင့်ဝိုက်သန်းလျက်ရှိပြီး၊ အရှေ့ဖက်၌ မြစ်နဒီနှင့် သာယာလှပေ သည်၊ ယခင်က ''ကိုးကိုးတန် ပုဂံအိမ်ခြေပေါင်း''လင်္ကာအရ အိမ် ခြေပေါင်း ''၉၉၉၉၉၉၉၉၉''ရှိသည်ဟု သိရ၏။ သို့ရာတွင် ယခုအခါ၌ အိမ်ခြေ ၃၀၀–ခန့်သာရှိသည့် မြို့ငယ်လေးသာဖြစ်လေတော့သည်။ မြို့ဟု ဆိုသော်လည်း စင်စစ်မှာ ရွာတစ်ရွာမျှသာဖြစ်လေသည်။

## ပုဂံမြို့တည်ရာ

ပုဂံမြို့တော်ဟောင်းသည် မြင်းခြံခရိုင်အတွင်း ဧရာဝတီမြစ်အရှေ့ဖက်ကမ်း ညောင်ဦးတောင်ဖက် ၄–မိုင်ခန့်အကွာတွင် တည်ရှိလေသည်၊ ကမ္ဘာ့မြေပုံအရ လတ္တီတွဒ်မျဉ်းမြောက်ဖက် ၂၁. ၄၄–နှင့် လောင်ဂျီတွဒ်မျဉ်း အရှေ့ ၉၄. ၅၂–ပေါ်တွင် တည်ရှိလေသည်၊ ရန်ကုန်မြို့မှ မော်တော်ကားလမ်းအားဖြင့် ရေနံချောင်းအထက် ငွေးချိုမှ လမ်းခွဲအတိုင်း ချောက်မြို့ကိုဖြတ်၍ ၄၁၄–မိုင်ကွာလှမ်းပြီး ကျောက်ပန်းတောင်းမှ လမ်းခွဲအတိုင်းသွားသော် ညောင်ဦးမြို့ကို ဖြတ်၍ ၄၃၀–မိုင်ကွာဝေးလေသည်၊ ရေလမ်းမိုင်ဖြင့် တိုင်းတာပါမူ ပုဂံသည် ရန်ကုန်မှ ၄၆၈–မိုင်ကွာဝေးလေသည်၊ မန္တလေးမြို့မှ ၁၂၉–မိုင်မျှကွာလှမ်းလေသည်၊ လေကြောင်းမိုင်ဖြင့်တွက်ပါမူ ၃၀၁–မိုင်ကွာလှမ်းကြောင်းသိရလေသည်။

## ရှေးဘုရားသုံးဆူတို့လက်ထက်က ပုဂံမြို့၏အမည်များ

ပုဂံမြို့သည် ယခုဂေါတမမြတ်စွာဘုရား၏ ဒွေလက်ထက်တော်မှာသာလျှင် ခမ်းနားကြီးကျယ်သည့် မြို့တော်ဖြစ်ခဲ့သည် မဟုတ်သေး၊ ရှေး ကကုသန်, ကောဏာဂုံ, ကဿပဘုရားရှင်တို့လက်ထက်ကလည်း စည်ကားလှသည့် မြို့တော်ဖြစ်ခဲ့ဘူးကြောင်း သမိုင်းကျမ်းအရသိရလေသည်။ ကကုသန်ဘုရားလက်ထက်တွင် ပဏ္ဏုပလာသမြို့တော် ဖြစ်ခဲ့လေသည်၊ ကောဏာဂုံဘုရားလက်ထက်က တမ္ဗကုဋ္ဌိအမည်ဖြင့် ထင်ရှားခဲ့၏၊ ကဿပဘုရားလက်ထက်တွင်ကား တမ္ဗဒေသဟူသောအမည်ဖြင့် ထင်ရှားခဲ့လေသည်။

**ကကုသန္ဓဿ ကာလမှိ၊ ပဏ္ဏုပလာသနာမကံ။**
**ကောဏာဂမနဇုဒ္ဓဿ၊ တမ္ဗကုဋ္ဌီတိ ဉာယတိ။**
**ကဿပမုနိနော ကာလေ၊ တမ္ဗဒေသောဝှယောဘဝိ။**

## ပုဂံမြို့အမည်များ

ယခုဂေါတမမြတ်စွာဘုရား၏ရွှေလက်ထက်တော်၌မူကား ပုဂံမြို့နာမည်အမျိုးမျိုးဖြင့် ထင်ရှားခဲ့သည်။
ယင်းအမည်တို့မှာ–
ပေါက္ကာရာမ, အရိမဒ္ဒနာ, ပုဏ္ဏာဂါမ, တမ္ဗဝတီ, သီရိပစ္စယာ, သမ္မုဏ္ဏာဂါမ, ပဏ္ဍုလာသ, နဂရုတ္တမ, ပရမပူရ, သမာဓိနဂရ, တမ္ဗဒေသ, ဝေလုဇာရာမ စသည်တို့ဖြစ်ကုန်၏။

## သာသနာတည်ထွန်းရာ

ပုဂံသည် နှစ်ရာပေါင်းများစွာ ဘုရားမြတ်စွာသာသနာတော်ပွင့်လင်းစည်ပင်ရာမြို့ဖြစ်ခဲ့လေသည်၊ ပုဂံမြို့မှ အခြားနေရာ မြို့ရွာနယ်ပယ်များစွာတို့သို့ သာသနာပြန့်ပွားစည်ပင်စေခဲ့ကြကုန်၏။ သီဟိုဠ်ယိုးဒယား၊ ကမ္ဘောဒီယား–စသည့် နိုင်ငံရပ်ခြားတိုင်းတစ်ပါးတို့သို့လည်း ပုဂံမှသာသနာဝန်ဆောင်များကြွရောက်တော်မူကြကုန်၍ သာသနာပြုခဲ့ကြကြောင်းလည်း သမိုင်းများအဆိုအရ သိရလေသည်။

## ရင်သပ်ရှုမော အံ့ဩစရာ သာသနာ့အဆောက်အအုံများ

ပုဂံမြို့ဟောင်း၌ ယခုတိုင်ပင်တည်ရှိနေသော အာနန္ဒာ, သဗ္ဗညု, ဂေါ်ဓောပလ္လင်, ရွှေဂူကြီး–စသည့် ရာထောင်များစွာကုန်သောသာသနာတော်၏တန်ခိုးကိုလည်းကောင်း၊ ပုဂံပျော်မင်းခေါင်မင်းဖျားမင်းတရားတို့၏သဒ္ဓါတရားကိုလည်းကောင်း၊ ပုဂံပြည်သူတို့၏ ပန်းဘဲ, ပန်းတိမ်, ပန်းတည်း, ပန်းတော့, ပန်းတမော့, ပန်းရန်, ပန်းပု, ပန်းပွတ်, ပန်းချီ အတတ်စသည်တို့၌ တဖက်ကမ်းခတ် ကျွမ်းကျင်တတ်မြောက်ပုံကိုလည်းကောင်း ရင်သပ်ရှုမော အံ့ဩစရာ ဖြစ်ရလေတော့သည်။

## သမိုင်းအကျဉ်း

သရေခေတ္တရာ သုပညာနဂရဆိန္နမင်း၏ တူအရင်းဖြစ်သော သမုဒ္ဒရာဇ်မင်းသည် အောင်မြင်ရာဌာနဖြစ်သည့် ယုန်လွှတ်ကျွန်းအရပ်၌–

၁။ ညောင်ဦး
၂။ နဂါးဘို
၃။ နဂါးကြစ်
၄။ မန်ကျည်ကြီး
၅။ ထူတည်
၆။ ကျောက်စကား
၇။ ကုတ်ကဲသိမ်
၈။ ညောင်ဝန်း
၉။ အနုရာခ
၁၀။ တန်းဆောင်ကွန်း
၁၁။ ရွာမုန်း
၁၂။ ကြင်လို
၁၃။ ကုက္ကို
၁၄။ တောင်ပ
၁၅။ မြေခဲတွင်း
၁၆။ သရက်ရ
၁၇။ အုံးမျှား
၁၈။ ရွာစိုက်

၁၉။ ယုန်လွှတ်ကျွန်း ဟူသော ၁၉–ရွာကို အုပ်ချုပ်ပြီးလျှင် ယုန်လွှတ်ကျွန်းအရပ်ကို ပေါက္ကာရာမအမည်ဖြင့် သမုတ်၍စိုးစံခဲ့လေသည်။ ထိုရွာကြီး ၁၉–ရွာတွင် သူကြီးပေါင်း ၁၉–ဦး ကျေးလက်ပေါင်း ၁၀၀၀–ကျော်ကို သမုဒ္ဒရာဇ်မင်းအုပ်စိုးခဲ့လေသည်။ ယင်းသမုဒ္ဒရာဇ်မင်းသည် သက္ကရာဇ် ၂၉–ခုနှစ်တွင် တည်ထောင်ခြင်းဖြစ်လေသည်။

## ရသေ့ကြောင်မင်း

သမုဒ္ဒရာဇ်မင်းကြီးလက်ထက် နန်းတော်မှ တောင်အရပ်၌ ကျားကြီး၊ အနောက်အရပ်၌ ထီးလှိုင်ကာငှက်ကြီး၊ မြောက်အရပ်၌ ရှူးပျံ၊ အရှေ့အရပ်၌ ဝက်ကြီးဟူသော ရန်သူတို့မင်းမူနှိပ်စက်ကုန်၏။

သမုဒ္ဒရာဇ်မင်းသည် ၁၂–နှစ်တိုင် မနိုမ်နင်းနိုင်ပဲ အစာဆက်၍နေရာ ထိုရန်သူတို့ကို တကောင်းမင်းရိုး သတိုးနွယ်ဆက်ဖြစ်သော ပြူစောထီးမင်းသားသည် လေးလက်နက်ဖြင့်ခွင်းသတ်ခဲ့လေသည်။

သမုဒ္ဒရာဇ်မင်းလွန်ပြီးနောက် သာကီဝင်မင်းမျိုးဖြစ်သော ပြူစောထီး၏ ဆရာရသေ့သည် လူဝတ်လဲ၍ သက္ကရာဇ် ၄၇–ခုနှစ်တွင် ပြူစောထီး၏လျှောက်ထားချက်အရ ထီးနန်းအုပ်ချုပ်မင်းပြုလုပ်တော်မူရာ နန်းစံ ၁၅–နှစ်ဖြစ်လေသည်။

## ပြူစောထီးမင်း

ရသေ့ကြောင်မင်းလွန်ပြီးနောက် သမုဒ္ဒရာဇ်မင်းသမက်တော် ပြူစောထီးမင်းသည် ထီးနန်းဆက်ခံ၍ မင်းပြုလေသည်၊ နန်းစံ ၂၂–နှစ်တွင် အရိမဒ္ဒနဟူသောအမည်ဖြင့် ပုဂံမြို့သစ်ကိုတည်ထောင်လေသည်။

အရယော မဒ္ဒတိ တွေ့ာတိ အရိမဒ္ဒနံ၊
အရိမဒ္ဒနံ စ ပုရံ စာတိ အရိမဒ္ဒနပုရံ။ ဟု ဝိဂြိုဟ်ပြု၍ ရှူးပျံ၊ ကျား၊ ဗူး၊ ဝက်၊ ငှက်–ဟု ငါးချက်သော ရန်သူတို့ကို နှိမ်နင်းရာပြည်ဖြစ်သောကြောင့် အရိမဒ္ဒနမည်ကြောင်း မှတ်သားရာ၏။

ပြူစောထီးကာလာ ပဉ္စာယ၊ အရိမဒ္ဒနနာမကံ။
အတ္ထာနုဂတဘာဝေန၊ သမညာသမဇာယထ။

## ထီးမင်းယဉ်စသောမင်းများ

ပြူစောထီးမင်းနောက်တွင် ထီးမင်းယဉ်မင်း၊ ယဉ်မင်းပိုက်မင်း၊ ပိုက်သေဉ်လည်မင်း၊ သေဉ်လည်ကြောင်မင်း၊ ကြောင်ဒူရစ်မင်း၊ သည်ထန်မင်း၊ သူရဲမင်း၊ သာရမွန်ဖျားမင်း၊ သိုက်တိုင်မင်း၊ သေဉ်လည်ကြောင်ငယ်မင်း၊ သေဉ်လည်ပိုက်မင်း၊ ခန်းလောင်းမင်း၊ ခန်းလတ်မင်း၊ ထွန်တိုက်မင်း၊ ထွန်ပစ်မင်း၊ ထွန်ချစ်မင်း၊ ပုပ္ပါးစောရဟန်းမင်း၊ ရွှေအုံးသီးမင်း၊ ပိတ်သုံမင်း၊ ပိတ်တောင်မင်း၊ မင်းခွေးမင်း၊ မြင်းကွေ့မင်း၊ သိန်မင်း၊ သိန်းခွန်မင်း၊ ရွှေလောင်းမင်း၊ ထွန်တွင်းမင်း၊ ရွှေမှောက်မင်း၊

ထွန်လွတ်မင်း၊ စောခင်နစ်မင်း၊ ခဲလူးမင်း၊ ပျဉ်ပြားမင်း၊ တန်နတ်မင်း၊ စလေငခွေးမင်း၊ သိန်းဃိုဋ်မင်း၊ တောင်သူကြီးမင်း၊ ကွမ်းဆော်မင်း၊ ကျိုစိုး မင်း၊ စုက္ကတေးမင်း၊ အနော်ရထာမင်း၊ စောလူးမင်း၊ ကျန်စစ်မင်း၊ အလောင်းစည်သူမင်း၊ နရသူမင်း၊ နရသိခ်မင်း၊ နရပတိစည်သူမင်း၊ ဇေယျသိခ်မင်း၊ ကျစွာမင်း၊ ဥဇနာမင်း၊ နရသီဟပတေ့မင်း၊ ကျော်စွာမင်း၊ စောနစ်မင်း၊ စောမွန်နစ်မင်းအားဖြင့် မင်းပေါင်း ၅၅–ဆက်တို့သည် ပုဂံမြို့ကို နန်းမြို့တော်ပြုလျက် တိုင်းပြည်ကိုအုပ်ချုပ်ခဲ့ကြကုန်၏။

## ပေါက္ကာရာမကိုဖျက်၍ သီရိပစ္စယာမြို့တည်

"သေဉ်လည်ကြောင်စော ဆဆဒေါ် တိဇောခေါ်သချေ်" ဟူသည်နှင့်အညီ သေဉ်လည်ကြောင်မင်းသည် သမုဒ္ဒရာဇ်မင်းထားခဲ့သော သက္ကရာဇ် ၂၆၆–ခုနှစ်တွင် နန်းတက်၍ နန်းစံ ၄၃–နှစ်ရှိရာ သက္ကရာဇ် ၃၀၉–ခုနှစ်တွင် နတ်ရွာစံခဲ့လေသည်။ ၎င်းမင်းသည် သမုဒ္ဒရာဇ်မင်းတည်ခဲ့သော ရွာကြီး ၁၉–ရွာ ပေါက္ကာရာမကိုဖျက်၍ လောကနန္ဒာအရပ်၌ သီရိပစ္စယာဟူသောအမည်ဖြင့် သမုတ်တည်ခဲ့လေသည်။

## သီရိပစ္စယာကိုဖျက်၍ တမ္ပဝတီမြို့တည်

"သိုက်တိုင်ဌာတိ ဇယာရှိ သိလေသတ်နန်းစံ"ဟူသည်နှင့်အညီ သမုဒ္ဒရာဇ်မင်းထားခဲ့သော သက္ကရာဇ် ၄၃၈–ခုနှစ်တွင် သာရမွန်ဖျားမင်း၏သားတော် သိုက်တိုင်မင်းသည် နန်းတက်၍ ၇–နှစ်အုပ်စိုးခဲ့လေသည်၊ သိုက်တိုင်မင်းသည် သီရိပစ္စယာရွာကိုဖျက်၍ သမထီးအရပ် (ယခုဖွားစောရွာနေရာ)၌ တမ္ပဝတီဟုသမုတ်ကာ မြို့တည်၍စံခဲ့လေသည်။

## ပုပ္ပါးစောရဟန်းမင်း

"စောရဟန်းလည်း ဗျည်းတိဗျည်း စည်းစိမ်သတ်ဒွယံ"ဟူသည်နှင့်အညီ ထွန်ချစ်မင်းနတ်ရွာစံလေလျှင် မိဖုရားနှင့် မှူးမတ်တို့

တိုင်ပင်ကြကာ သံဃရာဇာကိုလူထွက်စေ၍ နန်းတင်ကြသဖြင့် သံဃရာဇ်မင်းသည် သက္ကရာဇ် ၅၃၅–ခုနှစ်တွင် ပုဂံပြည်၌ နန်းတက်ခဲ့လေသည်၊ ၎င်းမင်းကား – သံဃရာဇ်မင်းဟူ၍လည်းကောင်း၊ ပါပစုတ်သားမင်းတရားဟုလည်းကောင်း၊ ပုပ္ပါးစောရဟန်းမင်းဟူ၍လည်းကောင်း ထင်ရှား၏၊ ပုပ္ပါးစောရဟန်းမင်းသည် သက္ကရာဇ် ၅၆၂–သို့ရောက်သဖြင့် ခဆပဋ္ဌ ၅၆၀–ကိန်းကိုဖြိုပစ်၍ သက္ကရာဇ် ၂–ခုကြွင်းထားခဲ့လေသည်၊ ၎င်းကို ရည်ရွယ်၍ "ခဆပဋ္ဌ ဖြိုကိန်းချ ဓမ္မကြွင်းသေသံ"ဟု ဆိုကြလေသည်။ ယခုမြန်မာပြည်၌ သုံးနေသော သက္ကရာဇ်မှာ ထိုခဆပဋ္ဌကိန်း၏အကြွင်းထားသော ၂–ခုနှင့် ပွားလာသောသက္ကရာဇ်ဖြစ်လေသည်။

## ပုဂံမြို့တည်ခြင်း

"ပျူပြားရာဇိန် အင်္ဂသုဉ္စိန် ဘုန်းရှိန်ဗာတ္တိသံ"ဟူသည်နှင့် အညီ အရိမဒ္ဒန၊ သီရိပစ္စယာ၊ တမ္ပဝတီ ဘွဲ့အမည်အမျိုးမျိုးဖြင့် ထင်ရှားသောမြို့တော်နိုင်ငံတော်၌ ပုပ္ပါးစောရဟန်းမင်းထားခဲ့သော သက္ကရာဇ် ၂၀၈–ခုနှစ်တွင် ခဲလူးမင်း၏ညီတော် ပျူပြားမင်းနန်းတက်လေသည်၊ နန်းတက်၍ ၃–နှစ်မြောက်တွင် နဂါးဆိုင်ရွာဟုထင်ရှားသော ရွာနေရာ၌ ပုဂံမြို့သစ်ကို အုတ်မြို့ရိုးကာ၍ တည်ထောင်ခဲ့လေသည်။

အနော်ရထာမင်းလက်ထက် ပုဂံမြို့တော်မှာလည်း ထိုပျူပြားမင်းတည်သောမြို့တော်ပင်ဖြစ်သည်ဟုဆိုကြသည်၊ မြို့တော်မှာ မြစ်ကိုအနောက်မျက်နှာပြု၍ အုတ်တံတိုင်းမြို့ရိုးသုံးဖက်ရံပတ်၍ ကျုံးပတ်လည်သုံးတန်ပတ်ခဲ့သည်ဟုအဆိုရှိသည်၊ မြို့တော်အကျယ်အဝန်းမှာ မြို့ဝန်းတာ ၁၁၄၂–အတောင်၊ ၇၉၉၉–အတောင်ရှိလေသည်။

ယင်းသို့ဖြင့် မင်းဆက်ပေါင်း ၅၅–ဆက်အုပ်စိုးကာ နာမည်အမျိုးမျိုးဖြင့် ကမ္ဘာတွင်ထင်ရှားခဲ့သောပုဂံမြို့တော်သည် သက္ကရာဇ် ၇၃၂–ခုနှစ်တွင် အပြီးသတ်ပြီးစီးခဲ့လေသည်။

"ဒွါတိသတ်နှစ် သက္ကရာဇ် ပျက်လစ်ပြည်ပုဂံ"[၁]

## ငှက်ပစ်တောင်ဘုရား

ငှက်ပစ်တောင်သည် ညောင်ဦးမြို့အရှေ့တောင်ယွန်း ဆွားလာတောင်းရုံအရပ်တွင် တည်ရှိလေသည်၊ ယင်းငှက်ပစ်တောင်ဘုရားကို သက္ကရာဇ် ၂–ခုနှစ်တွင်တည်သည်ဟု တချို့သမိုင်းများ၌ဆို၏၊ ပြူစောထီးမင်းသည် မင်းမူနေသော ငှက်ကြီးကိုလေးနှင့်ပစ်ခွင်းသတ်ဖြတ်ရာဌာနဖြစ်သောကြောင့် ငှက်ပစ်တောင်ဟုတွင်လေသည်၊ ယင်းတောင်သည် အမြင့် ၂၅–ပေခန့်သာမြင့်သော တောင်နိမ့်ဖြစ်လေသည်၊ ယင်းတောင်ပေါ်၌ ဉာဏ်တော်အမြင့်ပေ ၅၀–ခန့်ရှိမုတ်လေးဘက်ပါရှိသော စေတီနှစ်ဆူတည်ရှိလေ၏၊ ယင်းစေတီတော်များအောက်ဥမင်များ၌ ဆင်းတုတော်ကြီးများကိန်းဝပ်လျက်ရှိကုန်၏၊ ၎င်းတောင်၏မြောက်ဖက်ရှိကျောင်းတိုက်ကို ငှက်ပစ်တောင်ကျောင်းတိုက်ဟုခေါ်လေသည်၊ ယင်းငှက်ပစ်တောင်ကျောင်းတိုက်ကား ပုဂံမင်းများလက်ထက်က ထင်ရှားသည့်စာသင်တိုက်ကြီးဖြစ်ပေသည်။

သက္ကရာဇ် ၅၃၆–ခုနှစ်တွင် နန်းတက်သော နရပတိစည်သူမင်းကြီးသည် အရှင်ဉာဏမဥ္ဇူမထေရ်ကို အမှူးပြုကာ ငွေဥမင် ၄–ခု၊ သမီးဝှက်ဥမင်၊ မြားသဥမင်၊ စည်တားဥမင်၊ ငှက်ချောင်းဥမင်၊ ငှက်ပစ်ဥမင်၊ ငှက်ပေါက်ဥမင်၊ ငှက်လူးဥမင်၊ ငှက်ရေသောက်ဥမင်၊ ငှက်လှေးဥမင်၊ ငှက်စားကြွင်းခုနစ်ယောက်ဥမင်–စသော ဥမင်ပေါင်း ၁၁၄၀–တို့ကို တည်တော်မူခဲ့လေသည်၊ ထီးမိုး ကြေးစည်ခတ် ခေါင်းလောင်းထိုးသူစသည့်လူပုဂ္ဂိုလ်များနှင့်တကွ ဝတ္ထုကံလယ်ယာမြေများ

---

၁။ ရာဇဝင်သံခိပ် အဖြေချုပ်။ ၆၂–ပိုဒ်။

ကိုလည်း လှူခဲ့လေသည်၊ ပုဂံ, ညောင်ဦးတို့သို့ရောက်ရှိသော သုတေသီပုဂ္ဂိုလ်သည် မွေ့လျော်ဖွယ် ပျော်ရွှင်ဖွယ်ကောင်းလှသော ငှက်ပစ်တောင်ဒေသသို့လည်း သွားရောက်လေ့လာကြည့်ရှုရာသည်။

ငှက်ပစ်တောင်ဝှ ပဒေသောတိ၊ အတိဝရာမဏီယကော။
ဂန္တဗ္ဗော သော သုတေသီတိ၊ သုတာသ ဝမုနာယ ခေါ။

## တုရင်းတောင်ဘုရား

တုရင်းတောင်သည် ပုဂံမြို့တော်ဟောင်းအရှေ့တောင် စဉ်းငယ်ယွန်းသောအရပ်၌ တည်ရှိလေသည်၊ ညောင်ဦးမှနေ တိုင်းတာလျှင် ၅–မိုင်ခန့်ကွာလှမ်းလေသည်၊ ပုဂံသာသနာစည်ပင်စဉ်က ဖော်ပြပါ တုရင်းတောင်ခြေနှင့်တောင်စောင်းတို့ ရသေ့ရဟန်း၊ သူတော်သူကောင်း၊ သူမြတ်တို့ရာထောင်ချီ၍ သီတင်းသုံးတော်မူခဲ့ကြကုန်၏၊ တုရင်္ဂဂီရိ၊ တုရင်္ဂသေလ၊ တုရင်္ဂပဗ္ဗတ၊ တုရင်္ဂနဂ၊ တုရင်္ဂစလ–စသည်ဖြင့် ပါဠိစီနိုင်၏၊ သက္ကတအခေါ် တုရင်္ဂပဝ်တဖြစ်လေသည်၊ ယင်းတုရင်းတောင် (တုဝပ်တောင်၊ တဝန်းတောင်၊ တရွန်းတောင်)အနောက်မြောက် အရှေ့တောင် စဉ်းငယ်ယွန်း၍ တည်ရှိလေသည်။ အလျား ၁၂–မိုင်၊ အနံ မိုင်ဝက်ခန့်၊ အမြင့်ပေ ၅၀၀–ကျော်ခန့်ရှိမည်ဟု မှန်းဆကြကုန်၏။

သက္ကရာဇ် ၃၇၉–ခုနှစ်တွင် နန်းတက်သောအနော်ရထာမင်းသည် သီဟိုဠ်ကျွန်း၊ ဓာတုသေနမင်းထံမှရရှိသောစွယ်တော်ပွား တစ်ဆူကို ဆင်ဖြူတော်ထက်တင် “ငါသည် ဆင်ဖြူတော်ဝပ်ရာအရပ်၌ စွယ်တော်ပွားကို ဌာပနာ၍ စေတီတည်မည်ဟုဓိဋ္ဌာန်ကာ ဆင်ဖြူတော်ကို လွှတ်လိုက်လေသည်၊ ဆင်ဖြူတော်သည် ဖော်ပြပါ တုရင်းတောင်ထိပ်သို့တက်၍ ဝပ်လေ၏၊ ယင်းဆင်ဖြူတော်ဝပ်ရာ၌ စွယ်တော်ပွားကို ဌာပနာ၍ ရွှေစည်းခုံစေတီ၊ တန့်ကြည့်တောင်စေတီ၊ လောကနန္ဒာစေတီတို့နှင့် ပုစံတူစေတီတည်ထားကိုးကွယ်တော်မူခဲ့သည်။ စွယ်တော်ပွားကို ဌာပနာ၍ တည်ထားခဲ့သော စေတီတော်များအနက် ယင်းစေတီတော်ကား စတုတ္ထမြောက်စေတီဖြစ်သည်။ ပဉ္စမမြောက်စေတီ

တော်ကား ကိုးခရိုင်သာလျောင်းတောင်စေတီဖြစ်လေသည်၊ အောက်ပါဂါထာဖြင့် တုရင်းတောင်စေတီကို ရှိခိုးပူးမြော်ရာသတည်း။

တုရင်္ဂါစလကူဋမှိ၊ စာရုံ သာ ဓာတုစေတိယံ။
မာပိတံ အနုရုဒ္ဓေန၊ ဝန္ဒေ ပသန္နမာနသာ။

အဟံ၊ အကျွန်ုပ်သည်။ တုရင်္ဂစလကူဋမှိ၊ တုရင်းတောင်ထိပ်တောင်ထွတ်၌။ အနုရုဒ္ဓေန၊ အနုရုဒ္ဓ (အနော်ရထာ)ဘုရင်သည်။ မာပိတံ၊ ဖန်ဆင်းတည်ထားအပ်သော။ စာရုံ၊ ဖူးချင်စဖွယ် လွန်တင့်တယ်သော။ သာ ဓာတုစေတိယံ၊ ဘုရားဖိနော် စွယ်တော်မြတ်၏ ကိန်းဝပ်တည်ရှိရာ စေတီတော်မြတ်ဘုရားကို။ ပသန္နမာနသာ၊ ကြည်ညိုလေးမြတ်သောစိတ်ဖြင့်။ ဝန္ဒေ၊ ရှိခိုးဦးချပါ၏။

## တန့်ကြည့်တောင်ဘုရား

တန့်ကြည့်တောင်ဘုရားသည် ပုဂံမြို့၏အနောက်မြောက်ယွန်း ဧရာဝတီမြစ်တစ်ဖက်ကမ်းတွင်တည်ရှိလေသည်၊ မြစ်ခြေမြို့၏အနောက်တောင် ၁၆–မိုင်ခန့်အကွာတွင် တည်ရှိလေသည်။

ယင်းတန့်ကြည့်တောင်သည် သီဟိုဠ်ကျွန်း၊ အနုရာဓမြို့အရှေ့ ၈–မိုင်ကွာရှိ စေတိယတောင်အလား မြန်မာ့သာသနာဝင်တွင် ထင်ရှားသော တောင်မွန်တောင်မြတ်ဖြစ်လေသည်၊ ပုဂံနန်းမြို့တော်ကြီးတည်ရှိမည်ကို သဗ္ဗညုမြတ်စွာဘုရားသည် ယင်းတောင်ပေါ်မှ မတ်တတ်ရပ်သီတင်းသုံးတော်မူ၍ ပုဂံနန်းမြို့တည်မည့်အရပ်ကို မျှော်ကြည့်တော်မူကာ ညီဖွားလိမ္မာ အရှင်အာနန္ဒာမထေရ်အား မိန့်ကြားတော်မူခဲ့လေသည်၊ ထို့ကြောင့်ပင် တန့်ကြည့်တောင်ဟုတွင်ခြင်းဖြစ်လေသည်၊ ပုဂံရာဇဝံသပါဌ်၌ ''ဠိတော လောကနပဗ္ဗတ''ပါခဲ့လေသည်။

တဟိ ဌတွာန သမ္ဗုဒ္ဓေါ၊ ဩလောကိယ သု ဗျာကရီ။
တေန တန့်ကြည့်တောင် အဝှသော၊ လောကိယေဟိဘိသမ္မတော။

ယင်းတောင်ပေါ်၌ သာသနာသက္ကရာဇ် ၂၃၀–ခန့်က သီရိဓမ္မာသောကမင်းကြီးတည်ထားခဲ့သော စေတီပေါင်း ၈၄၀၀၀–အပါအဝင် စေတီယ်တစ်ဆူတည်ရှိကြောင်း ရာဇဝင်၌ဆိုထား၏၊ အနော်ရထာမင်းကြီးသည် အရှင်အရဟံထေရ်ကိုပင့်၍ ယင်းတောင်ပေါ်သို့ ရောက်ဖူး၏၊ အရှင်အရဟံက မူလစေတီဟောင်းကို ပြင်ရန်မိန့်တော်မူသဖြင့် အနော်ရထာမင်းသည် ဓမ္မာသောကမင်း၏ကောင်းမှုတော်စေတီကို ပြင်ဆင်ကြောင်းအဆိုရှိလေသည်၊ သို့ရာတွင် ၎င်းစေတီမှာအနိစ္စသဘောဖြင့် ပျက်စီးပြီးဖြစ်၍ ယခုမဖူးတွေ့ရတော့ချေ။

ယခုတည်ရှိသောစေတီတော်ကြီးမှာ အနော်ရထာမင်းကြီး သီးခြားတည်ထားခဲ့သောစေတီဖြစ်လေသည်၊ သီဟိုဠ်ဘုရင် ဓာတုသေနမင်းဆက်သအပ်သော စွယ်တော်ပွားကို ဆင်ဖြူတော်ပေါ်တင်၍ လွှတ်လိုက်ရာ ဆင်ဖြူတော်သည် မြစ်ကိုကူး၍ တန့်ကြည့်တောင်ပေါ် တက်၍ဝပ်လေသည်၊ သက္ကရာဇ် ၃၇၉–ခုနှစ်တွင် နန်းတက်သော အနော်ရထာမင်းတရားသည် ဆင်ဖြူတော်ဝပ်သည့်နေရာ၌ ရွှေအုဌ်, ငွေအုဌ်–စသည်တို့ဖြင့် စတင်အုဌ်မြစ်ချ၍ စွယ်တော်ပွားကို ဌာပနာ၍ အများဝေနေယျတို့ကုသိုလ်ပြုရာ ဆိပ်ကမ်းဖြစ်စိမ့်သောငှာ စေတီကြီးကိုတည်ထားခဲ့လေသည်၊ ယင်းစေတီကြီးကို အောက်ပါဝန္ဒနာဂါထာဖြင့် ရှိခိုးဦးချဖူးမျှော်ရာ၏။

ဝန္ဒာမိ စေတိယံ သေဋ္ဌံ၊ ဒါဌာဓာတုပတိဋ္ဌိတံ။
အနုရုဒ္ဓေန မာပိတံ၊ နရာနရေဟိ ပူဇိတံ။

အဟံ၊ အကျွန်ုပ်သည်။ အနုရုဒ္ဓေန၊ ပုဂံပြည့်ရှင် အနုရုဒ္ဓါ (အနော်ရထာ)ဘုရင်သည်။ မာပိတံ၊ တည်ထားဖန်ဆင်းကိုးကွယ်အပ်သော။ ဒါဌာဓာတုပတိဋ္ဌိတံ၊ သီဟိုဠ်ဘုရင်ဆက်သအပ်သောစွယ်တော်ပွားဓာတ်တော်မြတ်၏တည်ထားဌာပနာရာဖြစ်သော။ နရာနရေဟိ ပူဇိတံ၊ လူ, နတ်, ဗြဟ္မာတို့သည် ကြည်ရွှင်လေးမြတ်ပူဇော်အပ်သော။ စေတိယံ သေဋ္ဌံ၊ တန့်ကြည့်တောင်စေတီတော်မြတ်ကို။ ဝန္ဒာမိ၊ ကြည်စွာသဒ္ဓါ ရှိခိုးဦးချပါ၏။

## နန်းဘုရား

နန်းဘုရားသည် မနူဟာဘုရား၏အနောက်တောင်ဖက် မနူဟာမင်း၏နန်းတော်ရာ၌ တည်ရှိလေသည်။ မနူဟာမင်း၏မြစ်တော် ရန်မံငထွေ, တလိုင်းသိင်္ဂပစ္စင်, အနန္တသူရိယဟူသောအမည်တို့ဖြင့်လည်း ထင်ရှားသော နာဂသမာန်းသည် မိမိ၏ဘေးတော် မနူဟာမင်း၏နန်းတော်ရာ၌ အမျှားပြည်သူတို့ ကြည်ဖြူလေးမြတ်စွာကိုးကွယ်ဖူးမျှော်စိမ့်သော်ငှာ ခြူးပန်း ခြူးနွယ်, ကျောက်ပန်း ကျောက်ခက်တို့ဖြင့် ဆန်းကြယ်စွာထုလုပ်၍ ဓာတ်တော်မွေတော်များ ဌာပနာကာ သက္ကရာဇ် ၅၅၀–တွင် တည်ထားခဲ့လေသည်။

နာဂသမာန်းသည် ရဲစွမ်းဗလသူရသတ္တိနှင့်ပြည့်စုံသူ ဖြစ်သည်။ တခါတွင် နရပတိစည်သူဘုရင်သည် ရွှေကြက်ယက်, ရွှေကြက်ကျ ဘုရားနှစ်ဆူကို ထီးတင်တော်မူစိမ့်သောငှာ ဖောင်ဖြင့်ဆန်တော်မူ၏။ ထိုအခါ မိကျောင်းကြီးတစ်ကောင်သည် ကျောက်ကုန်းဖြင့် ဖောင်ကိုကျောက်ကုန်းထက်တင်ထိထားလေရာ ဖောင်မရွေ့ပဲရှိလေ၏။ ထိုအခါ နာဂသမာန်းသည် ရေ၌ဆင်းငုပ်၍ မိကျောင်းကိုသတ်လေ၏။ ဆင်, ကျားကိုသော်လည်း တစ်ယောက်တည်းသတ်နိုင်၏။ ထို့ကြောင့် အနန္တသူရိယဟူသောဘွဲ့ကို မင်းမြတ်သည် ပေးအပ်ချီးမြှင့်တော်မူခဲ့လေသည်၊ နာဂသမာန်းသည် ပေါင်လောင် အရှင်မဟာကဿပမထေရ်ကို ဆရာပြု၍ ဘုရား, သိမ်, ကျောင်း–စသည့် သာသနိကအဆောက်အအုံများကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့လေသည်။ အောက်ပါဝန္ဒနာဂါထာဖြင့် နန်းဘုရားကို ရှိခိုးဦးချ ဖူးမျှော်ရာသတည်း။

ရာဇနိဝုဋ္ဌဒေသမှိ၊ ဝိစိတ္တံ စေတိယံ သုဘံ။
ကာရိတံ နာဂနာမေန၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ နာဂနာမေန၊ နာဂသမာန်းအမည်ရှိသော မနူဟာမင်း၏မြစ်တော်သူသည်။ ရာဇနိဝုဋ္ဌဒေသမှိ၊ မနူဟာမင်းမြတ် နန်းတော်ရာအရပ်၌။ ကာရိတံ၊ ပြုစေအပ် တည်ထားအပ်သော။

ဝိစိတ္တံ၊ ခြူးပန်း ခြူးနွယ်တို့ဖြင့် ဆန်းကြယ်သော။ စေတိယံ၊ စေတီတော်မြတ်ကြီးကို။ သိရသာ၊ ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်။ အာဒရံ၊ ရိုသေလေးမြတ်စွာ။ ဝန္ဒာမိ၊ ရှိခိုးဦးချပါ၏။

## ဗူးဘုရား

ဗူးဘုရားသည် ထူးလည်းထူးဆန်း၏၊ ကြည်နူးဖွယ်လည်းကောင်းလှပါ၏၊ အထူးအားဖြင့် ဧရာဝတီမြစ်အတွင်းမှနေ၍ ဖူးမြင်ရသည်မှာ သာ၍ပင်အဆင်ပြေအချိုးကျလှပေသည်၊ ဗူးဘုရားတည်ရှိတော်မူရာကား ယခုပုဂံမြို့မြောက်ဖက် မဟာဗောဓိဘုရားမှ အနောက်မြောက်ဖက် ၂–ဖာလုံတွင် တည်ရှိလေသည်။

သစ္စာလေးဆိုင် ကြာညိုခိုင်ကို ကိုယ်တိုင်ဆွတ်ချူ သဗ္ဗညူမြတ်စွာဘုရားသည် အခါတပါး ညီဘွားလိမ္မာအာနန္ဒာကို နောက်ပါရဟန်းပြုတော်မူ၍ မဇ္ဈိမဒေသမှ မြန်မာပြည်သို့ကြွချီတော်မူရာ ဧရာဝတီမြစ်နဒီ၏တဖက် တောင်ထိပ်ထက်သို့ရောက်တော်မူသောအခါ တန့်ရပ်တော်မူ၍ အရှေ့အရပ်သို့ ရှေးရှုတူရူ ကြည့်ရှုတော်မူလေသည်။[၁]

ယင်းသို့ကြည့်ရှုတော်မူသောအခါ အရှေ့အရပ်မှ အနောက်အရပ်သို့ စီးဆင်းပြီး တဖန်တောင်အရပ်သို့ကွေ့လည်သက်ဆင်း၍သွားသောဧရာဝတီမြစ်ကွေ့အထောင့်ရောက်ရှိရာ ကမ်းပါးထိပ်၌ ပေါက်ရောက်စည်ကားကြီးပွား၍နေသော ပေါက်ပင်, ပေါက်ပင်ဖျား၌ နားနေသော ဥဇျိုင်း, ကျီးရိုင်းတို့နှင့် ပေါက်ပင်ခွ၌ လျှာနှစ်ခွရှိသော ဖွတ်ကြီး, ပေါက်ပင်ရင်း၌ ဝပ်လျက်နေသော ဖားဟူသော ၅–ပါးသော နိမိတ်တို့ကိုမြင်တော်မူ၍ ပြုံးတော်မူလေရာ ပြုံးတော်မူခြင်း၏ အကြောင်းကို ညီတော်အာနန္ဒာလျှောက်ထားသဖြင့် မြတ်စွာဘုရား

---

၁။ မြတ်စွာဘုရားတန့်ရပ်ကြည့်ရှုတော်မူခြင်းကိုစွဲ၍ ထိုတောင်ကို ယခုတိုင် တန့်ကြည့်တောင်ဟု ခေါ်ဝေါ်သမုတ်ကြကုန်၏။

က ညီဘွားလိမ္မာ အာနန္ဒာ၊ ငါဘုရား ရွှေပြည်နိဗ္ဗာန်တော်ဝင်ပြီး နောက် နှစ်ပေါင်း ၆၅၀–နှစ်ရောက်သည့်ရှိသော် နိမိတ်ငါးပါးတည့် ထွန်းရာအရပ်၌ ငါဘုရား၏သာသနာတော်ရောင် တောက်ပြောင် ထိန်ဝင်းလင်းလက်ရာဌာနမွန်ပေါက္ကံပြည်ကြီးဖြစ်လိမ့်မည်။

နိမိတ်ငါးပါးတွင် – ပေါက်ပင်နိမိတ်ကား ပေါက္ကံပြည်ဟု သုတိသညာ သာဖို့နိမိတ်ဖြစ်ပေ၏။ ဗျိုင်းဖြူနိမိတ်ကား သီတင်းသီလ ဖြူစင်ကြသူတို့ ထွန်းကားမည့် အမှတ်အသားဖြစ်လေသည်။ ကျီးရိုင်း နိမိတ်ကား ဒုစရိုက်ကျင့်ကြသူများလည်း ပေါ်ပေါက်ဦးမည့်နိမိတ် ထူးဖြစ်ပေသည်။ လျှာနှစ်ခွဖွတ်နိမိတ်ကား ပြည်သူပြည်သားတို့ မှန်/ မမှန်အားဖြင့် စကားနှစ်ခွပြောကြမည့် လက္ခဏာဖြစ်ပေသည်။

ဖားနိမိတ်ကား ပြည်သားပြည်သူတို့ မပူမဆာ ချမ်းသာမြေ့ ဝပြောသာယာမည့်အကြောင်းနိမိတ်ကောင်းဖြစ်ပေသည်ဟု ဗျာဒိတ် စကားမိန့်ကြားလှစ်ဖော် မိန့်တော်မူခဲ့လေသည်။

ဤသို့ဘုရားဘုန်းမွန် ညွှန်ကြားအပ်သော နိမိတ်ငါးပါး ပေါ်ပေါက်ရာဒေသမှာ အရှေ့တောင်အရပ် ၃–ဂါဝုတ်ပမာဏကွာ လှမ်းသော တံ့ဝပ်တောင်ခြေ၌ သမုဒ္ဒြိမင်းဖြူခွင်းထားခဲ့သည့် သက္ကရာဇ် ၂၉–ခုနှစ်တွင် သမုဒ္ဒရာဇ်မင်းသည် ရွာပေါင်း ၁၉–ရွာကို အုပ်ချုပ် ၍ အရိမဒ္ဒနပုရသမုတ်ကာ နန်းမြို့တော်တည်ထောင်၍ မင်းပြုခဲ့ လေသည်။[၁]

ထိုသမုဒ္ဒရာဇ်မင်းလက်ထက်တွင် ကျား၊ ရှူး၊ ဗူး၊ ဝက်၊ ငှက်ကြီးဟူသော ရန်သူ ၅–ဦးတို့ အထူးနှိပ်စက်၍ တိုင်းပြည်မြို့ရွာ လွန်စွာချောက်ချားလျက် ပျက်ပြားလုဘနန်း ကြမ်းတမ်းဆိုးဝါးစွာနေ ကြရဆဲအခါတွင် တကောင်းနန်းရိုး သတိုးမင်းဆက်မှသက်ဆင်းလာ သော မဟာနွယ်မဟာမျိုး ထီးရိုးနန်းလျာ လေးအတတ်၌တစ်ဖက်ကမ်း ခတ် တတ်မြောက်ကျွမ်းကျင်သော လေးပါရဂူပြူစောထီးအမည်ရှိ

---

၁။ သမုဒ္ဒရာဇ် နောဒ္ဒိနှစ် စံလစ်ဇောပဏ္ဏံ။

နာမခံသူလုလင်ပျိုတစ်ယောက်သည် ရောက်ရှိလာပြီး ဖော်ပြခဲ့ပြီးသော ရန်သူအပေါင်းကို ထောင်းထောင်းညက်ကြေ ဖျက်ဆီးခဲ့လေသည်။

ယင်းသို့ဖျက်ဆီးအောင်မြင်ပြီးသောအခါ သမုဒ္ဒရာဇ်မင်းကြီးကြားသိတော်မူသဖြင့် လွန်စွာနှစ်သက်အားရတော်မူလှ၍ သဘောကျနှစ်သက်ကာ သမီးတော်သီရိစန္ဒာဒေဝီနှင့် စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားပေးပြီးလျှင် အိမ်ရှေ့ဥပရာဇာအဖြစ် နှင်းအပ်တော်မူလေသည်၊ ယင်းသို့ပြူစောထီးအား အိမ်ရှေ့မင်းအပ်နှင်းပြီးနောက် သက္ကရာဇ် ၇၄–ခုနှစ်အရောက်တွင် သမုဒ္ဒရာဇ်မင်းနတ်ရွာစံ ကံတော်ကုန်ခဲ့လေသည်၊ ပြူစောထီးသည် သမုဒ္ဒရာဇ်မင်းလွန်သော် မိမိမင်းပြုရန်ဖြစ်သော်လည်း မင်းမပြုသေးပဲ မိမိ၏ဆရာရသေ့ကို လူဝတ်လဲစေပြီး ထီနန်းကိုလွှဲအပ်လေသည်၊ ယင်းမင်းသည် ရသေ့ကြောင် မင်းဟုတွင်လေသည်၊ ဖော်ပြပါရသေ့ကြောင်မင်းးသည် နန်းစံသက် ၁၅–နှစ်ရှိရာ သက္ကရာဇ် ၈၉–ခုနှစ်တွင် နတ်ရွာစံ ကံတော်ကုန်ခဲ့လေသည်၊ ဆရာရသေ့ကြောင်မင်း နတ်ရွာစံလေသော် ပြူစောထီးသည် မင်းပြုတော်မူ၍ ၃–နှစ်ရှိရာ သက္ကရာဇ် ၉၂–ခုနှစ်တွင် ဘူးပင်ကြီးပေါက်ရာ[၁] ဌာန၌ ဘူးသီးသဏ္ဍာန်တော် လုပသည့်စေတီတော် တည်ထားကိုးကွယ်တော်မူခဲ့လေသည်[၂]၊ ပုဂံမြို့သို့ရောက်ကြသော ဗုဒ္ဓဘာသာ သူတော်ကောင်းများသည် အောက်ပါဂါထာဖြင့် ကြည်ညိုဖွယ်ကောင်းလှသော ဘူးဘုရားကိုလည်း ရှိခိုးဦးချရာ၏။

---

၁။ ပေါက်ပင်ပေါရာဌာနဟုလည်းဆိုကြ၏။

၂။ မင်းကြီးသည် ကျားကိုသတ်ရာ၌ ကျားသတ်ဘုရား၊ ရှူးပျံကိုသတ်ရာ၌ ရှူးပျံဘုရား၊ ဝက်ကြီးကိုသတ်ရာ၌ ဝက်သတ်ဘုရား၊ ငှက်ကြီးကိုပစ်ရာ၌ ငှက်ပစ်တောင်ဘုရား၊ ငှက်ကြီးကိုလေးနှင့်ပစ်ရာ၌ လေးနှင်ဘုရား၊ မြားကိုပြုပြင်ရာ၌ မြားဘုရား၊ ငှက်ကြီးမမြင်စေရန် စောစလုံ၊ စောပု၊ စောဆွေ၊ စောပေ၊ စလေသူ စောတင်၊ စလင်းသူ စောကောက်၊ စောပေါက်–ဟူသော သတိုးသမီး ၇–ယောက်တို့ကို ဝှက်ရာ၌ သမီးဝှက်ဘုရားများကိုလည်း တည်ထားတော်မူခဲ့လေသည်။

ပြုစောထီးနရာဓိပေန၊ သဒ္ဓါဝဍ္ဎေန ကာရိတံ။
အလာဗုသန္နိဘံ ထူပံ၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ သဒ္ဓါဝဍ္ဎေန၊ သဒ္ဓါတရားများစွာရှိသော။ ပြုစောထီးနရာဓိပေန၊ ပြုစောထီးဟု သုတိထင်လင်း မင်းတရားသည်။ ကာရိတံ၊ ပြုလုပ်တည်ထားစေအပ်သော။ အလာဗုသန္နိဘံ၊ ဗူးသီးသဏ္ဌာန်တော်တူမျှသော။ ထူပံ၊ ဘုရားဘုန်း၏ ဓာတ်မွေ့သရီ တည်နေကိန်းဝပ်သော စေတီတော်မြတ်ကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ လေးမြတ်ကြည်ညို ရိုသေလှစွာ။ ဝန္ဒာမိ၊ ရှိခိုးဦးချပါ၏။

## ရွှေစည်းခုံဘုရား

ရွှေစည်းခုံစေတီတော်မြတ်သည် ညောင်ဦးမြို့အနောက်ဖက် ၄–ဖာလုံခန့်အကွာတွင် တည်ရှိလေသည်၊ ညောင်ဦးမြို့အနောက်ဖက်အဝင် ပုဂံကားလမ်းမကြီး၏ မြောက်ဖက်တွင် ရွှေရောင်တဝင်းဝင်း တလက်လက်ဖြင့် ကျက်သရေရှိစွာဖူးမြင်ရလေသည်၊ စေတီကြီး၏ အရှေ့ဖက်, မြောက်ဖက်တို့၌ စောင်းတန်းကြီးများသွယ်တန်းဆောက်လုပ်ထား၏။ အရှေ့ဖက်စောင်းတန်းကြီးနှင့် တောင်ဖက်စောင်းတန်းကြီးများမှာ ရှည်လျားခန့်ညားလှပေသည်။

## ဘုရားကြီးအနီး ကျောင်းတိုက်များ

ရွှေစည်းခုံဘုရားအနီး၌ ကျောင်းတိုက်များလည်း တော်တော်များများတည်ရှိပေသည်၊ အရှေ့ဖက်၌ ပုပ္ပါရုံကျောင်းတိုက်၊ ရွှေစေတီကျောင်းတိုက်တို့ ဖြစ်သည်။ တောင်ဖက်၌ အုတ်ကျောင်းတိုက်၊ နတ်ထောင့်ကျောင်းတိုက်၊ ဂူကျောင်းတိုက်တို့ ဖြစ်ကုန်၏။ အနောက်ဖက်၌ သက်တော်ရှည် (နံကပ်)ကျောင်း တည်ရှိ၏။

## စေတီတော်ကြီးဖူးမြင်ကွင်း

စေတီတော်ကြီးမှာ ကျက်သရေရှိလှသည့် ဉာဏ်တော် ၁၀၆–တောင်၊ ၁–ပေမြင့်ပြီး ဘိနပ်တော်အကျယ်လည်း ၁၀၆–တောင်၊ ၁–ပေကျယ်သည်ဟု သိရသည်၊ စေတီတော်ကြီးတစ်ဆူလုံး မှာ ရွှေဘိန်းချထားသဖြင့် ရွှေတောင်ကြီးအလား ခမ်းနားလှပေသည်။ ဖူးမြော်၍မဝအောင်ရှိလှသည်၊ ထီးတော်ပမာဏမှာ ပဌမကျွန်စစ်မင်းကြီး၏ ထီးတော်မှာ အဝ ၉–တောင်, ဘုံ ၉–ဆင့်, စောက် ၁၁–တောင်၊ ၁–မိုက် ရှိလေသည်၊ ယင်းထီးတော်မှာ သက္ကရာဇ် ၈၈၈–ခုနှစ်က သိုဟန်ဘွားချယူသဖြင့် ငါးထပ်ကြီးဒါယကာ အဝရွှေနန်းရှင်က ၁၁၁၆–ခုနှစ်တွင် တင်လှူစေခဲ့ရာ ထီးတော်ဘုံ ၁၁–ဆင့်, ပဌမဘုံထီး ၃–တောင်၊ ၁–မိုက်၊ ၄–သစ်ရှိသည်ဟု သိရသည်၊ ထီးတော်ဘုံ ၁၁–ဆင့်အထက် ရောင်လျှံတော်စောက် ၃–တောင်၊ ၁–မိုက်၊ ၄–သစ်ရှိသည်ဟု သိရသည်၊ ၎င်းထီးတော်မှာ သက္ကရာဇ် ၁၁၃၀–ပြည့်နှစ်၊ ကဆုန်လဆန်း ၆–ရက်နေ့၊ မွန်းလွဲ ၂–ချက်တီး (၆)နာရီခန့်တွင် လေမိုးဒဏ်ကြောင့် လျောကျခဲ့လေသည်။

တဖန် ရတနာပုရ တတိယမြို့နန်းတည် ဆင်ဖြူရှင်မင်းတရားကြီးက ၁၁၃၀–ခုနှစ်၊ ကဆုန်လဆုတ် ၆–ရက်နေ့တွင် ရေစက်သွန်းချ တင်လှူတော်မူခဲ့လေသည်၊ ယင်းထီးတော်မှာ သံတစ်ထပ် ကြေးနီတစ်ထပ် ရွှေစင်တစ်ထပ် ပေါင်း ၃–ထပ်ဖြစ်လေသည်၊ ထီးတော်ဘုံ ၁၁–ဆင့်ရှိလေသည်၊ ပဌမဘုံထီးတော်အဝန်း ၁၀–တောင်၊ ၁–မိုက်၊ ၄–သစ် ရှိလေသည်၊ ၎င်းအပြင် ထီးတော်ဆပ်သွားဖူးတို့တွင် ပတ္တမြား, ကျောက်နီ, ပုလဲ, သန္တာ, နီလာ, ဂေါ်မုတ်, ဥဿဖယား, ရတနာကြောင်မျက်ရွဲ–စသည်တို့ များစွာပါရှိကုန်၏။

အများပြည်သူတို့၏ကောင်းမှုဖြစ်သော စိန်ဖူးတော်ကြီးကို လည်း ၁၃၂၀–ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၅–ရက်နေ့တွင် ဆေးဝက်ဘာဆရာတော် ဦးသူရိယ ကြီးမှူးလှူခဲ့လေသည်။[၁]

## သမိုင်းအကျဉ်း

"နုရုဒ္ဓါဘိနေဝမုကိဒ္ဓိဇအောရမ္မံ"ဟူသည်နှင့်အညီ သက္ကရာဇ် ၃၇၉–ခုနှစ်တွင် နန်းတက်သော အနုရုဒ္ဓါ (အနော်ရထာ)မင်းတရားကြီးသည် နန်းစံ ၁၄–နှစ်မြောက်ဖြစ်သော ၃၉၃–ခုနှစ်တွင် သီဟိုဠ်ဘုရင်ဓာတုသေန ပေးဆက်အပ်သောစွယ်တော်ပွားတစ်ဆူနှင့် နဖူးသင်းကျစ်တော်, သိကြားမင်းဆက်သည့်မြဆင်းတုတို့အပြင် အခြားဓာတ်တော် မွေတော်များကို ဌာပနာကာ ဆင်ဖြူရတနာဝပ်ရာ ပုဂံမြို့မှ အရှေ့မြောက်ဖက် ဉသဘ ၅၀–ကွာလှမ်းသောအရပ်၌ သဲစည်းခုံစေတီတည်ထားကိုးကွယ်တော်မူခဲ့လေသည်၊ ထိုစေတီကို လူတစ်ရစ်၊ နတ်တစ်ရစ် တည်ခဲ့သည်ဟု ပြောစမှတ်ပြုကြ၏။ အနော်ရထာမင်းတရားကြီးမှာ စေတီကြီးမပြီးမီ နန်းစံ ၃၃–နှစ်ရှိရာ သက္ကရာဇ် ၃၉၇–ခုနှစ်တွင် နတ်ရွာစံတော်မူခဲ့လေသည်။

သက္ကရာဇ် ၄၂၆–ခုနှစ်တွင် နန်းတက်သောကျန်စစ်မင်းသည် အနော်ရထာမင်းတည်၍မပြီးပြတ်သေးသော ရွှေစည်းခုံစေတီတော်ကြီးကို အပြီးသတ်တည်ဆောက်တော်မူခဲ့လေသည်။[၂]

ဖော်ပြပါစေတီတော်ဝင်းအတွင်း၌ ကျန်စစ်မင်း၏မြေးတော် အလောင်းစည်သူမင်းကြီးသည် ကျောချင်းမှီ ဘုရားလေးဆူ, သီတင်း

---

၁။ ရွှေစည်းခုံစေတီတော်ကြီး စိန်ဖူးတော်တင်သမိုင်းစာတမ်းကြည့်။

၂။ ဤသက္ကရာဇ် ၄၀၆–ခုနှစ်တွင် အနော်ရထာနန်းတက်၍ ၄၂၁–ခုနှစ်တွင် အနော်ရထာမင်း ထီးတော်တင်၍ပြီးသည်ဟု ရည်၍ "ရွှေကြာအိုး ပုထိုးစည်းခုံတည်"ဟုလည်း စပ်ဆိုခဲ့ကြသည်။ ကျန်စစ်မင်းသည် သက္ကရာဇ် ၄၄၆–ခုနှစ်တွင် နန်းတက်၍ မူလစေတီငယ်သည်ဟု နှလုံးပိုက်ကာ ၄၅၂–ခုနှစ်တွင် ထပ်မံ၍ တည်သည်ဟုလည်း ဆိုကြသည်။

ကြီးဘုရား, သီတင်းငယ်ဘုရား–စသည့်ကောင်းမှုတော်များကို ပြုလုပ်တော်မူခဲ့လေသည်။

## အံ့ဩဖွယ်ရာများ

ရွှေစည်းခုံစေတီမြတ်ကြီး၌ အံ့ဩဖွယ်ရာများမှာ အတွင်းအံ့ဖွယ် ၉–ပါး၊ အပြင်အံ့ဖွယ် ၉–ပါး ထူးခြားရှိကြောင်း ပြောစမှတ်ရှိကြကုန်၏။ ထိုတွင် အတွင်းအံ့ဖွယ် ၉–ပါးမှာ

၁။ လူတရစ် နတ်တရစ်တည်ခြင်း၊
၂။ ထီးတော် သံမဆိုင်းခြင်း၊
၃။ ထီးတော်အရိပ် တံတိုင်းအပြင်ဖက် မထွက်ခြင်း၊
၄။ အကြောင်းရှိသော် တံတိုင်းပြင်ဖက်သို့ အရိပ် အတိုင်းမသိ ထွက်ခြင်း၊
၅။ ရွှေလောင်စက္ကူ ပြင်ဖက်သို့ မထွက်ခြင်း၊
၆။ ပဋ္ဌမသပိတ်၌ဆွမ်းပြည့်ခြင်းစသော လှူဒါန်းဖွယ်လာဘ်နေ့စဉ်မပြတ်ခြင်း၊
၇။ မိုးစွေ၍ သည်းထန်စွာရွာသော်လည်း ရင်ပြင်တော်၌ရေမတင်ခြင်း၊
၈။ တမျက်နှာမှစည်တီးစေသော် တမျက်နှာမှ မကြားရခြင်း၊
၉။ ဗိုလ်ခြေများစွာဝင်လာသော်လည်း ကြပ်တည်းစွာ မရှိခြင်းတို့ ဖြစ်လေသည်။

ရွှေစည်းခုံဘုရား၏အပြင်၌လည်း အံ့ဖွယ် ၉–ပါးရှိကြောင်းရှေးသူတော်ကောင်းတို့ ပြောစမှတ်ပြုကြကုန်၏။

၎င်းတို့မှာ–

၁။ ရေယဉ်စီးဆဲနေရာသို့ ဆင်ဖြူဝင်လာလျှင် ခဏခြင်းပင် သောင်ဖြစ်ခြင်း၊
၂။ ဖြစ်သောသောင်ကို ကျောက်အတိဖြစ်အောင် နဂါးမင်းတို့ ကျစ်ခြင်း၊

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ပုဂံသာသနာ့ကမ္ဘာအေး၊ ရန်ကုန်။


၃။ အနဝတတ်အိုင်မှသက်ဆင်းလာသောလေယဉ်သည် ရွှေစည်းခုံခြေတော်ရင်း၌ ဦးခိုက်ရစ်ဝဲ၍သွားသည်ဟု လူတို့ထင်ရခြင်း၊

၄။ ရှစ်မင်းပယ်စာမဟာရံတံတိုင်းတည်ခြင်း၊

၅။ တံ့ဝပ်တောင်မှကျောက်တို့ကို လှည်း, လူတို့ဖြင့် သယ်ယူခြင်းမရှိ ငါးမြှောင်ငါးတန်းလက်ဆင့်ကမ်း၍ ဆောင်ယူခြင်း၊

၆။ လက်ဆင့်ကမ်းသောလူတို့အား နေရှိန်အခိုး မထိုးမပူရန် စိဋ္ဌာန်၍စိုက်သောမန်ကျည်းပင်တန်း ငါးမြှောင်ငါးတန်ညတွင်းခြင်းပေါက်ခြင်း၊

၇။ စေတီတော်ကိစ္စပြီးလတ်သော် ရှတ်တရက်ငါးမြှော်ငါးတန်မန်ကျည်းပင်တို့ ကွယ်ပျောက်သွားခြင်း၊

၈။ အရှေ့မျက်နှာစောင်းတန်းဦးအဆင်းတွင် သိကြားမင်းတူးဖော်သည့်မှန်တွင်း ရေအပြင်၌ ထီးတော်တိုင်အောင်စေတီတော်ကို ဖူးမြင်ရခြင်း၊

၉။ အနီးသို့ရောက်လာပါက မြေအပြင်ဟုထင်ရသော်လည်း အဝေးကမူ ကုန်းကမူ၌တည်ထားသည်ဟု ထင်မြင်ရခြင်း အားဖြင့် ၉–ပါးဖြစ်ကုန်၏။

ဖော်ပြပါအံ့ဖွယ်အမျိုးမျိုးတို့ဖြင့်ပြည့်စုံတော်မူသော ရွှေစည်းခုံစေတီတော်မြတ်ကြီးကို အောက်ပါဝန္ဒနာဂါထာဖြင့် ရှိခိုးဦးတိုက်ရာ၏။

နုရုဒ္ဓ ကျန်စစ်နာမေဟိ၊ ဓမ္မရာဇေဟိ ကာရိတံ။
ဒါဌာဓာတွာဒိသံယုတ္တံ၊ ရွှေစည်းခုံစေတိယံ နမေ။

အဟံ၊ အကျွန်ုပ်သည်။ အနုရုဒ္ဓ ကျန်စစ်နာမေဟိ၊ အနုရုဒ္ဓ, ကျန်စစ်အမည်ရှိကုန်သော။ ဓမ္မရာဇေဟိ၊ တရားနှင့်အညီ တိုင်းပြည်စောင့်ကြပ် မင်းကောင်းမင်းမြတ်တို့သည်။ ကာရိတံ၊ ကိုးကွယ်တည်ထားစေအပ်သော။ ဒါဌာဓာတွာဒိသံယုတ္တံ၊ စွယ်တော်ဓာတ်မြတ်–အစ

ရှိသည့် ဓာတ်တော်အဆူဆူ ကွန့်မြူးစမ္ပါယ်ကိန်းဝပ်တော်မူသော။ ရွှေစည်းခုံစေတီယံ၊ ရွှေစည်းခုံဟု သုံးဘုံကျော်ကြား စေတီတော်မြတ်ဘုရားကို။ နမေ၊ ရှိသေညွတ်တွား ရှိခိုးဦးချပါ၏ဘုရား။

## ထီးလိုမင်းလိုဘုရား

ထီးလိုမင်းလိုဘုရားသည် ပုဂံမြို့အရှေ့ဖက် ၁–မိုင်၊ ၇–ဖာလုံခန့်အကွာတွင် တည်ရှိလေသည်။ နရပတိစည်သူမင်းကြီး၌ ဇေယျသူရ, ရာဇသူရ, အင်္ဂသူပျံချီ, ဇေယျသိခ်ဟူ၍ သားတော် ၅–ယောက်ရှိလေသည်၊ အခါတပါး မင်းကြီးလက်မှာ ခူနာပေါက်လေရာ ဇေယျသိခ်၏မိခင် မိဖုရားသည် မင်းတရား၏ ခူနာရှိသောလက်ကို အနာမှသက်သာစေလို၍ ငုံထားစဉ် မင်းကြီး အိပ်ပျော်သွားလေ၏။ ယင်းသို့မင်းကြီးအိပ်ပျော်စဉ် အနာပြည်ပေါက်လေ၏။ မိဖုရားသည် မင်းကြီးစက်တော်ခေါ်ရာမှနိုးလေသော် အကြောင်းစုံသိသဖြင့် လွန်စွာမှ မြတ်နိုးကြင်နာလှသောကြောင့် မိဖုရားကြီးအား လိုရာဆုတောင်းပါဟု မိန့်တော်မူလေသည်၊ ထိုအခါ မိဖုရားကြီးက သားတော်ဇေယျသိခ်ကို အိမ်တော်စောင့်အရာ ပေးသနားတော်မူပါဟု သံတော်ဦးတင်လေသည်၊ မင်းတရားကြီးသည် မိဖုရားလျှောက်တင်သည့်အတိုင်း သားငယ်ဇေယျသိခ်အား အိမ်တော်စောင့်ရာထူးကို ပေးသနားချီးမြှင့်တော်မူလေသည်၊ မိဖုရားသည် သားငယ်ဇေယျသိခ်အား အိမ်ရှေ့အရာအပ်နှင်းရန် မကြာခဏတောင်းလေ့ရှိ၏။ ထို့ကြောင့် ဇေယျသိခ်သည် နန်းတောင်းများမင်းဟုလည်းတွင်လေသည်။ ဇေယျသိခ်သည် နောင်တော်မင်းသားတို့ကိုလည်း လွန်စွာရိုသေလေးမြတ်၏။ နေစဉ်ဝတ်ပြုလေ့ရှိသောဟူ၏။

## ထီးလိုမင်းလိုဟုတွင်ခြင်း

တနေ့တွင် နရပတိစည်သူမင်းကြီးသည် သားတော် ၅–ပါးတို့ဝန်းရံလျက် မင်းအသရေဖြင့်တင့်တယ်စမ္ပါယ်စဉ် အလယ်၌ ထီးဖြူစိုက်စေကာ လက်ဖြင့်ကိုင်ထားလျက် "သားတော်မင်းသားတို့

ငါလက်ကလွှတ်လိုက်သောထီးဖြူသည် အကြင်မင်းသားဘက်သို့ တိမ်းညွတ်အံ့၊ ထိုမင်းသားသည် နန်းလျာဖြစ်စေရမည်၊ ကျန်မင်းသားတို့က အေးအေးလူလူ ကူညီစောင့်ရှောက်ရမည်''ဟု မိန့်တော်မူ၏။ သားတော်မင်းသားတို့ သဘောတူကျေနပ်ကြကုန်၏၊ မင်းကြီးသည် မင်းဖြစ်ထိုက်သူထံသို့ ထီးဖြူညွတ်စေသတည်းဟု အဓိဋ္ဌာန်ပြုတော်မူ၍ လက်မှထီးဖြူတော်ကို ညွှတ်လိုက်ရာ သားတော်အငယ်ဆုံး ဇေယျသိခ်ဖက်သို့ ထီးဖြူညွတ်လေ၏၊ မင်းကြီးက ဇေယျသိခ်ဆီသို့ ထီးဖြူညွတ်စေလို၏၊ ထီးဖြူကလည်း ဇေယျသိခ်ဖက်သို့ ညွတ်လေ၏၊ ထို့ကြောင့် ဇေယျသိခ်, နန်းတောင်းများဟုတွင်ခဲ့သောမင်းသားသည် ထီးလိုမင်းလိုဟု တွင်ပြန်သည်။

ရညော မတာနုရူပေန၊ ဆတ္တံ ဇေယျသိခ်ံ နမိ။
တေနေဝ ထီးလိုမင်းလိုတိ၊ သမညာ သမဇာယတိ။

ထီးလိုမင်းလိုမင်းသားသည် ဖခင်နရပတိစည်သူဘုရင်ကြီး နတ်ရွာလားရာ သက္ကရာဇ် ၅၇၃–ခုနှစ်မှစ၍ ပုဂံနိုင်ငံတော်၏ ထီးဆောင်းဘုရင်ဖြစ်လေသည်၊ ထီးလိုမင်းလိုမင်းတရားသည် ဖခင်နရပတိစည်သူမင်းကြီး ထီးဖြူတော်စိုက်ရာအရပ်, မိမိအတွက် အမြတ်ရောက်ရာအရပ်၌ နောင်လာနောက်သားတို့ အမှတ်တရဖြစ်စိမ့်သောငှာလည်းကောင်း၊ ပစ္စုပ္ပန်,သံသရာ နှစ်ဖြာအကျိုး ပွားတိုးစိမ့်သောငှာလည်းကောင်း ထီးလိုမင်းလိုသမုတ်၍ စေတီကြီးတည်ထားကိုးကွယ်ခဲ့လေသည်၊ ယင်းထီးလိုမင်းလိုဘုရားကိုလည်း အောက်ဖော်ပြပါဝန္ဒနာဂါထာကို ရွတ်ဆို၍ ဖူးမြော်ဦးချရှိခိုးရာ၏။

ထီးလိုမင်းလိုစေတိယံပိ၊ ဒေဝမနုဿပူဇိတံ။
အာဒရံ အဘိဝန္ဒာမိ၊ ဉတ္တမံ ပသာဒါဝဟံ။

ဒေဝမနုဿပူဇိတံ၊ နတ်နှင့်လူတို့သည် ကြည်ဖြူလေးမြတ်ပူဇော်အပ်ထသော။ ဉတ္တမံ၊ ခေတ်မွေသရီ တည်နေကိန်းလတ် မြတ်တော်မူသော။ ပသာဒါဝဟံ၊ သဒ္ဓါပြီးပြောင် ကြည်ညိုဖွယ်ကိုဆောင်ထသော။ ထီးလိုမင်းလိုစေတိယမ္ပိ၊ ထီးလိုမင်းလိုမင်းတရားတည်ထား

ကိုးကွယ်အပ်ရကား ထီးလိုမင်းလို ရွှေဘွဲ့ချီသော စေတီတော်မြတ်ကို လည်း။ အဟံ၊ တပည့်တော်သည်။ အာဒရံ၊ သဒ္ဓါရှိမ်းစိုကြည်ညိုလှ စွာ။ အဘိဝန္ဒာမိ၊ ဘယ လာဘ စသည့်ကျင့်ရိုး မမျှော်ကိုးပဲ ရှိခိုးဦးချ ပါ၏။

## နဂါးရုံဘုရား

နဂါးရုံဘုရားသည် မြင်းကပါရွာ၏တောင်ဖက် တာ ၆၀–ခန့်အကွာ၌ တည်ရှိလေသည်၊ သက္ကရာဇ် ၄၂၆–ခုနှစ်တွင် နန်းတက်သော သီရိတြိဘုဝနာဒိတျဓမ္မရာဇာဘွဲ့ခံ ကျန်စစ်မင်းတရားသည် နန်းစံ ၃–နှစ်ရှိရာ ၄၂၉–ခုနှစ်တွင် ဘုရား ၁၂–ဆူကိုတည်ထားကိုးကွယ် တော်မူခဲ့လေသည်။ ၎င်းဘုရား ၁၂–ဆူတို့ကား –

၁။ ဘွားတော်မူရာအရပ်၌ အရိပ်မထွက်ဘုရား၊

၂။ မဏိစန္ဒာမင်းသမီးအရေးကြောင့် ပုဆစ်တုပ်နှောင်ရာ အရပ်၌ ပုဆစ်တုပ်ဘုရား၊

၃။ အနော်ရထာမင်းက လှံဖြင့်ထိုးရာ၌ ကြိုးထိုးမိ၍ ကြိုးပြတ်၍ အသက်ချမ်းသာရာအရပ်၌ သက်တော်ရဘုရား၊

၄။ ၎င်းမှထွက်ပြေးလွတ်မြောက်၍ မြို့အပြင်ရောက်သော အခါ ငါအသက်ရှည်ပြီဟုမှတ်ထင်ရာအရပ်၌ သက်တော်ရှည်ဘုရား၊

၅။ လူတို့လိုက်လေသလောဟု မျှော်ကြည့်ရာအရပ်၌ မင်းမျှော်ရာဇာဘုရား၊[၁]

၆။ ၎င်းမှထွက်သွား၍ လူစုလူဝေး လူထုကြားရောက်နေသော်လည်း မမြင်ကွယ်ပျောက်ရာ၌ ကိုယ်ပျောက်ကြီးဘုရား (ယခုဂူပျောက်ကြီးဘုရားဟုခေါ်သည်)၊

---

၁။ ယခုမမျှော်ရာဇာဘုရားဟုခေါ်ကြ၏။

၇။ ကိုယ်ပျောက်ငယ်ဘုရား (ဂူပျောက်ငယ်ဘုရားဟုခေါ်သည်)၊
၈။ ၎င်းအရပ်မှ ဆက်လက်၍သွားပြန်ပြီးသော် ငါ့နောက်မှာလူပါသေးသလောဟုသဘောပိုက်၍ ပြန်ကြည့်ရာ၌ ပြန်ကြည့်ကြည့်ဂူဘုရား၊
၉။ ဆက်လက်၍ သွားပြီးနောက် မြစ်ကမ်းရောက်သော် ဤအရပ်ကနေကူလျှင်နီး၏ဟု ထင်တော်မူရာ၌ ကူးနီးဘုရား၊
၁၀။ နဂါးရုံထားရာ၌ နဂါးရုံဘုရား၊
၁၁။ အပယ်ရတနာပုန်းရာအရပ်၌ အပယ်ရတနာဘုရား၊
၁၂။ ဒလကအပြန် မျက်မာန်တော်ပြေသည့်ကိုစွဲ၍ ထိုအရပ်၌ တည်ထားအပ်သော မျက်မာန်တော်ပြေဘုရားအားဖြင့် ၁၂–ဆူတို့ဖြစ်ကုန်၏။

နာနာကာရကမာရမ္ဘ ကျန်စစ်သားဝှသူဘူပတိ။
စေတိယေ ဒွါဒသောစေဝ၊ ပတိဋ္ဌာပေသိ ဗုဒ္ဓိမာ။

ဖော်ပြပါစေတီပုထိုးများအနက် နဂါးရုံဘုရား၏သမိုင်းဖြစ်ရပ်မှာ ထူးဆန်းသစ်လွင်၍ စိတ်ဝင်စားစရာကောင်းလှ၏၊ စောလူးမင်းလက်ထက်တွင် မျှောက်သားတော်မိဖုရားခင်ဦးအတွက်ကြောင့် အမျက်တော်ကဲပိုလှ၍ ဒလသို့ပို့မည့်အခါ မြင်းကပါအရပ်၌ခဏဆိုင်းငံ့နေ၍ အိပ်ပျော်သွားစဉ် နဂါးကြီးတကောင်သည် ကျန်စစ်သားမင်းအား ရစ်ပတ်ဖွဲ့ရုံ၍ နေလေ၏၊ နောက်တော်ပါးမှလိုက်လာသော အပယ်ရတနာမြင်လေလျှင် ဗလောင်ဘဝင်ချောက်ချား ကြောက်အားပိုလေ ကြောက်သွေးတွေ၍နေသဖြင့် အပယ်ရတနာသည် ပြေး၍ ပုန်းအောင်းလေ၏၊ မကြာမီပင် နဂါးကြီးလည်း အရုံဖြေ အခွေဖျောက်ကာ အရပ်တပါးသို့သွားရောက်လေတော့၏။

ထိုအခါကျမှ အပယ်ရတနာရောက်လာကာ “မောင်တော်ဘုရား၊ ချစ်ဆွေအဖြစ်ပုံတွေ ထူးဆန်းလှချေရဲ့၊ ယခုတင်က နဂါးကြီး

တကောင် မောင်တော်ကိုတကိုယ်လုံးရစ်ပတ်ဝန်းခြံ ရံနေခဲ့ပါ၏''ဟု သံတော်ဦးတင်လေရာ ကျန်စစ်သားမောင်တော်သက်လုယ် အပယ်ရတနာ ငါကား ပုဂံပြည်ကြီး၏ ထီးဆောင်းဘုရင်ဖြစ်မည်မလွဲပြီး တကား ငါမင်းဖြစ်လျှင် ရှင်မမိဖုရားကြီးဖြစ်မည်ကေန်တည်း၊ ငါမင်းဖြစ်မည့်အရေးကြောင့် နဂါးကြီးကဘေးမတွေ့အောင် စောင်မခြင်းဖြစ်ပေသည်၊ ငါထီးဖြူစိုက်ဆောက် မင်းအဖြစ်သို့ရောက်လျှင် ဤနေရာ၌ ကုသိုလ်ကောင်းမှုပြုရာ ဆိပ်ကမ်းသဖွယ် ဘုရားပုထိုးတည်ရလိမ့်မည် ကြံစည်စိတ်ကူးချက်အတိုင်း အပယ်ရတနာအချစ်ဦးအား ပြောကြားခဲ့လေသည်။

## စေတီတည်ထားကိုးကွယ်ပြီ

ရန်မာန်ပြေပျောက် မင်းအဖြစ်သို့ရောက်၍ ၃–နှစ်ရှိရာ သက္ကရာဇ် ၄၂၉–ခုနှစ်တွင် ကြံစည်ခဲ့သည့်အတိုင်း မိမိ၏ဇနီးသယ် အပယ်ရတနာအား ပြောကြားခဲ့သည့်အတိုင်း အခြားစေတီ ၁၁–ဆူနှင့်တကွ နဂါးရုံစေတီပုထိုးကြီးကို တည်ထားကိုးကွယ်ခဲ့လေသည်။ အောက်ပါဝန္ဒနာဂါထာဖြင့် ဖော်ပြပါနဂါးရုံဘုရားစေတီကို ရှင်ကြည်သောမနောဖြင့် ရှိခိုးဦးချ ဖူးမျှော်ရာသတည်း။

ကျန်စစ်သား မဟာရာဇေန၊ နာဂဝေဋ္ဌိတစေတိယံ။
သင်္ခတံ အဘိဝန္ဒာမိ၊ သုနိဝါတေန စေတသာ။

အဟံ၊ အကျွန်ုပ်သည်။ ကျန်စစ်သား မဟာရာဇေန၊ ကျန်စစ်သားမည် ပေါက္ကံဘုရင်သည်။ သင်္ခတံ၊ ထက်ပွားသဒ္ဓါစေတနာဖြင့် ကောင်းစွာစီရင်ပြုပြင်တည်ထားအပ်သော။ နာဂဝေဋ္ဌိတစေတိယံ၊ နဂါးရစ်ပတ် ကောင်းမြတ်လွှမ်းခြုံ ကိုယ်ငွေ့ထုံ၍ ဘေးမျိုးလုံစွာ စောင့်ရှောက်ရာအရပ်၌ ကိုးကွယ်တည်ထားအပ်သည့် ဗျူပ္ပတ္တိဟုံ သကတ်ဂုဏ်ကြောင့် နဂါးရုံမည် စေတီတော်မြတ်ကို။ သုနိဝါတေန၊ လွန်စွာနှိမ်ချ ရိုတုပ်ကျိုးသော။ စေတသာ၊ သဒ္ဓါယိုဖိတ် ကုသိုလ်စိတ်ဖြင့်။ အဘိဝန္ဒာမိ၊ ရှိခိုးဦးချပါ၏။

## အာနန္ဒာဘုရား

အာနန္ဒာစေတီပုထိုးကြီးသည် အင်ဒိုနီးရှားမှ ဗောဓော့ဗုဒ္ဓ ဘုရားကြီးကဲ့သို့လည်းကောင်း၊ သီဟိုဠ်ကျွန်း အနုရာဓမြို့မှ မဟာစေတီ တော်ကြီးကဲ့သို့လည်းကောင်း၊ ကမ္ဘာ့ဗုဒ္ဓဘာသာဝင်တို့နှင့် သုတေသီ တို့၏နှလုံးသားတွင် သက်ရောက်ကိန်းဝပ်သိရှိထင်ရှားခဲ့သည်၊ ကမ္ဘာ့ စွယ်စုံကျမ်းအမျိုးမျိုး, နာမည်ကြီးအဘိဓာန်အမျိုးမျိုးတို့၌ ယင်းအာနန္ဒာ ဘုရားကြီး၏အကြောင်းကို ဖော်ပြကြကုန်၏၊ ယင်းသို့ဖော်ပြခြင်းမှာ အာနန္ဒာဘုရားကြီး၏ဗိသုကာအတတ်၏လွန်စွာထူးခြားခြင်းဖြစ်သော ကြောင့် ဖြစ်လေသည်၊ ယင်းအာနန္ဒာစေတီပုထိုးတော်ကြီးသည် ပုဂံ မြို့အရှေ့ သရပါတံခါးအနီး၌ တည်ရှိလေသည်။

## စေတီတော်မြင်ကွင်း

အာနန္ဒာဘုရားကျောင်းတော်ကြီးကို စေတီရံများစွာတို့ဖြင့် အဝေးရပ်ကပင်ကြည်ညိုဖွယ်ရာဖူးမြင်နိုင်လေသည်၊ ပုဂံခေတ်ကပင် မြန်မာတို့ ဗုဒ္ဓဝိဟာရနိမ္မာနအတတ်၊ စေတိယ, ထူပနိမ္မာနအတတ်၌ တဖက်ကမ်းခတ် တတ်မြောက်ကျွမ်းကျင်ပုံကိုလည်း ဤအာနန္ဒာ စေတီတော်ကြီးကပင် သက်သေခံနေပေ၏၊ ဘုရားလှိုဏ်တော်အတွင်း ၌ ဤဘဒ္ဒကမ္ဘာ၌ပွင့်တော်မူပြီးသော ကံ၊ ဂုဏ်၊ ပ၊ မ ဘုရားမတ်ရပ် ဆင်းတုတော်ကြီး ၄-ဆူကိုလည်း ကြည်ညိုဖွယ်ရာ ဖူးမြင်နိုင်လေသည်၊ ၎င်းဆင်းတုတော်များမှာ ဉာဏ်တော် ၁၈-တောင်အမြင့်ဆောင်တော် မူကြကုန်၏။ ပုဂံခေတ်က "အဋ္ဌာရသဟတ္ထုဗ္ဗေဓေါ"အရ ၁၈-မိုက် မဟုတ်ပဲ၊ ၁၈-တောင်အယူရှိကြကြောင်းလည်း ဤဆင်းတုတော်ကြီး လေးဆူက သက်သေထူတော်မူခဲ့ကုန်၏၊ ဘုရားကျောင်းတော်စေတီ တော်ကြီး ပဠမအတွင်းထပ်နံရံအနောက်မျက်နှာမှ လက်ယာရစ်လှည့် လျက် ဘုရားအလောင်းတော်မြတ် စွဲကပ်သန္ဓေတည်နေတော်မူပုံ၊ ဖွား မြင်တော်မူဟန်၊ ဗိမ္ဗာရွှေလှော် ယသော်နှင့် စုလျားရစ်ပတ် ရွှေလက်ထပ် ဟန်၊ ရာဟုလာမင်းသားဖွားမြင်တော်မူဟန်-စသည့် နဂါးရစ်ကျောက် သား ရုပ်ထုတော်ပေါင်း ၈၀-တို့ကို ကြည့်ရှုဖူးမြင်နိုင်လေသည်၊ မှန်

ဦးအထွတ် ၄–ဖက်, ၄–မျက်နှာတို့၌လည်း အလောင်းတော် ပဋိသန္ဓေ နေတော်မူဟန်၊ ဖွားမြင်တော်မူဟန်၊ ပရိနိဗ္ဗာန်စံတော်မူဟန်–စသည့် ၆၄–ရုပ်သောရုပ်ထုတို့ကို ကြည့်ရှုလေ့လာဖူးမျှော်နိုင်လေသည်။ နံရံ မုခ်ထွတ် အထက်အမိုးလိုဏ်မုခ်တို့၌ ဘုရားမြတ်စွာ ၄၅–ဝါကာလ ပတ်လုံး ဓမ္မသြဇာမြိုက်ရသော တိုက်ကျွေးတော်မူဟန်၊ ၁၃၀၄–ဆူသော ရွှေကြေးမုံရုပ်ထုတော်များကိုလည်း ကြည့်ရှုဖူးမြင်နိုင်လေသည်၊ အတွင်း အပြင်ထုတ်ချင်းခတ်လိုဏ်ပေါင်း ၁၄၀–တို့ဖြင့်လည်း စေတီတွင်း (ဘုရားကျောင်းတော်တွင်း) အလင်းဓာတ်ကိုပေးလျက်ရှိပေသည်။

ၿငင်းအပြင်နံရံတို့၌ ထွင်းထုထားသော ဘုရားရုပ်ထု, ဇာတ် ရုပ်ထု ၈၀၊ ရုပ်တော်မူဝဲယာတို့၌ အရှင်အရဟံ–အစရှိသော ရဟန္တာ ရုပ်ထု ၇–ဆူ၊ စုစုပေါင်း ၁၅၅၉–ဆူ၊ ဘုရားဒကာ ကျန်စစ်မင်းရုပ်ထု၊ မဏ္ဍမပုရိသရုပ်ထု ၈၊ နတ်ရုပ် ၂၈–ရုပ်တို့နှင့်တကွ ၁၅၉၆–ခုသော ရုပ်ထုတို့ကို ကြည့်ရှုတွေ့မြင်နိုင်လေသည်။

## အတိုင်းအတာပမာဏ

စေတီတော်ကြီး၏ အရှေ့မျက်နှာတော်မြောက်အဝန်းအဝိုင်း အချင်း ၁၁၅–တောင်၊ အာရုံခံနှစ်ဖက်မုခ် ၃၃–တောင်၊ ၄–သစ်စီ၊ သုံးစု ၁၈၁–တောင်၊ ၁–မိုက်ရှိလေ၏၊ လေးမျက်နှာပတ်လည် အဝန်း အဝိုင်းအချင်း ၇၂၅–တောင်၊ ၁–မိုက်ရှိလေသည်၊ စေတီတော်ကြီး အရပ်တော်ပမာဏကား အောက်ခြေဘိနပ်တော်မှစ၍ ထီးဖျားအထိ ၁၂၅–တောင်၊ ၂–မိုက်၊ ၄–သစ် ရှိလေသည်။[၁]

## သမိုင်းအကျဉ်း

သက္ကရာဇ် ၄၂၆–ခုနှစ်တွင် ပုဂံပြည်ကိုထီးတလက်ပြုခဲ့သော ကျန်စစ်သားမင်းကေရာဇ်လက်ထက်တွင် တနေ့၌ ဂန္ဓမာဒနတောင်

---

၁။ ကျောက်စာ ၇–မှထုတ်အပ်သော အတိုင်းအတာတိုင်းဖော်ပြသည်။ အကျယ် သမိုင်းကျမ်းများကြည့်။

နန္ဒမူလိုဏ်မှ ရဟန္တာအရှင်မြတ် ၈–ပါးတို့ ပုဂံနန်းမြို့တော်သို့ ကြွတော်မူကြကာ မင်းတရား၏နန်းတော်ဝင်းဆွမ်းခံဝင်ကြွတော်မူကြကုန်၏၊ မင်းတရားသည် ရဟန္တာ ၃–ပါးတို့ကိုဖူးမြင်ရလျှင် ရွှင်ပြအားရခြင်းဖြစ်တော်မူကာ အရှင်မြတ်တို့ အဘယ်အရပ်ကကြွလာတော်မူကြကုန်သနည်းဟု လျှောက်ထားလေသည်၊ ရဟန္တာအရှင်မြတ်တို့က "ဒကာမင်းမြတ် ငါတို့ကား ဟိမဝန္တာ ဂန္ဓမာဒနတောင် နန္ဒမူလိုဏ်မှ ကြွလာခဲ့ကြပေကုန်၏"ဟု မိန့်တော်မူကြကုန်၏။

မင်းမြတ်သည် ဆထက်တပိုးတိုး၍ ဝမ်းမြောက်ခြင်းဖြစ်တော်မူကား နန်းတော်ထက်သို့ပင့်၍ ဆွမ်းလုပ်ကျွေးတော်မူပြီးလျှင် "အရှင်ဘုရားတို့ အရှင်ဘုရားများကြွလာတော်မူခဲ့ရာ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့သီတင်းသုံးတော်မူရာ နန္ဒမူလိုဏ်ပုံကို ဖန်ဆင်းပေးတော်မူပါကုန်ဘုရား၊ ယင်းနန္ဒမူလိုဏ်နှင့်ပုံတူစေတီဘုရားကျောင်းတော် တည်ဆောက်၍ တည်ထားကိုးကွယ်လိုပါသည်"ဟု လျှောက်ထားလေသည်၊ ယင်းသို့လျှောက်ထားသည့်အတိုင်း ရဟန္တာအရှင်မြတ်တို့သည် နန္ဒမူလိုဏ်ပုံကိုဖန်ဆင်း၍ ပေးတော်မူကြကုန်၏၊ မင်းတရားကြီးသည် များမြောင်လှစွာသော အသပြာငွေကို စွန့်လှူကာ နန္ဒ မူလ ပုံဟန်သဏ္ဌာန်တူသော ဤမည်သော အာနန္ဒာစေတီတော်ကြီးကို တည်ထားကိုးကွယ်တော်မူခဲ့လေသည်။

ကာလေကျန်စစ်သား ဝှယသော၊ ဓမ္မိကသော သုရာဇိနော။
အဌဳဓီဏာသဝါ ထေရာ၊ ပုဂါမသမုပါဂမုံ။
တဒါ ရာဇာ နိမန္တေတွာ၊ နိဇနိဝေသနံ သုဘံ။
ဘောဇယိတွာ ခီဏာသဝေ၊ မာပေသိ နန္ဒမူလကံ။
နန္ဒမူလသမံ ကာသိ၊ စေတိယံ သုစိတြစိတြံ။
နရာမရာနံ ဟိတာယ၊ သုခါယ သဗ္ဗပါဏိနံ။

## စေတီတော်ကြီးတည်ဟန်

ကျန်စစ်မင်းတရားသည် နန္ဒမူလ သဏ္ဌာန်စနစ်ဖြင့် သာသနာငါးထောင် အနှစ်ငါးထောင်တည်အောင် စေတီတော်ကြီးကို

သိကြားမင်းညွှန်ပြအပ်သောအရပ်၌ ရွှေစည်းခုံစေတီတော်ကြီးတည်ပြီး ရာ သက္ကရာဇ် ၄၅၂–ခုနှစ်တွင် တည်ထားတော်မူခဲ့လေသည်၊ အာနန္ဒာဘုရားတည် သက္ကရာဇ်ကို "ရွှေပွင့်ကြာ နန္ဒာ စိန္တေတည်"ဟု ရှေးသူဟောင်းတို့ လင်္ကာစပ်ခဲ့ကြကုန်၏။[၁]

ယင်းသို့စေတီတော်ကြီးတည်ထားရာ၌ မြေကိုအစောက်သံ တောင်–၆၀ ရေထွက်အောင်တူးစေပြီးလျှင် ရေ၌သံတောင်–၃၀ နဂါးရစ်ကျောက်တို့ကိုစီခင်းစေ၏၊ ထိုကျောက်တို့၏အထက်၌ အတောင်–၃၀ ဥမင်တိုက်ကို ဌာပနာရန်အကျိုးငှာ တည်လုပ်စေတော် မူလေ၏၊ ပြုလုပ်သောပန်းရံတို့ကား လက်ခကံကျွေးလေးသောင်း ကုန်ကြ၍ ဗိသုကာ ၄၀၀–မျှရှိကုန်၏၊ ထိုပန်းရံတို့အား လက်ခရွှေ လေးသိန်းပေးရ၏၊ ရဟန္တာလေးကျိပ်တို့နှင့် သဘောတူတိုင်ပင်၍ ဌာပနာတိုက်ကိုပိတ်ဆို့စေ၍ တစ်မျက်နှာလျှင် ရဟန္တာတစ်ကျိပ်စီ စောင့် ကြပ်တော်မူရပေ၏၊ စတုလောကပါလနတ်မင်းကြီးလေးယောက်တို့ လည်း လေးမျက်နှာမှစောင့်ကြပ်ကုန်၍ စီရင်ဖန်ဆင်းကြရကုန်၏၊ ဝိသကြုံနတ်လည်း လေးမျက်နှာမှစီရင်ကြည့်ရှုလေ၏။

ဌာပနာတိုက်၌ ဗုဒ္ဓဝင်ရွှေစင်ရုပ်ထုများ၊ ကျောင်းတော်မူ၊ မတ် ရပ်ဆင်းတုတော်များ၊ ဘုရားရှင်၏ဓာတ်တော်အမျိုးမျိုးစသည်တို့ကို ဌာပနာတော်မူ၍ သာသနာငါးထောင်တိုင်အောင်တည်ရှိနိုင်ခံ့မည့် စေတီ တော်ကြီးကိုတည်ထားတော်မူခဲ့လေသည်။[၂]

## မင်းတရားတို့ကုသိုလ်

သက္ကရာဇ် ၁၂၁၈–ခုနှစ်၊ နန္ဒဂူစေတီတော်အတွင်း အရှေ့ မျက်နှာက သရက္ခန် (သာရဂန်)ရပ်တော်မူကြီး မီးသင့်ခဲ့ရာ ရတနာ ပုံမြို့၊ နန်းတည် ပဉ္စမသံဂါယနာတင်မင်းတရားကြီး စကားသားတစ် တော်ဖြင့် အသစ်ထုလုပ်ကိုးကွယ်တော်မူခဲ့လေသည်။

---

၁။ သက္ကရာဇ် ၄၄၄–ခုနှစ်၌ တည်သည်ဟုလည်း မှတ်ကြရှိသည်။

၂။ ဌာပနာပုံအကျယ် ပခုက္ကူဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်၏ အာနန္ဒာသမိုင်းကျမ်းသစ်နှင့် မြတောင်ဆရာတော်ဘုရားကြီး ၏ ပုဂံမြို့ ဘုရားတစ်ဆယ့်ခုနစ်ဆူသမိုင်းကျမ်းကို ကြည့်ရှုရာ၏။

သက္ကရာဇ် ၁၁၇ဝ–ခုနှစ်တွင် ဟံသာဝတီမင်းလက်ထက်တွင် တစ်ကြိမ်၊ ၁၂၄၇–ခုနှစ် သီပေါမင်းပါတော်မူပြီး နောက်တစ်ကြိမ်၊ အနောက်မျက်နှာရှိ ပဥ္စလောကဆင်းတုတော်ကြီးနှင့်တကွ စေတီတော်ကြီးနေရာအချို့ပျက်စီးခဲ့လေရာ အစိုးရမင်းတို့ထုတ်ပေးထောက်ပံ့လှူဒါန်းသောငွေများနှင့် ပြည်သူတို့လှူဒါန်းသောငွေတို့ကို စုပေါင်း၍ ကျွန်းသစ်ဖြင့်ပြီးသောဆင်းတုတော်ကြီးကို ထုလုပ်တည်ထားခဲ့ကြကုန်၏၊ ဤစေတီတော်ကြီးကို နတ်သိကြားများပင် ရံဖန် ရံခါ လူယောင်ဖန်ဆင်းလာရောက်ကြကုန်၏၊ စေတီတော်, ပုထိုးတော်များကို ဖူးမျှော်ဦးချခဲ့ကြသော ကောင်းမှုကြောင့် လူ, နတ်, နိဗ္ဗာန် သုံးတန်သောချမ်းသာကို ရကြသူတို့မှာ များလှကုန်၏၊ အသင် စာရှုသူသည်လည်း စေတီတော်ကြီးသို့မရောက်လျှင် မျှော်မှန်းရည်စူး၍လည်းကောင်း၊ ဖြစ်နိုင်လျှင် အရောက်သွား၍လည်းကောင်း အောက်ပါ ဝန္ဒနာ ဂါထာဖြင့် ဓာတ်တော်မွေတော်များစွာတို့ ဌာပနာရာ အာနန္ဒာစေတီတော်မြတ်ကြီးကို ရှိခိုးဦးချရာသတည်း။

အာနန္ဒစေတိယံ နာမ၊ နန္ဒမူလ သမံ သုဘံ။
နာနာနဓာတူဟိ သံယုတ္တံ၊ အဟံ ဝန္ဒာမိ အာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ နန္ဒမူလ သမံ၊ ဟိမဝန္တာတောင် လောကနန္ဒမူလိုဏ်ဟန်ပုံဟန်တူသော။ နာနာဓာတူဟိ သံယုတ္တံ၊ ဓာတ်တော်မွေတော်အမျိုးမျိုးတို့နှင့် စပ်ယှဉ်သော။ အာနန္ဒာစေတိယံ နာမ၊ အာနန္ဒမည် ဘွဲ့တော်ချီသော စေတီတော်မြတ်ကြီးကို။ အာဒရံ၊ လေးမြတ်ကြည်ညို ရိုသေလှစွာ။ ဝန္ဒာမိ၊ ရှိခိုးဦးချပါ၏။

## ရွှေဂူကြီးဘုရား

ရွှေဂူကြီးဘုရားသည်လည်း ပုဂံမြို့ဟောင်း၌ ထင်ရှားလှပြီး ဖူးမျှော်လေ့လာသင့်သော စေတီတော်မြတ် ဖြစ်တော်မူ၏၊ သဗ္ဗညုဘုရားမှ အနောက်မြောက်ယွန်းယွန်းတွင် ရွှေဂူကြီးဘုရားကိုဖူးမြင်နိုင်လေသည်၊ ရွှေဂူကြီးမြတ်စွာဘုရားကျောင်းတော်မှာလည်း သာဝတ္ထိ

ပြည်မွန် ဇေတဝန်ကျောင်းတိုက်၌ ရှိခဲ့ဘူးသောဘုရားမြတ်စွာ သီတင်း သုံးတော်မူရာ ဂန္ဓကုဋီတိုက်ပုံဖြစ်၍ တမျိုးတဖုံထူးခြားလှပါသည်။

သက္ကရာဇ် ၄၅၄–ခုနှစ်တွင် ပုဂံပြည်၌ ကေရာဇ်မင်းအဖြစ် သို့ရောက်တော်မူသော ဘုန်း, လက်ရုံးပညာတို့နှင့် ပြည့်စုံတော်မူသော အလောင်းစည်သူမင်းတရားကြီးသည် မင်းဖြစ်ခါစ မကြာမီပင် အရှင် အရဟံ–အစရှိသော သံဃာတော်တို့နှင့်တိုင်ပင်၍ နန်းတော်ရှိနန်းစဉ် ကိုးကွယ်ခဲ့သော ဓာတ်တော်များကို ဌာပနာ၍ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတိုက်ရှိ ဂန္ဓကုဋီတိုက်ပုံသဖွယ် ကြီးကျယ်ခမ်းနားလှသည့် ရွှေဂူ ကြီးအမည်ရှိစေတီတော်ကြီးကို တည်ထားကိုးကွယ်တော်မူခဲ့သည်။ ဂန္ဓကုဋီတိုက်အတွင်း၌ ရုပ်ပွားတော်သွင်းထားပြီးလျှင် ရွှေထီးတင်လှူ ခြင်း၊ သဘင်ပွဲလမ်း ခမ်းနားကြီးကျယ်စွာကျင်းပ၍ စေတီဖွင့်ပွဲ ပူဇော် ပွဲကြီးကိုလည်း အံ့မခန်းမျှပြုလုပ်တော်မူခဲ့လေသည်။

အရဟံအာဒိထေရေဟိ၊ မန္တယိတွာန ဗုဒ္ဓိမာ။

ရာဇာ ကာရေသိ စေတိယံ၊ ဝိစိတ္တံ စိတ္တရာဘိကော။

ပုဂံမြို့ရောက်ရှိသော သုတေသီပုဂ္ဂိုလ်သည် သိကြား, နတ်တို့ပင် ပူဇော်အပ်သောကြည်ညိုဖွယ်ရာကောင်းလှသော ဖော်ပြပါ ရွှေဂူကြီးတို့ကိုလည်း အောက်ပါဝန္ဒနာဂါထာဖြင့် ရှိခိုးဦးချ၍ ကုသိုလ် တရားပွားများအောင် ပြုရာသည်။

ရွှေဂူကြီး စေတိယံနာမ၊ ဂန္ဓကုဋိသမံ သုဘံ။

ပူဇိတံ သက္ကဒေဝေဟိ၊ ဝန္ဒေ ပသန္နမာနသာ။

အဟံ၊ အကျွန်ုပ်သည်။ သက္ကဒေဝေဟိ၊ နတ်အများတို့သည်။ ပူဇိတံ၊ လေးမြတ်ကော်ရော် ပူဇော်အပ်တော်မူသော။ သုဘံ၊ ဖူးချင်စဖွယ် တင့်တယ်သပ္ပါယ်တော်မူသော။ ဂန္ဓကုဋိသမံ၊ ဘုရားရှင်အဆူဆူ စံနေတော် မမူရာ အဝိဇဟိတဌာန သာဝတ္ထိပြည်မွန် ဇေတဝန်အာရာမ ဂန္ဓကုဋိ ကျောင်းတော်နှင့် မခြားတမူ အလားတူတော်မူသော။ ရွှေဂူကြီး စေတိယံ နာမ၊ အလောင်းစည်သူ ကြည်ဖြူလေးမြတ် တည်ထားအပ်သည့် ရွှေဂူကြီးမည် ဘွဲ့တော်ချီသော စေတီတော်မြတ်ကြီးကို။ ပသန္နမာန

သာ၊ ကြည်ညိုယိုဖိတ်သောစိတ်ရှိသည်ဖြစ်၍။ ဝန္ဒေ၊ ရှိသေမြတ်နိုး ရှိခိုးဦးချပါ၏။

## လောကနန္ဒာဘုရား

ပုဂံမြို့မှ သီရိပစ္စယာရွာသို့လာသောလမ်းမကြီးအတိုင်း တောင်သို့ဆက်လက်၍သွားပါလျှင် ခရီး ၂–မိုင်၊ ၆–ဖာလုံ အကွာတွင် သီရိပစ္စယာရွာတည်ရှိလေသည်၊ ဖော်ပြပါ သီရိပစ္စယာရွာ၏ တောင်ဖက် သာယာကြည်နူးဖွယ်ကောင်းလှသည့် ကမ်းနဖူးပေါ်၌ လောကနန္ဒာဘုရားတည်ရှိလေသည်။

## သမိုင်းအကျဉ်း

အနော်ရထာမင်းတရားကြီးသည် သီဟိုဠ်မှပင့်ဆောင်ရရှိသည့် စွယ်တော်ပွားကို အရှင်အရဟံ၏ အမိန့်အတိုင်း ကောင်းစွာတန်ဆာဆင်ထားသည့် ဆင်ဖြူတော်ထက်၌ ပင့်တင်စေတော်မူ၍ လွှတ်လိုက်ရာ ဆင်ဖြူတော်သည် ပဌမဦးစွာ ရွှေစည်းခုံဘုရားတည်ရာ သဲစည်းခုံ၌ဝပ်လေ၏၊ ဒုတိယအကြိမ် တန့်ကြည့်တောင်ထိပ်၌ ဝပ်လေသည်၊ တတိယအကြိမ် လောကနန္ဒာဘုရားတည်မည့်နေရာ လောကနန္ဒာအရပ်၌ ဝပ်လေသည်၊ စတုတ္ထအကြိမ် တုံ့ဝပ်တောင်ထိပ်၌ ဝပ်လေသည်၊ ပဥ္စမအကြိမ်၌မူ ကိုးခရိုင်သာလျှောင်း တောင်ထိပ်၌ ဝပ်လေသည်၊ အနော်ရထာမင်း၏ ဓိဋ္ဌာန်ချက်ကြောင့် မူလသီဟိုဠ်ကျွန်းမှ ပင့်ဆောင်တော်မူခဲ့သော ဘုရားဇိနော်၏ စွယ်တော်သည်လည်း ၅–ဆူပွားတော်မူလေသည်၊ ယင်းစွယ်တော်စသည်တို့ကို ဌာပနာ၍ ဆင်ဖြူတော်ဝပ်သည့် နေရာတိုင်း၌ အနော်ရထာမင်းတရားသည် စေတီပုထိုးများ တည်ထားကိုးကွယ်တော်မူခဲ့လေသည်။ လောကနန္ဒာအရပ်၌လည်း ဘုရားမြတ်စွာ၏ စွယ်တော်ပွားတဆူနှင့် အခြားဓာတ်တော်မွေတော်များ ဌာပနာ၍ စေတီတည်ထားကိုးကွယ်တော်မူခဲ့ရာ[၁] လောကနန္ဒာဘုရား၊ လောကနန္ဒာစေတီဟု လူ့ပြည်တွင်မကနတ်ပြည်, ဗြဟ္မာပြည်၌ပင် ထင်ရှားလေသည်၊ လောကနန္ဒာစေတီမြတ်ဘုရားကို အောက်ပါဝန္ဒနာဂါထာဖြင့် ရှိခိုးဦးချ ပဏာမပြုရာ၏။

---

၁။ သက္ကရာဇ် ၃၉၃–ခုနှစ် တည်သည်ဟု အဆိုရှိသည်။

## လောကနန္ဒာဘုရားရှိခိုး

အနော်ရထာဘိဓာနေန၊ ရာဇိန္ဒေန သုကာရိတံ။
လောကနန္ဒာဝှယံ ထူပံ၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ အနော်ရထာဘိဓာနေန၊ အနော်ရထာသည် အေးကြည်ဘွဲ့မည်ချီသော။ ရာဇိန္ဒေန၊ မင်းခေါင်မင်းဖျား မင်းတရားသည်။ သုကာရိတံ၊ စေတနာသုံးတန် ထက်သန်ဖြာဝေ တည်ထားစေအပ်သော။ လောကနန္ဒာဝှယံ၊ လောကနန္ဒာ သညာအေး ကြည် ရွှေဘွဲ့တော်ချီသော။ ထူပံ၊ မြတ်စွာစွယ်တော်ပွာ သွင်းထား ဌာပနာ ကြည်ညိုဖွယ်ရာကောင်းလှသော စေတီတော်မြတ်ဘုရားကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ လေးမြတ်ကြည်ညို ရှိသေလှစွာ။ ဝန္ဒာမိ၊ ရှိခိုးဦးချပါ၏ဘုရား။

## မြစေတီဘုရား

မြစေတီဘုရားသည် ပုဂံမြို့မှတောင်ဖက်လမ်းမကြီးအတိုင်း တမိုင်ခွဲခန့်သွားလျှင် လမ်း၏အရှေ့ဖက်ကုန်းမြင့်ပေါ်တွင် ကြည်ညိုဖွယ် ရာဖူးမြင်နိုင်လေသည်။

ကျန်စစ်သားသည် သားယောက်ျားဖွားမြင်ခဲ့လျှင် ဤလက် စွပ်ကိုယူ၍ လာခဲ့ရမည်၊ အကယ်၍များ သမီးဖွားမြင်ပါက ဤလက်စွပ် ကိုရောင်းချစားသောက်ပါလေဟု ပြေးတိမ်းရှောင်စဉ်က ကိုယ်ဝန်ရှိနေ သောဇနီးသည်သမ္ဘူလအား လက်စွပ်ကိုပေး၍ မှာခဲ့သည့်အတိုင်း သမ္ဘူလသည် သားယောက်ျားကိုဖွားမြင်သဖြင့် ပုဂံပြည်၏ ကေရာဇ် ဖြစ်နေသော ခင်ပွန်းသည်ကျန်စစ်သားထံသို့ သားငယ်ကိုလက်စွဲလျက် ပုဂံနန်းမြို့တော်ရှိ ကျန်စစ်သားထံသို့လာရောက်ခဲ့လေသည်။ မှူးမတ် များအား နန်းတော်ဝင်၍ ဘုရင်မင်းမြတ်အား ဖူးမြင်ခွင့်ရပါစေဟု အကြိမ်ကြိမ်ခွင့်တောင်းခဲ့သော်လည်း ခွင့်မရပဲရှိလေ၏၊ သမ္ဘူလသည် မထွက်ပဲနေလေ၏၊ မင်းကြီးကိုမဖူးမြင်ရလျှင် ပြန်မည်မဟုတ်ကြောင်း ပြောသဖြင့် မင်းကြီးအားသံတော်ဦးတင်ကြသဖြင့် မင်းကြီးကခွင့်ပြု

သဖြင့် သမ္ဗျူလသည် မင်းကြီးထံမှောက်ရောက်ရှိဖူးမျှော်ခံစားခွင့်ကို ရရှိလေသည်။

ကျန်စစ်မင်းတရားသည် သူမကား ငါ၏ကျေးဇူးရှင်ဖြစ်ပေသည်၊ ငါဆင်းရဲရောက်စဉ် ပြုစုစောင့်ရှောက်ကျွေးမွေးဖော်ရပေသည်၊ ပရိသတ်ဗိုလ်ပုံအလယ်မိန့်ကြားတော်မူကာ ဦးဆောက်ပန်းအမည်ဖြင့် မိဖုရားမြှောက်တော်မူလေ၏။

သဗ္ဗဂ်သောဘနာ သော၊ မမ မဟောပကာရကာ။

ဣတိ ဝတွာန ဘူမိန္ဒော၊ မဟိသိတ္တေ ဌပါပယိ။

မထီးတူမ သမ္ဗျူလရောက်ရှိလာသောအခါ မြေးတော်အလောင်းစည်သူအား ထီးနန်းကိုလွှဲအပ်ပြီးဖြစ်၍ "မြေးကား အရင်း၊ သားကား အဖျား ဖြစ်ချေပြီ"ဟု မိန့်တော်မူ၍ သားတော်အား ဇေယျခေတ္တရာ ဘွဲ့သညာဖြင့် ဓညဝတီနှင့်တကွ တောင်စဉ်ခုနစ်ခရိုင်ကို အုပ်ချုပ်စေတော်မူသည်။

သက္ကရာဇ် ၄၇၄–ခုနှစ်တွင် ကျန်စစ်မင်းတရားကြီးသည် နတ်ရွာစံမည့်ရောဂါဖြင့် သေရာညောင်စောင်း လျောင်းရရှာလေပြီ၊ ထိုအခါ သားတော်ဇေယျခေတ္တရာသည် ဖခင်ဘုရင်အားပြုစုလုပ်ကျွေးတော်မူ၏။ မြင်းကပါအရပ်၌လည်း စေတီတစ်ဆူတည်တော်မူလေသည်၊ မင်းသားသည် ခမည်းတော်ပမာဏအလေးချိန်ရှိသော ရွှေစင်ဆင်းတုရုပ်ထုတော်တစ်ဆူလုပ်တော်မူ၍ ခမည်းတော်ရှေ့၌ချထားပြီးသော် ဖခင်ဘုရား ဤဆင်းတုတော်ကား အရှင်ခမည်းတော်မင်းတရား၏ ကုသိုလ်တော်ပွား ဆင်းတုတော်ပါတည်း၊ ဤကောင်းမှုကို ဝမ်းမြောက်တော်မူပါ၊ ခမည်းတော်ကသနားတော်မူသော ရွာသုံးရွာကိုလည်း ဤဆင်းတုတော်အားလှူပါသည်–စသည်ဖြင့် ရွှေနားတော်ကြားလျှောက်ထား သံတော်ဦးတင်လေ၏။

တာတ မဟာဇနာဓိပ၊ သောဝဏ္ဏပဋိမံ က္ခဒံ။

တဝ ပုညံ အနုမောဒ၊ အတီဝရာမဏီယကံ။

သားတော်ဇေယျခေတ္တရာသည် ရွှေဆင်းတုတော်ကို အရှင်မောဂ္ဂလိပုတ္တထေရ်၊ အရှင်သုမေဓာထေရ်၊ အရှင်ဗြဟ္မပါလထေရ်၊

အရှင်ပြဟ္မဒေဝထေရ်တို့ထံ ရေစက်သွန်းချလှူဒါန်း၍ ဖခင်အား သာဓု ခေါ်စေလေသည်။ ဖခင်ကျန်စစ်မင်းတရားသည် သာဓုအကြိမ်ကြိမ် ခေါ်တော်မူကာ လွန်စွာဝမ်းမြောက်တော်မူလေသည်။ မင်းကြီးသည် မကြာမီနတ်ရွာစံတော်မူခဲ့လေ၏၊ ဇေယျခေတ္တရာသည် ရွှေဆင်းတု တော်ကြီးနှင့် ဓာတ်တော်များစွာတို့ကို ဌာပနာ၍ မြစေတီသမုတ်ကာ စေတီကြီးတည်ထားတော်မူခဲ့လေသည်၊ ရတနာ ၃–ပါး၌ သက်ဝင်ယုံ ကြည်သော သူတော်ကောင်း, သူမြတ်လောင်းသည် အောက်ပါဝန္ဒနာ ဂါထာကို မြွက်ကျူး၍ ဖူးမျှော်ရာသတည်း။

ဇေယျခေတ္တရာနာမေန၊ ကုမာရေန သုမာပိတံ။
မြစေတီစေတိယံ သုဘံ၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ၊ တပည့်တော်သည်။ ဇေယျခေတ္တရာနာမေန ကုမာ ရေန၊ ဇေယျခေတ္တရာအမည်ရှိသော ကျန်စစ်မင်း၏သားတော် မင်းသား သည်။ မာပိတံ၊ တည်ထားဖန်ဆင်းကိုးကွယ်အပ်သော။ သုဘံ၊ ဖူးချင် စဖွယ် တင့်တယ်တော်မူသော။ မြစေတီစေတိယံ၊ မြစေတီဟု သုတိ ထင်ရှား စေတီတော်မြတ်ဘုရားကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ် အင်္ဂါဖြင့်။ အာဒရံ၊ သဒ္ဓါကဲပို ရှိသေလှစွာ။ ဝန္ဒာမိ၊ ရှိခိုးဦးချပါ၏။

## မဟာဗောဓိဘုရား

ပုဂံနန်းမြို့တော်ဟောင်း၌ စေတီပုထိုးပုံတော်အမျိုးမျိုးတို့ကို ဖူးမြင်နိုင်လေသည်။ အိန္ဒိယစေတီပုံတော်, သီဟိုဠ်စေတီပုံစသည်ဖြင့် စေတီပုံတော်အမျိုးမျိုးရှိရာ မဟာဗောဓိပုံဆောင်စေတီတော်သည် အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ မရောက်ပဲ ပုဂံမြို့တော်ဟောင်းတွင် ယင်း မဟာဗောဓိစေတီပုံတော်ကို ဖူးမြင်ဦးတင်နိုင်လေသည်။ ယင်းမဟာ ဗောဓိစေတီတော်သည် ရွှေဂူကြီးဘုရားမှ မြောက်ဖက်ထွက်လာခဲ့လျှင် အစိုးရလမ်းမကြီးကိုတွေ့ရပေမည်၊ ယင်းလမ်းအတိုင်း အနောက်ဖက် သို့စဉ်းငယ်သွားသော် မြောက်သို့သွားသောလမ်းချိုးကိုတွေ့နိုင်၏၊ ထိုမှ အနည်းငယ်သွားလိုက်လျှင် အရှေ့ဖက်သို့မှုခ်ဝလှည့်နေသော မဟာ ဗောဓိစေတီတော်ကြီးကို ဖူးမြင်နိုင်လေသည်။

## သမိုင်းအကျဉ်း

သက္ကရာဇ် ၅၃၅–ခုနှစ်တွင် နန်းတက်သော ထီးလိုမင်းလိုမင်း နန်းတောင်းများမင်းဟု အမည်ရသော ဇေယျသိခ်မင်းသည် နန်းစံ ၄–နှစ်မြောက် သက္ကရာဇ် ၅၅၅–ခုနှစ်တွင် မဇ္ဈိမဒေသမှဆောင်ယူသော ဓာတ်တော်မွေတော်တို့ကို ဌာပနာ၍ ဗုဒ္ဓဂယာမဟာဗောဓိစေတီတော်ကြီးနှင့် သဏ္ဌာန်တူတည်ထားကိုးကွယ်ခဲ့လေသည်၊ စေတီတော်ကြီးကိုလည်း မဟာဗောဓိစေတီဟုသမုတ်တော်မူခဲ့လေသည်။ မင်းတရားသည် စေတီအနီး သတ္တဋ္ဌာနစေတီတော်များကို တည်ထားတော်မူခဲ့လေသည်။ ထိုစေတီတော်အား ဆွမ်းဝတ်, ဆီမီးဝတ် မပြတ်စေရန် ပုဂံမြို့တော်၌ အရပ် ၈–ရပ်ပိုင်းခြားကန့်သတ်၍ ပူဇော်သက္ကာရမှုကို ပြုစေတော်မူခဲ့လေသည်။ ပုဂံမြို့ ဈေးကောက်အခွန်ကိုလည်း မဟာဗောဓိစေတီတော်ကြီးအား လှူတော်မူခဲ့လေသည်။

ထူပံ သော ပတိဋ္ဌာပေတွာ၊ မဟာဗောဓိသနာမကံ။
ဒါနဝတ္တံ ဌပါပေသိ၊ ဇေယျသိခေါ် နရာဓိပေါ။

## မဟာဗောဓိစေတိယဝန္ဒနာဂါထာ

မဟာဗောဓိစေတီတော်ကြီးကို ရှိသေမြတ်နိုး ရှိခိုးဦးချ ဖူးမျှော်ပါက မဟာဗောဓိခေါ် သဗ္ဗညုတဉာဏ်, အရဟတ္တမဂ်ဉာဏ်ကို ကေန်ပိုင်ပိုင်ရရှိတော်မူသော သက်တော်ထင်ရှားဘုရားဖူးမြင်ရသည်နှင့် အကျိုးတူပါသည်၊[၁] ထို့ကြောင့် အောက်ပါမဟာဗောဓိစေတိယဝန္ဒနာဂါထာ ရွတ်ဆိုကျူးသီ၍ ယုံကြည်သဒ္ဓါ ရှိခိုးဦးချ ဖူးမျှော်ရာသတည်း။

နာနာဓာတူဟိ သံယုတ္တံ၊ မဟာဗောဓိသမညတံ။
စေတိယံ အဘိဝန္ဒာမိ၊ သုနိဝါတေန စေတသာ။

အဟံ၊ တပည့်တော်သည်။ နာနာဓာတူဟိ သံယုတ္တံ၊ အထူးထူးသော ဓာတ်တော်မွေတော်တို့နှင့်ယှဉ်သော။ မဟာဗောဓိသမညတံ၊

---

၁။ တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊ မဟာဗောဓိသမညတံ။
စေတောပဏိဓိ ဟေတုဟိ၊ သက္ကာ ဂစ္ဆန္တိ သုဂတိ။ (ဝိမာနဝတ္ထုပါဠိ)

မဟာဗောဓိစေတီ ရွှေဘွဲ့တော်ချီသော။ စေတိယံ၊ စေတီတော်မြတ်ကြီးကို။ သုနိဝါတေန၊ လွန်စွာနှိမ့်ချ ရိုတုပ်ကွသော။ စေတသာ၊ သဒ္ဓါယိုဖိတ် ကုသိုလ်စိတ်ဖြင့်။ အဘိဝန္ဒာမိ၊ ဘယ, လာဘ, သမ္မောဟနှင့် ကုလအာစာ မိစ္ဆာကျင့်ရိုး မမျှော်ကိုးပဲ ရှိခိုးပါ၏။

## ဇေယျသိမ်မင်းတရား၏ အခြားကောင်းမှုများ

ဇေယျသိမ်မင်းတရားသည် ထီးလိုမင်းလိုဘုရား၊ စေတနာဘုရားတို့ကိုလည်း တည်ထားတော်မူခဲ့သည့်အပြင် ခမည်းတော်နရပတိစည်သူမင်းကြီးတည်၍ မပြီးပြတ်ခဲ့သော ကန်တော့ပလ္လင်စေတီကြီးကိုလည်း ဆက်လက်၍ ပြီးစီးအောင်တည်တော်မူခဲ့လေသည်။ သီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိမင်းကြီးတည်၍ မပြီးပြတ်သော မဟာစေတီကြီးကို ညီတော်သဒ္ဓါတိဿမင်းဆက်လက်၍ တည်သကဲ့သို့တည်း၊ ဇေယျသိမ်မင်းတရားကား သဒ္ဓါတရားပြည့်သောမင်းပေတည်း။

အနေကာနိပိ ပုညာနိ၊ သဒ္ဓါနုန္နောမကာရယိ။
ဇေယျသိခေါ်တိ သော ရာဇာ၊ ဓမ္မရာဇာ သုဓီတိမာ။

## မနူဟာဘုရား

မနူဟာဘုရားသည် စိတ်ဝင်စားစရာကောင်း၏။ နန်းကျဘုရင် တစ်ပါးစင်လျက် ဤမျှကြီးကျယ်သော ဘုရားပုထိုးကြီးတည်ခဲ့သည်လည်း အံ့ဩဖွယ်ရာဖြစ်လေသည်။ ဘုရားဒါယကာ၏ မနူဟာဟူသော နာမည်ကိုစွဲ၍ မနူဟာဘုရားဟုခေါ်ကြသည်။ မနောမယဘုရား, မနောဟာရီဘုရားဟုလည်း ခေါ်ဝေါ်ကြကုန်၏။

မြစေတီဘုရားတောင်ဖက်ရှိ ပုဂံမှလာသောလမ်းအတိုင်း သွားခဲ့လျှင် ချောင်းတစ်ခုကိုတွေ့ရ၏။ ထိုချောင်းကိုဖြတ်ကျော်၍ တောင်ဖက်သို့တက်ရောက်ခဲ့သော် လမ်းအနောက်ဖက်ဘေး၌ မနူဟာဘုရားကို ဖူးမြင်နိုင်လေသည်။

## သမိုင်းအကျဉ်း

ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော အနော်ရထာမင်းတရားသည် နန်းစံ ၂၁–နှစ်တွင်[၁] သုဝဏ္ဏဘူမိ သထုံသို့ချီတက်တိုက်ခိုက်တော်မူ၍ သထုံဘုရင်မနူဟာမင်းနှင့်တကွ ပြည်သူပြည်သားများနှင့် စွာတို့ကိုလည်းကောင်း၊ ဆင်းတုတော်, ရုပ်ပွားတော်, ဓာတ်တော်, ရဟန်းသံဃာတော်များကိုလည်းကောင်း ဆောင်တော်မူ၍ နန်းမြို့တော် ပုဂံသို့ရောက်တော်မူလျှင် မနူဟာမင်းကို မြင်းကပါအရပ်၌ ထားလေ၏။ မနူဟာမင်းသည် ဘုန်းကြီးသောမင်းတပါးဖြစ်၏။ အနော်ရထာမင်း၏ ဘုန်းကိုသာမမီ၍ အညံ့ခံရခြင်းဖြစ်လေသည်။ မနူဟာမင်း၏ခံတွင်းမှ စကားပြောသောအခါ အလျှံပြောင်ပြောင် အရောင်တောက်ပထွက်လေသည်။ အနော်ရထာမင်းသည် ကာလရှည်လတ်သော် မနူဟာမင်း၏ ဘုန်းအာဏာစက်ညှံ့စေခြင်းငှာ ဘုရားတင်လှူသောသင်ပုတ်ထမင်း (ဆွမ်းတော်ပွဲ)ကို မနူဟာမင်းအား ကျွေးစေလေသည်။ မနူဟာမင်းလည်း မဆင်ခြင်ပဲစားမိသဖြင့် ခံတွင်းမှထွက်သော အရောင်အဝါများ ကွယ်လေသည်။ ယင်းသို့စက်ရောင်တောက်ပြောင်ခြင်းမရှိ ကွယ်ပျောက်လေသောကြောင့် ငါ၏ဘုန်းအာဏာတန်ခိုးသည် ညှိုးငယ်အောက်ကျခဲ့လေပြီ။ ငါ၏အကြံအစည်များ အထွတ်အထိပ်သို့ရောက်စရာမရှိတော့ချေ–ဟု သံဝေဂကြီးစွာရ၍ ဝတ်ဆင်တော်မူသော မနောမယပတ္တမြားလက်ဝတ်တော်ကို မြင်းကပါသူဌေးထံ ငွေလှည်း ၆–စီးတိုက်ဖြင့် ရောင်းချပြီးလျှင် သီရိဓမ္မဘုံမည်သောကုန်း၌ ဘုရားအုဋ်ကျောင်းတော်ခံ၍ စေတီတော်ကြီးတည်ပြီးလျှင် အုဋ်ကျောင်းအတွင်း၌ အရှေ့မျက်နှာမှ အလယ်ရပ်တွင် အလျား ၂၉–တောင်ရှိ ပလ္လင်တော်ထက်၌ ဉာဏ်တော် ၃၂–တောင်ရှိ ထက်ဝယ်ဖွဲ့ခွေ ဘူမိဖဿမုဒြာဆင်းတုတော်တစ်ဆူ, လက်ဝဲလက်ယာ ထက်ဝယ်ဖွဲ့ခွေပုံ

---

၁။ သက္ကရာဇ် ၄၀၀–ဟု ဆိုကြသည်။

တော် တစ်ဆူစီအားဖြင့် ထက်ဝယ်ဖွဲ့ခွေ ၃–ဆူ၊ တဖန် အနောက်မျက်နှာမှ ဉာဏ်တော် ၅၈–တောင်, ဖဝါးတော် ၇–တောင်၊ ၁–ထွာရှိ လျောင်းတော်မူတစ်ဆူ ပရိနိဗ္ဗာန်ယူတော်မူဟန် တည်တော်မူ၍ ကိုးကွယ်တော်မူခဲ့လေသည်။[၁]

ဘုရားပြီး၍ အနုမောဒနာပြုသောအခါ "ငါသည် ဝဋ်မြစ်မပြတ်သေး၍ သံသရာတခွင်ကျင်လည်ရသမျှ နိဗ္ဗာန်မရမီအကြား မင်းနှင်နှင်ဖြစ်၍ သူတပါးနိုင်သည်ကို မခံရပါလို, ရန်သူကိုနှိမ်နင်းနိုင်သောကိုယ်ဖြစ်ရလို၏" ဟု ဆုတောင်းခွေ့ခဲ့လေသည်၊ ကျောက်စာရေးထိုးခဲ့လေသည်၊ ဖော်ပြပါ မနူဟာ ဘုရားကိုလည်း အောက်ပါဝန္ဒနာဂါထာကို ရွတ်၍ ဖူးမျှော်ကန်တော့ရာသည်။

## မနူဟာဘုရားရှိခိုး

သုဝဏ္ဏဘူမိရာဇေန၊ ကာရိတံ သုမနောဟရံ။
မနူဟာဝှယပဋိမံ၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ သုဝဏ္ဏဘူမိရာဇေန၊ သထုံဘုရင်မနူဟာမင်းသည်။ ကာရိတံ၊ မနောမယလက်ဝတ်ရတနာရောင်းတော်မူ၍ တည်ဆောက်စေတော်မူအပ်သော။ သုမနောဟရံ၊ စိတ်ဓာတ်ကြည်ပျော် မွေ့လျော်ဖွယ်ကောင်းလှသော။ မနူဟာဝှယပဋိမံ၊ မနူဟာဘုရားနာမံတော်တဖော် ဥဒ္ဒိဿစေတီ ဆင်းတုတော်မြတ်ကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ အာဒရံ၊ လေးမြတ်ကြည်ညို ရိုသေလှစွာ။ ဝန္ဒာမိ၊ ရှိခိုးဦးချပါ၏ဘုရား။

## သဗ္ဗညုဘုရား

သဗ္ဗညုစေတီတော်ကြီးသည် အာနန္ဒာစေတီတော်ကြီး၏ အနောက်တောင် ၁–ဖာလုံခန့်အကွာတွင်တည်ရှိလေသည်၊ စေတီတော်ကြီးကား သံတောင် ၁၆၀–မြင့်မားလေသည်၊ အတွင်းလိုဏ်မှာ

---

၁။ သက္ကရာဇ် ၄၁၉–ခုနှစ်၊ တပေါင်းလဆန်း ၆–ရက်နေ့တွင် စတင်၍ တည်သည်ဟု အဆိုရှိ၏။

လည်း နှစ်ထပ်ဖြစ်၍ အထက်ပစ္စယာသို့ အတွင်းမှတက်နိုင်သောလှေကားပတ်လည်စင်္ကြံလည်းရှိပေသည်။ ပေါင်းကူလိုဏ်ပြုလုပ်ရာတွင် လှေကားနှင့် ပတ်လည်စင်္ကြံလည်းရှိပေသည်။ အထက်မှန်ပေါက်များမှ စီး၍ကြည့်လျှင် ပုဂံတနယ်လုံးကိုပြတ်သားစွာတွေ့မြင်နိုင်လေသည်။ ပုဂံခေတ်ဗိသုကာတို့၏ ပညာစွမ်းရည်မှာ အံ့သြ၍မကုန်နိုင်ဖြစ်ရလေသည်။

ဝိသာခါဒါယိကာမကြီးသည် မြေနေရာ, ကျောင်းအဆောက်အအုံ, ကျောင်းပူဇော်ပွဲတို့၌ ၉–ကုဋေစီကုန်ကျစေ၍ ကောသလတိုင်း၊ သာဝတ္ထိပြည်အရှေ့ဖက်၌ ကျောင်းတော်ကြီးတည်ဆောက်၍ ဘုရားအမှူးရှိသောသံဃာအား လှူဒါန်းခဲ့လေသည်။ ထိုပုဗ္ဗာရုံကျောင်းတော်ကြီးစီစဉ်သူမှာ အရှင်မောဂ္ဂလာန်မဟာထေရ်မြတ် ဖြစ်လေသည်။ ယင်းပုဗ္ဗာရုံကျောင်းတော်ကြီးကား အထက်ထပ် အခန်း ၅၀၀၊ အောက်ထပ်အခန်း ၅၀၀–အားဖြင့် အခန်း ၁၀၀၀–ဖြင့် တန်ဆာဆင်ထား၏။ ယင်းကျောင်းမကြီးကို ကျောင်းအဆောက်အအုံပေါင်း ၅၀၀–နှင့် အရံပြာသာဒ်ငယ် ၅၀၀, ပြာသာဒ်ရှည် ၅၀၀–တို့ဖြင့် ဝန်းရံဆောက်လုပ်တန်ဆာဆင်ထားပေ၏။[၁] လွန်စွာတင့်တယ်လှပ ကျက်သရေရှိလှသောကျောင်းတော်ကြီးအဖြစ် ပိဋကတ်တော်၌ ထင်ရှားလှပေသည်။

သက္ကရာဇ် ၄၅၄–ခုနှစ်တွင် ပုဂံနေပြည်တော်၌မင်းပြုသော အလောင်းစည်သူဘုရင်သည် နန်းစံ ၁၁–နှစ်မြောက်ဖြစ်ရာ ၄၆၅–ခုနှစ်တွင် အရှင်အရဟံမဟာထေရ်, အရှင်အာနန္ဒာမဟာထေရ်–စသည့်အရှင်သူမြတ်တို့၏ ညွှန်ပြချက်အရ ဖော်ပြပါပုဗ္ဗာရုံကျောင်းတော်ကြီးပုံသဏ္ဌာန် တည်ဆောက်စေကာ အရပ်ရပ်မှဆက်သအပ်သော လက်ဆောင်မွေတော်များကို ဌာပနာ၍ "သဗ္ဗညုစေတီ" ရွှေဘွဲ့ချီ၍ စေတီတော်ကြီးကို တည်ထားကိုးကွယ်တော်မူခဲ့လေသည်၊ ကြည်ညိုဖွယ်ကောင်းလှသော ဘုမိဖသမှုဒြဆင်းတုတော်ကြီးများကိုလည်း အောက်,

---

၁။ ပါထိကဝဂ္ဂအဋ္ဌကထာ။ ၄၃ ။ အင်္ဂုတ္တိုလ်အဖွင့်

အထက်လိုဏ်တို့၌ ဖူးမြင်နိုင်လေသည်။ အုဋ္ဌတဖိုလျှင် ၂–ချပ်ယူ၍ တည်ထားခဲ့သည်ဟု အဆိုရှိသောစေတီတော်ကြီး၏ အရှေ့တောင်ဖက်ရှိ ဂရိုရိုးစေတီသည်ပင်လျှင် ဉာဏ်တော်ကြီးမြင့်လှပေသည်။ အောက်ပါဝန္ဒနာဂါထာဖြင့် ရှိခိုးဖူးမျှော်ကြကုန်ရာ၏။

သဗ္ဗညုစေတိယံနာမ၊ ပုဗ္ဗာရာမသမံ သုဘံ။

သိရသာ အဘိဝန္ဒာမိ၊ အလောင်းစည်သူ သုကာရိတံ။

အဟံ၊ တပည့်တော်သည်။ အလောင်းစည်သူ သုကာရိတံ၊ အလောင်းစည်သူ လူများသနင်း ဘုရင်မင်းတရားသည် ကောင်းစွာတည်ထားစေအပ်သော။ ပုဗ္ဗာရာမသမံ သုဘံ၊ သာဝတ္ထိပြည်က ပုဗ္ဗာရုံကျောင်းတမျှ သဏ္ဌာန်တူ လှပတင့်တယ်တော်မူသော။ သဗ္ဗညုစေတိယံနာမ၊ သဗ္ဗညုမည့် စေတီတော်မြတ်ကြီးကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အဘိဝန္ဒာမိ၊ သဒ္ဒါကြည်နူး ဖူးမျှော်ဦးချပါ၏။

## ဆပဋ္ဌဘုရား

ဆပဋ္ဌဘုရား (ဆပဋ္ဌစေတီတော်)မှာ ညောင်ဦးမြို့ ရွှေမင်းဝံကျောင်းတိုက်၏ တောင်ဖက်တွင်တည်ရှိလေသည်။ ပဋ္ဌမဆပ္ပဋ္ဌမဟာထေရ်သည် သီဟိုဠ်ကျွန်း၌ရဟန်းပြုကာ ၁၀–နှစ်ခန့်နေထိုင်၍ မြန်မာပြည် ပုဂံသို့ အရှင်သီဝလိ, အရှင်ကာမလိန္ဒ, အရှင်အာနန္ဒာ, အရှင်ရာဟုလာတို့နှင့်အတူ သက္ကရာဇ် ၅၅၃–ခုနှစ်တွင် ရောက်ရှိခဲ့လေသည်။

အရှင်ဆပ္ပဋ္ဌမထေရ်နှင့် သီဟိုဠ်မှပါလာသော ရဟန်းတော်များသည် အခြားရဟန်းတော်များနှင့် ကံအတူမဆောင်ကြပဲ မိမိတို့သီးခြားကံဆောင်ကြကုန်၏။ နရပတိစည်သူမင်းကြီးသည် ထိုဆပ္ပဋ္ဌအမှူးရှိသော ရဟန်းတော်များအား များစွာကြည်ညိုတော်မူသည်။ မြစ်တွင်းလှေဖောင်ဖွဲ့စေပြီး များစွာသောသာမဏေတို့ ပဥ္စင်းခံစေတော်မူလေသည်။

ဘေးတော်အနော်ရထာမင်းတည်ခဲ့သော ငှက်ပစ်တောင်ကြီး၊ ကာမန္ဒီကြီး၊ မြင်းကပါကြီး၊ တုပ်ဝပ်တောင်ကြီး–ဟုဆိုအပ်သော ကျောင်းကြီးလေးရပ်တို့တွင် ငှက်ပစ်တောင်ကျောင်းတိုက်ကြီးနှင့် မနီး

မဝေးသောအရပ်၌ ဆပ္ပဋ္ဌမထေရ်တို့ရောက်ရှိရာ သက္ကရာဇ် ၅၅၃–ခု နှစ်မှာပင် ကျောင်းတိုက်ကြီးတည်ဆောက်လှူဒါန်းကိုးကွယ်တော်မူလေသည်။

အရှင်ဆပ္ပဋ္ဌမထေရ်သည် မိမိ၏ကျောင်းတိုက်တွင်း၌ မင်းနှင့် ပြည်သူတို့၏ အကူအညီဖြင့် သီဟိုဠ်ကျွန်းမှ ထူပါရာမစေတီ၊ မဟိယင်္ဂဏစေတီ၊ မုတိယင်္ဂဏစေတီ–စသည်တို့နှင့် ပုံစံတူစေတီတည်ထားကိုးကွယ်ခဲ့လေသည်။ အောက်ပါဝန္ဒနာဂါထာဖြင့် ရှိခိုးဦးချ ဖူးမျှော်ရာ၏။

မဟာဆပဋ္ဌထေရဿ၊ အာရာမေ သဏ္ဌိတံ သုဘံ။

သီဟဠထူပေန တုလျံ၊ နမာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ မဟာဆပဋ္ဌထေရဿ၊ မဟာဆပဋ္ဌထေရ်၏။ အာရာမေ၊ အရံကျောင်းတိုက်၌။ သဏ္ဌိတံ၊ တည်ရှိသော။ သုဘံ၊ ထူးခြားစွာလှ ဖူးမဝအောင် တင့်တယ်သော။ သီဟဠထူပေန တုလျံ၊ သီဟိုဠ်စေတီနှင့်တူသော ဆပဋ္ဌစေတီတော်မြတ်ကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ ရိုသေလေးမြတ်စွာ။ နမာမိ၊ ရှိခိုးဦးချပါ၏။

## ဓမ္မရံကြီးဘုရား

ဓမ္မရံကြီးဘုရားသည် အာနန္ဒာဘုရားအရှေ့တောင် ၃–ဖာလုံခန့်အကွာတွင် တည်ရှိလေသည်။ သက္ကရာဇ် ၅၂၉–ခုနှစ်တွင် ပုဂံ၌ နန်းတက်သော နရသူမည်သော ကုလားကျမင်းသည် နန်းစံ ၂–နှစ်မြောက်တွင် တည်ထားကိုးကွယ်ခဲ့လေသည်။

တခါက ပဋိက္ကယား ကုလားလူမျိုးတို့စိုးအုပ်မင်းပြုသော ပဋိက္ကယားကုလားမင်းသည် မိမိ၏သမီးတော်ကို အလောင်းစည်သူမင်းကြီးအား ဆက်သလေသည်၊ နရသူမင်းသည် ခမည်းတော်လက်ထက် ဆက်သသော ကုလားမင်းသမီးကို မိဖုရားမြှောက်လေသည်။ မင်းကြီးသည် အိမ်သာတက်ရာ၌ သန့်သက်ရေမသုံးသဖြင့် ဆက်ဆံပေါင်းဖော်ခြင်းကို ကုလားမင်းသမီးက ခွင့်မပြုချေ၊ အလိုမတူချေ၊ သို့ဖြစ်၍ မင်းကြီးသည် ကုလားမင်းသမီးမိဖုရားကို သန်လျက်နှင့်ခုတ်၍ စီရင်

လေတော့သည်။ ထိုအကြောင်းကို ခမည်းတော်ကုလားမင်း ကြားသိလေရာ ဒေါ်သအမျက်ထွက်ကာ ကုလားရှစ်ယောက်ကို အသပြာများ စွာပေး၍ ပုဂံပြည့်ရှင်ဘုရင် နရသူအားလုပ်ကြံစေခဲ့လေသည်။ စေတီတော်ကြီး ထီးတော်မတင်ရသေးမီ သက္ကရာဇ် ၅၃၃–ခုနှစ် ဘုရားကြီးကို ကြည်ညိုဖူးမျှော်ရန်အလာတွင် ပုဏ္ဏားယောင်ဆောင်သော ကုလားရှစ်ဦးတို့၏ သန်လျက်ဖြင့်ထိုးသတ်၍ လုပ်ကြံခဲ့လေသည်။ ကုလားတို့၏ လက်ချက်ကြောင့် ကျဆုံးခြင်းဖြစ်သဖြင့် ကုလားကျမင်းဟုလည်း တွင်လေသည်။

## အရှင်ဓမ္မရံသီထေရ်

သက္ကရာဇ် ၅၆၇–ခုနှစ် နရပတိစည်သူမင်းကြီးလက်ထက်တွင် အရှင်ဓမ္မရံသီမည်သော သခင်ပဏ္ဍိတ်ကို ဘုရားအနီးတွင် သီတင်းသုံးစေရာ ယင်းမထေရ်ကိုစွဲ၍ ဓမ္မရံသီမည်လေ၏။ ကာလကြာလေသော် ဓမ္မရံသီမှသည် ဓမ္မရံကြီးဟု ခေါ်ကြကုန်၏။

ဓမ္မရံသီတိ ပုဗ္ဗေဟိ၊ နာမေန အဘိပါကဋံ။
အဓုနာ ဓမ္မရံကြီးတိ၊ ဇနေဟိ အဘိသမ္မတံ။

## စူဠာမဏိဘုရား

စူဠာမဏိဘုရားသည် ပုဂံမြို့အရှေ့တောင် ကုတ်လုပ်လေးတာ ငါးရာခန့်ကွာလှမ်းသောအရပ်၌ ရှိလေသည်။ သက္ကရာဇ် ၅၃၆–ခုနှစ်တွင် ပုဂံ၌မင်းပြုသော နရပတိစည်သူမင်းကြီးသည် တုပ်ဝပ်တောင်ရှိ အနော်ရထာမင်းစော၏ ကောင်းမှုတော်စွယ်တော်ရှင်စေတီတော်မှ ဖူးမြင်၍အပြန်တွင် စူဠာမဏိစေတီတည်မည့်ချောက်၌ အရောင်ဝင်းလက်သည်ကိုမြင်၍ ငါ့အားဤနေရာဒေသ၌ စေတီတည်စေလို၍ နတ်များညွှန်ပြသည်ဟု အယူရှိတော်မူသဖြင့် ထိုချောက်ကို ပြည်သူ, ပြည်သားတို့ကို အပူတပြင်းဖို့စေပြီး မြေပြင်ညီညွတ်သောအခါ သက္ကရာဇ် ၅၄၅–ခုနှစ်တွင် လိုဏ်နှစ်ဆင့်ရှိသောစေတီတော်ကြီး တည်တော်မူကာ စူဠာမဏိဟု သမုတ်တော်မူလေသည်။

တိုင်းသူပြည်သားတို့အပူတပြင်းဆင့်ဆိုတည်သည် ဖြစ်သောကြောင့် တိုင်းနေပြည်သူပြည်သားတို့ ဆင်းရဲသည်ကို အကြောင်းပြု၍ မင်းကြီး၏အလုပ်သည် ကုသိုလ်မဖြစ် အကုသိုလ်သာဖြစ်သည်ဟု ပံ့သူကူမထေရ်က မိန့်သည်။ စူဠာမဏိစေတီတည်ရာမှ ကြွင်းကျန်သောအုဋ်များကိုလည်း စူဠာမဏိစေတီအရှေ့မြောက်ဖက်တွင် သပိတ်မှောက်စေတီဟု သမုတ်၍ စေတီတည်တော်မူခဲ့လေသည်။ ပံ့သူကူထေရ်သည် မင်းတရားကို မကျေနပ်၍ စွယ်ကြိုအရပ်သို့ကြွသွားသည်ကို အကြောင်းပြု၍ သပိတ်မှောက်စေတီဟုခေါ်ကြောင်း ဆရာတို့ဆိုကြကုန်၏၊ အောက်ပါဝန္ဒနာဂါထာဖြင့် စူဠာမဏိစေတီကို ရှိခိုးဦးချဖူးမျှော်ရာသတည်း။

နရပတိနာမကေန၊ မဟာရာဇေန ကာရိတံ။
စူဠာမဏိစေတိယံ၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ။ အကျွန်ုပ်သည်။ နရပတိနာမကေန၊ နရပတိစည်သူအမည်ရှိသော။ မဟာရာဇေန၊ မင်းမြတ်သည်။ ကာရိတံ၊ တည်ထားစေအပ်သော။ စူဠာမဏိစေတိယံ၊ စူဠာမဏိအမည်ရှိသောစေတီတော်ကို။ သိရသာ၊ ဦးခေါင်းဖြင့်။ အာဒရံ၊ လေးမြတ်ကြည်ညို ရှိသေလှစွာ။ ဝန္ဒာမိ၊ လက်ဆယ်မြှောက်မိုး ရှိခိုးဦးချပါ၏။

## ကျောက်ကူးဘုရား

ကျောက်ကူးဘုရားသည် ညောင်ဦးမြို့ရှေ့ ကုတ်လုပ်လေးတာ ၃၀၀–ခန့်ကွာလှမ်းသောအရပ်၌ တည်ရှိလေသည်၊ သက္ကရာဇ် ၅၇၆–ခုနှစ်တွင် နန်းတက်သော နရပတိစည်သူမင်းကြီး၏လက်ထက်တွင် ငှက်ပစ်တောင်ဂိုဏ်းကြီး၏ ဦးစီးနာယကဖြစ်တော်မူသော အရှင်ဥတ္တရာဇီဝ၏ တပည့်ဖြစ်တော်မူသော အရှင်ပဏ္ဍိတမထေရ်မြတ်သည် သီလဝန္တ, သိက္ခာကာမ–စသောဂုဏ်တို့ကြောင့် မင်းနှင့်ပြည်သားပြည်သူတို့က များစွာကြည်ဖြူလေးမြတ်ကြကုန်၏။

ထိုအခါ မာတုဂါမတယောက်သည် အရှင်ပဏ္ဍိတမထေရ်မြတ်နေရာ ကျောင်းဥပစာဖြစ်သော မြစ်ကမ်းပါးထိပ်တွင် ကမ္ဗဒ္ဒာန်းကျောင်းငယ်ဆောက်လုပ်ကာ နေ့ညဥ့်မပြတ်တရားအားထုတ်သော

ယောဂီမယောင်ဆောင်နေလေ၏၊ ၁၅–ရက်ခန့်ကြာသောအခါ မြို့ရွာ တွင်း မိမိနေရာအိမ်ဂေဟာသို့ပြန်လာကာ မိန်းမဖော်တို့အား ရှင်မတို့ မိမိအား အရှင်ပဏ္ဍိတသည် မိမိ၏လင်ပါတည်းစသည်ဖြင့်ပြောသဖြင့် ယင်းစကားကျယ်ပြန့်လာပြီး တိုင်းပြည်သခင် ဘုရင်နှင့်တကွ တိုင်းပြည် သူတို့ ကြားသိကြကုန်၏။

ယင်းသို့ဖြစ်၍ အရှင်ပဏ္ဍိတ၏ ဒကာ, ဒကာမရင်းချာတို့က အရှင်ပဏ္ဍိတအားမေးလျှောက်ကြရာ မိမိမဟုတ်ကြောင်းအားလုံးရှင်း လင်းအောင် မိမိသစ္စာပြုမည်ဖြစ်ကြောင်း မင်းနှင့်တကွ တိုင်းသူပြည် သားများစွာတို့ မိမိထံအမြန်လာရောက်ကြကုန်ဟု မိန့်တော်မူလေ၏။

အရှင်ပဏ္ဍိတဖိတ်ခေါ်သဖြင့် မင်းနှင့်ပြည်သူပြည်သားများစွာ တို့ လာရောက်ကြကုန်၏။ အရှင်ပဏ္ဍိတသည် ဒုင်းပရိသတ်ကြီးကို ခေါ်၍ ရေဝတီမြစ်ကမ်းနားသို့သွားရောက်လေရာ ဓားမ သွေးနေသော ဒကာတယောက်ကိုတွေ့မြင်သဖြင့် ဓားမနှင့် ဓားသွေးကျောက်ကို အလှူခံပြီး သစ္စာပြုတော်မူသည်မှာ "သာသနာတော်စောင့်ကြပ်သော နတ်ကောင်း နတ်မြတ်များနှင့်တကွ တောစောင့်နတ်, တောင်စောင့် နတ်, မြစ်စောင့်နတ်ပါမကျန် သိကြား, ဗြဟ္မာ, အာကာသစိုး, ရုက္ခ စိုး–စသော နတ်များအပေါင်းတို့ ကြားသိကြစေကုန်၊ ငါသည် မှန်ကန် သောသစ္စာကိုပြုမည် နားဆင်ကြပါကုန် ငါသည်မြတ်စွာဘုရား အဆုံး အမစကားတော်ကို ဖောက်ဖျက်၍ သံသဂ္ဂ ၅–ပါးတွင်[၁] တပါးပါးဖြင့် သီလညှိုးနွမ်းခြင်း၊ သီလပျက်စီးခြင်းသို့ စုပ်စုပ်ရောက်ခဲ့ပါမူ ဤကျောက် နှင့် ဤဓားမတို့သည် ရေ၌မြုပ်စေသတည်း၊ ငါသည်အပယ်လေးပါး လားစေသတည်း၊ သို့မဟုတ် ငါသည် ဤမာတုဂါမနှင့် သီလပျက်ခြင်း,

---

၁။ (၁) ကာယသံသဂ္ဂ= ကာယပသာဒချင်းထိတွေ့မှု။ (၂) သဝနသံသဂ္ဂ= သာယာသောအသံကိုကြားမှု။ (၃) ဒဿနသံသဂ္ဂ= တွေ့မြင်ကြည့်ရှုမှု။ (၄) သမုလ္လပနသံသဂ္ဂ= မျက်နှာခြင်းဆိုင် ရင်ခြင်းဆိုင်ပြောဆိုသာယာမှု။ (၅) ပရိဘောဂသံသဂ္ဂ= အသုံးအဆောင်ပစ္စည်းကို ကိုင်တွယ်သုံးဆောင်မှု အားဖြင့် ၅–ပါးတည်း။

သီလညှိုးနွမ်းခြင်းသို့ မရောက်ပါမူ ဤဓားမနှင့် ဓားသွေးကျောက်သည် ရေသတ္တဝါပမာ ပေါလောကူးသွားပါစေသတည်း''ဟု သစ္စာပြုကာ ဓားမနှင့် ဓားသွေးကျောက်တို့ကိုရေ၌ပစ်ချရာ ရေသတ္တဝါအလား ရေ၌ ကူးသွားလေတော့၏။

သစေ မေ မာတုဂါမေန၊ သီလဘေဒံဝ ပါပုဏော။
သေလံစေဝ ကုဓာရိစ၊ နိမ္မုဇ္ဇတုဒကေ မုဟုံ။
သစေ မေ မာတုဂါမေန၊ သီလဘေဒံ န ပါပုဏော။
သေလံစေဝ ကုဓာရိစ၊ တရတု ဇလဓောယထာ။
ဣတိ သော ထေရကုဋ္ဌရော၊ သုသစ္စကိရိယံ အကာ။
အထ ကုဓာရိ သေလံ စ၊ ကရိတွာ အဂဋ္ဌိ မုဟုံ။

ယင်းသို့ကျောက်နှင့် ဓားတို့ရေ၌ကူးလေသော် မင်းနှင့် ပရိသတ်တို့ အံ့သြခြင်းဖြစ်ကြကုန်၏။ သံသယကုက္ကုစ္စရှင်းကြကာ မထေရ်အား ရှေးကထက်ပိုမို၍ ကြည်ညိုကြကုန်၏။ ထိုအကြောင်းကို နောင်လာ နောင်သားတို့အား ထင်ရှားစိမ့်သောငှာ နရပတိစည်သူမင်းကြီးသည် နန်းစံ ၁၄–နှစ်၊ သက္ကရာဇ် ၅၅၀–တွင် ချောက်ကမ်းပါးကို ဥမင်တူး၍ ကျောက်အုဋ်တို့ဖြင့် လွန်စွာဆန်းကြယ်သော ကျောက်အပြင်ထက် ပန်းခက်ခိုင်, ပြဟ္မာရုပ်, သိကြားရုပ်တို့ကို ထုလုပ်စေ၍ လိုဏ်ဂူတွင်း၌ ပလ္လင်တော်ကြာပွင့်ဟန် အမြင့် ၆–တောင်ရှိ၊ ညာဏ်တော် ၁၂–တောင်ရှိ ငါးပါးမာရ်အောင်ဟန် တင်ပြင်ခွေရုပ်ပွားတော်ကြီးကို သွင်းပြီးလျှင် လိုဏ်ဂူတွင်းနံရံ၌ ဗုဒ္ဓဝင်ရုပ်ပုံများသွင်းထား၍ လိုဏ်ဂူနှစ်ဆင့် အထက်၌ ဂူပမာဏရှိစေတီတော်ကို ဓာတ်တော်မွေတော်များ ဌာပနာ၍ တည်ထားတော်မူခဲ့လေသည်။ ၎င်းဘုရားသည် ကျောက်ကူဘုရားဟု တွင်လေသည်။

ကျောက်ကူးရာ ဓားမပါသည်ကိုစွဲ၍ ကျောက်ကူဘုရား မြောက်ဖက်ကုန်းထိပ်ပေါ်၌ စေတီတဆူတည်၍ ဓားမပါစေတီဟု သမုတ်တော်မူခဲ့လေသည်။ ဖော်ပြပါ ကျောက်ကူဘုရားကို အောက်ပါ ဝန္ဒနာဂါထာဖြင့် ဖူးမျှော်ရာသတည်း။

ကျောက်ကူးတိ နာမဓေယျေန၊ ဗိမ္ဗံ သဓာတုစေတိယံ။
ကာရိတံ စည်သူရာဇေန၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ ကျောက်ကူးတိ နာမဓေယျေန၊ ကျောက်ကူးဟူသောအမည်ဖြင့်။ ပါကဋ္ဌံ၊ ထင်ရှားသော။ စည်သူရာဇေန၊ နရပတိစည်သူမင်းတရားသည်။ ကာရိတံ၊ တည်ထားတော်မူအပ်သော။ ဗိမ္ဗံ၊ ကြည်ညိုဖွယ်ရာ ဆင်းတုတော်မြတ်ဘုရားကိုငှင်း။ သဓာတုစေတိယံ၊ ဓာတ်တော်ကိန်းဝပ် စေတီတော်မြတ်ကိုငှင်း။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ လေးမြတ်ကြည်ညို ရိုသေလှစွာ။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး ရှိခိုးဦးချပါ၏။

## မင်္ဂလာစေတီဘုရား

မင်္ဂလာစေတီတော်မြတ်ကြီးကား မြန်မာတို့တည်ရိုးဖြစ်သော ခေါင်းလောင်းပုံစေတီမြတ်ဖြစ်လေသည်။ ယင်းစေတီတော်ကြီးသည် ပုဂံမြို့တောင်ဖက် တမိုင်ခန့်အကွာ ပုဂံမြင်းကပါရွာသွားလမ်း၏ အနောက်ဖက်ဘေးတွင် တည်ရှိလေသည်။

## သမိုင်းအကျဉ်း

သက္ကရာဇ် ၆၁၇–ခုနှစ်တွင် ပုဂံပြည်၌မင်းပြုသော နရသီဟပတေ့ (တရုတ်ပြေး)မင်းကြီးသည် ပုဂံမြို့တောင်ဖက်၊ ပန်းပွတ်အရပ်၌ မင်္ဂလာစေတီတော်ကြီးကို တည်ထားကိုးကွယ်တော်မူခဲ့လေသည်။ စေတီကြီးတည်၍ ပစ္စယာသုံးဆင့်အထက် ခေါင်းလောင်းနားတဝက်အရောက်တွင် ''ဘုရားကြီးလည်းပြီး၊ ပြည်ကြီးလည်းပျက်''ဟူ၍ တဘောင်ပေါ်လာလေ၏။ မင်းကြီးသည် ယင်းတဘောင်ကိုသိရ၍ တိုင်းပြည်ပျက်မည့်အရေးတွေးမိသောကြောင့် စေတီကြီးကို ဆက်လက်မတည်ပဲ နေခဲ့သည်မှာ ၆–နှစ်ကြာညောင်းခဲ့လေသည်။

ထိုအခါ ပံ့သူကူမထေရ်မြတ်က ''ဒကာတော်မင်းတရား၊ သင်္ခါရတရား, သင်္ခါရစုပုံအလုံးစုံတို့သည် ပျက်စီးခြင်းသဘောရှိကုန်၏၊ သက္ကတိုင်း သုံးပြည်ထောင်ပင် ကုန်စင်အောင်ပျက်ရသေးသည်။ ရသေ့ သိကြားစသောပုဂ္ဂိုလ်မြတ် ၇–ဦးတို့ တည်ထောင်အပ်သော သရေခေတ္တရာပြည်ကြီးလည်း ပျက်စီးရသေး၏။ စကြာမန္ဓာတ်, သိကြားနတ်

မင်း, မြဟ္မာမင်းကြီးတို့လည်း ပျက်စီးကြရကုန်သေး၏၊ ဤအုဋ်ပုံကြီးကို နောင်လာနောင်သားတို့မြင်ချေက ပြည်ပျက်မည့်ဘေးကိုအလွန် ကြောက်သောမင်းကြီး၏ကောင်းမှုတော်ဟု မော်ကွန်းထိုးဥဒါန်းတွင် စာတမ်းရေးတင် ပြောဆိုကြလိမ့်မည်–စသည်ဖြင့် ဟောပြောမှုကြောင့် သတိသံဝေဂရတော်မူသဖြင့် သက္ကရာဇ် ၆၃၆–ခုနှစ်၊ ကဆုန်လပြည့် နေ့တွင် စတင်ဆက်လက်၍ တည်စေတော်မူလေ၏၊ ဓာတ်တော်မွေ တော်များ နှစ်ကျိပ်ရှစ်ဆူသော ရတနာဆင်းတုတော်များစသည်တို့ကို လည်း အခမ်းအနားဖြင့် ဌာပနာတော်မူခဲ့လေသည်။[၁]

အောက်ပါဝန္ဒနာဂါထာဖြင့် မင်္ဂလာစေတီပုထိုးကို ရှိခိုးဦးချဖူးမျှော်ရာ၏။

မင်္ဂလာစေတိယံနာမ၊ သီဟပတေ့ သုမာပိတံ။

နာနာဓာတူဟိ သံယုတ္တံ၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ သီဟပတေ့ သုမာပိတံ၊ နရသီဟ ပတေ့ ဘုရင်ဖန်ဆင်းတည်ထားအပ်သော။ နာနာဓာတူဟိ သံယုတ္တံ၊ ဘုရားဇိနော် ဓာတ်တော်မွေတော်အပေါင်းနှင့် ယှဉ်တော်မူသော။ မင်္ဂလာ စေတိယံနာမ၊ မင်္ဂလာစေတီဘွဲ့ထူးချီသော ပုထိုးစေတီတော်မြတ်ကြီး ကို။ သိရသာ၊ ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်။ အာဒရံ၊ လေးမြတ် ကြည်ညို ရိုသေလှစွာ။ ဝန္ဒာမိ၊ လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးဦးချ ပါ၏။

## နရပတေ့မင်းနတ်ရွာစံခြင်း, ပုဂံပြည်ပျက်စီးခြင်း

ကောင်းမှုတော်မင်္ဂလာစေတီကြီး တည်ပြီး၍ ၇–နှစ်ရှိရာ သက္ကရာဇ် ၆၄၃–ခုနှစ်တွင် ပုဂံရောက်တရုတ်သံတို့ကို ကွက်မျက်လေ သောကြောင့် တရုတ်ပြည်ဦးဒည်ဘွားက များစွာမကျေနပ်ခြင်းဖြစ်၍ စစ်သည်များစွာတို့လွှတ်လိုက်လေရာ မြန်မာပြည်သို့ရောက်လေလျှင် မူးမတ်တို့နှင့်တိုင်ပင်ကာ ပုဂံမြို့တွင်းသို့စစ်သည်တို့မဝင်နိုင်အောင် အရှေ့

---

၁။ အကျယ်မင်္ဂလာစေတီကျောက်စာ နှင့် မှန်နန်းရာဇဝင်စသည်တို့ကြည့်။

မြစ်ညာ ပုလင်းရွာက တောင်အရပ်ကိုအတွင်းပြု၍ ခိုင်လုံအောင်မြို့ရိုး တည်မည်ဟုအကြံတော်ရှိသည်၊ ယခုအုဋ္ဌကျောက်မရလျှင် ဘုရားဂူ ကျောင်းတို့ကိုဖျက်၍တည်ရမည်ဟု အမိန့်တော်ရှိသောကြောင့် ဖျက် လေသည်မှာ ဂူကြီးတစ်ထောင်၊ ဂူငယ်တစ်သောင်း၊ ကုလားကျောင်း သုံးသောင်းပျက်သည်ဟု အဆိုရှိလေသည်။ ဂူကြီးတလုံး၌ ကြေးနီ ပုရပိုက်သိုက်တွေ့၍ဖတ်စေရာ ပုဂံပြည်တွင် သားမြွာဖလက်ထက် တရုတ်ဖျက်၍ ပျက်လတ္တံ့ဟုပါရှိသဖြင့် ကိုယ်လုပ်တော်များကို မေးစီ စစ်တော်မူလျှင် သားမြွာဖွားကြောင်း သံတော်ဦးတင်ကြလေသည်။ မင်းကြီးလည်းခံသော်လည်း ရမည်မဟုတ်ကြောင်း သိရ၍ ရဲလှေသမှာန် တိုက်လှေတို့၌ ရတနာရွှေငွေအပြည့်တင်စေ၍ တလိုင်းပြည် ပုသိမ်သို့ သက္ကရာဇ် ၆၄၆–ခုနှစ်တွင် စုန်ဆင်းပြေးသွားလေ၏။ ၆၄၈–ခုနှစ်တွင် ပုသိမ်မှအပြန် ပြည်မြို့တွင် သားတော်ပြည်စား သီဟသူလုပ်ကြံ၍ နတ်ရွာစံတော်မူလေ၏။ တရုတ်ကိုကြောက်၍ ပြေးသောကြောင့် တရုတ် ပြေးမင်းဟု တွင်လေ၏။

ထိုမင်းမရှိလျှင် သားတော်ဒလစားကျော်စွာ သက္ကရာဇ် ၆၄၈–ခုနှစ်တွင် နန်းတက်လေသည်။ နန်းစံ ၁၂–နှစ်ဖြစ်လေ၏၊ ထို မင်းမရှိလျှင် သားတော်စောနစ်သည် သက္ကရာဇ် ၆၆၀–ပြည့်နှစ်တွင် နန်းတက်လေသည်၊ နန်းစံ ၂၇–နှစ်ဖြစ်လေ၏။

ထိုးမင်းမရှိသော် သားတော်စောမွန်နစ်မင်းသည် သက္ကရာဇ် ၆၈၉–ခုနှစ်တွင် နန်းတက်၏၊ နန်းစံ ၄၃–နှစ်ဖြစ်လေသည်။ သက္ကရာဇ် ၇၃၂–ခုနှစ်တွင် ပုဂံပြည်ကြီးသည် ပျက်စီးလေတော့သည်။

## (ဆောင်) "ဒွါတီသတ်နှစ် သက္ကရာဇ် ပျက်လစ်ပုဂံပြည်"

## ပုဂံသာသနာဝင် ဒုတိယပိုင်း အဆုံးသတ်ခြင်း

"လှည်းဝင်ရိုးသံ တည်ညံ့ ပုဂံဘုရားပေါင်း ဝါဝါဝင်း မြစ်သို့ ရေချိုးဆင်း"လင်္ကာအားလျော်စွာ ပုဂံပြည်၌တည်ရှိတော်မူခဲ့သော စေတီပုထိုးတို့မှာ အစားထိုး၍ မရနိုင်အောင်များလှကုန်၏၊ ဤပုဂံ သာသနာဝင်ကျမ်း၌ ထင်ရှားလှသောစေတီပုထိုးနှစ်ဆယ်မျှကိုသာလျှင်

ရှာဖွေစုဆောင်းရေးသားဖော်ပြ မှတ်တမ်းတင်ပါသည်၊ ကျန်စေတီပုထိုးများ တချို့တို့၏သမိုင်းစေတီဝင်၊ ထူပဝင်ကိုအခြားသမိုင်းကျမ်းတို့မှ ကြည့်ရှုကြကုန်ရာ၏။ ဤကျမ်း၌ကား ဂန္ထဂရုထောက်ရှုပါသဖြင့် ဤမျှသာဖော်ပြပါကြောင်း တင်ပြပြောဆိုရင်း ပုဂံသာသနာဝင် ဒုတိယပိုင်းကို လက်စသတ်လိုက်ပါပြီ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္တာယ မေ ကတော။
ပုဂံဝံသမှိ ဒုတိယော၊ ပရိစ္ဆေဒေါ သုနိဋ္ဌိတော။

## ပုဂံခေတ်သာသနာစတင်ရောက်လာပုံ

ပုဂံ၌ သာသနာ စတင်ရောက်လာပုံကို မဖော်ပြသေးမီ နိကာယဘေဒခေါ် မဇ္ဈိမဒေသမှစတင်ခဲ့သော သာသနာ့ဂိုဏ်းအသီးသီးတို့ကို အကျဉ်းမျှရေးသားဖော်ပြပါအံ့။

ထေရဝါဒီ၊ ထေရဝါဒ–ဟူသောစကားလုံးသည် ဗုဒ္ဓဘာသာဝင်နိုင်ငံတိုင်းရှိ ဗုဒ္ဓဘာသာဝင်အများစုတို့၏ နှုတ်ဖျားတွင် တက်ရောက်ခဲ့လေသည်၊ ထေရဝါဒဟူသည် သက္ကတ သီဟိုဠ်အခေါ် သ္ထဝီရဝါဒီဖြစ်လေသည်၊ မြန်မာအခေါ် မြဲမြဲခိုင်ခံ့သောအယူရှိသူဟုအဓိပ္ပါယ်ရှိလေသည်၊ ပဌမသံဂါယနာ (ရာဇဂြိုဟ်သံဃာ့ကောင်စီ), ဒုတိယသံဂါယနာ (ဝေသာလီသံဃာ့ကောင်စီ), တတိယသံဂါယနာ, စတုတ္ထသံဂါယနာ, ပဉ္စမသံဂါယနာ, ဆဋ္ဌသံဂါယနာတို့မှ ဆင်းသက်လာသော အယူဝါဒကို ယုံကြည်ကိုးကွယ်သူတို့သည် ထေရဝါဒီတို့ဖြစ်ကုန်၏။

## မဟာသံဃိကဂိုဏ်းကြီး

သိင်္ဂီ လောဏံ ဒွင်္ဂုလကပ္ပံ၊ ဂါမန္တရဝါသာနုမတိ။
တထာ အာစိဏ္ဏမထိတ–ဇလောဂိစာပိ ရူပိယံ။
နိသီဒနံ အဒသကံ၊ ဒီပိံသု ဗုဒ္ဓသာသနေ။
ဥဒ္ဓမ္မံ ဥဗ္ဗိနယဥ္စ၊ အပဂတံ သတ္ထုသာသနေ။

(၁– ဒီပဝံသ ၅၅၊ ၅၆။)

၁။ သားချိုဖြင့်ခတ်ထားကိုဆောင်ထား၍ ဆားမရှိသောခွမ်းနှင့်စား လျှင် သန္နိဓိမဖြစ်၊
၂။ မွန်းလွဲ၍ အရိပ်လက်နှစ်သစ်လွန်ရာအခါတိုင်း စားကောင်း၏၊
၃။ ရပ်ရွာတပါးသွားလိုခဲ့လျှင် ပဝါရိတ်သင့်လျက် အတိရိတ်မပြုပဲ စားကောင်း၏၊
၄။ တသိမ်တည်းမှာ တကျောင်းတခြားစီ သံဃာ့ကံဆောင်သော် ဝဂ်မဖြစ်၊
၅။ မလာသေးဘဲ လာမှဆန္ဒယူမည်ဟု ရှေးဦးစွာသံဃာ့ကံဆောင် သော် ဝဂ်မဖြစ်၊
၆။ ဥပဇ္ဈာယ်ဆရာသမားတို့ အလေ့အကျင့်ဖြစ်ကအပ်၏၊
၇။ နို့ရည်အဖြစ်ကိုလည်းမစွန့်သေး နို့ခမ်းအဖြစ်ကိုလည်းမရောက် သေးသောနို့ရည်ကို ပဝါရိတ်သင့်လျက် အတိရိတ်မပြုပဲ သုံး ဆောင်ကောင်း၏၊
၈။ သေအဖြစ်သို့မရောက်သေးသော(မကျတကျ)သေကို သောက် ကောင်း၏၊
၉။ အဆာမရှိသောနိသီဒိုင်ကို သုံးဆောင်ကောင်း၏၊
၁၀။ ရွှေ, ငွေ ခံကောင်း၏-ဟူသော ဝဇ္ဇီတိုင်းသားရဟန်းတို့ ပြု ကျင့်ထုတ်ဆောင်ကြသော အဓမ္မဝတ္ထု (မတရားမှု)၁၀-ပါးကို

အကြောင်းပြု၍ အရှင်ယသ (အရှင်ရေဝတ)၊ အရှင်သဗ္ဗကာမိ-စသော ရဟန္တာပုဂ္ဂိုလ် ၇၀၀-တို့သည် ဝေသာလီပြည်၊ ဝါလုကာရုံကျောင်း တိုက်၌ ၈-လပတ်လုံး သံဂါယနာတင်တော်မူ ခဲ့ကြကုန်၏၊ အဓမ္မဝတ္ထု ၁၀-ပါးကိုထုတ်ဖော်ပြောဆိုကြသော ဝဇ္ဇီတိုင်းသားရဟန်းတို့ကိုလည်း ဖယ်ထုတ်တော်မူကြကုန်၏၊ ယင်းဝဇ္ဇီတိုင်းသားရဟန်းတို့သည် အပေါင်း အသင်းသံဃာ ၁၀,၀၀၀ ပါတီ စုကြကုန်၍ အရှင်ယသထေရ်၏ တတိယသံဂါယနာ (သတ္တသတိကသံဂါယနာ)ကိုဆန့်ကျင်ကြကာ ကောသမ္ဗီနန်းမြို့တော်၌ သံဂါယနာတင်ကြကုန်၏၊ ၎င်းသံဂါယနာ ကို သံဃာ ၁၀,၀၀၀-ဟူသောများစွာသောသံဃာတို့ပါဝင်သည့်

အတွက် မဟာသံဂီတိသံဂါယနာဟုခေါ်ဆိုကြကုန်၏၊ ယင်းမဟာသံဂီတိသံဂါယနာမှဆင်းသက်သော သံဃာပေါင်းကို သံဂီတိဂိုဏ်း (မဟာသံဃိက)ဟုခေါ်ဆိုကြကုန်၏။[၁]

ဟီယုန်ဆန်မှတ်တမ်း၌ကား ပဌမသံဂါယနာတွင်မပါဝင်သော သံဃာတော် ၁–သိန်းတို့ပြုသောသံဂါယနာသည် မဟာသံဂီကသံဂါယနာမည်သည်ဟု ဆိုလေ၏။[၂]

## မဟာသံဃိကဂိုဏ်းသားတို့အယူ

မဟာသံဃိကဂိုဏ်းသားတို့သည် ဘုရားမြတ်စွာသာသနာတော်ကို ဆန့်ကျင်ဖက်ပြုကြကုန်၏၊ အရှင်မဟာကဿပထေရ်၏ ပဌသတိကသံဂါယနာ၊ သံဂါယနာမှအတည်ပြုချက်တို့ကို ကပြောင်းကပြန်ပြုကြကုန်၏၊ ပိဋကတ်တော်၌ သုတ္တန်များကိုလည်း တမျိုးတဖုံပြောင်းလဲကြကုန်၏၊ ဝိနည်းပိဋကတ်နှင့် ဝိနည်းမှကြွင်းသော နိကာယ်ငါးရပ်တို့၌ အမျိုးမျိုးအဖုံဖုံဖျက်ဆီးပစ်ကြကုန်၏၊ သေချာကျနစွာမသိကြပါပဲလျက် ပရိယာယ်အားဖြင့် ဟောတော်မူချက်တို့ကို မုချဟောပြု၍လည်းကောင်း၊ နီတတ္ထကို နေယျတ္ထပြု၍လည်းကောင်း၊ သန္ဓာယဘာသိတကို အာဟစ္စပြု၍လည်းကောင်း ထားကြကုန်၏၊ ရည်ရွယ်ရင်းအာဘော်ကျ အနက်အဓိပ္ပါယ်မကောက်ယူပဲ တမျိုးတဖုံယူထားကြကုန်၏၊ သဒ္ဒါအရောင်မျှဖြင့် အနက်အဓိပ္ပါယ်မှန်တွေကို ဖျက်ဆီးပစ်ကြကုန်၏။

---

၁။ နိက္ကဍ္ဎိတာ ပါပဘိက္ခူ ထေရေဟိ ဝဇ္ဇိပုတ္တကာ။
အညံ ပက္ခံ လဘိတွာန၊ အဓမ္မဝါဒီ ဗဟုဇ္ဇနာ။
ဒသသဟဿသမာဂန္တွာ၊ အကံသု ဓမ္မသင်္ဂဟံ။
တသ္မာယံ ဓမ္မသင်္ဂီတိ၊ မဟာသင်္ဂီတိတိ ဝုစ္စတိ။
(ဒီပဝံသ၊ ၅။ ၆၉၊ ၇၀။)

၂။ မဟာယာနအဒဟာသ်။ ၃၅။

ဘုရားဟော သုတ်, ဝိနည်း, အဘိဓမ္မာ စစ်စစ်အချို့ကို စွန့်ပစ်ကြကုန်၍ ဝိနည်းတု, သုတ္တန်တု, အဘိဓမ္မာတုတို့ကို အစားထိုး၍ ထားကြကုန်၏။ ပရိဝါရ အတ္ထုဒ္ဓါရ အဘိဓမ္မာ (၆)ကျမ်း ပဋိသမ္ဘိဒါမဂ် နိဒ္ဒေသဇာတ်တော်အချို့တို့ကိုဖျက်၍ တခြားဖြစ်သော ပရိဝါရ အတ္ထုဒ္ဓါရ အဘိဓမ္မာစသည်တို့ကိုပြုကြကုန်၏။

ထိုမှုမကသေး အမည်မှည့်ပုံ, ဝတ်ပုံရုံပုံအသွင်အပြင်, အသုံးအဆောင်ပရိက္ခရာ, အချိုးအစားအမူအရာ, သင်္ကန်းချုပ်စသည်တို့ကိုလည်း တမျိုးတဖုံပြောင်းပစ်ကြကုန်၏။[၁]

## မဟာသံဃိကပိဋကများ[၂]

မဟာသံဃိကဂိုဏ်းသားတို့၏ပိဋကတ်မှာ–

၁။ သုတ္တန်ပိဋက (=သူုတြပိဋက)

၂။ ဝိနယပိဋက

၃။ အဘိဓမ္မပိဋက (=အဘိဓမ်ပိဋက)

၄။ မိဿကပိဋက (မိဂြပိဋက)

၅။ ဓာရဏီပိဋကအားဖြင့် (၅)ပုံဖြစ်လေသည်။

မဟာသံဃိကတို့သည် ဒီဃနိကာယ်လာသုတ်အချို့နှင့် ခုဒ္ဒကနိကာယ်ကိုလည်း လက်မခံကြကုန်။ မဟာသံဃိကတို့၏ အဘိဓမ္မာမှာလည်း ထေရဝါဒနှင့် လုံးဝကွဲပြားလေသည်။ ဝိနည်းမှာ မဟာဝတ္ထုကျမ်းဖြစ်လေသည်။ မဟာဝတ္ထုကျမ်းကို ထေရဝါဒဝိနည်းပိဋကတ်က ဝိနည်းမဟာဝါကဲ့သို့ ဘုရားရှင်၏ဗုဒ္ဓဝင်အကျဉ်း (ဗုဒ္ဓစရိတ)ကို

---

၁။ မဟာသင်္ဂီတိကာ ဘိက္ခူ ဝိလောမံ အကံသု သာသနံ။
ဘိန္ဒိတွာ မူလသင်္ဂဟံ၊ အညံ အကံသု သင်္ဂဟံ။
အညတ္ထ သင်္ဂဟိတံ သုတ္တံ၊ အညတ္ထ အကရိံသု တေ။
အတ္ထံ ဓမ္မဉ္စ ဘိန္ဒိံသု၊ ဝိနယေ နိကာယေသု ပဉ္စသု။
ပရိယာယဒေသိတဉ္စာပိ၊ အထော နိပ္ပရိယာယ ဒေသိတံ။
နီတတ္ထဉ္စေဝ နေယျတ္ထံ၊ အဇာနိတွာန ဘိက္ခဝေါ။
အညံ သန္ဓာယ ဘဏိတံ၊ အညတ္ထံ ဌပယိံ သုတေ။

ရှေးဦးစွာဖော်ပြပါရှိပြီး နောက်မှဝိနည်းပညတ်ချက်များပါရှိ၏။ ယင်း မဟာဝဂ္ဂကျမ်းမှာ အပိုင်းပေါင်းများစွာရှိပြီး တချို့အပိုင်း၌ သက္ကတဘာသာ၊ ပြာကရိတ်ဘာသာတို့ရောလျက်ရှိလေသည်။[၃]

## မဟာသံဃိကအယူအချို့

မဟာသံဃိကဂိုဏ်းသားတို့၏ ဖောက်ဖောက်ပြန်ပြန်ယူပုံများကို အဘိ၊ ဌ၊ ၃။ ၁၄၁၊ ၂၂၂၊ ၂၂၃၊ ၂၂၄၊ ၂၂၅၊ ၂၂၇၊ ၂၃၀၊ ၂၃၁၊ ၂၄၀၊ ၂၄၆၊ ၂၅၀–စသည်တို့၌ ကြည့်ရှုရာ၏။

## ဂေါကုလိကဂိုဏ်း

မဟာသံဃိကဂိုဏ်းမှ ရဟန်းတချို့ခွဲထွက်ကြကုန်ပြီး ဂေါကုလိကဂိုဏ်းအမည်ဖြင့် ထောင်ကြကုန်၏၊ ယင်းဂိုဏ်းကို ကုက္ကုလိကဂိုဏ်း၊ ကုက္ကုဋိကဂိုဏ်း၊ ကောက္ကုဋိကဂိုဏ်း၊ ကုရုကုလ္လကဂိုဏ်းဟူ၍ ခေါ်ဝေါ်ခဲ့ဘူးကြကုန်၏။[၄]

ယင်းဂေါကုလိကဂိုဏ်းသားတို့သည် ''သဗ္ဗံ ဘိက္ခဝေ အာဒိတ္တံ၊[၅] သဗ္ဗေ သင်္ခါရာ ဒုက္ခာ[၆]''အစရှိသောသုတ်တို့ကို အသင့်အားဖြင့်မကြံပဲ အလွဲလွဲအချွတ်ချွတ် အဓိပ္ပါယ်ယူကြပြီး တိုက်ရိုက်အားဖြင့်

---

ဗျဉ္ဇနစ္ဆာယာယ တေ ဘိက္ခူ ဗဟုံ အတ္ထံ ဝိနာသယုံ။
ဆဍ္ဍေတွာန ကေဒေသံ၊ သုတ္တံ ဝိနယဂမ္ဘီရံ။
ပတိရူပံ သုတ္တဝိနယံ၊ တဉ္စ အညံ ကရိံသု တေ။
ပရိဝါရံ အတ္ထုဒ္ဒါရံ၊ အဘိဓမ္မံ ဆပ္ပကရဏံ။
ပဋိသမ္ဘိဒဉ္စ နိဒ္ဒေသံ၊ ကေဟောသဉ္စ ဇာတကံ။
တွေကံ ဝိဿဇ္ဇေတွာ၊ အညာနိ အကရိံသု တေ။
နာမလိင်္ဂံ ပရိက္ခာရံ၊ အာကပ္ပကရဏာနိ စ။
ပကတိဘာဝံ ဇဟိတွာ၊ တဉ္စ အညံ အကံသု တေ။

၂။ မဟာသံဃိက, မဟာသံဂီက – အရေး ၂–မျိုးလုံးမှန်ပါသည်။

၃။ ကြည့်။

၄။ အဘိ၊ ဌ၊ ၃။ ၁၄၁။

ပင် "သဗ္ဗေ သခ်ါရာ ကုက္ကုဠာ၊ ဝီတစ္စိတင်္ဂါရသမ္မိဿာ ဆာရိကနိရယ သဒိသာ"[၅] 'သခ်ါရစုပုံ အလုံးစုံတို့သည် ပြာပူကဲ့သို့ဖြစ်ကုန်၏၊ အလျှံ ကင်း၍ ရဲရဲညီးသော မီးကျီးနှင့်ရောသည်နှင့်တူကုန်၏၊ ပြာပူငရဲနှင့် တူကုန်၏'ဟု ယူကြကုန်၏။ ဤ "သဗ္ဗေ သခ်ါရာ ကုက္ကုဠာ-စသော စကားရပ်တွင် ကုက္ကုဠာဟူသောပုဒ်ကိုစွဲ၍ ကုက္ကုဠအယူရှိသူများကို ကုက္ကုဠိကတို့ဟူ၍ ခေါ်ဝေါ်ကြရာမှ ဂေါကုလိကဖြစ်လာကြောင်းဆိုကြ ကုန်၏၊ ယင်းဂေါကုလိကဂိုဏ်းသားတို့ပေါ်ထွန်းခေတ်မှာ သာသနာ သက္ကရာဇ် ၂၀၀-အနီးတွင်ဖြစ်စရာရှိ၏။

## ကေဗျောဟာရိကဂိုဏ်း

ကေဗျောဟာရိက-ဟူသောစကားသည် သက္ကတအခေါ် ကေဗျောဟာရိကဖြစ်လေသည်။ ယင်းကေဗျောဟာရိကဂိုဏ်း (သို့) ကေဗွောဟာရိကဂိုဏ်းသည် မဟာသံဃိကဂိုဏ်းကြီးမှ ဂေါကုလိက ဂိုဏ်းသားတို့နှင့်အတူ မရှေးမနှောင်းခွဲထွက်ခဲ့သောဂိုဏ်းဖြစ်လေသည်။ တရားအားလုံးတို့သည် ပညတ်ရှိကုန်၏၊ ပညတ်ချည်းသာဖြစ်ကုန်၏-ဟု ယူသောရဟန်းတို့၏အပေါင်းဖြစ်သောကြောင့် ကေဗျောဟာရိက ဂိုဏ်းဖြစ်သည်ဟုဆိုကြကုန်၏။[၈]

---

၅။ မဟာယာနအဒဟာသ် (သီဟိုဠ်ဘာသာကျမ်းစာ)
တတော မဟာသံဃိက ဘိက္ခုတော ဘိက္ခုနိက္ခမိတွာ ဂေါကုလိက ဝါဒါ။ (မဟာဝံသဋီကာ၊ သီဟိုဠ်မူ။ ၁၁၃-၄) ၂။ သံ၊ ၂။ ၂၅၁။

၆။ ဓမ္မပဒ။ ၅၃။

၇။ အဘိ၊ ဋ္ဌ၊ ၃။ ၁၆၄။ မဟာဝံသဋီကာ။ ၁၁၄။ (သီဟိုဠ်မူ)

၈။ တတော မဟာသံဃိကဘိက္ခုတော ဘိက္ခု နိက္ခမိတွာ ဘိန္ဒိတွာ ဂေါကုလိကဝါဒါ ကေဗွောဟာရိကနာမကာ တတိယာ က္လမေ ဒွေ အာစရိယဝါဒါ ဇာတာ။ မဟာဝံသဋီကာ။ ၁၁၄။ (သီဟိုဠ်မူ)

## ဗဟုသုတိကဂိုဏ်း

ဗဟုသုတိကဂိုဏ်းဟူ၍လည်း သာသနာတော်၌ရှိခဲ့ဘူးသည်၊ ယင်းဗဟုသုတိကဂိုဏ်းသည် ဂေါကုလိကဂိုဏ်းမှခွဲထွက်တည်ထောင်သောဂိုဏ်းဖြစ်လေသည်။

ဗာဟုလိကဂိုဏ်း၊ ဗာဟုလိယဂိုဏ်းဟူ၍လည်း ခေါ်ဝေါ်ကြကုန်၏၊ သက္ကတအခေါ် ဗဟုဂြုတိကဂိုဏ်းဖြစ်၍ ဗဟုသိတမည်သောမထေရ် စတင်တည်ထောင်သောဂိုဏ်းဖြစ်၍ ဗဟုသုတိကဂိုဏ်းဖြစ်ကြောင်းဆိုကြကုန်၏။[၁]

ယင်းဗဟုသုတိကဂိုဏ်းကို သဗ္ဗတ္ထိကဝါဒီဂိုဏ်းသားတို့နှင့် စပ်သွယ်ပတ်သက်သည်ဟုလည်းဆိုကြကုန်၏။ ယင်းဗဟုသုတိကဂိုဏ်းပေါ်ထွန်းချိန်ကို ဘီစီ ၃၀၀၊ အေဒီ ၁၀၀–အတွင်းလောက်ဖြစ်မည်ဟု သမိုင်းပညာရှင်တို့ခန့်မှန်းကြကုန်၏။

## ပညတ္တိဂိုဏ်း

ပညတ္တိဂိုဏ်းဟူ၍လည်းရှိခဲ့ဘူး၏၊ ပဏ္ဏတ္တိဂိုဏ်းဟုလည်း ခေါ်ကြ၏၊ သက္ကတအခေါ် ပြဇ္ဉပ္တိဂိုဏ်းဟုဖြစ်လေသည်။ ယင်းဂိုဏ်းသည်လည်း ဂေါကုလိကဂိုဏ်းမှခွဲထွက်သောဂိုဏ်းဖြစ်လေသည်။ တရားအားလုံးတို့သည် ဒုက္ခနှင့်ရောနှောသည်ဟု ၎င်းတို့ယူကြကုန်၏။ ထို့ကြောင့် ပညတ္တိဂိုဏ်းမည်လေသည်။ မဟာဝံသဋီကာ၌ ''ပုဂ္ဂလပညတ္တိဝါဒါ''ဟုဆို၏။ နိဗ္ဗာန်သည် ပရမတ္ထအားဖြင့်ထင်ရှားရှိသကဲ့သို့ ရုပ်တရားသည်လည်း ပရမတ္ထအားဖြင့်ထင်ရှားရှိသည်ဟူသောဂိုဏ်းဟု မဟာဝံသဋီကာ၌ဆိုလေ၏။[၂]

---

၁။ မဟာယာနအဒဟာသ် ။ ၄၁။

၂။ ပုဗ္ဗင်္ဂမာဘိန္နဝါဒါ၊ မဟာသံဂီတိကာရကာ။

တေသဥ္စ အနုကာရေန၊ ဘိန္နဝါဒါ ဗဟူ အဟု။

တတော အပရကာလမှိ၊ တသ္မိံ ဘေဒေါ အဇာယထ။

ဂေါကုလိကာ ကေဗျောဟာရာ၊ ဒွိဓာ ဘိန္နိတ္ထ ဘိက္ခဝေါ။

## စေတိယဂိုဏ်း

စေတိယဂိုဏ်းဟူ၍လည်း သာသနာ၌ရှိခဲ့ဘူး၏၊ မဟာသံဃိကဂိုဏ်းမှ မဟာဒေဝထေရ်ခေါင်းဆောင်သော ရဟန်းတော်တချို့တို့သည် စေတိယတောင်ကို၌ာနချုပ်ပြုလုပ်ကြ၍ ဂိုဏ်းသီးခြားထောင်ကာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဟောကြပြောကြကာ သာသနာပြုကြကုန်၏၊ စေတိကဂိုဏ်းဟူ၍လည်း ခေါ်ကြ၏၊ သက္ကတအခေါ် စဲတျဖြစ်လေသည်၊ ၎င်းစေတိယဂိုဏ်းသားတို့၏ဟောပြောပုံမှာ ပုဗ္ဗသေလိယဂိုဏ်းသား၏ဝါဒနှင့်တူကြောင်း ဆရာတို့ဆိုကြကုန်၏၊ ယင်းစေတိယဂိုဏ်းပေါ်လာသည်မှာ ဘီစီ ၃၀၀, ၄၀၀–အတွင်းဖြစ်လေသည်၊ စေတီပုထိုးများကိုရှိခိုးပူဇော်ရန် စတင်၍ လွန်စွာအလေ့အကျက်ပြုသော ဂိုဏ်းဟုလည်းဆိုကြကုန်၏၊ ဝသုမိတြ၏ အဋ္ဌာဒသ (အပါဒဂ)နိကာယကျမ်း၌ ''စဲတျစဲလ''ဟု သုံးနှုန်းရေးသားလေသည်။[၃]

## မဟာသံဃိကဂိုဏ်းခွဲငါးဂိုဏ်း

အထက်ပါဖော်ပြခဲ့ပြီးသော (၁) ဂေါကုလိကဂိုဏ်း၊ (၂) ကေဗျောဟာရိကဂိုဏ်း၊ (၃) ဗဟုဿုတိကဂိုဏ်း၊ (၄) ပညတ္တိဂိုဏ်း၊ (၅) စေတိယဂိုဏ်းဟူသော ငါးဂိုဏ်းတို့သည်လည်း မဟာသံဃိကဂိုဏ်း၏အခက်အလက် မဟာသံဃိကဂိုဏ်းခွဲတို့ဖြစ်ကုန်၏။ ယင်း

---

ဂေါကုလိကာနံ ဒွေ ဘေဒါ၊ အပရကာလမှိ ဇာယထ။
ဗဟုဿုတိကာ စ ပညတ္တိ၊ ဒွိ ဘိန္နိတ္ထ ဘိက္ခဝေါ။
(ဒီပဝံသ၊ ၄။ ၇၈၊ ၇၉၊ ၈၀။)

ဂေါကုလိကဝါဒေဟိ ဘိက္ခူဟိ ပဏ္ဏတ္တိဝါဒါတိ ပုဂ္ဂလပညတ္တိဝါဒါပိ စ ပရမတ္ထတော အတ္ထိ ရူပံ နိဗ္ဗာနံ ဝိယာတိ လဒ္ဓိကာ ပဏ္ဏတ္တိဝါဒါ နာမ အာစရိယဝါဒါ ဇာတာတိ ဒဋ္ဌဗ္ဗာ။ မဟာဝံသဋီကာ၊ ၁၁၄။ (သီဟိုဠ်မူ)

၃။ သီဟိုဠ်ဘာသာ မဟာယာနအဒဟသ်ကျမ်း။ ၄၂။

ငါးဂိုဏ်းတို့သည်လည်း မဟာသံဃိကဂိုဏ်းမကြီးနည်းတူ အရှင်မဟာကဿပထေရ်မြတ်၏ ပဉ္စသတိကသံဂါယနာမှအတည်ပြုချက်တို့ကို ကပြောင်းကပြန်ပြုကြကုန်သည်သာ။ ပိဋကတ်တော်လာသုတ္တန်များကို တမျိုးတဖုံပြောင်းခြင်းစသည်တို့ကို ပြုကြကုန်သည်သာ။[၁]

## မဟီံသာသကဂိုဏ်း

မူလထေရဝါဒဂိုဏ်းမှတဖန် မဟီံသာသကဂိုဏ်းနှင့် ဝဇ္ဇိပုတ္တကဂိုဏ်းဟူ၍ ၂–ဂိုဏ်းကွဲပြားပြန်လေသည်။ ပါဠိအခေါ် မဟီံသကသည် သက္ကတအခေါ် မဟီဂါသကဖြစ်၏။ မဟီံသာသကဂိုဏ်းဝင်ရဟန်းတို့သည် မဟိဿတိ (မဟေသယ)မြို့ကို ဌာနချုပ်ပြုလုပ်၍ နေထိုင်ကြကုန်သည်ဖြစ်သောကြောင့် မဟီံသာသကဂိုဏ်းမည်ကြောင်းဆိုကြကုန်၏။ မြေကိုပမာထားပြု၍ တရားဓမ္မဟောပြလေ့ရှိသောကြောင့် မဟီံသာသက (မဟီံ+သာသက)မည်ကြောင်းဆိုကြကုန်သေး၏။

ယင်းမဟိဿတိမြို့သည် ဂေါဝိန္ဒပုဏ္ဏားပညာရှိတည်ထောင်ခဲ့သောမြို့ဖြစ်မည်ဟု ထင်မိပေသည်။[၂] ယခု အခေါ် မိုက်စိုးတည်း။

---

၁။ စေတိယာ စ ပုနဝါဒီ၊ မဟာသံဂီတိ ဘေဒကာ။
ပဉ္စဝါဒါ ဣမေ သဗ္ဗေ၊ မဟာသံဂီတိမူလကာ။
အတ္ထံ ဓမ္မဉ္စ ဘိန္ဒိံသု၊ ဧကဒေသဉ္စ သင်္ဂဟံ။
ဂန္ထဉ္စ ဧကဒေသမှိ၊ ဆဍ္ဍေတွာ အညံ အကံသု တေ။
နာမလိင်္ဂံ ပရိက္ခာရံ၊ အာကပ္ပကရဏာနိ စ။
ပကတိဘာဝံ ဇဟိတွာ၊ တဉ္စာညံ အကံသု တေ။
(ဒီပဝံသ၊ ၅။ ၈၀၊ ၈၁၊ ၈၂။)

၂။ ဒန္တပုရံ ကလိင်္ဂါနံ၊ အဿကာနဉ္စ ပေါတနံ။
မဟေသယံ (မာဟိဿတိ) အဝန္တီနံ၊ သောဝီရာနဉ္စ ရောရုကံ။
မိထိလာ စ ဝိဒေဟာနံ၊ စမ္ပာ အင်္ဂေသု မာပိတာ (ဒီ၊ ၂။ ၂၈၉။)

ယင်းမဟိံသကတိုင်းသို့ သာသနာသက္ကရာဇ် ၂၃၆–ခုနှစ်က မဟာဒေဝထေရ်စတင်၍ သာသနာပြုရောက်ရှိခဲ့လေသည်။ မဟိံသ တိုင်းဟူ၍လည်းကောင်း၊ မဟိသမဏ္ဍလဟူ၍လည်းကောင်း ခေါ်ဝေါ် သုံးနှုန်းကြကုန်၏။

ဂန္တွာန ရဋ္ဌံ မဟိံသံ၊ မဟာဒေဝေါ မဟိဒ္ဓိကော။
စောဒေတွာ ဒေဝဒူတေဟိ၊ မောစေတိ ဗန္ဓနာ ဗဟူ။[၁]
အပေသယိ မဟာဒေဝ – တ္ထေရံ မဟိသမဏ္ဍလံ။[၂]

## ထေရဝါဒဂိုဏ်းခွဲ

ဖော်ပြပါ မဟိံသာသကဂိုဏ်းနှင့် ဝဇ္ဇီပုတ္တကဂိုဏ်းတို့မှ ထေရဝါဒဂိုဏ်းခွဲများဖြစ်၍ ထေရဝါဒဂိုဏ်းဝင်ရဟန်းတော်အချို့ တိုက် ရိုက်အဆက်အသွယ်အပေါင်းအသင်းရှိကြကြောင်း သိရလေသည်။

ဝိသုဒ္ဓထေရဝါဒမှိ၊ ဒွိဓာဘေဒေါ အဇာယထ။
မဟိံသာသကာ ဝဇ္ဇီပုတ္တကာ၊ ဒွိဓာ ဘိန္နိတ္ထ ဘိက္ခဝေါ။[၃]
ဝဇ္ဇီပုတ္တကဘိက္ခူ စ၊ ဒုဝေ ဇာတာ က္ကမေ ခလူ။[၄]

ယင်းမဟိံသာသကဂိုဏ်းပေါ်လာချိန်မှာ ဘီစီ ၃၀၀၊ အေဒီ ၁၀၀–အတွင်း ဖြစ်လေသည်။ ယင်းမဟိံသာသကဂိုဏ်းသည် အိန္ဒိယ ဒေသအနှံ့အပြားနှင့် သီဟိုဠ်ကျွန်းတို့၌ ပြန့်နှံ့တည်ရှိခဲ့လေသည်။ အရှင်မဟာဗုဒ္ဓဃောသထေရ် ဇာတ်အဋ္ဌကထာပြုစုရန် တောင်းပန်သူ တဦးမှာ မဟိံသာသကဂိုဏ်းဝင် အရှင်ဗုဒ္ဓဒေဝထေရ်ဖြစ်ကြောင်း။

မဟိံသာသကဝံသမှိ၊ သမ္ဘူတေန နယညုနာ။
ဗုဒ္ဓဒေဝေန စ တထာ၊ ဘိက္ခုနာ သုတဗုဒ္ဓိနာ။[၅]

ဟူသောဂါထာဖြင့် ကျမ်းပြုလိမ္မာ အရှင်မဟာဗုဒ္ဓဃောသ ထေရ် ဖော်ပြခဲ့သည်။ အေဒီ ၃၉၉–၄၁၄ အတွင်း သီဟိုဠ်ကျွန်းသို့

---

၁။ ဝိ၊ ဋ္ဌ၊ ၁။ ၅၀။ ၂။ မဟာဝံသ၊ ၁၂။ ၃။
၃။ ဒီပဝံသ၊ ၄။ ၈၄။ ၄။ မဟာဝံသ၊ ၅။ ၆။ (သီဟိုဠ်မူ)
၅။ ဇာ၊ ဋ္ဌ၊ ၁။ ၂။ (ဂန္ထာရမ္ဘ)

ရောက်ရှိခဲ့သော တရုတ်ခရီးသည် ဖာဟီယန်သည် မဟီသာသက ရဟန်းတို့၏ ဝိနည်းပိဋကတ် ဒီဃနိကာယ်၊ သံယုတ္တာဂမသုတ်၊ သံယုတ္တသဥ္စယပိဋကများ သီဟိုဠ်မှရရှိခဲ့ကြောင်း ယင်း၏ခရီးစဉ်မှတ်တမ်းတွင် ဖော်ပြခဲ့လေသည်။

## မဟီသာသကဂိုဏ်းသားတို့အယူအချို့

မဟီသာသကဂိုဏ်းသားတို့သည် ပညာအထူးဖြင့်မဆိုထိုက်သော ချုပ်ခြင်း= အပ္ပဋိသင်္ခါနိရောဓ၊ ပညာအထူးဖြင့်ဆိုထိုက်သော ချုပ်ခြင်း= ပဋိသင်္ခါနိရောဓကို တပေါင်းတည်းပြု၍ နိရောဓသစ္စာဟူ၍ ယူကြ၏။[၁] ပဋိစ္စသမုပ္ပါဒ်သည် သင်္ခတမည်၏ဟုလည်း ယူကြ၏။[၂] ပရိစ္ဆေဒါကာသ၊ ကသိဏုဂ္ဃါဋိမာကာသ၊ အဇဋာကာသဟူသော အာကာသသုံးပါးတို့သည် အသင်္ခတမည်ကုန်၏ဟုလည်းယူကြ၏။[၃] သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝမဂ္ဂင်တို့သည် ရုပ်မည်ကုန်၏ဟူ၍လည်း ယူကြ၏။[၄] ကာယကံ၊ ဝစီကံ–ဟုဆိုအပ်သော ကာယဝိညတ်၊ ဝစီဝိညတ်ရုပ်သည် ကုသိုလ်လည်းမည်၏၊ အကုသိုလ်လည်းမည်၏ဟူ၍လည်း ယူကြ၏။[၅] ဥပစာရဈာန်အစဉ်ကိုကြည့်၍ ဈာန်တမျိုးမှ ဈာန်တမျိုးသို့ ပြောင်း၏ဟူ၍လည်း ယူကြကုန်၏။[၆] လောကီဖြစ်သောသဒ္ဓါသည် သဒ္ဓါသာမည်၍ သဒ္ဓိန္ဒြေမမည်။ လောကီဝီရိယသည် ဝီရိယသာမည်၏၊ ဝီရိယိန္ဒြေမမည်။ လောကီသတိသည် သတိသာမည်၏၊ သတိန္ဒြေမမည်။ လောကီသမာဓိသည် သမာဓိသာမည်၏၊ သမာဓိန္ဒြေမမည်။ လောကီပညာသည် ပညာသာမည်၏၊ ပညိန္ဒြေမမည်ဟူ၍လည်း ယူကြ၏။[၇] သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝကြဉ်သော ပဥ္စင်္ဂိကမဂ်သည် မဂ္ဂသစ္စာမည်၏ဟူ၍လည်း ယူကြ၏။[၈]

---

၁။ အဘိ၊ ၃၊ ၃။ ၁၆၆။
၂။ အဘိ၊ ၃၊ ၃။ ၁၉၁။
၃။ အဘိ၊ ၃၊ ၃။ ၁၉၄။
၄။ အဘိ၊ ၃၊ ၃။ ၂၁၉။
၅။ အဘိ၊ ၃၊ ၃။ ၂၅၂။
၆။ အဘိ၊ ၃၊ ၃။ ၂၆၃။
၇။ အဘိ၊ ၃၊ ၃။ ၂၇၀။
၈။ အဘိ၊ ၃၊ ၃။ ၂၃၄။

## ဝဇ္ဇီပုတ္တကဂိုဏ်း

ဝဇ္ဇီပုတ္တကဂိုဏ်းမှာ ဒုတိယသံဂါယနာတင်ပြီး စက ဝဇ္ဇီတိုင်းသားရဟန်းတို့ ဦးဆောင်သည့် ပေါ်ပေါက်ခဲ့သည့် မဟာသံဃိကဂိုဏ်း မဟုတ်ချေ။ နောင်အခါတွင် ထေရဝါဒဂိုဏ်းမှခွဲထွက် တည်ထောင်သောဂိုဏ်းဖြစ်လေသည်။ သက္ကတကျမ်းများ၌ ဝတ်သီပုတြဟူ၍ ရေးကြ၏။ ဝတ်သပုတြ (ဝဇ္ဇပုတ္တ)မည်သော မထေရ်တည်ထောင်သော ဂိုဏ်းဖြစ်သည်ဟု ဆိုကြ၏။[၁] ဘာရတနိုင်ငံ မထူရဒေသ၌ ဝဇ္ဇီပုတ္တက ဂိုဏ်းသားတို့စတင်သည်ဟု အဆိုရှိလေသည်။

ထိုဝဇ္ဇီပုတ္တကဂိုဏ်းသားတို့သည် ပုဂ္ဂလဝါဒီတို့သည်လည်း ကောင်း၊ ၎င်းပြင် ရဟန္တာပုဂ္ဂိုလ်အား ရဟန္တာအဖြစ်မှ ဆုတ်ယုတ် တတ်ကြောင်းလည်း ပြောဟောယူဆကြကုန်၏။[၂]

## ဓမ္မုတ္တရိကဂိုဏ်း

ဓမ္မုတ္တရိဂိုဏ်းဟူ၍လည်းကောင်း၊ ဓမ္မုတ္တရိကဂိုဏ်းဟူ၍လည်း ကောင်း ခေါ်ကြသည်။ သက္ကတအခေါ် ဓမောတ္တရိယ ဖြစ်လေသည်။ ဓမ္မုတ္တရိကဂိုဏ်းသည် ဝဇ္ဇီပုတ္တကဂိုဏ်းမှ ဦးစွာပေါ်ထွက်ခဲ့သော ဂိုဏ်း ဖြစ်လေသည်။ ဓမ္မုတ္တရမည်သောမထေရ်သည် တည်ထောင်သော ဂိုဏ်းဖြစ်၍ ဓမ္မုတ္တရိယမည်ကြောင်း ဆိုကြသည်။

## ဘဒ္ဒယာနိကဂိုဏ်း

ဘဒ္ဒယာနိကသည် သက္ကတအခေါ် ဘဒြယာနိက ဖြစ်လေသည်။ ဝဇ္ဇီပုတ္တကဂိုဏ်းခွဲဖြစ်၏။ ဘဒ္ဒယာနထေရ်စတင်တည်ထောင် ခဲ့သော ဂိုဏ်းဖြစ်သောကြောင့် ဘဒ္ဒယာနိကဖြစ်ကြောင်း ဆိုကြ၏။

---

၁။ မဟာယာနအဒဟာသ်။ ၅၄။

၂။ အဘိ၊ ၄၊ ၃၊ ၁၁၂၊ ၁၄၁-ကိုကြည့်။

## ဆန္နာဂါရိကဂိုဏ်း

ဆန္နာဂါရိကသည် သက္ကတအခေါ် ဆဏ္ဏာဂိရိကဖြစ်လေသည်။ ယင်းဆန္နာဂါရိကဂိုဏ်းသည်လည်း ဝဇ္ဇိပုတ္တကဂိုဏ်းခွဲဖြစ်လေသည်။ ယင်းဂိုဏ်းပြန့်နှံ့ရာမြို့ပေါင်း ၆–မြို့ရှိသည့်အဖြစ်ကြောင့် ဆန္နဂါရိကမည်ကြောင်း သီဟိုဠ်မဟာယာနသမိုင်းကျမ်း၌ တွေ့ရ၏။ ယင်းဆန္နာဂါရိကဂိုဏ်း သီဟိုဠ်ကျွန်း အဘယဂိရိဂိုဏ်းနှင့် စပ်သွယ်သည်ဟုလည်း သိရ၏။

## သမ္မိတိယဂိုဏ်း

သမ္မိတိယဂိုဏ်းသည်လည်း ထင်ရှားခဲ့သော ဗုဒ္ဓသာသနာဂိုဏ်းတဂိုဏ်းဖြစ်လေသည်။ ဝဇ္ဇိပုတ္တကဂိုဏ်းခွဲပင်ဖြစ်၏။ သက္ကတအခေါ်လည်း သမ္မိတိယပင်ဖြစ်၏။ သမ္မတမည်သော မထေရ်တည်ထောင်သော ဂိုဏ်းဖြစ်သောကြောင့် သမ္မိတိယမည်သတတ်။ အာဝန္တိဂိုဏ်း၊ ကုရုကုလ္လဂိုဏ်း–ဟူ၍လည်း ခေါ်ကြသည်။ ယင်းသမ္မတိယဂိုဏ်းသည် အေဒီ ၅–ရာစု၊ ၆–ရာစုအတွင်း ထွန်းကားကျယ်ပြော ပြန့်နှံ့ခဲ့လေသည်။ ဟသဿဝဒ္ဓနလက်ထက်က သမ္မိတိဂိုဏ်းသားတို့၏ ပိဋကတ်ကျမ်းစာများကို သော်ရသေနိဘာသာ၊ နာပဘံသဘာသာတို့ဖြင့် ရေးတင်ခဲ့ကြကုန်၏။ သံကဿမြို့၊ ဟယမုဒေသ၊ ဥဇ္ဇေနီပြည်၊ ကဏ္ဏာသုဝဏ္ဏာပြည်၊ မာလဝဒေသ–စသည်တို့၌လည်းကောင်း၊ အိန္ဒိယအနောက်ပိုင်းတို့၌လည်းကောင်း၊ သမ္မိတိယဂိုဏ်းဝင်ပုဂ္ဂိုလ်တို့ပြန့်နှံ့ခဲ့ကုန်၏။ .

သမ္မိတိယဂိုဏ်းသားတို့၏ဌာနချုပ်ကား အနောက်ဘင်္ဂလားဒေသနှင့် အရှေ့ဖက်ဟီယွန်ဆန် အိန္ဒိယခရီးလှည့်စဉ်က သမ္မိတိဂိုဏ်းသားရဟန်းများ၊ ကျောင်းတိုက်တော်တော်များများကို တွေ့ရှိခဲ့ကြောင်းဆို၏။ ယင်းသမ္မိတိယဂိုဏ်းသားတို့သည် –

ဝဂ္ဂါရတန သုရာရတနံ၊ ရတနံ ဒေဝေါ မနောဘဝေါ။

တေဒြိတနတြယံ ဝန္ဒေ၊ ဟျ နျတ်တာဝ မဏိတြယမ်။ ဟူသည်နှင့်အညီ တချို့ သမ္မိတိယ ဂိုဏ်းသားတို့သည် ပြည့်တန်ဆာ

ရတနာ၊ သေရည်သေရက်ရတနာ၊ ကာမနတ်ရတနာ ဤ ၃–ပါး၌ အမြတ်ဆုံးရတနာဖြစ်သည်ဟု သင်ပြကြကုန်၏။[၁] ၎င်း ၃–ပါးတို့ကို ရှိခိုးကြကုန်၏။ သမ္မိတိယဂိုဏ်းဝင်တဦးသည် ညအခါ အဝတ်ညိုကို ဝတ်ရုံ၍ ပြည့်တန်ဆာအိမ်သို့သွား၍ ထိုအိမ်၌နေလျက် မိုးလင်းလတ်သော် ကျောင်းသို့ပြန်သွားလေ၏။ သူ၏တပည့်တို့သည် ထိုအကြောင်းအခြင်းအရာကိုမြင်၍ ဤအသွင်သည်ကောင်းပါသလောဟု မေးကြကုန်၏။ ထိုအခါ မိမိယူခဲ့သောအသွင်များကို များစွာသူတို့တွေ့မြင်ကြပြီးဖြစ်သဖြင့် ၎င်းကိုချီးမွမ်းကာ အကျိုးအာနိသင်ကိုပြောပြလေ၏။ ထိုရဟန်း၏ စကားကို လိုက်နာကြသောရဟန်းတို့သည် သင်္ကန်းကို ပယ်ကြကုန်၍ အဝတ်ညိုကို ဝတ်ရုံကြကုန်၏။ ၎င်းရဟန်းသည်ပင်လျှင် ပြည့်တန်ဆာ၊ သေရည်သေရက်၊ ကာမနတ်တို့သည် အတုမဲ့ရတနာတို့ဟုဆိုပြီး အခြားရဟန်းတို့ကို အဖိုးမတန်သည်ကိုပြ၍ ဋီလပဋ္ဌဒသသနကျမ်းတစ်စောင်ကို ရေးသားခဲ့လေသည်။ ၎င်းကျမ်းသည် သမ္မိတိယဂိုဏ်းသားတို့၏ ကျမ်းဖြစ်လာလေသည်။ နိကာယသင်္ဂဟကြည့် –

ပုဂံပြည်၌ရှိခဲ့ဘူးသော အရည်းကြီးများမှာ ၎င်းသမ္မိတိယဂိုဏ်းသားတို့ အဆက်အနွယ်ဖြစ်လေသည်။ နောက်၌ဖော်ပြပါမည်။

## သမ္မိတိယတို့အယူအချို့

သမ္မိတိယဂိုဏ်းသားတို့သည် ပုဂ္ဂိုလ်သတ္တဝါထင်ရှားရှိ၏ဟု ယူကြ၏။[၂] ရဟန္တာပုဂ္ဂိုလ်တို့သည် ရဟန္တာအဖြစ်မှဆုတ်ယုတ်၏ဟုလည်း ယူကြကုန်၏။[၃] နတ်ဗြဟ္မာတို့၌ ဗြဟ္မစရိယဝါသမရှိ၏ဟု ယူကြကုန်၏။[၄] သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်အား ပရိယုဋ္ဌာန်ကိလေသာ ၂–မျိုးတို့ ပယ်အပ်ကုန်၏ဟုလည်း ယူကုန်၏။[၅] အန္တရာဘဝရှိ၏ဟူ၍

---

၁။ မဟာယာန အဒဟယ်။ ၅၉။
၂။ အဘိ၊ ဌ၊ ၃။ ၁၁၂။
၃။ အဘိ၊ ဌ၊ ၃။ ၁၄၁။
၄။ အဘိ၊ ဌ၊ ၂။ ၁၄၆။ အနု၊ ဋီ၊ ၃။ ၈၆။
၅။ အဘိ၊ ဌ၊ ၃။ ၁၇၂။

လည်း ယူကြကုန်၏။[၁] အခြားယူဆပုံများ အဘိ၊ ၃၊ ၃။ ၂၀၉။ ၂၁၀။ ၂၁၁။၂၁၂။ ၂၁၉။ ၂၂၃။ ၂၂၅။ ၂၄၈။ ၂၅၂-တို့လည်း ကြည့်။

ဖော်ပြခဲ့သော ဓမ္မုတ္တရိကဂိုဏ်း၊ ဘဒ္ဒယာနိကဂိုဏ်း၊ ဆန္နာဂါရိကဂိုဏ်းတို့ကို ဝဇ္ဇီပုတ္တကဂိုဏ်းခွဲများဖြစ်သောကြောင့် ဒီပဝံသ၊ မဟာဝံသတို့၌ အောက်ပါအတိုင်းမှတ်တမ်းတင်ခဲ့ကြကုန်၏။

ဝဇ္ဇီပုတ္တကဝါဒမှိ၊ စတုရာ ဘောဒေါ အဇာယထ။
ဓမ္မုတ္တရိကာ ဘဒ္ဒိယာနိကာ၊ ဆန္နာဂါရိကာ စ သမ္မိတိ။
(ဒီပဝံသ၊ ၄၊ ၈၅။)

ဇာနာထ ဓမ္မုတ္တရိယာ၊ ဘဒ္ဒိယာနိက ဘိက္ခဝေါ။
ဆန္နာဂါရာ သမ္မိတိယာ၊ ဝဇ္ဇီပုတ္တိက ဘိက္ခုဟိ။
(မဟာဝံသ၊ ၅၊ ၇။)

## သဗ္ဗတ္ထဝါဒီဂိုဏ်း

သဗ္ဗတ္ထဝါဒီဂိုဏ်းသည် မဟိသာသကဂိုဏ်းမှထပ်မံ ခွဲထွက်ခဲ့ တည်ထောင်ခဲ့သောဂိုဏ်းဖြစ်လေသည်။[၂] သက္ကတအခေါ် သဝဒ္ဒေါဝါဒိန် ဖြစ်လေသည်။ ယင်းဂိုဏ်းသည် အိန္ဒိယဒေသတော်တော်များများ၌ ပြန့်နှံ့ခဲ့လေသည်။ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ၃-ပါးလုံး၌ တရားရှိ၏ဟုယူသောကြောင့် သဗ္ဗတ္ထိဝါဒီမည်ကြောင်း ဝသုပန္ဓုထေရ်က အဘိဓမ္မာကောသ၌ ဆိုလေ၏။ ထေရဝါဒကျမ်းစာအားလုံးကို ပါဠိဘာသာအားဖြင့်ရေးကြရာ သဗ္ဗတ္ထဝါဒီဂိုဏ်းသားတို့၏ဌာနချုပ်သည် ကသ္မီရတိုင်းဖြစ်လေသည်။

---

၁။ အဘိ၊ ၃၊ ၃။ ၂၀၅။

၂။ ဟေတုဝါဒဂိုဏ်း, ဟေတုဝိဇ္ဇာဂိုဏ်း, မုရုန္တကဂိုဏ်း, ဗြဟ္မဝါဒီဂိုဏ်း-ဟူ၍လည်း ခေါ်ကြ၏။

သာသနာသက္ကရာဇ် ၂၃၆–ခုနှစ်တွင် တန်ဆောင်မုန်းလပြည့်ကျော်တွင် တတိယသံဂါယနာတင်အပြီး အရှင်မဇ္ဈန္တိကထေရ် ဦးဆောင်သော သာသနာပြုအဖွဲ့တို့ပြုစုပျိုးထောင်ခဲ့သော ထေရဝါဒသာသနာ ကြာရှည်မတည်သည်မှာ သဗ္ဗတ္ထိဝါဒီဂိုဏ်းသားတို့ကြောင့်ဖြစ်ကြောင်း ဆိုကြ၏။[၁] တတိယသံဂါယနာတင်ပြီး ကာလကြာသော် သဗ္ဗတ္ထိဝါဒီတို့သည် ထေရဝါဒဂိုဏ်းထက်ပို၍ ကြီးပွားတိုးတက်ခဲ့လေသည်။ နောက်တွင် မူလသဗ္ဗတ္ထိဝါဒီဂိုဏ်း၊ အရိယသဗ္ဗတ္ထိဝါဒီဂိုဏ်းဟု ၂–ဂိုဏ်းကွဲလေသည်။ ကသ္မီရတိုင်း၊ ဂန္ဓာရတိုင်း၊ ဥဒ္ဒေနီပြည်၊ ကဿော ဗ၊ ပါရသီ–စသည့်ဒေသများ၌ သဗ္ဗတ္ထိဝါဒီတို့နေကြကြောင်း ဟီယွန်ဆန်မှတ်တမ်း၌ ဖော်ပြခဲ့လေသည်။

ထေရဝါဒပိဋကနှင့် သဗ္ဗတ္ထိဝါဒီတို့၏ ပိဋကကျမ်းစာများခြားနားပုံကို အကျဉ်းမျှဖော်ပြဦးအံ့။ ထေရဝါဒ၌ သုတ္တန်ပိဋက (ဒီဃနိကာယ၊ မဇ္ဈိမနိကာယ၊ သံယုတ္တနိကာယ၊ အင်္ဂုတ္တရနိကာယ၊ ခုဒ္ဒကနိကာယသည် သဗ္ဗတ္ထိဝါဒီသုတ္တန်ပိဋက၌ ဒီဃာဂမ၊ မဇ္ဈိမာဂမ၊ သံယုတ္တကာဂမ၊ ကၡုဒြကာဂမ ဖြစ်လေသည်။

ထေရဝါဒ ဝိနည်းပိဋက၌ ပါရာဇိက၊ ပါစိတ္တိယ၊ မဟာဝဂ္ဂ၊ စူဠဝဂ္ဂ၊ ပရိဝါရသည် မထုရာသဗ္ဗတ္ထိဝါဒ၌ ပါရာဇိက၊ ပြာယၑ္စိတ္တ၊ အဝဒါနမ်၊ ဇာတကမ်ဖြစ်၍ ကသ္မီရသဗ္ဗတ္ထိဝါဒီတို့၏ဝိနည်းပိဋက၌ ဝိနယဝသ္တု၊ ပြာတိမောက္ခ၊ သူတြ၊ ဝိနယဝိဘင၊ ဝိနယက္ၡုဒြကဝသ္တု၊ ဝိနယဥတ္တရဂြန္ထ ဖြစ်လေသည်။ သဗ္ဗတ္ထိဝါဒီတို့၏ အဘိဓမ္မာ ၇–ကျမ်းတို့ကား –

| | |
|---|---|
| ၁။ ဓမ်သ္ကန္ဓပါဒ | အာယ်သာရိပုတြပြု |
| ၂။ ဝိညာဏကာယပါဒ | ဒေဝဂမ်ထေရ်ပြု |
| ၃။ ပြကရဏပါဒ | ဝသုမိတြထေရ်ပြု |
| ၄။ ပြဇ္ဉပ္တိပါဒ | အာယ်မောဂ္ဂလာနပြု |

---

၁။ မဟာယာန အဒဟာသ်။ ၄၄။

၅။ ဓာတုကာယပါဒ ပုဏ်ထေရ်ပြု
၆။ သင်္ဂီတိယပယာယပါဒ မဟာကောဋ္ဌိလပြု
၇။ ဇာနပြဿါနမ် အာယ်ကာတျာယနပြု–တို့
ဖြစ်ကုန်၏။

ဤကား သာမာန်သိသာရုံဖော်ပြချက်တည်း။ သဗ္ဗတ္ထိဝါဒီတို့နှင့် မှတ်သားဖွယ်အကျယ်ကို မဟာယာနသမိုင်းကျမ်းစသည်တို့ ရှုပါလေ။ သဗ္ဗတ္ထိဝါဒီတို့အယူအချို့ ကထာဝတ္ထုအဋ္ဌကထာ ကြည့်ရှုရာ၏။[၁]

## ဓမ္မဂုတ္တိကဂိုဏ်း

ဓမ္မဂုတ္တိကဂိုဏ်းသည်လည်း မဟိံသာသကဂိုဏ်းခွဲဖြစ်လေသည်။ သက္ကတအခေါ် ဓမ်ဂုပ္တိ ဖြစ်လေသည်။ ဓမ္မဂုတ္တထေရ် စတင်တည်ထောင်သောဂိုဏ်းဖြစ်၍ ဓမ္မဂုတ္တိကမည်ကြောင်း သီဟိုဠ်မဟာယာနသမိုင်းကျမ်း၌ ဆို၏။ ယင်းဂိုဏ်းသည် တရုတ်၊ တူရကီတိုင်းပြည်များသို့ ပြန့်နှံ့သွားခဲ့လေသည်။

တရုတ်ပြည်၌ ကျောင်းတိုက်အားလုံးတို့၌ ဓမ္မဂုတ္တိကဂိုဏ်းသားတို့၏ ပါတိမောက်ကိုလေ့လာကြကြောင်း တရုပ်ခရီးသည် ကူရှသီက ဆိုလေသည်။

ဖော်ပြခဲ့သော သဗ္ဗတ္ထိဝါဒီဂိုဏ်းနှင့် ဓမ္မဂုတ္တိကဂိုဏ်းတို့၏ မဟိံသာသကဂိုဏ်းခွဲတို့၏အဖြစ်ကို ဒီပဝံသ၊ မဟာဝံသတို့၌ အောက်ပါအတိုင်း မှတ်တမ်းပြုခဲ့ကြကုန်၏။

မဟိံသာသကာနံ ဒွေဘေဒေါ၊ အပရကာလမှိ ဇာယထ။
သဗ္ဗတ္ထိဝါဒါ ဓမ္မဂုတ္တာ၊ ဒွိဓာ ဘိန္နိတ္ထ ဘိက္ခဝေါ။

(ဒီပဝံသ၊ ၄၊ ၈၆)

---

၁။ အဘိ၊ ၄၊ ၃။ ၁၄၁။ ၁၄၉။ ၁၆၇။

မဟိံသာသက ဘိက္ခုဟိ၊ ဘိက္ခူ သဗ္ဗတ္ထိဝါဒိနော။
ဓမ္မဂုတ္တိယ ဘိက္ခူ စ၊ ဇာတာ ခလု က္လမေ ဒုဝေ။
(မဟာဝံသ၊ ၅။ ၈)

## ကဿပိကဂိုဏ်း

ကဿပိကဂိုဏ်းသည် သဗ္ဗတ္ထိဝါဒီဂိုဏ်းမှ ခွဲထွက်တည်ထောင်ခဲ့သောဂိုဏ်းဖြစ်လေသည်။ သက္ကတအခေါ် ကာဂျပိယ ဖြစ်လေသည်။ ဤဂိုဏ်းကိုစတင်တည်ထောင်သူမှာ ကဿပထေရ်ဖြစ်သောကြောင့် ကဿပိယဂိုဏ်းဟု သိရ၏။ ယင်းဂိုဏ်းကို သဒ္ဓမ္မဝဿိကဂိုဏ်းဟူ၍လည်း ခေါ်ကြကုန်၏။ ယင်းကဿပိယဂိုဏ်းဝင်တို့သည် အချို့သောအကျိုးမပေးသော အတိတ်ဝိပါက်များရှိနိုင်သည်ဟု ယူဆကြကုန်၏။[၁] ယင်းကဿပိယဂိုဏ်းပေါ်ထွန်းချိန်မှာ သာသနာသက္ကရာဇ် ၂၀၀–အတွင်းက ဖြစ်လေသည်။

## သံကန္တိက (သံကန္တိကကဿပိကဂိုဏ်း)

ယင်းသံကန္တိဂိုဏ်းသည်လည်း သဗ္ဗတ္ထိဝါဒီတို့မှ ခွဲထွက်လာခဲ့သောဂိုဏ်းဖြစ်လေသည်။ သက္ကတအခေါ် သံကြန္တိယဖြစ်လေသည်။ ဥတ္တရိယဂိုဏ်း၊ သာမြသာဋီယဂိုဏ်းဟု ခေါ်ကြကြောင်းလည်း သိရလေသည်။ ယင်းသံကန္တိဝါဒီဂိုဏ်းသားတို့၏ အယူဝါဒမှာ သုတ္တန္တိက (သော်တြာန္တိက)ဂိုဏ်းသားတို့၏ဝါဒနှင့် တူသတတ်။ သတ္တဝါတို့၏ အမျိုးမျိုးအဖုံဖုံပြောင်းဖြစ်သွားရသည်ကို ပဓာနပြု၍ ဟောလေ့ပြောလေ့ရှိသောကြောင့် သံကန္တိကဂိုဏ်းမည်ကြောင်း ဆိုကြကုန်၏။

## သုတ္တန္တိကဂိုဏ်း

ယင်းသုတ္တန္တိကဂိုဏ်းသည်လည်း သဗ္ဗတ္ထိဝါဒီဂိုဏ်းခွဲဖြစ်လေသည်၊ သံကန္တိကဂိုဏ်းခွဲဟူသည်လည်း ရှိသေး၏။ ယင်းဂိုဏ်းကို

---

၁။ အဘိ၊ ဋ္ဌ၊ ၃။ ၁၅၇။

စတင်တည်ထောင်သူမှာ ကဏိသျှကမင်းလက်ထက်၌ထင်ရှားသော ကုမာရလဒ္ဓထေရ်ဖြစ်ကြောင်း ဟီယွန်ဆန်ဆို၏။ သုတ္တန္တိဒေသနာကို အလေးပေးပမာဏပြု၍ ဟောပြောမှတ်ယူလေ့ရှိသောကြောင့် သုတ္တန္တိက (သင်္ကန္တိကဟု ယူဆချက်ကွဲပြားသူလည်းရှိသည်) ဟု ခေါ်ကြောင်း ဆိုကြကုန်၏။

သဗ္ဗတ္ထိဝါဒါ ကဿပိကာ၊ သင်္ကန္တိ ကဿပိကေနေ စ။
သုတ္တဝါဒါ တတော အညာ၊ အနုပုဗ္ဗေန ဘိဇ္ဇထ။
(ဒီပဝံသ၊ ၄။ ၈၇)

ဇာတာ သဗ္ဗတ္ထိဝါဒီဟိ၊ ကဿပိယာ တတော ပန။
ဇာတာ သင်္ကန္တိကာ ဘိက္ခူ၊ သုတ္တဝါဒါ တတော ပန။
(မဟာဝံသ၊ ၅။ ၉)

## ဂိုဏ်းကြီး ၁၈-ဂိုဏ်း

ဤသို့ဖော်ပြခဲ့သည့်အတိုင်း ဂေါကုလိကဂိုဏ်း၊ ဧကဗျောဟာရဂိုဏ်း၊ ပညတ္တိဂိုဏ်း၊ ဗဟုဿုတိကဂိုဏ်း၊ စေတိယဂိုဏ်း၊ မူလမဟာသံဃိကဂိုဏ်းမကြီးနှင့်တကွ မဟာသံဃိက ၆-ဂိုဏ်း၊ မဟိံသာသကဂိုဏ်း၊ ဝဇ္ဇိပုတ္တကဂိုဏ်း၊ ဓမ္မုတ္တရိကဂိုဏ်း၊ ဘဒ္ဒယာနိကဂိုဏ်း၊ ဆန္နာဂါရိကဂိုဏ်း၊ သမ္မိယဂိုဏ်း၊ သဗ္ဗတ္ထိဝါဒီဂိုဏ်း၊ ဓမ္မဂုတ္တိကဂိုဏ်း၊ ကဿပိယဂိုဏ်း၊ သင်္ကန္တိကဂိုဏ်း၊ သုတ္တန္တိကဂိုဏ်း၊ မူလထေရဝါဒီဂိုဏ်းမနှင့်တကွ ၁၂-ဂိုဏ်း ၂-ရပ်ပေါင်း သံဃာဂိုဏ်းကြီး ၁၈-ဂိုဏ်း ဖြစ်လေသည်။ ထေရဝါဒီတို့မှခွဲထွက်သော ဂိုဏ်း ၁၁-ဂိုဏ်းသားတို့သည်လည်း ပါဠိအနက်ကို အမျိုးမျိုးဖျက်ဆီးကြကုန်၏။ ဓမ္မကို အဓမ္မဟု ပြုကြကုန်သည်သာ၊ ယင်း ၁၈-ဂိုဏ်းအနက် မူလဝါဒမိခင် ထေရဝါဒီဂိုဏ်းကြီးသည်သာလျှင် ဂိုဏ်း ၁၈-ဂိုဏ်းတို့တွင် အမြတ်ဆုံး အစစ်မှန်ဆုံးဂိုဏ်းဖြစ်လေသည်။ ယခု မြန်မာ၊ ယိုးဒယား၊ ကမ္ဗောဒီယား၊ လာအိုစ်၊ သီဟိုဠ်နိုင်ငံတို့၌ရှိသော ဂိုဏ်းတို့မှာ ထေရဝါဒီဂိုဏ်း ထေရဝါဒီသာသနာဖြစ်လေသည်။

ဣမေ ကောဒသဝါဒါ၊ ပဘိန္နာ ထေရဝါဒတော။
အတ္ထံ ဓမ္မဥ္စ ဘိန္ဒိံသု၊ ကေဒေသဥ္စ သင်္ဂဟံ။
ဂန္ထဥ္စ ကေဒေသဥ္စိ၊ ဆဍ္ဍေတွာန အကံသု တေ။
နာမံ လိင်္ဂံ ပရိက္ခာရံ၊ အာကပ္ပကရဏာနိ စ။
ပကတိဘာဝံ ဇဟိတွာ၊ တဥ္စ အညံ အကံသု တေ။
သတ္တရသာဘိန္နဝါဒါ၊ ဧကဝါဒေါ အဘိန္နကော။
သဗ္ဗေဝါဋ္ဌာရသာ ဟောန္တိ၊ ဘိန္နဝါဒေန တေ သဟ။
နိဂြောဓောဝ မဟာရုက္ခော၊ ထေရဝါဒါဝ မုတ္တမော။
အနူနမနိမိမဇ္ဈေဝ၊ ကေဝလံ ဇိနသာသနံ။
ကဏ္ဍကာဝိယ ရုက္ခမှိ၊ နိဗ္ဗတ္တာဝါဒ သေသကာ။
ပဌမေ ဝဿသတေ နတ္ထိ၊ ဒုတိယေ ဝဿသတန္တရေ။
ဘိန္နာ သတ္တရသဝါဒါ၊ ဥပ္ပန္နာ ဇိနသာသနေ။[၁]
ထေရဝါဒေန သဟ တေ၊ ဟောန္တိ ဒွါဒသိမေပိ စ။
ပုဗ္ဗေ ဝုတ္တာ ဆဝါဒါ စ၊ ဣတိ အဋ္ဌာရသာခိလာ။
သတ္တရသာပိ ဒုတိယေ၊ ဇာတာ ဝဿ သတေ ဣတိ။[၂]

## နောက်ထပ်ကွဲဂိုဏ်းများ

ဖော်ပြပါဂိုဏ်းကြီး ၁၈–ဂိုဏ်းအပြင် နောက်ထပ်ကွဲပြားသော ဂိုဏ်းကွဲများလည်း ရှိကုန်သေး၏။ သူတေသီတို့အတွက် ဆက်လက်၍ ဖော်ပြဦးအံ့။

## ဂိုဏ်း ၆–ဂိုဏ်း ထပ်မံပေါ်လာခြင်း

တတိယသံဂါယနာတင်ခါနီး သာသနာသက္ကရာဇ် ၂၃၅– ခုနှစ်လောက်တွင် သဿတဝါဒ၊ ဧကစ္စသဿတဝါဒ၊ အန္တာနန္တိက၊ အမရာဝိက္ခေပ၊ အဓိစ္စသမုပ္ပန္နိက၊ သညီဝါဒ၊ အသညီဝါဒ၊ နေဝသညီ

---

၁။ ဒီပဝံသ၊ ၄။ ၈၈–၉၂။ (အဘိ၊ ဋ၊ ၃။ ၁၀၈)
၂။ မဟာဝံသ၊ ၅။ ၁၀။၁၁။

နာသညီဝါဒ၊ ဥစ္ဆေဒဝါဒ၊ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ–စသော အယူမှားရှိကြသော မိစ္ဆာဝါဒီဒိဋ္ဌိ ၆၀,၀၀၀–တို့သည် ထေရဝါဒီ (ထေရိယနိကာယ)မှ ခွဲထွက်ထုတ်ပယ်အပ်ကုန်သော ၁၇–ဂိုဏ်းဝင်ပုဂ္ဂိုလ်တို့ထံ ချဉ်းကပ်ရဟန်းပြုကြကုန်၏။ ၎င်းဒိဋ္ဌိ ၆၀,၀၀၀–တို့သည် ၆–စုကွဲကြကာ ဟေမဝတိကဂိုဏ်း၊ ရာဇဂိရိကဂိုဏ်း၊ သိဒ္ဓတ္ထိကဂိုဏ်း၊ ပုဗ္ဗသေလိယဂိုဏ်း၊ အပရသေလိယဂိုဏ်း၊ အပရရာဇဂိရိက (နောက်ထပ်ကွဲ ရာဇဂိရိက) ဂိုဏ်းအားဖြင့် ၆–ဂိုဏ်း ထပ်မံ၍ ကွဲပြားကြကုန်၏။

ဟေမဝတိကာ ရာဇဂိရိကာ၊ သိဒ္ဓတ္ထပုဗ္ဗာပရသေလိကာ။
အပရော ရာဇဂိရိကော၊ ဆဗ္ဗာ ဥပ္ပန္နာ အပရာပရာ။

(ဒီပဝံသ၊ ၄၊ ၉၃။)

ဟေမဝတာ ရာဇဂိရိယာ၊ တထာ သိဒ္ဓတ္ထကာပိ စ။
ပုဗ္ဗသေလိယ ဘိက္ခူ စ၊ တထာ အပရသေလိယာ။
ဝါဇိရိယာ[၁] ဆ ဧတေဟိ၊ ဇမ္ဗုဒီပမှိ ဘိန္နကာ။

(မဟာဝံသ၊ ၅။ ၁၂–၁၃။)

ယာ သင်္ဂီတိတ္တသဟာသနိသာဂတန္တိ၊
ဒုလ္လဒ္ဓိ ဃောရတိမိရံ ဝိနိဟာစ္စ သမ္မာ။
သာ တီသထေရ ရဝိနာ ဂမိတာဝိကာသံ။
သင်္ဂီတိစာရုနလိနီအပိ ဒဿိတာ မေ။

(နိကာယသင်္ဂဟ၊ ၇၀။ သီဟိုဠ်ကျမ်းစာ)

## ဟေမဝတိကဂိုဏ်း

ယင်းဂိုဏ်း ၆–ဂိုဏ်းအနက် ဟေမဝတိကဂိုဏ်းမှာ ဟိမဝန္တာတောင်အနီး ဌာနချုပ်ပြု၍ နေကြကုန်ရကား ဟေမဝတိကမည်

---

၁။ ဒီပဝံသ အပရရာဇဂိရိကဂိုဏ်း အစား မဟာဝံသ၌ ဝါဇိရိယဂိုဏ်းဟု ဖြစ်သည်။

ကြောင်း မဟာယာနအဒဟာသ်ကျမ်း၌ တွေ့ရ၏၊[၁] ဝိ၊ ဌ၊ ၃၊ ၉။ သံ၊ ဌ၊ ၂၊ ၁၈၆။ ကခါ၊ ဋီသစ်။ ၃၄၉–၌တွေ့ရသော ပရိယတ္တိသဒ္ဓမ္မ ပဋိရူပက၊ အဗုဒ္ဓဝစနဖြစ်သော ဝဏ္ဏပိဋကဆိုသည်မှာ ဖော်ပြပါ ဟေမဝတိကဂိုဏ်းသားတို့ပြုစီရင်ကြောင်း သီဟိုဠ်ဘာသာရေး နိကာယ သင်္ဂဟာကျမ်း[၂]၌ ဆိုလေသည်။

တက္ကိကာ ဟေမဝတိကာ၊ ဟိမာလယနိဝါသိနော။
ဝဏ္ဏဝှ ပေဋကံနာမ၊ ကတွာ စက္ကဝိဒ္ဓံသိနော။

## ရာဇဂိရိကဂိုဏ်း

ယင်း ရာဇဂိရိကဂိုဏ်းသားတို့သည် နောက်တွင် မဟာ သံဃိကဂိုဏ်းခွဲအဖြစ် အမည်ခံကြကုန်၏၊ ၎င်းတို့အယူများကို ကထာဝတ္ထု အဋ္ဌကထာ၌ကြည့်ရှုရာ၏။[၃] ယင်းရာဇဂိရိကဂိုဏ်းသား တို့သည် အင်္ဂုလိမာလ ပိဋကကို ရေးသားကြကုန်၏။[၄]

တက္ကိကာ ရာဇဂိရိကာ၊ ဓမ္မရာဇဝိရောဓကာ။
အင်္ဂုလိမာလပေဋကံ၊ ကတွာ စက္ကဝိဒ္ဓံသကာ။

## သိဒ္ဓတ္ထိကဂိုဏ်း

သိဒ္ဓတ္ထမည်သောပုဂ္ဂိုလ် စတင်ခေါင်းဆောင် တည်ထောင် သောကြောင့် သိဒ္ဓတ္ထိကဂိုဏ်းမည်သည်ဟု သိရ၏။ သိဒ္ဓတ္ထိကဂိုဏ်း သားတို့သည် ဂူဠ္ဟဝေဿန္တရပိဋကကို ပြုကြကုန်၏။[၅] ယင်းသိဒ္ဓတ္ထိက ဂိုဏ်းသားတို့၏ အယူအချို့ကိုလည်း ကထာဝတ္ထုအဋ္ဌကထာ၌ ကြည့် ရှုရာ၏။

---

၁။ မဟာယာန အဒဟာသ်။ ၆၀။ ၂။ နိကာယသင်္ဂဟာ။ ၇၀။
၃။ အဘိ၊ ဌ၊ ၃။ ၂၃၄။ ၂၄၇။ ၂၅၄။ ၂၅၅။
၄။ နိကာယသင်္ဂဟာ။ ၇၀။
၅။ အဘိ၊ ဌ၊ ၃။ ၁၉၅–၆–၇–၈–၉၊ ၂၅၄၊ ၂၅၅–တို့၌ ကြည့်ရှုရာ၏။

တက္ကိကာ သိဒ္ဓတ္ထိကာပိ၊ သိဒ္ဓတ္ထသ ဝိရောဓကာ။
ဂုဠှဝေဿန္တရံ ကတွာ၊ ဇိနစက္ကဝိဒ္ဓံသကာ။

## ပုဗ္ဗသေလိယဂိုဏ်း

ဓနကဋ္ဋကအရပ် အနောက်ပိုင်း၌တည်သော အရှေ့ဖက်တောင်၌ဌာနချုပ်ပြုလုပ်နေထိုင်ကြသောရဟန်းတို့၏ အစုအပေါင်းဖြစ်သောကြောင့် ပုဗ္ဗသေလိယမည်ကြောင်း သိရလေသည်၊ သက္ကတအခေါ် ပုဝ်ဂဲလိယဖြစ်လေသည်၊ ၎င်းတို့သည် ရဋ္ဌပါလဂဇ္ဇိတပိဋကကို ရေးသားကြကုန်၏၊ ၎င်းတို့၏အယူဝါဒတမျိုးကို အဘိ၊ ဋ္ဌ၊ ၃။ ၂၈၂– ၌ ကြည့်ရှုရာ၏။

တက္ကိကာ ပုဗ္ဗသေလိယာ၊ ထေရဝါဒဝိရောဓကာ။
ရဋ္ဌပါလဂဇ္ဇိတံ တေ၊ ကရိတွာ ဝိရုဒ္ဓံ ကရုံ။

## အပရသေလိယဂိုဏ်း

အပရသေလိယသည် သက္ကတအခေါ် အဝရဂဲလိယ (အပရဂဲလိယ)ဖြစ်သည်၊ ဓနကကဋ္ဋကအရပ် အနောက်ပိုင်းရှိ အနောက်တောင်၌ ဌာနချုပ်ပြုလုပ်၍ နေထိုင်ကြသောကြောင့် အပရသေလိယမည်ကြောင်း ဆိုကြ၏၊ ယင်းအပရသေလိယဂိုဏ်းသားတို့သည် မာရ်မင်း၏ အသင်းအပင်းနတ်တို့က ရဟန္တာပုဂ္ဂိုလ် သုတ်လွှတ်ရန် ကပ်ဆောင်ကြကုန်၏ဟု အချွတ်ချွတ် အလွဲလွဲ ယူဆကြကုန်၏၊[၁] သောတာပန်, သကဒါဂါမ် (ဒိဋ္ဌိသမ္ပန္န)ပုဂ္ဂိုလ်များ ဒေါသမပယ်သေးတဲ့အတွက် သတ္တဝါတို့ကို သတ်ဖြတ်သေးသည် စသည်ဖြင့်လည်း ယူဆကြကုန်၏၊[၂] ဖော်ပြပါ အပရသေလိယဂိုဏ်းသားတို့သည် အာဋ္ဌာဝကဂဇ္ဇိတပိဋကကို ရေးသားစီရင်ကြကြောင်း နိကာယသင်္ဂဟ၌[၃] ဆိုလေသည်။

---

၁။ အဘိ၊ ဋ္ဌ၊ ၃။ ၁၆၀။

၂။ အဘိ၊ ဋ္ဌ၊ ၃။ ၂၃၃။ (၂၃၇၊ ၂၅၁၊ ၂၈၂–တို့လည်းကြည့်)

၃။ နိကာယသင်္ဂဟသီဟိုဠ်ဘာသာ ကျမ်းစာ။ ၇၀။ (ယင်းဂုဋ္ဌဝိနယပိဋကစသောအမည်များကို သံ၊ ဋ္ဌ၊ ၂။ ၁၈၆။ ဝိ၊ ဋ္ဌ၊ ၃။ ၉။ ကခ၊ ဋီ၊ သစ်။ ၃၄၉–တို့၌ တွေ့ရ၏။

အပရသေလိယာ နာမ၊ တက္ကိကာ တက္ကသီလိနော။
အာဋ္ဌာဝကဂဏ္ဍိတံ တော၊ လိခိတွာန ဝိနာသယုံ။

## အပရရာဇဂိရိကဂိုဏ်း (ဝါဇိရိယ)

အပရရာဇဂိရိကဂိုဏ်းဟု ဒီပဝံသ၌လာရှိ၏၊ မဟာဝံသ စသည်၌ကား ဝါဇိရိယဂိုဏ်းဟုဆို၏၊ နောက်တွင် ဝဇြယာန(ဝဇိရယာ)ဂိုဏ်းဟု ထင်ရှားသည်ကား ယင်းအပရရာဇဂိရိက သို့မဟုတ် ဝါဇိရိယနိကာယပင် ဖြစ်လေသည်။ ဝဇိရတောင်၌ ဌာနချုပ်ပြုလုပ်၍ နေလေ့ရှိသောကြောင့် ဝဇိရပဗ္ဗတဝါသီ (ဝဇြပဗ်တဝါသီ)ဂိုဏ်းလည်း မည်၏။ ၎င်းဂိုဏ်းသားတို့သည် ဂုဋ္ဌဝိနယပိဋ္ဋကကို ရေးသားကြကုန်၏၊ ၎င်းပြင် မာယာဇာလတန္တြ, သမာဇာလတန္တြ, မဟာသမယတက္က, တက္ကသင်္ဂဟ, ဘူတစာမရ, ဝဇိရာမတ, စက္ကသံဝရ, ဒွိဒသစက္က, ဘေရသဗ္ဗုတ, မဟာမာယာ, ပဒနိက္ခေပ, စတုပ္ပိဌ, ပရာမဒ္ဒ, မရီစိကပ္ပ, သဗ္ဗဗုဒ္ဓ, သဗ္ဗဂုယှ, သမုစ္စယ-စသော တန္တြကျမ်းတို့ကို၎င်း၊ မရီစိကပ္ပ, ဟေရမ္ဗကပ္ပ, တိသမယကပ္ပ, ရာဇကပ္ပ, ဝဇိရဂန္ဓာရကပ္ပ, မရီစိဂုယှကပ္ပ, သုဒ္ဓသမုစ္စယကပ္ပ, မာယာမရီစိကပ္ပ-စသော ကပ္ပကျမ်းတို့ကို၎င်း ပြုစီရင်ကြကုန်၏။

ဝါဇိရိယာ တက္ကိကာပိ၊ ဂုဋ္ဌဝိနယပေဋ္ဋကံ။
သဒ္ဓမ္မပဋိရူပကံ တော၊ ကတွာ စက္ကံ ဝိနာသယုံ။

## ဝေတုလ္လဂိုဏ်း

ဝေတုလ္လဂိုဏ်းဟူ၍လည်း ရှိခဲ့ဘူး၏၊ ယခုတိုင် အချို့ဒေသတို့၌ ဝေတုလ္လဂိုဏ်းသားတို့ ရှိကုန်သေး၏၊ ဝေတုလ္လသည် သက္ကတအခေါ် ဝဲတုလျဖြစ်သည်၊ မဟာပုညဝါဒီမှ မဟာဝေတုလ္လဝါဒီ ဖြစ်သည်ဟုလည်း ဆိုကြကုန်၏၊ သို့ရာတွင် မနီးစပ်လှချေ၊ ကထာဝတ္ထုအဋ္ဌကထာ၌[၁] မဟာပုညဝါဒီသခါတာနံ ဝေတုလ္လကာနံ-ဟု တွေ့ရ၏၊

---

၁။ အဘိ၊ ဌ၊ ၃။ ၂၅၈။

မဟာပုညဝါဒီမှ မဟာဝေတုလ္လဝါဒီ – နောက်တွင် မဟာပြုတ်၍ ဝေတုလ္လဝါဒီဖြစ်ကြောင်းလည်း ဆိုကြကုန်၏၊ ဝိပုလမှ ဝေပုလ္လဖြစ်ကြောင်းလည်း ဆိုကြကုန်သေးသည်၊ ယင်းမဟာယာနဂိုဏ်းသားတို့သည် ၎င်းတို့၏အယူ၏ ကြီးမြတ်ကုန်ရကား ဝိပုလမည်၏၊ ဝိပုလမှသည် ဝေပုလ္လ၊ ဝေပုလ္လမှသည် ဝေတုလ္လဖြစ်သတတ်၊ ဝေဒလ္လမှ ဝေတုလ္လဖြစ်ကြောင်းလည်း ဆိုကြပြန်သေး၏၊ ထေရဝါဒ၌ ပိဋကအင်္ဂါတို့သည် သုတ္တ, ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန, ဣတိဝုတ္တက, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လ–အားဖြင့် ကိုးပါးဖြစ်ကုန်၏၊ မဟာယာနပိဋက၌ မဟာယာနတို့အလိုအားဖြင့် –

၁။ သုတြ

၂။ ဂေယျ

၃။ ဗျာကရဏ

၄။ ဂါထာ

၅။ ဥဒါန

၆။ အဝဒါန

၇။ ဣတိဝုတ္တက

၈။ နိဒါန

၉။ ဝဲပုလျ

၁၀။ ဇာတက

၁၁။ ဥပဒေ

၁၂။ အဒ္ဘုတဂမ်–အားဖြင့် ၁၂–ပါးဖြစ်ကုန်၏။[၁]

ယင်းပိဋကတ်အင်္ဂါ ၁၂–ပါးတွင်ပါဝင်သော ဝဲပုလျကိုစွဲ၍ ဝဲပုလျဂိုဏ်းဟူသောအမည်ကို ယူခဲ့ပြီးနောက်မှ ဝဲတုလျ ဝေတုလ္လ ဖြစ်သည်ဟု ကြံဆကြကုန်၏။

---

၁။ သုတြဂေယျံ ဗျာကရဏံ၊ ဂါထောဒ္ဒါနာ ဝဒါနာကမ်၊
ဣတ္ထတ္တကံ နိဒါနံ၊ ဝဲပုလျံ စ သဇာတကမ်။
ဥပဒေ ဝေါဒ္ဘုတဓမေ၊ ဒွါဒဂင် ဣဒံဝစ။ (အဘိသမယာလင်္ကာရလောက။)

## ဝေတုလ္လဂိုဏ်းသားတို့ အယူ

ဎင်းဝေတုလ္လဂိုဏ်းသားတို့သည် ပရမတ္ထအားဖြင့် မဂ်ဖိုလ်တို့သည် သံဃာမည်ကုန်၏၊ မဂ်ဖိုလ်တို့မှ တခြား သံဃာမရှိ၊ မဂ်ဖိုလ်တို့သည် တစုံတခုမခံယူနိုင်ကုန်၊ သို့ဖြစ်၍ သံဃာသည် အလှူကို ခံနိုင်၏ဟူ၍ မဆိုသင့်ဟု ယူကြကုန်၏၊[၁] သံဃာသည် အလှူကို မသုတ်သင်နိုင် သံဃာကိုလှူသဖြင့် အကျိုးများစွာမရနိုင်ဟုလည်း ယူကြ၏၊[၂] သံဃာတော်သည် စားတတ်, သောက်တတ်, ခဲတတ်, လျက်တတ်သည်ဟု မဆိုသင့်ဟုလည်း ယူကြ၏၊[၃] မြတ်စွာဘုရားသည် မစားတတ်, မဘုဉ်းပေးတတ်တော့သဖြင့် ဘုရားအားလှူဒါန်းလျှင် အကျိုးအာနိသင် များမြတ်သည်ဟု မဆိုနိုင်–စသည်ဖြင့်လည်း ကြံကြကုန်၏။[၄]

ဎင်းဝေတုလ္လဝါဒီဂိုဏ်းမှာ တတိယသံဂါယနာတင်ခါနီးတွင် ပေါ်လာသောဂိုဏ်းဖြစ်ဟန်ရှိပေသည်၊ ဎင်းဝေတုလ္လဂိုဏ်းသားတို့သည် သီဟိုဠ်၌ သာသနာသက္ကရာဇ် ၇၅၇–၌ နန်းတက်သော ဝေါဟာရတိဿမင်းလက်ထက်တွင် ဝေတုလ္လဝါဒနှိမ်နင်းကြောင်းတွေ့ရသဖြင့် ၇၅၇–ထက်စော၍ ဝေတုလ္လဂိုဏ်းသားများ ရောက်ရှိနေပြီဖြစ်ကြောင်း သိနိုင်ပေသည်၊[၅] ယင်းဝေတုလ္လဂိုဏ်းသားတို့သည် ဝေတုလ္လပိဋကကို ရေးသားစီရင်ကြကုန်၍ ဘုရားမြတ်စွာသာသနာကို ဖျက်ဆီးကြကုန်၏။[၆]

---

၁။ အဘိ၊ ၅၊ ၃။ ၂၅၇–၂၅၈။ ၂။ အဘိ၊ ၅၊ ၃။ ၂၅၈။

၃။ အဘိ၊ ၅၊ ၃၊ ၂၅၉။ ၄။ အဘိ၊ ၅၊ ၃။ ၂၆၀၊ ၂၆၁၊ ၂၈၃–တို့ကြည့်

၅။ ဝေတုလ္လဝါဒံ မဒ္ဒိတွာ၊ ကာရေတွာ ပါပနိဂ္ဂဟံ။ ကပိလေန အမစ္စေန၊ သာသနံ ဇောတယိ စ သော။ (မဟာဝံသ၊ ၃၆။ ၄၁။ အကျယ်သီဟိုဠ်သာသနာဝင်ကြည့်။)

၆။ နိကာယသင်္ဂဟ။ ၇၁။

ဝေတုလ္လဝါဒိနော ဘိက္ခူ၊ ဝေတုလ္လံ ပိဋကံ ကရုံ။
ဝိဒ္ဓံသနာယ သမ္ဗုဒ္ဓ-စက္ကဿ ဝါယာမံ ကရုံ။

## ဓမ္မရုစိဂိုဏ်း

အဘယဂိရိဂိုဏ်းသည် ဘီစီ ၂၉-၁၇ အတွင်း သာသနာ သက္ကရာဇ် ၄၅၄-ခုနှစ်လောက်က စတင်ပေါ်ပေါက်ခဲ့လေသည်၊ မဟာ ဝိဟာရကျောင်းတိုက်ကြီးတည်၍ အနှစ် ၂၁၇-နှစ်၊ ၁၀-လ၊ ၁၇- ရက်အကြာတွင် အဘယဂိရိဂိုဏ်းကြီးပေါ်လာသည်။

မဟာဝိဟာရပဋ္ဌာနာ၊ ဒွိသု ဝဿသတီသု စ။
သတ္တရသဝဿေသုစ၊ ဒသမာသာဓိကေသု စ။
တထာ ဒိနေသု ဒသသု၊ အတိက္ကန္တေ သာခဝေါ။
အဘယဂိရိဝိဟာရံ သော၊ ပတိဋ္ဌာပေသိ ဘူပတိ။[၁]

ယင်းအဘယဂိရိဂိုဏ်းသည်လည်း ဓမ္မရုစိကမည်လေ၏၊ ၎င်း ဂိုဏ်းနှင့်စပ်၍ မှတ်သားဖွယ်အကျယ်ကို မဟာဝံသကျမ်းနှင့် သီဟိုဠ် သာသနာဝင်ကျမ်းများ ကြည့်ရှုရာ၏။

## သာဂလိကဂိုဏ်း

သာသနာသက္ကရာဇ် ၇၉၆-ခုနှစ်တွင် နန်းတက်သော ဂေါဌာ ဘယမင်းကြီး လက်ထက်တွင် သီဟိုဠ်၌ သာဂလမည်သော မထေရ် သည် အဘယဂိရိ (ဓမ္မရုစိ)ဂိုဏ်းမှ ခွဲထွက်၍ ဒက္ခိဏဂိရိကျောင်းတိုက် ၌ နေထိုင်ကာ သာဂလိက (သာဂလိယ)အမည်ဖြင့် ဂိုဏ်းသီးခြား ထောင်လေသည်၊ နောက်တွင် ဇေတဝနကျောင်းတိုက်သားတို့သည် လည်း သာဂလိကဂိုဏ်းဝင်ဖြစ်လာလေသည်၊ အကျယ်နိကာယသင်္ဂဟ ကြည့်ရှုရာ၏။[၂]

ဓမ္မရုစိကာ သာဂလိယာ၊ လင်္ကာဒီပမှိ ဘိန္နကာ။[၃]

---

၁။ မဟာဝံသ၊ ၃၃။ ၈၁၊ ၈၂။ ၂။ သီဟိုဠ်သာသနာဝင်လည်းကြည့်။
၃။ မဟာဝံသ၊ ၅။ ၁၃။

ဤနေရာ၌ ပုဂံသာသနာရောက်လာပုံ၊ အရည်းကြီးရဟန်းများ ရောက်လာပုံ အခြေခံကိုသိစေလို၍ သာသနာ့ဂိုဏ်းကွဲ တော်တော် များများကို ပြဆိုလိုက်သည်၊ သို့ရာတွင် များစွာပင် ကြွင်းကျန်သေး၏၊ အန္ဓကဂိုဏ်း၊ ဥတ္တရာပထကဂိုဏ်း၊ အညမဟာသံဃိကဂိုဏ်း၊[၁] မဇ္ဈိမိကဂိုဏ်း၊ ယောဂါစာရဂိုဏ်း-စသည်ဖြင့် များစွာပင် ရှိပါကုန်သေး၏၊ သဗ္ဗညုမြတ်စွာဘုရားတည်းဟူသော သုံးလောကမျက်လုံးတော်ကြီး ကွယ်တော်မူပြီး အနှစ် ၁၀၀-လောက်ကစ၍ သာသနာတော်သည် ဂိုဏ်းအမျိုးမျိုး ကွဲခဲ့လေသည်၊ များစွာသံဝေဂယူဖွယ်ကောင်းလှ၏။

နိဓိလေ သတ္တရိလောကဝနေ၊
ခယံ ဂတေသု ဇနေ ဝုသုယျသော။
ဓမ္မာဓမ္မမကံသု တက္ကိကာ၊
အာကုလမနာကုလံ တု ထေရဝါဒံ။
တမာကုလံ သဗ္ဗဝိမဒ္ဒနေန၊
တမာကုလာဝိမုစ္စိတုကာမကေန။
စရေယျ ပညာဂမနေန တေသံ၊
ဝါဒန္တရတ္တံ မတမေဝစွ ပဏ္ဍိတော။

(မဟာဝံသဋီကာ၊ ၄၁၆။ သီဟိုဠ်မူ)

## ပုဂံအရည်းကြီး ရဟန်းများ

သမ္မိတိယဂိုဏ်းသည် သာသနာသက္ကရာဇ် ၂၀၀-အတွင်းတွင် ဝဇ္ဇိပုတ္တကဂိုဏ်းမှ ခွဲထွက်တည်ထောင်၍ တဖြည်းဖြည်း ဂိုဏ်းဝင်ပရိသတ်တို့များပြားလာလေသည်၊ ယင်းသမ္မိတိဂိုဏ်းသားတို့သည် အိန္ဒိယမြောက်ပိုင်း၊ ဘင်္ဂလားပြည်နယ်နှင့် အိန္ဒိယတောင်ပိုင်းစသည့် ဒေသများတို့၌ ပြန့်နှံ့ခဲ့ကုန်၏၊ ဘင်္ဂလားပြည်နယ်မှ သမ္မိတိဂိုဏ်းသားတို့သည် မြန်မာပြည် သရေခေတ္တရာ နေပြည်တော်တဝိုက်သို့

---

၁။ အညမဟာသံဃိကဂိုဏ်းသားတို့သည် အက္ခရသာရိယ-စသော သုတ္တန်များကို ပြုစီရင်ကုန်၏။ (သီဟိုဠ်ဘာသာ နိကာယသင်္ဂဟကျမ်း)

လည်း ရောက်ရှိကြကုန်၍ မိမိဝါဒ, မိမိတို့သာသနာထွန်းကားရေးကို ဟောပြောချပို့ကြကာ နေထိုင်ကြကုန်၏။ ယင်းသို့နေထိုင်ရာမှ သမုဒ္ဒရာဇ်မင်း၏ စတင်တည်ထောင်မှုဖြင့် ပုဂံနေပြည်တော်ကြီး ပေါ်ပေါက်လာ၍ စည်ပင်ပြန့်ပြောလာသောအခါ ပုဂံပြည်သို့ရောက်ရှိကြကုန်၍ သမထီးအရပ်၌ နေထိုင်ကြကာ မင်းနှင့် ပြည်သူတို့အား ၎င်းတို့အား ကြည်ဖြူလေးမြတ်အောင် ဟောပြောပြသကြကာ လုံးပန်းကြိုးကုတ်ကြကုန်၏။

## အာယ် မှ အရည်းကြီး

သက္ကတဘာသာ၌ အယ် (အရယ)သည် အရှင်သခင် သူမွန်သူမြတ်ကို ဟော၏။ ယင်းသမ္မတိဂိုဏ်းသားရဟန်းတို့မှာ မင်းနှင့် ပြည်သူတို့၏ကိုးကွယ်ရာ အရှင်သခင်ဖြစ်ကြသဖြင့် လူတို့က အယ် (အရယ)မှ ပြန်၍ အရယဟုခေါ်ရာမှ အရည်းဟုဖြစ်လာလေသည်၊ ၎င်းမှတဖန် အရည်းကြီး ဖြစ်လာခဲ့လေသည်။

## အသွင်အပြင် ပုံပန်းသဏ္ဌာန်

ဖော်ပြပါဝဇ္ဇိပုတ္တကဂိုဏ်းခွဲ သမ္မတိဂိုဏ်းသား အရည်းကြီးရဟန်းတို့သည်[၁] နက်ပြာရောင်အဝတ်သင်္ကန်းကို ဝတ်ရုံလေ့ရှိကြကုန်၏၊ ဆံပင်လက်လေးသစ်ခန့်ထားကြကုန်၍ ဒေါက်ချာ (ဦးထုပ်) ဆောင်းသည့်အခါလည်း ဆောင်းကြကုန်၏။ ဆံမုတ်ဆိတ်ကျင်စွယ်စသည်တို့ကို ရိပ်ပယ်ခြင်းမပြုကြကုန်။

## အမူအကျင့်များ

အရည်းကြီးတို့သည် တစုံတခုပြစ်မှားမိပါက ဤပရိတ်၊ ဤဂါထာများကို အရည်းကြီးတို့က ရွတ်ပါက ပျောက်ကင်းသည်- စသည်ဖြင့် ယင်းတို့၏ဝါဒကို ပြည်သူတို့အတွင်း သွတ်သွင်းကြကုန်

---

၁။ ပုဂံရာဇဝင်ဟောင်းနှင့် ရာဇဝံသဒီပကကျမ်းတို့၌ အရည်းကြီးကို အရဲဟု ရေးကြသောဟူ၏။

၏၊ ၎င်းပြင် အမျိုးသမီးများကို ဖျက်ဆီးခြင်း၊ ယုံကြည်လာအောင် ခြိမ်းခြောက်ခြင်း၊ မာတုဂါမများ ပန်းဦးအသုံးပြုခြင်း၊ လက်ဖွေ့သတ်ခြင်း၊ အရက်သေစာသောက်စားခြင်း၊ မြင်းစီးခြင်း အမူအကျင့်များကို ကျင့်ကြကုန်၏၊ စာရေးဆရာ စလေဦးပုညသည် အရည်းကြီးတို့၏ ပုံပန်းသဏ္ဌာန်အကျင့်နှင့်စပ်၍--

"ရေးအတိတေ ပုဂံပြေတွင် ဆံကေသာလက်လေးသစ် မုတ်ဆိတ်မွေးဘရဗျစ် မဲညစ်သည့်စီဝရံနှင့် တာတေလံအကျင့်ဆိုးသော ရှင်ဘိုးတကာ့ထိပ်ခေါင် ရှင်မထီး"ဟု ရေးစပ်ခဲ့လေသည်။

ယင်းအရည်းကြီးတို့သည် သမ္မိတိဂိုဏ်းမှ ၃-ကျိပ်ရှိဂိုဏ်းဝင်တို့ စတင်ရောက်ရှိနေထိုင်ကြသဖြင့် ၎င်းတို့၏နေရာသည်လည်း သမ္မိတိမှ သမတိဖြစ်၏၊ တဖန် သမိတိမှ သမထီးဟု ပြန်လေသည်၊ ၎င်းအရည်းကြီးတို့သည် တဖြည်းဖြည်းတိုးတက်များပြားလာကြရာ ၆-သောင်းခန့်အထိပင် များပြားကုန်သည်ဟု သိရလေသည်၊ အရှင်အရဟံ ပုဂံကြွရောက်တော်မူလာသောအခါ အနော်ရထာမင်းတရား၏ လူဝတ်လဲ ပယ်ရှားချက်အရ အရည်းကြီးသာသနာသည် ကွယ်ယွန်းခဲ့ပြီး ထေရဝါဒသာသနာတော်သည် ရောင်ဝါနေဝန်း ထွန်းလင်းခဲ့လေသည်၊ အရှင်အရဟံလည်းကြည့်။

အာဂတော ထေရသေဋ္ဌမှိ၊ ပုရံ ရိမဒ္ဒနံ သုဘံ။
ဝိဂမေသုံ အရည်းကြီးဝ၊ တက္ကိကာ စက္ကကဏ္ဍကာ။

## အရှင်အရဟံမဟာထေရ်မြတ်

သီဟိုဠ်ကျွန်းသူကျွန်းသားတို့သည် မဟိန္ဒထေရ်ကို သီဟိုဠ်သာသနာ့ဖခင်ဟု သိကြ၏၊ မြန်မာ့သာသနာ့ဖခင်တို့ကိုလည်း အရှင်သောဏထေရ်နှင့် အရှင်ဥတ္တရထေရ်တို့ဟု သိကြကုန်၏။

အရှင်သောဏထေရ်တို့ စတင်ခဲ့ရာ သထုံပြည်သာသနာရောင်မှေးမှိန်ပြီး ပုဂံသာသနာရောင်သည် လွန်စွာတောက်ပြောင်ခဲ့လေသည်။ ယင်းပုဂံသာသနာရောင်တောက်ပြောင်ရန် စတင်ခဲ့သည့် သာသနာ့အာဇာနည်ပုဂ္ဂိုလ်မြတ်မှာ အရှင်အရဟံမဟာထေရ်မြတ် ဖြစ်လေသည်။

အရှင်အရဟံမဟာထေရ်မြတ်၏ အကြောင်းအရာ အဖြစ်တော်စဉ်ကို ရာဇဝင်လာ, ပရိတ္တနိဒါန်းလာ, သာသနာဆက်စာများလာ သုံးမျိုးလုံးကိုပင် ယူငင်၍ ဤပုဂံသာသနာဝင်ကျမ်း၌ ပြည့်စုံစွာ ဖော်ပြအပ်ပါသည်။ ယင်းသို့ဖော်ပြရာ၌ –

ရှေးဦးရာဇဝင်လာ အဖြစ်တော်စဉ်ကို ဖော်ပြအပ်ပါသည်။

အရှင်အရဟံသည် သထုံပြည် အရှင်သီလဗုဒ္ဓိ၏ တပည့်ရင်း ဓမ္မဒဿီပင် ဖြစ်လေသည်။

## ရဟန္တာပုဂ္ဂိုလ်များ သိကြားမင်းထံ တောင်းပန်ကြခြင်း

တမ္ပဒီပတိုင်း၌ သာသနာနေဝန်း မထွန်းလင်းသေးရကား ရဟန္တာသခင်အရှင်မြတ်တို့သည် ဘုရားရှင်၏ဗျာဒိတ်တော်အတိုင်း သာသနာရောင်တောက်ပြောင်ထိန်ဝင်းလင်းလက်စေကြအံ့ဟု တိုင်ပင်တော်မူကြပြီးလျှင် နတ်တို့၏ဘုရင်ဖြစ်သော သိကြားမင်းထံကြွသွားတော်မူကြကာ သာသနာတော်ချီးမြှောက်မည့်ပုဂ္ဂိုလ် ရလိုကြောင်း တောင်းပန်ကြကုန်၏။

ခီဏာသဝမဟာထေရာ၊ သုရနာထဿ သန္တိကံ။
ဂန္တွာ သာသနဝုဒ္ဓတ္ထံ၊ ယာစိံသု ပုဂ္ဂလံ ဝရံ။

## ပဋိသန္ဓေတည်နေပြီ

သိကြားမင်းသည် ရဟန္တာသခင်အရှင်မြတ်တို့၏ တောင်းပန်ချက်အတိုင်း တာဝတိံသာနတ်ပြည်၌ သာသနာပြုနိုင်သော သတ္တိ, ဗျတ္တိနှင့် ပြည့်စုံသောနတ်သားတစ်ယောက်ကို တောင်းပန်၍ ပုဏ္ဏေားမ၏ ဝမ်းကြာတိုက်၌ စွဲပိုက်သန္ဓေ တည်နေစေလေပြီ။

ဂဏ္ဍာပေသိ စ ကုစ္ဆိမှိ၊ ဂန္တွာ ဗြာဟ္မဏိယာ တဒါ။
ဒေဝပုတ္တံ မဟာပုညံ၊ ဇိနစက္ကာဘိဝုဒ္ဓိယာ။

## ဖွားမြင်, ရဟန်းပြု

မိခင်ပုဏ္ဏေးမ၏ ဝမ်းကြာတိုက်၌ ကိုးလကြာ ဆယ်လမြောက် ဖွားမြင်ပြီးနောက် သီလဗုဒ္ဓိအမည်တော်ရှိသော ရဟန္တာသခင် အရှင်သူမြတ်၏ စောင့်ကြပ်မှုဖြင့် ကြီးပြင်းတော်မူလာကာ အရွယ်ရောက်သောအခါ ရဟန်းပြုလေ၏။ ယင်းရဟန်းပြုလေရာ ပိဋကတ်ကျမ်းဂန်လည်း ကျွမ်းကျင်တတ်မြောက်တော်မူသည့်အပြင် ရဟန္တာအဖြစ်သို့လည်း ရောက်တော်မူရကား အရှင်အရဟံအမည်သညာဖြင့် သာသနာ့ကောင်းကင်တွင် လွန်စွာထင်ရှားလေသည်။

ပိဋ္ဌကေသု စ ဆေကော စ၊ အရဟတ္တမပါပုဏိ။
အရဟံ ဣတိနာမေန၊ ပါကဋော သာသနမ္ဘရေ။

## ပုဂံနန်းမြို့တော်သို့ ကြွလာခြင်း

အရှင်အရဟံသည် ပုဂံပြည်၌ သာသနာရောင် တောက်ပြောင်လင်းလက်စေလို၍ သာသနာပြုစွမ်းနိုင်မည့် အနော်ရထာဘုရင်ကိုတွေ့ဆုံရန် ရည်စူးတော်မူလျက် ပုဂံမြို့နှင့် မနီးမဝေး တောအုပ်တခုတွင် သီတင်းသုံးတော်မူလေသည်။ ထိုအခါ သိကြားမင်းသည် မုဆိုးတယောက်အား ဖျားယောင်းကာ မထေရ်မြတ်ကို တတ်အပ်ထင်ထင် တွေ့မြင်စေလေပြီ။

သက္ကော ဒသေတိ နေသာဒံ၊ အရဟံ ထေရကုဥ္စရံ။
ဝသန္တံ ကာနနေ ဒန္တံ၊ သန္တံ ဂုတ္တံ သမာဟိတံ။

## အနော်ရထာဘုရင်နှင့် တွေ့ပြီ

မုဆိုးသည် မထေရ်မြတ်ကိုမြင်လျှင်မြင်ချင်း ဤသူသည် ဘီလူးဖြစ်ရာသည်၊ သို့မဟုတ် လူဖြစ်လျှင်လည်း ဖြစ်တန်ရာသည်ဟု ကြံစည်စဉ်းစားကာ အနော်ရထာမင်းတရားအားပြရန် ပုဂံနန်းမြို့တော်သို့ ခေါ်ဆောင်သွားခဲ့လေသည်။

မထေရ်မြတ်သည် ပရိက္ခရာရှစ်သွယ် ကိုယ်ဝယ်ဆင်မြန်းတော်မူကာ ရှေ့သို့တက်ပုံ နောက်သို့ဆုတ်ပုံ-စသော အမူအရာဥသုံ အလုံးစုံ လောက်လုံစွာဖြင့် လိုက်ပါကြွသွားတော်မူခဲ့လေသည်။

မုဆိုးသည် အနော်ရထာဘုရင်ထံမှောက် အရောက်တွင် ဘုရင်မင်းမြတ်အား ပြသလေရာ မင်းမြတ်က "ဤပုဂ္ဂိုလ်သည် ငြိမ်းသက်တည်ကြည်ယဉ်ကျေးသောက္ခန္ဓြေနှင့် ပြည့်လေသည်။ လူရိုင်း မဟုတ်နိုင်ရာ၊ ဤပုဂ္ဂိုလ်၏သန္တာန်၌ မှန်မြတ်သောတရားဓမ္မရှိပေရာ သည်ဟု စဉ်းစားဆင်ခြင်တော်မူပြီး နေအာရုံနှင့် တွေ့ဆုံသောကြာဖူး ကြာငုံပမာ ရွှင်မြူးဝမ်းမြောက်စွာ စုံစမ်းလိုရကား – သင်နှင့်ကိုက်ညီ လျှောက်ပတ်သင့်တော်သည့်နေရာမှာထိုင်ပါဟု လျှောက်ထားလေ၏။

ပသိတ္တာန စ နေသာဒေါ၊ အမနုဿော ဘဝေယျာသိ။
ဥဒါဟု စ မိလက္ခောဝ၊ ကေန္တေန ဘဝိဿတိ။
ပသိတ္တာနာနုရူပဋ္ဌိ စ၊ မဟာရာဇာ မဟာမဟီ။
အတ္တာနုစ္ဆဝိကံ ဌာနံ၊ နိသီဒါဟိ ယထာသုခံ။
က္လတိဟိ ဇဂတိပါလော၊ အဝေါစ ထေရကုဥ္စရံ။

## ပြဿနာအခန်းခန်း မေးမြန်းပြီ

မထေရ်မြတ်သည် မိမိထက်သာလွန်မှန်မြတ်သောပုဂ္ဂိုလ်ကို မတွေ့မမြင်သည်ဖြစ်ရကား ရာဇပလ္လင်ထက်၌ သီတင်းသုံးထိုင်နေ တော်မူလေ၏။

မင်းမြတ်သည် ဤသူကား သာမန်ပုဂ္ဂိုလ်မဟုတ် မြင့်မြတ် ထူးချွန်သောပုဂ္ဂိုလ်ပေတည်းဟု ဆုံးဖြတ်ချက်ချကာ –

(အနော်ရထာ) အရှင် အဘယ်သူ၏ အမျိုးအနွယ်ပါနည်း။

(အရဟံ) ဒကာတော်မင်းမြတ် ဘုန်းကြီးကား အရဟံအစရှိသော ဂုဏ်တော်များပိုင်ရှင် ဘုရားသခင်၏ အမျိုးအနွယ် ဖြစ်ပေ၏။

(အနော်ရထာ) အရှင်ဘုရားသည် အဘယ်အရပ်ကကြွလာတော်မူပါ သနည်း။

(အရဟံ) ဒကာတော် ဘုန်းကြီးကား မိမိ၏ဥပဇ္ဈာယ်အပေါင်း အဖော်နှင့် သံဃာတော်များရှိရာအရပ်မှ ကြွလာခဲ့ပေ ၏။

(အနော်ရထာ) အရှင်ဘုရား အရှင်ဘုရားသည် အဘယ်သူ၏ အဆုံးအမ ဩဝါဒကို ခံယူတော်မူပါသနည်း။

(အရဟံ) ဒကာတော်မင်းတရား ဘုန်းကြီးကား မြတ်စွာဘုရား ဟောကြားဆုံးမတော်မူသော အာဏာဒေသနာတော်လာ အဆုံးအမကို ခံယူပါသည်။

ဤသို့စသည်ဖြင့် မေးသမျှပြဿနာအထွေထွေ၏ အဖြေစကားကို ကြားသိရသော အနော်ရထာမင်းတရားသည် ဖရဏာပီတိ ဂွမ်းဆီထိသည့်အလား အားရွှင်လမ်းဝမ်းမြောက်ခြင်းဖြစ်ရကား အရှင်ဘုရား အရှင်ဘုရားသည် ဘုရားရှင်ဟောကြားတော်မူအပ်သောတရားဒေသနာတော်၏ တစိတ်တဒေသကို တပည့်တော်အား ဟောကြားတော်မူပါဟု လျှောက်ထားလေ၏၊ အရှင်အရဟံသည် နိဗ္ဗာနသာမဏေက သီရိဓမ္မာသောကမင်းတရားအား ဟောကြားအပ်သော–

အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။

အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။[၁]

ဒကာတော်မင်းမြတ် မမေ့မလျော့ မပေါ့မဆခြင်းသည် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းပေတည်း၊ မေ့လျော့ပေါ့ဆခြင်းသည် သေခြင်း၏အကြောင်းပေတည်း၊ မမေ့မလျော့ မပေါ့မဆသူတို့သည် သေသည်မမည်ကုန်၊ မေ့လျော့ပေါ့ဆသူတို့သည်သာ သေသူတို့မည်ကုန်၏–ဟူသော အပ္ပမာဒတရားကို အကျယ်ချဲ့၍ ဟောကြားတော်မူလေလျှင် ဘုရင်မင်းမြတ်သည် လွန်စွာဝမ်းမြောက်လှသဖြင့် အောက်ပါအတိုင်း ဆက်လက်မေးလျှောက်ရာ မထေရ်မြတ်ကလည်း ဆက်လက် ဖြေကြားတော်မူ၏။

---

၁။ ဓမ္မပဒ။ ၁၆။ အပ္ပမာဒဝဂ်၊ သာမာဝတီဝတ္ထု။

(အနော်ရထာ) အရှင်ဘုရား ယခုအခါ မြတ်စွာဘုရားသည် ဘယ်အရပ်မှာ သီတင်းသုံးတော်မူပါသနည်း။

(အရဟံ) ဒကာတော်မင်းတရား မြတ်စွာဘုရားသည် နိဗ္ဗာန်လားတော်မူခဲ့ပါပြီ၊ ဓာတ်တော်မွေတော်မြတ်တို့သည်သာ ကျန်ရှိပါကုန်တော့သည်။

(အနော်ရထာ) အရှင်ဘုရား မြတ်စွာဘုရား၏တရားတော်ကား အဘယ်မျှ အတိုင်းအရှည်ရှိပါသနည်း။

(အရဟံ) ဒကာတော်မင်းတရား မြတ်စွာဘုရား၏တရားတော်များကား ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် မြားမြောင်လှပါကုန်၏။

(အနော်ရထာ) အရှင်ဘုရား ၎င်းတရားတော်ဓမ္မက္ခန္ဓာများ ဘယ်မှာရနိုင်ပါသနည်း။

(အရဟံ) ဒကာတော်မင်းမြတ် တရားတော်ဓမ္မက္ခန္ဓာများကို သထုံပြည်မှာ ရနိုင်ပါသည်၊ သထုံပြည်၌ ပိဋကတ်တော်အစုံပေါင်း ၃၀–မျှ ရှိပါကုန်၏။

(အနော်ရထာ) အရှင်ဘုရား အရှင်ဘုရားမှတပါး တခြားသော ဘုရားတပည့်သာဝကများ ရှိပါကုန်သေးသလား ဘုရား။

(အရဟံ) ဒကာတော်မင်းတရား ငါမှတပါး ပရမတ္ထသံဃာသမ္မုတိသံဃာအများအပြားပင် ရှိပါကုန်သေး၏။

ဤသို့ဖြင့် မင်းမြတ်သည် အရှင်အရဟံ၏အဖြေစကားတို့ကို ကြားရသဖြင့် အတိုင်းထက်အလွန် ရွှင်ပြုံးမြောက်ခြင်းဖြစ်ကာ ဘုရားမြတ်စွာသာသနာတော်၌ ဥပါသကာအဖြစ်လျှောက်လေတော့၏။

သုတွာ ထေရဿ ဝါစံ သော၊ ရာဇာ ဘိယျော ပသာဒယိ။
ဥပါသကတ္တံ ဒေသေသိ၊ သက္ယပုတ္တဿ သာသနေ။

## မထေရ်ကို ပြုစုခြင်း

အနော်ရထာမင်းမြတ်သည် မထေရ်မြတ်ကို ကြည်ညိုလှသဖြင့် အရည့ကင်ရသောတောအရပ်၌ သာယာလှစွာသောကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းလေသည်။

ကိုယ်တိုင်အရည်းကြီးတို့၏အယူကိုပင် စွန့်တော်မူရုံမျှမက တိုင်းသူပြည်သားတို့ကိုလည်း ပစ်ပယ်စေလေ၏။ ရွှေခွက်ကိုရယူသည် မြေခွက်ကိုစွန့်ပစ်သကဲ့သို့တည်း။

ကာရယိတွာ ဝိဟာရမ္ပိ၊ ထေရဿပိ မဒါသိ စ။
သမဏကုတ္တဝါဒမ္ပိ၊ အဘိန္ဒိ ဘိန္ဒနေ ဝိဒူ။
ဘိန္ဒာပေသိ ဇနာနမ္ပိ၊ ဝိရဒ္ဓံ တု ဝါဒမ္ပိ စ။

## အရည်းကြီးတို့ကို ဆင်ချေးကျုံး, မြင်းချေးကျုံး ခန့်ခြင်း

အရည်းကြီးတို့သည် လာဘ်ပူဇော်သကာနည်းပါးကြသဖြင့် အရှင်အရဟံအပေါ် ရန်ငြိုးထားကြရာ မင်းမြတ်သိသဖြင့် အစောင့်အရှောက်တို့ကိုခန့်ထားလေ၏။ အရည်းကြီး ၃–ကျိပ်နှင့် တပည့်သား ၆၀,၀၀၀–တို့ကိုလည်း လူဝတ်လဲစေပြီး အဲမောင်းလှံကိုင်, ဆင်ချေးကျုံး, မြင်းချေးကျုံး အရာ၌ ခန့်ထားလေသည်။

အရှင်အရဟံသည်လည်း သာသနာတော်ကို လေးမြတ်ကြည်ညို ရှင်ရဟန်းပြုလိုသူတို့အား ပစ္စည်းလေးပါးထောက်ပံ့၍ ရှင်ရဟန်းပြုစေတော်မူ၏။

## မင်းမြတ်၏ နောင်တ

အနော်ရထာမင်းမြတ်သည် ရှေးကဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့သည် အရည်းကြီးတို့၏အယူကို အယူမှားခဲ့ကြလေကုန်ပြီ၊ ဖြစ်နိုင်မည်ဆိုလျှင် ယခု ငါယူရသော သမ္မာအယူကို ယူစေချင်စမ်းပါဘိ၏–ဟု နောင်တကြီးစွာ ရတော်မူလေသည်။

ဤကား ရာဇဝင်လာ အရှင်အရဟံ၏အဖြစ်တော်စဉ်တည်း။[၁]

---

၁။ မဟာဝိသုတာရာမနိကာယသာသနာဝင်။ ၁၄၃–၁၄၇။

## ပရိတ္တနိဒါန်းလာ အရှင်အရဟံ အဖြစ်တော်စဉ်

ပရိတ္တနိဒါန်း၌ အရဟံ၏ အဖြစ်တော်စဉ်တမျိုးလာပြန်၏။ ဤအရာကား ပုဂံသာသနာ့ဝင်ကျမ်းကြီးတစောင်ကို တည်ဆောက်နေသောအရာဖြစ်၍ အရှင်အရဟံ၏အကြောင်းအရာစုံကို အကျဉ်းချုံးရန် သင့်အံ့မထင်ပါ၊ စုံလင်စွာဖော်ပြသင့်ပါသည်၊ သို့ဖြစ်၍ ပရိတ္တနိဒါန်းလာ အရှင်အရဟံ၏အဖြစ်တော်စဉ်ကို ဖော်ပြအပ်ပါသည်။

သီဟိုဠ်ကျွန်း၌ ဝိပ္ပဝါသပြည်၌နေသောအမျိုးသားလုလင်ပျို တယောက်သည် ရဟန်းပြု၍ ဒွါရာဝတီပြည်၌ ပိဋကတ်စာပေသင်ကြား လာလေ၏၊ နောက်တဖန် သုဝဏ္ဏဘူမိမြို့ သထုံသို့ကြွရောက်၍ ပိဋကတ်စာပေ သင်ယူပြန်လေ၏။

ထိုသရေခေတ္တရာပြည်၌ သခွပ်ပင်မှကျမ်းစာရသည်ဟူသော စကားကိုကြားသိရ၍ သထုံပြည်မှ သရေခေတ္တရာ ကြွပြန်လေ၏၊ လမ်းခရီးအကြားတောတွင် ထိုအရှင်ကို ဘီလူးထင်မှတ်၍ မုဆိုးတို့က ဖမ်းယူကြပြီးလျှင် ပုဂံပြည်ရှင် အနော်ရထာဘုရင်အား ပြကြကုန်၏။ ထိုသို့ပြကြောင်းကို –

ရာဇာတိရာဇာနုရုဒ္ဓ၊ ဒေဝေါ စက္ကိန္ဒရာဇာဝ။

သီရိနုဘောန္တော လုဒ္ဒေနညာ–ဒါယာဂတ ထေရ သေဌံ။

ပုဇ္ဇေဝံ ရဟန္တနာမကံ။[၁] ဟူသောဂါထာကို ထုတ်လေ၏။

ရာဇာတိရာဇာ၊ မင်းမင်းထက်လွန် မင်းမွန်မင်းမြတ် ဖြစ်တော်မူသော။ အနုရုဒ္ဓဒေဝေါ၊ အနုရုဒ္ဓါ (အနော်ရထာ) လွန်စွာထင်ရှားမင်းတရားသည်။ စက္ကိန္ဒရာဇာဝ၊ စက္ကဝတ်ဖျား မင်းတရားကဲ့သို့။ သီရိ၊ မင်း၏စည်းစိမ်ကျက်သရေကို။ အနုဘောန္တော၊ ခံစားတော်မူလျက်။

---

၁။ စူဠဝံဂါထာဟု ဆရာတို့ဆိုကြ၏။ သို့ရာတွင် သီဟိုဠ် စူဠဝင်၌ ဤဂါထာ မတွေ့ပါ။ ဂါထာကား ဖြစ်ရုံရှိ၏၊ မပြင်ပဲ မူရင်းအတိုင်း ဖော်ပြပါသည်။ ပိဋကတ်တော်သမိုင်းကျမ်း ၄၈–လည်းကြည့်။

အရဟန္တနာမကံ၊ အရဟံဟု နာမည်ထုတ်ဖော် အမည်တော်ရှိသော။ လုဒ္ဒေန၊ မုဆိုးသည်။ အာဒါယ၊ ယူဆောင်၍။ အဂတဏေရသော၌၊ ရောက်လာသောမထေရ်မြတ်ကို။ ဝေ၊ ဤသို့ (ဤပုံ)။ ပုဋ္ဌော မေးလျှောက်လေ၏။

## အနော်ရထာမင်းက မေး၍ အရှင်အရဟံ ဖြေပုံ

(အနော်ရထာ) အရှင်ဘုရား အရှင်ဘုရားက အဘယ်သူပါနည်း။

(အရဟံ) ဒကာတော်မင်းတရား ငါကား ဂေါတမနွယ်ဖွား မြတ်စွာဘုရား၏ တပည့်သားတော်ပါတည်း။
(ငါတို့ဘုရားနှင့် တပည့်သားတို့ကား ပါဏာတိပါတ စသော မကောင်းမှုကိုပြုတော်မမူကြကုန်)

(အနော်ရထာ) ဘုရားအစရှိသော ရတနာသုံးပါးတို့၏ဂုဏ်ကျေးဇူးကား အထူး အဘယ်သို့ရှိပါသနည်း။

(အရဟံ) ဘုရားကား မဟောသဓာကဲ့သို့ဖြစ်၏၊ တရားတော်ကား ဥမင်လိုဏ်နန်းကဲ့သို့ဖြစ်၏၊ သံဃာတော်ကား ဝိဒေဟရာဇ်မင်းကြီးစသော ဗိုလ်ပါကဲ့သို့တည်း၊ နိဗ္ဗာန်ကား စန္ဒကူးဖြင့်လိမ်းသော် ငြိမ်းအေးသကဲ့သို့တည်း။ ဤသို့ဥပမာပမေဆောင်၍ မထေရ်မြတ်သည် အထူးကို ဖြေဆိုတော်မူလေ၏။

(အနော်ရထာ) အရည်းကြီးရဟန်းတို့ကိုရည်၍ ဤသူတို့ကား ဂေါတမနွယ်ဖွား မြတ်စွာဘုရား၏ တပည့်သားသာဝက ဟုတ်ပေသလောဟု မေးပြန်လေ၏။

(အရဟံ) ဤသူတို့ကား ဂေါတမနွယ်ဖွား မြတ်စွာဘုရား၏ တပည့်သားသာဝက မဟုတ်ကြပါကုန်၊ ငါတို့နှင့် အယူဝါဒ သဘောမတူ တက္ကတွန်းရဟန်းတို့သာ တည်း။

အရှင်အရဟံသည် ဖော်ပြခဲ့သည့်အတိုင်း ထင်လင်းစွာဖြေကြားတော်မူလေသည်။ မင်းမြတ်သည် မထေရ်၏အမိန့်တော်ကိုကြားရသည့်နေ့ကစ၍ အရည်းကြီးတို့ကို ပစ်ပယ်တော်မူလေ၏။

## ပုဂံပြည် ကြွရောက်တော်မူခြင်း

အရှင်အရဟံသည် ဒသဝတ္ထု, ဝိမာနဝတ္ထု ဒေသနာတို့ကို ဟောကြားတော်မူလေ၏။ မင်းကြီးလည်း ကြည်ညိုလှသဖြင့် သရေခေတ္တရာအပြန်တွင် ပုဂံပြည်သို့ပင့်ဆောင်တော်မူခဲ့လေသည်။

ဒသဝတ္ထုမှိ ဝိမာန–ဝတ္ထုံ သော သမယံ သကံ။
ဒေသယိတွာ ပုဂါမံ သော၊ ဂတော ရညာ နိမန္တိတော။

## အရှင်အရဟံအား ဇေတဝန်ကျောင်းတိုက်တင်လှူ

အရည်ကြီးရဟန်းယောင်တို့တွင် အလှည့်အဖျား လိမ္မာပါးနပ်သော အရည်းကြီးတယောက်သည် မိမိတို့ဝါဒအလျောက် ကျမ်းစာပြုစီရင်ပြီးလျှင် သရေခေတ္တရာပြည်တွင် သခွပ်ပင်ကြီး၌ ထွင်းနှစ်ထားပြီးမှ မြေကျုံ၍ပြုကတေ့အသားတက်စေလေသည်။

ထိုအခါ ငါတို့အိပ်မက်တွင် သခွပ်ပင်ထဲ၌ကျမ်းစာရှိကြောင်းမြင်မက်သည်ဟု ထင်ထင်ရှားရှား ပြောဆိုကြကုန်၏၊ ထိုစကား အနော်ရထာမင်းတရားကြီး သိတော်မူ၍ သရေခေတ္တရာအရောက်ချီသွားပြီး သခွပ်ပင်ကိုဖောက်ခွဲ၍ ရှာဖွေစေလေသော် ကျမ်းစာကိုရရှိလေ၏။

ကျမ်းစာမူကား မိမိတို့၏အယူအကျင့်မှန်ကြောင်းနှင့် ဂေါတမနွယ်ဖွား မြတ်စွာဘုရားတပည့်ဖြစ်ကြောင်း ပါရှိလေသည်၊ မင်းကြီးသည် ယုံမှားသံသယရှိလျက်နှင့် မလွှဲသာ၍ အရည်းကြီးတို့အား တည်မြဲအလှူဝတ်ကို တည်ပြန်လှူပြန်လေ၏။

ဤသို့အရည်ကြီးရဟန်းတို့မှာ ကျမ်းစာပေါ်ကြောင်းကြားသိသဖြင့် သရေခေတ္တရာပြည်သို့ချီ၍ ပုဂံပြည်သို့အပြန်တွင် အရှင်အရဟံကို ပုဂံနန်းတော်မြို့တော်သို့ ပင့်ဆောင်ခဲ့လေသည်၊ ပုဂံသို့ရောက်ရောက်ခြင်း မြို့ဦး (မြို့ရှေ့)၌ ဇေတဝန်အမည်ရှိသောကျောင်းတော်ကို ဆောက်၍ တင်လှူတော်မူလေ၏၊ ''အရဟံမထေရ်''ဟူသော အမည်သညာကိုလည်း တွင်စေတော်မူ၏၊ မင်းကြီးကိုယ်တိုင် ရေထမ်း၍, မိဖုရားကိုယ်တိုင် ဆွမ်းအုပ်ရွက်၍ နေ့တိုင်းမပြတ် ပြုစုလုပ်ကျွေး၏၊ မေးမြန်းဖွယ်ပြဿနာအခန်းကိုလည်း မေးမြန်းတော်မူလေ၏။

နိယျာတေသိ မဟာရာဇာ၊ ဝိဟာရံ ဇေတနာမကံ။
အရဟံ ထေရသေဋ္ဌဿ၊ ဝီရဿ ဝီရဉာဏိနော။
ဤကား ပရိတ္တနိဒါန်းလာ အရှင်အရဟံ၏ အဖြစ်တော်စဉ်တည်း။

## သာသနာဆက်စာများလာ အရှင်အရဟံ အဖြစ်တော်စဉ်

သာသနာဆက်စာများလာ အရှင်အရဟံ၏အဖြစ်တော်စဉ်ကိုလည်း အောက်ဖော်ပြပါအတိုင်း မှတ်သားအပ်၏။

အရှင်အရဟံ၏အမည်ရင်းကား ဓမ္မဒဿီဟုတွင်၏၊ သထုံမြို့နေ ပုဏ္ဏားတဦး၏သားတည်း၊ အရှင်သီလဗုဒ္ဓိထေရ်၏ တပည့်ရင်းတည်း။[၁]

ထိုအရှင်အရဟံသည် သာမဏေမပြုမီကပင် ဗေဒင် ၃-ပုံ တတ်မြောက်သတတ်၊[၂] သာမဏေပြုပြီး အဋ္ဌကထာနှင့် ပိဋကတ်သုံးပုံကို အကုန်အစင် ကျွမ်းကျင်တတ်မြောက်သဖြင့် ကျော်စောထင်ရှားလာလေရာ သောက္ကတဲမြို့က[၃] ပင့်၍ ထိုမြို့တွင် ဆယ်နှစ်ကျော် သီးတင်းသုံးတော်မူပြီး သထုံသို့ပြန်ကြွတော်မူခဲ့ပြီး အရညဝါသီတောရဆောက်တည်၍နေလေသည်။

## အရည်းကြီးတို့၏ ကျမ်းစာများ မီးတိုက်ခြင်း

ပုဂံမင်းနေပြည်တော်တွင် ရှင်ယောင်အရည်းကြီးတို့သည် သံဃာတော်ဟု သုံးဆယ်စီ အစုအသင်းဖွဲ့၍ နေကြလေရာ အစုပေါင်း တထောင်မျှရှိသတတ်။

အနော်ရထာမင်းမြတ်သည် ထိုအရည်းကြီးရှင်ယောင်တို့၏ အာဂါရိယ အပြုဟူစရိယအကျင့်များကို ကြည်ဖြူတော်မမူသဖြင့် ပြည်သူပြည်သားများနှင့်တကွ မလှူမဒါန်း မပေးမကမ်းပဲ နေလေ၏။

---

၁။ အတူနေ သဒ္ဓိဝိဟာရိကကို တပည့်ရင်းဟုဆို၏။
၂။ ဗေဒင်လေးပုံ တတ်မြောက်သတတ် (မှုကွဲ)။
၃။ ယိုးဒယားပြည်အတွင်းရှိ မြို့ဟောင်းတခု၏အမည်တည်း။

ထိုအခါ ကောက်ကျစ်စဉ်းလဲသောအရည်းကြီးတယောက် မိမိတို့အပြုအမူနှင့်လျော်ညီအောင် ကျမ်းစာပြုလုပ်ပြီးလျှင် သရေခေတ္တရာ (ရသေ့ပြည်)အလယ် သခွပ်ပင်ကြီး၏အခေါင်း၌ ထိုကျမ်းစာကို ထည့်သွင်းထားလေ၏။

သစ်ပင်အခံအသားစေ့စပ်အောင်ပြုရင်း သုံးနှစ်ခန့်ကြာလေ၏။ ထို့နောက်မှ ဘေးလောင်းတော် ဒွတ္တဘောင်မင်းကြီး၏မြို့တော်အလယ် သခွပ်ပင်ကြီးတွင် ကျမ်းစာရှိသည် ဖော်ယူသင်ကြားကျင့်ဆောင်ရမည်ဟု နတ်တို့အိပ်မက်ပေးလာကြောင်း အနော်ရထာမင်းထံ ပြောကြားကြလေကုန်၏။

အနော်ရထာမင်းတရားလည်း အားရဝမ်းသာစွာ စစ်အင်္ဂါလေးပါးနှင့်တကွ သရေခေတ္တရာ (ရသေ့ပြည်)သို့ကြွချီတော်မူကာ ရှာစေရာ လုံးပတ် ၃၂-တောင်ရှိ သခွပ်ပင်ကြီးအတွင်းမှ ကျမ်းစာများ ရရှိလေ၏။ မင်းတရားအား ဆက်သလေသော် သဘောသကန် မဟုတ်မမှန်ကြောင်းကို သိတော်မူသဖြင့် ထိုအရပ်တွင်ပင် မီးတိုက်စေလေ၏။[၁]

ထိုအကြောင်းအရာများကို အဆင့်ဆင့်အားဖြင့် အရှင်အရဟံကြားသိတော်မူသောကြောင့် သထုံပြည်မှ ရသေ့ပြည်သို့ ကြွတော်မူခဲ့လေသည်၊ တောင်တွင်းကြီးမြို့အရှေ့ဖက် ကုန်းခေါင်တောင်ရိုး၌ လှည့်လည်ကျက်စားနေသောမုဆိုးနှင့်တွေ့သောကြောင့် လူရိုင်းဟု ထင်မှတ်သဖြင့် အနော်ရထာမင်းထံသို့ ဖမ်းယူဆက်သလေသည်။

အနော်ရထာမင်းတရားသည်လည်း ကောင်းမြတ်သောကျေ နှင့် ပြည့်စုံတော်မူသည်ကို မြင်သောကြောင့် လူရိုင်းလက္ခဏာမရှိ သူမြတ်တို့၏အမှတ်လက္ခဏာရှိပေသည်ဟု ဆင်ခြင်တော်မူပြီးလျှင် နေရာမှထတော်မူကာ သင့်အပ်လျောက်ပတ်သောအရပ်၌ နေတော်မူပါဟု ဆိုလေ၏။

---

၁။ ထိုနေရာကား ယနေ့တိုင် မီးတိုက်ကုန်းဟု အထင်အရှား ရှိသတတ်။

အရှင်အရဟံသည် မင်းကြီး၏လေညာထက် မဝေးလွန်း မနီးလွန်းသောအရပ်၌ စမ္မခဏ်ကိုခင်း၍ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလေ၏။

မင်းတရားသည် သဒ္ဒါတရားဖြစ်ပွားကာ လက်ရှက်၍–

(အနော်ရထာ) အရှင်ဘုရား အရှင်ဘုရားသည် အဘယ်အမျိုးအနွယ်ကပါနည်း။

(အရဟံ) ဒကာတော် ငါကား သမ္မာသမ္ဗုဒ္ဓဘုရားအနွယ် ဖြစ်ပါသည်။

(အနော်ရထာ) အရှင်ဘုရား သမ္မာသမ္ဗုဒ္ဓဘုရားဟူသည် အဘယ်သို့သောဂုဏ်, အဘယ်သို့သောအကျင့် ရှိပါသနည်း။

(အရဟံ) ဒကာတော်မင်းတရား သမ္မာသမ္ဗုဒ္ဓဘုရားဟူသည် သစ္စာလေးပါးတရားကို ဆရာမရှိပဲ မဖောက်မပြန် သိတော်မူနိုင်သဖြင့် မင်းထက်မင်း နတ်ထက်နတ် ပြဟ္မာထက်ပြဟ္မာဖြစ်သော ဂုဏ်ကျေးဇူး, ခပ်သိမ်းသော သတ္တဝါတို့၏ဆင်းရဲကိုပယ်တတ်သောအကျင့် ရှိတော်မူပါသည်။

ထိုအခါ မင်းကြီးသည် ဝမ်းမြောက်ဝမ်းသာရှိလှသဖြင့် မိမိကိုယ်ကိုပင် အပ်နှင်းတော်မူလျက် သွန်သင်ဆုံးမနည်းလမ်းပြတော်မူပါဟု လျှောက်ထားလေ၏။

မင်းတရားသည် အရှင်အရဟံကို ပုဂံပြည်သို့ပင့်ဆောင်သွားပြီးနောက် ညောင်ဦးဥယျာဉ်၏အနောက် ဥဒ္ဓမုဒ္ဒောမြောက်အရှေ့ယွန်းတွင် အရည့ဝါသီတောရကျောင်းဆောက်၍ တင်လှူတော်မူလေသည်။

အရည်းကြီးတို့ရန်မှကာကွယ်စေရန် အစောင့် ၁၀၀–ထားလေရာ အရှင်အရဟံက ထိုလူ ၁၀၀–ကို ဝိနည်းစည်းမျဉ်းနှင့်အညီ ကျွန်အဖြစ်မှလွတ်စေ၍ ရှင်ရဟန်းပြုတော်မူလေ၏။ ပိဋကတ်ကျမ်းဂန်များကိုလည်း သင်ကြားပေးတော်မူ၏။

## ညှိနှိုင်း၍ ပြခြင်း

ဤသို့ဖြင့် အရှင်အရဟံ၏အကြောင်းဆိုခဲ့ပြီး ကြောင်းတူ သံကွဲ စကားသုံးရပ်တွင်–

၁။ ရာဇဝင်စကားမှာ အရှင်အရဟံပုဏ္ဏားမျိုးဟုသာပါရှိပြီး မည်သည့်မြို့ရွာကဟု မပါမရှိချေ။ ပုဂံမြို့ အရည်းကြီး စာပြုလုပ်၍ သစ်ပင်တွင်သွင်းထားသည့်အရာလည်း မပါမရှိချေ။

၂။ ပရိတ္တာနိဒါန်းစကားမှာ အရှင်အရဟံကို မည်သည့်အမျိုး ဟု မဖော်ပြ၊ အရည်းကြီးတို့၏ကျမ်းစာကိုမီးတိုက်ရာ အရပ်သည် မီးတိုက်ကုန်းတွင်သည်ဟုလည်း မပါမရှိ ချေ၊ ပုဂံမြို့ရှေ့တွင် ဇေတဝန်ကျောင်းဆောက်လုပ် တင်လှူသည်ဟုသာ ပါရှိ၏၊ ညောင်ဦးဥယျာဉ်မှာဟူ၍ မပါမရှိချေ။

၃။ သာသနာဆက်စာတမ်းစကားမှာ တောင်တွင်းကြီးမြို့ ရှေ့ကုန်းတောင်ရိုးတွင် အရှင်အရဟံကို မုဆိုးတွေ့သည် ဟူသောအရာလည်း စကားအလွန်ဖြစ်သည်၊ သည့်မှ တပါးလည်း စကားအထည့်အသွင်းများသည်။

ယင်းသို့ပင် အဆိုမညီညွတ်သော်လည်း အရှင်အရဟံမ– ထေရ် ထင်ရှားရှိသည် မှန်ကြောင်း သာသနာပြုကြောင်း လိုရင်း အဓိပ္ပါယ်ကား တူခဲ့လေသည်သာ၊ အခြီအရံစကားသံများသည် ကွဲ သည်ဖြစ်၍ ကြောင်းတူသံကွဲဆိုသည်ဟု မှတ်သားရာ၏။

## သထုံမှ ပိဋကတ်များ ပုဂံသို့ပင့်ယူခြင်း

အနော်ရထာမင်းတရားသည် မင်းထိုက်စိုးတန် လက်ဆောင် ပဏ္ဏာများစွာတို့ကို စီရင်စေ၍ စကားအရာ၌လိမ္မာကျွမ်းကျင်၍ သာယာ ချောင်းစွာပြောဆိုတတ်သော အမတ်တယောက်ကို အကြီးအမှူးပြု၍ သထုံပြည်သို့ ပိဋကတ်တော်များနှင့် သရီရဓာတ်တော်များတောင်းစေ လေရာ သထုံပြည့်ရှင် မနူဟာဘုရင်သည် ပိဋကတ်တော်, ဓာတ်တော်

များ မပေးလိုက်ပဲ မချေမငံရင့်ရင့်သီးသီး ပြောဆိုလိုက်သဖြင့် ရေကြောင်း, ကြည်းကြောင်း ၂-ဌာနမှ မြားမြောက်စွာသော ဆင်၊ မြင်း၊ လှေ၊ ဖောင်၊ စစ်သည် သူရဲတို့ဖြင့် ချီတက်၍ သထုံမြို့ကိုတိုက်ခိုက်ရာ အောင်မြင်သဖြင့် ပိဋကတ်အစုံ ၃၀-တို့နှင့်တကွ ဓာတ်တော်မွေတော်တို့ကို ပင့်ဆောင်တော်မူခဲ့လေသည်။

ယုဒ္ဓံ ကတွာ မဟာရာဇာ၊ အာနယိ ပိဋကတ္တယံ။
သရီရဓာတုယော စေဝ၊ အညံ့ အနပ္ပကမ္ပိ စ။

## အရှင်အရဟံကြွလာချိန်နှင့် ပရိနိဗ္ဗာန်စံချိန်

အရှင်အရဟံသည် သက္ကရာဇ် ၄၁၉-ခု၊ သာသနာသက္ကရာဇ် ၁၆၀၁-ခုနှစ်၌ ပုဂံပြည်သို့ စရောက်၍ အရှင်ဉာဏ, အရှင်အာနန္ဒာ, အရှင်သီလဗုဒ္ဓိ-စသည့် မထေရ်မြတ်တို့နှင့်အတူ သာသနာပြုတော်မူသဖြင့် သာသနာတော်ကို နေဝါလဝန်း ရာထောင်မက ထွန်းလင်းတောက်ပစေတော်မူခဲ့ပြီး အလောင်းစည်သူမင်းတရား နန်းစံ ၂-နှစ်၊ သာသနာသက္ကရာဇ် ၁၆၃၇၊ ကောဇာသက္ကရာဇ် ၄၅၅-ခုနှစ်၊ သက်တော် ၈၁-နှစ်တွင် ရွှေပြည်နိဗ္ဗာန် ဝင်စံတော်မူခဲ့လေသည်။

## ဈာပနပွဲသဘင်

အလောင်းစည်သူမင်းနှင့် တိုင်းသူပြည်သားတို့သည် မထေရ်မြတ်၏အလောင်းတော်ကို ၇-ရက်ပတ်လုံး ပူဇော်ဖွယ်အမျိုးမျိုးတို့ဖြင့် ပူဇော်ကြ၍ မီးသင်္ဂြိုဟ်ပြီး ဓာတ်တော်တို့ကို ရွှေအတိပြီးသောသေတ္တာအတွင်း ထည့်သွင်းကြကုန်၍ တူရွင်းတောင်ခြေ မြေသန့်စင်သောအရပ်၌ ဂူတည်ဌာပနာခဲ့ကြကုန်၏။

အရှင်အရဟံ၏ဓာတ်တော်များကို ဂူတည်ရာအရပ်ကား ပုဂံတည်စ ၁၉-ရွာ အပါအဝင်ဖြစ်သော တောင်ပရွာအနောက်မြောက်တာ ၅၀၀-ခန့် ကွာလှမ်းသောအရပ်၌ရှိသော ထီးတစောင်းဘုရားပင်ဖြစ်သည်ဟု ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ် ရွှေစည်းခုံသမိုင်းကျမ်းသစ်၌ တွေ့လေသည်၊ ဖော်ပြပါ ဆရာတော်

သည့်လျှင် အရဟံနှင့်စပ်၍ အောင်ပါဆောင်ပုဒ်များကို ရွှေစည်းခုံသမိုင်း ကျမ်းသစ်၌ စီကုံးဖော်ပြခဲ့လေသည်။

၁။ အရဟန္တ ပါကဋ မေဓာဒဿီသာ။
၂။ သီလဗုဒ္ဓိ မည်တော်ရှိ ထေရ်၏တပည့်သာ။
၃။ ရဟန္တာများ တောင်းပန်သွား သိကြားနတ်မင်းမှာ။
၄။ သတ္တိဗျတ္တိ စွယ်စုံရှိ စေ၏ဒေဝိန္ဒာ။
၅။ ပုဏ္ဏေးမဝယ် သန္ဓေတွယ် ပြည့်ကြွယ်သထုံမှာ။
၆။ ဖွားမြင်ပြီးနောက် အရွယ်ရောက် စောင့်ရှောက်ထေရ် သီလာ။
၇။ မေဓာဒဿံ အရဟံ ပုဂံကြွရောက်လာ။
၈။ စတုသတ ကျေူနု ဝီသသက္ကရာ။
၉။ လေးရာ့ငါးဆယ် ငါးခုဝယ် ချုပ်ကွယ်နိဗ္ဗုတာ။
၁၀။ လေးရာ့တစ်ဆယ် ကိုးခုဝယ် စမွယ်ကြွရောက်လာ
၁၁။ လောင်းစည်သူမင်း ပွဲစုံကျင်း ထင်လင်းထိုအခါ။
၁၂။ ရိုးတော်ဓာတ်များ ဂူတည်ထား ထင်ရှားတောင်ခြေမှာ။
၁၃။ ရုပ်ပုံသဏ္ဌာန် အရဟံ စီမံခဲ့သည့်သာ။
၁၄။ ယခုမှာကား မည်ထင်ရှား ဘုရားထီးစောင်းသာ။

## အရှင်သုမေဓာထေရ်

အရှင်သုမေဓာထေရ်သည် ပုဂံခေတ်တွင် ပံသုကူစွယ်ရှင် ပေါင်လောင်ကဿပထေရ်တို့နှင့် တပြိုင်နက်ချာနိရ ရဟန္တာပုဂ္ဂိုလ်ဟု ထင်ရှားသော မထေရ်မြတ်တပါးဖြစ်လေသည်။

၎င်းမထေရ်သည် ဟံလင်းမြို့[၁] တောင်ဖက် မှက်စီးသရိုင်ရွာ အရှေ့တောင်ယွန်း ဒိန်ကျောင်း၌ သီတင်းသုံးတော်မူ၍ ဘုရားသာသနာ

---

၁။ သုမေဓတ္ထေရော စ ဟလက်ဿနာမ နဂရဿ ဒက္ခိဏဒိသာဘာဂေ မုတ္တိဂါမေ။ (သာသနာဝံသပဒီပိကာ။ ၈၁)

ကို ပြုစုတော်မူခဲ့လေသည်၊ နေရာကျောင်းတိုက်ကိုစွဲ၍ ဒိန်ကျောင်း ဆရာတော်ဟုလည်း ထင်ရှားတော်မူလေ၏။

## မထေရ်မြတ်၏ ဂုဏ်တော်များ

မထေရ်မြတ်သည် ပံ့သုကူစုတင်အမြဲဆောင်တော်မူ၏၊ မကောင်းမှုပြုရန် ရှက်နိုးတော်မူသည့် လဇ္ဇီသူမွန် ဖြစ်တော်မူ၏၊ စတုပါရိသုဒ္ဓိသီလ၌ ချစ်မြတ်နိုးသည့် ပေသလပုဂ္ဂိုလ်လည်း ဖြစ်၏၊ ဈာန်ရရဟန္တာပုဂ္ဂိုလ်လည်း ဖြစ်တော်မူ၏၊ နံနက်တိုင်း နေ့စဉ်ဘုရားရှင် ခြေတော်တည်ရှိရာ သစ္စဗန္ဓတောင် (စက်တော်ရာ)သို့ကြွတော်မူ၍ ရှိခိုးဖူးမျှော်တော်မူပြီး စေတိယင်္ဂဏဝတ်ကိုလည်း ပြုတော်မူ၍ မှက်ထီးသရိုင်ရွာ၌ ဆွမ်းခံတော်မူ၏။

ပုဂံမြို့၌ ပုဂံခေတ်ဦးပိုင်းက အရည်းကြီးရဟန်းတို့ ကြီးစိုးလင့်ကစား နောက်တွင်ကြွယ်လတ္တံ့ဖြင့်တန်ဆာဆင်အပ်သော ကောင်းကင်ပမာ ပရိယတ်, ပဋိပတ်ဝန်ဆောင် ဈာနလာဘီအရိယာပုဂ္ဂိုလ်တို့ဖြင့် တင့်တင့်တယ်တယ်ရှိလှပေသည်။

> ပုဂါမေ ဗုဒ္ဓစက္ကံ ဟိ၊ အရိယေဟိပိ သောဘိတံ။
> တာရကောဠုဟိ မဏ္ဍိတံ၊ သောဘတိ ဂဂနံ ယထာ။

## အရှင်ဂုဏသာရမဟာထေရ်

အရှင်ဂုဏသာရသည် ပုဂံသာသနာဆက်၌ ထင်ရှားသော မထေရ်ဖြစ်လေသည်၊ အရှင်အရဟံ၏တပည့်ဖြစ်လေသည်၊ အရဟံသက်တော်ကြီးရင့်သောအခါ သာသနာရေးကိစ္စများကို အရှင်ဂုဏသာရသည် အရှင်အဂ္ဂပဏ္ဍိတနှင့်အတူ ဆောင်ရွက်တော်မူရလေသည်။

## ပဌမအဂ္ဂပဏ္ဍိတ မဟာထေရ်

ပုဂံသာသနာဝင်၌ အဂ္ဂပဏ္ဍိတဘွဲ့အမည်ဖြင့် ထင်ရှားသော မထေရ်မြတ် ၃–ပါးရှိကုန်၏၊ ၎င်းတို့ကား – – –

၁။ ပဌမအဂ္ဂပဏ္ဍိမဟာထေရ်
၂။ ဒုတိယအဂ္ဂပဏ္ဍိမဟာထေရ်
၃။ တတိယအဂ္ဂပဏ္ဍိတမဟာထေရ် အားဖြင့် ၃–ပါးဖြစ်ကုန်၏။ ဖော်ပြပါ ၃–ပါးအနက် ပဌမအဂ္ဂပဏ္ဍိတမဟာထေရ်မှာ အရှင်အရဟံ၏ တပည့်ရင်းဖြစ်ရာသည်။ မဟာအဂ္ဂပဏ္ဍိတထေရ်ဟူ၍ သုံးနှုန်းကြကုန်၏။

## ဒုတိယအဂ္ဂပဏ္ဍိတ မဟာထေရ်

ဒုတိယအဂ္ဂပဏ္ဍိတမဟာထေရ်သည် ပဌမအဂ္ဂပဏ္ဍိတမဟာထေရ်၏ တပည့်ဖြစ်လေသည်၊ စာပေကျမ်းဂန်တတ်မြောက်သောမထေရ်မြတ်ဖြစ်လေသည်၊ လောကုပ္ပတ္တိပကာသနီကျမ်းကိုလည်း ပြုစီရင်ခဲ့လေသည်၊ ပဌမအုပ် နံပါတ် ရ–၌ ၎င်းထေရ်အပါအဝင် အဂ္ဂပဏ္ဍိတမထေရ် ၃–ပါးနှင့်စပ်၍ သီဟိုဠ်ပညာရှိ ဒေါက်တာမာလာဆေကရ–ကလည်း ပိဋကတ်သမိုင်းသာသနာဝင်ကျမ်းများ ကိုးကား ဖော်ပြခဲ့သည်။

## ပိဋကတ်တော်သမိုင်းအဆို

လောကုပ္ပတ္တိပကာသနီမှာ ဇမ္ဗူဒိပ်ကျွန်း တမ္ပဒီပတိုင်း အရိမဒ္ဒနာမည်သော ပုဂံမြို့ နရပတိစည်သူမင်းလက်ထက် အရှင်အဂ္ဂပဏ္ဍိတ ပြုစုသည်ဟု ပိဋကတ်သမိုင်း၌ဆို၏။

## အရှင်သီလဗုဒ္ဓိမဟာထေရ် (ငစွယ်ရှင်ပံ့သုကူမဟာထေရ်)

အရှင်သီလဗုဒ္ဓိအမည်ရှိသောမထေရ်သည် နောက်တွင် ငစွယ်ရှင်ပံ့သုကူဟူသောအမည်ဖြင့် ပုဂံသာသနာဝင်တွင် ထင်ရှားခဲ့လေသည်၊ အရှင်သီလဗုဒ္ဓိကား[၁] အရှင်အရဟံအနွယ်အဆက်ဝင် အရှင်မြတ်ဖြစ်လေသည်၊ သပိတ်ကုန်သည်သားဟု အဆိုရှိလေသည်။

---

၁။ ၎င်းမထေရ်ကား သထုံသာသနာဝင်၌ ထင်ရှားသော အရှင်သီလဗုဒ္ဓိထေရ်တို့၏ အဆက်အနွယ် နောက်အရှင်သီလဗုဒ္ဓိဖြစ်ဟန်ရှိပေ၏။

## ပံ့သုကူထေရ်တွင်ကြောင်း

မထေရ်မြတ်သည် သက္ကရာဇ် ၄၅၄–ခုနှစ်တွင် နန်းတက်သော အလောင်းစည်သူမင်းလက်ထက် နောက်ပိုင်းလောက်မှစ၍ ထင်ရှားလာသော မထေရ်မြတ်ဖြစ်လေသည်၊ ဒါယကာ, ဒါယိကာမတို့ လှူသောသင်္ကန်း, ကထိန်သင်္ကန်းများကို အလှူမခံပဲ သုသာန်တစသချိုင်းတို့၌ လူသေကောင်လွှမ်းသော ပံ့သုကူအဝတ်ပုဆိုးတို့ကို သင်္ကန်းချုပ်လုပ်ဝတ်ရုံသုံးဆောင်လေ့ရှိသဖြင့် ပံ့သုကူထေရ်ဟုတွင်ကြောင်း အဆိုရှိလေသည်။

ပံ့သုကူလစီဝရံ သော၊ ပရိဘုဥ္ဇိ သုဓီတိမာ။
တသ္မာ ပံ့သုကူထေရောတိ၊ အဝှယော သမဇာယတိ။

## ငစွယ်ရှင်အမည်တွင်ကြောင်း

ထိုစဉ်က ငစွယ်ငယ်ဆိုသော လူငယ်လူရွယ်တယောက်သည် သူငယ်ဖော်များနှင့် နွားကြောင်းစဉ် သူငယ်ဖော်တို့ကို မိတ်ဆွေတို့ မိတ်ဆွေတို့လည်း ကုသိုလ်ရ, ငါလဲကုသိုလ်ရအောင် ငါသေဟန်ဆောင်မည် ငါ့အပေါ်အဝတ်ပုဆိုးများဖုံးလွှမ်းပြီး ပံ့သုကူမထေရ်မြတ်အား ပံ့သုကူကောက်တော်မူပါဟု လျှောက်ထားကြကုန်–ဟု ဆို၏။ သူငယ်ချင်းအဖော်တို့သည်လည်း ငစွယ်ဆိုတိုင်းပြု၍ လျှောက်ထားကြလေ၏၊ မထေရ်မြတ်သည် သုသာန်သို့ကြွ၍ ပံ့သုကူကောက်တော်မူ၏၊ မထေရ်မြတ်ကြွလေသော် ငစွယ်လည်း လူသေအစစ်ဖြစ်လျက် အသက်မရှုပဲ နေတော့၏။ သူငယ်ချင်းအဖော်တို့သည် ငစွယ်၏မိဘတို့ကို သွားရောက်အကြောင်းကြား ပြောကြကုန်၏၊ ငစွယ်၏မိဘတို့သည် မထေရ်မြတ်ထံသွား၍ လျှောက်ထားကြကုန်၏၊ မထေရ်မြတ်သည် ကြွလာတော်မူ၍ ပရိတ်မေတ္တာပြုမှ ငစွယ်ထ၍ ရှိခိုးလေ၏၊ ထိုမှစ၍ ပံ့သုကူမထေရ်သည် မူလပံ့သုကူအမည်နှင့်တွဲစပ်၍ ငစွယ်ရှင်ပံ့သုကူဟု တွင်သတတ်။

ငစွယ်တရဏံ နိဿာယ၊ ငစွယ်ရှင်သမညာ ဘဝိ။
ပုဗ္ဗနာမေန ကေဏ္ဍံ၊ ငစွယ်ရှင်ပံ့သုကူတိပိ။

## မန္တလေးမြို့အရှေ့ဖက် ထွန်တုံးပူတက်ကြွခြင်း

"ညီကုလားကျ နောဒ္ဓိန္ဒ ပဥ္စနန်းဇယံ"ဟူသည်နှင့်အညီ သက္ကရာဇ် ၅၂၉–ခုနှစ်တွင် ပုဂံ၌ ၄–နှစ် မင်းပြုနန်းစံသော မင်းရှင်စော ၏ညီ ကုလားကျမည်သော နရသူမင်းသည်[၁] ဖခင် အလောင်းစည်သူ မင်း နတ်ရွာစံပြီးသော် ပုဂံပြည်၌ မင်းပြုလေ၏၊ မန္တလေးအရှေ့ဖက် ထွန်တုံးပူတက်အရပ်၌ ရောက်နေသော အလောင်းစည်သူ၏သားတော် ကုလားကျမင်း၏အစ်ကို မင်းရှင်စောသည် ခမည်းတော် အလောင်း စည်သူမင်းကြီး နတ်ရွာစံလေသော် ရေအား, ကြည်းအားဖြင့် ပုဂံသို့ ချီတက်၍ မင်းပြုရန်စီစဉ်လျက်ရှိလေ၏၊ ယင်းအကြောင်းကို ညီတော် ကုလားကျမင်း (နရသူ)ကြားသိလေလျှင် ပံ့သုကူထေရ်ကို နောင်တော် ကို ကြွရောက်ခေါ်ပေးပါရန်၊ နောင်တော်ပုဂံရောက်လျှင် နန်းတင်ပါ မည်ဟု အခိုင်အမာလျှောက်ထားပြောကြားသဖြင့် ပံ့သုကူထေရ်သည် မင်းရှင်စောရှိရာ ထွန်တုံးပူတက်သို့ကြွ၍ အကြောင်းမျိုးစုံကိုပြောကြား လေ၏။

မင်းရှင်စောလည်း မဟာထေရ်၏စကားကိုကြားလျှင် ယုံ ကြည်သဖြင့် ရွှေလှော်ကားတစင်းနှင့်သာ မထေရ်ကိုတင်၍ ပုဂံနန်းမြို့ တော်သို့ စုံလေ၏။

## ကုလားကျမင်းကြိုဆို အဆိပ်ခတ်လုပ်ကြံ

လက်ပံဆိပ်သို့ရောက်လျှင် ညီကုလားကျမင်းသည် ခရီးဦး ကြိုဆိုပြီး နန်းတင်လေ၏၊ ဘိသိက်သွန်းပြီး၍ ထိုညဥ့်တွင်ပင် စား တော်ဝယ်အဆိပ်ခတ်၍ လုပ်ကြံရာ နောင်တော်မင်းရှင်စော အနိစ္စ ရောက်လေတော့၏။

---

၁။ ကုလားတို့၏ပယောဂဖြင့် နတ်ရွာစံသောကြောင့် ကုလားကျမင်းဟုတွင် သည်။

ဤကဲ့သို့ညီအစ်ကိုမိဖစသည်ဖြင့် မကြံစည်မထောက်ထားပဲ လုပ်ကြံသတ်ဖြတ်ကြ၍ မင်းပြုကြသည်မှာ ကမ္ဘာ့နိုင်ငံများအတွင်း ပေါ များလှကုန်၏။

ကေစွေ ပုဗ္ဗရာဇာနော၊ ရဇ္ဇလာဘာဒိ ဟေတုနာ။
ဘာတာဒိကေ န စိန္တေတွာ၊ အညမညံ ဝိဟေဌယုံ။

## ပံ့သုကူမထေရ် သံဝေဂရခဲ့

ပံ့သုကူမထေရ်မြတ်ကြားလေသော် နန်းတော်သို့ကြွ၍ ဟယ် မင်းဆိုး မင်းညစ် နင်ကား သံသရာဝယ်ခံအံ့သောမကောင်းမှုကို မ ကြောက်, ဤစည်းစိမ်ကိုရလျှင် နင့်ခန္ဓာကိုယ်သည် မအိုမသေပြီဟု မှတ်သလော၊ လောက၌ နင့်ထက်တရားပျက်သော မင်းမည်သည် မရှိ–ဟု မိန့်တော်မူလေ၏။ များစွာလည်း သံဝေဂရတော်မူကာ သီဟိုဠ် ကျွန်းသို့ကြွတော်မူပြီး နရပတိစည်သူမင်းလက်ထက်ကျမှ သီဟိုဠ်မှ ပုဂံသို့ပြန်ကြွတော်မူခဲ့လေသည်။

## သီဟိုဠ်ကျွန်း ကြွမည်ပြုခြင်း

သက္ကရာဇ် ၅၃၆–ခုနှစ်[၁]တွင် နန်းတက်သော နရပတိစည်သူ မင်းသည် တနေ့တွင် တူရွင်းတောင်သို့တက်တော်မူ၍ အပြန်တွင် စူဠာမဏိစေတီတည်မည့်အရပ် ချောက်၌ ပတ္တမြားအရောင်တောက် သည်ကိုမြင်တော်မူ၍၊ ဤအရပ်၌ ငါ့ကောင်းမှုဖြစ်စေလိုသည်ဟု နှလုံး ပြု၍ ထိုချောက်ကိုပြည့်သူများအား ဖို့စေလေ၏၊ ပံ့သုကူမထေရ်သည် သဘောမကျ၍ မင်းကြီးအား မင်းကြီးကောင်းမှုဖြစ်လိမ့်မည်ဟု ယခု ပြုသောအမှုသည် ကောင်းမှုမဖြစ် မကောင်းမှုသာဖြစ်သည်ဟု မိန့်ဆို ကာ မင်းကြီးလှူသောဆွမ်းကိုလည်း မခံပဲနေလေ၏၊ ထိုအခါ နရပတိ စည်သူမင်းကြီးက အရှင်ဘုရားတပည့်တော်၏ဆွမ်းကို ဘုဉ်းပေးတော်

---

၁။ ၅၂၆ – (ဦးကုလား ရာဇဝင်)

မမူလိုလျှင် တပည့်တော်၏တိုင်းပြည်မှ မနေမှလွတ်ပါမည်၊ ပြည်သူတို့ လှူသောဆွမ်းသည်လည်း တပည့်တော်၏ဆွမ်းပင်မည်လေ၏။ မထေရ် မြတ်သည်လည်း မင်းကြီးစကားကိုကြားလျှင် သီဟိုဠ်သို့ကြွရန် ကြံစည် ၍ စွယ်ကြိုအရပ်သို့ကြွ၍ သီတင်းသုံးလေ၏၊ မထေရ်မြတ်သွားလျှင် ပုဂံမြို့သရပါတံခါးဝယ်စောင့်သော ဘီလူးသည် မင်းကြီးထွက်တော်မူ သောအခါ မလွှဲပဲ တံခါးထက်ဝယ် ကားရားရပ်လျက် နေလေ၏၊ သမားဟူးရားတို့ဖြင့် အမျိုးမျိုးအဖုံဖုံပြုလုပ်ပါသော်လည်း ဘီလူးသည် မဖဲပဲသာ နေလေ၏၊ သမားဟူးရားတို့သည် မထေရ်မြတ်အား မသင့် မတင့် မချေ မငန် လျှောက်ထားသဖြင့် မထေရ်မြတ်ထွက်သွားသော ကြောင့် မဖဲပဲနေကြောင်း သံတော်ဦးတင်ကြကုန်၏။

မင်းကြီးလည်း အမတ်တို့ကိုခေါ်တော်မူ၍ အကြိမ်ကြိမ်ပင့် သော်လည်း ကြွလာတော်မမူပဲ သီဟိုဠ်ကျွန်းသို့ကူးမည်ဟု ကြွတော် မူလေ၏။

## မင်းကြီးက ဆွမ်းလုပ်ကျွေးခြင်း

မင်းမြတ်သည် မထေရ်မြတ်ကြွကြောင်း ကြားသိလေလျှင် အမတ်တုရင်္ဂပစ္စည်းကို ခေါ်တော်မူ၍ မထေရ်မြတ်ကို ပင့်စေလေသည်၊ တုရင်္ဂပစ္စည်းသည် လိမ္မာသောအမတ်ဖြစ်သည့်အလျောက် ရွှေဆင်းတု တဆူကို လှေပေါ်ပင့်တင်ကာ သွားရောက်ပင့်လေ၏၊ မထေရ်မြတ်နှင့် သင်္ဘောဆိပ်၌ဆုံမိလေရာ အရှင်ဘုရား မြတ်စွာဘုရား လှေပေါ်မှကြွ ရောက်တော်မူနေပါသည် အရှင်မြတ် ဘုရားဖူး ကြွတော်မူရန် ဘုရားရှင်က မိန့်ပါသည်ဟု လျှောက်လေရာ မထေရ်မြတ်သည် တုရင် ပစ္စည်း၏ လှေသို့ကြွတော်မူလေသည်၊ တုရင်ပစ္စည်းလည်း လှေကို အတင်းလှော်စေလေသည်၊ မထေရ်မြတ်ကိုလည်း သီဟိုဠ်မကြွပဲ ပုဂံ၌သာသနာပြုရန် အမျိုးမျိုးတောင်းပန်လျှောက်ထားလေ၏။

မင်းမြတ်သည် အမတ်ပေါင်းခြံရံလျက် ခရီးဦးကြိုဆိုနှင့်လေ ၏၊ လှေပေါ်မှ မထေရ်မြတ်လက်တော်ကို မ၍ နန်းတော်သို့ ပင့်ဆောင် လေ၏၊ တံခါးသို့ရောက်လေသော် ဘီလူးသည်လည်း တံခါးမှဆင်း၍

မထေရ်မြတ်ကို ဦးသုံးကြိမ်ချလေ၏။ နန်းတော်သို့ရောက်လျှင် မင်းတရားသည် ကိုယ်တိုင်ဆွမ်းပြင်၍ ဆက်ကပ်လေ၏။

## ဝန်ချတောင်းပန် သားများလှူ ဘုရားတည်

မင်းမြတ်သည် တပည့်တော်သည် ယနေ့မှစ၍ အရှင်မြတ်၏ အဆုံးအမဩဝါဒကို ခံယူပါတော့မည်ဟု လျှောက်ထားပြီးလျှင် ဇေယျသူရ, ဇေယျသိခ်, ရာဇသု, ဂင်္ဂသု, ပျံချီ–ဟူသော သားတော်ငါးပါးတို့ကို လှူတော်မူလေ၏။ မင်းသားငါးယောက်ကို မထေရ်မြတ်ခေါ်တော်မူ၍ ကြွတော်မူကာ လမ်းခုလပ်တွင် မြေကွက်လပ်ငါးခုတို့ကို ပြ၍ ပြန်လွှတ်တော်မူလေ၏။

မင်းကြီးသည် သားတော်တို့ သံတော်ဦးတင်ချက်အရ သိရှိရ၍ ကောင်းမှုပြုစေလိုသည်ဟု သဘောပိုက်ပြီး သားတော်တို့ကိုယ်နှင့် အမျှစီ ရွှေများကိုချိန်၍ ထိုရွှေကိုလက်ခကံကျွေးပြုကာ ဘုရားရှင်လက်ထက်တော်က ပသေနဒီ ကောသလမင်းကြီး၏ ကောင်းမှုတော်သရက္ခန်(သာရဂန်) စန္ဒကူးကောင်းမှုတော်ဆင်းတုနှင့်အမျှ စကြိုဘုရားလှ, မြေဘုံသာဘုရားလှ, ကန်စွန်းအိုဘုရားလှ, သိကြားတောင်ဘုရားလှ, ချောက်ဘုရားလှ–ဟူသော ဘုရားငါးဆူကို တည်တော်မူခဲ့လေသည်။

## သာသနာပြုမထေရ်

ဖော်ပြပါ အရှင်သီလဗုဒ္ဓိ (ငစွယ်ရှင်ပံ့သုကူ)ထေရ်သည် ထိုခေတ်က အရိယာဟုပင် ကျော်ကြားသော သာသနာပြုခေါင်းဆောင်မထေရ်မြတ် ဖြစ်တော်မူ၏။ ၎င်းမထေရ်၏ဆောင်ရွက်ချက်ကြောင့် ထိုခေတ်ကပုဂံထေရဝါဒသာသနာရောင် လွန်စွာတောက်ပြောင်ခဲ့လေ၏။

ယင်းသို့ သာသနာပြုတော်မူခဲ့ပြီး လွှဲမရသောမရဏမင်း၏ခံတွင်း ဝင်တော်မူခဲ့ရလေပြီ။

ငစွယ်ရှင် ပံ့သုကူက္ကတိ၊ ဝိဒိတော ထေရပုဂ်ဝေါ။
သောမေတွာ သာသနံ သတ္တာ၊ ပယာတော မစ္စုနော ဝသံ။

## အရှင်ဥတ္တရာဇီဝ မဟာထေရ်

အရှင်ဥတ္တရာဇီဝမဟာထေရ်သည် –

အရဟံ ထေရသေဋ္ဌော စ၊ အနုရုဒ္ဓပ္ပသာဒကော။
ဘဒန္တဂုဏသာရော စ၊ အဂ္ဂပဏ္ဍိတပုင်္ဂဝေါ။
အဂ္ဂဝံသုတ္တရာဇီဝေါ၊ ဥဘော သဒ္ဓမ္မနာမကော။
သဒ္ဓမ္မသီရိအဒ္ဒိမေ၊ ပုဂါမေ ဝံသပါလကာ။[၁]

ဟူသည်နှင့်အညီ ပုဂံသာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်ထူးရှစ်ဦးတွင် ပဥ္စမမြောက် သာသနာပြုပုဂ္ဂိုလ်မြတ်ဖြစ်လေသည်။

သထုံသာသနာပြု အရှင်သောဏ, အရှင်ဥတ္တရ၊ ထိုအရှင် ၂–ပါးတို့၏ တပည့်ကား အရှင်သောဘိတ ဖြစ်လေသည်၊ အရှင်သောဘိတ၏တပည့် အရှင်သောမဒတ္တ၊ အရှင်သောမဒတ္တ၏တပည့် အရှင်အနောမဒဿီ၊ အရှင်အနောမဒဿီ၏တပည့် အရှင်အဓိသီလ၊ အရှင်အဓိသီလ၏တပည့် အရှင်ပြာဏဒဿီ၊ အရှင်ပြာဏဒဿီ၏တပည့်ကား အရှင်အရိယဝံသ ဖြစ်လေသည်၊ အရှင်ဥတ္တရာဇီဝသည် ဖော်ပြပါ အရှင်အရိယဝံသ၏တပည့် ဖြစ်လေသည်။

## နရပတိစည်သူမင်းက မျှားစွာချီးမြှောက်

အရှင်ဥတ္တရာဇီဝသည် သုဝဏ္ဏဘုံ သထုံသာသနာပြု အရှင်သောဏ, အရှင်ဥတ္တရတို့၏ အဆက်အနွယ်ကို ယူတော်မူခဲ့၍ ပုဂံပြည်သို့ ရောက်ရှိကာ ကြာမြင့်စွာသီတင်းသုံးတော်မူ၍ သာသနာပြုတော်မူခဲ့လေသည်၊ ထိုစဉ်က ပုဂံနိုင်ငံတော်၏ကေရာဇ်တုရင်ဖြစ်သော နရပတိစည်သူမင်းတရားကြီးလည်း ပစ္စည်းလေးပါးလှူဒါန်း၍ မျှားစွာချီးမြှောက်တော်မူခဲ့လေသည်။[၂]

---

၁။ မဟာဝိသုတာရာမနိကာယသာသနာဝင်။ ၁၄၃။
၂။ ဝံသဒီပနီလည်းကြည့်။

## သီဟိုဠ်ကျွန်းသို့ ကြွတော်မူခြင်း

အရှင်ဥတ္တရာဇီဝမဟာထေရ်မြတ်သည် များစွာသောတပည့် တပန်းတို့ခြံရံကာ ပုဂံမှ ပုသိန်(ကုသိန်)မြို့သို့ကြွတော်မူ၍ ပုသိန်မှ သီဟိုဠ်ကျွန်းသို့ကြွတော်မူ၍ မဟာစေတီ, ထူပါရာမစေတီ, ဒက္ခိဏာ သာခါ မဟာဗောဓိစသည့် ပူဇနီယ, သံဝေဇနီယဌာနများကိုဖူးမြော် ဦးချ သံဝေဂယူတော်မူခဲ့လေသည်။[၁]

ယင်းသို့ကြွတော်မူစဉ် အသက် ၂၀–ပြည့် ဆပ္ပဋ္ဌအမည်ရှိ သော သာမဏေလည်း ပါရှိခဲ့လေသည်။

## သီဟိုဠ်၌ ဆပ္ပဋ္ဌသာမဏေ ပဉ္စင်းခံခြင်း

အရှင်ဥတ္တရာဇီဝထေရ်သည် မိမိကိုယ်တိုင်က အရှင်သောဏ, အရှင်ဥတ္တရထေရ်တို့၏အဆက်အနွယ်ဖြစ်ပြီး အရှင်မဟိန္ဒထေရ်၏ အဆက်အနွယ်ဖြစ်သော သီဟိုဠ်ရဟန်းတော်များနှင့် ရင်းရင်းနှီးနှီးဖြစ် ၍ သီဟိုဠ်ရဟန်းတော်တို့နှင့်အတူ မိမိ၏တပည့် အသက်နှစ်ဆယ် ပြည့်ဖြိုးကြွယ်သော အရှင်ဆပ္ပဋ္ဌသာမဏေကို ပဉ္စင်းခံပေးတော်မူလေ သည်။

## ပုဂံပြည်ပြန်ကြွတော်မူခြင်း

သီဟိုဠ်ကျွန်း၌ မိမိတပည့် ရှင်ဆပ္ပဋ္ဌကို ရဟန်းခံပေးခြင်း, စေတီပုထိုးအမျိုးမျိုးတို့ကို ဖူးမြော်ခြင်းစသည့်ကိစ္စများ ပြုပြီး နောက်ပုဂံ ပြည်သို့ ပြန်ကြွတော်မူခဲ့လေသည်၊ အရှင်ဥတ္တရာဇီဝထေရ် သီဟိုဠ်ကျွန်း ၌ ၃–နှစ်ခန့် သီတင်းသုံးတော်မူခဲ့သည်ဟု အဆိုရှိလေသည်။[၂]

---

၁။ အရှင်ဥတ္တရာဇီဝ သီဟိုဠ်ကြွ သက္ကရာဇ်ကို ၅၂၆–ခုနှစ်ဟူ၍၎င်း, ၅၃၂–ခု နှစ်ဟူ၍၎င်း စသည်ဖြင့် အမျိုးမျိုးအဆိုလွဲလျက်ရှိ၏၊ မည်သို့ပင်ဖြစ်စေ သီဟိုဠ်ကြွတော်မူခြင်းသည်သာ လိုရင်းဖြစ်၏။

၂။ ဝံသဒီပနီ၌ သက္ကရာဇ် ၅၃၅–ခုနှစ်တွင် ပုဂံပြည် ပြန်ခဲ့သည်ဟု ဆို၏။

## ပျံလွန်တော်မူပြီ

အရှင်ဥတ္တရာဇီဝသည် သက်ဆုံးတိုင် ဘုရားဘုန်းခိုင် သာသနာရောင် တောက်ပြောင်လင်းလက်အောင် ဆောင်ရွက်တော်မူခဲ့လေပြီ၊ သက္ကရာဇ် ၅၅၃-ခုနှစ်လောက်တွင် ပျံလွန်တော်မူခဲ့လေသည်။

ဥတ္တရော ဥတ္တရာဇီဝေါ၊ ဥတ္တရသာသနေ ရတော။
ဥတ္တရံ သော ကရိတွာန၊ ပဝိဋ္ဌော မစ္စု နော မုခံ။

## ပဉ္စမဆပ္ပဋ မဟာထေရ် (အရှင်သဒ္ဓမ္မဉာဏ)

အရှင်သဒ္ဓမ္မဉာဏမည်သော ဆပ္ပဋမဟာထေရ်သည် ပုသိမ်မြို့ ဆပ္ပဋရွာဇာတိ ဖြစ်လေသည်၊ ဇာတိရပ်ရွာကိုစွဲ၍ ရှင်သာမဏေဖြစ်စဉ်က ဆပ္ပဋသာမဏေ, ရဟန်းဖြစ်လျှင် ဆပ္ပဋရဟန်းတော်ဟုထင်ရှားခဲ့လေသည်၊ ဘွဲ့တော်မှာ အရှင်သဒ္ဓမ္မဉာဏဖြစ်သည်ဟု ဆိုကြကုန်၏။

မထေရ်မြတ်သည် အရှင်ဥတ္တရာဇီဝမဟာထေရ်မြတ်၏ တပည့်ဖြစ်လေသည်၊ သက်တော် ၂၀-ပြည့်မြောက်ချိန်တွင် အရှင်ဥတ္တရာဇီဝမဟာထေရ်နှင့် သီဟိုဠ်ကျွန်း ကြွရောက်တော်မူခဲ့လေသည်။

## သီဟိုဠ်၌ ရဟန်းခံခြင်း

ဆပ္ပဋမဟာထေရ်သည် အရှင်ဥတ္တရာဇီဝထေရ်ကို ဥပဇ္ဈာယ်ပြု၍ သောဏဥတ္တရဝံသိကရဟန်းတော်များ, မဟိန္ဒဝံသိက သီဟိုဠ်ရဟန်းတော်များ၏ ချီးမြှောက်မှုဖြင့် သီဟိုဠ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်၊ ဥပဇ္ဈာယ်ဆရာတော် အရှင်ဥတ္တရာဇီဝတို့ ပုဂံပြည်ပြန်ကြွလာသောအခါ ရဟန်းတော် အရှင်ဆပ္ပဋ သီဟိုဠ်၌ နေရစ်ကာ ပညာသင်ကြားခဲ့လေသည်။

## ပုဂံပြည် ပြန်ကြွခြင်း

သီဟိုဠ်၌ သီတင်းသုံး၍ ရဟန်းသိက္ခာ ၁၀–ဝါရပြီးနောက်
၁။ တာမလိန္ဒရွာသား အရှင်သီဝလိထေရ်
၂။ ကမ္ဘောဇမင်းသား အရှင်တာမလိန္ဒထေရ်
၃။ ကဥ္စိပုရမြို့သား အရှင်အာနန္ဒာထေရ်
၄။ သီဟိုဠ်ကျွန်းသား အရှင်ရာဟုလာထေရ်–ဟူသော
မထေရ် ၄–ပါးတို့နှင့်အတူ သင်္ဘောစီး၍ ပုဂံပြည်ပြန်ကြွတော်မူခဲ့လေသည်။

သီဝလျာဒိစတူဟော၊ ဆပဋ္ဌော ဂန္ထကောဝိဒေါ။
ပစ္စာဂတော ဝ ဒီပမှာ၊ သဇာတိ ပုရမုတ္တမံ။

မထေရ်မြတ်တို့သည် ပုသိမ်ရောက်သောအခါ ဝါဆိုချိန်နီးကပ်လာသဖြင့် ပုဂံမြို့သို့ဆက်လက်မကြွကြပဲ ပုသိမ်မြို့ ငပုတော၌ ဝါဆိုသီတင်းသုံးတော်မူကြကုန်၏၊ ဝါကျွတ်သောအခါ ပဝါရဏာပြုကြပြီးလျှင် ပုဂံမြို့သို့ကြွကြကုန်၏။ ပုဂံပြည်သို့ရောက်သောနှစ်ကို သက္ကရာဇ် ၅၅၃–ခုနှစ်ဟု ဆိုကြကုန်၏။

အရှင်ဥတ္တရာဇီဝထေရ်မှာ အရှင်ဆပဋ္ဌတို့မရောက်မီ ရက်အနည်းငယ် ၂–ရက်၊ ၃–ရက်ခန့်က ပျံလွန်တော်မူသဖြင့် အရှင်ဆပဋ္ဌမှာ ဆရာရင်းနှင့် မတွေ့ရတော့ချေ၊ သင်္ချိုင်းရာသို့ကြွရောက်၍ ဦးတိုက်ကန်တော့ရတော့သည်။

အရှင်ဆပဋ္ဌသည် ပုဂံ၌ အခြားရဟန်းတော်များနှင့် ကံကြီးကံငယ် အတူမပြုပဲ အတူတကွပါလာသောရဟန်းတော်များနှင့်သာ ကံကြီးကံငယ်ပြုလေသည်။ အရှင်ဆပဋ္ဌသည် ဂိုဏ်းသီးခြားထောင်၍ သာသနာ့ကိစ္စများ ဆောင်ရွက်ဆဲတွင် ပျံလွန်တော်မူခဲ့လေသည်။

ပဌမော ဆပဋ္ဌော ထေရော၊ ပုဂံဝံသေ သုပါကဋော။
ကိစ္စာနိ သော ကရိတွာန၊ သမ္ပတ္တော မစ္စုနော မုခံ။

## နရပတိစည်သူမင်း ကြည်ညိုခြင်း

နရပတိစည်သူမင်းကြီးသည် အရှင်ဆပ္ပဋနှင့်ပါလာသော မထေရ်တို့ကို ကြည်ညိုသဖြင့် ဝဇီရပဋိမည်သော ပညာရှိအမတ်နှင့် တိုင်ပင်၍ ရောဝတီမြစ်အတွင်း လှေဖောင်များစွာတို့ကို မြဲမြံစွာဖွဲ့စေကာ အဖိုးတန်သင်္ကန်းပရိက္ခရာတို့ကို လှူဒါန်း၍ သာမဏေများစွာတို့ကို ရဟန်းခံစေရာ ကာလရှည်ကြာသော် ဂိုဏ်းသံဃာတို့တိုးပွားကုန်၏။

နဒီမဇ္ဈမှိ နာဝါယော၊ ဌပေတွာ သုနိစ္စလံ။
မဏ္ဍပံ တတ္ထ ကာရေတွာ၊ သုဝိဘတ္တံ မနောရမံ။
မဟာထေ ဓီဝရေနေက–ပရိက္ခာရေ စ ဒါပိယံ။
ဥပသမ္ပဒကမ္မံ သော၊ ကာရာပေသိ မဟီပတိ။

## အရှင်ရာဟုလာ လူထွက်ခြင်း

အရှင်ဆပ္ပဋနှင့်ပါလာသော မထေရ်များအနက် အရှင်ရာဟုလာသည် ပညာအရှိဆုံးဖြစ်လေသည်၊ နရပတိစည်သူမင်းကြီးသည် တပည့်တပန်းသံဃာများနှင့်တကွ ရဟန်းတော် ၅–ပါးတို့ကို ပင့်၍ သဘင်ကြီးစွာခံပြီးလျှင် လှူဒါန်းပူဇော်လေ၏၊ အရှင်ရာဟုလာသည် အလှူပွဲ၌ အသွင်အပြင်အချိုးကျ၍ အလှကေရိဖြစ်သော ကချေသည်မကို မြင်သဖြင့် ကပ်ငြိစွဲလမ်းခင်မင်နှစ်သက်လိုချင်သောစိတ်ရှိသဖြင့် လူထွက်ရန်အားထုတ်လေ၏။

ထိုအခါ ကျန်မထေရ်များက အရှင်ရာဟုလာအား လူမထွက်ရန် အမျိုးမျိုးတရားဟောကြကုန်၏၊ သို့ပါသော်လည်း အရှင်ရာဟုလာ၏ လူထွက်ချင်စိတ်မှာ နောက်သို့မဆုတ် ရှေ့သို့သာတိုးတက်ခဲ့လေသည်။ ကျန်မထေရ်များက သည်လိုဆိုလျှင် ပုဂံပြည်မှာမထွက်ပါလင့်၊ မလယကျွန်းသွားထွက်ပါဟု ပြောကြသဖြင့် မလယကျွန်းသို့ ပုသိမ်မှ သင်္ဘောစီး၍ သွားလေ၏၊ မလယကျွန်းရောက်လေသော် မလယဘုရင်က ဝိနည်းသင်လိုကြောင်း လျှောက်ထားတောင်းပန်လေ၏။

အရှင်ရာဟုလာသည် မလယဘုရင်အား ခုဒ္ဒသိက္ခာကျမ်းကို ဋီကာတွဲဖက်၍ သင်ပေးလေရာ ကြည်ညိုသဖြင့် မထေရ်အား ပတ္တမြား

သပိတ်လှူဒါန်းလေ၏၊ အရှင်ရာဟုလာလည်း ပတ္တမြားသပိတ်ရလျှင် လူထွက်လေတော့၏။

## အနုသာသနီ

သာသနာ့ဝန်ထမ်းများသည် မိန်းမများနှင့်ဝေးစွာရှောင်သင့် ၏၊ အလွန်ဝေးစွာ ဆက်ဆံသင့်၏၊ မိန်းမတို့သည် ဤဘုရားမြတ်စွာ သာသနာတော်၌ ရဟန်းတော်တို့သိက္ခာသီလပျက်ပြုန်းအောင် ချေးမှုန်းတိုက်ခိုက်တတ်သော ရန်သူစင်စစ်တို့သာတည်း။

အတိဒူရေဝ ဟောတဗ္ဗံ၊ ဘိက္ခုနာ နာမ ဣတ္ထိဟိ။
ဣတ္ထိယော နာမ ဘိက္ခုနံ၊ ဘာဝန္တိ ဣလ ဝေရိနော။
(သာသနဝံသပဒီပိကာ၊ ၇၄)

ဗဟုဝါရ ဒဿနဖြင့် မိန်းမယောက်ျား မြင်ဖန်များသော် သနားချစ်ခင် စိတ်ကျွမ်းဝင်၍ ကျွန်ပင်တမင့် ဖြစ်လင့်ကစား တပ်မက်လျှင်း၏။ (မဃဒေဝ။ ၁၅၅၊ ၂၃၃။)

ကျန်မထေရ် ၄–ပါးအနက် အရှင်ဆပ္ပဋမထေရ်မှာ ရှေးဦးစွာပျံလွန်တော်မူခဲ့လေသည်၊ ကျန်မထေရ် ၃–ပါးတို့သည် ရဟန်းသံဃာတို့အား ပရိယတ်စာပေချပို့သင်ကြားပေခြင်း, တရားဓမ္မဟောပြောခြင်း စသည်ဖြင့် ဘုရားမြတ်စွာသာသနာတော်ကို ချီးမြှောက်ကြကုန်၏။

## ပုဂံသာသနာ ဂိုဏ်း ၄–ဂိုဏ်းကွဲ

တနေ့သောအခါ မင်းကြီးသည် ရဟန်းတော် ၃–ပါးတို့အား ဆင်ပေါက်တစီးစီလှူလေ၏၊ အရှင်သီဝလိနှင့် အရှင်ကာမလိန္ဒထေရ်တို့သည် ဆင်ကို တော၌လွှတ်လိုက်ကြကုန်၏။

အရှင်အာနန္ဒာမထေရ်ကမူ ပုသိမ်သို့ကြွသွားကာ ဆင်ပေါက်ကို ကဥ္စိပုရမြို့ ဆွေမျိုးများထံ တင်ပို့လေ၏၊ သို့ဖြစ်၍ အချင်းချင်း မသင့်မတင့်ဖြစ်ကြကုန်၍ သံဃာ့ကံသီးခြားဆောင်သဖြင့် ၂–ဂိုဏ်းကွဲလေ၏။

ကာလကြာသော် အရှင်ကာမလိန္ဒထေရ်သည် အကြားအမြင်ရှိသောတပည့်များကို မွေးမြူ၍ ပစ္စည်း ၄–ပါး ထောက်ပံ့လှူဒါန်းရန် မူးမတ်, သူဌေး, သူကြွယ်တို့အား ပစ္စည်းလေးပါးတို့ကို တောင်းရမ်းလေ၏၊ ထိုအကြောင်းကို အရှင်သီဝလိထေရ်သိသဖြင့် ဝစီဝိညတ်အမှုကို ဘုရားရှင်လွန်စွာစက်ဆုပ်ကြောင်း, မပြုသင့်ပါကြောင်း အရှင်ကာမလိန္ဒထေရ်အား ဟောပြောသော်လည်း မရသဖြင့် အရှင်ကာမလိန္ဒထေရ်နှင့် မပေါင်းတော့ပဲ သီးခြားခွဲ၍ ကံပြုကြလေ၏။ ဤသို့ဖြင့် ၃–ဂိုဏ်း ကွဲပြန်လေသည်။

ဤသို့ ပုဂံ၌ –

၁။ အရှင်အရဟံအနွယ်ဝင် သံဃာတစု

၂။ အရှင်အာနန္ဒာအနွယ် သံဃာတစု

၃။ အရှင်ကာမလိန္ဒအနွယ် သံဃာတစု

၄။ အရှင်သီဝလိအနွယ် သံဃာတစု–အားဖြင့် လေးစုလေးဂိုဏ်း ကွဲပြားခဲ့ဘူးလေသည်။

အရဟန္တဝံသိကော စေဝ၊ အာနန္ဒဝံသိကော တထာ။
ကာမလိန္ဒဿ ဝံသော စ၊ သီဝလိဝံသိကောပိ စ။
ဣတိ စတုဂ္ဂဏာဘိန္နာ၊ ပုဂါမေ သုဋ္ဌုလက္ခိတာ။[၁]

**ဓမ္မုပဒေသ**

သစ္စာသိမြင် ဘုရားရှင်တို့၏ ပွင့်ထွန်းပေါ်ပေါက်ခြင်းသည် ချမ်းသာကြောင်းပေတည်း၊ သူတော်ကောင်းတရားဟောကြားခြင်းသည် ချမ်းသာကြောင်းပေတည်း၊ သံဃာတော်အရှင်မြတ်တို့၏ ညီညာဖျဖျ စိတ်တူကိုယ်မျှဖြစ်ခြင်းသည် ချမ်းသာကြောင်းပေတည်း၊ စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာကြောင်း ကောင်းမြတ်လှပေ၏။

---

၁။ မဟာဝိသုတာရာမနိကာယသာသနာဝင်။ ၁၅၂။

သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ။
သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ။[၁]

(ဆောင်) ဗုဒ္ဓရှင်တော် ထွန်းပေါ်ခြင်းကား များဝေနေပေါင်း ချမ်းသာ
ကြောင်းတည်း, သူ့ကောင်းတရား နာကြားခြင်းလည်း
တနည်းကောန် ချမ်းသာမှန်၏၊ ဘုံမျှမြတ်စွာ များသံဃာ၏
ညီညာဖျဖျ ဖြစ်ပြန်ကလည်း ကောန်မုချ ချမ်းသာရ၏၊ စိတ်
ထားဖြူစင် ညီညွတ်လျှင်လည်း အစဉ်ထာဝရ ချမ်းသာရ၏။

## ဒုတိယဆပွန္ဒ (အရှင်သဒ္ဓမ္မဉာဏမဟာထေရ်)

အရှင်သဒ္ဓမ္မဉာဏမဟာထေရ်သည်လည်း ပုဂံသာသနာဝင်၌ ထင်ရှားသောမထေရ်မြတ်တပါးပါတည်း၊ ပဌမဆပွဋ္ဌထေရ်၏ တပည့်ဖြစ်ရကား ဒုတိယဆပွဋ္ဌထေရ်ဟု ထင်ရှားခဲ့ခြင်းဖြစ်လေသည်။

သီဟိုဠ်ကျွန်းသို့လည်း ရောက်ရှိပညာဆည်းပူးလေ့လာ သာသနာပြုတော်မူခဲ့ဘူးသော သီလဝန္တ, သိက္ခာကာမ မထေရ်မြတ်ဖြစ်လေ၏။

အရှင်သဒ္ဓမ္မဉာဏမထေရ်မြတ်သည် ဝုတ္တောဒယပဉ္စိကာမည်သော ဆန္ဒောသာရတ္ထဝိကာသိနီဋီကာပါဠ်ကို ရေးသားတော်မူခဲ့လေသည်။[၂]

မထေရ်မြတ်သည်လည်း ပုဂံပြည်၌ သာသနာပြုတော်မူခဲ့ပြီး နတ်ပွဲသဘင် ဝင်တော်မူခဲ့လေသည်။

သဒ္ဓမ္မဉာဏထေရော သော၊ သဒ္ဓမ္မေသု ရတော သုဓီ။
သဒ္ဓမ္မံ ဇောတယိတွာန၊ ပယာတော တိဒသာလယံ။

---

၁။ ဓမ္မပဒ၊ သုခဝဂ်။ သမ္ဗဟုလဘိက္ခုဝတ္ထု။ ၄၂။
၂။ ပိဋကတ်တော်သမိုင်း။ ၁၄၆–လည်း ကြည့်။

## တတိယဆပ္ပဋ္ဌ (အရှင်သဒ္ဓမ္မသိရိမဟာထေရ်)

အရှင်သဒ္ဓမ္မသိရိထေရ်ကား ဆန္ဒောသာရတ္ထဝိကာသိနီဋီကာ ပါဌ်ကို ပြုစီရင်တော်မူခဲ့သော ဒုတိယဆပ္ပဋ္ဌ အရှင်သဒ္ဓမ္မဉာဏ မဟာထေရ်၏ တပည့်ဖြစ်လေသည်၊ သို့ဖြစ်၍ တတိယဆပ္ပဋ္ဌထေရ်ဟု ထင်ရှားခြင်း ဖြစ်လေသည်။

မထေရ်မြတ်သည် အရိမဒ္ဒနမည်သော ပုဂံနန်းမြို့တော်အနီး တူရွင်းတောင်ခြေရှိ သီတင်းသည်တဦး၏ သားဖြစ်လေသည်။

## ပညာသင်ကြား တတ်မြောက်ခြင်း

သက်တော်အရွယ်နုနယ်ငယ်လျစဉ်ကပင် သာမဏေဝတ်ရဟန်းပြုချိန်တွင် ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်၊ ဆရာရင်းမှာ ဒုတိယဆပ္ပဋ္ဌဟုထင်ရှားသော အရှင်သဒ္ဓမ္မဉာဏထေရ် ဖြစ်လေသည်။ အရှင်သဒ္ဓမ္မသိရိကား ပိဋကတ်ကျမ်းဂန်ပါဠိ, အဋ္ဌကထာ, ဋီကာများနှင့် သဒ္ဒါဗျာကရဏ်းကျမ်းများ၌ တဖက်ကမ်းခတ် တတ်မြောက်ကြောင်း သူ၏ကျမ်းဂန်များဖြင့် သိနိုင်လေသည်။

## ကျမ်းဂန်များ ပြုစုခြင်း

အရှင်သဒ္ဓမ္မသိရိသည် –

၁။ သဒ္ဒတ္ထဘေဒစိန္တာပါဌ်

၂။ ဗြို့ဟတ်စာကိုယ်ပါဌ် မြန်မာပြန်စသည်တို့ကိုလည်း ပြုစုစီရင်တော်မူခဲ့လေသည်။[၁]

## သဒ္ဒတ္ထဘေဒစိန္တာကျမ်း

ဖော်ပြပါနှစ်ကျမ်းအနက် သဒ္ဒတ္ထဘေဒစိန္တာကျမ်းမှာ စာချ, စာသင်, ကျမ်းပြု ပညာရှင်များစွာတို့ အားကိုးပြုရသော ကျမ်းကောင်းကျမ်းမြတ်ဖြစ်လေသည်။ ယင်းကျမ်း၌ –

---

၁။ သာသနဝံသပဒီပိကာ။ ၈၅။

၁။ သဒ္ဒဘေဒစိန္တာ

၂။ အတ္ထဘေဒစိန္တာ

၃။ သဒ္ဒတ္ထဘေဒစိန္တာ–ဟူ၍ အခန်းသုံးခန်းပါဝင်၍ ဂါထာပေါင်း ၄၀၀–ပါရှိလေသည်။ ယင်းသဒ္ဒတ္ထဘေဒစိန္တာကျမ်းသည် ယိုးဒယား, သီဟိုဠ်နိုင်ငံတို့၌ပင် အသုံးအစွဲပြု ထင်ရှားသောကျမ်းစာကောင်း ဖြစ်လေသည်။ ယိုးဒယားနိုင်ငံရေး မိလိန္ဒ (မိလိန္ဒပဉှ)ဋီကာတွင် နေရာတော်တော်များများ၌ သဒ္ဒတ္ထဘေဒစိန္တာကိုးကားချက်တို့ကို တွေ့ရှိရ၏။

နာနတ္တာ သတ္တိယာ နာနာ၊ ကြိယာ ဟောတိ ယထာရဟံ။

ကေကြိယာယ ဆန္နန္နံ၊ နတ္ထိ ကာရကတာ သဒ္ဒါ။ ဟူသော သဒ္ဒတ္ထဘေဒစိန္တာဂါထာ[၁]ကို မိလိန္ဒဋီကာ သီဟိုဠ်မူ ၃၇၁–၌ တွေ့ရသည်။

ပရဘာဝပဒါ ပေက္ခံ၊ သာအမာဒိတု ကာရကံ။

ပစ္စယဿ သဓာတုဿ၊ အတ္ထဘူတန္တု သာဓနံ။ ဟူသော သဒ္ဒတ္ထဘေဒစိန္တာလာဂါထာ[၂]ကို မိလိန္ဒဋီကာ သီဟိုဠ်မူ ၃၇၂–၌ တွေ့ရ၏။

သီဟိုဠ်ဘာသာရေးပါဠိသမိုင်းကျမ်း၌ အရှင်သဒ္ဓမ္မသီရိထေရ်သည် သက္ကတဘာသာ၌ကျမ်းကျင်တတ်မြောက်သည်ဖြစ်၍ သက္ကတဘာသာကျမ်းများစွာကို မှီငြမ်းပြု၍ သဒ္ဒတ္ထဘေဒစိန္တာကျမ်းကိုရေးသားစီရင်တော်မူသည်စသည်ဖြင့် ချီးကျူးဖော်ပြထားလေ၏။[၃]

အရှင်သဒ္ဓမ္မသီရိမဟာထေရ်သည် ကျမ်းဦး၌ –

သဒ္ဒတ္ထဘေဒဝါဒီနံ၊ ပဝရံ ဝရဝါဒိနံ။

အဘိဝါဒိယ သဒ္ဒတ္ထ၊ ဘေဒစိန္တာ ဘိဓိယတေ။ ဟူသောဂါထာဖြင့် ဘုရားရှင်အား ဦးတင်ရိုကျိုးရှိခိုးပြီး ကျမ်းစာကို ရေးသားစီရင်

---

၁။ သဒ္ဒတ္ထဘေဒစိန္တာ။ ၁၇–ဂါထာ။

၂။ သဒ္ဒတ္ထဘေဒစိန္တာ။ ၉၀–ဂါထာ

၃။ သီဟိုဠ်ပါဠိသမိုင်း။ (ပါဠိသာတိကျ ၅၀၀)

တော်မူခဲ့လေသည်။ ကျမ်းနိဂုံး၌လည်း ဤစာရေးရ ပုညကောင်းမှုကြောင့် အတုမဲ့မှန်သော သဗ္ဗညုတဉာဏ်ကို ရောက်ရပါလို၏၊ ရောက်ရပြီး၍ သတ္တဝါအားလုံးတို့ကို ဘဝနှောင်အိမ်မှလွတ်မြောက်စေနိုင်သည့် ကိုယ် ဖြစ်ရလိုကြောင်း -

ဣမိနာ လက္ခိတပုညေန၊ ပါပုဏေယျမနုတ္တရံ။
တံ ပတွာ သကလေ သတ္တေ၊ မောစေယျံ ဘဝဗန္ဓနာ။

ဟူသောဂါထာဖြင့် တောင်းဆုချွေတော်မူခဲ့လေသည်။

ဤသဒ္ဒတ္ထဘေဒစိန္တာကျမ်းကို မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းမှကျင်းပသော သကျသီဟစာမေးပွဲ စာသင်တန်း၊ ရန်ကုန်မြို့ စေတိယင်္ဂဏစာမေးပွဲ စာသင်တန်းတို့၌ ပြဌာန်းခဲ့ကြကုန်၏။ ဒေါက်တာ မာလာလဆေကရ၏

၌လည်း အရှင်သဒ္ဓမ္မသီရိနှင့်စပ်၍ ဖော်ပြထား၏။ ၁၂-ရာစုလောက်တွင် ပေါ်ထွန်းသောမထေရ်ဖြစ်ကြောင်းလည်း ဖော်ပြထား၏။

အရှင်သဒ္ဓမ္မသီရိသည်လည်း သက်တော်ရှည်သမျှ သာသနာကျိုးကို သည်ပိုးဆောင်ရွက်တော်မူပြီး နတ်ပွဲသဘင် ဝင်တော်မူခဲ့လေသည်။

သဒ္ဓမ္မသီရိထေရောပိ၊ သဒ္ဓမ္မဝုဍ္ဎိကာရကော။
သာသနံ ထာဝရံ ကတွာ၊ အဂါ သဂ္ဂပုရံ သုဘံ။

## အရှင်ဓမ္မဝိလာသမဟာထေရ်

သာသနာတော်၌ သာသနာ့ဝန်ထမ်းရဟန်းတို့သည် ကျွမ်းကျင်မှုအမျိုးမျိုးဖြင့် ထင်ရှားကြကုန်၏။ တချို့မှာ ဝိနည်းဖြင့် ထင်ရှားကြကုန်၏၊ တချို့မှာ သုတ္တန်, တချို့မှာ အဘိဓမ္မာဖြင့် ထင်ရှားကုန်၏၊ တချို့မှာ သဒ္ဒါဗျာကရဏ်းဖြင့် ထင်ရှားကုန်၏။

အရှင်ဓမ္မဝိလာသမှာမူကား ဓမ္မသတ်ဖြင့် (ဓမ္မဝိလာသဓမ္မသတ်)ဖြင့် သာသနာတွင် ထင်ရှားခဲ့လေသည်။

ဒလမြို့နယ် ပဋ္ဌိပ္ပဇေယျရွာ¹၌ အဖ ဦးတိုက် အမိ ဒေါ်လုံမလေးတို့မှ သက္ကရာဇ် ၄၂၁–ခု၊ ဝါဆိုလဆန်း (၇)ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်နာမည်မှာ မောင်သန့်စင် ဖြစ်လေသည်။

သက်တော် ၅–နှစ်သားအရွယ်တွင် မိဖတို့က အညာသို့ဆန်တက်ကြ၍ ထီးလှိုင်ရွာသွားရောက်မှီခိုနေထိုင်ကြစဉ် မောင်သန့်စင် ၆–နှစ်သားအရွယ်တွင် ထီးလှိုင်ရွာဆရာတော်ထံ အပ်နှံ၍ သာမဏေ ဝတ်စေလေ၏။ ဥပဇ္ဈာယ်ဆရာတော်က အရှင်သာရိပုတ္တရာဟူသော အမည်နာမကို ပေးအပ်မှည့်ခေါ်တော်မူလေသည်။

ဆဗ္ဗဿကာလေ သမ္ဘတ္တော၊ သာမဏေရတ္တနံ လဘိ။
သာရိပုတ္တောတိ နာမမ္ပိ၊ ဥပဇ္ဈာယော သုကိတ္တယိ ။

## ပုဂံ၌ ပညာသင် ရဟန်းဖြစ်

လူမည် မောင်သန့်စင် သာမဏေဘွဲ့မည် ရှင်သာရိပုတ္တရာတွင် ဓမ္မဝိလာသထေရ်လောင်းလျာသည် ပုဂံနန်းမြို့တော်သို့ကြွရောက်၍ ရွှေကျောင်းဆရာတော်ထံတွင် "ညီညာထကြွ ဆုံးမနာယူ လာမူကြိုဆီး ထံနီးလုပ်ကျွေး သင်ထွေးအံရွတ် တပည့်ဝတ် မချွတ်ငါးခုသာ"ဟူသော တပည့်ဝတ်ငါးပါးကို မချွတ်ယွင်းစေပဲ ပိဋကတ်ကျမ်းစာများနှင့် လောကီကျမ်းဂန်များကို သင်ယူတော်မူခဲ့လေသည်။

သက်တော် ၂၀–ပြည့်မြောက်ရာ သက္ကရာဇ် ၄၄၁–ခုနှစ်၊ တန်ခူးလတွင် ထီးလှိုင်ရွာ မူလသာမဏေဥပဇ္ဈာယ်ဆရာရင်းကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူခဲ့လေသည်။

## ဓမ္မသတ်ကျမ်းများ စိတ်ဝင်စား

ငယ်စဉ်ကပင် လောကီ, လောကုတ္တရာ စာပေကျမ်းဂန်တို့၌ ကျွမ်းကျင်တတ်မြောက်လေရာ မြို့ဝန်, မြို့ကွပ်, ဝန်ကြီး, ဝန်ကလေး

---

၁။ ယခုအခေါ် တက်ဆိပ်ရွာ

စသော မင်းစိုးရာဇာပုဂ္ဂိုလ်တို့ ချဉ်းကပ်ကြကုန်၍ ဓမ္မဝိလာသလောင်းလျာ အရှင်သာရိပုတ္တရာနှင့် လောကီရေးရာ, ဓမ္မရေးရာများကို တိုင်ပင်ဆွေးနွေးလာကြကုန်၏၊ ထိုအခါ အရှင်ဓမ္မဝိလာသလောင်းလျာသည် ပြင်ဆင်ရေးဥပဒေစည်းမျဉ်းများကိုငင်း, တိမ်မြုပ်နေသောဓမ္မသတ်တို့ကို ဖွင့်ပေးရန် ထိရောက်စွာအကြံဉာဏ်ပေးခဲ့လေသည်၊ ယင်းအကြံဉာဏ်များပေးရင်း မင်းလေးဆက်ပြောင်းခဲ့လေသည်။

## အင်္ဂါချို့တဲ့၍ မင်းဆရာမဖြစ်

အလောင်းစည်သူမင်းတရားသည် ဓမ္မဝိလာသထေရ်လောင်းလျာ၏ ပညာအရည်အချင်း ဂုဏ်သတင်းကို စုံစမ်းကြားသိရ၍ မင်းဆရာမြှောက်ကိုးကွယ်လိုသော်လည်း ခြေမတချောင်းငုံးတိတိဖြစ်နေ၍ အင်္ဂါချို့နေသဖြင့် မင်းဆရာအဖြစ် နန်းဦးဆရာတော်အဖြစ် ကိုးကွယ်ခြင်း မခံခဲ့ရပါချေ၊ အလောင်းစည်သူမင်းတရားသည် ဓမ္မဝိလာသလောင်းလျာ အရှင်သာရိပုတ္တရာထေရ်ကို မွန်တို့ပြည်သို့ သာသနာပြုစေလွှတ်တော်မူလေသည်။

(ဆောင်) ရုပ်ဆင်းပြည့်စုံ ကုံလုံပြည့်ဝ စာပေကျ ဖြစ်ရမင်းဆရာ။

## ဓမ္မသတ်ကျမ်းပြုခြင်း

ဆရာတော်သည် သက္ကရာဇ် ၄၅၄–ခုနှစ်တွင် မနုရင်းဓမ္မသတ်ကို ချဲ့ထွင်၍ ဓမ္မသတ်ကျမ်းသစ်တစောင်ကို ရေးသားပြုစီရင်တော်မူလျက် ဘုရင်မင်းမြတ်အား ဆက်သွင်းလေသည်၊ မင်းမြတ်သည် ဓမ္မသတ်ကိုများစွာသဘောကျသဖြင့် ဓမ္မသတ်ကို ဓမ္မဝိလာသဓမ္မသတ်ဟု သမုတ်စေတော်မူ၍ ကျမ်းပြုသူ အရှင်သာရိပုတ္တရာကိုလည်း အရှင်ဓမ္မဝိလာသဟု မှည့်ခေါ်စေတော်မူလေသည်၊ ၎င်းဓမ္မဝိလာသဓမ္မသတ်မှာ – ဣဏာကောပဒကောစေဝ အစချီလေသည်[၁] ယင်းဓမ္မဝိလာသ

---

၁။ ပိဋကတ်တော်သမိုင်း။ ၂၃၄။

ဓမ္မသတ်ကြောင့် အရှင်ဓမ္မဝိလာသသည် ထင်ရှားကျော်စောသော ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။

ဓမ္မသတ္တံ သုနိဿာယ၊ ဝိလာသော ပါကဋော ဘဝိ။
ဘူပါလမဏ္ဍလေ စေဝ၊ သမဏမဏ္ဍလေပိ စ။

## ပျံလွန်တော်မူခြင်း

ဓမ္မဝိလာသဓမ္မသတ်ကျမ်းပြု အရှင်ဓမ္မဝိလာသသည် သက်တော် ၈၀, ဝါတော် ၆၀–ရရှိရာ သက္ကရာဇ် ၅၀၁–ခုနှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။ သခါရတရားတို့ မမြဲကုန်စွတကား။

ဓမ္မဝိလာသထေရောတိ၊ ဓမ္မေန ဝိလာသော ဘဝိ။
ဝိလာသံ သောပိ ပတ္တာန၊ ကိတ္တသေသတ္တမဂမီ။

## ကာရိကာကျမ်း စသည်ပြု အရှင်ဓမ္မသေနာပတိမဟာထေရ်

ကာရိကာကျမ်းပြု အရှင်ဓမ္မသေနာပတိမဟာထေရ်သည် မဂဓ, သက္ကတ ဗျာကရဏ်းကျမ်းများနှင့် ပိဋကတ်ကျမ်းဂန်တို့၌ လိမ်မာကျွမ်းကျင်သည့် မထေရ်မြတ်ဖြစ်လေသည်။

ယင်းမထေရ်သည် သက္ကရာဇ် ၄၂၆–ခုနှစ်တွင် နန်းတက်သည့် ကျန်စစ်သားမင်းလက်ထက်တွင် ထူးခြားစွာ ပေါ်ပေါက်ခဲ့သည့် လျှမ်းလျှမ်းတောက် ပညာရှင်ရဟန်းတော်ဖြစ်လေသည်။

## စာပေတတ်မြောက်ခြင်း

အရှင်ဓမ္မသေနာပတိသည် ဆရာသမားကောင်းတို့ကို မှီရလိုက်သဖြင့် ကျမ်းဂန်များစွာတို့၌ နှံ့သိတတ်မြောက်သည့်ပုဂ္ဂိုလ်ဖြစ်လေသည်၊ ပိဋကတ်ပါဠိအဋ္ဌကထာများနှင့် အဘိဓမ္မာဋီကာများ, သုတ္တန်ဋီကာများ, ဝိသုဒ္ဓိမဂ်ဋီကာကျမ်းကြီးများ, န్యာသ, ရူပသိဒ္ဓိ, အတ္ထဗျာချာန်, ကာသိကာဝုတ္တိ–စသည့် ကျမ်းဂန်တို့၌ များစွာအလေ့အလာပြုကြောင်း သူ၏ကျမ်းဂန်လာစကားတို့ဖြင့် သိသာလေသည်။

## သီတင်းသုံးရာ ကျောင်းတိုက်

အရှင်ဓမ္မသေနာပတိထေရ် သီတင်းသုံးစံပျော်၍ ရှုရနှစ်ပါး ပွားများအားသစ်ရာကျောင်းတိုက်မှာ ပုဂံမြို့ အာနန္ဒာစေတီတော်ကြီး အနီးရှိ နန္ဒာကျောင်းတိုက်ဖြစ်လေသည်။

## ကျမ်းဂန်များ ပြုစုတော်မူခြင်း

အရှင်ဓမ္မသေနာပတိသည် –

၁။ ကာရိကာပါဠိ၊

၂။ ကာရိကာဋီကာ–စသည့်ကျမ်းဂန်များကိုလည်း ပြုစုတော်မူခဲ့လေသည်။

## ကာရိကာပါဠိ

ဖော်ပြပါကျမ်းနှစ်ကျမ်းအနက် ကာရိကာပါဠိမှာ လွန်စွာထင်ရှားသောသဒ္ဒါငယ်ကျမ်း ဖြစ်လေသည်၊ ယင်းကျမ်း၌ ဂါထာ ၅၆၈–ဂါထာ ပါရှိလေသည်။ ဘာဏဝါရအားဖြင့် ရေတွက်ပါမူ ၂–ဘာဏဝါရကျော်ကျော်ရှိ၏။ မြန်မာ, သီဟိုဠ်–စသည့် ပါဠိပညာရှင်တို့ ၎င်းကျမ်းကိုများစွာလေးမြတ်ကြကုန်၏၊ သဒ္ဒဝိနိစ္ဆယ, သဒ္ဒါနုသာသန ပယောဇနဝိနိစ္ဆယ–စသည်ဖြင့် အဆုံးအဖြတ်များစွာ ပါရှိကုန်၏။ အရှင်ဓမ္မသေနာပတိသည် ကျမ်းဦး၌–

သိဒ္ဓသဒ္ဒတ္ထသမ္ဗုဒ္ဓ–ဒေသကံ ဇိနပုင်္ဂဝံ။

တပ္ပကာသိတဓမ္မဉ္စ၊ ဂဏဉ္စ ဂုဏသာဂရံ။

နတွာ ကစ္စာနထေရဉ္စ၊ တေန သဒ္ဒါနုသာသနံ။

ယမိဒါနိ ကတံ တဿ၊ ကာရိကာ ဝုစ္စတေ မယာ။ ဟူသော ၂–ဂါထာဖြင့် ရတနတ္တယပဏာမ, ကစ္စာယနာစရိယပဏာမ, ပဋိညာဉ်စသည်တို့ကို ဖော်ပြတော်မူ၍ ကျမ်းစာကို ကြိုးပမ်းအားသစ်တော်မူခဲ့လေသည်။

ကာရိကာသုတ္တဂဏ္ဍဝိနိစ္ဆယ၌ –

အာရမ္ဘော ဝစနံ ပတ္တိ၊ လက္ခဏံ ယောဂမေဝ စ။

ဝါကျံ သုတ္တသယတနာဒိ၊ သုတ္တာနမဘိဓာနကံ။ ဂါထာဖြင့် သုတ်ပရိယာယ်များကို ဖော်ပြထား၏၊ ၎င်းပြင် နာမကာရိကာအခန်း၌–

အာကာရန္တော တု ပုလ္လိင်္ဂေ၊ သာသဒ္ဒေါ က္လတိ ဒီပိတော။

ဝေံ ပစ္စက္ခမ္ဘာ စ၊ ဂန္ဓိဝဓန္တာအာဒိကာ။[၁] ဟူသော ဂါထာဖြင့် အာကာရန္တပုလ္လိင်များကို အကျဉ်းချုံး၍ပြထား၏။

## က္လဒံသဒ္ဒါ ဝိသုံသဒ္ဒါ

အရှင်ဓမ္မသေနာပတိသည် က္လဒံသဒ္ဒါနှင့် ဝိသုံသဒ္ဒါကို သီးခြား သဗ္ဗနာမ်အဖြစ်–

သဗ္ဗနာမမိတော အညံ၊ ဝိညာတဗ္ဗံ ဝိစက္ခဏာ။

ပါဠိပ္ပဒေသနာနတ္တော၊ ဝိဇ္ဇမာနံ ယထာရဟံ။

က္လဒပ္ပစ္စယတာဒိမှိ၊ က္လဒံသဒ္ဒနိဒဿနံ။

ဝိသုကမ္မာဒိပါဠိမှိ၊ ဝိသုသဒ္ဒဿ နိဒဿနာ။

ဟူသော ၂–ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။ သက္ကတ၌ ဝိသုကမ္မ သည် ဝိဂ္ဂကမ်ဖြစ်၏၊ ပြာကရိတ်၌ ဝိဿကမ္မဖြစ်လေသည်။

## ကစ္စာယနသာရဆရာနှင့် ဆက်စပ်ခဲ့

အရှင်ဓမ္မသေနာပတိသည် ကစ္စာယနသာရကျမ်းပြု အရှင်– မဟာယသမဟာထေရ်နှင့် ဆရာအပည့်အဖြစ်ဖြင့်၎င်း၊ ခေတ်ပြိုင် ရင်းနှီးခင်မင်သော ပညာရှင်အဖြစ်ဖြင့်၎င်း စပ်သွယ်လိမ့်မည်ဟု ထင်မိ ပေသည်။ ကာရိကာ –

အတီတရတ္တိယာ ယာမော၊ ပစ္ဆိမော အမုမှသ ဝါ။

ဘာဝါယာပဟာရောစာဒိ၊ တဒမုမပိဝါ တထာ။

ဟူသော ၄၉၂–ဂါထာမှာ ကစ္စာယနသာရ ၅၂၄–ဂါထာ –

---

၁။ ကာရိကာ။ ၁၈၆–ဂါထာ။

အတီတရတ္တိယာ ယာမော၊ ပစ္ဆိမော အမုမုဿ ဝါ။
ဘာဝိနိယာဒိပ္ပဟာရော၊ တဒမုံ ဝါဇ္ဇတေယျဟော။ နှင့်
များစွာတူညီ၏။
တဖန် ကာရိကာ -
ကတသုဿရကောကတ္တ-အစ္စန္တစ္စာဒနေပိ စ။
ဒဿနာဒိ အဘာဝေ စ၊ တီသု ဥေယျာ ပရောက္ခတာ။
ဟူသော ဂါထာနှင့် လုံးဝတူသကဲ့သို့ ရှိပေသည်။ ဒိဋ္ဌာဒီနမဘာဝေ
စ (ဒဿနာဒိ အဘာဝေစ)ဟူသော တတိယပါဒစကားလုံးမျှသာ ထူး
ပေသည်။
အရှင်ဓမ္မသေနာပတိသည် ကာရိကာနိဂုံး၌ -
တမ္ဗဒီပဝှယေ ရဋ္ဌေ၊ ရိမဒ္ဒနပုရေဝရေ။
မဟာထေရာနမာဝါသေ၊ နန္ဒာနာမ ဝိဟာရကေ။
ဝသတာ ထိရစိတ္တေန၊ ဇိနသာသနနန္ဒိနာ။
ဓမ္မသေနာပတိနာမ၊ ထေရေန ရစိတာ အယံ။
ဟူသော ၂-ဂါထာဖြင့် မိမိ (ကျမ်းပြုဆရာ)၏ နေရာဌာနမြို့၊ ကျောင်း
တိုက်၊ ဘွဲ့မည် စသည်တို့ကို ဖော်ပြ၍ နိဂုံးမှုခဲ့လေသည်။

## ကာရိကာဋီကာပါဠ်

ကာရိကာဋီကာပါဠ်ကိုလည်း ကာရိကာပါဠ်ပြုစုသူ အရှင်-
ဓမ္မသေနာပတိထေရ်ပင် ပြုစုသည်ဟုသာ သာသနဝံသပဒီပိကာ[၁] နှင့်
ပိဋကတ်သမိုင်း စသည်တို့၌ ဆိုကုန်၏၊ ကျမ်းဦး၌ -
ဂုဏာမုတ္တမသမ္ဗုဒ္ဓံ၊ ဓမ္မံ သံဃဥ္စ သာဓုကံ။
နမဿိတွာ ကရိဿာမိ၊ ကာရိကာယတ္ထဝဏ္ဏနံ။
ဟူသော ဂါထာဖြင့် ရတနတ္တယပဏာမ, ပဋိညာဉ်စသည်တို့ကို ဖော်
ပြခဲ့လေသည်။

---

၁။ သာသနဝံသပဒီပိကာ။ ၈၄။ ပိဋကတ်တော်သမိုင်း။ ၁၄၀။

## နန္ဒာကျောင်းတိုက်

ငင်းပြင် ဋီကာကျမ်းဦး၌ အရှင်ဓမ္မသေနာပတိ သီတင်းသုံးရာ နန္ဒာကျောင်းတိုက်ကား သီလ, သမာဓိ, ပညာဂုဏ်တို့နှင့် လောက်လုံ ပြည့်စုံတော်မူကြကုန်သော မထေရ်မြတ်တို့၏ သီတင်းသုံးရာဌာနမွန် ဖြစ်ကြောင်းကိုလည်း "သီလာဒိဂုဏာသမ္ပန္နမဟာထေရာနမာဝါသေ နန္ဒာနာမ ဝိဟာရေ"စသည်ဖြင့် ဖွင့်ပြတော်မူခဲ့လေသည်။

ထို့ပြင် "နန္ဒာနာမ ဝိဟာရေ ဝသန္တော ဓမ္မသေနာပတီတိ ဂရုဟိကတနာမဓေယျော"ဟူသော ကျမ်းတက်စကားကိုထောက်က ဤဋီကာသည် အရှင်ဓမ္မသေနာပတိ ပြုစုသောကျမ်း မဟုတ်ဟုမှတ်ယူ စရာဖြစ်လေသည်။ ဋီကာကို အရှင်ဓမ္မသေနာပတိ ပြုစုခဲ့အံ့ "နန္ဒာ နာမ ဝိဟာရေ ဝသန္တော အဟံ"စသည်ဖြင့် ဆိုသင့်ပေသည်။

ယင်းဋီကာကျမ်း၌ ကျမ်းပြုဆရာ၏နိဂုံး မပါချေ။ ရှိုင်ရယ် ဆိုက် စာမျက်နှာ ၁၀၉-မျက်နှာ ရှိလေသည်။

ဤအရှင်ဓမ္မသေနာပတိသည် ကျမ်းစာပြုခြင်း, စာပေပို့ချခြင်း တို့ဖြင့် သာသနာပြုတော်မူခဲ့ပြီး စုတိကမ္မဇရုပ် ချုပ်တော်မူခဲ့လေသည်။

ဓမ္မသေနာပတိ နာမော၊ ထေရော ထိရဂုဏောဒယော။
ဓောတေတွာ ဇိနစက္ကံ သော၊ ပယာတော မစ္စုနော ဝသံ။

## ဝစနတ္ထဇောတိကာဋီကာကျမ်းပြု အရှင်ဝေပုလ္လဗုဒ္ဓိမဟာထေရ်

အရှင်ဝေပုလ္လဗုဒ္ဓိထေရ်ကား ဝုတ္တောဒယခေါ် ဆန်းကျမ်း၌ ကျွမ်းကျင်တတ်မြောက်သော မထေရ်မြတ်ဖြစ်လေသည်၊ အရှင်ဝေပုလ္လ ဗုဒ္ဓိ၏ ဆန်းဋီကာပြုစုသည်ကိုထောက်သဖြင့်လည်း ထိုခေတ်က ဝုတ္တော ဒယဆန်းကျမ်းကိုလည်း အလေ့အလာများစွာပြုကြောင်း သိနိုင်လေ သည်။

ယင်းမထေရ်ပေါ်ထွန်းရာအခါကို သက္ကရာဇ် ၄၅၄-ခုနှစ် နန်း တက်သော အလောင်းစည်သူမင်းလက်ထက်ဟု ပညာရှင်တို့ ခန့်မှန်း ကြကုန်၏။ မထေရ်မြတ်သည် ပုဂံနန်းမြို့တော် ဒက္ခိဏာဝါသကျောင်း

တိုက်၌ ရှင်ပျော်လျက် စာပေချပို့ သာသနာပြုတော်မူခဲ့လေသည်၊ ကျမ်းဂန်များကိုလည်း ရေးသားပြုစုတော်မူခဲ့လေသည်။

## ဝစနတ္ထဇောတိကာဋီကာပါဌ်

အရှင်ဝေပုလ္လဗုဒ္ဓိပြုစုသောကျမ်းဂန်များအနက် ဝစနတ္ထဇောတိကာဋီကာမှာ ထင်ရှားသောကျမ်းစာဖြစ်လေသည်၊ ယင်းဋီကာသည် ဒီမိုင်း ၄၇–မျက်နှာရှိလေသည်၊ သမန္တပါသာဒိကာမည်သောမထေရ်၏ မြတ် တောင်းပန်သဖြင့် ရေးသားခဲ့ကြောင်း နိဂုံး၌လာရှိသည်၊ ယင်း ဋီကာကို မြန်မာပြည်၌ စာချ, စာသင် အရှင်မြတ်တို့ ခေတ်အဆက်ဆက် အသုံးပြုလေ့လာခဲ့ကြကုန်၏၊ ဝစနတ္ထဇောတိကာဋီကာကျမ်းဦး၌ –

နတွာ ဗုဒ္ဓါဒိစ္စံ ပုဗ္ဗံ၊ ဝေနေယျုပ္ပလဗောဓကံ။
ဝဏ္ဏောယိဿံ သမာသေန၊ ဝုတ္တောဒယပဒက္ကမံ။
ပေါရာဏေဟိ ကတာ ဋီကာ၊ န သာ သဗ္ဗတ္ထဗောဓကာ။
ဝစနတ္ထ ကေတ္ထဥ္စ၊ အဓိပ္ပါယဥ္စ ဘာသတော။

ဟူသော ၂–ဂါထာဖြင့် ပဏာမ, ပဋိညာဉ်, ပကရဏာဟေတု–စသည်တို့ကို ပြတော်မူခဲ့လေသည်။

နိဂုံး၌လည်း –

၁။ အာစာရသီလာဒိဂုဏာဒ္ဒရေန၊
ဂမ္ဘီရပညာသမလင်္ကတေန။
သမန္တပါသာဒိကနာမကေန၊
ထေရေန နိစ္စံ အဘိယာစိတေန။

၂။ ဝိနောပဒေသသကညာဏကေန၊
ဋီကာကတာ ယာ ဝစနတ္ထဇောတိ။
အနန္တရာယေန သုနိဋ္ဌိတာ သာ၊
ဒိနေန ဝိသေန အနူနတေန။

၃။ တထေဝ သမ္ဗေပိ ဇနာ အရောဂါ၊
သဒါ သုခီ ဟောန္တု သဒါ အဝေရာ။
အနာဂတေဟံ ဝရမောဓိဉာဏံ၊
လဘေယျံ မေတ္တေယျဇိနဿ ဓမ္မံ။
၄။ ဝိမလဇဝနပညာ ကောဝိဒါနေကဂန္ထာ၊
တိပိဋကနယဓရော ဝေပုလ္လဗုဒ္ဓိနာမော။
ဝိဝိဓဒုမာကိဏ္ဏော ဒက္ခိဏာဝါသနာမေ၊
ဝိဝိဓနယပကိဏ္ဏံ ဧာတိကံ သော အကာသိ။

ဟူသော ၄-ဂါထာတို့ဖြင့် အဘိဓာနက, ရေးသားပြုစုရသောအချိန်, ဆုတောင်းကျမ်းပြုဆရာ၏ ဂုဏ်, ကျမ်းပြုဆရာ၏ အမည်, နေရာဌာန, ကျမ်း၏ဂုဏ်တို့ကို ဖော်ပြ၍ နိဂုံးမှုခဲ့လေသည်။

## ရက် ၂၀-ဖြင့် ဝစနတ္ထဇောတိကာဋီကာရေးခဲ့

ဆရာတော် အရှင်ဝေပုလ္လဗုဒ္ဓိကား ဝီရိယဓာတ်ကြီးမြတ်သည့် ပုဂ္ဂိုလ်စင်စစ်သာတည်း၊ ယင်းဝစနတ္ထဇောတိကာဋီကာကျမ်းကို ရက် ၂၀-ဖြင့် ရေးသားခဲ့ခြင်းဖြစ်၏၊ ယင်းကဲ့သို့ ဝီရိယဓာတ်ကြီးမားပုံကို သိနိုင်လေသည်။ ယင်းသို့ ဝီရိယပိုင်ရှင်ဖြစ်သော်လည်း သေမင်းရန်ကို မတော်လှန် မပုန်ကန်နိုင်ပဲ ဘဝနောက်ဆုံး သေမင်းအထံ လိုက်ပါခဲ့ရရှာလေ၏။

ဝေပုလ္လဗုဒ္ဓိ ထေရောပိ၊ ဝေပုလ္လဗုဒ္ဓိကော သုဓီ။
ဗုဒ္ဓိယာပိ ကိစ္စံ ကတွာ၊ အဂမီ မစ္စုနော ဝသံ။

## ကစ္စာယနသာရကျမ်းပြု အရှင်ယသမဟာထေရ်

ကစ္စာယနသာရကျမ်းပြု အရှင်ယသမဟာထေရ်သည် မာဂဓ, သက္ကတကျမ်းတို့၌ တတ်မြောက်သည့် ပုဂံသာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်တပါးဖြစ်ကြောင်း ဆိုရိုးရှိခဲ့လေသည်။

အရှင်ယသထေရ်သည် မာဂဓ, သက္ကတဘာသာရပ်တို့၌ နှံ့စပ်ကျွမ်းကျင်သည့် မထေရ်မြတ်ဖြစ်လေသည်၊ ဤစာပြုသူသည်

သဒ္ဒတ္ထဘေဒစိန္တာကျမ်းပြု အရှင်သဒ္ဒမ္မသီရိ ပေါ်ထွန်းရာခေတ်အနီးတွင် ပုဂံ၌ပေါ်ထွန်းသည့်ပညာရှင်တပါးဟု ထင်မိပါ၏။

## ကစ္စာယနသာရကျမ်း ပြုစုခြင်း

အရှင်ယသထေရ်သည် ဇယ်ဒါသအမည်ရှိသောဆရာပြုစီရင်အပ်သော သမ္ဗန္ဓောပဒေသကျမ်းကို မှီငြမ်းပြု၍ ကစ္စည်းကျမ်း၏ ခက်ခဲကျစ်လစ်အနှစ်သာရကိုပြဆိုရာ ကစ္စာယနသာရကျမ်းကို ပြုစီရင်တော်မူခဲ့လေသည်။

ယင်းကစ္စာယနကျမ်း၌ –

၁။ သာမညနိဒ္ဒေသ
၂။ အာချာတနိဒ္ဒေသ
၃။ ကိတနိဒ္ဒေသ
၄။ ကာရကနိဒ္ဒေသ
၅။ သမာသနိဒ္ဒေသ
၆။ တဒ္ဓိတနိဒ္ဒေသ

အားဖြင့် အပိုင်း ၆–ပိုင်းတို့ဖြင့် တန်ဆာဆင်အပ်သော ကစ္စာယနသာရကျမ်းကို ပြုစီရင်တော်မူခဲ့လေသည်။

မြန်မာဆရာတော်အချို့ကမူ ကစ္စာယနသာရကျမ်းမှာ မြန်မာပြည်ဖြစ်ကျမ်းမဟုတ်ဟုပင် မိန့်ဆိုတော်မူကြကုန်၏။ သို့ရာတွင် သီဟိုဠ်ပါဠိသမိုင်းကျမ်းတို့၌ မြန်မာပြည်ဖြစ်ကျမ်းဖြစ်ကြောင်းမိန့်ဆိုဆုံးဖြတ်တော်မူကြကုန်၏။[၁]

အရှင်ယသသည်ကျမ်းဦး၌ –

မုနိန္ဒက္ကောတမံ မောဟာ၊ ဟန္တွာ ဗောဓေသိ ပင်္ကဇံ။
ဇနံ သဒ္ဓမ္မရံသီဟိ၊ သော သမ္ဗာလေတု မံ ဇိနော။

---

၁။ သီဟိုဠ်ဘာသာရေးပါဠိသာဟိတျ။ ၂။ ၄၇၆။

မာဂဓိကာယ ဗာလာနံ၊ ဗုဒ္ဓိယာ ဗုဒ္ဓသာသနေ။
ဝက္ခံ ကစ္စာယနသာရံ၊ နိဿာယ ဇဃ်ဒါသကံ။

ဟူသော ၂–ဂါထာဖြင့် အာသီသပုဗ္ဗကဂန္ထာရမ္ဘနှင့် ပဋိညာဉ်စသည်တို့ကို ပြဆိုတော်မူခဲ့လေသည်။

သာသနာဝံသဒီပနီ၌ –

ကစ္စာနသာရံ ကစ္စာန–ဘေဒံစာပိ မဟာယသော။
အကာသိ ထေရပါဒေါ သော၊ ဇိနသာသနဝုဒ္ဓိယာ။[၁]

ဟူသောဂါထာဖြင့် ကစ္စာယနသာရနှင့် ကစ္စာယနဘေဒကျမ်းတို့ကို အရှင်မဟာယသထေရ် တပါးတည်းပြုကြောင်း ဖော်ပြထား၏။

ယင်းကစ္စာယနသာရကျမ်းကို မန္တလေးမြို့ သကျသီဟ စာမေးပွဲ စာသင်တန်း, ရန်ကုန်မြို့ စေတိယင်္ဂဏစာမေးပွဲ စာသင်တန်းတို့၌ ပြဋ္ဌာန်းထားကုန်၏။ အရှင်ယသမဟာထေရ်သည်လည်း သာသနာကိုထွန်းလင်းစေပြီး ပျံလွန်တော်မူခဲ့လေသည်။

ယသဝှယော မဟာထေရော၊ မဟာကဝိ ဝိသာရဒေါ။
သာသနံ ဇောတယိတွာန၊ ပယာတော တိဒသာလယံ။

## နျာသပ္ပဒီပိကာမည်သောသံပျင်ဋီကာကျမ်းပြု သံပျင်အမတ်

နျာသပ္ပဒီပိကာမည်သော သံပျင်ဋီကာကျမ်းပြု သံပျင်အမတ်အကြောင်းကို မရေးသားမဖော်ပြမီ နျာသကျမ်းနှင့်စပ်၍ မှတ်သားဖွယ်ကိုငှင်း, သံပျင်မင်းသမီးအကြောင်းကိုငှင်း တိုတိုကျဉ်းကျဉ်းဖော်ပြအပ်ပါသည်။

## နျာသကျမ်းကြီး

နျာသကျမ်းကြီးကား ကစ္စည်းသဒ္ဒါကြီးကျမ်း၏ ပင်မအဖွင့်ကျမ်းကြီးဖြစ်လေသည်၊ ကစ္စည်းကျမ်းလာ အခက်အခဲတို့ကိုဖျက်ခဲ့ရာ ကျမ်းကောင်းကျမ်းမွန်ဖြစ်လေသည်၊ ပုဒ်နေပုဒ်ထား ပုဒ်သွားပုဒ်လာ

---

၁။ သာသနဝံသဒီပ။ ၁၂၄၉–ဂါထာ။

တို့ကို ချာသကျမ်းက ပြတ်သွားစွာ အဆုံးအဖြတ်ပေးခဲ့လေသည်၊ ရှိုင်ဆိုက်စာမျက်နှာ ၄၆ဝ–ကျော်ခန့်ရှိလေသည်။ ကျမ်းဦး၌ –

ဗုဒ္ဓံ မဝိသုဒ္ဓဇနသ သုဒ္ဓိ၊
သမ္မာပကံ သကလလောကဝိမောဟကသာ။
မောဟာသ မံ သကမပိသ သုဝုတ္တခမ္မံ၊
နတွာ သံဃမနသုတ္တမဒက္ခိဏေယျံ။
ကစ္စာယနစ္ဆ မုနိဝဏ္ဏိတဗုဒ္ဓိမသာ၊
ကစ္စာယနစ္ဆ မုခမတ္တမဟံ ကရိသံ။
ပါရံ ပရာဘာတဝိနိစ္ဆယည္ဓု၊
လဒ္ဓေါ ပဒေသမဝလမ္ဗကတာသ တေန။

ဟူသော ၂–ဂါထာဖြင့် ရတနတ္တယပဏာမ, ပဋိညာဉ် စသည်တို့ကိုပြု ကျမ်းစာကိုစတင်ရေးသားတော်မူခဲ့လေသည်။ မုခမတ္တဒီပနီမည်သော ယင်းချာသကျမ်းကြီးကား ဖွင့်ပုံ ကောင်း၏၊ စုံလင်၏၊ သဒ္ဒါနှင့်စပ် မှတ်သားဖွယ်တို့ ပြည့်ကျပ်နေ၏၊ သဒ္ဒါတတ်လိုသူတို့ ဤချာသကျမ်း ကြီးကို ကြည့်ဖြစ်အောင်ကြည့်ကြပါဟု တိုက်တွန်းလိုပေသည်။

## ကျမ်းပြုပုဂ္ဂိုလ်

ဖော်ပြပါချာသကျမ်းကြီးကို –

ကစ္စာယနေန ကတော ယော–ဂေါ ဝုတ္တိစ သံဃနန္ဒိနာ။
ပယောဂေါ ဗြဟ္မဒတ္တေန၊ ချာသော ဝိမလဗုဒ္ဓိနာ။

ဟူသောဂါထာစကားကြောင့် ပုဂံပြည် အရှင်ဝိမလဗုဒ္ဓိထေရ် ပြုစီရင် သည်ဟု သုတေသီတော်တော်များများတို့ မှတ်ယူကြကုန်၏။

## သာသနဝံသပ္ပဒီပိကာ အဆို

မောင်းထောင်ဆရာတော် အရှင်ပညာသာမိ၏ သာသနဝံသ ပ္ပဒီပိကာကျမ်း၌လည်း ပုဂံပြည် အလောင်းစည်သူမင်းလက်ထက် မဟာ ဝိမလဗုဒ္ဓိထေရ်, စူဠဝိမလဗုဒ္ဓိထေရ် ၂–ပါး ပေါ်ထွန်းခဲ့၏၊ ယင်း

၂–ပါးအနက် မဟာဝိမလဗုဒ္ဓိထေရ်သည် န္യာသကျမ်းကို ပြုစုသည်ဟု ဖော်ပြထားၔ၏။[၁]

## သာသနဝံသဒီပ အဆို

သီဟိုဠ်ကျွန်း မဟာကဝိ ဝိမလဗုဒ္ဓိပြုစုသော သာသနဝံသဒီပ ကျမ်း၌လည်း န္യာသကျမ်းကို အရှင်ဝိမလဗုဒ္ဓိထေရ်ပြုသည်ဟု သာမန် မိန့်ဆိုထားလေ၏[၂]၊ သီဟိုဠ်ကျွန်း အရှင်ဝိမလဗုဒ္ဓိပြုသည်ဟုလည်း တချို့ဆိုကြကုန်၏။

## န္യာသကျမ်းပြုသူမှာ အရှင်ဝဇိရဗုဒ္ဓိထေရ်

ယင်းသို့ပင်ဆိုကြသော်လည်း န္യာသကျမ်းပြုစုသူကို သီဟိုဠ်ကျွန်း၌ သာသနာသက္ကရာဇ် ၁၇၀၇–မတိုင်မီက ပေါ်ထွန်းခဲ့သော ဝဇိရဗုဒ္ဓိဋီကာကျမ်းပြု အရှင်ဝဇိရဗုဒ္ဓိထေရ်ဖြစ်ကြောင်း ကေန်ကေမှတ်ယူ သင့်ပေသည်။ သဒ္ဒနီတိပဒမာလာကျမ်း[၃]၌ "တထာ ဟိ မုခမတ္တဒီပနိယံ သဒ္ဒတ္ထဝိဒုနာ ဝဇိရဗုဒ္ဓါစရိယေန နိရုတ္တိနယေ ကောသလ္လဝသေန ဂေါသဒ္ဒတော ယောနမီကာရာဒေသော ဝုတ္တော"ဟု လာရှိလေသည်။ ပိဋကတ်တော်သမိုင်းကျမ်း၌လည်း န္യာသကျမ်းမှာ သီဟိုဠ်ကျွန်း အရှင် ဝဇိရဗုဒ္ဓိထေရ်ပြုကြောင်း စုံလင်စွာဖော်ပြထားလေသည်။[၄]

ရွှေရေးဆောင်ဆရာတော်ဘုရားကြီး အရှင်အာဒိစ္စရံသီ ခေါ် ဦးကြည်ကလည်း သီဟိုဠ်ကျွန်း ဝဇိရဗုဒ္ဓိဋီကာပြု အရှင်ဝဇိရဗုဒ္ဓိပြုစု ကြောင်း ဖော်ပြတော်မူခဲ့လေသည်။[၅]

---

၁။ သာသနဝံသပ္ပဒီပိကာ။ ၈၄။

၂။ ကစ္စာယနသဒ္ဒတ္ထဿ၊ န္യာသသဒ္ဒတ္ထကောဝိဒေါ။
ထေရော ဝိမလဗုဒ္ဓီဟိ၊ ဝိဿုတော ကာသိဗုဒ္ဓိမာ။
(သာသနဝံသဒီပ၊ ၁၂၃၅)

၃။ နီတိ၊ ပဒ။ ၂၇၇။ ၄။ ပိဋကတ်တော်သမိုင်း။ ၁၃၅–၁၃၆။

၅။ ဂမ္ဘီရတ္ထနိယာမ ဝိဿဇ္ဇနာကျမ်း။ ၁။ ၆၁။ နရပတိစည်သူမင်းဟုလည်း အဆိုအမိန့်ရှိ၏။

## ချာသအဆို ရှုပသိဒ္ဓိဋီကာဆရာပယ်

ပဒရူပသိဒ္ဓိဋီကာဆရာသည် ချာသလာစကားအချို့တို့ကို သာရတော န ပစ္စေတဗ္ဗော၊ အမြွတ်တနိုး မယုံကြည်လင့်၊ န ယုတ္တမေဝ၊ မသင့်သည်သာ။ န ယုဇ္ဇတိ၊ မသင့်မတော်။ န ဂဟေတဗ္ဗံ၊ မယူအပ် မယူသင့် စသည်ဖြင့် ချာသအဆိုအမိန့်တို့ကို ပယ်ဖျက်ခဲ့လေသည်။[၁]

ယင်းစကားရပ်တို့ကိုထောက်၍လည်း ချာသကျမ်းမှာ သီဟိုဠ်ကျွန်း အရှင်ဝဇိရဗုဒ္ဓိထေရ်ပြု ကျမ်းအဖြစ် ယုံမှား လွဲမှတ်ယူနိုင်ပေသည်။

## စာချဆရာမ သံပျင်မင်းသမီး

လူပြော, ရှင်ပြောတို့ဖြင့် သမိုင်းတွင်ရစ်ခဲ့သော သံပျင်မင်းသမီး၏ စာပေချပုံနှင့်စပ်၍ မှတ်သားဖွယ်ရာကား ဤသို့တည်း။

ပုဂံကေရာဇ် ကျစွာမင်းကြီး၏သမီးတော် မင်းသမီးသည် ခမည်းတော်ဘုရားကြီးနှင့်စာပေကျွမ်းကျင်တတ်မြောက်လေသည်၊ ဗျာကရဏ်းကျမ်းတို့၌ တဖက်ကမ်းခတ်တတ်မြောက်၏။ ပိဋကတ်ကျမ်းဂန်အမြောက်အမြားတို့ကို ချောက်ချားနိုင်၏။ နေ့စဉ်ထာဝရ စာပေပို့ချ၏၊ ရဟန်းသံဃာတော်အရှင်မြတ်တို့ပင် ကျစွာမင်းသည်းချာ သမီးတော် ရတနာထံ စာပေသင်ကြားလိုက်နာကြရကုန်၏။ မင်းသမီးသည် စာပေပို့ချရာ၌ ရဟန်းသံဃာတို့မမြင်ရအောင် လိုက်ကာအတွင်းမှနေ၍ စာပေပို့ချလေသည်။

ကျစွာရညော သုဓိတာဃ၊ ဒက္ခာ ဗျတ္တာ ဝိစက္ခဏာ။
ဂန္ထေသု ကောဝိဒါ ဆေကာ၊ နာနာဂန္ထေပိ ဝါစယီ။

---

၁။ ရှု၊ ဋီ။ ၁၃၊ ၁၅၊ ၁၆။ စသည်ကြည့်။

## မင်းသမီးကြည့်မြင်လို၍ ဉာဏ်ဆင်

တခါတွင် သံပျင်မင်းသမီးထံ စာတက်နေသော ရဟန်းတော်တပါးသည် စာချဆရာမ မင်းသမီး၏ အဆင်းသဏ္ဌာန် ဟန်အသွင်အပြင်ကို ကြည့်ရှုမြင်လိုလှသောကြောင့် မိမိ၏စာမူတွင် ''ဟိဇာလေ ဟောဟောလား''ဟူသော တံငါသည်တို့ ကွန်ကြိုးဆွဲရာတွင်ဆိုသော သီချင်းကိုရေးထည့်ထား၍ စာပေပို့ချအပြီးတွင် 'အို ဆရာမ မင်းသမီး–ဦးပဥ္စင်းအကျွန်ုပ်စာမူမှာ စာတွေကျန်ပါသေးသည်ဟု ပြောလေ၏၊ ထိုအခါ မင်းသမီးက အို ဦးပဥ္စင်း အကျွန်ုပ်စာတွင် မရှိပါဟု ဆိုလေ၏။ ထိုအခါ မင်းသမီးသည် ရဟန်းက မယုံလျှင်ကြည့်လှည့်ဟုဆိုလေလျှင် ကန့်လန့်ကာအတွင်းမှ ထွက်ပြီး၍ ရဟန်း၏စာကို ယူငင်ကြည့်ရှုပြီး ''အဟိ၊ ယုတ်မာလှစွာ တံငါသည်တို့သည်။ ဇာလေ၊ ပိုက်ကွန်တို့ကို။ ဟောဟောလား၊ ဆွဲငင်ကြကုန်၏။''ဟူ၍ အနက်သမ္ဗန်ပြီးလျှင် ကန့်လန့်ကာအတွင်း ပြန်၍ဝင်သွားလေ၏။

ရာဇဓီတာ ဂဟေတွာန၊ ဘိက္ခုနော ဟတ္ထပေါတ္ထကံ။
ယောဇေတွာ အန္တောသာဏိ–ပါကာရံ သာ ပဝိသတိ။

## မင်းသမီးနှင့် တပ်မက်ခင်မင် ရဟန်းဘဝ မပျော်ရွှင်

ရဟန်းသည် မင်းသမီးကိုမြင်ကတည်းက တပ်မက်ခင်မင်လိုချင်ခြင်းတဏှာ ပြင်းစွာဖြစ်လေတော့သည်။ စားမဝင် စက်မပျော်ပဲ ရှိနေလေ၏၊ ယင်းရဟန်းတော်၏ မင်းသမီးကိုတပ်မက်ခင်မင်လိုချင်နေကြောင်း နန်းတော်တွင်မက ပုဂံတမြို့လုံး ဘုန်းကြီးလောကၥ်လည်း ပြန့်နှံ့သီတင်းဖြစ်ပွားလေ၏၊ ဖခင်ကျစွာမင်းကြီးလည်း ထိုအကြောင်းကို ကောင်းကောင်းကြီး သိရှိလေတော့သည်။

## ငါ့သမီးလိုချင်လျှင် ကျမ်းဂန်ပြုစုရမည်

ထိုအခါ ပုဂံပြည်ကေရာဇ် ကျစွာမင်းတရားသည် ရဟန်းကိုပင့်ခေါ်၍ ကိုယ်တော် တပည့်တော်၏သမီးတော်ကို လိုချင်လျှင် ကျမ်းတကျမ်းပြုရမည်ဟု ပြောလျှောက်လိုက်လေ၏၊ ရဟန်းသည်လည်း

ကျမ်းဂန်တတ်မြောက်ပြီးဖြစ်သဖြင့် ဖော်ပြခဲ့ပြီး ချာသကျမ်းကြီး၏ အဖွင့်ဖြစ်သော ချာသပ္ပဒီပိကာမည်သောဋီကာကို ဖွင့်ဆိုရေးသားစီရင်ခဲ့လေသည်။

သစေ မေ ဓိတရံ ဘန္တေ၊ အာကာ်သိ သုရူပိနံ။
ရစယာသု စ ဂန္ထံ တွံ၊ မနုညံ့ သာဝ ထောမိတံ။

ထိုအခါမှစ၍ ကျစွာမင်းတရားသည် ချာသဋီကာကျမ်းပြုရဟန်းလူထွက်အား မြေတိုင်းသံပျင်အရာကိုပေး၍ သမီးတော်နှင့် ထိမ်းမြားလက်ဆက် တူစုံဖက်၍ စုံမက်အားသစ် စုလျားရစ်ပတ် လက်ထပ်စေတော်မူလေ၏၊ သံပျင်ရာထူးကိုထမ်းရွက်သည်ကိုအကြောင်းပြု၍ သံပျင်အမတ်ဟု တွင်လေသည်၊ စာချဆရာမဇနီးသည်မင်းသမီးသည် လည်း သံပျင်မင်းသမီးဟု တွင်လေသည်၊ ချာသပ္ပဒီပိကာဋီကာသည် လည်း သံပျင်ဋီကာဟု တွင်လေသည်။

သံပျင်ပဒံ[၁] ဥပါဒါယ၊ သံပျင်အမတ်တိ ဇာယတိ။
တဿာပိ ဘရိယာ ဓီတာ၊ သံပျင်မင်းသမီးတိ ဉာယတိ။
ကတာ သံပျင် အမစ္စေန၊ သံပျင်ဋီကာတိ ဝုစ္စတိ။

## သံပျင်ဋီကာ ရေးသားပုံ

သံပျင်ဋီကာမှာ မြန်မာပြည်၌ အစောဆုံးပေါ်ထွန်းသော ဋီကာအဖြစ် စာပေသမိုင်း၌ထင်ရှားခဲ့လေသည်၊ စာပေအရေးအသားမှာလည်း သေသပ်ကောင်းမွန်ကျစ်လစ်လှပေသည်၊ သာမန်စာပေတတ်ကျွမ်းရုံဖြင့် ဤဋီကာမျိုးရေးရန် မဖြစ်နိုင်ပါချေ၊ အကြိမ်ကြိမ်စက်တင်ရိုက်နှိပ်ခဲ့ရာ ရှိုင်ဆိုက်စာမျက်နှာ ၂၄၅-ရှိလေသည်၊ စာပြုသူသည် ၁၃၇၅-ခုနှစ် ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်ရိုက်စာမူကို တွေ့ရှိရပါသည်။ ကျမ်းဆရာသံပျင်အမတ်သည် ကျမ်းဦး၌ –

---

၁။ ပဒ သဒ္ဒါအရာ, ရာထူး ဟောတည်း။

သံသာရဝဋ္ဋတမနုဒ္ဒဂုဏာဝိဝါသံ၊
နိရန္တရရူပဂတဉေယျမနာထနာထံ။
ဗုဒ္ဓဥ ဓမ္မဥမဝိနိဟာရမဂ္ဂသံဃံ၊
ဉာသပ္ပဒီပမဘိနမျကရောမိ သာရံ။

ဟူသောဂါထာဖြင့် ရတနတ္တယပဏာမ, ပကရဏာဘိဓာန, ပဋိညာဉ်ကို ဖော်ပြ၍ ကျမ်းကိုရေးသားခဲ့လေသည်။

ကျမ်းပြုဆရာ သံပျင်အမတ်သည်–

ပဌမံ ကရေ ပဒစ္ဆေဒံ၊ သမာသာဒိံ တတော ကရေ။
သမာသာဒေါ ကတေ ပစ္ဆာ၊ အတ္ထံ နိယျာထ[၁] ပဏ္ဍိတော။

ဂါထာဖြင့် ပုဒ်ဖြတ်, သမာသ်စသည်ပြု အနက်ပေးဟူသောစနစ်အတိုင်း ဉာသကျမ်းကို ဖွင့်ဆိုခဲ့လေသည်။ ယင်းကျမ်း၌ –

သညာ နိမိတ္တံ ကတ္တာ စ၊ ပရိမာဏံ ပယောဇနံ။
သဒ္ဒါဂမသ္သ ပုဗ္ဗော၊ ဝတ္တဗ္ဗံ ဝတ္တုမိစ္ဆတာ။

ဟူသောဂါထာဖြင့် သညာဒိအတ္ထပဥ္စကကိုလည်း ဖော်ပြခဲ့၏။[၂]
ငင်းပြင် –

ဗုဒ္ဓေါ သဗ္ဗညုတညာဏံ၊ ဓမ္မော လောကုတ္တရော နဝ။
သံဃော မဂ္ဂဖလဋ္ဌော စ၊ ဣစ္စေတံ ရတနတ္တယံ။[၃]

ဟူသောဂါထာဖြင့် ရတနာ ၃–ပါး သရုပ်ကိုလည်း ဖော်ပြခဲ့လေသည်။
ထို့ပြင်–

သင်္ခတာသင်္ခတာဒိ ဘေဒါ သဗ္ဗဓမ္မာ ဟိ သင်္ခါရော, ဝိကာရော, လက္ခဏံ, နိဗ္ဗာနံ, ပညတ္တိတိ ပဉ္စဉေယျပ္ပဘေဒါ ဟောန္တိ[၄]ဖြင့် ဉေယျဓံတရားငါးပါးသရုပ်ကို ဖော်ပြခဲ့လေသည်၊ ထိုမှတပါး သဗ္ဗညုတိ

---

၁။ တေသာ ဟူသော နီတိသုတ္တ ၁၀၈၂–ဖြင့် ထေဝိဘတ်ကို အထာ–ပြု။ နိယျာထ–၌

၂။ သံပျင်ဋီကာ။ ၁၀။

၃။ သံပျင်ဋီကာ ။ ၁၁။ သဗ္ဗညုတညာဏံ= သဗ္ဗညုတညာဏ်ကို။ အဓိဂတော= ရတော်မူသော။ ဗုဒ္ဓေါဝ= မြတ်စွာဘုရား ငင်းဟု ပေး။

၄။ သံပျင်ဋီကာ။ ၁၃။

၈ ကမသမ္ဗည္ဒူ, သကိံသမ္ဗည္ဒူ, သကတသမ္ဗည္ဒူ, ဉာတသမ္ဗည္ဒူတိ ပဉ္စဝိဓာ သမ္ဗည္ဒူ[၁]ဖြင့် သမ္ဗည္ဒူငါးပါးကို ထုတ်ပြ၍ ဤ၌လိုအပ်သော ဉာတသမ္ဗည္ဒူကိုလည်း ဖော်ပြခဲ့လေသည်။

ထိုပြင်တပါး တိမုနိဗျာကရဏ၌ တိမုနိ အရ- ဝါသုကိ, ပါဏ္ဍိနီ, ပါဏိနီ ဟူသော ရသေ့ ၃-ပါး သရုပ်ကိုလည်း ပြခဲ့လေသည်။

နဝ လောကုတ္တရဓမ္မ အရ - လောကုတ္တရာတရားကိုးပါး သရုပ်ကိုလည်း -

သမဂ္ဂေါ ဖလံ နိဗ္ဗာနံ၊ ဓမ္မော ဓမ္မောတိ ဒေသိတော။
နဝ လောကုတ္တရော လောက-ဗန္ဓုနာဝ မဟေသိနာ။[၂]

ဖြင့် ဖော်ပြခဲ့လေသည်၊ ၎င်းကိစ္စေတ္တဝါကျ အနက်ပေးပုံကိုလည်း-

တွေ့ တဝ ဝါဒေ ကိစ္စ ဝတ္တဗ္ဗံ အတ္ထိ၊ အပရိသမတ္တာ တေ စောဒနာ၊ အဝသိဋ္ဌံ တာဝ ပြုဟိတဗ္ဗော[၃]-ဟု ဖွင့်ပြခဲ့လေသည်။

ယင်းသံပျင်ဋီကာကိုထောက်ရှု၍ ဘုရားကြီးဆရာတော်သည်-

"ကိစ္စေတ္တပုဒ် ထုတ်၍ရှိမူ ကိစ္စနောက်မှ အဝသိဋ္ဌံ ယံအတ္ထိနှင့် တံ ပြုဟိကို ဆို၍ထည့်ငြား ရှေ့နားကမှာ တဝစောဒနာ အသမတ္တာကို ဆောင်ကာစွက်၍ အနက်သမ္ဗန်မြဲ"-ဟု နိယံ စီဟန်တူပေသည်။

## လက္ခဏာရေးသုံးပါး အားထုတ်ရန် တိုက်တွန်း

ကျမ်းပြုဆရာသည် -

ဝေဖန်အပ်သောပုဒ်လေးပါးတို့၏ ကောင်းသောသဘောရှိသော ဝေဖန်ခြင်းဟူသော လုံ့လပယောဂ၏အကျိုးဖြစ်သော လောကုတ္တရာတရားကိုးပါးပြီးခြင်းကို အမြဲမပြတ်တောင့်တအပ်သော ယောဂီသူ

---

၁။ သံပျင်ဋီကာ။ ၂၁။ ၂။ သံပျင်ဋီကာ။ ၂၃။
၃။ သံပျင်ဋီကာ။ ၆၉။

မွန်သည့် လောကုတ္တရာတရားကိုးပါးရကြောင်းဖြစ်သော အနိစ္စစသော လက္ခဏာရေးသုံးပါးကို ကောင်းမွန်စွာနှလုံးသွင်းရာသတည်း ဟူ၍–

စတုန္နံ ဝိဘာဂံ ပဒါနံ ဝိဘာဂ–
ဝိယောဂတ္ထသိဒ္ဓိံ သဒါ ပတ္ထယန္တော။
ကရေ သာဓုရူပံ မနေ သာဓု ယောဂီ၊
နိမိတ္တံ အနိစ္စာဒိတံ လက္ခဏာဒုံ။[၁]

ဟူသောဂါထာဖြင့် တိုက်တွန်းခဲ့လေသည်၊ ဤဂါထာကိုလေ့လာကြည့်ရှုပါက ကျမ်းပြုဆရာ သံသရာ၌ ငြီးငွေ့သံပါလွန်းလှသည်၊ စာချ ဆရာမ မင်းသမီး၌ တပ်မက်စွဲလမ်းသော ရဟန်းလူထွက်ပြုစုသည်ဟူသော စကား ဟုတ်မှဟုတ်ပမည်လားဟု သံသယဖြစ်မိပေ၏။

## မဟာကဝိ သံပျင်အမတ်

ဖော်ပြပါဂါထာနှင့် "သံသာရဝဋ္ဋဂမနဋ္ဌဂုဏာဓိဝါသံ" စသည့် ဂါထာများကို ထောက်၍ သံပျင်ဋီကာကျမ်းပြု ရဟန်းလူထွက်အမတ်သည် ပါဠိဂါထာကဗျာအဖွဲ့ကောင်း မဟာကဝိပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း သိသာလေသည်။

၎င်းသံပျင်ဋီကာ၌ –

အဋ္ဌက္ခရာ ကေပါဒါ၊ ကေဂါထာ စတုပ္ပဒါ။
ဂါထာ စေကော မတော ဂန္ထော၊ ဂန္ထော ဗာတ္တိံသတက္ခရော။[၂]

ဟူသောဂါထာကို တွေ့ရ၏၊ သဒ္ဒနီတိဓာတုမာလာ[၃]၌လည်း ၎င်းဂါထာကို –

ဗာတ္တိံသက္ခရဂန္ထာနံ၊ ပညာသဒ္ဒိသတံ ပန။
ဘာဏဝါရော မတော ကော၊ သွဋ္ဌက္ခရသဟဿတော။

ဟူသောဂါထာနှင့်တကွ တွေ့ရ၏၊ သီလက္ခန်ဋီကာသစ် ၈၁, အဋ္ဌသာလိနီယောဇနာ ၁၁ – မျက်နှာတို့၌လည်း တွေ့ရ၏။

---

၁။ သံပျင်ဋီကာ။ ၃၃။ ၂။ သံပျင်ဋီကာ။ ၃၈။
၃။ နီတိ၊ ဓာ။ ၆၀။

သံပျင်ဋီကာကား – ဤသို့စသည်ဖြင့် မှတ်သားဖွယ်အဖုံဖုံ စုံလင်လှသော မြန်မာဂန္ထဝင်တွင်ထင်ရှားသောပါဠိကျမ်းစာကောင်းပါ ပေတည်း။ ဘုရင့်သမီး ပုဂံစာချ ဆရာမ ရှုမငြီးကို နှိုးနှောရောယှက် ပေါင်းဖက်လိုသောဓာဖြင့် ရေးသားပေါ်ပေါက်ခဲ့သော သံပျင်ဋီကာ သမီးပျိုကား စာချ, စာပြင်, စာသင်ပုဂ္ဂိုလ်တို့ကို ပိုမိုစွာရင်းနှီးဆဲပင် ဖြစ်သေး၏၊ သို့ရာတွင် ကျမ်းပြုသံပျင်အမတ်ကား ဂုဏ်သကတ်မျှသာ ကျန်ရှိတော့လေသတည်း။

သံပျင်မဟာအမစ္စော သော၊ သံပျင်ဋီကာ သုမာပကော။
သံပျင်ကမ္မံ ကရိတွာန၊ ယထာကမ္မံ ဂတော သုဓီ။

## အရှင်တိပိဋကရေ အဘယမဟာထေရ်

အရှင်တိပိဋကရေအဘယထေရ်သည်လည်း ပုဂံသာသနာဝင်တွင် ထင်ရှားသောမထေရ်မြတ်ဖြစ်တော်မူသည်၊ ကျမ်းစာချပို့, ရေးသားမှုအလုပ်ကို ပြုလုပ်တော်မူ၍ သာသနာပြုခဲ့သည့်မထေရ်မြတ်ဖြစ်တော်မူသည်။

ပုဂံမြို့ ရွှေဂူကျောင်းတိုက်၌သီတင်းသုံးတော်မူခဲ့၍ ရွှေဂူဆရာတော်ဟု ထင်ရှားခဲ့လေသည်။

## ကျမ်းဂန်ပြုစုခြင်း

၁။ သမ္ဗန္ဓစိန္တာဋီကာ

၂။ သဒ္ဒတ္ထဘေဒစိန္တာဋီကာဟောင်း စသည်တို့ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။

သမ္ဗန္ဓစိန္တာဋီကာမှာ –

သီဟိုဠ်ကျွန်း အရှင်သံဃရက္ခိတထေရ် ရေးသားပြုစီရင်တော်မူခဲ့သည့်သမ္ဗန္ဓစိန္တာပါဠ်၏အဖွင့်ကျမ်းဖြစ်လေသည်။

အာဒိစ္စဝံသာဘိဓဇမဟာဓမ္မရာဇဂုရု ပဌမငါးခုန်ဆရာတော်သည် ထပ်မံ၍ သမ္ဗန္ဓစိန္တာဋီကာကို ရေးပြန်သောကြောင့် အရှင်တိပိဋကရေ အဘယထေရ်၏ သမ္ဗန္ဓစိန္တာဋီကာသည် သမ္ဗန္ဓစိန္တာဋီကာဟောင်း ဟု တွင်လေသည်။

ယင်းသမ္ဗန္ဓစိန္တာဋီကာပေါင်းမှာ ရှိုင်ဆိုက်စာမျက်နှာ ၃၅-မျက်နှာခန့် ရှိလေသည်။ ကျမ်းဦး၌ -

ဝုတ္တံ သမ္ဗန္ဓစိန္တာယ၊ ကရိသာမိ ဟိတာယဟံ။
မယာပိ မန္ဒဗုဒ္ဓီနံ၊ ဝန္ဒိတွာ ရတနတ္တယံ။

ဟူသောဂါထာဖြင့် ရတနတ္တယပဏာမ, ပဋိညာဉ်ကို ပြုတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌ -

ဒိဝါကရောဝ သဒ္ဒမ္ဗော၊ ယဿ သဒ္ဒမ္ဗုဒိဝါနံ။
ဝါကရောက္ကတိ နာမဿ၊ စိရံ တိဋ္ဌတု ဂန္ထောယံ။

သုဂန္ထေသု သုစာရေန္တော၊ သန္တော သုခိစ္ဆိယံ ယန္တု။
အနေန သတ္တကမ္မေန၊ သဗ္ဗေပိ ပါဏိနော တထာ။

ဟူသော ၂-ဂါထာဖြင့် ပတ္ထနာပြုခဲ့လေသည်။

## သမ္ဗန္ဓစိန္တာဋီကာပေါင်းစာသွား

သမ္ဗန္ဓစိန္တာဋီကာပေါင်းစာသွားမှာ ကျဉ်းလွန်းသည့်ပြင် အသိခက်သောပါဠိစကားလုံးများ, သက္ကတဘာသာစကားလုံးများ ပါရှိသဖြင့် လေ့လာကူးခပ်သက်ဝင်ရန် အလွန်လွယ်ကူလှချေ။

## သဒ္ဒတ္ထဘေဒစိန္တာဋီကာပေါင်းပါဠိ

အရှင်တိပိဋကရေအဘယထေရ်သည် သဒ္ဒတ္ထဘေဒစိန္တာသဒ္ဒါငယ်ကျမ်း၏အဖွင့်ဋီကာကိုလည်း ရေးသားစီရင်တော်မူခဲ့လေသည်၊ ယင်းသဒ္ဒတ္ထဘေဒစိန္တာဋီကာပေါင်းမှာ ရှိုင်ဆိုက် ၁၃၈-မျက်နှာရှိလေသည်။

ယင်းဋီကာကျမ်းဦး၌ -

သဒ္ဒတ္ထဘေဒဗုရဝါဒိနံ ယော၊
ဘိက္ခုနမဂ္ဂေ ဝရဝါဒိကော တံ။
တမ္ဘေဒနီယဗုဒ္ဓရဗုဒ္ဓိကောသံ၊
နတွာန ဗုဒ္ဓံ ပရမိဟာဝန္တံ။

သဒ္ဒတ္ထဘေဒဗ္ဗရစာရဂန္ထော၊
နာနပ္ပဝါဒပ္ပရိပုဏ္ဏကောသော။
နာနာသုဂန္ထေဟိသုရတ္တနိတ္တာ၊
တသာတ္တသံဝဏ္ဏနာမာရဘိဿံ။

ဟူသော ၂-ဂါထာဖြင့် ပဏာမ, ပဋိညာဉ်-စသည်ကို ပြတော်မူခဲ့လေသည်။ ကျမ်း၏အဆုံး၌လည်း "ဣတိ ပရမဝိသုဒ္ဓသဒ္ဓါဗုဒ္ဓိဝီရိယပဋိမဏ္ဍိတေန ဝေယျာကရဏေန ပရိဟိတေသိနာ ထေရေန ကတာ သဒ္ဒတ္ထစိန္တာယံ လီနတ္ထပကာသနာယံ သံဝဏ္ဏနာဘူတာ သာရတ္ထသင်္ဂဟာနာမဋီကာ သမတ္တာ ပရိပုဏ္ဏာ"ဟူသော စကားရပ်ဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။
ယင်းဋီကာ၌ -

ယဥ္စတ္ထဝတော စေက-သေသတောစာပိ သုယျတေ။
တံ သမ္ဗုဏ္ဍ္ဍာတိ ပစ္စေကံ၊ ယထာလာဘံ ကဒါစိပိ။

စသည်ဖြင့် ပရိဘာသာများလာရှိရာ စာပြောချပ်သူတို့အဖို့ ကျေးဇူးများလှပေသည်။

၎င်းပြင် သဒ္ဒတ္ထဘေဒစိန္တာဒီပနီပါဌ်မှာလည်း အရှင်တိပိဋကဓရအဘယထေရ်ရေး ဖြစ်မည်လောဟု တွေးတောစရာဖြစ်လေသည်၊ ဘွဲ့နာမည်ကို တိုက်ရိုက်မတွေ့ရသော်လည်း နိဂုံး၌ "သုဝဏ္ဏမယကူဋာဒီဟိ ဝိရောစမာနဂုဟာဟိ သမန္နာဂတတ္တာ ရွှေဂူတိပါကဋနာမ ဓေယျေမဟာဝိဟာရေ ဝသတာ မဟာထေရေန"စသည်ဖြင့် လာရှိရာ၌ ရွှေဂူတိုက်ဟူသည် အရှင်တိပိဋကဓရအဘယထေရ် သီတင်းသုံးရာကျောင်းတိုက်နာမည် ဖြစ်သောကြောင့်တည်း။

၎င်းသဒ္ဒတ္ထဘေဒစိန္တာဒီပနီကျမ်းပြီးနှစ်မှာ သက္ကရာဇ် ၅၂၄-ခု၊ တန်ဆောင်မုန်းလကွယ်နေ့ ဖြစ်လေသည်။

## သာသနာပြုခဲ့ခြင်း, ပျံလွန်တော်မူခြင်း

အရှင်တိပိဋကဓရအဘယထေရ်သည် စာပေချပ်ပို့ပြုစုကာ သာသနာပြုတော်မူခဲ့ပြီး မလွဲသာမရှောင်သာ ဓမ္မတာနန်း မြန်းကြွတော်မူခဲ့လေပြီ။

တိပိဋကဓရောဘယော၊ ထေရော သော ဂန္ထကာရကော။
သာသနံ ဇောတယိတွာန၊ မစ္စုနော ဝသမာဂမိ။

## ပေါင်လောင် အရှင်မဟာကဿပထေရ်

အရှင်ကဿပထေရ်သည် ပုဂံသာသနာဝင်တွင် ထင်ရှားသောမထေရ်တစ်ပါးဖြစ်လေသည်၊ ယခု ပခုက္ကူခရိုင်၊ ပခုက္ကူစီရင်စုအပါအဝင် "ပေါင်လောင်ရွာ"၌ သက္ကရာဇ် ၅၀၀–ပတ်ဝန်းကျင်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ဖွားရာဇာတိရပ်ရွာကိုစွဲ၍ ပေါင်လောင်ကဿပ–ဟု ထင်ရှားလေသည်။[၁]

## သီဟိုဠ်ကျွန်းသို့ ကြွတော်မူခြင်း

အရှင်ကဿပထေရ်သည် သီဟိုဠ်ကျွန်းသို့ကြွတော်မူရန် ရည်ရွယ်၍ ပုသိမ်သင်္ဘောဆိပ်သို့ ခြေလျင်ကြွတော်မူရာ ပုဂံမြို့ မိမိကျောင်းမှထွက်၍ မကြာမီ သိကြားမင်းသည် ကျားရောင်ဖန်ဆင်း၍ မထေရ်မြတ်ကို ကျောပေါ်သို့ပင့်တင်၍ ပုသိမ်ပင်လယ်ကူးဆိပ်ကမ်းဆီ လိုက်ပို့လေသည်။

ဗျဂ္ဃဝေသံ ဂဟေတွာန၊ သမုဒ္ဒတီရမာနယိ။
သုဇမ္ပတိ ယတိသေဋ္ဌံ၊ ကဿပံ ပေါဋ္ဌလောကနာမကံ။

## သမုဒ္ဒရာအလယ် ရွက်လှေရပ်

ပုသိမ်မှ ရွက်လှေကြီးသည် သီဟိုဠ်ကျွန်းသို့ ထွက်ခွါသွားလေ၏၊ သင်္ဘောပေါ်၌ သီဟိုဠ်သွားခရီးသည်တို့လည်း များစွာပါရှိကုန်

---

၁။ သာသနဝံသပ္ပဒီပိကာ–၌ ပေါင်လောင်သားဟု မဆိုပဲ နရပတိမင်းလက်ထက် ပုဂံက အရှင်ကဿပထေရ်သည် ခရီးလှည့်လည်စဉ် ပေါင်လောင်အရပ်ရောက်ရာ ပေါင်လောင်ရွာသားများကြည်ညိုသည်ကိုစွဲ၍ "ပေါင်လောင်ကဿပ"မည်ကြောင်း ဆိုလေသည်။ ပေါင်လောင်ရွာသားတို့သည် အရှင်ကဿပထေရ်အား အလုပ်အကျွေးအတွက် သူငယ် ၂–ယောက်ကို လှူလိုက်ကြောင်းလည်း ဆိုလေသည်။ (သာသနဝံသပ္ပဒီပိကာ။ ၈၀။)

၏၊ လေးဖက်လေးတန် ကမ်းလမ်းမမြင် သမုဒ္ဒရာအလယ်တွင် ရွက်လှေကြီးသည် မသွားပဲ ရပ်နေတော့၏၊ ရွက်လှေသမားတို့သည် မည်မျှပင် ကြိုးပမ်းကြပါသော်လည်း လှံ့လမှာ အချီးနှီးသာဖြစ်လေသည်၊ ဝိပါက်ကြုံလာသူ ပုဂ္ဂိုလ်တစ်ဦးကို ပင်လယ်တွင်းချမှဖြစ်မည်ကို ရွက်လှေကြီးပေါ်ပါလာသူတို့ သဘောတူကြကုန်၏၊ သို့နှင့် ပင်လယ်တွင်အချခံရမည့်သူကို မဲချကြရာ ပေါင်လောင်အရှင်ကဿပသာ မဲကျလေ၏၊ ထပ်၍ချပြန်သော်လည်း ပေါင်လောင်အရှင်ကဿပမထေရ်မြတ်သာ မဲကျလေသည်။

## ကြွပေတော့ အရှင်ဘုရား

ထိုအခါ ရွက်လှေဦးစီး အကြီးအမှူးနှင့် ခရီးသည်တို့သည် "အရှင်ဘုရား ... အရှင်ဘုရားကြောင့် ရွက်လှေမသွားပဲရှိပါသည်၊ မဲအကြိမ်ကြိမ်ချရာ အရှင်ဘုရားသာ မဲကျပါသည်၊ သို့ဖြစ်၍ အရှင်ဘုရားသည် သမုဒ္ဒရာအတွင်း ဆင်းပေတော့"ဟု လျှောက်ဆိုကာ ပင်လယ်တွင်းချကုန်၏။

## ပြုခဲ့ဖူးသော အကုသိုလ်မှု အကျိုးပေး

မထေရ်မြတ်သည် ယခုဘဝမှအထက် ခုနစ်ခုမြောက်ဘဝက ရွာတစ်ရွာမှာ လူရွယ်တစ်ယောက်ဖြစ်လေသည်၊ ထိုစဉ်က ခွေးတစ်ကောင်ကို ဖမ်းယူ၍ ရေမှာနှစ်၍ ကစားလေ၏၊ သို့ရာတွင် နောက်မှ သတိရသဖြင့် ခွေးကိုပွေ့ဖက် ဖမ်းယူ၍ ကမ်းပေါ်သို့တင်ပို့လေ၏၊ ခွေးသည် အသက်ဘေးမှ ချမ်းသာရာရ၏၊ ဤသို့ သမုဒ္ဒရာရေ၌ အချခံရခြင်းသည် ခွေးကိုရေ၌ချခဲ့သော အကုသိုလ်ကံ၏ အကျိုးပေးချက်တည်း။

ဣတောဝ သတ္တမေ အတ္တ–ဘာဝေ သော ဒါရကော အဟု။
သွာ ဒကမှိ တာရေတွာန၊ ထလမှိ ဥပတိ ပုန။
တေန ကမ္မေန သိန္ဓုမှိ၊ ပက္ခိပိံသု တဒါ နရာ။
တသ္မာ ဇဟေယျ မေဓာဝီ၊ ကိရိယံ ပါပသမ္ဘတံ။

## သိကြားမင်းက မိကျောင်းဖန်ဆင်း ဘီလူးကျွန်းပို့

ထိုအခါ သိကြားမင်းက မိကျောင်းအဟန် ဖန်ဆင်း၍ ကျော ပေါ်ပင့်တင်ကာ သီဟိုဠ်ကျွန်းအနီး ဘီလူးကျွန်းအထိ ပို့ဆောင်ခဲ့လေ ၏၊ ဘီလူးကျွန်းရောက်သည်တွင် ဘီလူးများနှင့်တွေ့လေ၏၊ ထိုဘီလူး များအနက် မျက်စိနှစ်ကွင်းအလင်းမရကြသော ဘီလူးများစွာပါရှိကုန် ၏၊ မထေရ်မြတ်သည် ထိုမျက်မမြင်ဘီလူးတို့အား မေတ္တာစွမ်းရည် ဖြင့် မျက်စိမြင်အောင် ပြုတော်မူလေ၏၊ ဘီလူးတို့သည် မထေရ်မြတ်၌ များစွာကြည်ညိုယုံဖိတ် သဒ္ဓါစိတ်ဖြစ်ကြကာ ဘီလူးညီနောင်နှစ်ယောက် တို့ကို အလုပ်အကျွေးအဖြစ် လှူဒါန်းလေ၏၊ မထေရ်မြတ်သည် သီဟိုဠ် ကျွန်းသို့ ဆက်လက်ကြွတော်မူကာ မဟာစေတီတော်, သံဃမိတ္တာ မဟာဗောဓိပင်, ထူပါရာမစေတီ–စသည်တို့ကို ဖူးမြင်တော်မူပြီး မဟာ စေတီပုံတော်၊ လောဟပါသာဒ (ကြေးပြာသာဒ်)ပုံတော်၊ မြတ်စွာဘုရား ၏ သရီရဓာတ်တော်၊ မဟာဗောဓိမျိုးစေ့တို့ကို ပင့်ဆောင်တော်မူကာ အမိမြန်မာနိုင်ငံ ပုဂံနန်းမြို့တော်သို့ ပြန်ကြွတော်မူခဲ့လေသည်။

လင်္ကာဒီပမှိ ပတ္တာန၊ စေတိယေပိဘိ ပူဇယိ။
မဟာစေတိယရူပါဒီ၊ အာနေတွာ သော ပုနာဂမိ။

## ရွှေပေါင်လောင် ဆုတောင်းပြည့်စေတီ

ပခုက္ကူမှ အနောက်ဖက် ၃၅–မိုင်ခန့် "ဘုရားတောင်ကျတော ရွာ"အနီး "ရွှေပေါင်လောင် ဆုတောင်းပြည့်စေတီတော်"တစ်ဆူ ရှိ လေသည်၊ ၎င်းစေတီမှာ ပုဂံပြည့်ရှင် နရပတိစည်သူမင်းကြီး ရွှေမုဋ္ဌော စေတီတည်ခိုက် ပေါင်လောင်အရှင်ကဿပထေရ် စေခိုင်းတိုက်တွန်း ချက်အရ တည်ထားသောစေတီဖြစ်ရကား "ပေါင်လောင်ရှင် ဆု တောင်းပြည့်"ဟု တွင်လေသည်။ ပေါင်လောင်ရှင်ကဿပ ကျားစီးဟန် ရုပ်ထုကိုလည်း လိုဏ်ဝတွင် ထုလုပ်တည်ထားစေတော်မူခဲ့လေသည်။

## ပေါင်လောင်ကဿပစေတီများ

ပေါင်လောင်ရှင်ကဿပမထေရ်သည် သီဟိုဠ်ကျွန်းမှ ပြန်ရောက်သောအခါ သက်ဆိုင်ရာ ဒကာ, ဒကာမတို့၏ အကူအညီဖြင့် ထိုထိုအရပ်တို့၌ စေတီများစွာတို့ကိုလည်း တည်ထားတော်မူခဲ့လေသည်။ ၎င်းတို့မှာ ယော ရွှေပေါင်လောင်၌ တစ်ဆူ၊ ကျောက်ရစ်၌ တစ်ဆူ၊ ပခုက္ကူမြို့၌ တစ်ဆူ-စသည်တို့ ဖြစ်ကုန်၏၊ ပခုက္ကူမြို့၌ ယခု ပေါင်လောင်ရှင်အရပ်၌ ပေါင်လောင်ကဿပတည်ခဲ့သော စေတီရှိခဲ့သည်ကိုစွဲ၍ ယခုတိုင် ယင်းအရပ်ကို ''ပေါင်လောင်ရှင်''ဟု ခေါ်ကြလေသည်။ မိကျောင်းစီးရှင်ပင်မှာ ပခုက္ကူမြို့ ပေါင်လောင်ရပ်အရှေ့ထိပ် ရွာဦးကျောင်း၌ တည်ရှိလေသည်။

## ကျမ်းဂန်များ ပြုစုတော်မူခြင်း

အရှင်ကဿပထေရ်သည် ကျမ်းဂန်များကို ပြုစုရေးသားတော်မူခဲ့လေသည်။
၎င်းတို့မှာ -

၁။ မဟာဗောဓိဝံသဋီကာ၊
၂။ ပရမတ္ထဗိန္ဒုဋီကာ၊
၃။ ခုဒ္ဒသိက္ခာနိသျှဟောင်း-စသည်တို့ ဖြစ်ကုန်၏။

## မဟာဗောဓိဝံသအဋ္ဌကထာ

မဟာဗောဓိဝံသပါဠိ သို့မဟုတ် မဟာဗောဓိဝံသအဋ္ဌကထာ ကျမ်းသည် ပါဠိအရေးအသား လွန်စွာပြောင်မြောက်ကောင်းမွန်သဖြင့် ပညာရှိ ကဝိသူမွန်တို့ မြတ်နိုးကြကုန်၏၊ သီဟိုဠ်တက္ကသိုလ်များ အိုင်အေ၊ ဘီအေ-စသော စာမေးပွဲတို့၌ ပြဋ္ဌာန်းတတ်ကြကုန်၏၊ ဒါဌာနာဂထေရ် တောင်းပန်သဖြင့် အရှင်ဥပတိဿထေရ်ရေးသည်ဟု သီဟိုဠ်ပါဠိသမိုင်းကျမ်း၌ တွေ့ရ၏။[၁]

---

၁။ သီဟိုဠ်ပါဠိသမိုင်း (ပါဠိသာဟိတ်)၊ ၂။ ၃၇၁။

အရှင်ဥပတိဿထေရ်သည် ကျမ်းဦးအစ၌ –

ယဿ မူလေ နိသိန္နောဝ၊ သဗ္ဗာရိပိဖယံ အကာ။
ပတ္တော သဗ္ဗညုတံ သတ္ထာ၊ ဝန္ဒေ တံ ဗောဓိပါဒပံ။
ဇနိတံ ယံ ပဏာမေန၊ ကုသလံ ဗောဓိမဟီရုဟော။
ပုညံ တဿာနုဘာဝေန၊ ဆေတွာ သဗ္ဗေ ဥပဒ္ဒဝေ။
ဒဿယိဿံ မဟာဗောဓိ–ဝံသံ ဘာသာယ သတ္ထုနော။
ပုဗ္ဗေ သီဟဠဘာသာယ၊ ဌိတံ ဝုဍ္ဍနာနုဂေါ။

ဟူသော ၃–ဂါထာဖြင့် ဗောဓိပဏာမ၊ ပဋိညာဉ်–စသည်တို့ကို ပြတော်မူခဲ့လေသည်။ ယင်းကျမ်းမှာ သီဟိုဠ်၌ အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့ရာ ဒီမိုင်းဆိုက် ၁၀၄–မျက်နှာ ရှိလေသည်။

နိဂုံး၌ –

ဂန္ထေဟိ တိသဟဿေဟိ၊ ဥပေတံ ဟာဒယင်္ဂမံ။
သုန္ဒရံ မဓုရံ သုဒ္ဓံ၊ သုတံ သောတရသာယနံ။
စိတံ ယံ ကုသလံ တေန၊ ဒုမိန္ဒေ သုဂတောဒယေ။
ပသာဒေန မဟာဗောဓိ–ဝံသံ ရစယနာ မယာ။

စသည်ဖြင့် ပြောင်မြောက်ကောင်းမွန်သော ၇–ဂါထာဖြင့် အထွတ်တပ်ကာ ကျမ်းစာကို လက်စသတ်တော်မူခဲ့လေသည်။

အရှင်ကဿပမထေရ်သည် ပုဂံမြို့တောင်ဖက် ၂–မိုင်ခန့် ကွာလှမ်းသော တောရကျောင်း၌ သီတင်းသုံးတော်မူစဉ် ဖော်ပြပါ မဟာဗောဓိဝံသအဋ္ဌကထာ၏ ဋီကာကိုလည်း "သဟဿရံသိဋီကာ" ဟု အမည်သညာတင်ကာ ရေးသားတော်မူခဲ့လေသည်။ ယင်း "ဗောဓိဝံသဋီကာ"မှာ ပေနှင့်သာတည်ရှိလေရာ ၆–အင်္ဂါကျော် ရှိလေသည်။ ကျမ်းဦး၌ ရတနတ္တယပဏာမပြု ဂါထာ စုဏ္ဏိယ မပါမရှိချေ။

"ယဿ မူလေ နိသိန္နောဝ၊ သဗ္ဗာရိပိဖယံ အကာ။

ပတ္တော သဗ္ဗညုတံ သတ္ထာ၊ ဝန္ဒေဟံ ဗောဓိပါဒပံ" ဣစ္စေဝ မာဒိနာ ဝိရစိတမဟာဗောဓိဝံသေ ပဒဝိဝရဏံ ကုရုမာနေန မယာ အာရဒ္ဓေ ဌတွာ–စသည်ဖြင့် ဖော်ပြရေးသားဖွင့်ဆိုတော်မူခဲ့လေသည်။

နိဂုံး၌ – သီလာဒိဂုဏသမ္ပန္နသ ကဿပဿ သဟာဿရဲ့ သိနာမ ဗောဓိဝံသပကရဏဿ ဋီကာ သမတ္တာ–ဟု ဖော်ပြပြီး အဆုံး၌ ဂါထာ ၃၀–ဖြင့် တခမ်းတနား အထွတ်တပ်ကာ နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းဂါထာတို့မှာ ပုဂံနန်းမြို့တော်သမိုင်းလေ့လာသူတို့အတွက် တန်ဘိုးကြီးလှသဖြင့် ထုတ်ပြ၍ အနက်ယောဇနာပါအံ့။

(၁) သမ္ပုဏ္ဏဝတ္ထုကာမတ္တာ၊ ပုဏ္ဏကာမပုရန္တိ စ။
ဝိဿုတံ ယံ ပုရံ ရမ္မံ၊ ပုရာနံ ပရမံ ပုရံ။

(၂) သူရဝီရနရိန္ဒာနံ၊ အရိမဒ္ဒနသီလိနံ။
နိဝါသနဋ္ဌာနတာယ–ရိမဒ္ဒနန္တိ ဝိဿုတံ။[၁]

(၃) တံ နာမသုတိမတ္တေန၊ သတ္တုနံ တြာသကာရကံ။[၂]
နိဗ္ဗယံ သသတံ ခေမံ၊ ဝတ္ထာလင်္ကာရဖုလ္လိတံ။

(၄) တမေဝ နဂရံ ဧယျံ၊ သဗ္ဗကာမေဟုပါဂတံ။
သဂ္ဂတော ပတိတံဝါပိ၊ ဘောဂသာရကရုတ္တမော။[၃]

(၅) ကာသာဝ ဝရပဇ္ဇောတံ၊ အာဝါသံ ပုညကမ္မိနံ။
သဒ္ဓမ္မဿဝနောတိဏ္ဏာ–[၄]မဟာဇနေ သမာကုလံ။

(၆) ဗဟူဟိ သောဏ္ဏကူဋေဟိ၊ ဂုဟာထူပေဟိ မဏ္ဍိတံ။
ကူဋာဂါရဝိဟာရေဟိ၊ တထာ ဟေမဂုဟာယ စ။

(၇) စိတြဒွါရေဟိ သံယုတ္တံ၊ ဒဠပါကာရကေန စ။
ဇမ္ဗုဒီပါဒုတိယေန၊ ပါသာဒေန ဝိရာဇိတံ။

(၈) ထိရပါကာရကပ္ပေဟိ၊ ဂီရိဟိ ပရိဝါရိတံ။
ဒွိပါကာရသမာနမ္ပိ၊ သုဂုတ္တံ ဓမ္မရက္ခိတံ။

---

၁။ ရိမဒ္ဒနန္တိ စ ဝိဿုတံ။ (မူကွဲ) ၂။ သတ္တုနံ ဘာသကာရကံ။ (မူကွဲ)
၃။ သဂ္ဂတော ပတိတံ ဝါပိ၊ ဘောဂဿ ပါရဂုတ္တကော။ (မူကွဲ)
၄။ သဒ္ဓမ္မဿဝနာတိတ္ထံ။ (မူကွဲ)

(၉) နန္ဒာသု မဓုရောဒါယ၊ ဝိပုလာယ သမာယုတံ။
ပဟာသာယ သုတိတ္ထာယ–[၃]ပဟူတနရနာရိယာ။

(၁၀) ဩဇဝန္တေဟိ ဂါမေဟိ၊ တထာ ဇနပဒေဟိ စ။
နိဂမေဟိ စ ရဋ္ဌေဟိ၊ ဝိပုလေဟိ စ သံယုတံ။

(၁၁) ခေတ္တတော ဝတ္ထုတော စေဝ၊ နဒီတော စ တဋာကတော။
ဥယျာနတော စ လဋ္ဌေဟိ၊ ရမ္မုပ္ပါဒေဟိ ကာမဒံ။

(၁၂) အကဏ္ဋကံ အဂဟနံ၊ နာနာရာမောပသောဘိတံ။
သီရိသမ္ပိဏ္ဍိတဋ္ဌာနံ၊ သမိဒ္ဓံ ပုဋ္ဌဘောဒနံ။

(၁၃) ပဘာဝံ တေဇဝန္တာနံ၊ ဓမ္မရာဇာဓိရာဇူနံ။
ဓိရာနံ ဥဂ္ဂတေဇာနံ၊ သုခုမတ္တဝိဘာဝိနံ။

(၁၄) သီရိဘူဝနာဒိတျဿ၊[၄] ဓမ္မရာဇဿ ပုညတော။
ဇာတေဟိ သေတဟတ္ထီဟိ၊ စရိတံ ပရမံ ပုရံ။

(၁၅) အစေတနာ သမာနာပိ၊ နာဝါ တေဇဝတီ ယတီ။[၅]
တထေဝ ဘေရိယော စေဝ၊ ဘိသင္ခဿ သပတ္တိနံ။

(၁၆) ဟတ္ထိအဿာဒယော တတ္ထ၊[၆] အပိစာနေက ကောဋိယော။
အနုသံဝစ္ဆရဉ္စေဝ၊ ဝစ္ဆရေ သန္နိပါတနာ။

(၁၇) ပစ္စန္တိမေသု စ ဒေသေသု၊ တဿ ဝိဇိတ္တိ သဗ္ဗထာ။
ဒိဗ္ဗောသဓသမာကိဏ္ဏာ၊ ရတနာနဉ္စ အာဓာရံ။

(၁၈) အရိမဒ္ဒနသဝှါတံ၊ ပုဏ္ဏကာမပုရံ ဣဒံ။
အဘေဇ္ဇံ ဓမ္မဂုတ္တတ္တာ၊ ရိပူဟိ သကလေဟိပိ။

(၁၉) တဒဇ္ဈာဝသတိန္ဒောဝ၊ သဗ္ဗကာမသမပ္ပိတော။
ယော သီရိဘဝနာဒိတျာ–ဓမ္မရာဇာ မဟာဗ္ဗလော။

(၂၀) သူရော ဝီရော မဟာပညော၊ မဟာတေဇော မဟာပညော။
သဒ္ဓါဘာဂီ စ သံဃသော၊[၁] စတုပစ္စယဒါယကော။

(၂၁) ယဿ တေဇာဘိတာပေန၊ မိလာယန္တိ အသေသတော။
ဘူတလေ ပတိရာဇူနံ၊ ဥဂ္ဂတမာနပလ္လဝါ။

(၂၂) တဿ ပုတ္တော မဟာပညော၊ သိင်္ခဝိဇယနာမကော။[၂]
သူရော ကေသရသီဟောဝ၊ တေဇဿီ ဒုရတိက္ကမော။

(၂၃) သဒါ သဒ္ဓါယံ ဒက္ခာယ၊ သူတော ဒက္ခိဏာဒေဝိယာ။
ပိတရံ အနုသိက္ခန္တော၊ သမဂ္ဂဏှာတိ သာသနံ။

(၂၄) သမာနအသမာနဿ၊ သတ္တု နိဗ္ဗာနတော ပဋ္ဌာ။
သဟဿေ စ သတ္တသတေ၊ သတ္တတာလီသ ဥတ္တရေ။

(၂၅) တသ္မိံ ဒေသမှိ လောကာနံ၊ ပညတ္တသကရာဇတော။
ပဥ္စဝဿသတေ ယာတေ၊ ပဥ္စသဋ္ဌိ မဟာယနေ။

(၂၆) ဝဿာနံ သညိတေ ကာလေ၊ မာဃသံဝစ္ဆရေ ဂတေ။
သဝဏာဝှယမာသဿ၊ ဇုဏှေ တေရသမေ ဒိနေ။

(၂၇) ပုဗ္ဗာသဠ္ဌေ စ နက္ခတ္တေ၊ ဝါသရေ ဗုဓသညိတေ။
ကန္យာလဂ္ဂေ ဝတ္တမာနေ၊ ဆဋ္ဌာယံ နာဠိယံပိ စ။[၃]

(၂၈) သသိင်္ခဝိဇယော တော၊ သာသနဿောပကာရကံ။
အတ္တရတနမဋ္ဌျသံ၊ ပေါတ္ထကံ သုလိခါပယိ။

---

၁။ သဒ္ဓါ သာဂီယဝံသဿ (ကဗျတ္တစနိကာကျမ်း)
၂။ သိင်္ခဝိဇယနာမကော။ (မူကွဲ)
၃။ သဋ္ဌာယံ (ပေမူ) ပဋ္ဌာယံ (ကဗျတ္တစနိကာကျမ်း)

(၂၉) သုဝေပုလ္လကရုဏာယ၊ အနန္တဉာဏာသာမိကော။
အရိယဝိမလံ ဓမ္မံ၊ ဒေသေန္တော မုနိမုတ္တမော။

(၃၀) သုရနုရဇနေတာယ၊ အဒါသီ ရသဝိမုတ္တိ။
ဘဝထ သုပ္ပဋိပန္နာ၊ တေသသ သာသနေ တုမှေဟိ။[၁]

(၁) ပုရာနံ၊ အတိုင်းတိုင်း အပြည်ပြည်တို့ထက်။ ပရမံ ပုရံ၊ အမြတ်ခေါင်တည် ပြည်ဖြစ်သော။ ရမ္မံ၊ နှလုံးမွေ့လျော် ပျော်ရွှင်စရာ သာယာစွာထသော။ ယံ ပုရံ၊ ဓမ္မရာဇ်မင်းတို့ မှီတင်းစံပျော် အကြင်နန်းမြို့တော်သည်။ ဝါ၊ ဓမ္မရာဇာ မင်းများစွာတို့ ချမ်းသာရွှင်ကြည် အကြင်ပြည်သည်။ သမ္ပုဏ္ဏဝတ္တုကာမတ္တာ၊ လယ်ယာမိုးမြေ ဆန်ရေစပါး ဝတ္ထုကာမများတို့၏ ပေါမျှားပြည့်စုံ ကုံလုံသည်၏အဖြစ်ကြောင့်။ ပုဏ္ဏကာမပုရန္တိ စ၊ ပုဏ္ဏကာမမည် ဘွဲ့ထူးချီသော ပြည်မြတ်ဟူ၍လည်း။ ဝိဿုတံ၊ ကမ္ဘာတလွှား ထင်ရှားခဲ့လေ၏။

ဤဂါထာဖြင့် ပေါင်ဒလောင်အရှင်ကဿပသည် ပုဂံပြည်၏ ''ပုဏ္ဏကာမ''မည်ကြောင်း ဖွဲ့ဆိုတော်မူသည်၊ ပုဂံပြည်ကား ပြည်တကာတွင် အမြတ်ခေါင်များ အမြတ်ဆုံးပြည်ဖြစ်၏၊ လယ်ယာ

---

၁။ ၂၉၊ ၃၀–ဂါထာများမှာ ပေမူနှင့် ကဗျတ္တစနိကာကျမ်း မူအတိုင်းဆိုလျှင် အနက်ပေးလို့မဖြစ်ပါ၊ သို့ဖြစ်၍ အနက်ပေးဖြစ်အောင် ပြင်လိုက်ပါသည်။ သို့ရာတွင် မူမပျောက်အောင် ၎င်းမူများကိုလည်း အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

သုဝိပုလ္လကရုဏာယ၊ နန္ဒရာမာတိ သာရိယော။
ကရိသ ဝိမလံ ဓမ္မံ၊ ဒေသယန္တော မုနိနော။
သုရနုရဇနေတာယ၊ ဒါသိယာရပ်မုတ္တိ။
ဘဝတု သပဋိပန္နာ၊ သာသနေ တဿ တုမှေဟိ။
(ကဗျတ္တစနိကာကျမ်း။ ၂။ ၄၈။)

သုဝိပုလကဂ္ဂဏာယ–နန္တရာမငဒိဒံ ယော။
အရိယဝိမလဓမ္မံ၊ ဒေသယန္တော သုရိန္ဒော။
သုရနုရဇနကာယာ၊ ဒါသိယန္တိ ဝိမုတ္တံ။
ဘဝထ သုပတိဓာနာ၊ ကမ္ပနေ တဿ တုမှေဟိ။ (ပေမူ)

မိုးမြေ ဆန်ရေစပါး ရတနာခုနစ်ပါးမှ စ၍ ပေါများပြည့်စုံ ကုံလုံသော ဝတ္ထုကာမရှိသည့်အတွက် ''ပုဏ္ဏကာမ''မည်ကြောင်း ဆိုလေသည်။

သဗ္ဗဒါ သဗ္ဗူပကရဏံ၊ သာဝတ္ထိယံ သမောဟိတံ။
တသ္မာ သဗ္ဗမုပါဒါယ၊ သာဝတ္ထီတိ ပဝုစ္စတိ။

ကောသလာနံ ပုရံ ရမ္မံ၊ ဒဿနေယျံ မနောရမံ။
ဒသဟိ သဒ္ဒေဟိ အဝိဝိတ္တံ၊ အန္နပါနသမာယုတံ။

ဝုဒ္ဓိံ ဝေပုလ္လတံ ပတ္တံ၊ ဣဒ္ဓံ ဖီတံ မနောရမံ။
အဠကမန္ဒာဝ ဒေဝါနံ၊ သာဝတ္ထိပုရမုတ္တမံ။[၁]

ဟုကျမ်းပြုလိမ္မာ အရှင်မဟာဗုဒ္ဓဃောသထေရ် သာဝတ္ထိပြည် ဖွဲ့ဆိုသကဲ့သို့တည်း။

(၂) တု၊ ပုဏ္ဏကာမမည်ပုံမှတပါး အရိမဒ္ဒနမည်ပုံကို ဆိုဦးအံ့။ အရိမဒ္ဒနသီလိနံ၊ ဆန့်ကျင်ဘက်ဟူ ရန်သူအများကို ထွားထွားညက်ညက်ချေဖျက်တိုက်ခိုက် နှိမ်နင်းလေ့ရှိကုန်သော။ သူရဝီရနရိန္ဒာနံ၊ ရဲစွမ်းဗလ သူရသတ္တိ စွမ်းရည်လုံ့လရှိကုန်သော မင်းရောဇ်အပေါင်းတို့၏။ နိဝါသနဋ္ဌာနတာယ၊ အောင်လံလွှင့်ထူ နန်းစံတော်မူရာဋ္ဌာန၏အဖြစ်ကြောင့်လည်း။ အရိမဒ္ဒနန္တိ၊ အရိမဒ္ဒနနန်းမြို့တော်ဟူ၍လည်း။ ဝိသုတံ၊ တိုင်းပြည်သမိုင်းတွင် ထင်ရှားလှပါပေ၏။

ဤဂါထာဖြင့် ပုဂံပြည်၏ ''အရိမဒ္ဒန''ဟူ၍ ကျော်ကြားထင်ရှားကြောင်း ပြဆိုသည်၊ အရိမဒ္ဒန–ဟူသောအမည်ကား ပေါင်လောင် အရှင်ကဿပဆိုသလို တကယ်ပင် ကမ္ဘာသိထင်ရှားသောနာမည်ဖြစ်ပါသည်၊ သီဟိုဠ်သာသနာဝင် ရာဇဝင်ပြု မဟာဝံသကျမ်းကြီး၌ အရိမဒ္ဒနဟူသောအမည်ကို တော်တော်များများတွေ့ရသေး၏။

---

၁။ မ၊ ဋ္ဌ၊ ၁။ ၆၂။

ကလ္ယာမစ္စေ သမာဟူယ၊ "အရိမဒ္ဒနရာဇိနော။
ဂဟာနံ မာရဏံ ဝါ သုံ၊ ဝိဓေယျာမိ"တိ ဘာသိ သော။[၁]

သယံ မာဂဓဘာသာယ၊ ကတွာ သန္ဒေသမုတ္တမံ။
ပေသေတွာန နရိန္ဒဿ၊ အရိမဒ္ဒနဝါသိနော။[၂]

လံကာရိမဒ္ဒနေ ဒေသေ၊ ဘိက္ခူနံ ပီတိဝဍ္ဎနံ။
သမ္ဗုဒ္ဓသာသနံ သမ္မာ၊ ဇောတယိတ္ထ မဟာယသော။[၃]

(၃) တံ နာမသုတိမတ္တေန၊ ထိုပုဏ္ဏာဂါမ-ဟူသောအမည်သညာ, အရိမဒ္ဒန-ဟူသောအမည်သညာကို ကြားရုံမျှဖြင့်။ တံ နဂရံ၊ လူ, ရဟန်း, ရှင်တို့ ရွှင်ပျော်သည့် ထိုမြို့ကို။ (ဝေံ၊ ဤသို့။ ဝါ၊ ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ ဥေယျံ၊ အကျယ်ဝိတ္ထာရဖြင့် သိအပ်၏။) တံ နဂရံ၊ မင်းကေရာဇ်များစွာတို့ ထိန်းနန်းစိုက်ရာ ထိုပုဂံမြို့သည်။ သတ္တူနံ၊ ဆန့်ကျင်ဘက်ပြုလို ရန်သူမင်းတို့ကို။ တြာသကာရကံ၊ နှိပ်စက်တားမြစ် တိုက်ဖျက်ကာကွယ်ခြင်းကိုပြုနိုင်၏။ နိဗ္ဘယံ၊ အန္တရာယ်ဟူ ရန်စွယ်အလေး ဘေးကင်းရာလည်းဖြစ်၏။ သသတံ၊ အမြဲနိစ္စ ထာဝရ။ ခေမံ၊ ဘေးရန်ဥဿုံ ကုန်ရာဖြစ်၏။ ဝတ္ထာလင်္ကာရဖုလ္လိတံ၊ လူတို့အတွက် အဝတ်တန်ဆာအမျိုးမျိုးတို့၏ စုပုံရာလည်းဖြစ်၏။ (သဗ္ဗကာမေဟိ၊ အလိုရှိသမျှ ပစ္စည်းတို့နှင့်။ ဥပေတံ၊ ပြည့်စုံကုံလုံရာဖြစ်၏။)

(၄) တမေဝ နဂရံ၊ ထိုပေါက္ကံ-ဟုခေါ် နန်းမြို့တော်ကိုသာလျှင်။ ဘောဂသာရကရုတ္တမော၊ သုံးဆောင်ဖွယ်ရာ စည်းစိမ်ဥစ္စာတည်းဟူသော မြတ်သောအခွန်အတုတ်တို့၏ စုဝေးရာ၏အဖြစ်ကြောင့်။ သဂ္ဂတော၊ နတ်တို့စံမှီ ထက်နတ်ပြည်မှ။ ပတိတံဝ၊ ကျရောက်လာသကဲ့သို့။ သဗ္ဗကာမေဟိ၊ လိုရာဥဿုံ အလုံးစုံတို့နှင့်။ ဥပါဂတံ၊ ပြည့်စုံ၏ဟူ၍လည်း။ ဥေယျံ၊ ကောန်တိတိ သိအပ်၏။

---

၁။ မဟာဝံသ၊ ၇၄။ ၃၈။ ၂။ မဟာဝံသ၊ ၇၈။ ၆။
၃။ မဟာဝံသ၊ ၇၈။ ၈။

အရှင်ပေါင်လောင်ကဿပသည် ဤ (၁၊ ၄)နံပါတ်ဂါထာတို့ဖြင့် ပုဂံမြို့ကို အတိဝုတ္တဒေါသသင့်အောင်ပင် လွန်လွန်မင်းမင်း ချီးမြှောက်ဖွဲ့ဆိုခဲ့လေသည်။

(၅) တံ နဂရံ၊ မင်းမင်းပျော်စံ မြို့ပုဂံသည်။ (ထည့်)။ ကာသာဝဝရ ပဇ္ဇောတံ၊ ဘုရားသားကျော် သံဃာတော်အရှင်မြတ်တို့ဆင်မြန်း သင်္ကန်းမြတ်ရောင်တို့၏ ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းတောက်ပရာလည်း ဖြစ်၏။ ပုညကမ္မိနံ၊ ပုဉ်းကံရှိသူ လူအပေါင်းတို့၏။ (ပုဉ်းရှင်ကံရှင် သမ္ဘာရှင်တို့၏) အာဝါသံ၊ ဒါန, သီလ, ဘာဝနာ စုစု ကောင်းမှုပြုကာ နေရာမွန်လည်း ဖြစ်ပေ၏။ သဒ္ဓမ္မဿဝနော တိဏ္ဏာမပဟာဇနသမာကုလံ၊ သူတော်တရား နာကြားအံ့ငှာ သက်ဆင်းရောက်ရှိလာသော များစွာသော လူမျိုးတို့ဖြင့် ရောပွမ်းလည်း ရောပွမ်း၏။

ဤ (၅)နံပါတ်ဂါထာဖြင့် ပုဂံမြို့တော်၌ ရဟန်းသံဃာတော်တို့ ရာ, ထောင် များစွာရှိခဲ့ကြောင်း၊ ကုသိုလ်ကောင်းမှုပြုသူတို့ ထိုထိုဒေသမှ တရားနာရေး စုဝေးရောက်ရှိလာကြသောလူတို့ များစွာရှိကြောင်း ဖွဲ့ဆိုလေသည်။

(၆) တံ နဂရံ၊ မင်းမင်းရာဇာ ပျော်ရွှင်ရာဖြစ်သော ထိုမြို့ပုဂံကို။ ဗဟူဟိ သောဏ္ဏကူဋေဟိ၊ မြားမြောက်စွာလှ ရွှေအထွတ်တပ်ကုန်သော။ ဂုဟာထူပေဟိ စ၊ လိုဏ်ဂူတော်, ပုထိုးတော်တို့ဖြင့်လည်းကောင်း။ ကူဋာဂါရဝိဟာရေဟိ စ၊ စုလစ်မွန်းချွန် အထွတ်တင်အပ်သော တန်ဆောင်းရှိသောကျောင်းတို့ဖြင့်လည်းကောင်း။ တထာ၊ ထို့ပြင် တပါးကား။ ဟေမဂုဟာယစ၊ ရွှေပိန်းချထား လိုဏ်ဂူများဖြင့်လည်းကောင်း။ မဏ္ဍိတံ၊ လှပတင့်တယ် စမွယ်ယဉ်အောင် တန်ဆာဆင်မွမ်းမံအပ်၏။

ဤဂါထာဖြင့် ပုဂံမြို့၌ စေတီပုထိုး အမျိုးမျိုးတို့ ပေါများကြောင်း ဖွဲ့ဆိုလိုရင်း ဖြစ်၏။

(၇) တံ နဂရံ၊ သူတော်စင်တို့ ပျော်ရွှင်ပျို့သည် ထိုပုဂံနန်းမြို့တော်သည်။ စိတြဒ္ဒါရေဟိ စ၊ ဆန်းဆန်းကြယ်ကြယ် ဆေးရောင်ခြယ်

ထား တံခါးရွက်တို့ဖြင့်လည်း။ သံယုတ္တံ၊ ယှဉ်၏။ ဒွေပါကာရကေန စ၊ မြဲမြံခိုင်ကျည် တည်ဆောက်အပ်သောမြို့ရိုးတံတိုင်းဖြင့်လည်း ကောင်း။ ဇမ္ဗူဒီပါဒုတိယေန၊ ဇမ္ဗူဒိပ်မြေအပြင်၌ နှစ်ခုမရှိသော။ ဝါ၊ ဇမ္ဗူဒိပ်တွင် နှိုင်းခိုင်းစရာမမြင်သော။ ပါသာဒေန စ၊ နန်းတော်ပြာသာဒ်ဖြင့်လည်းကောင်း။ ဝိရာဇိတံ၊ လှပတင့်တယ်၏။

ဤ(၇)နံပါတ်ဂါထာဖြင့် နန်းမြို့တော်၏ ဆေးရောင်ခြယ်ထားသောတံခါးတို့ဖြင့် တင့်တယ်ပုံ၊ ခိုင်ခန့်သော မြို့ရိုးတံတိုင်းနှင့် ပြာသာဒ်ဖြင့် တင့်တယ်ပုံကို ဖွဲ့ဆိုလေသည်။

(၈) ထိရပါကာရကပ္ပေဟိ၊ မြဲမြံခိုင်ကျည် တည်ဆောက်အပ်သော မြို့ရိုးတံတိုင်းနှင့်တူကုန်သော။ ဂီရိဟိ၊ တောင်အသွယ်သွယ်တို့ဖြင့်။ ပရိဝါရိတံ၊ ခြံရံအပ်သည်။ ဟုတွာ၊ ဖြစ်၍။ ဒွိပါကာရသမာနမ္ဗိ၊ တံတိုင်းနှစ်ထပ် ကာရံအပ်သည်နှင့်တူစွာ။ သုဂုတ္တံ၊ လွန်စွာလုံခြုံ၏။ ဓမ္မရက္ခိတံ၊ သဘာဝအားဖြင့် အစောင့်အရှောက်အကာအကွယ် ဖြစ်၍နေ၏။

ဤ(၈)နံပါတ်ဂါထာဖြင့် သဘာဝအားဖြင့် တင့်တယ်ပုံ, လုံခြုံပုံကို ဖွဲ့ဆိုသည်။

(၉) နဇ္ဇာသု၊ မြရည်လိုလို စိမ်းညိုသောရေတို့ဖြင့် ပြည့်လျှမ်းသည့် ဧရာဝတီမြစ်ကမ်းတလျှောက်တို့၌။ ပဟူတနရနာရိယာ၊ သချၤာချင့်ထောက် မြားမြောက်စွာသော လူပျိုကာလသား, မိန်းမပျိုများ၏။ ပဟာသာယ၊ အားရရွှင်လမ်း ဝမ်းသာစရာ ပျော်ရွှင်ရာဖြစ်သော။ မဓုရောဒါယ၊ ချိုအေးသောအရသာရှိသော ရေရှိသော။ ဝိပုလာယ၊ပြန့်ပြောကျယ်ဝန်းသော။ သုတိတ္ထာယ၊ သာယာဘိတောင်း ကောင်းသောရေဆိပ်နှင့်။ သမာယုတံ၊ ကောင်းစွာယှဉ်၏။ – ဤဂါထာဖြင့် ပုဂံမြို့ရှိ ဧရာဝတီမြစ်ဆိပ်ကို ဖွဲ့ဆိုသည်။

(၁၀) ဩဇဝန္တေဟိ၊ မြေဆီမြေလွှာ မြေဩဇာရှိကုန်သော။ ဝိပုလေဟိ၊ ပြန့်ပြောကုန်သော။ ဂါမေဟိ စ၊ ရွာကြီးရွာငယ် အသွယ်သွယ်တို့ဖြင့်လည်းကောင်း။ တထာ၊ ထိုမှတပါး။ ဇနပဒေဟိ စ၊ ဇနပုဒ်ကြီးငယ် အသွယ်သွယ်တို့ဖြင့်လည်းကောင်း။ နိဂမေဟိ စ၊ နိဂုံး

ကြီးငယ် အသွယ်သွယ်တို့ဖြင့်လည်းကောင်း။ သံယုတ္တံ၊ ယှဉ်၏။
ဤဂါထာဖြင့် မိုးလေဝသမှန်သဖြင့် ဆန်ရေစပါး ပေါများသော ရွာ, နိဂုံး, ဇနပုဒ်, တိုင်းတို့ရှိကြောင်း ဖွဲ့ဆိုသည်။

(၁၁) ခေတ္တတော စ၊ လယ်များမှလည်းကောင်း။ ဝတ္ထုတော စေဝ၊ ယာများမှလည်းကောင်း။ နဒီတော စ၊ မြစ်ချောင်းများမှလည်းကောင်း။ တဠာကတော စ၊ ရေကန် အင်းအိုင်များမှလည်းကောင်း။ ဥယျာနတော စ၊ ဥယျာဉ် ခြံမြေများမှလည်းကောင်း။ လဒ္ဓေဟိ၊ ရအပ်ကုန်သော။ ရဋ္ဌုပ္ပါဒေဟိ၊ နိုင်ငံတွင်းဖြစ် အခွန်တော်တို့ဖြင့်။ ကာမဒံ၊ လိုရာဥဿုံ အလုံးစုံပေးနိုင်၏။

(၁၂) အကဏ္ဍကံ၊ ပကတိသော ဆူးငြောင့်ခလုတ်မရှိ။ ဝါ၊ ခိုးသူတည်းဟူသော ဆူးငြောင့်မရှိ။ အဂဟနံ၊ တောရှုပ်မရှိ။ ဝါ၊ ဒါးပြတည်းဟူသော ရန်အရှုပ်အထွေးမရှိ။ နာနာရာမောပသောဘိတံ၊ အထူးထူး အမျိုးမျိုးသော အာရာမ်, ဥယျာဉ်တို့ဖြင့်တင့်တယ်၏။ သီရိသမ္ပိဏ္ဍိတဋ္ဌာနံ၊ ကျက်သရေအမျိုးမျိုးတို့၏ စုဝေးပေါင်းဆုံရာဌာနဖြစ်၏။ သမိဒ္ဓံ၊ ဥစ္စာထုပ်ကို ဖြေရာဌာနမွန်ဖြစ်၏။
ဤ(၁၁၊ ၁၂)ဂါထာတို့ဖြင့် လယ်ခွန်, ယာခွန်, မြစ်ချောင်းခွန်, အင်းအိုင်ခွန်, ဥယျာဉ်ခြံမြေခွန် အခွန်တော်တို့ များစွာရရှိကြောင်း၊ ဆူးငြောင့်ခလုတ်, တောရှုပ်တောထွေး (သူခိုး၊ ဒါးပြ) မရှိကြောင်း။ မြို့တွင်း မြို့ပြင်တို့၌ ဥယျာဉ်ပန်းမာလ်တို့ဖြင့် တင့်တယ်ပုံ-စသည်ကို ဖွဲ့ဆိုလေသည်။ ဤတိုင်အောင် "ပုဏ္ဏကာမ"မည်ကြောင်းကို အကျယ်ပြဆိုလေသည်။ အရိမဒ္ဒန-မည်ကြောင်း အကျယ်ပြလို၍ "ပဘာဝ တေဇဝန္တာနံ"စသော ဂါထာများကို မိန့်ဆိုပြန်သည်။

(၁၃) နဂရံ၊ ကျက်သရေပြည့်လျှမ်း ပုဂံနန်းမြို့တော်သည်။ တေဇဝန္တာနံ၊ အာနုဘော်စွမ်းရည်သတ္တိရှိကြကုန်သော။ မီရာနံ၊ ရာဇသတ်, ဓမ္မသတ်တို့၌ ဆောင်မှတ်နိုင်သော ပညာရှိကြကုန်သော။ ဥဂ္ဂတေဇာနံ၊ ထွန်းတောက်လျှံတက်သော တန်ခိုးရှိကြကုန်သော။ သုခုမတ္ထဝိဘာဝိနံ၊ သိမ်မွေ့သောသဘောရှိပုံကို ထင်လင်းစွာ

ပြတတ်ကုန်သော။ ဓမ္မရာဇာဓိရာဇ်နှင့်၊ လွန်စွာတင့်တယ်သော ဓမ္မရာဇ်မင်းတို့၏။ ပဘာဝံ၊ အပြားအားဖြင့်ကြီးပွားရာ ဘူမိနက်သံ အောင်မြေမှန်သော မြို့တော်ဖြစ်၏။

(၁၄) ပုရံ၊ ပုဂံမြို့တော်သည်။ ပုညတော–ပုညဝတော၊ ပုဉ်းကံကြီးမား တော်မူသော။ သီရိဘူဝနာဒိတျသ၊ "သီရိဘူဝနာဒိတျာပဝရ ပဏ္ဍိတဓမ္မရာဇာ"ဟူသောဘွဲ့အမည်ရှိသော။ ဓမ္မရာဇဿ၊ တရားမင်းဖြစ်တော်မူသော "နရပတိစည်သူမင်းကြီး"၏။ ဇာတေ ဟိ သေတဟတ္ထိဟိ၊ ဆင်ဖြူတော်တို့ဖြင့်။ စရိတံ၊ လှည့်လည် ရာဖြစ်သော။ ပရမံ၊ မြို့တကာတို့ထက် မြတ်သော။ ပုရံ၊ မြို့ တော်လည်းဖြစ်၏။

(၁၃)ဂါထာဖြင့် ပုဂံပြည်၏ ပုဉ်းရှင်ကံရှင်သမ္မာရှင်မင်းတို့၏ ကြီးပွားရာ တန်ခိုးထွန်းတောက်ရာ ဘူမိနက်သန်အောင်မြေမှန် ကြောင်း ပြဆိုလေသည်။

(၁၄)ဂါထာဖြင့် မထေရ်မြတ်သည် မိမိ၏ဒကာတော်မင်းမြတ် ဖြစ်သော "နရပတိစည်သူမင်းကြီး"၏ ဆင်ဖြူတော်တို့ဖြင့် လှည့် လည်ရာဖြစ်ကြောင်းကိုလည်း ဖွဲ့ဆိုတော်မူလေသည်။

(၁၅) တေဇဝတီ၊ တန်ခိုးရှိထသော။ နာဝါ၊ လှေသည်။ အ စေတနာ၊ စိတ်မရှိသည်။ ဝါ၊ စိတ်မရှိသော အဝိညာဏကဝတ္ထုသည်။ သမာနာပိ၊ ဖြစ်ပါသော်လည်း။ ယတိ ယထာ – ယာတိ ယထာ၊ လိုရာဆိပ်ကမ်းကပ်ရောက်နိုင်သကဲ့သို့။ တထေဝ၊ ထိုအတူသာ လျှင်။ သပတ္တိနံ၊ ရန်သူမင်းတို့ကို။ အဘိသဋ္ဌာ၊ ကြောက်လန့် စေတတ်ကုန်သော။ ဘေရိယော စေဝ၊ စည်ကြီးတို့သည်လည်း။ အသျ၊ ဖြစ်ကုန်၏ (ရှိကုန်၏)။

မလှော်မခတ်ပဲ လိုရာသွားနိုင်သော လှေကြီးများ၊ ရန်သူတို့ ကြောက်လန့်၍ ပြေးစေတတ်သော တိုက်စည်ကြီးများတွေလည်း ပုဂံပြည်မှာရှိကုန်၏–ဟု ဆိုလိုသည်။

(၁၆) အပိစ၊ ထိုမှတပါးကား။ တတ္ထ၊ ထိုပုဂံတွင်ခေါ် နေပြည်တော်သို့၊ အနေကကောဋိယော၊ ကုဋေကုဋာ များစွာကုန်သော။ ဟတ္ထိ

အသာဒယော၊ ဆင်, မြင်း အစရှိကုန်သော မင်းသုံးသတ္တဝါတို့သည်။ ဝစ္စရေ၊ နှစ်စဉ်နှစ်တိုင်း။ အနုသံဝစ္ဆရညေဝ၊ နှစ်စဉ်နှစ်တိုင်းသာလျှင်။ သန္နိပါတနာ၊ ရောက်ရှိစုဝေးလာကုန်၏။

ထိုထိုမြို့ရွာတို့မှ နှစ်စဉ်နှစ်တိုင်း ဆင်မြင်းစသည့်သတ္တဝါများကို လာရောက်ဆက်သလာကြကြောင်း ဖော်ပြခဲ့လေသည်။

(၁၇) တဿ၊ ထို (မဏိစည်သူ)မင်းတရား၏။ ပစ္စန္တိမေသု၊ အစွန်အဖျားအနားကျကုန်သော။ ဒေသေသု စ၊ အရပ်တို့၌လည်း။ ဒိဗ္ဗောသဓသမာကိဏ္ဏာ၊ နတ်ဆေးတို့ဖြင့် ကောင်းစွာရောပြွမ်းကုန်သော ဝတ္ထုပစ္စည်းတို့သည်လည်း။ သဗ္ဗထာ၊ အခါခပ်သိမ်း။ ဝိဇ္ဇန္တိ၊ ရှိကုန်၏။ တဿ ရညော၊ ထို (မဏိစည်သူ)မင်းတရား၏။ ရဋ္ဌေ၊ တိုင်းနိုင်ငံသည်။ ရတနာနဥ္စ၊ ရတနာအမျိုးမျိုးတို့၏လည်း။ အာကရံ၊ တည်ရာဖြစ်၏။

နိုင်ငံတော်အတွင်း၌ အစွန်အဖျားမြို့ရွာတို့၌ အလိုအလျောက်ပေါက်ရောက်ကုန်သော ငြုပ်, ပိတ်ချင်း–အစရှိသော ဆေးပင်များလည်း ရှိကုန်၏၊ ၎င်းပြင် ရွှေတွင်း, ငွေတွင်း, ဘော်တွင်း, ပတ္တမြားတွင်း–စသည်တို့လည်း ရှိကုန်၏၊ ဖော်ပြပါ ဆေးပင်များနှင့် ရွှေငွေကျောက်သံပတ္တမြားစသည်တို့ကို ''ဒိဗ္ဗောသဓ''ဟု ဆိုလေသည်။

(၁၈) အရိမဒ္ဒနသဝှိတံ၊ ''အရိမဒ္ဒန''ဟု သမုတ်ပညတ်ခေါ်ဆိုအပ်သော။ ဣဒံ ပုဏ္ဏကာမပုရံ၊ ပုဏ္ဏကာမ–မည် ဤပုဂံပြည်ကို။ ဓမ္မဂုတ္တတ္တာ၊ မင်းကျင့်တရား မြတ်ဆယ်ပါးဖြင့် စောင့်ရှောက်အပ်သည်၏အဖြစ်ကြောင့်။ သကလေဟိပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ရိပူဟိ၊ ရန်သူတို့သည်။ အဘေဇ္ဇံ၊ မဖျက်ဆီးအပ်နိုင်။

အရိမဒ္ဒန–မည်သော ပုဂံပြည် (နေလူအပေါင်း)ကို မင်းများက မင်းကျင့်တရားဆယ်ပါးနှင့်အညီ ကျင့်ကြံစောင့်ရှောက်ထားသဖြင့် ဆန့်ကျင်ဖက်ရန်သူများ မလွှမ်းမိုးနိုင် မညှင်းဆဲနိုင်–ဟူလို။

(၁၉) မဟာဗ္ဗလော၊ များသောစစ်သည်ဗိုလ်ပါအားအစွမ်း တပ်မတော် ရှိသော။ ယော သီရိဘုဝနာဒိတျပဝရမ္မရာဇာ၊ ''သီရိဘုဝနာဒိတျ ပဝရပဏ္ဍိတဓမ္မရာဇာ''အမည်ရှိသော အကြင်မဏိစည်သူမင်း ကြီးသည်။ အတ္ထိ၊ ရှိ၏။ သော သီရိဘုဝနာဒိတျာဓမ္မရာဇာ၊ သည်။ ကုန္ဒော၀၊ နတ်တို့သနင်း သိကြားမင်းကဲ့သို့။ သဗ္ဗကာမ သမပ္ပိတော၊ အလုံးစုံသောဝတ္ထုကာမတို့သည် ခြံရံအပ်သည်ဖြစ် ၍။ တံ၊ ''အရိမဒ္ဒနာ''မည် ထိုပုဂံပြည်ကို။ အဇ္ဈာဝသိ၊ စိုးအုပ် သမှု ပိုင်းခြားပြု၍နေ၏။

(၂၀) သော သီရိဘုဝနာဒိတျဓမ္မရာဇာ၊ သည်။ သူရော၊ ရဲရင့်၏။ ဝီ ရော၊ ဝီရိယဖြင့် ရဲရင့်၏။ မဟာပညော၊ ကြီးမားသောပညာရှိ၏။ မဟာတေဇော၊ ကြီးမားသောစွမ်းရည်သတ္တိတန်ခိုးအာနုဘော် ရှိ၏။ မဟာယသော၊ များသောအခြံအရံရှိ၏။ သဒ္ဓေါ၊ ရတနာ သုံးတန် ကံကံ၏အကျိုး၌ သက်ဝင်ယုံကြည်၏။ ဘာဂီ၊ ဘုန်း ရှိ၏။ သံဃဿ၊ သံဃာတော်အား။ စတုပစ္စယဒါယကော၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး လေးပါးသောပစ္စည်းတို့ကို ပေးလှူ တော်မူတတ်၏။

(၁၉၊ ၂၀)ဂါထာတို့ဖြင့် မဏိစည်သူမင်းတရားကြီး၏ဂုဏ်ကို ဖွဲ့ဆိုလေသည်။ အဓိပ္ပါယ်သိသာ၏။

(၂၁) ယဿ ရညော၊ အကြင် (မဏိစည်သူ)မင်းတရား၏။ တေဇာဘိ တာပေန၊ လွန်စွာပြင်းထန်သောတန်ခိုးအာနုဘော်ဖြင့်။ ဘူတ လေ၊ မြန်မာ့တိုင်းခွင် မြေအပြင်၌။ ပတိရာဇူနံ၊ ဆန့်ကျင်ဖက် မင်းတို့၏။ ဥဂ္ဂတမာနပလ္လဝါ၊ ထောင်လွှားတက်ကြွကုန်သော မာနအညွန့်တို့သည်။ အသေသတော၊ အကြွင်းအကျန်မရှိသော အားဖြင့်။ မိလာယန္တိ၊ ညှိုးနွမ်းကုန်၏။

မဏိစည်သူမင်း၏ အာနုဘော်စွမ်းရည်ကြောင့် ဆန့်ကျင် ဘက် ရန်သူမင်းတို့ မာနကျ ရန်စွယ်ကျိုးကြကုန်၏၊ မင်းထံ လာရောက် ခယမ်းကျိုးနွံကြကုန်၏။

(၂၂) တသာ ရညော၊ ထိုမင်း၏။ ပုတ္တော၊ ရင်၌ကြီးပွား သားတော် သည့်ကား။ သိခ်ဝိဇယနာမကော၊ သိခ်ဝိဇယအမည်တွင်၏။ မဟာပညော၊ ကြီးမားသောပညာရှိ၏။ ကေသရသီဟောဝ၊ ခြင်္သေ့မင်းကဲ့သို့။ သူရော၊ ရဲရင့်၏။ တေဇသီ၊ တန်ခိုးအာဏာ ပါဝါရှိ၏။ ဒုရတိက္ကမော၊ လွန်နိုင်ခဲ၏။

(၂၃) သဒါ၊ အခါခပ်သိမ်း။ ဒက္ခာယ၊ လိမ္မာသော။ သဒ္ဓါယ၊ ရတနာ သုံးတန် ကံကံ၏အကျိုး၌ ယုံကြည်သော။ ဒက္ခိဏာဒေဝိယာ၊ တောင်ညာတင်ထား မိဖုရား၏။ သုတော၊ သားတော်ဖြစ်၏။ ပိတရံ၊ ခမည်းတော် ''မဏိစည်သူမင်း''တရားသို့။ အနုသိက္ခန္တော၊ အစဉ်လိုက်ကာ ကျင့်လျက်။ သာသနံ၊ ဘုရားမြတ်စွာ သာသနာတော်ကို။ သမ္ပဂ္ဂဏှာတိ၊ ကောင်းစွာချီးမြှောက်၏။

(၂၄) သမာန အသမာနသာ၊ နောင်တော်ဘုရားရှင်တို့နှင့်သာတူ၍ အခြားသူနှင့် တူတော်မမူသော။ သတ္ထု၊ မြတ်စွာဘုရား၏။ နိဗ္ဗာန တော၊ ရွှေပြည်နိဗ္ဗာန် ဝင်စံတော်မူရာနှစ်မှ။ ပစ္ဆာ၊ နောက်၌။ သတ္တတာလီသဉတ္တရေ၊ လေးဆဲ့ခုနစ်နှစ်အလွန်ရှိသော။ သဟဿေ၊ တစ်ထောင်သည်လည်းကောင်း။ သတ္တသတေ၊ ခုနစ်ရာ သည့်လည်းကောင်း။ သမ္ပတ္တေ၊ ရောက်လတ်သည်ရှိသော်။ (ထည့်)

(၂၅) တသ္မိံ ဒေသမှိ၊ ငါတို့ပျော်စံ ဤမြန်မာနိုင်ငံတော်၌။ လောကာနံ၊ လူအပေါင်းတို့၏။ ပညတ္တသကရာဇတော၊ ခေါ်ဆိုပညတ် မှတ်သားအပ်သော သက္ကရာဇ်အားဖြင့်။ ပဥ္စသဋ္ဌိမဟာယနေ၊ ၆၅– နှစ်မြောက်သော နှစ်ဟုဆိုအပ်သော။ ပဥ္စဝဿသတေ၊ အနှစ် ငါးရာသည်။ ယာတေ၊ ရောက်လတ်သည်ရှိသော်။

သာသနာသက္ကရာဇ် ၁၇၄၇၊ ကောဇာသက္ကရာဇ် ၅၆၅–ခု နှစ် ရောက်ရာအခါ၌–ဟု ဆိုလို၏။

(၂၆) ဝဿာနံ၊ နှစ်တို့၏။ သညိတကာလေ၊ အမည်သညာဖြင့် သတ် မှတ်အပ်သော အခါဖြစ်သော။ မာဃသံဝစ္ဆရေ၊ မာဃနှစ်သည်။ ဂတေ၊ ရောက်သည်ရှိသော်။ သာဝဏာဝှယမာသဿ၊ သရဝဏ်

## ကျမ်းဂန်ပြုစုခြင်း

အရှင်ဂုဏသာဂရသည် –

၁။ မုခမတ္တသာရကျမ်း

၂။ မုခမတ္တသာရဋီကာကျမ်း–စသည်တို့ကိုလည်း ပြုစုတော်မူခဲ့သည်၊ ယင်းကျမ်းများအနက် မုခမတ္တသာရကျမ်းမှာ မုခမတ္တဒီပနီမည်သော အရှင်ဝဇိရဗုဒ္ဓိထေရ်၏ န္យာသကျမ်းကြီး၌ သန္ဓိအစ ဥဏာဒ်အဆုံးရှိသော စုဏ္ဏိယများကို ဂါထာဗန္ဓဖွဲ့၍ ရေးသားခဲ့လေသည်၊ ဂါထာအရေးအသား နိုင်နင်းလှ၏။

### အရှင်ဂုဏသာဂရ၏ ဂါထာများ

ပုထသုဗျဉ္ဇနေတျေတ္ထ၊ အန္တသဒ္ဒဂ္ဂဟဏေန စ။
မနုညံ့ တျေတ္ထဥကာရော၊ ဟောတိ လောပေါ သရဿ စ။[၁]

သခတော ဂဿေဝါတိ စ၊ ဝါသဒ္ဒေန သမုစ္စယေ။
တတ္ထေ က္ကသေ ဝနပ္ပဂုမ္ဗေ၊ တျာဒေါ တ္တံ ကစ္စာယနော။[၂]

ဃတေစာတိ စ သဒ္ဒေန၊ ပတော စေတ္တံ သမုစ္စယေ။
တေန သိဒ္ဓံ ရာဇမိတော၊ သေဋ္ဌမိတေတိအာဒိတော။

စသည်တို့ကား အရှင်ဂုဏသာဂရ၏ ဂါထာဟန်တည်း။ ၎င်းကျမ်းတို့ကား ပုံမနှိပ်ရသေးပဲ ရှိနေ၏။

ဂုဏသာဂရထေရောဟိ၊ ဂုဏေန သာဂရူပမော။
ကတွာ သာသနကိစ္စာနိ၊ ပယာတော နိစ္စတာ ဝသံ။

### သဒ္ဓနီတိကျမ်းပြု တတိယအဂ္ဂပဏ္ဍိတမဟာထေရ် (အရှင်အဂ္ဂဝံသ)

တတိယအဂ္ဂပဏ္ဍိတမဟာထေရ်သည် အရှင်အဂ္ဂဝံသ–ဟု မြန်မာသီဟိုဠ်သာသနာသမိုင်းနှင့် ကမ္ဘောဇ်ပါဠိစာပေသမိုင်းတွင် ထင်ရှားခဲ့လေသည်။

---

၁။ ကစ္စာယနဝဏ္ဏနာ။ ၅၈။ ၂။ ကစ္စာယနဝဏ္ဏနာ။ ၁၂၂။

ထိုမြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်၌။ သုပ္ပဋိပန္နာ၊ ကောင်းစွာကျင့်ကြံသူတို့သည်။ ဘဝထ၊ ဖြစ်ကြပါကုန်လော့ ။

## ကျမ်းဂန်တတ် ကျမ်းပြုပုဂ္ဂိုလ်

ပေါင်လောင်အရှင်ကဿပမထေရ်မြတ်ကား ဝိနည်း, သုတ္တန် အဘိဓမ္မာ–ဟူသော ပိဋကတ်သုံးပုံနှင့် ဗျာကရဏ်ကျမ်း များစွာ တို့ကို ချဉ်းနင်းတတ်မြောက်သည့် ပုဂ္ဂိုလ်မြတ်ဖြစ်ကြောင်း မဟာဗောဓိ ဝင်ဋီကာစာသွားဖြင့်ပင် သိသာလေသည်။ နရပတိစည်သူမင်းလက် ထက် သားတော်ဇေယျသိခ်မင်းတို့၏လက်ထက်တွင် သာသနာပိုင် သဖွယ် ထူးသည့်ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။ ထိုစဉ် လူရှင်များတို့က ရဟန္တာတမျှ လေးစားကြကုန်၏။ ရဟန္တာဟုလည်း စာပေများ၌ ရေး မှတ်ကြကုန်၏။

ဤသို့ဖြင့် ဖော်ပြခဲ့ပြီးသောဂုဏ်အပေါင်းတို့နှင့် ပြည့်စုံသော ပေါင်လောင်အရှင်ကဿပသည်ကား သာသနာတော်ကို မြဲမြံတည်တံ့ အောင် ပြုတော်မူခဲ့ပြီး လွန်တော်မူခဲ့လေ၏။

ပေါင်လောင်ကဿပတ္ထေရော ဟိ၊ ကဿပထေရဝံသိကော။
သာသနံ ထာဝရံ ကတွာ၊ ပယာတော မစ္စုနော မုခံ။

## အရှင်ဂုဏာဘိဂရုထေရ်

အရှင်ဂုဏာဘိဂရုထေရ်သည်လည်း ပုဂံသာသနာဝင်၌ ထင် ရှားသောပုဂ္ဂိုလ်မြတ်ဖြစ်လေသည်၊ ပုဂံသာသနာရောင် တောက်ပြောင် လင်းလက်ချိန် သက္ကရာဇ် ၅၀၀–ကျော် ၆၀၀–ခန့်တွင် ပေါ်ထွန်းသော မထေရ်မြတ်ဖြစ်လိမ့်အံ့ဟု မှန်းဆမိပေသည်။

ပါဠိဂါထာ အရေးအသား, စုဏ္ဏိယ အရေးအသား ၂–မျိုး လုံး၌ ပြောင်မြောက်သည့်ပုဂ္ဂိုလ်ဖြစ်လေသည်။

အရှင်အဂ္ဂဝံသ–ဟု ထင်ရှားခြင်းမှာ အရိမဒ္ဒနပုရဝါသီ နာ အဂ္ဂဝံသာစရိယေန ကတံ သဒ္ဒနီတိပ္ပကရဏံ–စသော စကားနှင့် ယင်း စကားကိုယူ၍ ပါဠိစာပေသမိုင်းများကို ပြုစုတည်ဆောက်ကြခြင်း ကြောင့် ဖြစ်လေသည်။

## အရှင်အဂ္ဂဝံသပေါ်ထွန်းချိန်

အရှင်အဂ္ဂဝံသပေါ်ထွန်းချိန်မှာ အလောင်းစည်သူမင်းလက် ထက် သက္ကရာဇ် ၄၅၄– ၅၂၉–လောက်ဖြစ်ကြောင်း ဆရာတို့ခန့်မှန်း ကြကုန်၏၊ ပိဋကတ်တော်သမိုင်းကျမ်း၌ သက္ကရာဇ် ၅၉၆–ခုနှစ်မှ ၆၁၂–ခုနှစ်တိုင် နန်းတက်သော ကျစွာမင်းလက်ထက်ဖြစ်ကြောင်း ဆိုလေ၏။[၁]

## ဆရာစသည်

အရှင်အဂ္ဂဝံသသည် မဟာအဂ္ဂပဏ္ဍိတဟုလည်း အမည်တွင် သော ပဌမအဂ္ဂပဏ္ဍိတထေရ်၏ တပည့်ရင်းဖြစ်လေသည်၊ ပဌမအဂ္ဂ ပဏ္ဍိတသည် အရှင်အဂ္ဂဝံသ၏ ဥပဇ္ဈာယ်ဆရာရင်း ဖြစ်လေသည်၊ အရှင်အဂ္ဂဝံသသည် လောကုပ္ပတ္တိပကာသနီကျမ်းပြု ဆရာတော် ဒုတိယအဂ္ဂပဏ္ဍိတထေရ်၏တူလည်း ဖြစ်လေသည်။

## စာပေတတ်မြောက် ကျွမ်းကျင်ခဲ့

အရှင်အဂ္ဂဝံသသည် မဟာအဂ္ဂပဏ္ဍိတထေရ်စသော ပညာ ရှင်မထေရ်မြတ်တို့၏ အထံ၌ ပိဋကတ်ကျမ်းဂန်များကို သင်ကြားတတ် မြောက်တော်မူခဲ့လေသည်။

## သဒ္ဒါတတတ်ပုဂ္ဂိုလ်

အရှင်အဂ္ဂဝံသမဟာထေရ်သည် ပါဠိပိဋကတ်၌သာကျွမ်းကျင် တတ်မြောက်သည် မဟုတ်သေး၊ သဒ္ဒါတကျမ်းစာအမျိုးမျိုး၌ ဒိုးကဲ့သို့

---

၁။ ပိဋကတ်တော်သမိုင်း။ ၁၃၉။

မွေ အာဂုံကျေတတ်မြောက်သော ပုဂ္ဂိုလ်မြတ်ဖြစ်ကြောင်း သူ၏သဒ္ဒ နီတိကျမ်း၌ ဖော်ပြသော အမရကောသ, ကာဗျဒါသ, ကာတန္တ, သိဒ္ဓန္တကောမုဒီ, မဟာဘာသျ, ဟေမစန္ဒြ, ကာသိကာဝုတ္တိ, ပါဏိနီ ဓာတုပါဌ–စသော သက္ကတကျမ်းကိုးစာတို့ဖြင့် သိနိုင်လေသည်။[၂]

## ရာဇဝင်, သာသနာဝင် ကျမ်းတတ်ပုဂ္ဂိုလ်

အရှင်အဂ္ဂဝံသကား သာသနာဝင်, ရာဇဝင်ကျမ်းဂန်တို့၌ လည်း တတ်သိလိမ္မာသည့်ပုဂ္ဂိုလ်မြတ်တပါးဖြစ်ကြောင်းလည်း သူပြု သည့်ကျမ်းဂန်များ၌ပါ စကားတို့ဖြင့် သိနိုင်လေသည်၊ သာသနာဝင်, ရာဇဝင်ကိုဖော်ပြသည့် ဒီပဝံသ, မဟာဝံသ, မဟာဗောဓိဝံသကျမ်းဂန် များ ကိုးကားချက်ကိုလည်း မကြာခဏတွေ့ရှိရ၏။

## ပရိယတ္တိဝန်ဆောင်ပုဂ္ဂိုလ်

အရှင်အဂ္ဂဝံသသည် ထိုစဉ်က အရိမဒ္ဒနမြို့ပေါ်ကျံ၌ လျှမ်း လျှမ်းတောက်ပညာရှင်ဖြစ်ခဲ့လေသည်။ စာပေချပို့ ကြည့်ရှုလေ့လာခြင်း စသည်ဖြင့် ပရိယတ္တိသာသနာတော် တောက်ပြောင်လင်းလက်အောင် ဆောင်ရွက်ခဲ့လေသည်။

## စေတနာဗလဝဖြင့် ကျမ်းဂန်ပြုခဲ့

အရှင်အဂ္ဂဝံသသည် မိမိသိရှိသမျှစာပေကျမ်းဂန် ဗဟုသုတ အထွေထွေကို စာပေလေ့လာသူ စာသင်သားတပည့်တို့အား သိပါစေ ဆန္ဒဖြင့် သဒ္ဒနီတိကျမ်းကြီးများကို ပြုစုတော်မူခဲ့လေသည်၊ ယင်းသဒ္ဒ နီတိကျမ်းကြီးများမှာ သဒ္ဒါကျမ်းဟူသမျှ၏ ထူးခြားလှသည့် မကိုဋ် သဖွယ်ဖြစ်လေတော့သည်။

---

၁။ နီတိ၊ ပဒ။ ၇၆၊ ၇၇၊ ၁၀၁၊ ၁၂၆။ ၁၂၇။ ၃၃၅။
နီတိ၊ ဓာ။ ၄၃။
နီတိ၊ သုတ္တ။ ၁၂၇–စသည်။

## နိုင်ငံခြားများကကူး၍ ရိုက်နှိပ်ခဲ့

ယင်းသဒ္ဒနီတိကျမ်းကြီးကို သီဟိုဠ်နိုင်ငံတွင် သီဟိုဠ်အက္ခရာဖြင့် ရိုက်နှိပ်ကာ သီဟိုဠ်နိုင်ငံ၌ အမြင့်ဆုံးပဏ္ဍိတ်စာမေးပွဲကို နောက်ဆုံးအဆင့်၌ အခါအားလျော်စွာ ပြဋ္ဌာန်းကြကုန်၏၊ ဒိန်းမတ်နိုင်ငံ၌လည်း ဤသဒ္ဒနီတိကျမ်းကြီးသုံးကျမ်းကို ရိုက်နှိပ်ထုတ်ဝေခဲ့ကြကုန်၏။

## ပဒမာလာကျမ်းကြီး

ဖော်ပြပါသဒ္ဒနီတိကျမ်းကြီးမှာ –

၁။ ပဒမာလာ

၂။ ဓာတုမာလာ

၃။ သုတ္တမာလာ ဟူ၍ ၃–ကျမ်းရှိလေရာ၊ ယင်းသုံးကျမ်းစလုံးကို အပြီးတိုင် ပိုင်နိုင်စွာသင်ယူလေ့ကျက်ပါက သဒ္ဒဝိဒူ တံခွန်ထူမည်မှာ မလွဲတမ်းသာတည်း။

## ပဒမာလာကျမ်းကြီး

ယင်းသဒ္ဒနီတိပဒမာလာကျမ်းကြီးမှာ နိုင်ငံတော်ဗုဒ္ဓသာသနာ ပုံနှိပ်တိုက်ရိုက် ရှိုင်ဆိုက် ၄၁၈–ရှိပြီး သဝိကရဏာချာတဝိဘာဂ စသောအားဖြင့် အပိုင်းပေါင်း ၁၄–ခုရှိလေသည်။

ကျမ်းဦး၌ –

ဝိရောဟံ မဂ္ဂနာယေန၊ ယေန ဗုဒ္ဓေန ဒေသိကံ။
သိတံ ဓမ္မမိဝညာယ၊ ဥညယတေ အမတံ ပဒံ။
တံ နမိတွာ မဟာဝရံ၊ သဗ္ဗညုံ လောကနာယကံ။
မဟာကာရုဏိကံ သေဋ္ဌံ၊ ဝိသုဒ္ဓိ သုဒ္ဓိဒါယကံ။
သဒ္ဓမ္မဥ္စသ ပူဇေတွာ၊ သုဒ္ဓံ သန္တမသင်္ခတံ။
အတက္ကာဝစရံ သုဋ္ဌု၊ ဝိဘတ္တံ မဓုရံ သိဝံ။
သံဃဉ္စ ဧဥ္စလိံ ကတွာ၊ ပုညက္ခေတ္တသ တာဒိနော။
သီလသမာဓိပညာဒိ–ဝိသုဒ္ဓဂုဏဇောတိနော။

ဟူသောဂါထာများဖြင့် ရတနတ္တယပဏာမပြု၍ ကျမ်းစာကို ရေးသား

တော်မူခဲ့လေသည်။ ယင်းဂါထာများသည် သုံးကျမ်းလုံးအတွက် ဂန္ထာရမ္ဘဂါထာများဖြစ်ကုန်၏။
ဆက်လက်၍ အရှင်အဂ္ဂဝံသသည် –

လောကနီတိ ဝိယက္ကာသ၊ သတ္တုသဒ္ဒမ္မနီတိနော။
သာသနတ္ထံ ပဝက္ခာမိ၊ သဒ္ဒနီတိ မနာကုလံ။

ဟူသောဂါထာဖြင့် သဒ္ဒနီတိသုံးကျမ်းလုံးကိုပြုမည်ဖြစ်ကြောင်း ပဋိညာဉ်ပြုတော်မူခဲ့လေသည်။

## ဓာတုမာလာကျမ်းကြီး

အရှင်အဂ္ဂဝံသမဟာထေရ်မြတ်၏ ဓာတ်ကျမ်းကြီးမှာလည်း လွန်စွာကျယ်ဝန်းပြည့်စုံလှ၏၊ သုဒ္ဓသရဓာတ်များနှင့်တကွ ကကာရန္တဓာတ်, ခကာရန္တဓာတ်, ဂကာရန္တဓာတ်, ဃကာရန္တဓာတ်တို့ကို အစဉ်အတိုင်း ဖော်ပြပြီး ရူဓာဒိဆက္က, စုရာဒိဂဏိကပရိဒီပန, သဗ္ဗဂဏဝိနိစ္ဆယတို့ဖြင့် တန်ဆာဆင်၍ လိုလေသေးမရှိအောင် ရေးသားစီရင်တော်မူခဲ့လေသည်၊ ဓာတုမာလာကျမ်းဦး၌ –

က္လတော ပရံ ကုသရတော၊ ကကာရန္တာဒိ ဘေဒတော။
ဓာတုယော ဓာတုနိပ္ဖန္န–ရူပါနိ ဝိဝိဓာနိ စ။

သာဌကထေ ပိဋကမှိ၊ ဇိနပါဌေ ယထာဗလံ။
နယံ ဥပပရိက္ခိတွာ၊ သမာသေန ကထေဿသံ။

ဟူသော ၂–ဂါထာဖြင့် ကရဏပ္ပကာရနှင့် ပဋိညာဉ်ကိုဖော်ပြတော်မူခဲ့လေသည်၊ ယင်းသဒ္ဒနီတိဓာတုမာလာကျမ်းကြီးမှာ ဗုဒ္ဓသာသနပုံနှိပ်တိုက်ရိုက် ရှိုင်ဆိုက် ၃၉၁–မျက်နှာ ရှိလေသည်။ ၎င်းကျမ်းကြီးကား စာချ, စာပြင်, စာမေးပွဲဝင်တို့ အနီးအနားမှာထား၍ မပြတ်ကြည့်ရှုလက်ကိုင်ပြုရသည့်ကျမ်းကြီးဖြစ်လေသည်။

## သုတ္တမာလာကျမ်းကြီး

သဒ္ဒနီတိသုတ္တမာလာကျမ်းကြီးမှာလည်း လွန်စွာလွန်စွာ စုံလင်လှသည့် ဖိုးထိုက်မျိုးမှန် ဗျာကရဏ်းကျမ်းဂန်ကြီးဖြစ်၏။ ယင်းကျမ်းကြီး၌ သန္ဓိ, နာမ်, ကာရက, သမာသ်, တဒ္ဓိတ်, ကိတ်, စတုပဒဝိဘာဂ, ပါဠိနယာဒိသင်္ဂဟ, နိဂမနကထာ ပါဝင်၏။ ယင်းကျမ်းကြီး၌ သုတ်ပေါင်း ၁၃၄၇–သုတ်ပါရှိလေရာ ပါဠိဗျာကရဏ်းကျမ်းများအနက် အကျယ်ဝန်းဆုံး, အစုံလင်ဆုံးကျမ်းကြီးအဖြစ် သာသနာတွင်ထင်ရှားလေသည်။ မိမိ၏ကျေးဇူးရှင် ပခုက္ကူ မဟာဝိသုတာရာမတိုက်အုပ်ဆရာတော် အရှင်နန္ဒိယ[၁]က မိမိအား စာချဘုန်းကြီးလုပ်လျှင် ဤသဒ္ဒနီတိသုတ်စဉ်တွေ့ရအောင် ကျက်ရမည်ဟု မိန့်တော်မူဘူးသည်၊ ဤသဒ္ဒနီတိသုတ္တမာလာကျမ်းကြီးကား ဗုဒ္ဓသာသနပုံနှိပ်တိုက်ရိုက်နှိပ်ဆိုက်စာမျက်နှာ ၄၃၂–ရှိလေသည်။

## ကျမ်းပြုပုံအခြင်းအရာတို့ကို ဖော်ပြခဲ့

အရှင်အဂ္ဂဝံသမဟာထေရ်မြတ်သည် ဤသည့်သဒ္ဒနီတိကျမ်းကြီးကို ဝိနည်းပါဠိအဋ္ဌကထာ, သုတ္တန်ပါဠိအဋ္ဌကထာ, အဘိဓမ္မာပါဠိအဋ္ဌကထာ, ဇာတ်ပါဠိအဋ္ဌကထာများ အင်္ဂါကိုးတန်ရှိ ပရိယတ္တိသာသနာတော်ကို ချဉ်းနင်းဝင်ရောက်မွှေနှောက်၍ ဆရာအသီးသီးတို့၏ဝါဒတို့ဖြင့် တန်ဆာဆင်၍ ရေးသားပြုစီရင်ခဲ့ကြောင်း –

ဝိနယဉ္စာပိ သုတ္တန္တ–မဘိဓမ္မဉ္စ ဇာတကံ။
သာဋ္ဌကထံ နဝင်္ဂဉ္စ၊ ဩဂါဟေတွာန သာသနံ။
နာနာစရိယဝါဒေဟိ၊ မဏ္ဍေတွာ နိမ္မလေဟိ ဝေ။
သဒ္ဒနီတိသမညာတံ၊ ဣဒံ ပကရဏံ ကတံ။[၂]

ဟူသော ၂–ဂါထာဖြင့် သုတ္တမာလာပါဠိနယာဒိသင်္ဂဟာ၌ ဖော်ပြခဲ့လေသည်။

---

၁။ ဆရာတော်ကား ၁၃၃၃–ခု၊ တော်သလင်းလဆန်း (၁၁)ရက်နေ့တွင် ပျံလွန်တော်မူသည်။ ၂။ နီတိသုတ္တ။ ၄၂၉။

## ဘုရားဆုပန် ပုဂ္ဂိုလ်ထူး

ဤသဒ္ဒနီတိကျမ်းပြုကဝိန် အရှင်အဂ္ဂဝံသသုခမိန်သည်ကား နှစ်ဆယ့်လေးသချေ် ခြောက်ဆယ်ကုဋေရှင့် ဗိုလ်ချေတသိန်း တွက်ကိန်းများလှ ဝေနေယျတို့ကို သံသရာမှဆွဲထုတ် သမ္မာသမ္ဗုဒ္ဓသဗ္ဗညုဘုရားဆုပန်ပုဂ္ဂိုလ် ဖြစ်လေသည်၊ ထိုသို့ဖြစ်ကြောင်း –

အဟံ တု ပရမံ ဗောဓိံ ပါပုဏေယျ မနာဂတေ။

တံ ပတ္တာ သကလေ သတ္တေ၊ မောစေယျံ ဘဝဗန္ဓနာ။[၁]

ဟူသောဂါထာဖြင့် ဖော်ပြကာ ပတ္ထနာပြုတော်မူခဲ့လေသည်။

မိမိ၏ ကောင်းကင်က လနေတို့လို မြေအပြင်၌ ကျော်စောထင်ရှားသောပုဂ္ဂိုလ်၏အဖြစ်ကို ဖော်ပြလျက် ကျမ်းပြုသူကို –

ပါကဋ္ဌာခေရဝိန္ဒူဝ၊ ယဿကိတ္တိ မဟီတလေ။

အဂ္ဂဝံသာစရိယေန၊ တေန ဝိရစိတံ ဣဒံ။

ဟူသောဂါထာဖြင့် ဖော်ပြခဲ့သေးသည်။

## စာပေရေးသားဟန်

အရှင်အဂ္ဂဝံသသည် များစွာဗဟုသုတလိုလားသည့် ပုဂ္ဂိုလ်ဖြစ်လေသည်။ မိမိရရှိသိထားသည့် စာပေဗဟုသုတအမျိုးမျိုးကို စာရှုသူတို့သိစေလိုသော ဇောစေတနာပိုလှသဖြင့် ဤမျှအပင်ပန်းခံ၍ ရေးသားပြုစုတော်မူခဲ့လေသည်၊ စုဏ္ဏိယ အရေးအသား, ဂါထာ အရေးအသား ၂–မျိုးလုံး၌ ခက်ခဲသည့်အသွင်ကို မဆောင်ပဲ လွယ်ကူစွာရေးရသည့်အသွင်ကိုဆောင်နေ၏၊ အရှင်အဂ္ဂဝံသ၏ ဂါထာအရေးအသားကို အကဲခတ်နိုင်ရန် ဤ၌ဂါထာအချို့ကို ထုတ်ပြဦးအံ့။

တသဒ္ဒဿ သမာသမှိ၊ သဒ္ဒေါ ပရပဒေဟိ ဝေ။

နိဂ္ဂဟိတာဂမော ပုဗ္ဗ–ပဒေ ဒိဗ္ဗတ္တနို ပစ္စိမေ။[၂]

---

၁။ နီတိသုတ္တ။ ၄၃၂။ ၂။ နီတိပဒ။ ၃၆၆။

သမာသေ တေသဒ္ဓသ္မာ၊ သဒ္ဓိ ပရပဒေဟိ ဝေ။
နိဂ္ဂဟိတာဂမော ပုဗ္ဗ-ပဒေ ဟောတိ န ဟောတိ စ။[၂]

သမာသေ ဣဒံသဒ္ဒသ္မာ၊ သဒ္ဓိ ပရပဒေန ဝေ။
ဣဒပ္ပစ္စယတာတွေဝ၊ ရူပံ ဒိတ္တသိယုတ္တရေ။[၃]

ကိံသဒ္ဒသ သမာသမှိ၊ သဒ္ဓိ နာမရဝေန ဝေ။
ကိန္နာမော ဣတိ ကောနာမော၊ ဣတိ စေဝံ ဂတီဒွိဓာ။[၄]

ပါဠိသဒ္ဒေါ ပါဠိဓမ္မေ၊ တဇ္ဇာကပါဠိယမ္ပိ စ။
ဒိဿတေ ပန္တိယဉ္စေဝ၊ ဣတိ ဉေယျံ ဝိဇာနတာ။[၅]

မူလဂန္ထေသု ကာဇ္ဇာန-သာရိ လောဟိတစန္ဒနံ။
သာရဂန္ထေသု ပုပ္ဖေသု၊ ဝဿိကံ ဝိယ ဘောဣဒံ။
နာနာပုပ္ဖရသော ဟောတိ၊ ယထာမဓုသကော ဒုမော။
နီတိမဓုသကောနာနာ-နယ ပုပ္ဖရသော တထာ။[၆]

ဤကား အရှင်အဂ္ဂဝံသမဟာထေရ်၏ ဂါထာရေးရာ၌ ပါဠိစာပေကိုင်တွယ်ပုံ, သူ၏ပါဠိစာပေ၌ နိုင်နင်းပုံကို သိသာရန်ထုတ်ပြချက်အမြွက်တည်း။

## သီဟိုဠ်ပညာရှင်တို့ ချီးမွမ်းအံ့ဩကြ

အရှင်အဂ္ဂဝံသတို့ခေတ်က ပုဂံ၌ သဒ္ဒါကျမ်းတတ်ပုဂ္ဂိုလ်မြတ်လွန်စွာပေါ်များကုန်၏ ဟူသောကိတ္တိသဒ္ဒသည် သီဟိုဠ်ကျွန်းသို့ပင် ပျံ့နှံ့ကျော်စောရောက်ရှိခဲ့လေသည်၊ သို့ဖြစ်၍ သီဟိုဠ်ကျွန်းမှ သဒ္ဒကဝိန် သုခမိန်ရဟန်းတော်တို့ စုံစမ်းလိုကြသဖြင့် ပုဂံနန်းမြို့တော်သို့ ကြွရောက်လာကြကုန်၏၊ ထိုအခါ ပုဂံရဟန်းတော်များက အရှင်အဂ္ဂဝံသ၏ သဒ္ဒနီတိကျမ်းကြီးပြလိုက်ရာ သီဟိုဠ်ရဟန်းတော်တို့ကား ဤ

---

၁။ နီတိပဒ။ ၃၆၇။
၂။ နီတိပဒ။ ၃၆၈။
၃။ နီတိပဒ။ ၃၇၁။
၄။ နီတိ၊ ၈၁။ ၃၄၀။
၅။ နီတိသုတ္တ။ ၄၂၉။

သဒ္ဒါကျမ်းမျိုး ငါတို့သီဟိုဠ်၌ မရှိပါချေ၊ စုံလှကောင်းလှသည့်ကျမ်းပါတည်း–စသည်ဖြင့် များစွာရင်သပ်ရှုမောအံ့သြကြကုန်၏။[၁]

လံတိကာ တံ ပဿိတွာန၊ သဒ္ဒနီတိ မနောဟရံ။
နတ္ထိ ဒိသံ လံကာဒီပေ၊ ထော မေသုံ တေ အနေကဓာ။

## သီဟိုဠ်ပါဠိသမိုင်းကျမ်း၌ ဖော်ပြခဲ့

ယင်းသဒ္ဒနီတိကျမ်းကြီးနှင့်စပ်၍ သီဟိုဠ်ဘာသာရေးပါဠိသမိုင်းကျမ်း ပဌမတွဲ ၅၀၅–၅၀၉ ၌ စုံလင်စွာဖော်ပြထားသည့်ကိုတွေ့ရ၏၊ သီဟိုဠ်တို့သည် သဒ္ဒနီတိကျမ်းကြီးကို လွန်စွာမှမြတ်နိုးကြကုန်၏၊ ဤစာပြုသူ သီဟိုဠ်ကျွန်း ဝိဒ္ဓောဒယတက္ကသိုလ်၌ ပညာသင်စဉ် ယင်းတက္ကသိုလ်စာကြည့်တိုက်၌ သီဟိုဠ်ရိုက်သဒ္ဒနီတိကျမ်းကြီးတွေ့ရာ များစွာဝမ်းမြောက်မိခဲ့ပါသတည်း။

၌လည်း သီဟိုဠ်ပညာရှိမာလလာဆေကရ–က ဂန္ထဝင်ကျမ်းအဆိုအမိန့်ကိုပါထည့်သွင်းလျက် အရှင်အဂ္ဂဝံသနှင့်စပ်၍ ချီးကျူးဖော်ပြခဲ့လေသည်၊ သီဟိုဠ်ကျွန်း မဟာကဝိ အရှင်ဝိမလထေရ်သည်လည်း သူ၏သာသနဝံသဒီပကကျမ်း၌ –

သဒ္ဒနီတိံ အဂ္ဂဝံသာ–စရိယော သက္ကကောဝိဒေါ။
ပိဋ္ဋကတ္တယမောဂယှ၊ အကာသိ ကဝိဝဏ္ဏိယံ။

ဟူသောဂါထာဖြင့် ဖော်ပြခဲ့သည်။

အရှင်အဂ္ဂဝံသကား သူ၏မခိုမကပ်ထူးခြားပြောင်မြောက်သော စာပေလုပ်ဆောင်ချက်ကြောင့် ကမ္ဘာ့ပညာရှင်များစွာတို့၏ သြဘာပေးခြင်းကိုခံယူရသည့် မြန်မာ့ပညာရှိသားကောင်းစစ်မှန်လှပေ၏။

အဂ္ဂဂ္ဂကိစ္စမာရမ္ဘ၊ အဂ္ဂဝံသော ယတိဿရော။
ပသိဒ္ဓေါ မဟီတလမှိ၊ ခေတလေ စန္ဒိမာ ယထာ။

---

၁။ သာသနဝံသဒီပ။ ၁၂၃၇–ဂါထာ။

## တုသိတာဘုံ နိုလ္လံခဲ့

အရှင်အဂ္ဂဝံသသည် သာသနာ့အကျိုး တန်ဖိုးကြီးကျယ်လှသည့်အလုပ်ကိစ္စအမျိုးမျိုးကို ပြုလုပ်တော်မူခဲ့ပြီး ဗုဒ္ဓင်္ကူအလောင်းလျာတို့ နိုလ္လံရာ တုသိတာဘုံနန်းသို့ လှမ်းချီမြန်းကြွတော်မူခဲ့လေပြီတကား။

အဂ္ဂဝံသော မဟာထေရော၊ အဂ္ဂဂ္ဂသာသနေ ရတော။
အဂ္ဂဂ္ဂံ သော ကရိတ္တွာန၊ တုသိတာဘုဝနံ ဂတော။

## ဆရာတော် ဦးကျည်ပွေ့

ဆရာတော် ဦးကျည်ပွေ့သည် မြန်မာသာသနာ့သမိုင်းများတွင်သာမက သီဟိုဠ်သာသနာ့သမိုင်းများ၌ပင် ထင်ရှားလေသည်။ အသက်ကြီးမှ ရှင်, ရဟန်းပြုကြသူတို့ နည်းနာနယယူကြပြီး ပရိယတ္တိ, ပဋိပတ္တိအလုပ် ကြိုးကုတ်အားထုတ်ကြရန် ဤ၌ ဆရာတော်ဦးကျည်ပွေ့၏ဖြစ်စဉ်ကို အကျဉ်းဖော်ပြအပ်ပါသည်။

ဦးကျည်ပွေ့သည် ''ကျစ္စာမှာ သော နုပဏ္ဏော သောဠ သံဝစ္ဆရံ''ဟူသည်နှင့်အညီ သက္ကရာဇ် ၅၆၉–ခုနှစ်တွင် ပုဂံ၌နန်းတက်၍ ၁၆–နှစ်နန်းစံသော ကျစွာမင်းကြီးလက်ထက်တွင် ပေါ်ထွန်းခဲ့သော မထေရ်မြတ်ဖြစ်လေသည်။[၁] အသက် ၆၀–ကျော်မှ ရဟန်းပြုသဖြင့် သက်ကြီးရဟန်း 'ဝုမုပဗ္ဗဇိတ'ဖြစ်လေသည်။ သို့ရာတွင် ''ယောက်ျားတကာ အားထုတ်ရာသည့် ဝါယာလုံ့လ ဝီရိယကား မချကောင်းချေ'' ဟူသကဲ့သို့ ထက်သန်သောဇွဲဝီရိယဖြင့် စာပေသင်ကြားခဲ့လေသည်။

အခါတပါး စာပေသင်ရန် ကန့်ကူဆံအလျှုခံမည်ဟု မင်း၏နန်းတော်သို့ဝင်လေသော် မင်းကြီးက အကြောင်းမေးရာ စာပေသင်ကြားလို၍ ကန့်ကူဆံအလျှုခံလာကြောင်းကိုပြောလျှင် မင်းကြီးက ကိုယ်တော် ကျည်ပွေ့အတက်ပေါက်မှ စာပေတတ်ပါမည်ဟုဆို၍ ကန့်ကူဆံတသပိတ်ပြည့်လှူလိုက်လေ၏။

---

၁။ သက္ကရာဇ် ၆၁၇–ခုနှစ် နန်းတက်သော နရသီဟလက်ထက်ဟုလည်း အဆိုရှိသည်၊ သို့ရာတွင် သင်ပုန်းကြီး ဋီကာလာအတိုင်း ဖော်ပြသည်။

## စာပေတတ်မြောက်ခြင်း

စာပေသင်ကြားရာ၌ မြန်ဖို့ထက် မှန်ဖို့ကား ပိုအရေးကြီး၏၊ ဦးကျည်ပွေ့သည် တနေ့လျှင် ဒန်ပူတထောက်ခန့်မျှ မှန်မှန်တက်၍ သဒ္ဒါ, သင်္ဂြိုဟ်မှစ၍ စာပေကျမ်းဂန်အတန်တန်ကို သင်ကြားခဲ့လေရာ များမကြာမီ ပညာတတ်မြောက်သည့်ပုဂ္ဂိုလ်ဖြစ်လာလေ၏၊ ဦးကျည်ပွေ့သည် ကျည်ပွေ့ကိုသစ်ခက်ညွန့်စည်း၍ မင်းတရား၏နန်းတော်သို့ ဝင်ပြန်လေ၏၊ မင်းတရားက အကြောင်းကိုမေးလေရာ ကျည်ပွေ့ အတက်ပေါက်၍ ဝင်လာကြောင်းကို ပြောပြလေသည်၊ မင်းကြီးသည် စာပေကျမ်းဂန်တတ်မြောက်လာကြောင်း ပြောဆိုသည်ဟု သိလေ၏။ ယင်းသို့ကျည်ပွေ့အတက်ပေါက်သည်ဟူသောစကားကြောင့် ဦးကျည်ပွေ့ဟုတွင်၏၊ မူလအမည်မှာ ဦးသဒ္ဓမ္မနန္ဒိဖြစ်သတတ်။

## ခြောက်ကျောင်းတိုက်ရဟန်းတော်များ ပြဿနာမေး

ကျစွာမင်းကြီးသည် ခြောက်ကျောင်းသားသံဃာတော်များကို စည်းဝေးစေ၍ ရဟန်းကြီးအား ပြဿနာမေးစေလေသည်၊ ရှေးဦးစွာ ရဟန်းကြီးကို ရေကန်တွင်း၌ငုပ်စေ၍ ခြောက်ကျောင်းသား ကျမ်းဂန်တတ်မထေရ်တို့က ပေါ်လာလျှင်မေးကြမည်ဟု နှလုံးပိုက်ကြကာ စောင့်နေကြကုန်၏၊ ရဟန်းကြီးပေါ်လာ၍ မထေရ်တပါးက ပြဿနာမေးမည်ဟု အဟမ်းဟုချောင်းဟန့်လေလျှင် ရဟန်းကြီးက အဟံ–ကား အမှ–သဒ္ဒါတည်၊ သည်–ဟူ၍အနက်ပေးသောကြောင့် စသည်ဖြင့် သိ–သက်ပြီး တွမဟံ သိမို စ–ဟူသောသုတ်ဖြင့် ဝိဘတ်နှင့်တကွ အလုံးစုံသော အမှ–သဒ္ဒါကို အဟံ–ပြုဟု ရုပ်တွက်ပြီး ခြောက်ကျောင်းတိုက်မှရဟန်းတော်များမေးသမျှကို "ခါးတောင်းရှသကဲ့သို့, မိုးဝကောင်းကင် သိန္ဓောနှင်သကဲ့သို့ငှင်း, ရေကရားမှရေများကို သွန်ချသကဲ့သို့ငှင်း" မေးသမျှပြဿနာအထွေထွေကို ဖြေဆိုလေသည်။

## ပြန်၍ပြသနာမေးခြင်း

တဖန်ဦးကျည်ပွေ့ကိုယ်တော်ကြီးက အရှင်ဘုရားတို့ အရှင်ဘုရားတို့မေးသမျှကို တပည့်တော်ဖြေပြီးပါပြီ၊ တပည့်တော်တဖန်ပြန်၍ မေးပါရစေ–ဟုလျှောက်ထားပြီး ''အညသမာန စေတသိကံ''ဟူသော ပုဒ်၌ အည–သဒ္ဒါသည် အပါဒါန်ကိုငဲ့သောကြောင့် ထိုအပါဒါန်ကိုခံကြပါကုန်ဟု မေးမြန်းလျှောက်ထားလေရာ ခြောက်ကျောင်းတိုက်ရဟန်းများ အပါဒါန်မခံနိုင်ပဲရှိကုန်၏။

## ဒိသာပါမောက္ခဘွဲ့တံဆိပ်လှူ

မင်းကြီးသည် ထိုအကြောင်းကိုသိ၍ ဦးကျည်ပွေ့အား ကြည်ညိုသဖြင့် ဒိသာပါမောက္ခဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းလေ၏၊ လွန်စွာထင်ရှားသော ပညာတတ်မထေရ်မြတ်ဖြစ်လာလေတော့၏။

ဒိသာပါမောက္ခနာမေန၊ ဥပါဓိနာဘိပူဇယိ။

ဦးကျည်ပွေ့ဝှံ မဟလ္လကံ၊ ရာဇာသီဟပတေ့ဝှယော။

## ကျမ်းဂန်ပြုစုခြင်း

ဦးကျည်ပွေ့သည် –

၁။ သဒ္ဒါကျမ်း နက်ပါဌ်၊

၂။ သင်ပုန်းကြီး စာကိုယ်ပါဌ်၊

၃။ သင်ပုန်းကြီး ဋီကာကျမ်း–စသည်တို့ကိုလည်း ရေးသားခဲ့လေသည်ဟု အဆိုရှိသည်။[၁]

## သဒ္ဒါကျမ်းနက်

သဒ္ဒါကျမ်းနက်ကို သန္ဓိဝိနိစ္ဆယ, နာမဝိနိစ္ဆယ, ကာရကဝိနိစ္ဆယ, သမာသဝိနိစ္ဆယ, တဒ္ဓိတဝိနိစ္ဆယ, အာချာတဝိနိစ္ဆယ; ကိတဝိနိစ္ဆယ–ဟူသော အဆုံးအဖြတ်တို့ကိုပြရာအပိုင်း ၇–ပိုင်းတို့ဖြင့် တန်ဆာ

---

၁။ သာသနာလင်္ကာရစာတမ်း၌ ဤဆရာကား ကျမ်းပြုမဟုတ်ဟုဆို၏။ (သာသနာလင်္ကာရ၊ ၁၂၃။)

ဆင်၍ ရေးသားခဲ့လေသည်။ ဂါထာဗန္ဓပေါင်း ၃၁၇–ဂါထာ ပါရှိလေသည်၊ ၎င်းကျမ်းနက်ကို "ဂမ္ဘီရတ္ထဂန္ထ"ဟူ၍၎င်း, "ဂမ္ဘီရတ္ထဝိသောဓနီ" ဟူ၍၎င်း ခေါ်ကြ၏။ ၎င်းကျမ်း၌ ရူပသိဒ္ဓိ, သဒ္ဒတ္ထဘေဒစိန္တာ ကစ္စာယနသာရ–စသောကျမ်းများမှ ဂါထာဗန္ဓအများအပြားတွေ့ရ၏။ ဤကျမ်း၌ –

အန္တရာယဝိဃာတတ္ထံ၊ မင်္ဂလာယ ဟိတာယ စ။

သဒ္ဒါဒေါ ဝတ္တုနော တေန၊ ပဏာမဝစနံ ကတံ။

ဟူသော သန္ဓိဝိနိစ္ဆယဒုတိယဂါထာဖြင့် အရှင်ကစ္စည်းထေရ် သဒ္ဒါကျမ်း အစ၌ အန္တရာယ်ပျောက်ခြင်း, မင်္ဂလာတိုးပွားခြင်း, လောကီလောကုတ္တရာအကျိုးများခြင်းငှာ ရတနတ္တယပဏာမဂါထာကို ဆိုကြောင်းကို ဖော်ပြထား၏၊ ၎င်းဤကျမ်း၌ –

သာတာဂီရိ နမော ယက္ခော၊ တဿ စာသုရိန္ဒကော။

ဘာဂဝတော မဟာရာဇာ၊ သက္ကော စာရဟာတော ယထာ။

သမ္မာသမ္ဗုဒ္ဓဿ ဗြဟ္မာ စ၊ ဝတေ ပဋ္ဌပတိဋ္ဌိတာ။[၁]

ကစ္စာယနေန ကတော ယောဂေါ၊ ဝုတ္တိ စ သံဃနန္ဒိနာ။

ပယောဂေါ ဗြဟ္မဒတ္တေန၊ န္ယာသော ဝိမလဗုဒ္ဓိနာ။[၂]

စသောပါဠိသမိုင်းပညာရှိ စိစစ်ရာဂါထာတော်တော်များများပါရှိ၏။ ယင်းကျမ်းကို သက္ကရာဇ် ၁၂၉၂–ခုနှစ်၊ ရန်ကုန်မြို့ သုဓမ္မဝတီပုံနှိပ်တိုက်က သဒ္ဒါငယ်စာကိုယ် (ဒုတိယ) ၁၅–စောင်တွင် အပါအဝင်ပြု၍ ရိုက်နှိပ်ခဲ့လေသည်။ ဤကျမ်းကို ဆရာတော်ဦးကျည်ပွေ့ရေး ဟုတ် မဟုတ် စိစစ်ကြပါကုန်။ နိဂုံး၌ တစုံတရာမဖော်ပြခဲ့သောသမိုင်းအဆိုများစွာရှိနေသဖြင့် ဤ၌ဦးကျည်ပွေ့ပြုသောကျမ်းအဖြစ် ဖော်ပြအပ်ပါသည်။

---

၁။ သဒ္ဒါကျမ်းနက်ပါဠ် ၈–ဂါထာ။ ၂။ သဒ္ဒါကျမ်းနက် ၅၄။

## သင်ပုန်းကြီး ဋီကာပါဌ်

သင်ပုန်းကြီးစာကိုယ်ပါဌ်ကိုမူ ကျစွာမင်းကြီးတောင်းပန်၍ ရေးသားကြောင်း သင်ပုန်းကြီးဋီကာ၌တွေ့ရ၏၊ သင်ပုန်းကြီးဋီကာ ကျမ်းဦးအစ၌ ''ဒေဝါနမတိဒေဝံ, သက္ကာနမတိသက္ကံ, ဗြဟ္မာနမတိ ဗြဟ္မံ စတူသု ပဋိသမ္ဘိဒါသု ဖလာဗုဇေန ဂမ္ဘီရသေယျပဋိသမ္ဘိဒါယာ သဗ္ဗ သတ္တုတ္တမံ ပါရမိတာနုဘာဝေန မကုဋမကုဋံ သမ္ဗုဒ္ဓံ တိလောက ပိတရံ ပသန္နစိတ္တေန ဝန္ဒာမိ''ဟူသောစကားတို့ဖြင့် ဗုဒ္ဓပဏာမပြုခဲ့ လေသည်။

၎င်းပြင် က–စသောဗျည်း ၃၃–လုံးကို တဏှာက္ခယံ ကရော တိ တေနာတိ က, ဝဋ္ဋဒုက္ခံ ခီယတိ တေနာတိ ခ–စသည်ဖြင့် ဝိဂြိုဟ်ဝစနတ်ပြုလုပ်ခဲ့လေသည်။ သင်ပုန်းကြီးဋီကာပါဌ်ကိုမူ သရေ ခေတ္တရာနေ ဝရဓမ္မပုဂ္ဂိုလ်တောင်းပန်၍ ရေးသားကြောင်း ယင်းဋီကာ၌ ပင် တွေ့ရ၏။[၁]

## ပျံလွန်ခြင်း

ဦးသဒ္ဓမ္မနန္ဒီ ခေါ် ဦးကျည်ပွေ့ဆရာတော်သည် တတ်စွမ်း သမျှ စာပေပို့ချ, ရေးသားပြုစု သာသနာပြုပြီး သက်တော်တော်ကြီးမှ ပျံလွန်တော်မူခဲ့လေသည်။

ဝီရိယရှိသူသည် အသက်ကြီးပြီဟူ၍ စိတ်အားမလျှော့ရာ အစွမ်းကုန်ကြိုးစားအားထုတ်ရာသတည်း။

ဝုဍ္ဎကာလေ ပဗ္ဗဇိတ–ဂတော ဦးကျည်ပွေ့နာမကော။
ဂန္ထေသု ဆေကတ္တံ ပတ္တော၊ တရုဏောသု ကထာဝကာ။

---

၁။ ယင်းသင်ပုန်းကြီးဋီကာကို ညောင်ဦးတောင်ဖက် ရ–မိုင်ခန့်ကွာလှမ်းသော ကူ၌ရှိသော ဆရာတော် ဦးသီလဝံသမှ အစိတ်အဝက်ရရှိ ၍ ကြည့်ရှုခွင့်ရပေသည်။

## သဒ္ဒဝုတ္တိကျမ်းပြု အရှင်သဒ္ဓမ္မဂုရုမဟာထေရ်

အရှင်သဒ္ဓမ္မဂုရုထေရ်သည် ဗျာကရုဏ်းကျမ်းဂန်အရပ်ရပ်တို့၌ တဖက်ကမ်းခတ်တတ်မြောက်တော်မူသည့် မထေရ်မြတ်ဖြစ်လေသည်၊ သက္ကရာဇ် ၆၀၀-ပတ်ဝန်းကျင်တွင် ပုဂံပြည်၌ ပေါ်ထွန်းသောမထေရ်ဖြစ်ကြောင်း မှန်းဆမိပေသည်၊ အရှင်သဒ္ဓမ္မဂုရု၏အမည်ကို အရှင်သဒ္ဓမ္မပါလ-ဟုလည်း အသုံးရှိလေသည်။[၁]

## သဒ္ဒဝုတ္တိကျမ်းကို ပြုစီရင်ခြင်း

အရှင်သဒ္ဓမ္မပါလသည် ဂါထာပေါင်း ၁၁၅-ဂါထာတို့ဖြင့် တန်ဆာဆင်၍ သဒ္ဒဝုတ္တိကျမ်းကို ပြုစီရင်တော်မူခဲ့သည်၊ သဒ္ဒဝုတ္တိပကာသက-ဟု ကျမ်းဆရာကိုယ်တိုင် မှည့်ခေါ်တော်မူခဲ့လေသည်။ ယင်းကို -

အနန္တဂုဏသမ္ဗုဒ္ဓံ၊ သဒ္ဒဝုတ္တိပကာသကံ။
သဒ္ဓမ္မာရိယသံဃဉ္စ၊ သက္ကစ္စံ အဘိဝါဒိယ။

သဒ္ဒဝုတ္တိနိမိတ္တေသု၊ ဆေကကာမေန ဘိက္ခုနာ။
ယာစိတောဟံ ကရိဿာမိ၊ သဒ္ဒဝုတ္တိပကာသကံ။

ဟူသော ၂-ဂါထာဖြင့် ရတနတ္တယပဏာမ, အဘိယာစက, ပဋိညာဉ်စသည်တို့ကို ဖော်ပြတော်မူခဲ့လေသည်။

## မှတ်သားဖွယ်ကောင်းသော ဂါထာများ

ယင်းသဒ္ဒဝုတ္တိကျမ်း၌ -

ယေန ယေန နိမိတ္တေန၊ ဗုဒ္ဓိသဒ္ဒေါ တု ဇာယတေ။
နာမာဒီသု နိမိတ္တေသု၊ ပဉ္စဿူတိ ပဝုစ္စတိ။

အနွတ္ထံ ဝသမာနမ္ပိ၊ ရုဋ္ဌိဂေါမဟိံသာဒိကံ။
ဂတိဘူသယနာဒီနံ၊ အညဒဗ္ဗေသု ဝုတ္တိတော။

---

၁။ ပိဋကတ်တော်သမိုင်း။ ၁၄၃။

ခါတ္ဝတ္တော ဝ သိယာ ဟောတု၊ ပစ္စယတ္တော သိယာ ဖလံ။
ဒွိန္နံ ဇာနနတ္ထံယေဝ၊ ဣတိသဒ္ဒေါ ပယုဥ္ဇတေ။

ယတ္ထ ယတ္ထ ပဒေသေဝ၊ ဒိဋ္ဌေ ဝိဿဇ္ဇနေ သတိ။
တတ္ထ တတ္ထုဒ္ဓရိတဗ္ဗာ၊ ပုစ္ဆာ တာဝ ဝိဘာဝိနာ။

စသောမှတ်သားဖွယ်ကောင်းလှသည့် အဓိပ္ပါယ်ပြောစာချသည့် ဆရာတော်တို့ နှုတ်တက်နေသော ဂါထာများကို ယင်းသဒ္ဒဝုတ္တိကျမ်း၌ တွေ့ရလေသည်။

ကျမ်းနိဂုံး၌ "ဣတိ သဒ္ဓမ္မဂုရုနာမေန မဟာထေရေန ကတံ သဒ္ဒဝုတ္တိပကာသကံ နာမသဒ္ဒပကရဏံ သမတ္တံ"ဟူသော စကားများသာ တွေ့ရလေသည်။

သဒ္ဓမ္မဂုရုထေရော ဟိ၊ သဒ္ဓမ္မေ ဂရု၎ ဘာ သုဓီ။
ဇိနသာသနံ ဇောတေတွာ၊ ယထာကမ္မံ ဂတောဟိ သော။

## သဒ္ဒဝုတ္တိဋီကာကျမ်းပြု အရှင်သာရိပုတ္တရာမဟာထေရ်

အရှင်သာရိပုတ္တရာဟူသောအမည်ဖြင့် သာသနာတွင် ထင်ရှားသောမထေရ်တော်တော်များများ ရှိကုန်၏၊ ၎င်းတို့ကား လက်ျာတော်ရံ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာနှင့် သီဟိုဠ်ကျွန်း ပုလတ္ထိမြို့နန်းစံ မဟာပရက္ကမဗာဟုမင်းကြီး၏ဆရာ ဝိနယသင်္ဂဟအဋ္ဌကထာ, သာရတ္ထဒီပနီဋီကာ, အင်္ဂုတ္တိုရ်ဋီကာ, သီဟိုဠ်ဘာသာသင်္ဂြိုဟ်နိဿျ စသည်တို့ကို ပြုစုတော်မူသည့် အရှင်သာရိပုတ္တရာစသည်တို့ ဖြစ်ကုန်၏။

ဤပုဂံသာသနာဝင်၌ ဖော်ပြပါအရှင်သာရိပုတ္တရာကား ပုဂံမြို့တော်၏တောင်ဖက် မြင်းကပါအရပ် မြင်းကပါဥယျာဉ်ကျောင်းတိုက်၌ ကြာမြင့်စွာသီတင်းသုံးတော်မူကာ စာပေချပို့, ကျမ်းဂန်ပြုစုကာ ဘုရားမြတ်စွာသာသနာကို ချီးမြှောက်တော်မူခဲ့သည့် မထေရ်မြတ်ဖြစ်လေသည်။

## ပိဋကတ်နှင့် သဒ္ဒါကျမ်းတတ်

အရှင်သာရိပုတ္တရာမထေရ်မြတ်ကား ပိဋကတ်ကျမ်းဂန်များ နှင့် သဒ္ဒါကျမ်းဂန်တတ် မထေရ်မြတ်ဖြစ်ကြောင်း သူ၏ဋီကာကျမ်းလာ စကားတို့ဖြင့် သိသာလေသည်။

## သဒ္ဒဝုတ္တိဋီကာဟောင်းပါဠိ

မထေရ်မြတ်သည် အရှင်သဒ္ဓမ္မပါလပြုစုသော သဒ္ဒဝုတ္တိ စာကိုယ်၏အဖွင့်သံဝဏ္ဏနာဋီကာကို ပြုစီရင်တော်မူခဲ့လေသည်၊ ယင်း ဋီကာသည် ဇာဂရာဘိသီရိပဝရာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု-ဘွဲ့တံဆိပ်တော် ၂-ထပ်ရ ဒက္ခိဏာရာမဆရာတော် အရှင်ဇာဂရ၏ သဒ္ဒဝုတ္တိဋီကာပေါ်လာသဖြင့် သဒ္ဒဝုတ္တိဋီကာဟောင်းဟု တွင်လေသည်။ အရှင်သာရိပုတ္တရာသည် -

အနန္တဉာဏံ သမ္ဗုဒ္ဓံ၊ သဒ္ဒဝုတ္တိဝိဇာနနံ။
မောဟာဿ ဓံသကံ ဓမ္မံ၊ သံဃဉ္စာပိ နိရင်္ဂဏံ။

သက္ကစ္စံ အဘိဝါဒိယ၊ သိဿာနံ ဆေကပါပကံ။
သဒ္ဒဝုတ္တိ ပကာသဿ၊ ကရိဿာမတ္ထဝဏ္ဏနံ။

ဟူသော ၂-ဂါထာဖြင့် ရတနတ္တယပဏာမ, ပဋိညာဉ်-စသည်ကို ဖော်ပြခဲ့လေသည်။ ကျမ်း၏အဆုံး၌ -

ပေါက္ကာရာမောတိဝှယဿ၊ နဂရဿ ဒက္ခိဏာတော။
မြင်္ကပါက္ကတိနာမေန၊ ဥယျာနံ ပါကဋံ့ သိယာ။
နာနာရုက္ခေဟိ သဉ္ဆန္နံ၊ ဖလပုပ္ဖေဟိလင်္ကတံ။
နိသိန္နော တတ္ထ ယော ထေရော၊ ဒီဃမဒ္ဓါန မာဂတော။
သာရိပုတ္တောတိနာမေန၊ မဟာထေရေန ဝိညုနာ။
ရစယိတော အယံ ဂန္ထော၊ သဒ္ဒေသု ဗျတ္တိဇနကော။

ဟူသော ၃-ဂါထာဖြင့် ကျမ်းပြုဆရာ၏ နေရပ်, နာမည်, ဂုဏ်တို့ကို ဖော်ပြ၍ နိဂုံးအုပ်ခဲ့လေသည်။

## ကျမ်းကိုးများ

ယင်းသဒ္ဒဝုတ္တိဋီကာ၌ အဘိဓာနပ္ပဒီပိကာလာ ဂါထာများ, ပဒရူပသိဒ္ဓိကျမ်းလာဂါထာများ, သဒ္ဒတ္ထဘေဒစိန္တာလာဂါထာများ, သဒ္ဒသာရတ္ထဇာလိနီလာဂါထာများကို တွေ့ရ၏၊ သို့ဖြစ်၍ သဒ္ဒဝုတ္တိဋီကာ ကျမ်းပြု အရှင်သာရိပုတ္တရာသည် ပုဂံခေတ်နောက်ပိုင်းတွင် ပေါ်ပေါက်သော ကျမ်းပြုစာဆိုတော်ဖြစ်ကြောင်း မှန်းဆနိုင်လေ၏။

သာရိပုတ္တော မဟာထေရော၊ ပုဂံသာသနဇောတကော။
သာသနံ ဇောတယိတ္ဂာန၊ ယထာကမ္မံ ဂတော သုစီ။

## အရှင်သဒ္ဓမ္မဇောတိပါလမဟာထေရ်

အရှင်သဒ္ဓမ္မဇောတိပါလမဟာထေရ်ကား မြန်မာသာသနာ့ ကောင်းကင်နှင့် သီဟိုဠ်သာသနာ့ကောင်းကင်တွင် နေအသွင်လအလား ထင်ရှားသည့် သာသနာပြုခေါင်းဆောင်တပါးလည်း ဖြစ်လေသည်။

ပုဂံပြည်၌ ကြာမြင့်စွာသီတင်းသုံးတော်မူပြီး ကြီးစွာသော လုံ့လဝိါယာမကို မချပ်လျက် သက်ဆုံးတိုင် သာသနာပြုခဲ့သည့် ပုဂံ သာသနာပြုပုဂ္ဂိုလ်လည်းဖြစ်စစ်မှန်လှပေ၏။

၎င်းမထေရ်သည် သာသနာသက္ကရာဇ် ၁၆၉၀-ကျော် လောက်တွင် ပေါ်ပေါက်ခဲ့သည့် မုံသောက်မာတင်ပညာရှင်ဖြစ်လေ သည်။ ထူပါရုံစေတီတော်ဒါယကာ နရပတိမင်းလက်ထက် ပုသိမ်မြို့ ဆပ္ပဋ္ဌရွာသား အရှင်ဓမ္မကေတုမဟာထေရ်ထံ ပုဂံပြည်၌ ပါဠိ, အဋ္ဌ ကထာ, ဋီကာကျမ်းတို့ကို သင်ကြားပြီး သက္ကရာဇ် ၈၀၈-ခုနှစ်တွင် သီဟိုဠ်ကျွန်းသို့ကြွတော်မူ၍ မဟာဝိဟာရအဆက်အနွယ် သံဃာတော် များထံ သိက္ခာသစ်တင်ယူတော်မူခဲ့လေသည်။

သီဟိုဠ်ကျွန်း ဇယဝဓန (ယခုကော့တေး)မြို့၌ မင်းပြုသော သီရိပရက္ကမဗာဟု (ဆဋ္ဌပရက္ကမဗာဟု)မင်းကို အမှီပြု၍ သိမ်သမုတ် တော်မူခဲ့သည်၊ သီရိပရက္ကမဗာဟုရာဇဝင်၌ -

သံဃာရာမဥ္စ ကာရေတွာ၊ ဂါမေခေတ္တေ ဗဟူနိ စ။
ပူဇေတွာ တီဟိ ရဋ္ဌေဟိ၊ အာဂတာနံ တပဿီနံ။

ဟူ၍ လာရှိသဖြင့် အရှင်သဒ္ဓမ္မဇောတိပါလမထေရ်မြတ်သည် သီရိပရ-က္ကမဗာဟုမင်း၏ ကျောင်းပူဇော်ခြင်းကိုခံရလောက်သည်ဟု ယူဆမိသည်။

သီဟိုဠ်ကျွန်းမှ ပြန်ကြွလာသောအခါ ဆပ္ပဋ္ဌရှာ၌သီတင်းသုံးပြီးမှ မိုးညှင်းမင်းတရားလက်ထက် စစ်ကိုင်းမြို့၌ သီဟိုဠ်ရဟန်းတော်အရှင်သီရိသဒ္ဓမ္မာလင်္ကာရမဟာထေရ်, သိရိသီဟဠမဟာသာမိမဟာထေရ်တို့နှင့်အတူတကွ သီတင်းသုံးတော်မူဘူးလေသည်။

ပုဂံပြည်၌လည်း ကြာမြင့်စွာသီတင်းသုံး၍ သာသနာပြုတော်မူခဲ့ဘူးရကား ပုဂံသာသနာပြုပုဂ္ဂိုလ်များတွင် ပါဝင်ထင်ရှားသဖြင့် ဤပုဂံသာသနာဝင်ကျမ်း၌ မထေရ်မြတ်၏အဖြစ်တော်စဉ်နှင့် သာသနာပြုလုပ်ငန်းတို့ကို မိမိဉာဏ်မှီသမျှ စွမ်းနိုင်သမျှ ယထာသတ္တိ, ယထာဗလဖော်ပြပါသည်။

## ကျမ်းဂန်ပြုစုရေးသားမှု

မထေရ်မြတ်သည် ကျမ်းဂန်များစွာတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်၊ ၎င်းတို့မှာ –

၁။ သခေ်ပဝဏ္ဏနာဋီကာပါဠိ၊

၂။ နာမစာရဒီပကပါဠိ၊

၃။ သုတ္တနိဒ္ဒေသပါဠိ၊

၄။ သီမာလင်္ကာရဋီကာ

၅။ ဝိနယဂုဠတ္ထဒီပနီ – စသည်တို့ဖြစ်ကုန်၏။

သီရိပရက္ကမဗာဟုမင်းသည် ဘုရားမြတ်စွာသာသနာကို လွန်စွာမှကြည်ညိုလေးမြတ်သည့် သာသနာပြုမင်းကောင်းဖြစ်လေသည်၊ ပါဠိ, အဋ္ဌကထာ, ဋီကာများကို ရေးကူးစေခြင်း, ကျမ်းဂန်သစ်များပြုစုရန်တောင်းပန်လျှောက်ထားခြင်း–စသည်ဖြင့် သာသနာပြုတော်မူခဲ့လေသည်။

သာဌကထံ သဋီကံ စ၊ ပိဋကတ္တယမုတ္တမံ။
လိခါပေတွာန ဗုဒ္ဓဿ၊ သာသနံ သင်္ဂဟံ အကာ။[၁]

## သခ်ေပဝဏ္ဏနာဋီကာပါဌ်

အရှင်သဒ္ဓမ္မဇောတိပါလမဟာထေရ်မြတ်ကိုလည်း အဘိဓမ္မတ္ထသင်္ဂြိုဟ်ခေါ်ဆိုမည့်မှန်း လက်သန်းအဋ္ဌကထာ၏အဖွင့်ကျဉ်း သခ်ေပဝဏ္ဏနာဋီကာကျမ်းရေးရန် ရှိသေမြတ်နိုး ရှိခိုးတောင်းပန်ခဲ့ကြောင်း–

အာဂတာဂမသတ္တေန၊ စန္ဒောဝ သရဒမ္ဗရေ။
ပါကဋ္ဌေန်ိဝ ဒီပမှိ၊ မဟာဝိဇယဗာဟုနာ။
ဥက္ကဋ္ဌံ နိသီဒိတွာ၊ သာသနုတ္တာဘိကင်္ခိနာ။
ယာစိတောဟံ ကရိဿာမိ၊ သခ်ေပပဒဝဏ္ဏနံ

ဟူသော ၂–ဂါထာဖြင့် သခ်ေပဝဏ္ဏနာဋီကာကျမ်း ဂန္ထာရမ္ဘ၌ ပြတော်မူခဲ့လေသည်။ ၎င်းကျမ်းကို သာသနာသက္ကရာဇ် ၁၉၉၀–တွင် ရေးသားကြောင်း။

ပုဏ္ဏေ ဒသေ နဝနဝုတ္တိဂုဏေ ဝဿေ။
ဝဿေ သဟဿဂနေ ဇိနနိဗ္ဗုတမှာ။

စသည်ဖြင့် နိဂုံး၌ဖော်ပြခဲ့လေသည်။

သီဟိုဠ်ကျွန်း ဖယဝဗုနမြို့၌ ဦးစီးဦးကိုင်ပြုလုပ်၍ သိမ်သမုတ်ခဲ့ကြောင်း, သီဟိုဠ်ရဟန်းတော်များအား ဝိနည်း, အဘိဓမ္မာကျမ်းများစွာတို့ကို သင်ကြားပို့ချပေးခဲ့ကြောင်းကိုလည်း –

နိဿာယ သာသနမလံသု ဝိသောဓယိတွာ၊
ဘိက္ခူဟိ စိဏ္ဏဝိနယေဟိ သုသညတေဟိ။
ဗန္ဓာပယိ ပုရဝရေ ဖယဝဗုနဌေ၊
သီမံ ဝိပတ္တိရဟိတံ ဝိနယာနုရူပံ။
သိက္ခာပယိ ယတိဂဏေ ဝိနယာဘိဓမ္မေ၊
ပညာဝဒါတဟာဒယော သဒယော ဇနာနံ။

---

၁။ မဟာဝံသ၊ ၉၀။ ၂၇။

အပ္ပိစ္ဆတာ ဝီရိယသီလဂုဏာဂ္ဂသဒ္ဓော၊
သဒ္ဒါဓနော သကလ သီသဇနာနုကမ္ပိ။
စသောဂါထာများ¹ဖြင့် သင်္ခေပဝဏ္ဏနာနိဂုံး၌ ဖော်ပြခဲ့လေသည်။
ကျမ်းဦး၌ –
တိက္ခတ္တုံ ပတ္တလင်္ကာယော၊ ပတိဋ္ဌာပေသိ သာသနံ။
ဝန္ဒိတွာ လောကနာထံ တံ၊ ဓမ္မသံဃဥ္စ ပူဇိတံ။
ဟူသောဂါထာဖြင့် လင်္ကာခေါ်ဆို သီဟိုဠ်ကျွန်းသို့ သုံးကြိမ်သုံးခေါက် ကြွရောက်တော်မူသော မြတ်စွာဘုရားသည်ပင် ပူဇော်အပ်သောတရားတော်နှင့် သံဃာတော်ကို ရှိခိုး၍–ဟူ၍ သီဟိုဠ်ရောက် သီဟိုဠ်နေ ပုဂ္ဂိုလ်နှင့်ဆီလျော်ကိုက်ညီအောင် ဝစီပဏာမပြုတော်မူခဲ့လေသည်။

အရှင်သဒ္ဓမ္မဇောတိပါလသည် ပဒဝဏ္ဏနာခေါ် သမ္ဗန္ဓဆက္က ခြောက်မျိုးဖြင့် ဂန္ထာရမ္ဘ ပြုပြီးကျမ်းစာကို စတင်ရေးသားဖွင့်ဆိုခြင်း လုပ်ငန်းဝင်ခဲ့လေသည်။

## သင်္ခေပဝဏ္ဏနာဋီကာလာ ဂုဏ်ရည်ပြစကား

သင်္ခေပဝဏ္ဏနာဋီကာအပြီး နိဂုံးဂါထာများမဖော်ပြမီ "ပရမ ဝိစိတ္တနယ ကောဝိဒပညာဇနသမန္နာဂတေန သုဝိသုဒ္ဓဗုဒ္ဓိဝီရိယသီလာ စာရသမန္နာဂတေန အပရမိတပါရမိတာသမ္ဘူတပညာနုဘာဝဇနိက တိပိဋကဓရေန အရိမဒ္ဒနဂေါစရဂါမကေန ဒိဋ္ဌဓမ္မသမ္ပရာယိကတ္ထာန သာသကဿ သတ္တုနော သာသနဟိတကာမာနံ လင်္ကာဒီပပရဒီပဝါသီ နံ သောတုဇနာနံ ပရိယတ္တိ ပရိယာပုဏာန္တေန ဆပ္ပဋ္ဌောတိ ဝိဿုတေန ဝိသုဒ္ဓဗုဒ္ဓိဝီရိယသီလာစာရဂုဏာသမန္နာဂတေဟိ တိပိဋကဂရူဟိ ဂဟိတ သဒ္ဓမ္မဇောတိပါလောတိနာမဓေယျေန ထေရေန ကတာ အဘိဓမ္မတ္ထ သင်္ဂဟသင်္ခေပဝဏ္ဏနာ နိဋ္ဌိတာ" ဟူသော ခမ်းနားများပြားလှစွာသော

---

၁။ ယင်းနိဂုံးဂါထာများကို သင်္ခေပဝဏ္ဏနာ သီဟိုဠ်မူရင်းအတိုင်း ဖော်ပြသည်။

အရှင်သဒ္ဓမ္မဇောတိပါလ၏ ဂုဏ်ရည်ဂုဏ်ပုဒ်စကားများကို တွေ့ရ၏။ ၎င်းတို့ကား အရှင်သဒ္ဓမ္မဇောတိပါလထေရ်ကိုယ်တိုင်ရေးစကားများ ဟုတ်မှဟုတ်ပါမည်။ အရှင်သဒ္ဓမ္မဇောတိပါလကိုကြည်ညိုသူ တပည့်တဦးဦး ရေးသားချက်ဖြစ်ကောင်းဖြစ်မည်ဟု ထင်မိပေသည်။ သို့ရာတွင် ၎င်းစကားရပ်များသည် နာမာစာရဒီကပါဌ်နိဂုံး–စသည်တို့၌လည်း လာရှိ၏။

## သီဟိုဠ်၌လည်း ရိုက်နှိပ်ခဲ့

ယင်းကျမ်းသည် မြန်မာပြည်၌လည်း အကြိမ်ကြိမ်ရိုက်ခဲ့ရာ ရှိုင်ဆိုက်စာမျက်နှာ ၇၀–ခန့် ရှိလေသည်၊ သီဟိုဠ်ကျွန်း၌လည်း အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့သည်။ သာသနာသက္ကရာဇ် ၂၄၄၃–ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၉၉–ခုနှစ်က သီဟိုဠ်ကျွန်း၊ ကိုလံဘိုမြို့ ဇိနာလင်္ကာရပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့ရာ မျက်နှာဖုံး၌ ''အဘိဓမ္မတ္ထသင်္ဂဟာသင်္ခေပဝဏ္ဏနာ သဒ္ဓမ္မဇောတိပါလမဟာထေရေန ရစိတာ ဝါလုကာတိတ္ထဂါမိကေန ပညာနန္ဒာဘိဓာနေန ဘိက္ခုနာ သံသောဓိတာ၊ ဗုဒ္ဓသာသနမဟာသူရ သေနာပတိနာမဓေယျေန ပဋိဂ္ဂဟိတာ''ဟု တွေ့ရ၏။ ယင်းသီဟိုဠ်မူမှာ ရှိုင်ဆိုက် ၅၅–မျက်နှာရှိလေသည်။

## နာမစာရဒီပကပါဌ်

နာမစာရဒီပကပါဌ်မှာလည်း ရှိုင်ဆိုက် ၂၅–မျက်နှာခန့်ရှိ ကျမ်းစာဖြစ်သည်၊ အားလုံး ဂါထာဖြင့်ရေးသားထားရာ အဘိဓမ္မာလေ့လာသူတို့သာမက ဂါထာရေးစီရင်သူတို့အတွက်လည်း များစွာအကျိုးရှိစေမည့် ကျမ်းဖြစ်သည်။ ယင်းကျမ်း၌ –

၁။ ဘူမိဇာတိဝိဘာဂ

၂။ ပုဂ္ဂလဝိဘာဂ

၃။ ပုဗ္ဗာပရဝိဘာဂ

၄။ ကိစ္စဋ္ဌာနဝိဘာဂ

၅။ အာရမ္မဏဝိဘာဂ

၆။ ရူပနိဒ္ဒေသ
၇။ ပစ္စယဝိဘာဂ–အားဖြင့် အပိုင်း ၇–ပိုင်းရှိ၏။
ကျမ်းဦး၌ –

နမဿိတွာန သမ္ဗုဒ္ဓံ၊ ဘူမိဇာတာနမဒ္ဒိနံ။
ဝိဇာနန္တံ ဣမံ ဓမ္မံ၊ သံဃံ စ ဂုဏသာဂရံ။
ရစယိဿံ သမာသေန၊ နာမစာရဿ ဒီပကံ။
ပဋ္ဌာနနယဂါဟံ တံ၊ တံ သုဏာထ သမာဟိတော။

ဟူသော ၂–ဂါထာဖြင့် ရတနတ္တယပဏာမ, ပဋိညာဉ်စသည်တို့ကို ဖော်ပြတော်မူခဲ့လေသည်၊ ကျမ်း၏အဆုံး၌ "ပရမဝိစိတ္တနယကောဝိဒ ပညာဇဝနသမန္နာဂတေန ． ． ． ထေရေန ကတော သောတူနံ မတိဝဍ္ဎနတော နာမစာရဒီပကောနာမ နိဋ္ဌိတော" ဟူသောစကားတို့ဖြင့် နိဂုံးအုပ်ခဲ့လေသည်။

## သုတ္တနိဒ္ဒေသပါဠိ

ကစ္စည်းသဒ္ဒါကျမ်း၏အဖွင့်ကိုလည်း သုတ္တနိဒ္ဒေသအမည် ဖြင့် ပြုစီရင်တော်မူခဲ့လေသည်၊ ယင်းကျမ်းမှာ ရှိုင်ဆိုက် ၂၉၀၊ ၃၀၀– ခန့်ရှိလေသည်။ ယင်းကျမ်းကို အရှင်သဒ္ဓမ္မစာရီအမည်ရှိသော ရဟန်း တော်တောင်းပန်သဖြင့် ရေးသားတော်မူခဲ့သည်။
ကျမ်းဦး၌ –

တိက္ခတ္တုံ ပတ္တလင်္ကာယော၊ ပတိဋ္ဌာပေသိ သာသနံ။
ဝန္ဒိတွာ လောကနာထံ တံ၊ ဓမ္မဥ္စသ ဂဏုတ္တမံ။
သဒ္ဓမ္မဇ္ဈောတိကာမေန၊ ယာစိတော ဓမ္မစာရိနာ။
သနိဒ္ဒေသံ ကရိဿာမိ၊ ကစ္စာနသုတ္တဝဏ္ဏနံ။
ပေါရာဏေဟိ ကတာနေကာ၊ သန္တိယာ ပန ဝဏ္ဏနာ။
တာ ဇဟိတွာန နိဒ္ဒေသံ၊ ဝိတ္ထာရနယဒီပိကာ။
တသ္မာ ကိဉ္စိ အဝသိဋ္ဌံ၊ ကရိဿံ သုတ္တဝဏ္ဏနံ။
ကိဉ္စိမတ္တံ အဝေက္ခထ၊ သာသနဿ ဟိတတ္ထိကာ။

ဟူသော ၄–ဂါထာဖြင့် ရတနတ္တယပဏာမ, အဘိယာစက, ပဋိညာဉ်

စသည်တို့ကို ဖော်ပြတော်မူခဲ့လေသည်၊ ယင်းသုတ္တနိဒ္ဒေသကျမ်းမှာ ပါဠိသွားလွယ်ကူသည့်ပြင် မကျယ်လှသဖြင့် ကြည့်ရှုလေ့လာသင့်သော ကျမ်းစာ ဖြစ်လေသည်၊ ပဒရူပသိဒ္ဓိကျမ်းလာ ဂါထာတော်တော်များများ ကိုလည်း ဤသုတ္တနိဒ္ဒေသကျမ်း၌ တွေ့ရ၏။ အပိုင်းကဏ္ဍတိုင်း၏ အဆုံး၌ –

တေန ပုညေန ဣဓ္ဌန္တိ၊ သဗ္ဗသတ္တ မနောရထာ။

ရာဇာနောပိ စ ရက္ခန္တု၊ ဓမ္မေန သာသနံ ပဇံ။

ဟူသောဂါထာဖြင့် ဆုတောင်းခဲ့လေသည်။ အရှင်သဒ္ဓမ္မဇောတိပါလ ထေရ်သည် ပုဒ်ဖြတ်, သမာသ်စသည် ခွဲပြီး နောက်အနက်ပေးရန် ကိုလည်း –

ပဌမံ ကရေ ပဒစ္ဆေဒံ၊ သမာသာဒိ တတော ကရေ။

သမာသာဒေါ ကတေ ပစ္ဆာ၊ အတ္ထံ နိယျာထပဏ္ဍိတာ။[၁]

ဟူသောဂါထာဖြင့် ပြတော်မူခဲ့လေသည်။

## သီမာလင်္ကာရဋီကာ

သီမာလင်္ကာရဋီကာကိုလည်း အရှင်သဒ္ဓမ္မဇောတိပါလထေရ် ရေးသားစီရင်တော်မူခဲ့လေသည်၊ သီမာလင်္ကာရဋီကာမှာ သီဟိုဠ်ကျွန်း အရှင်သာရိပုတ္တရာ၏တပည့် ဝိနယဝိနိစ္ဆယဋီကာကျမ်းပြု အရှင်ဝါစိဿ ရထေရ်ရေး သီမာလင်္ကာရဋီကာ, အရှင်သဒ္ဓမ္မဇောတိပါလထေရ်ရေး သီမာလင်္ကာရဋီကာ–ဟု ၂–စောင်ရှိကြောင်း သိရလေသည်၊ ယင်း ၂–စောင်အနက် အရှင်သဒ္ဓမ္မဇောတိပါလ၏ သီမာလင်္ကာရဋီကာမှာ ဒုတိယမြောက်ဋီကာ ဖြစ်လေသည်၊ ယင်းသီမာလင်္ကာရဋီကာအဆုံး၌–

သဗ္ဗတ္ထ ယုတ္တ ပိဋကတ္တယပါရဒဿီ၊

သော ဆပ္ပဒေဝှယသုတော ယတိရာဇပုတ္တော။

---

၁။ သုတ္တနိဒ္ဒေသ။ ၁၄၃။ (သမာသ်ကျမ်းအစ)

သီမာယလံကရဏာသံဂဟာဝဏ္ဏာနေ မံ၊
သံခေပတော ဝိရစယိ မုနိသာသနတ္ထံ။
ဟူသောဂါထာဖြင့် နိဂုံးအုပ်ခဲ့လေသည်။[၁]

## ဝိနယဂုဠှတ္ထဒီပနီ

အရှင်သဒ္ဓမ္မဇောတိပါလထေရ်သည် ဝိနည်း၌လည်း ကျွမ်းကျင်တတ်မြောက်တော်မူ၏။ သို့ဖြစ်၍ ဝိနည်းပိဋကလာအခဲအကတ်ကို ရှင်းလင်းဆုံးဖြတ်ဖော်ပြ၍ ဝိနယဂုဠှတ္ထဒီပနီကို ရေးသားတော်မူခဲ့လေသည်။[၂]

သာသနဝံသဒီပနီ၌ –

ပုရာရိမဒ္ဒနေ ရမ္မေ၊ နဂရေ ဆပဒ္ဒဝှယော။
ထေရော ပါဝစနေ ဆေကော၊ နာနာသတ္ထဝိသာရဒေါ။
သခေပဝဏ္ဏနံ သုတ္တ–နိဒ္ဒေသဥ္စ ပုနာပရံ။
အကာသိ ဋီကံ သာမိဝ၊ သီမာလင်္ကာရသင်္ဂဟေ။
ဟူသောဂါထာဖြင့် မှတ်တမ်းတင်ခဲ့ရာ ဝိနယဂုဠှတ္ထ မပါရှိပဲနေ၏။

## ဆပဒ္ဒထေရ်ဟု ထင်ရှားခြင်းအကြောင်း

၎င်းမထေရ်ကား ဆပဒ္ဒရွာ၌ ဒုတိယအကြိမ်ထင်ရှားသော မထေရ်ဖြစ်၍ တနည်း ကုသိမ (ပုသိမ်)မြို့ ဆပဒ္ဒရွာ၌ မွေးဖွားသော မထေရ်ဖြစ်၍ ဆပဒ္ဒဟုထင်ရှားခဲ့လေသည်။ မြန်မာ့သာသနာဝင်နှင့် သီဟိုဠ်သာသနာဝင်တို့၌ လွန်စွာထင်ရှားသည့်မထေရ် ဖြစ်လေသည်။

မြန်မာ့ရဋ္ဌေ စ ဒီပေ စ၊ ဝိသေနာနပ္ပကာရဏော။
ထေရောတိ ပါကဋော အာသိ၊ ယထာတိ စန္ဒိမာသသီ။

---

၁။ ပိဋကတ်တော်သမိုင်းကျမ်း။ ၁၂၂။ သီဟိုဠ်ပါဠိသမိုင်း (ပါဠိသာဟိတျ၊ ၃၀၂)
၂။ သာသနဝံသပဒီပိကာ။ ၈၃။

## ပျံလွန်တော်မူခြင်း

ကျမ်းဂန်ပြုစုတော်မူခြင်း, စာပေပို့ချခြင်း–စသည်တို့ဖြင့် သာသနာပြုတော်မူပြီး ဘုရား, ရဟန္တာတို့သော်မှ လွန်စံမရသော သေမင်းနိုင်ငံသို့ လိုက်ပါခဲ့ရလေပြီ။

သဒ္ဓမ္မဇောတိပါလော ဟိ၊ သဒ္ဓမ္မဇောတကော ဝိဒူ။
သီလေ သော ဝိဒ္ဓတ္တေ ကတွာ၊ ယာတော ခေါ မစ္စုနော ဝသံ။

## အရှင်သာရဒဿီထေရ်

အရှင်သာရဒဿီထေရ်သည်လည်း ပုဂံ၌ထင်ရှားသော ကျမ်းပြု သာသနာပြုပုဂ္ဂိုလ်မြတ် ဖြစ်လေသည်၊ ပုဂံမြို့ မြောက်လက်မြစ်မြောက်ဖက် ရေကြည်ရွာ၌ သက္ကရာဇ် ၁၁၀၀–ပတ်ဝန်းကျင်လောက်တွင် ဖွားမြင်သည်ဟု ခန့်မှန်းမိပေသည်။

## သာသနာ့ဝန် ထမ်းဆောင်

မထေရ်မြတ်သည် သက်တော်ငယ်ရွယ်စဉ်ကပင် ရှင်သာမဏေပြု၍ အရွယ်ရောက်သော် ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်၊ ပုဂံမြို့စသည်၌ ကျမ်းဂန်တတ်တော်မူခဲ့လေသည်၊ ဆရာတော်၏ဘွဲ့တော်မှာ အရှင်သာရဒဿီဖြစ်လေသည်၊ သီလဝန္တ သိက္ခာကာမအဖြစ် ကျမ်းစာများ၌ မှတ်တမ်းတင်ထားသည်များကို တွေ့ရ၏။

## ရေကြည်ဂိုဏ်း စတင်သူ

အရှင်သာရဒဿီသည် ရေကြည်ဂိုဏ်း၏ ဦးစီးနာယက ရေကြည်ဆရာတော်ဟု ထင်ရှားလေသည်၊ တောင်ပုံမြစ်ခြေအရပ်၌ သီတင်းသုံးတော်မူကာ စာပေပို့ချတော်မူခဲ့လေသည်၊ ရဟန်း သာမဏေများစွာတို့သည် ဆရာတော် အရှင်သာရဒဿီထံ ရောက်ရှိပညာသင်ကြားကြကုန်၏၊ ၎င်းတပည့်တပန်းတို့ကျောင်းတည်ထောင်ကြသောအခါ ရေကြည်ဆရာတော်၏တပည့်များဖြစ်ကြသောကြောင့် ရေကြည်

အဖွဲ့အစည်း ရေကြည်ဂိုဏ်းဟု ထင်ရှားလေတော့သည်၊ ယခုအခါ မြစ်မြောက်ဖက်တလျှောက်တွင် ရေကြည်ဂိုဏ်းဝင်ကျောင်းပေါင်း ၁၀၀–ကျော်ခန့်ရှိသည်ဟု သိရလေသည်။

## ကျမ်းဂန်ပြုစုခြင်း

ရေကြည်ဆရာတော် အရှင်သာရဒဿီသည် ကျမ်းဂန်များစွာတို့ကို ပြုစုဟန်တူပေသည်၊ သို့ရာတွင် ပရမတ္ထမဉ္ဇူကျမ်း တကျမ်းကိုသာ တွေ့ရှိရပေသည်။

## ပရမတ္ထမဉ္ဇူကျမ်း

ပရမတ္ထမဉ္ဇူကျမ်း၌ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ခန္ဓာ, အာယတန, ဓာတ်, သစ္စာ–အစရှိသော ပရမတ္ထတရားတို့နှင့် ပုဂ္ဂိုလ်, ဘုံ, စကြာဝဠာ, ကမ္ဘာတည်နေဟန် နေလသွားဟန်–အစရှိသော အကြောင်းအရာတို့ကို ရေးသားဖော်ပြထားပေ၏၊ အဘိဓမ္မာပါဠိ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းကြီးများကို မချဉ်းနင်းနိုင်သူတို့အတွက် သင့်လျော်ပေသည်၊ ရှစ်ကြောင်းပေ သုံးအင်္ဂါမျှသာရှိပေသည်၊ ကျမ်းဦး၌–

တိလောကမဟိတံ ဗုဒ္ဓံ၊ သဗ္ဗညုမဘိဝန္ဒိယ။

ဓမ္မံ သံဃဉ္စ ဘာသိဿံ၊ ပရမတ္ထာဒိမဉ္ဇူသံ။

ဟူသောဂါထာဖြင့် ရတနတ္တယပဏာမ, ပဋိညာဉ်စသည်ကို ပြုစုတော်မူခဲ့လေသည်၊ ကျမ်းစာအဆုံး နိဂုံး၌ –

အရိမဒ္ဒနမည်သော ပုဂံမြို့မြောက်ဖက် တောင်ပုံမြစ်ခြေအရပ်၌ သီတင်းသုံးနေသော ရေကြည်ရွာဇာတိဖြစ်သော ဂဏာစရိယ, ဂဏပါမောက္ခ တိပိဋကရေဗဟုသုတ, လဒ္ဓိပေသလဖြစ်သော သာရဒဿီမထေရ်သည် ကျမ်းဂန်လာအတိုင်း သူခပ်သိမ်းတို့ တတ်လွယ်မှတ်လွယ်, သိလွယ်မြင်လွယ်စိမ့်သောငှာ အကျဉ်းစီရင်အပ်သော ပရမတ္ထမဉ္ဇူသာရအမည်ရှိသောကျမ်း ...ဟု တွေ့ရှိရလေသည်။

အရှင်သာရဒဿီသည် သက်ဆုံးတိုင် သာသနာပြုတော်မူကာ နောက်တွင် နတ်ပွဲသဘင်ဝင်တော်မူခဲ့လေသည်။

သာရဒဿီ တပဿီတိ၊ သာရဒဿီ မဟာကဝိ။
ဒီပေတွာ ဇိနစက္ကံ သော၊ ပယာတော တိဒသာလယံ။

## ဒီဃနိကာယ်နိဿျကျမ်း စသည်ပြု အရှင်ဂုဏာဝင်္ဃသက မဟာထေရ်

အရှင်ဂုဏာဝင်္ဃသကထေရ်သည် နိဿျကျမ်းပြုပုဂ္ဂိုလ်ဖြစ်လေသည်၊ ပုဂံနှောင်းခေတ် နိဿျကျမ်းစာအရေးအသားကို အရှင်ဂုဏာဝင်္ဃသက၏ နိဿျကျမ်းစာတို့ဖြင့် အကဲဖြတ်ကြရကုန်၏။

## အရှင်ဂုဏာဝင်္ဃသကပေါ်ထွန်းချိန်ခေတ်

အရှင်ဂုဏာဝင်္ဃသကသည် ပုဂံမြို့ပျက်သုဉ်းပြီးနောက် အင်းဝခေတ်တွင် ပေါ်ထွန်းသောမထေရ်မြတ်ဖြစ်လေသည်၊ အင်းဝမြို့၌ ၁၀၃၆–ခုနှစ်တွင် နန်းတက်သော မှန်နန်းရှင်လက်ထက်လောက်တွင် ပေါ်ထွန်းသောမထေရ်ဖြစ်လေသည်၊ ပုဂံမြို့၌ သီတင်းသုံး၍ စာပချပို့စာပေပြုစုခဲ့သည့် ကျမ်းဂန်တတ်မထေရ်မြတ်ဖြစ်လေသည်။

ပိဋကတ်တော်သမိုင်း၌ အရှင်ဂုဏာဝင်္ဃသကကို "သက္ကရာဇ် ၆၈၇–ခုနှစ် အရိမဒ္ဒနမည်သော ပုဂံမြို့တွင် နန်းတက်သော စောမွန်နှစ်မင်း ညီတော် ရာဇသူမြောက်သားတော် စောမြတ်လှတို့ကမွေးဖွားသူညောင်ရမ်း, သာဂရ ၂–မြို့စား ဂုဏ္ဏာန္တရာဇ်မင်းသားက ပုဂံမြို့တွင် ရွှေကျောင်းကြီးဆောက်လုပ်ကိုးကွယ်သည့် ဆရာတော်ဟုပြဆိုထားလေသည်။ သို့ရာတွင် အရှင်ဂုဏာဝင်္ဃသက ပြုစီရင်သော ကဝိသာရဋီကာနိဿျရေးပြီး နှစ် ၁၀၉၂–ခုကို ထောက်၍ ဟုတ်နိုင် / မဟုတ်နိုင် ပညာရှင်တို့သာ ဆုံးဖြတ်ကုန်ရာ၏။

## ကျမ်းဂန်ပြုစုခြင်း

အရှင်ဂုဏာဝင်္ဃသကသည် –

၁။ ကဝိသာရဋီကာနိဿျဟောင်း
၂။ သုတ်သီလက္ခန်ပါဠိတော်နိဿျ

၃။ သုတ်မဟာဝါပါဠိတော်နိသျ
၄။ သုတ်ပါထေယျပါဠိတော်နိသျ
၅။ သုတ်သီလက္ခန်အဋ္ဌကထာနိသျ
၆။ သုတ်မဟာဝါအဋ္ဌကထာနိသျ
၇။ သုတ်ပါထေယျအဋ္ဌကထာနိသျ
၈။ ချာသနိသျဟောင်း (သန္ဓိ, နာမ်, ကာရက)စသည့်တို့ ဖြစ်ကုန်၏။

## သုတ်မဟာဝါအဋ္ဌကထာနိသျနိဂုံး

သုတ်မဟာဝါအဋ္ဌကထာနိသျနိဂုံး၌ "ပရမဝိစိတ္တနယ ကောဝိဒ ဇဝနသမန္နာဂတာနံ၊ အလွန်ဆန်းကြယ်သောနည်း၌ လိမ္မာကုန်သော လျင်သောပညာနှင့်ပြည့်စုံကုန်သော။ သုဝိသုဒ္ဓိဝိရိယသီလာစာရသမန္နာဂတာနံ၊ ကောင်းစွာစင်ကြယ်သော ပညာ,ဝီရိယ သတင်း, အကျင့်နှင့် ပြည့်စုံကုန်ထသော။ သကလနဝင်္ဂတိပိဋကဓရာနံ၊ အလုံးစုံသောအင်္ဂါ ကိုးပါး ပိဋကတ်သုံးပုံကိုဆောင်ကုန်ထသော။ ထေရဝံသပ္ပဒီပါနံ၊ ဆီမီး သဖွယ် မထေရ်မြတ်တို့၏ အနွယ်ဖြစ်ကုန်ထသော။ မဟာထေရာနံ၊ မဟာထေရ်တို့၏။ ဝံသာလင်္ကာရဘူတံ၊ အနွယ်ကို တန်ဆာဆင်တတ် သည်ဖြစ်၍။ ဝိသုဒ္ဓိပုဒ္ဓဝီရိယသီလာစာရဂုဏာသမန္နာဂတေဟိ၊ ကောင်းစွာ စင်ကြယ်သော ပညာ, ဝီရိယ, သတင်းအကျင့်နှင့်ပြည့်စုံကုန်ထသော။ သာဋ္ဌကထာပဒေဟိ၊ အဋ္ဌကထာနှင့်တကွ အပြားရှိကုန်သော။ တိပိဋက ဓရ ဂရူဟိ၊ ပိဋကတ်သုံးပုံကိုဆောင်ကုန်သောဆရာတို့သည်။ ဂတ– နာမေန၊ မှည့်အပ်သောအမည်ရှိသော။ သဒ္ဓါဝီရိယ သတိသမာဓိ ပညာ ခန္တီမေတ္တာ ကရုဏာဒိဂုဏာသမူဟေန၊ သဒ္ဓါ,လုံ့လ,သတိ,တည်ကြည် ခြင်း, စွန့်ကြဲခြင်း, ပညာ, ခန္တီ, မေတ္တာ, ကရုဏာ–အစရှိသော ကျေးဇူး အပေါင်းတို့၏ တည်ရာဖြစ်သော။ သဟဓမ္မိကာဒီနံ၊ သီတင်းသုံးစသည် တို့အား။ ပစ္စယမ္မေသင်္ဂဟော၊ ဆွမ်း, သင်္ကန်း, ပစ္စည်းဖြင့် ပေးကမ်းခြင်း တရားသဖြင့် သင်္ဂြိုဟ်ခြင်းကိုပြုတတ်သော။ ဂုဏဝဍ္ဍသကမဟာထေရေ န၊ ဂုဏဝဍ္ဍသက မဟာထေရ်သည်။ ကတော၊ စီရင်အပ်သော။ ဂန္ထော၊

သုတ်မဟာဝါအဋ္ဌကထာဟူသော လက်ဝန်းကျမ်းသည်။ ဣတိ သမ တ္တော၊ ဤသို့ပြည့်စုံ၏။''ဟူ၍ ဆရာသမားတို့၏ အရည်အသွေး, မိမိ၏ ဂုဏ်ရည်-စသည်တို့ကို ဖော်ပြခဲ့လေသည်။

## ဝိရိယကြီးမြတ်သူ

အရှင်ဂုဏာဝင္ကသကကား ဝိရိယကြီးမားသည့်ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်၊ ယင်းသို့ဝိရိယကြီးမားသဖြင့် ဤမျှများပြားသောနိဿျ ကျမ်းစာများကို ရေးသားစီရင်နိုင်ခြင်း ဖြစ်လေသည်။

ဝါယာမေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ယောက်ျားမှန်က ကြိုးစားသင့်စွာ ပညာရှိ မပျင်းမရိရာ။

## အရှင်သီရိသဒ္ဓမ္မာဘိလင်္ကာရ

ဆရာတော် အရှင်သီရိသဒ္ဓမ္မာဘိလင်္ကာရသည် ပုဂံမြို့ မြောက်ဖက် ရောဝတီမြစ်မြောက်ဖက် ညောင်လုရွာ၌ ဖွားမြင်သည်၊ အရွယ်ရောက်သော် ရဟန်းပြု ပညာသင်ရာ စာပေကျမ်းဂန်တတ် မြောက်ကျွမ်းကျင်တော်မူသည်၊ ကျစွာမင်းကြီး၏ပရမတ္ထဗိန္ဒုပါဠိအဖွင့် ပရမတ္ထဗိန္ဒုဋီကာကို ပရမတ္ထမဉ္ဇူသာအမည်ဖြင့် သာသနာသက္ကရာဇ် ၂၂၈၉-ခု၊ ကောဇာသက္ကရာဇ် ၁၁၀၉-ခုနှစ်တွင် အပြီးသတ်စီရင်ခဲ့ လေသည်။

## အရှင်ဂုဏမဟာထေရ် (နတ်ထောင့်ဆရာတော်)

အရှင်ဂုဏာမဟာထေရ်သည် နတ်ထောင့်ဂိုဏ်းကြီး၏ အကြီး အကဲ သံဃနာယကဖြစ်တော်မူလေသည်၊ ပုဂံမြို့နယ် မြောက်ဖက် ကူရွာ၌ သက္ကရာဇ် ၁၁၁၆-ခုနှစ်၊ ပြာသိုလဆန်း ၁-ရက်နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ဆရာတော်လောင်းလျာ၏ ငယ်မည်မှာ မောင်ညိမ်ဖြစ်လေသည်။

## ရှင် ရဟန်းပြုခြင်း၊ ပညာသင်ကြားခြင်း

သက်တော်အရွယ်နုနယ်ငယ်လျစဉ်ကပင် ရှင်သာမဏေပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ သက်တော် ၂၀–ပြည့်မြောက်ရာအခါတွင် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ ဘွဲ့တော်မှာ အရှင်ဂုဏာဖြစ်လေသည်။

ရတနာပုရအင်းဝရွှေမြို့တော်သို့လည်း ကြွရောက်တော်မူ၍ ပညာသင်ကြားတတ်မြောက်တော်မူခဲ့လေသည်၊ ဆရာတော်သည် ရတနာပုရ စတုတ္ထမြို့တည် မင်းတရားကြီး၏ညီတော် မြင်းစိုင်းမင်း နှမတော် ရွှေတောင်မင်းသမီးတို့၏ မြို့တော်မြောက်ဖက် ဗားကရာ ကျောင်းကြီးတွင် ဘုံလေးဆင့်ရှိကျောင်းဆောက်၍ လှူဒါန်းကိုးကွယ် ခြင်းကိုလည်း ခံယူတော်မူရလေသည်။

## ရာဇာဓိရာဇဂုရု

ဆရာတော်ဘုရားကြီးသည် ''ဂုဏာဘိပရမဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု''ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော် မူလေသည်။ သက်တော် ၈၁–နှစ်ရှိရာ ၁၁၉၇–ခုနှစ်တွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

ဘဒန္တဂုဏာထေရော ဟိ၊ ဂုဏောဟိ အဘိလက်ံတော။
သဗ္ဗိ တေဟိ ဂုဏောဟေဝ ပဝိဋ္ဌော မစ္စုနော မုခံ။

## အရှင်လင်္ကာဒီပထေရ်

အရှင်လင်္ကာဒီပထေရ်သည်လည်း ပုဂံမြို့၌ ပရိယတ္တိစာပေ ချပို့ သာသနာပြုသည့်မထေရ်မြတ်တပါးဖြစ်တော်မူသည်၊ သက္ကရာဇ် ၁၁၃၀–ပတ်ဝန်းကျင်တွင် ဖြစ်ထွန်းကြီးပွားထင်ရှားခဲ့လေသည်၊ ထို အချိန်ကား ကုန်းဘောင်ခေတ်၊ ဆင်ဖြူရှင် စဉ့်ကူးမင်း၊ ဗဒုံမင်း တရားတို့ စိုးစံချိန်ဖြစ်လေသည်။

## ပုဂံမြို့၌ စာပေပို့ချ

အရှင်လက်ာဒီပသည် ပုဂံမြို့အရှေ့မြောက်ယွန်းကျောင်းတိုက်၌ စာသင်သားများစွာတို့ကို စာပေပို့ချတော်မူခဲ့လေသည်၊ အဘိဓမ္မာကျမ်းစာများကို များစွာအလေ့အလာပြု ချပို့ဟန်တူပေသည်။

## ကျမ်းဂန်ပြုစုတော်မူခြင်း

ကျမ်းဂန်တို့ကိုလည်း ပြုစုရေးသားတော်မူခဲ့ရာ ဋီကာကျော်နိသျသစ်မှာ ထင်ရှားလေသည်၊ ဋီကာကျော်နိသျကျမ်းဦး၌ –

ဥဃျုဓမ္မေန သညာဏံ၊ ဗုဒ္ဓဥ္စ မလဓောဝလံ။
ဓမ္မံ ဝိသုဇ္ဈန္တံ သံဃံ၊ နာနာ ဒက္ခံ ဂရုံ နမေ။

ဂန္ထဝါစနမတ္တာယ၊ အဘိဓမ္မာ ဝိဘာဝိနီ။
ဋီကာယနဝနိသျံ၊ ဘိက္ခံ လဝမ္ဘပုဗ္ဗနံ။

ဟူသောဂါထာဖြင့် ရတနတ္တယပဏာမ, ပဋိညာဉ်စသည်တို့ကို ဖော်ပြတော်မူခဲ့လေသည်။

ကျမ်းစာနိဂုံး၌လည်း –

တမ္ဗဒီပဝှယေ ရဋ္ဌေ၊ နဂရံ အရိမဒ္ဒနံ။
ဇိနစက္ကသု ပဇ္ဇောတံ၊ နေကရညံ့ နိဝါသကံ။

တသေ့ဝ ပုဗ္ဗဘာဂမှ၊ ဉ္ဇသမုတ္တရ နိဿိတေ။
သာဝူနံ သေဝိတေ ရမ္မေ၊ ဝသန္တေန မဟာလယေ။

သီလာစာရဋ္ဌုဝါဒီဟိ၊ ပါသံသမာနိတေန စ။
လက်ာဒီပေန ထေရေန၊ ဟိတကာမေန သောတူနံ။

နိဿယော ယံ တတော သုဒ္ဓ–ဘိဓမ္မတ္ထဝိဘာဝိနီ။
ဋီကာယ သက္ကရာဇေ တု၊ အဋ္ဌတိံသသတာဓိကံ။

သဟာဿဂဏနံ ပတ္တော၊ မာဃမာသဿ ဇုဏှကော။
ပဉ္စမေ သတ္တမိယံ နိဋ္ဌိ၊ နာယာသေန သမာဂတော။

ပရတ္တသမ္ဘာဒနတော၊ ပုညေနာဓိဂတေနဟံ။
ပရတ္တသမ္ဘာဒနတော၊ ဘဝေယျံ ဇာတိဇာတိယံ။

နိဿယောယံ အနာယာသာ၊ ယထာရုစိ ယထာ မယာ။
သာဓိတော သာဓိယန္တေဝ၊ ဣစ္ဆိတ္တတ္ထမ္ပိ ပါဏိနော။

စသောဂါထာများဖြင့် အထွတ်တပ်နိဂုံးအုပ်တော်မူခဲ့လေသည်၊ ၎င်းနိသျှမှာ ၁၂–ကြောင်းပေ ၂၄–အင်္ဂါခန့် ရှိလေသည်။

## သာသနာပြု ပျံလွန်

အရှင်လင်္ကာဒီပထေရ်ကား ပုဂံမြို့တော်ဟောင်း၌ စာချ, ကျမ်းပြု သာသနာပြုတော်မူခဲ့သည့်ပုဂ္ဂိုလ်မြတ်ပါပေတည်း၊ သက်ဆုံးတိုင် သာသနာပြုတော်မူခဲ့ပြီး ပျံလွန်တော်မူခဲ့လေသည်။

လင်္ကာဒီပ မဟာထေရော၊ ပုဂံသာသနဒီပကော။
သာသနံ ဒီပယိတွာန၊ ပဝိဋ္ဌော မစ္စုနော မုခံ။

## ပုဂံသာသနာခန့်မှန်းနိုင်

ဖော်ပြပါ အရှင်လင်္ကာဒီပထေရ်၏ အဖြစ်တော်စဉ်ကျဉ်းဖြင့် ကုန်းဘောင်ခေတ် ပုဂံသာသနာကို မှန်းဆနိုင်လေသည်၊ ကုန်းဘောင်ခေတ်၌ ပုဂံမြို့တော်ဟောင်း၌ စာသင်တိုက်များရှိသေးကြောင်း ကျမ်းပြုပုဂ္ဂိုလ်များ ပေါ်ထွန်းကြောင်း သိသာနိုင်လေသည်။

## ရာဇဂုရုဘွဲ့တံဆိပ်တော်သုံးထပ်ရ
## မြတောင် (ပုဂံ)ဆရာတော် အရှင်အာလောကမဟာထေရ်

ဆရာတော်ဘုရားကြီးသည် ပုဂံမြေ၌ ပေါက်ဖွားခဲ့သည့် မဟာထေရ်မြတ်ဖြစ်တော်မူသည်၊ သီလ, သမာဓိ, ပညာဂုဏ်တို့ဖြင့် ကုံလုံပြည့်ဝသည့် သာသနာတော်၏စံပြပုဂ္ဂိုလ်မြတ်ကြီးလည်း ဖြစ်တော်မူပါပေသည်။

## ဖွားမြင်တော်မူခြင်း

ဆရာတော်ဘုရားကြီးသည် ပုဂံမြို့နယ်၊ ပြွန်ရွာ၌ အဖ-ဦးဖိုးအောင်နှင့် အမိ-ဒေါ်မင်းအောင်တို့မှ သက္ကရာဇ် ၁၁၈၃-ခုနှစ် နတ်တော်လဆုတ် ၅-ရက် တနင်္ဂနွေနေ့ နံနက် ၄-ချက်တီးကျော် အချိန်တွင် ဖွားမြင်တော်မူခဲ့သည်၊ ငယ်နာမည်မှာ မောင်ရွှေရေးဖြစ်သည်၊ မွေးချင်း ၃-ယောက်ရှိရာ ဆရာတော်လောင်းလျာသည် ယင်း မွေးချင်း ၃-ယောက်အနက် အထွေးဆုံးဖြစ်သည်၊ ဆရာတော်လောင်း လျာအထက် အကြီးဆုံးမှာ အစ်ကိုကြီး မောင်ကျောက်ခဲဖြစ်၍ အလတ်မှာ အမ မယ်စိုဖြစ်သည်။ မောင်ရွှေရေး သက်တော် ၅-နှစ်လောက် ရှိသောအခါတွင် မိဘတို့သည် ပုဂံမြို့အနီး ဝက်ကြီးအင်းရွာ၌ ပြောင်း ရွှေ့နေထိုင်ကြသည်။

## ကျောင်းအပ် ပညာသင်

ဆရာတော်လောင်းလျာ ၈-နှစ်ကျော် ၉-နှစ်ခန့်ရှိချိန် ၁၁၉၂-ခုနှစ်တွင် ပုဂံမြို့၌ ဓရနှစ်ပါးပွားများအားသစ်ခြင်းဖြင့် ထင်ပေါ် ကျော်စောလှသော ကျောင်းသား ၁၀၀-ကျော်, သာမဏေ ၃၀-ကျော် ၄၀, ရဟန်းတော် ၂၅-၃၀-တို့ဖြင့် စည်ကားလှသော နတ် ထောင့်ကျောင်းတိုက် ဆရာတော် ဦးဇောတာဘိဓဇထံ၌ မိဘတို့က အပ်နှံကြသဖြင့် ပညာသင်ကြားရလေသည်။

## သာသနာ့ဘောင်ရောက် ပညာသင်

နတ်ထောင့်ကျောင်းဆရာတော် ဦးဇောတာဘိဓဇထံ၌ ထင် ရှားသောကျောင်းသားအဖြစ်ဖြင့် ၅-နှစ်ခန့်ပညာသင်ကြား၍ သက်တော် ၁၄-နှစ်ခန့်ရောက်ရှိရာ သက္ကရာဇ် ၁၁၉၇-ခု၊ ဝါဆိုလ၌ မိဘ ၂-ဦး တို့က ပဗ္ဗဇ္ဇမင်္ဂလာသဘင် ဆင်ယင်၍ ချီးမြှောက်ကြသဖြင့် ဆရာတော် ဦးဇောတာဘိဓဇထံ၌ သာမဏေဝတ်လျက် ဆက်လက်ပညာသင်ကြား တော်မူခဲ့သည် "ရှင်အာလောက"ဟူသောဘွဲ့တော်နာမကိုလည်း ဥပဇ္ဈာယ်ဆရာတော်က မှည့်ခေါ်သတ်မှတ်တော်မူခဲ့သည်။

ဥပဇ္ဈာယ်ဆရာတော်ထံ၌ ပစ္စဝေက္ခဏာ, ဆယ်ဖြာလိင်္ဂ နာသ နနှင့် ဒဏ္ဍာဆယ်ထွေ သေခိယသိက္ခာပုဒ် စုဒ္ဒသခန္ဓကဝတ်–စသည်တို့ ကို သင်ယူကျင့်ကြံ၍ ယဉ်ကျေးသိမ်မွေ့သောသာမဏေဖြစ်၍ ကစ္စည်း သဒ္ဒါကြီး, နိဒ္ဒေသ, ရူပသိဒ္ဓိ–အစရှိသည့် ဗျာကရုဏ်းကျမ်းစာများကို သင်ယူခဲ့လေသည်။

## သင်္ဂဇာဆရာတော်ထံမှောက် ရောက်ရှိခြင်း

ဆရာထွေ ဦးဇောတာဘိဓဇသည် အရှင်သိဂ္ဂဝထေရ်က အရှင်မောဂ္ဂလိပုတ္တတိဿလောင်းလျာကို အရှင်စဏ္ဍဝဇ္ဇိတထေရ်ထံ ပညာသင်ပို့အပ်သည့်ထုံးကို နှလုံးမူကာ မြတောင်ဆရာတော်လောင်း လျာ သာမဏေရှင်အာလောကကို သက္ကရာဇ် ၁၁၉၉–ခုနှစ်တွင် ပဥ္စမ သံဂါယနာတင် ဘဝရှင်မင်းတရားကြီးလက်ထက် သင်္ဂဇာဆရာတော် ဟု လွန်စွာထင်ရှားလတ်သော အမရပူရမြို့ ပုဇွန်ချောင်းအရပ်၌ စာသင် တပည့် ဝန်းလှည့်ရံပတ် ပျားပန်းခတ်သို့ ပိဋကတ္တယ ရသချိုမျက် ဝတ်ရက်စုတ်ရွှေ အုတ်ထွေထူပြော သောတုဇန အပေါင်းတို့အား ဂန္ထဝါစက မွှာနုဂ္ဂဟာဖြင့် သာသနာ့ဝန် အားသွန်ကြိုးပမ်း ထမ်းဆောင် နေတော်မူသော အရှင်အဂ္ဂဓမ္မထံ အပ်နှံ၍ စာပေသင်ကြားစေသဖြင့် ၃–နှစ်ကြာမျှ အရှင်အဂ္ဂဓမ္မထံ၌ ပညာသင်ကြားခဲ့လေသည်။

## လူ့ဘောင်သို့

ယင်းသို့သင်္ဂဇာဆရာတော်ဟု ကျော်ကြားလတ်သော ဆရာ တော် ဦးအဂ္ဂဓမ္မထံ ၃–နှစ်မျှ ပညာသင်ကြားပြီးနောက် ဘခင် ဦးဖိုး အောင် ကွယ်လွန်သဖြင့် ၁၂၀၂–ခုနှစ်တွင် ဇာတိဌာနသို့ပြန်ကြွ၍ လူဝတ်လဲပြီး အလောင်းတော်ဗောဓိသတ်တို့၏ထုံး နှလုံးမူကာ ကျေးဖူး ရှင် မိခင်ကြီး ဒေါ်မင်းအောင်အား မွန်မြတ်သောပြုစုလုပ်ကျွေးခြင်း ဖြင့် ပြုစုလုပ်ကျွေးခဲ့လေသည်။

အာဝတ္တိတွာန အာလောကော၊ မာတရံ မာနိတဗ္ဗကံ။
သရိတွာန ပုဗ္ဗာစိဏ္ဏံ၊ အကာ ဥပဋ္ဌာနံ ဝရံ။

## ရဟန်းဘဝ ဒုလ္လဘသို့

ဆရာတော်လောင်းလျာသည် ရဟန်းဘဝဒုလ္လဘကို မြော် တလင့်လင့်ဖြင့်ပင် မြင့်မိုရ်တောင်ဦး မကကျူးပါတဲ့ ကျေးဖူးအရှင် မွေးမိခင်ကို ပြုစုလုပ်ကျွေးနေရာ ၁၂၀၄–ခုနှစ်တွင် မိခင်ကြီးကွယ်လွန် သဖြင့် ရဟန်းပြုရန်အခွင့်ရသဖြင့် သက်တော် ၂၁–နှစ်ကျော် ၂၂– နှစ် အရွယ်တွင် အမရပူရမြို့ ဆရာတော် ဦးအဂ္ဂဓမ္မထံ ပြန်ရောက်၍ ၁၂၀၄–ခုနှစ် ပြာသိုလတွင် ဥပုသ်တော်ခေါင်းဆောင်အဖြစ် သူကောင်း ပြုခြင်းခံရသော အမရပူရမြို့ ပုဇွန်ချောင်းရပ်နေ ဦးညိုရောင်နှင့် ဒေါ် အိတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဆရာတော် ဦးအဂ္ဂဓမ္မကို ဥပဇ္ဈာယ်ပြု၍ ကာရကသံဃာ သုံးကျိပ်ကျော်တို့ ချီးမြှောက်တော်မူကြသဖြင့် ရဟန်း ဘဝဒုလ္လဘကို ရရှိတော်မူခဲ့သည်။

ဥပဇ္ဈာယံ ကရိတွာန၊ အဂ္ဂံ အဂ္ဂဓမ္မံ ဝိဒုံ။
သုဒုလ္လဘံ လဘိတွာန၊ အာလောကော မုဒိတာ အဟု။

## တောကျောင်းခိုဝင် ရှုတင်ကျင့်တော်မူခြင်း

ပုရတော ပစ္ဆတောဝါပိ၊ အပရော စေ န ဝိဇ္ဇတိ။
အတိဝ ဖာသု ဘဝတိ၊ ဧကဿ ဝသတော ဝနေ။

ဟူသော ဧကဝိဟာရတ္ထေရဂါထာ (ထေရ၊ ၃၀)နှင့် ရှေ့သွားနောက်လိုက် ဆိုက်မြိုက်မလို ကြံ့ချိုပမာ တချောင်းသာတည်း ရှောင်ခွါဖော်နည်း တကိုယ်ချည်းဖြင့် တောလည်းဝင်ခို ချမ်းသာပို၏–ဟူသည်နှင့်အညီ အမရပူရမြို့မြောက် ပုဇွန်ချောင်းအရပ် ဥပဇ္ဈာယ်ဆရာ၏ စက်တော်အစုံ ၆–နှစ်၊ ၆–ဝါတိုင် ခိုလှုံ၍ ပညာသင်ကြားခြင်း, စာပေပို့ချခြင်းဖြင့် ပရိယတ္တိဝန်ကို အားသွန်ပြီး အပေါင်းအဖော်တို့မှ ခွါရှောင်၍ ပဋိပတ် လုပ်ငန်းကို ပြုလိုတော်မူသဖြင့် ၁၂၁၀–ခုနှစ်တွင် ဥပဇ္ဈာယ်ဆရာတော် ကို ခွင့်ပန်ရှိခိုး ဦးတင်ပဏာမပြုပြီး ဥပဇ္ဈာယ်ဆရာတော်ထံမှ ဖဲခွါခဲ့ ကာ ညောင်ဦးမြို့နှင့် ဂမနာဂမန–စသော ဂုဏ်လုံလောက်သော ရော ဝတီမြစ်ကမ်းအနီး နတ်သမီးကမ်းထိပ် ချမ်းရိပ်သာမော တောနှင့် တောင်စွယ် မွေ့လျော်ဖွယ်ကောင်းလှသော ဂူကျောင်းတောရ၌ ၁၀–

နှစ်ကာလကြာမျှ ရှုတင်ကျင့် ဘာဝနာကမ္မဋ္ဌာန်းပွားများခြင်းတို့ကို ပြု လုပ်တော်မူ၍ သဗ္ဗညုမြတ်စွာဘုရား၏ အနန္တကျေးဇူးတော် အရပ်ရပ် ပေးဆပ်တော်မူခဲ့လေသည်။

ပါဒမ္ဗောဇေ နမိတွာန၊ ဥပဇ္ဈာယ တပဿိနော။
တပေါဝနံ ပဝိသိတွာ၊ ဘာဝနမနုယုဉ္ဇိ သော။

## ဂူကျောင်းတော်ရ၍ သိမ်သမုတ်တော်မူခြင်း

ရဟန်းဒါယကာ, ဒါယိကာမများဖြစ်ကြသော အမရပူရမြို့ ပုဇွန်ချောင်းရပ်မှ ဦးညိုရောင်နှင့် ဒေါ်အိတို့က ဂူကျောင်းတောရရောက် လာကြပြီး ဆရာတော်နှင့်တကွ ပတ်ဝန်းကျင်သံဃာတော်တို့ ချမ်းသာ စွာ ကံကြီးကံငယ် ရွက်ဆောင်နိုင်ရန် သိမ်သမုတ်တော်မူပါ တပည့် တော်များကပင် သိမ်ဒကာ, ဒကာမများအဖြစ် ခံယူကြပါမည်ဟု လျှောက်ထားချက်ကို နှစ်သက်ကြည်ဖြူလက်ခံယူကာ ဝိသုံဂါမမြေစား ခံယူစေပြီး သဘောတူရာသံဃာတော်တို့နှင့် ဂူကျောင်းတောရ၌ သိမ် သမုတ်တော်မူခဲ့လေသည်၊ ယင်းသိမ်ကို သာဓုဇနပသံသနီဟု မှည့် ခေါ်သတ်မှတ်တော်မူခဲ့သည်၊ ဆရာတော်သည် ထိုစဉ်က သိမ်အောင် စာကို ကိုယ်တိုင်စီကုံးတော်မူ၍ ကျောက်စာစိုက်ထူစေတော်မူခဲ့သည်။ မြဲတောင်ဆရာတော်ဘုရားကြီး၏ သာဓုဇနပသံသနီ သိမ်အောင်စာကို သာသနာ့ဝန်ထမ်းတို့ နည်းယူစိမ့်သောငှာ ဤ၌ဖော်ပြအပ်ပါသည်။

## သာဓုဇနပသံသနီသိမ်

ဇယတု အနိဋ္ဌံ မဟာတု မိတ္တိတမင်္ဂလံ။ ။ လောက သုံးပါး၌ အခြားသူတို့နှင့် နှိုင်းတူစံမမှီ ဓမ္မိဿရ ဓမ္မသာမိ အစစ်ဖြစ် တော်မူသော ငါတို့သဗ္ဗညုဘုရား နိဗ္ဗာန်လားတော်မူပြီးနောက် သာသနာ သက္ကရာဇ် ၂၃၉၉–ခုနှစ် ကောဇာသက္ကရာဇ် ၁၂၁၇–ခု စေ့ငှနှစ်ရောက် သောအခါ၊ အမရပူရမြို့တော်ကြီး၏ အနောက်မြောက်ရပ်ဌာနီ ပုဇွန် ချောင်းရွာနေ သဒ္ဓါပြည့်ဖြိုး ကုသိုလ်မျိုးကို စိုက်ပျိုးလေ့ရှိသော ဒါယ ကာ ညိုရောင်သည် ရှေးရှေးမင်းတို့စိုးစံ ပုဂံမြို့ကျေးထူး ညောင်ဦး

ရှာပာ ခေါ်ဝေါ်သမုတ်အပ်သောနိဂုံးမှ စဉ်းငယ်အရှေ့မြောက်ယွန်းသက် လေးတာပြန့်ငါးရာကျော်တွင် အရည်းကင်မုတင်ပျော်မွေ့ ဖော်မဟော့ သော လဇ္ဇီပေသလ ကုက္ကုစ္စက ရဟန်းတို့မွေ့လျော်ရာ ရောဝတီမြစ်၏ အနီး ရှုမငြီးသော နတ်သမီးကမ်းထိပ်ဖွေဝယ် နရပတိစည်သူမင်း၏ တောင်နန်းစံဒေဝီ ဝေဠုဝတီမဟေသီ၏ ကုသိုလ်တော်ဖြစ်သော ဥမင် ကျောင်းတို့ဖြင့် ကောင်းစွာတန်ဆာဆင်အပ်သော သတ်မှတ်၍ အမရ ပူရ ရာဇဓာနီ မင်းနေပြည်ကြီးကို ၂-ကြိမ်မြောက်တည်ထောင်တော်မူ သော ဒုတိယမြို့တည် မင်းတရား၏သားတော် အမရပူရ ပဉ္စမနန်းစံ တဖန် မန္တလေးမြို့တည် မင်းတရားလက်ထက် ၎င်း ၁၂၁၇-ခု၊ တပို့တွဲ လပြည့်ကျော် (၄)ရက်နေ့ ရေမြေ့ရှင်ထံ ဝိသုံဂါမမြေစား အမိန့်တော် ခံပြီးလျှင် ထိုကျောင်းတိုက်အတွင်း သီတင်းသုံးနေသော အရည်းဝါသီ ဆရာအာလောကမည်သော ထေရ်မြတ်အား ငါးထောင်မြင့်ကြာ အာ ဏာဓမ္မစက် တည်သဖြင့် ရဟန်းတို့ဖာသုဝိဟာရဖြစ်စိမ့်သောငှာ ထာဝရ ကံကုသိုလ် သိမ်သမုတ်လိုကြောင်းနှင့် လျှောက်ထားတောင်းပန်လေ သော် ထိုအာလောကမည်သော ထေရ်မြတ်သည် နောင်လာ နောက် သား သိက္ခာကာမ လဇ္ဇီပေသလ ကုက္ကုစ္စက ရဟန်းမြတ်တို့အား ဉီနဂဏ ဝဂ္ဂကမ္မ သီမသမ္ဘေဒါသတို့ဖြင့် သံသယကုက္ကုစ္စကင်းစိမ့်သော ငှာ ကလျာဏီသိမ်မြတ်၏ထုံးကို နှလုံးမူသဖြင့် ရဟန်းငယ် ပဉ္စင်းငယ် တို့အား ဉဒကုက္ခေပသိမ်၌ သိက္ခာအသစ်ထပ်တင်ပြီးလျှင် လမိုက် ရက်မရောက်မီ ရှေးအဖို့ကပင် “ ဆပ္ပဉ္စ မတ္တေ ဘိက္ခူ ဂဟေတွာ” ဟုလာသော ဝိနည်းဋီကာပါဠိနှင့်အညီ လဇ္ဇီပေသလဗျတ္တပဋိဗလ ရဟန်း မနည်းမများ ဆယ်ပါး ကိုးပါးကို တစုတဆိုင်တည်းပြုလျက် အက္ခရပရိဟီန ပဒပရိဟီန ဒုရုစ္စာရဒေါသတို့ ကင်းစေလျက် သိထိလ ဓနိတ-စသော ဗျဉ္ဇနဗုဒ္ဓိဆယ်ပါး မပျက်ပြားစေပဲ ရံဖန်ရံဖန် တပါးတပါး ဖတ်၊ ရံဖန်ရံဖန် နှစ်ပါးနှစ်ပါးဖတ်၊ ရံဖန်ရံဖန် သုံးသုံးပါးဖတ်လျက် သေချာစွာ ဉတ္တိဒုတိယကမ္မဝါစာဖြင့် သမန္တာလေဍ္ဍုပါတေ-ဟု သိမ်သစ် ဖွဲ့ရာ အဆုံးမှဖြင့် အရပ်ကိုလည်း မှတ်စေလို၍ မိန့်တော်မူအပ်သော ဝိနည်းဋီကာပါဠိနှင့်အညီ သိမ်ဖွဲ့ရာစေတီ၏ထက်ဝန်းကျင်ပြင်ပ ရ-

တာ ကျောင်း ၇–တာခန့် အရပ်ဖြစ်၍ သိမ်ပသိမ်တွင်း၌ ၁၀–ရက် တိုင်တိုင် တနေ့လျှင် ၃–ကြိမ်, ၄–ကြိမ် အထပ်ထပ် ညှောင်စောင်း ကွက်ခြင်းစပ်အောင် သီမသမ္မူဟနကို စီမံအားသစ်ပြီးမှ ကုက္ကုစ္စက ရဟန်းတို့၏ န သံသယဖြစ်စိမ့်သောငှာ ပုဂံမြို့၌ကြီးစိုးကုန်သော စစ်ကဲ မြို့သူကြီးတို့ကို သိမ်သစ်ဖွဲ့ရာ ဂါမခေတ်မကူး ပြင်ပဂါမခေတ်တပါး၌ အစောင့်အရှောက်ထားစေပြီးသော် ဆန္ဒာရဟာရဟန်းတို့၏ဆန္ဒကို ဆောင်ပြီးမှ ပကတိဂါမကိုသိမ်းသဖြင့် ၂–ကျိပ် ၅–ပါးသောရဟန်း တို့ကို စည်းဝေးစေ၍ "တံတံ နိမိတ္တဋ္ဌာနံ အဂန္တွာပိ ကိတ္တေတုံ ဝဋ္ဋတိ" ဟုလာသော ဝိနည်းဋီကာပါဌ်နှင့်အညီ နိမိတ်ရှိရာသို့မသွားပဲ တကြိမ်၊ နိမိတ်ရှိရာသို့သွား၍ နှစ်ကြိမ်အားဖြင့် ဝိပတ္တိလက္ခဏာကင်းစိမ့်သော ငှာလျှင် စန္ဒာနတ်မင်းစောင့်သောအရပ်ဖြစ်၍ လက်ျာလှည့်ပတ် နိမိတ် ခြင်းစပ်အောင်ကြားခြင်း ဤပုဗ္ဗကိစ္စကရဏကို စီမံအားသစ်ပြီး၍ ဗျတ္တိ ဗလ ရဟန်းတို့ကို ရွေးချယ်စီစစ်၍ ၃–ပါးတွဲ ၃–ကြိမ်၊ ၂–ပါးတွဲ ၃–ကြိမ်၊ ၁–ပါးတွဲ ၃–ကြိမ်အားဖြင့် ၉–ကြိမ် ၉–ထပ်တိုင်တိုင် ဘုရား သခင်၏ မုခပါဌ် ဉတ္တိဒုတိယကမ္မဝါစာဖြင့် သေချာစွာဖွဲ့ သမုတ်အပ် သတည်း။

ယင်းသို့သမုတ်ရာဝယ် အချို့သောကမ္မဝါစာအကြိမ်၌ မပြင်ပဲ ဖတ်ခြင်း, အချို့သောကမ္မဝါစာအကြိမ်၌ သမ္မတာရေးရွှေဇာ ၁–ကြိမ်, သမ္မတာရေးရွှေစာ ၁–ကြိမ်, သမ္မန္နိတာရေးရွှေဇာ ၁–ကြိမ်, ဒန္တဇ ဒုတိယက္ခရာ ထပေတွာရေး ရွှေစာ ၁–ကြိမ်, ဒန္တဇစတုတ္ထက္ခရာ ဓပေ တွာရေး ရွှေဇာ ၁–ကြိမ်၊ မုဒ္ဓဇ ဒုတိယက္ခရာ ဌပေတွာရေး ရွှေဇာ ၁–ကြိမ် ဖတ်သဖြင့် ဤသိမ်မြတ်သည် သာသနာတော် ၂၄၀၀၊ ကောဇာ ၁၂၁၈–ခု၊ ဥတုဂိမှာန ဝသန္တဥတု တန်ခူးလဆန်း ၁၁– ရက်နေ့ နံနက် ၁–ချက်တီးကျော် ၄–ဖဝါးအချိန်တွင် ပြီးစီးအောင်မြင် ၏။ ပွဲတင်ထပ်မျှ ချီးပအံ့လောက် ကျောက်အက္ခရာ မော်ကွန်းဖြာသည့် မြင့်ကြာငါးထောင် တည်စေသတည်း။

## ဂူကျောင်းတောရမှ ရတနာပုံမန္တလေးသို့

ဆရာတော်ဘုရားကြီး ဂူကျောင်းတောရ၌သီတင်းသုံးစဉ် ဆရာတော်ကြီး သတင်းဂုဏ်သည် အရပ်မျက်နှာအနှံ့အပြား ပြန့်နှံ့ခဲ့သဖြင့် ပဋိပတ်, ပရိယတ်နည်းခံရန် ဆရာတော်ထံရောက်ရှိလာသော သာသနာဝန်ထမ်းပုဂ္ဂိုလ်များမှာ ၃၀–ကျော် ၄၀–ခန့် စုရုံးမိလေသည်၊ ဆရာတော်သည် ပဋိပတ်လိုလားသော ယောဂီရဟန်းတို့အား ကမ္မဋ္ဌာန်းဘာဝနာ နည်းနာနယညွှန်ပြလျက်ငင်း, ပရိယတ်လိုလားသော ဘုရားသားကျော် ရဟန်းတော်အရှင်မြတ်တို့အား နယစုံလင် တန်ဆာဆင်၍ ဉာဏ်မြင်ပွင့်လင်း ယုံမှားကင်းအောင် ရှင်းလင်းကျနဝါကျသွားဝါကျနေ အထွေထွေကို ပြေပြစ်ချောမော ပရိယတ္တိစာပေကို ဟောပြောပို့ချသင်ပြတော်မူခြင်းဖြင့်ငင်း သာသနာတော်ကိုချီးမြှောက်ဆဲဖြစ်ရာ ၁၂၂၁–ခုနှစ်တွင် မန္တလေးမြို့ အနောက်ပြင် သင်္ဂဇာတိုက်ကြီး၌ သီတင်းသုံးတော်မူသော "အဂ္ဂမဟာလင်္ကာရကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ ဥပဇ္ဈာယ်ဆရာတော်ကြီးက အမြန်ခဏလာရမည်ဟု အမိန့်စာဖြင့်မှာယူသဖြင့် မန္တလေးမြို့ အနောက်ပြင် တည်ဦးသင်္ဂဇာကျောင်းတိုက်သို့ ပြောင်းကြွကာ သင်္ဂဇာတိုက်အလယ်ကျောင်းကြီး၏ တောင်ဖက်မျက်နှာရှိကျောင်း၌ သီတင်းသုံး၍ စာပေပို့ချတော်မူရသည်။

ဆရာတော် ဦးအာလောက သီတင်းသုံးရာကျောင်းကိုလည်း သင်္ဂဇာဆရာတော်ကြီးက ပုဂံကျောင်းဟုတွင်စေရမည်ဟု မိန့်တော်မူလေသည်။

ဆရာတော်သည် မိမိကိုယ်တိုင်လည်း ကျမ်းတတ်အကျော် ဥပဇ္ဈာယ်သင်္ဂဇာဆရာတော်ဘုရားကြီးထံ၌ ပိဋကတ်၌ ခက်ရာခဲကတ် ဒုန္နယတ်ဌာနများကို မေးမြန်းလေ့လာဆည်းပူးခြင်း, လောကီဖက်ဆိုင်ရာ ဘာသာသက္ကတ, ဗျာကရဏ, ဒဏ္ဍီ, ဘင်္ဂလီနာရီကျမ်း အခန်းခန်းတို့ကိုလည်း လေ့လာသင်ယူရင်း လေးဝါကြာမျှ သီတင်းသုံးခဲ့လေသည်။

## ပုဂံသေလန္တရာရာမကျောင်းတိုက်၌ သီတင်းသုံးခြင်း

ဆရာတော်သည် ၁၂၂၅–ခုနှစ်မှ စ၍ ၁၂၂၈–ခုနှစ်ဝါတိုင် အောင် ပုဂံမြို့ ဝက်ကြီးအင်း သေလန္တရာရာမကျောင်းတိုက်သို့ ကြွ ရောက်၍ သီတင်းသုံးတော်မူသည်။ ယင်းကျောင်းတိုက်၌ သီတင်းသုံး နေထိုင်စဉ် ဗာလာဝတာရနိဿယ, လိင်္ဂမာလာနိဿျ, နာမ်ရူပမာလာ ကျမ်း, ပစ္စဝေက္ခဏာလေးပုဒ်စကားပြေတို့ကို ရေးသားစီရင်တော်မူ ခဲ့သည်။

## ကြံခင်းမြို့ နဝင်းလယ်ပြင်ကျောင်းတိုက်၌ သီတင်းသုံးခြင်း

၁၂၂၉–ခုနှစ်၊ နယုန်လတွင် နောက်ပါသံဃာတော် ၁–ကျိပ်, ကပ္ပိယကာရက ၂–ယောက်တို့နှင့်တကွ လောင်းလှေတစင်းဖြင့် အောက်ရပ်ဌာနီသို့ ကြွချီတော်မူသည်၊ ဆိုက်ကပ်ရာ ဆိုက်ကပ်ရာ ဆိပ်ကမ်းမြို့ရှိ စေတီပုထိုးတို့ကို ဖူးခြင်း, ဆိပ်ကမ်းသာသောနေရာတွင် တရားဓမ္မဟောပြခြင်း–စသည်တို့ကိုလည်း ပြုလုပ်တော်မူသည်၊ ယင်း သို့ကြွတော်မူရာ ကြံခင်းမြို့ ဒါယကာကြီး ဦးဘိုး, ဒါယိကာမကြီး ဒေါ်မှိန်းတို့ ဆောက်လုပ်လှူဒါန်းသော လယ်ပြင်ကျောင်းတိုက်သစ်၌ ၁–ဝါ သီတင်းသုံးတော်မူသည်။

## မန္တလေးတောင်ခြေ မြတောင်တိုက်တော် အလှူခံခြင်း

လောကမာရဇိဒါယကာ မင်းတုန်းမင်းတရားကြီးက မန္တလေး မြို့တော်သို့ကြွရောက်၍ သာသနာပြုပါရန် လျှောက်ထားသဖြင့် ၁၂၂၉ –ခုနှစ်၊ ဝါကျွတ်၍ ကထိန်ပွဲအပြီးတွင် ကြံခင်းမြို့၊ နဝင်းကျောင်းသစ် ၌ ဦးအာသဘ–အမည်ရှိသော ရဟန်းတော်တပါးကို ထားတော်မူ၍ မန္တလေးမြို့သို့ တပည့်ပရိသတ်များစွာနှင့် ကြွရောက်တော်မူလေသည်၊ မင်းတုန်းမင်းတရားကြီးသည် လွန်စွာပင်ဝမ်းမြောက်တော်မူလှသဖြင့် အဆင်သင့်ဆောက်လုပ်ပြီးဖြစ်သော မန္တလေးတောင်ခြေ ရွှေကျင်ငါး တိုက်အဝင် မဏိသေလာမြတောင်အမည်ရှိသောတိုက်တော်ကို သက္က ရာဇ် ၁၂၂၉–ခု၊ ပြာသိုလပြည့်နေ့ ကောင်းမြတ်သောမင်္ဂလာအခါတော်

၌ မိဖုရားမောင်းမမိဿံခြွေရံများပြား သားတော်, သမီးတော်, ရဲမက်တော်, ဗိုလ်ပါ, နမန္တာဖက် ခတ်ဖက်တပ်ဝင်း အခင်းအကျင်းများနှင့်တကွ ထွက်တော်မူ၍ တူရိယာသဘင် သံတင်ဆော်နိုး ရိုက်ကြိုးခြိမ့်ညာ ဝိဟာရမဟာ ပူဇော်သဘင် ပွဲကြီးယင်လျက် အရှင်အာလောကမဟာထေရ်အား –

ဩဏောဇေမိ မဟာထေရ၊ မဏိသေလာရာမံ သုဘံ။
ပဋ္ဋိဂ္ဂဏှာနုကမ္ပါယ၊ သာသနဿာဘိဝုဒ္ဓိယာ။

စတုပါရိသုဒ္ဓိသီလ ပြည့်ဝစုံလင် မဟာထေရ်အရှင်သူမြတ်ဘုရားတင့်တယ်လှပ ကျက်သရေရှိလှသော မဏိသေလာရာမမည်သော မြတောင်ကျောင်းတိုက်ကို စွန့်လွှတ်လှူဒါန်းပါ၏ တပည့်တော် ဒကာတော်မင်းမြတ်ကို သနားစောင့်ရှောက်ချီးမြှောက်ပါ၍ ဘုရားသာသနာစည်ပင်ရန် အလှူခံတော်မူပါဘုရား''ဟု မြွက်ဆို၍လှူဒါန်းခဲ့လေသည်။

## အာလောကာဘိဝရသာသနရက္ခမဟာဓမ္မရာဇဂုရု

မင်းတရားကြီးသည် ကျောင်းလွှတ်သဘင်ဆင်ယင်တော်မူပြီး ဆရာတော်အား ''အာလောကာဘိဝရသာသနရက္ခမဟာဓမ္မရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကို မြတ်လေးကြည်ဖြူကပ်လှူပူဇော်တော်မူခဲ့လေသည်။ ရတနာပူရစတုတ္ထမြို့တည် ဘကြီးတော်ဘုရား၏ မိဖုရားခေါင်ကြီးမြေးတော် ''သီရိတိလောကမဟာရတနာဒေဝီ''ဟူသောဘွဲ့တံဆိပ်နာမဖြင့် ထင်ရှားသောဆင်ဖြူမရှင် ပဉ္စမသံဂါယနာတင် ဘဝသျှင်မင်းတရားကြီးအလယ်နန်းမတော်မိဖုရားကြီး၏ သည်းပွတ်တော်ဖြစ်သော သက်တော် ၈–နှစ်ကျော် ၉–နှစ်ခန့်ရှိ မြတောင်မြို့စား စုဘုရားလတ် ''သီရိသုပဘာဒေဝီ''ဘွဲ့ခံ သမီးတော်မြတ်ရတနာကိုလည်း ခမည်းတော်နှင့် မယ်တော်မြတ်ဖြား သမုတိနတ်နှစ်ပါးတို့က ဤကျောင်းတိုက်နှင့် ဤဆရာတော်ဘုရားကို သမီးတော်၏ကျောင်းတိုက် သမီးတော်၏ဆရာတော်ဟု မှတ်ရမည်၊ ဆရာတော်၏အဆုံးအမဩဝါဒကိုလည်း မြေဝယ်မကျနားထောင်ရမည်ဟု အပ်နှင်းတော်မူလေသည်၊ ထိုအခါမှစ၍ မဏိသေလာရာမဆရာတော်ဟူ၍ရှင်း ထင်ရှားလေတော့သည်။

## ပရိယတ္တိသာသနာတော်ကို ချီးမြှောက်တော်မူခြင်း

မြတောင်တိုက်တော်နှင့် တံဆိပ်တော်ကို အလှူခံတော်မူပြီး မိမိထံသို့ခိုဝင်ရောက်ရှိလာကြသော တပည့်တပန်းရဟန်းသာမဏေတို့အား လွန်ကဲသောသမ္မာဆန္ဒဖြင့် စာဝါပို့ချကာ ပရိယတ္တိသာသနာတော်ကို လွန်စွာချီးမြှောက်တော်မူသည်။

## မြတောင်ဆရာတော် စာချနည်း

မြတောင်ဆရာတော်ဘုရားကြီး၏ စာချတော်မူပုံကိုလည်း မှတ်သားသင့်သည်၊ ဆရာတော်ဘုရားကြီးသည် ရှေးဦးစွာ ပိဋကတ်ကို ပြောပြီးမှ တခုသောဝါကျ၌ လိုရင်းပဓာနပုဒ်ကိုကောက်လျက် ထိုပုဒ်ကို အာလုပ်, ဋ္ဌပနာ, စောဒနာ, အာဘောဂ–ဟူသော စကား ၄–ချက်တို့ဖြင့် သဒ္ဒါထွက်, ပညတ်ထွက်, ပရမတ်ထွက် ၃–ပါးတို့တွင် တပါးပါးကို အရင်းထား၍ အနုသန္ဓေ, စောဒနာ, ပုစ္ဆာ, အဘိယာစက တက်အားဖြင့် ၄–ပါးသောကျမ်းရိုးတက်နည်းတို့ကို ပွားစေလျက် တပါး တပါး၌လည်း သုဒ္ဓ, ဥပမာ, ဟေတာလင်္ကာရ, ဥပမာဟေတာလင်္ကာရ ထွက်နည်းတို့ဖြင့် တန်ဆာဆင်၍ စာထွက်နည်း ၄၈–ပါးတို့တွင် ထိုက်သည့်အားလျော်စွာ တပါးပါးဖြင့် ထင်ရှားကွဲပြားအောင်ထွက်တက်ပြီးလျှင် ကျမ်းဆရာအာဘော်ကို ဖော်ပြရှင်းလင်းခြင်း, ကစ္စည်း, ရူပသိဒ္ဓိ, သဒ္ဒနီတိ, ဉာသ, ဗာလာဝတာရ, သဒ္ဒတ္ထဘေဒစိန္တာ–စသော သဒ္ဒါနည်းတို့ဖြင့် ပုဒ်ပါဠ်ကိုစိစစ်ခြင်း, နေတ္တိနည်း, ဉာဉ်ကောက်နည်း, အလင်္ကာနည်း, ပဋ္ဌာန်းနည်း–စသော နည်းအမျိုးမျိုးတို့ဖြင့် ဝေဖန်ရှင်းလင်းခြင်းတို့ဖြင့် တပည့်တို့ကျေနပ်လောက်အောင် ပြောဆိုချပို့တော်မူလေ့ရှိသည်။

## ဒကာတော်မင်းကေရာစ် သဘောရှိ

သက္ကရာဇ် ၁၂၄၀–ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း (၆)ရက်နေ့တွင် ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး နတ်ရွာစံတော်မူလျှင် သားတော်အိမ်ရှေ့ဥပရာဇာ သီပေါမြို့စား "သုသီရိ မဟာဓမ္မ

ရာဇာ''ဟူသောဘွဲ့ထူးတော်အမည်အားဖြင့် ထင်ရှားတော်မူသော သားတော်စစ်ရတနာသည် မြန်မာပြည်၏ဘုရင်မင်းမြတ် ဖြစ်လာသည်၊ သက္ကရာဇ် ၁၂၄၁-ခု၊ နယုန်လတွင် နန်းသိမ်းပွဲသဘင် ဆင်ယင်ကျင်းပတော်မူပြီး အသက်တမျှ အလေးထားမြတ်နိုးကိုးစားအပ်သော ဆရာတော်ဘုရားကြီးကိုလည်း အထွတ်အမြတ်ပူဇော်လို၍ ထိုနှစ်၌ပင် ဆရာတော်ဘုရားကြီးအား လျှောက်ထား၍ ရွှေမြို့တော်အရှေ့မြောက် မဟာဂီရစိတ္တရပန်းဥယျာဉ်တော်အတွင်း လွန်မင်းစွာသဒ္ဓါတော်မူသော နန်းမတော်မိဖုရားခေါင်ကြီးသည် ဆောက်လုပ်တော်မူစေအပ်သော ကျောင်းဦးပြာသာဒ်နှင့်တကွ ဘုံလေးဆင့်ရှိသော အလွန်ဆန်းကြယ်လှစွာသော စုလစ်မွန်းချွန် အမွန်အကျော် နတ်တော်ပြောက်အမွန်းတို့ဖြင့် တန်ဆာဆင်အပ်သော နာယကာလှော်သစ် ဇမ္ဗူရစ်ရွှေစင်တို့ဖြင့် မွမ်းမံအပ်သည်ဖြစ်၍ ရွှေဆိုင်ရွှေတောင်ကြီးအလား မခြားအတူသူခပ်သိမ်းတို့ ရှုမြင်မရဲ ချီးဝှဲမကုန်ဖွယ် အလွန်တင့်တယ်သော ကျောင်းတော်ကြီးနှင့်တကွ အရံကျောင်းရှစ်ရပ် အထပ်ထပ်သောတံတိုင်း, မီးတား, တံခါးမုခ်, ပြာသာဒ်, အုဋ္ဌသမန်တလင်း ငွေတော် ၂-သန်းကျော်ကုန် ကျောင်းတော်ကြီးကို ဆောက်လုပ်တော်မူဆဲအခါ မိဖုရားအား မောင်တော်ကေရာဇ်က ''စုဘုရား ... ဆရာတော်မှာ သက်တော်ရွယ်တော်ကြီးမြင့် ဘုန်းတော်ကံတော်တန်ခိုးသမ္ဘာတော်လည်းကြီးမားလှပါ၍ ခမ်းနားကြီးကျယ် တင့်တယ်မွန်မြတ်လှသော တွင်းပြင်နှစ်ဝ ရွှေပိန်းချသော ကျောင်းတော်ကြီးနှင့်သာ လျော်၏ဟု ထင်မိပါသည်၊ ယခုကျောင်းတော်မှာ အပြင်ကသာ ရွှေပိန်းချ၍ အတွင်းကရွှေမချသည့်ပြင် ငယ်လည်းငယ်လှပါသည်၊ သို့ဖြစ်၍ ယခုဆောက်လုပ်ဆဲကျောင်းတော်ကို မောင်တော်၏ဆရာတော် တင်လှူရန် ရည်သန်စေလိုကြောင်း စုဘုရား ဆရာတော်အတွက် ဤကျောင်းထက်ကြီးမားကျယ်ဝန်း တွင်းပြင်နှစ်ဝ ရွှေပိန်းချကျောင်းကြီးကို ဆက်လက်ဆောက်လုပ်လှူဒါန်းရန် ရည်သန်စေလိုကြောင်းဖြင့် မိန့်ကြားလေ၏၊ ထိုအခါ မိဖုရားကြီးက ဆရာတော်ကြီးအားသာ လျှောက်ထားစေလိုပါကြောင်း သံတော်ဦးတင်လေလျှင် ''အထက်ပါအတိုင်း သီပေါဘုရင်က ဆရာတော်ကြီးအား

လျှောက်ထားလေလျှင် ဆရာတော်ကြီးက "ဒကာတော်မင်းမြတ် သဘောရှိ သဘောရှိ"ဟု ဆရာတော်ကြီးက မိန့်တော်မူလေသည်၊ ယင်းသို့ဆရာတော်ကြီးကခွင့်ပြုသဖြင့် မင်းကေရာဇ်သည် မှန်ကျောင်းတော်ကို မိမိ၏ဆရာတော်အား တင်လှူလေသည်။ (မှန်ကျောင်း သာသနာဝင်လည်းကြည့်။)

## မြေတောင်တိုက်သစ်ဆောက်လုပ်ခြင်း

မင်းမိဖုရားနှစ်ပါးတို့သည် ၁၂၄၃–ခုနှစ်၊ တပေါင်းလဆွဲ့ပင် အရှေ့မှန်ကျောင်းတော်ကို ကျောင်းလွှတ်သဘင် ဆင်ယင်တော်မူပြီး သည့်ကာလ ဆရာတော်ဘုရားကြီးအား သီတင်းသုံးတော်မူရန် ကျောင်းဗိမာန်တော် ဆောက်လုပ်လှူဒါန်းကြပါမည်၊ ယင်းသို့ ဆောက်လုပ်ရန် ရည်ရွယ်သည့်အလျှောက် ရာထားသည့်နေရာများမှာ –

၁။ မာရ်အောင်ရတနာစေတီတော်အနီးတဌာန၊

၂။ ရတနာမဥ္ဇူစေတီတော်အနီးတဌာန၊

၃။ ရတနာဘုမ္မိရပ် ပခန်းမင်းသမီးဥယျာဉ်တဌာန–အားဖြင့် ၃–ဌာနဖြစ်ပါသည်၊ ယင်း ၃–ဌာနအနက် ဆရာတော်ဘုရားကြီး နှစ်သက်ရာဌာနကို မိန့်တော်မူပါဘုရားဟု လျှောက်ထားရာ ဆရာတော်ဘုရားကြီးက ရတနာဘုမ္မိရပ်ရှိ ပခန်းမင်းသမီးဥယျာဉ်နေရာသည်သာ လျှင် –

၁။ ကြယ်ဝန်းပြန့်ပျူးခြင်း၊

၂။ ဆွမ်းခံရန်ဂေါစရဂါမ်နှင့် နီးကပ်ခြင်း၊

၃။ မြက်သစ်ပင်အပေါင်းတို့ စိမ်းလမ်းစိုပြေ ရေရလွယ်ခြင်း၊

၄။ ယင်းအင်္ဂါများနှင့်ပြည့်စုံခြင်းကြောင့် ရဟန်းတို့အား လျောက်ပတ်ခြင်း–စသည်တို့ကြောင့် ပခန်းမင်းသမီးဥယျာဉ်နေရာကို နှစ်သက်ကြောင်းဖြင့် စာသွင်းမိန့်ကြားတော်မူလေသည်။

ပခန်းခတ္တိယကညာယ၊ ဥယျာနံ သာသနာရဟံ။
အသမ္ဗာဓံ အဒူရဉ္စ၊ သဒ္ဒလံ နီလသဒ္ဒလံ။
မယာ ရုစ္စတိ တံ ဌာနံ၊ ပဗ္ဗဇိတာနုလောမိကံ။

မင်းမိဖုရား ၂–ပါးတို့သည်လည်း ဆရာတော်ဘုရားကြီး မိန့်တော်မူသည့်အတိုင်း သဘောကျကျေနပ်တော်မူကုန်ရကား –ထိုဥယျာဉ်ကို ပိုင်ရှင်ပခန်းမင်းသမီးထံ အနောက်လားသော် ရွှေတချောင်းမြောင်းငယ်အထိ, မြောက်လားသော် ဂေါဝိန်ကျောက်လမ်းအထိ, အရှေ့လားသော် ဒဟတ်တောစေတီတော်ဥပစာ အနောက်မျက်နှာလမ်းအထိ, တောင်လားသော် အကျော်စုရပ်ကွက်အတွင်းရှိ ချောင်းငယ်အထိဖြစ်သည်ဟု ပိုင်းခြားသတ်မှတ်တော်မူကြကုန်၍ ကျေနပ်လောက်အောင် အဖိုးငွေတော်ထုတ်ပေးသနားတော်မူစေ၍ ဝယ်ယူတော်မူကြကုန်၏။

ဥယျာဉ်တွင်းရှိ အိမ်ရှင်များကိုလည်း မိဖုရားခေါင်ကြီးက ရှေ့တော်ခေါ်တော်မူလျက် အမောင်တို့ အမိတို့ စုဖုရားပါရမီကို ကူညီ၍ ဖြည့်ကြပါ အိမ်ယာများရွှေ့ပြောင်းခြင်းအတွက် စိတ်လက်မကြည်မသာမဖြစ်ကြပါကုန်လင့် ပါရမီတမျိုးစိုက်ပျိုးဖြည့်ကျင့်ကြရသည်ဟု သဘောထားကြပါကုန် မြွက်ကြားတော်မူပြီးလျှင် အိမ်ရှင်တို့အား တခန်းလျှင် ၁၀၀–ကျပ်ငွေတော် သနားတော်မူလေသည်။

ဖော်ပြပါ ပခန်းမင်းသမီးဥယျာဉ်နေရာ၌ ကျောင်းတော်များဆောက်လုပ်ရန်တာဝန်ကို ကာယ, ဉာဏ, ဥဿာနဂုဏ်ပြည့်စုံသော အောက်မြစ်စဉ်ဆိုင်ရာဌာနန္တရရာထူးဖြင့် ချီးကျူးမြှောက်စား သူကောင်းပြုခြင်းခံရသော “လှေသင်းအတွင်းဝန်မင်း”အား အပ်နှင်းတော်မူ၍ ဆောက်လုပ်စေတော်မူကြသည်။

ယင်းသို့ဆောက်လုပ်စေရာ ကျောင်းတိုက်တွင်း မြောက်မျက်နှာက ရှေ့ဦးစွာစီမံခြင်းဖြင့် စာတော်ဝန်မင်း မောင်ခဲ၏ကျောင်း, ဒေးဝန်းအကောက်ခွန်မင်း မောင်ချိန်၏ကျောင်း, ရာဟုထောင့် စနေထောင့် ဝါဆိုကျောင်းတော်တို့ကို လျင်မြန်စွာဆောက်လုပ်စေ၍ ပြီးစီးသောအခါ ရှေးဦးစွာ ကျောင်းလေးကျောင်းဆောက်လုပ်ပြီးစီးပါကြောင်း လျှောက်ထားသံတော်ဦးတင်ရာ မိဖုရားကြီးက လွန်စွာဝမ်းမြောက်တော်မူလှသဖြင့် စီမံသူလှေသင်းအတွင်းဝန်မင်းနှင့် အမှုလုပ်တို့အား ဆုလာဘ်များစွာကိုလည်း ပေးသနားတော်မူသည်။

## မြတောင်တိုက်သစ်သို့ ပြောင်းကြွသီတင်းသုံးတော်မူခြင်း

မိဖုရားကြီးသည် ဆရာတော်ကြီးထံသို့ ရွှေ့ပြောင်းသီတင်းသုံးတော်မူမည့်နေ့ရက်ကို သတ်မှတ်လျှောက်ထားပြီးလျှင် ဆင်, မြင်း, ရထား, ခြေသည်အားဖြင့် စစ်အင်္ဂါလေးပါးနှင့်တကွ ခမ်းနားကြီးကြယ်စွာ စီမံခင်းကျင်းစေပြီး အခြွေအရံပရိသတ်ဗိုလ်ပုံတို့ဖြင့် ကျောင်းတော်သို့လိုက်ပို့ကြမည်ဟု ရည်ရွယ်တော်မူပြီး သူရဲသူခက် ရဲမက်သားတို့ကို အစီအစဉ်ပြုလုပ်ကြရမည်ဟု အမိန့်တော်မှတ်တော်မူလေ၏၊ ထိုအကြောင်းကို ဆရာတော်ဘုရားကြီး ကြားသိတော်မူလျှင် ဝန်လေးလှသောအမှုကို ပြုရန်မလို အခြွေအရံနှင့်သွားရခြင်းထက် တပါးတည်းသွားရခြင်းက ပိုမြတ်လှပါသည်ဟု အမိန့်တော်ရှိကာ နောက်ပါအလုပ်အကျွေးရဟန်းငယ်တပါးနှင့် ကပ္ပိယကျောင်းသားတယောက်ကိုသာ ခေါ်တော်မူ၍ ကျောင်းတော်မှထွက်ကြွတော်မူပြီးလျှင် တိုက်တော်သစ်သို့ ကြွရောက်တော်မူလေသည်။

## စာချိုးလင်္ကာများ

ယင်းသို့ခမ်းနားကြီးကျယ်စွာ မင်း, မိဖုရား နှစ်ပါးတို့ နမန္တာဖတ်, ဓာတ်ဖက်တပ်ဝန်း အခင်းအကျင်းများနှင့် ထွက်တော်ကြီး ထွက်တော်မူကာ တူရိယပဥ္စင် သံတင်ဆော်နှိုး ရိုက်ကြိုးခြိမ့်ညာ ပွဲကြီးသာလျက် မင်္ဂလာအခမ်းအနားကြီးများနှင့် ထင်ရှားကျော်စောစွာလိုက်ပို့တော်မူမည့်အရာကို သာယာတော်မမူပဲ နောက်လိုက်ရဟန်းတော်တပါး ကပ္ပိယတဦးမျှဖြင့် ကျောင်းတော်သို့ကြွတော်မူသည်ကို မန္တလေးမြို့တော်သူ, မြို့တော်သားတို့နှင့် အများပြည်သူ ပြည်သားတို့ကြားလျှင် –

၁။ ဂုဏ်ရှိလျက် ဂုဏ်မဆောင် မြတောင်ဆရာတော်၊

၂။ မင်းဆရာဖြစ်လျက် မာန်မတက် မာန်ဖျက်အရောင် လွန်စွာပြောင် မြတောင်ဆရာတော်၊

၃။ လောကဂုဏ်သိရ် အရှိန်ကိုချိုး သီလတန်ခိုးနှင့် တမျိုးပြောင် မြတောင်ဆရာတော်၊

၄။ မင်းလိုမလိုက် မင်းကြိုက်မထား ဘုရားအလိုတော်ရှိ သမာဓိကိုဆောင် မြတောင်ဆရာတော်၊
၅။ ပညာရှိလျက် မသိအရောင် ပရိယတ္တိအပ္ပိစ္ဆကိုဆောင် မြတောင်ဆရာတော်–ဟူသော စာချိုးလင်္ကာတို့ကို ရွတ်ဆိုကျူးသီကြကုန်၏။

## သာသနာအကျိုး သည်ပိုးဆောင်ရွက်တော်မူခြင်း

ဆရာတော်ကြီးပြောင်းရွှေ့တော်မူ၍ စာတော်ဝန်မင်း မောင်ခဲ၏ကျောင်း၌ ကိန်းအောင်းစံပျော်သီတင်းသုံးတော်မူသောအခါ တိုက်ဟောင်းမှသံဃာတော်များလည်း ၁၀–ပါး တတွဲ၊ အပါး ၂၀–တတွဲ စသည်ဖြင့် တိုက်သစ်သို့ကြွရောက်သီတင်းသုံးတော်မူကြရာ သံဃာတော် ၁၀၀–ကျော် ၂၀၀–ခန့်အထိ များပြားလေသည်၊ ဆရာတော်ကြီးသည် ထိုသံဃာတော်တို့အား စာပေကျမ်းဂန်အတန်တန်ကို သင်အံစေခြင်း၊ ချပို့ခြင်းဖြင့် သက်ဆုံးတိုင် သာသနာဝန်ကို အားသွန်ကြိုးပန်း ထမ်းဆောင်တော်မူလေသည်။

## ဘွဲ့တံဆိပ်တော်သုံးတန် အလှူခံတော်မူခြင်း

ဆရာတော်သည် ပရိယတ္တိမာမက, ပဋိပတ္တိစုရန္တရ လဇ္ဇီပေသလ, သိက္ခာကာမ–အစရှိသောဂုဏ်တော်အပေါင်းတို့ဖြင့် လွှမ်းထုံကျော်ကြားရကား –

သက္ကရာဇ် ၁၂၂၉–ခုနှစ်၊ ပြာသိုလပြည့်နေ့တွင် ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီး၏ "အာလောကာဘိဝရသာသနရက္ခမဟာဓမ္မရာဇဂုရု"ဟူသောဘွဲ့တံဆိပ်တော်, ၁၂၄၁–ခုနှစ်၊ ဝါခေါင်လပြည့်နေ့တွင် သားတော်ဒုတိယနန်းစံ မာရ်အောင်ရတနာစေတီတော်ဒါယကာ မဟာဓမ္မရာဇ်မင်းမြတ် ဆက်ကပ်အပ်သော "အာလောကာဘိဝရသာသနရက္ခမဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသောဘွဲ့တံဆိပ်တော်နှင့် ၁၂၄၆–ခုနှစ်၊ တော်သလင်းလဆန်း ၁၀–ရက်နေ့တွင် သီပေါမင်းတရားသည်ပင် ဆက်ကပ်လှူဒါန်းအပ်သော "အာလောကာဘိဝရ

အတုလဓိပတိသီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု''ဟူသောဘွဲ့တံဆိပ် တော်တို့ကို အလှူခံရရှိတော်မူသည်။

## မင်းတုန်းမင်း၊ သီပေါမင်းတို့၏ မြတောင်အလှူဝတ်များ

ပဥ္စမသံဂါယနာတင်မင်းတရားကြီးလက်ထက်တွင် ဆရာ တော်ဘုရားကြီးအား ဆွမ်းစရိတ်တော် ၃၀, ကျောင်းထိုင်ပုဂ္ဂိုလ်တို့အား ၁၅၊ ခန်းနေရဟန်းတော်တို့အား ၇-၅ျူး, သာမဏေတို့အား ၃-၅ျူး စီ လစဉ်လှူဒါန်းတော်မူသည်၊ ထိုတွင် ဆရာတော်ဘုရားကြီး၏အဖို့ အလှူတော်ကို ကျောင်းစာရေးသုံးယောက်ထား၍ ပေစာရေးတော်မူ၏။ သံဃာတော်များ၏အလှူတော်ငွေကို လစာတော်နှင့်ထားသော ကပ္ပိယ တကျိပ်တို့က ဆွမ်းဘောဇဉ်ချက်ပြုတ်၍ တိုက်တွင်းသံဃာတို့အား လုပ်ကျွေးဆက်ကပ်ရ၏။ သီပေါမင်းလက်ထက်တွင် ကျေးဇူးရှင် ဆရာ တော်ဘုရားကြီးအား ဆွမ်းစရိတ် ၆၀, ကျောင်းထိုင်ပုဂ္ဂိုလ်တို့အား ၃၀, ခန်းနေရဟန်းတော်တို့အား ၁၅, သာမဏေတို့အား ၇-၅ျူး ကျ လစဉ်လှူတော်မူ၏။ ကပ္ပိယ ၁-ကျိပ်, အရံစောင့်ကျောင်းသား ၆- ကျိပ်တို့ကိုလည်း လစာရိက္ခာတော်နှင့် အမြဲထားတော်မူသည်၊ ထိုတွင် ဆရာတော်ဘုရားကြီးအဖို့ အလှူတော်ငွေကို ကျောင်းစာရေး ငါး ယောက်ထား၍ ပေစာရေးသားတော်မူ၏။ သံဃာတော်တို့အဖို့အလှူ တော်ငွေကို ကပ္ပိယ ၁-ကျိပ်တို့က ဆွမ်းဘောဇဉ်ချက်ပြုတ်စီရင်၍ တိုက်တွင်းရှိသံဃာတော်တို့အား လုပ်ကျွေးဆက်ကပ်ကြရသည်။

ဆရာတော်ဘုရားကြီးအတွက် နေ့စဉ် နန်းတော်မှဆွမ်းဝတ် လည်းပို့လှူသည်၊ သို့ရာတွင် ဆရာတော်သည် ပိဏ္ဍပါတ်ဝတ်ကို မဖျက်လို၍ ဆွမ်းခံမြဲသာခံတော်မူ၍ သံဃာတော်နှင့် ဝေခြမ်း၍ ဘုဉ်း ပေးတော်မူသည်။

အရံစောင့်ကျောင်းသား ၆-ကျိပ်တို့တွင် ကျောင်းတော်ကြီး ၌ ၁-ကျိပ်, အရံပြာသာဒ်ကျောင်းတော်ကြီး ရှစ်ရပ်၌ ၃-ယောက်ကျ စီ, ဒေါင့်ကျောင်းတော် ၄-ကျောင်း၌ ၁-ယောက်ကျစီ, ၄-မျက်နှာ မဟာရံမုခ်ပေါက်လေးခုတို့၌ ၅-ယောက်ကျစီထား၍ စောင့်ရှောက်ရ

သည်၊ ကျန် ၂–ယောက်မှာ ဆရာတော်ဘုရားကြီး၏အနီးတွင် အစဉ်အမြဲထား၍ လက်ပါးစေသုံးတော်မူသည်။

ဤသို့ဖြင့် ဆရာတော်ဘုရားကြီးသည် လွန်စွာပုဉ်းကံကြီးမားတော်မူသည့် သီလ, သမာဓိ, ပညာရောင်တို့ဖြင့် ထွန်းပြောင်တောက်ပတော်မူသည့် မထေရ်မြတ်ဖြစ်ကြောင်း သိသာလေသည်။

ဧဝံ အာလောကထေရောပိ၊ အာလောကဇောတကော ဝိဒူ။
ပုညဝါ ဓိတိမာ စေဝ၊ သာသနေတီဝ ပါကဋော။

## ဆရာတော်ကြီးလုပ်ငန်းတော်များ

ဆရာတော်ကြီးလက်ထက်က မြတောင်တိုက်၌ သံဃာတော် ၈၀၀– ၉၀၀–ကျော်အထိ သီတင်းသုံးဘူးသည်၊ ဆရာတော်သည် ထိုမျှများပြားလှသောသံဃာတော်တို့အား စာပေပို့ချခြင်းကိုလည်း မပြတ်ပြုတော်မူသည်၊ မင်းမြတ်၏တောင်းပန်မှုကြောင့် သုဓမ္မာဝင်ရှစ်ပါးတွင်လည်း တပါးအပါအဝင်ဖြစ်၍ သာသနာရေးကိစ္စအဝဝကို ဆောင်ရွက်တော်မူခဲ့သည်၊ ကျောင်းစာရေးငါးယောက်ထားတော်မူ၍ ရေးသားစေသောပေစာများကို ကိုယ်တော်တိုင်ရေနံသုတ်ခြင်း, စာတည်းခြင်း, ပြင်ဆင်ခြင်း–စသည်တို့ကို ပြုတော်မူခဲ့သည်။

## ကျမ်းဂန်ရေးသားပြုစုတော်မူခြင်း

ဆရာတော်သည် ကျမ်းဂန်များစွာကိုလည်း ရေးသားစီရင်တော်မူခဲ့သည်၊ ၎င်းတို့မှာ –

၁။ ဗာလာဝတာရနိဿယ (၁၂၂၆–ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅–ရက်နေ့ပြီး)
၂။ လိင်္ဂမာလာပါဠိ (၁၂၂၇–ခုနှစ်၊ ဝါခေါင်လဆုတ် ၄–ရက်နေ့ပြီး)
၃။ လိင်္ဂမာလာနိဿယ (၁၂၂၇–ခုနှစ်၊ တော်သလင်းလဆုတ် ၂–ရက်နေ့ပြီး)
၄။ နာမ်ရူပမာလာကျမ်း (၁၂၂၇–ခုနှစ်၊ တော်သလင်းလဆုတ် ၅–ရက်နေ့ပြီး)

၅။ ပစ္စဝေက္ခဏာလေးပုဒ်စကားပြေ
၆။ ရူပပကာသနီကျမ်း
၇။ အာချာတ်ပဒမာလာကျမ်း
၈။ ဂဏာသံသဂ္ဂဓာတ်စဉ်ကျမ်း (၎င်း ၃–ကျမ်းမှာ သီပေါမင်းတောင်းပန်၍ ၁၂၄၅–ခုနှစ်တွင် စီရင်တော်မူသည်)
၉။ ဝိပဿနာရှုဖွယ်ကျမ်း (မိဖုရားကြီးတောင်းပန်၍ ၁၂၄၆–ခုနှစ်က ရေးစီရင်တော်မူသည်)
၁၀။ ဒွါသဋ္ဌိဒိဋ္ဌိဘေဒနဂါထာကျမ်း
၁၁။ နိဗ္ဗာနဝိနိစ္ဆယကထာကျမ်း
၁၂။ လိင်္ဂဝိပလ္လာသဝိနိစ္ဆယကျမ်း (၎င်း ၃–ကျမ်းကို အလုံဝန်ဦးသဒ္ဒ ခေါ် ဒါယကာကတောင်းပန်၍ ၁၂၅၃–ခုနှစ်တွင် စီရင်ရေးသားတော်မူသည်)
၁၃။ သမာသ်ပဒမာလာကျမ်း (၁၂၅၂–ခုနှစ်၊ နတ်တော်လဆုတ် ၁၄–ရက်နေ့တွင်ပြီးစီရင်သည်)
၁၄။ တဒ္ဓိတပဒမာလာကျမ်း (၁၂၅၂–ခုနှစ်၊ ပြာသိုလဆုတ် ၁၄–ရက်နေ့တွင် အပြီးစီရင်သည်)
၁၅။ နာမပစ္စယဒီပနီကျမ်း (၁၂၅၂–ခုနှစ်၊ တပို့တွဲလဆန်း ၅–ရက်နေ့တွင် အပြီးစီရင်သည်)

တို့ဖြစ်သည်။

## ပေါ်ဘိက္ခုဖြစ်၍ သင်္ဃာဆရာတော်အား ပူဇော်လိုကြောင်း တောင်းဆုချွေ

မြတောင်ဆရာတော်ဘုရားကြီးသည် စာပြုစုရသောကောင်းမှုများနှင့် အခြားတပါး များပြားလှသော ဒါန, သီလ, ဘာဝနာ ပွားမှုအစုစုသောမြတ်ကောင်းမှုကြောင့် အရိမေတ္တေယျမြတ်စွာဘုရားထံတော်မှောက်၌ ပေါ်ဘိက္ခုရဟန္တာဖြစ်၍ ကျေးဇူးရှင် သင်္ဃာဆရာတော်ဘုရားကြီးအား မြတ်နိုးပူဇော်ရလိုကြောင်း –

ဝေဘေန ပုညကမ္မေန၊ မေတ္တေယျဿေဝ သန္တိကေ။
ခီဏာသဝေါ ဘဝေယျာဟံ၊ အရဟာ ပေဟိဘိက္ခုကော။

မာနေယျဥ္စာပိ ပူဇေယျံ၊ တသ္မိံ ကာလေ ဂရုဥ္စ မေ။
အဂ္ဂဝမ္မအလင်္ကာရံ၊ သုတံ မရမ္မရဋ္ဌကေ။

ဟူသော ၂–ဂါထာဖြင့် ဗာလာဝတာရနိသျနိဂုံး၌ တောင်းဆုခြွေတော်မူခဲ့သည်။

## မြတောင်ဆရာတော်ဘုရားကြီး၏ ပညာရှိတပည့်များ

မြတောင်ဆရာတော်ဘုရားကြီးသည် ကိုယ်တိုင်စာပေသမားပညာရှင်ဖြစ်တော်မူသည်၊ ကျမ်းပြု၊ စာချ ပဋိပတ္တိဓမ္မကိုလည်း ဟောပြခြင်းတို့ဖြင့် သာသနာတော်ကိုပြုစုပျိုးထောင်တော်မူခဲ့ရာ ဆရာတော်၌ တပည့်တပန်းများစွာထွန်းကားခဲ့သည်၊ ထိုတပည့်များအနက် –

၁။ ''ပဏ္ဍာဝံသာဘိလင်္ကာရကဝိဓဇမဟာဓမ္မ ရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ အရှင်ဒေးဝန်း အကောက်ဝန်မင်းကျောင်း မြတောင်ဆရာတော်။

၂။ သုမနာဘိလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ အရှင်မြောက်ရွှေရေး၏ အမြောက်ဝန်မင်းကျောင်း မြတောင်ဆရာတော်။

၃။ ''တေဇောသာရာဘိလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု''ဘွဲ့တံဆိပ်တော်ရ အရှင်ရဲဝန်မင်းသစ်ကျောင်း မြတောင်ဆရာတော်။

၄။ ''ပုညိန္ဒာဘိလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ အရှင်သူရဲဝန်မင်းဟောင်းကျောင်း မြတောင်ဆရာတော်။

ဟူသော ဆရာတော်တို့မှာ ဆရာတော်၏ထင်ရှားသော ဘွဲ့တံဆိပ်တော်ရတပည့်ကြီးများဖြစ်ကြသည်၊ ၎င်းဆရာတော် ၄–ပါးတို့သည် သက္ကရာဇ် ၁၂၄၇–ခု၊ ဝါခေါင်လဆုတ် ၁–ရက်နေ့တွင် တိုက်တော်ရှိသံဃာ

ကုန် စာရေးတန်အလှူပွဲနှင့်တွဲလျက် တံဆိပ်တော်ကို အလှူခံတော်မူကြရသည်။

ငင်းပြင် အရှင်တိက္ခ ညောင်ဦးဆရာတော်, အရှင်ဂုဏ ရွာကြီးဆရာတော်, အရှင်ဉာဏုတ္တရ မန္တလေးအနောက်ပြင်ရတနာပုံ ပုဂံတိုက် စတင်တည်ထောင်တော်မူသောဆရာတော်, အရှင်ဇယန္တ မဏိရတနာရာမတိုက်၌ ပဌမတိုက်အုပ်ဆရာတော်, (ယင်းဆရာတော်တို့ကား ဘွဲ့တံဆိပ်တော်ကပ်ရန် စီစဉ်ပြီးဆရာတော်များဖြစ်သတတ်) ဘေသဇ္ဇဒီပနီကျမ်း, ဒွါဒသကပဉ္စာဗျာကရဏကျမ်း, ဂန္ထာဘရဏဋီကာနိသျ, ဝါစကဋီကာနိသျ–စသောကျမ်းများစွာတို့ကို ပြုစုတော်မူခဲ့သော ပန်းအိုင်မြို့ ဇာတိပဝတ္တိ မန္တလေးမဏိရတနာရာမတိုက်တော်၌ ဒုတိယတိုက်အုပ်ဆရာတော် ပဌမစာချ အရှင်ပညာသာမိ, သုတဗုဒ္ဓိဒီပနီကျမ်းပြု အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ပဌမစာချ ငွေတောင်ဆရာတော် အရှင်ကဝိန္ဒ, ပုဂံမြို့ ရွှေကျောင်းဆရာတော် ပဌမစာချ အရှင်စန္ဒထေရ်, ဆင်ရွာကြီးတောရကျောင်းဆရာတော် ပဌမစာချ အရှင်ကုမာရထေရ်–စသည်တို့မှာလည်း မြတောင်ဆရာတော်ဘုရားကြီးထံ နည်းနာခံယူတပည့်တို့ဖြစ်တော်မူကြသည်။

ဤသို့စသည်ဖြင့် ဆရာတော်၏သာသနာ့ဝန်ထမ်း တပည့်တပန်းတို့မှာ များပြားလှကုန်ရာ ပြည့်စုံအောင်ဖော်ပြခြင်းငှာ မစွမ်းနိုင်ပါ၊ အမြွက်မျှသာပြခြင်းဖြစ်ပါသည်။

သိဿာ အာလောကထေရဿ၊ အနေကေ သာသနေ ရတာ။
န သက္ကာ ဂဏိတုံ တေသံ၊ မုခမတ္တံ နိဒဿိတံ။

## ဘဝနတ်ထံ ဝင်စံတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် ၁၂၅၆–ခုနှစ်၊ တပေါင်းလမှ စ၍ စွဲကပ်လာသောလေရောဂါသည် နောက်သို့ဆုတ်သည်မရှိပဲ တိုးတက်၍လာလေရာ အာဟာရသုံးဆောင်ခြင်းလည်း တဖြည်းဖြည်းလျော့ပြီး ၁၂၅၇–ခု၊ ဝါခေါင်လသို့ရောက်လျှင် အားအင်ကုန်ခန်း မလှုပ်မကြွနိုင်တော့ပဲ အိပ်ရာညောင်စောင်း၌လျောင်းစက်တော်မူရင်း ဝေဒနာ

ကိုသည်းခံလျက် ပျက်ပျက်မှု, ကုန်ဆုံးမှုတို့ကို ရှုဆင်ခြင်တော်မူရင်း သက်တော် ၇၅–နှစ်အရောက် ၁၂၅၇–ခု၊ နတ်တော်လဆုတ် ၅–ရက်နေ့ နံနက် ၇–နာရီအချိန်တွင် နတ်ပွဲသဘင်ဝင်စံကြွသွား အနားယူတော်မူရလေသည်။

အာလောကော ယော မဟာထေရော၊
စက္ကာ လောကဿ ဒီပကော။
အာလောကံ သော ဖရိတွာန၊ ယာတော ဒေဝါလယံ သုဘံ။

## ရှာပနပွဲ ဆင်နွဲကျင်းပခြင်း

ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို ၁၂၅၇–ခု၊ နတ်တော်လဆုတ် ၈–ရက်နေ့ ၃–နာရီတွင် တိုက်တွင်းတိုက်ပြင် ဆရာတော် သံဃာတော် ဆွေတော်မျိုးတော် မှူးတော်မတ်တော်တို့ တိုင်ပင်ကြပြီး ရွှေခေါင်းတော်သွင်းသဘင် ဆင်ယင်ကြလေသည်၊ တပို့တွဲလဆန်း ၁၃–ရက်နေ့ ထီးဖြူတော်ဖွင့်အခမ်းအနားပွဲသဘင် ဆင်ယင်ကြပြီး တပေါင်းလဆန်း ၈–ရက်နေ့မှ တပေါင်းလဆုတ် ၄–ရက်နေ့အထိ ၁၂–ရက်တိုင်တိုင် သာဓုကီဠနသဘင်ပွဲကြီး ဆင်ယင်၍ ဝေဇယန္တာ နန်းပြာသာဒ်၌ မန္တာတ်လောင်းလျှာ မဟာကေရာဇ်စေတီစံပုံထုံးကို လက်သုံးစံဖွင့် မိုကျင့်လေးဆိုင် ရံပြိုင်ညှင်းညှင်း ဓာတ်ငွေ့သွင်းလျက် နံ့သာထင်း တေဇောဓာတ်ဖြင့် အလောင်းတော်မြတ်ကို ကျွမ်းစေသတည်း။

## သံဝေဂယူဖွယ်

ပရိဇိဏ္ဏမိဒံ ရူပံ၊ ရောဂနိဋ္ဌံ ပဘင်္ဂုရံ။
ဘိဇ္ဇတိ ပူတိသန္ဒေဟော၊ မရဏန္တံ ဟိ ဇီဝိတံ။

ဤရုပကာယသည် ဆွေးမြေ့ယိုယွင်းအိုမင်းတတ်၏၊ အနာရောဂါအမျိုးမျိုးတို့၏တည်ရာလည်း ဖြစ်၏၊ ယိုယွင်းပျက်စီးတတ်၏၊ အသက်ရှင်၍နေရခြင်းသည် သေရခြင်းလျှင် အဆုံးရှိရကား ကိုယ်သည် ပုပ်သည်ဖြစ်၍ ပျက်စီးရလတံ့။ (ဓမ္မပဒ၊ ဇရာဝဂ်၊ ဥတ္တရာထေရီဝတ္ထု)

## အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီဆရာတော် အရှင်ဥေယျထေရ်

ဆရာတော် အရှင်ဥေယျသည် ပုဂံ (ညောင်ဦး) ဝက်ကြီးအင်းရွာ၌ အဖ ---------, အမိ ဒေါ်မှုံတို့မှ သက္ကရာဇ် ၁၁၉၉–ခုနှစ်၊ တော်သလင်းလဆန်း ၆–ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။

ငယ်စဉ်ကပင် ညောင်ဦးမြို့ ရွှေစေတီတိုက် အရှင်သုဓမ္မာလင်္ကာရထံရောက်ရှိ၍ ပညာသင်ကြားတော်မူခဲ့လေသည်၊ အရွယ်ရောက်သော် ရှင်, ရဟန်း ပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ ရဟန်းဘွဲ့တော်မှာ အရှင်ဥေယျဖြစ်လေသည်။ "ဉာဏာဘိဝံသဓရမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ပုဂံဆရာတော်ကြီး အရှင်ဉာဏာဘိဝံသသည်လည်း ဦးဥေယျ၏ဆရာရင်းဖြစ်လေသည်။

## မန္တလေးသစ်ဆိမ့်တိုက် ပညာသင်

ဆရာတော်သည် ညောင်ဦးမြို့ ရွှေစေတီတိုက်၌ ပိဋကတ်အခြေခံကျမ်းစာများကို သင်ကြားတော်မူခဲ့ပြီး မန္တလေးမြို့မြောက်ပြင် သစ်ဆိမ့်တိုက်သို့ကြွတော်မူ၍ "ပညာသီဟသာသနာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ပညာသီဟစသည်တို့ထံ ပိဋကတ်ကျမ်းစာများကို သင်ယူတတ်မြောက်တော်မူခဲ့လေသည်။

## ရွှေစေတီတိုက်ပြန်ကြွ နာယကဖြစ်

ရဟန်းသိက္ခာ ၇–ဝါအရတွင် ညောင်ဦးမြို့ ရွှေစေတီတိုက်သို့ ပြန်ကြွတော်မူကာ စာပေပို့ချ၍ ပရိယတ္တိသာသနာကိုချီးမြှောက်တော်မူခဲ့လေသည်၊ ပဌမရွှေစေတီဆရာတော် ဦးသုဓမ္မာလင်္ကာရ မြင်းကပါတောရကျောင်းသို့ကြွရောက်သီတင်းသုံးတော်မူသောအခါ ရွှေစေတီတိုက်ကြီး၏ နာယကဖြစ်တော်မူလေသည်၊ ဆရာတော် အရှင်ဥေယျလက်ထက်က ညောင်ဦး ရွှေစေတီတိုက်၌ သံဃာတော် ၅၀–ကျော်ခန့်ရှိသည်ဟု သိရလေသည်။

## နတ်ထောင့်ဂိုဏ်းချုပ်

၁၂၆၇–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃–ရက်နေ့တွင် "ဝိသုဒ္ဓသီလာစာရ သိရိပဝရ ဓမ္မသေနာပတိ မဟာသံဃရာဇာ" တောင်ခွင်သာသနာပိုင်ဆရာတော်ဘုရားကြီး၏ နတ်ထောင့်ဂိုဏ်းချုပ် အဖြစ် ခန့်အပ်ခြင်းကိုခံယူတော်မူရလေသည်၊ ဆရာတော်သည် နတ်ထောင့်ဂိုဏ်းချုပ်အဖြစ်၌တည်လျက် ဂိုဏ်းဝင်သံဃာတို့အား ဩဝါဒပေးခြင်း, ဝိနည်းဓမ္မကံလမ်းကြောင်းအရ ဝိနိစ္ဆယပေးခြင်း–စသည်ဖြင့် သာသနာရေးရာများကို အပတ်တကုတ်ပြုလုပ်ဆောင်ရွက်တော်မူခဲ့လေသည်။

## ကျမ်းဂန်များပြုစုတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် ကျမ်းဂန်များစွာတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်၊ ၎င်းတို့မှာ –

၁။ ရတနဇောတကထာကျမ်း

၂။ ပဥ္စာဗျာကရဏကထာကျမ်း

၃။ ပါရမီပကိဏ္ဏကကထာကျမ်း–စသည်တို့ဖြစ်ကုန်၏၊ ယင်းကျမ်းများအနက် ပါရမီပကိဏ္ဏကကထာကျမ်းမှာ ဆေးဆရာကြီး ဆရာဖြူး တောင်းပန်သဖြင့် ရေးသားတော်မူသည်၊ ပါရမီနှင့်စပ် မှတ်သားဖွယ်တို့ကို စရိယာပိဋကအဋ္ဌကထာ, သီလက္ခန်ဋီကာဟောင်း, သီလက္ခန်ဋီကာသစ်တို့မှ ထုတ်နုတ်ယူဆောင်၍ ရေးသားတော်မူခဲ့လေသည်။ ကျမ်းဦး၌ –

ပါရမိသဥ္စယံ ဗုဒ္ဓံ၊ ဓမ္မံ စ ယေန လဒ္ဓိတံ။
သံဃဥ္စ အဘိဝန္ဒိတွာ၊ ပုညက္ခေတ္တမနုတ္တရံ။

တတ္ထေဟိ သတ္တနယေဟိ၊ ဇေဒ္ဓပြူတိဝှယာဝရာ။
ဘေသဇ္ဇဒါန ဆေကေန၊ ဝဇ္ဇကေနာဘိယာစိတော။

တဏှာမာနနုပဂတံ၊ ဒါနာဒီနံ မုနိကာရံ။
ပဋိပ္ပဒနယကာမံ၊ ဗောဓိနံ ပုညသမ္ဘာရံ။

စရိယာပိဋကေ ဋ္ဌိတံ၊ ယံ ပါရမီပကိဏ္ဏကံ။
တာ ဟရိတွာ ကထယိဿာမိ၊ သမ္မာ ဂဏှန္တု သာဓဝေါ။
ဟူသော ၄–ဂါထာတို့ဖြင့် ရတနတ္တယပဏာမ, အဘိယာစက, ကျမ်း၏ဂုဏ်, ကျမ်း၏မှီရာ, ကျမ်း၏အမည်, ပဋိညာဉ်တို့ကို ပြတော်မူခဲ့လေသည်။

ယင်းကျမ်းမှာ ၁၂၅၆–ခုနှစ်၊ ပြာသိုလဆန်း ၉–ရက် ကြာသပတေးနေ့တွင် ပြီးစီးကြောင်း–
ဖုဿမာသသုက္ကပက္ခေ၊ သောဏ္ဍာရူပေန ဝါယမေ။
သာယဏှေ နိဋ္ဌိတာယံ ပါ–ရမီပကိဏ္ဏကကထာ။
ဟူသောဂါထာဖြင့် နိဂုံးမူခဲ့လေသည်၊ ၎င်းကျမ်းမှာ ရှိုင်ဆိုက် ၁၈၆–မျက်နှာ ရှိလေသည်။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်

၁၂၈၀–ပြည့်နှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။ ဆရာတော်၌ ပညာတတ်တပည့်များစွာတို့လည်း ပေါ်ထွန်းကုန်၏၊ ၎င်းတို့ကား ကြံခင်းဆရာတော် အရှင်ကဝိဓဇ, ဝါးခယ်မ ရန်မနိုင်ဆရာတော် အရှင်ကေသရ, ဆရာတော် အရှင်နန္ဒဝံသ အဂ္ဂမဟာပဏ္ဍိတ, (ပခုက္ကူဆရာတော်, ညောင်ဦးဆရာတော်, ညောင်တုန်းဆရာတော်) အရှင်အာဒိစ္စ, အရှင်ဝိလာသ, အရှင်ဇောတ, အရှင်မဥ္ဇူ–စသည်တို့ ဖြစ်ကုန်၏။

## ပျံလွန်တော်မူခြင်း

ယင်းသို့ စာချ, ကျမ်းပြုကာ သုံးလူ့သာသနာပြုဆရာတော် ဘုရားကြီး အရှင်ဥေယျသည် သက်တော် ၈၁, ဝါတော် ၆၁–ရရှိရာ ၁၂၈၀–ပြည့်နှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။
ဘဒန္တဥေယျထေရောတိ၊ ဥေယျော်သု ကောဝိဒေါ ဝိဒူ။
သဗ္ဗညုစက္ကံ ဇောတေတွာ၊ ဂတော ဒေဝါနသန္တိကံ။

## ပါရာဇိကဏ်ဂဏ္ဌိသစ်စသည်ပြု အရှင်သုတဗုဒ္ဓိမဟာထေရ်

ဆရာတော် အရှင်သုတဗုဒ္ဓိသည် အရိမဒ္ဒန ပုဂံပြည်ဖွား ပညာတတ်ပုဂ္ဂိုလ်ကျော်တပါးဖြစ်လေသည်။

## ဖွားမြင်ခြင်း စသည်

အရှင်သုတဗုဒ္ဓိသည် ပုဂံပြည် ညောင်ဦးမြို့မ ဆုံကုန်းရပ်၌ အဖ ဦးတက်ခါး, အမိ ဒေါ်ရေပေါ်တို့မှ သက္ကရာဇ် ၁၂၀၀-ပြည့်နှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။

၇-နှစ်သားအရွယ်တွင် မိဖတို့က သာသနာဘောင်သွတ်သွင်း ချီးမြှင့်ကြသဖြင့် ဆရာတော် အရှင်သဒ္ဓမ္မာလင်္ကာရမထေရ်ကို ဥပဇ္ဈာယ် ပြု၍ သာမဏေဝတ်ကာ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေ သည်၊ ဘွဲ့တော် ရှင်သုတဖြစ်လေသည်၊ သာမဏေဝတ်နှင့်ပင် ပိဋ္ဋကတ်အခြေပြုကျမ်းစာများနှင့်တကွ ပိဋ္ဋကတ်ကျမ်းစာများကို သင်ယူ တတ်မြောက်တော်မူခဲ့လေသည်။

## ရဟန်းပြုခြင်း

သက်တော် ၂၀-တွင် မိဖတို့၏ပစ္စယာနုဂ္ဂဟဖြင့်ပင် ရဟန်း အဖြစ်သို့ရောက်တော်မူခဲ့လေသည်၊ ရဟန်းဖြစ်သော် အရှင်သုတ (ဦး သုတ)ဖြစ်လေသည်၊ အရှင်သုတသည် လွန်စွာမှညာဏ်ထက်မြက်လှ သည်၊ ဥပဇ္ဈာယ်ဆရာတော် အရှင်သဒ္ဓမ္မာလင်္ကာရသည် အရှင်သုတ ဆက်လက်ပညာသင်ကြားရန် ဆရာကောင်းထံပို့အပ်ရန် အကြိမ်ကြိမ် ကြံစည်တွေးဆတော်မူခဲ့လေသည်။

## မန္တလေးမြို့ ဒက္ခိဏာရာမတိုက်သို့

ဥပဇ္ဈာယ်ဆရာတော်သည် တပည့်အရှင်သုတရဟန်းငယ်ကို "မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် ဇာဂရာဘိသိရိပဝရာလင်္ကာ ရ မဟာဓမ္မရာဇာဓိရာဇဂုရု-ဘွဲ့တံဆိပ်တော်နှင့် ဇာဂရာဘိဝံသတိပိဋ္ဋက ဓရ မဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင် ဇာဂရထံ အပ်နှံ ပညာသင်ကြားခဲ့လေသည်။

အရှင်သုတသည် ဆရာတော် အရှင်ဇာဂရမဟာထေရ်ထံ၌ မဟာသဘာဟကြီးမားသောဖွဲ့လုံ့လဖြင့် ကျမ်းဂန်အမျိုးမျိုးတို့ကို သင်ယူခဲ့လေရာ ရဟန်းသိက္ခာ ၂-ဝါအရတွင် ဝိနည်းပိဋကကို နှုတ်တက်ရွရွ အာဂုံဆောင်ခဲ့လေသည်၊ ရဟန်းသိက္ခာ ၅-ဝါအရတွင် ဝိဘတျတ္ထ ဝိဘာဝိနီဋီကာကျမ်းကို ရေးသားပြုစီရင်တော်မူခဲ့လေသည်၊ ယင်းသို့ဖြစ်ကြောင်း ဝိဘတျတ္ထဝိဘာဝိနီဋီကာနိဂုံး၌ -

ဇာတိယာ ဇာယမာနေန၊ ပဥ္စဝဿေန ဘိက္ခုနာ။
သုတဗုဒ္ဓိတိနာမေန၊ ဒွိဝဿေန ဝိနယဒ္ဓရာ။

ကတောယံ ဂန္ထော နိဋ္ဌိတော၊ ဝိနာ အန္တရာယံ ယထာ။
တထာ ကလျာဏသင်္ကပ္ပါ၊ သိဇ္ဈိံ ဂစ္ဆန္တု ပါဏိနံ။

ဟူသောဂါထာတို့ဖြင့် ကိုယ်တိုင်ဖော်ပြတော်မူခဲ့လေသည်။

## စာချကျမ်းပြု

ဆရာတော်ဘုရားကြီး အရှင်ဇာဂရမဟာထေရ်မြတ်က အရှင်သုတရဟန်းတော်၏ အသိဉာဏ်လွန်ကဲပုံကို အားရကျေနပ်တော်မူလှသဖြင့် မူလအရှင်သုတဟူသောဘွဲ့၌ ဗုဒ္ဓိထပ်ဆင့်ကာ အရှင်သုတဗုဒ္ဓိဟု မှည့်ခေါ်တော်မူလေသည်။ ဆရာတော်ကြီး၏စေခိုင်းချီးမြှောက်ချက်အရ ဒက္ခိဏာရာမဂဏဝါစကစာချဖြစ်၍ စာလိုက်သံဃာများမြောက်စွာတို့အား စာပေပို့ချတော်မူခဲ့လေသည်။ စာဝါများအကြား ကျမ်းဂန်များကိုလည်း ပြုစုတော်မူခဲ့လေသည်၊ ၎င်းကျမ်းတို့မှာ -

၁။ မောဂ္ဂလ္လာန်သုတ်နက်
၂။ ဝိဘတျတ္ထဝိဘာဝိနီဋီကာ
၃။ ပါရာဇိကဏ်ဂဏ္ဌိသစ်-စသည်တို့ဖြစ်ကုန်၏။

## ပါရာဇိကဏ်ဂဏ္ဌိသစ်ကျမ်းကြီး

အရှင်သုတ၏ကျမ်းဂန်များအနက် ပါရာဇိကဏ်ဂဏ္ဌိကျမ်းကြီးမှာ ပဌမ, ဒုတိယ ၂-အုပ်ရှိ ကျမ်းကြီးဖြစ်လေသည်။ ဝဇိရဗုဒ္ဓိ, သာရတ္ထဒီပနီ, ဝိမတိဝိနောဒနီ-စသောဝိနည်းဋီကာကြီးများနှင့် သဒ္ဒါ

ငယ်ကျမ်းဂန်များ, သဒ္ဒနီတိ, မောဂ္ဂလ္လာန်အဘိဓာန်, အလင်္ကာဋီကာ, ဒီပဝံသ, မဟာဝံသ, ဒီပဝံသဋီကာ, ဝိနည်းဂဏ္ဌိပေါင်း–စသည့်ကျမ်းပေါင်းမြားမြောက်စွာတို့ကို မှီငြမ်းပြုသက်ဝင်ကူးခတ်၍ ရေးသားထားသော ကျမ်းစာကောင်းကြီးဖြစ်လေသည်။

ကျမ်းဦး၌ –

သာဝကဗ္ဗိသယာတီတော၊ ဝိနယော ယေန ဒေသိတော။
မဟာကာရုဏိကာသ တ–ဿ နမော ဗုဒ္ဓသာဒရံ။

ပါမောက္ခံ သဗ္ဗဓမ္မာနံ၊ ကုသလာနံ ယေန ယံ ဝိနာ။
ပတိဋ္ဌာ နတ္ထိ နိဗ္ဗာနေ၊ ဓမ္မံ တံ လက္ခိတံ နမေ။

သာသနေ ကုလပုတ္တာနံ၊ ပတိဋ္ဌာ နတ္ထိ ယံ ဝိနာ။
ပါဏိကတသံဝရဿ၊ နမော သံဃဿ တမ္မတော။

ဇာဂရစ္ဆ မဟာထေရံ၊ ပရိယတ္တိဝိသာရဒံ။
ကောဝိဒံ နာနာသတ္ထေသု၊ ဂရုံ မေ သိရသာ နမေ။

နိပစ္စကာရသေတဿ၊ ကတဿ ရတနတ္တယေ။
တေဇသာဟံ ပဟန္တာန၊ အန္တရာယေ အသေသတော။

နာနာဂန္ထာ နာနာနယံ၊ ဋီကတ္ထာယိပိ သေသတော။
ပေါရာဏာဂဏ္ဌိတောစာပိ၊ ဂဟေတွာ ဝိနိစ္ဆယံ။

သာသနမူလဘူတဿ၊ ဝိနယဿ အဋ္ဌကထာယ။
ကရိသံ ဂဏ္ဌိဋ္ဌာနေသု၊ နာနာနယံ ဝိနိစ္ဆယံ။

ပေါရာဏောဟိ အနေကေပိ၊ အသမ္ဘုဏ္ဏာဝိနိစ္ဆယာ။
ကတာ န တေဟိ ဝိညာတုံ၊ သက္ကောန္တိ မန္ဒဗုဒ္ဓိယော။

တသ္မာဝါဟံ ကရိဿာမိ၊ ပရိပုဏ္ဏဝိနိစ္ဆယံ။
ဂဏ္ဌိဋ္ဌာနံ ဝိဘာဝေန္တော၊ တံ မေ သုဏာထ သာဓဝေါ။

ဟူသော ၉–ဂါထာဖြင့် ရတနတ္တယပဏာမ, အာစရိယပဏာမ,

ပဏ္ဏာမဟောတု, ပကရဏဟောတု, ပဋ္ဌိညာဉ်-စသည်တို့ကို ဖော်ပြခဲ့လေသည်။

## ကျမ်းစာအပြီး မသတ်ခဲ့

အရှင်သုတဗုဒ္ဓိသည် "ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ= ဝီရိယစွဲသုံးက အမှုကိစ္စအားလုံး ပြီးရမည်"ဟု ကြုံးဝါး၍ ပါရာဇိကဏ် ဂဏ္ဌိဗိမာန်ကြီး တည်ဆောက်ခဲ့၏။ သို့ရာတွင် မပြီးခဲ့ပါချေ၊ ပါရာဇိကဏ် အဋ္ဌကထာ ပဌမအုပ် ၂၁၁-မျက်နှာ ပစ္စက္ခာနဝိဘင်္ဂဝဏ္ဏနာ ဥက္ကဏ္ဌိ တောတိ အနဘိရတိယာ ဣမသ္မိံ သာသနေ ကိစ္ဆဇီဝိက-ပ္ပတ္တော-ဟူသော အဋ္ဌကထာစကား၏ ဂဏ္ဌိဌာနတိုင်ရုံသာ ပြီးဆုံးခဲ့လေသည်။

## ဘဝနတ်ထံ ဝင်စံတော်မူခြင်း

ဆရာတော် အရှင်သုတဗုဒ္ဓိသည် ဘုရားမြတ်စွာ၏ဝိနည်းအာဏာဒေသနာတော်အတွက် အလိုရှိဆုံးဖြစ်သော ဂဏ္ဌိလုပ်ငန်းကြီး မပြီးမပြတ် လက်စမသပ်မီ သက်တော် ၄၂, ဝါတော် ၂၂-ဝါရရှိရာ သက္ကရာဇ် ၁၂၄၂-ခုနှစ်တွင် လေနာရောဂါဖြင့် ဘဝနတ်ထံဝင်စံတော်မူခဲ့လေသည်။

ဂဏ္ဌိသတ္တေ အနိဋ္ဌမှိ၊ သုတဗုဒ္ဓိ ဒိဝံဂတော။
ဝိနယေ သုတေသီနံပိ၊ အဟော ပရာဇယော ဟိ ခေါ။

## အရှင်သုမေဓာလင်္ကာရထေရ်

အရှင်သုမေဓာလင်္ကာရထေရ်သည် ပုဂံမြို့သားဖြစ်လေသည်၊ သက္ကရာဇ် ၁၂၀၀-ခန့်တွင် ပေါ်ထွန်းထင်ရှားခဲ့လေသည်၊ လူမည် မောင်ချမ်းသာဖြစ်လေသည်၊ အရွယ်ရောက်သော် ရှင်, ရဟန်းပြုကာ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

ပုဂံမြို့မှ ကျော်စောထင်ရှားသောဆရာတော်များထံ ပညာသင်ကြားခဲ့ပြီးနောက် အမရပူရမြို့တော်သို့ ကြွရောက်၍ ပိဋကတ်ကျမ်းဂန်တတ်ဆရာတော်များထံ ပညာသင်ကြားတတ်မြောက်တော်မူခဲ့လေသည်။

## ရွှေစေတီတိုက်တည်ထောင်

အရှင်သုဓမ္မာလင်္ကာရသည် ၁၂၁၀–ခုနှစ်ခန့်တွင် အမရပူရမြို့မှ ပညာသင်အပြန် မန္တလေးအရပ်[၁]မှ ဦးဉာဏအမည်ရှိသော မိတ်ဆွေစာချရဟန်းတော်တပါးကို ပင့်ခေါ်ခဲ့ကာ ဦးဉာဏနှင့် စိတ်တူကိုယ်မျှ ညှောင်ဦး ရွှေစည်းခုံဘုရားကြီး အရှေ့ဖက်စောင်းတန်းတောင်ဖက်ကျွန်စစ်သားတည်ထားသော ရွှေစေတီ၏အနီးတွင် ကျောင်းတိုက်တည်၍ သာသနာပြုတော်မူခဲ့လေသည်၊ ၎င်းကျောင်းတိုက်သည် ရွှေစေတီကျောင်းတိုက်ဟု အမည်တွင်လေသည်။

## စာပေပို့ချခြင်း, တောထွက်ခြင်း

အရှင်သုဓမ္မာလင်္ကာရသည် ရွှေစေတီကျောင်းတိုက်၌ ကြာမြင့်စွာသီတင်းသုံးတော်မူ၍ ပိဋကကျမ်းဂန်များကို ချပို့တော်မူကာ ပရိယတ္တိသာသနာစီပင်ရေးကို ဆောင်ရွက်တော်မူခဲ့လေသည်၊ သက္ကရာဇ် ၁၂၄၈–ခုနှစ်ခန့်တွင် သက်တော်ရွယ်ကြီးရင့်လာသည်နှင့် သံဝေဂဉာဏ်သက်ဝင်သဖြင့် ပုဂံမြို့တောင်မြင်းကပါတောကျောင်း၌[၂] သီတင်းသုံးတော်မူ၍ ပဋိပတ်အလုပ် ကြိုးပမ်းအားထုတ်တော်မူခဲ့လေသည်။

## ဝိနည်းကွန်ချာကျမ်းပြုစု

ဆရာတော်သည် ဝိနည်းကိုလွှန်စွာအလေးပြုတော်မူ၏၊ နောင်လာနောက်သားရဟန်းများ ဝိနည်းသိက္ခာပုဒ်တော်များကို အလေးအမြတ်ပြုရန် ရည်ရွယ်တော်မူ၍ ဝိနည်းပါဠိတော်ကြီးများနှင့် ဝိနည်းအဋ္ဌကထာကျမ်းများ, ကင်္ခါဝိတရဏီအဋ္ဌကထာ, ဝိနည်းဋီကာများ, ဝိနယာလင်္ကာရဋီကာ–စသည်တို့ကို မှီငြမ်းပြု၍ ဝိနည်းကွန်ချာကျမ်းကို မြန်မာစကားပြေသက်သက်ဖြင့် ရေးသားပြုစုတော်မူခဲ့လေသည်၊ ဝိနည်း

---

၁။ ထိုစဉ်က မန္တလေးမြို့ မတည်ရသေးချေ၊ သို့ရာတွင် ထိုဒေသရှိရပ်ရွာသည် မန္တလေးအမည်ဖြင့် ထင်ရှားခဲ့လေသည်။

၂။ ပုဂံမြို့တောင်မြင်းကပါနန္ဒာကျောင်းတိုက် ( )

ကွန်ချာကျမ်း၌ နိဒါန်း, ဂန္ထာရမ္ဘ, နိဂုံးတို့ မရှိပါချေ၊ ကျမ်းဦး၌ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ဖြင့် ဘုရားရှိခိုး တော်မူပြီး "သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်းတို့အား ဝိနည်းသိက္ခာ ပုဒ်ကို ပညတ်တော်မူခြင်းသည် အဘယ်အရပ်၌ ပညတ်တော်မူသနည်း ဟူမူကား"စသည်ဖြင့် သိက္ခာပုဒ်နိဒါန်းကို စတင်ဖော်ပြကာ ကျမ်းစာကို ရေးသားတော်မူခဲ့လေသည်၊ ၎င်းကျမ်းမှာ ၁၂–ပေ ၆–အင်္ဂါခန့် ရှိလေ သည်၊ စာအုပ်ရိုက်ကူးသည်ဟုလည်း သိရ၏။

## ပျံလွန်တော်မူခြင်း

ယင်းသို့ဖြင့် ရှေ့ပိုင်း၌ စာပေပို့ချကာ ပရိယတ္တိသာသနာတော် ကို ချီးမြှောက်တော်မူကာ, နောက်ပိုင်းတွင် ပဋိပတ်အလုပ်ကို ကြိုးကုတ် အားသစ်တော်မူလျက် သာသနာပြုစုတော်မူရင်း ဘဝနတ်ထံ ဝင်စံ တော်မူခဲ့လေသည်။

ထေရော သုဓမ္မာလင်္ကာရော၊ သာသနေ လင်္ကာရော သုဓီ။
သာသနံ သောဘယိတွာန၊ ပယာတော တိဒသာလယံ။

## ရတနာပုံ ပုဂံတိုက်တည် ပုဂံဆရာတော် အရှင်ဉာဏုတ္တရမဟာထေရ်

မန္တလေးမြို့ အနောက်ပြင်သမီးတော်ဈေးအနီး ပြည်ကြီးပျော် ဘွယ်ရပ် တောင်သမန်တိုက်အရှေ့ဖက်ရှိ ရတနာပုံပုဂံတိုက်ကို စတင် တည်ထောင်ခဲ့သောမထေရ်မြတ်မှာ ပုဂံဇာတိ ဆရာတော် အရှင်ဉာဏု တ္တရ ဖြစ်လေသည်။

အရှင်ဉာဏုတ္တရသည် ပုဂံမြို့ ဝက်လူးအိုင်ရွာ၌ သက္ကရာဇ် ၁၂၀၀–ပတ်ဝန်းကျင်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ အရွယ်ရောက် သော် ရှင်, ရဟန်းပြု၍ သာသနာဝန် ထမ်းဆောင်တော်မူခဲ့လေသည်။

## မြတောင်ဆရာတော် အရှင်အာလောကထံ ပညာသင်

အရှင်ဉာဏုတ္တရသည် အရွယ်တော်ငယ်စဉ်ကပင် "အာလောကာဘိဓေ အတုလာဓိပတိ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" စသည့် ဘွဲ့တံဆိပ်တော် ၃-ထပ်ရ မြတောင်ဆရာတော်ဘုရားကြီး အရှင်အာလောကထံ ရောက်ရှိပညာသင်ကြားတတ်မြောက်တော်မူခဲ့လေသည်။

## ပုဂံတိုက်သစ်၌ သီတင်းသုံး

အရှင်ဉာဏုတ္တရအားကြည်ညိုသော ဒကာ, ဒကာမတို့သည် သမီးတော်စျေးအနီး ပျော်ဘွယ်အနောက်ပိုင်းရှိ တိုင်းတာမင်းကြီး၏ ဥယျာဉ်ရာကို ဝယ်ယူကြပြီး ကျောင်းတိုက်တည်ကြကာ ဆရာတော် အရှင်ဉာဏုတ္တရအား ပင့်လျှောက်တင်လှူကြကုန်၏။ ယင်းသို့ ပင့်လျှောက်တင်လှူချက်အရ ဆရာတော်သည် မြတောင်တိုက်မှ ပုဂံတိုက်သစ်သို့ ရွှေ့ပြောင်းသီတင်းသုံးတော်မူကာ စာပေပို့ချတော်မူခဲ့လေသည်။

## ရာဇဂုရုနှင့် လွဲခဲ့ခြင်း

ပုဂံဆရာတော် အရှင်ဉာဏုတ္တရသည် အရှင်တိက္ခ ညောင်ဦးဆရာတော်, အရှင်ဂုဏ ရွာကြီးဆရာတော်, အရှင်ဇယန္တ မဏိရတနာရာမတိုက်အုပ်ဆရာတော်တို့နှင့်အတူ ၁၂၄၇-ခုနှစ်၊ တန်ဆောင်မုန်းလ မြတောင်တိုက်ရွှေကျောင်းတော်ကြီး ရေစက်ချပွဲနှင့်တွဲ၍ ရာဇဂုရုဘွဲ့တံဆိပ်တော်ဆက်ကပ်ရန် သီပေါမင်းတရားစီစဉ်ပြီးဖြစ်၏၊ သို့ရာတွင် မင်းတရားပါတော်မူရရှာသဖြင့် တံဆိပ်တော်ဆက်ကပ်ခြင်း မခံရပါချေ။

ဤလောကရပ်ဌာန်၌ ကံကြောင့်သာလျှင် ကျော်စောမှု, ချီးမွမ်းမှု, ရှုံးနိမ့်မှု, အသတ်ခံရမှု, နှောင်ဖွဲ့မှုတို့ကို ရမြဲတည်း။

ကမ္မေန ကိတ္တိံ လဘတေ ပသံသံ၊
ကမ္မေန ဇာနိံ ဝဓဉ္စ ဗန္ဓံ။[၁]

---

၁။ အဘိ၊ က။ ၃၉၆။ (ကထာဝတ္ထု)

## စာပေပို့ချ၊ တရားဓမ္မဟော

ဆရာတော် အရှင်ဉာဏုတ္တရသည် ပုဂံတိုက်၌သီတင်းသုံး တော်မူ၍ စာသင်သား ရဟန်း၊ သာမဏေတို့အားလည်း စာပေပို့ချ တော်မူ၏။ ရောက်လာသော ဒကာ၊ ဒကာမများတို့အားလည်း တရား ဓမ္မဟောပြောလေ့ရှိတော်မူ၏။

## သီတာမုခကျောင်းတည်၊ သီတင်းသုံး၊ ပျံလွန်

သက်တော်ကြီးရင့်လာသောအခါ –

အာဝါသော စ ကုလံ လာဘော၊ ဂဏော ကမ္မဉ္စ ပဉ္စမံ။
အဒ္ဓါနံ ဉာတိ အာဗာဓော၊ ဂန္ထော ဣဒ္ဓီတိ တေ ဒသ။[၁]

ဟူသည်နှင့်အညီ ပုဂံတိုက်ကြီးတည်းဟူသော ကျောင်းတိုက်အရံ၊ ဆွေ မျိုးဉာတကာစသည့် ပလိဗောဓတို့ကို ဖြတ်တော်မူကာ ၁၂၆၃–ခုနှစ် လောက်တွင် စစ်ကိုင်းတောင်ရိုး သီတာမုခချောင်ကိုတည်ထောင်တော် မူပြီး သီတင်းသုံးတော်မူ၍ ကမ္မဋ္ဌာန်းဘာဝနာတရားတို့ကို ပွားများအား သစ်တော်မူခဲ့လေသည်။ မန်းညွန့်ဆန်စက်ပိုင်ရှင် ဒကာကြီး ဦးဘိုးက လည်း သီတာမုခချောင်၌ ကျောင်းအရိပ်အာဝါသများ ဆောက်လုပ် လှူဒါန်းလေသည်။

ယင်းသို့ သီတာမုခချောင် စစ်ကိုင်းတောင်ရိုး၌ သီတင်းသုံး၍ တရားအားထုတ်စဉ် ပျံလွန်တော်မူခဲ့လေသည်။

ဉာဏုတ္တရော မဟာထေရော၊ ဉာဏေန ဥတ္တရော ဝိဒ္ဓါ။
သာသနံ ထာဝရံ ကတွာ၊ ကိတ္တိသေသတ္တမဂမိ။

## ပခုက္ကူ သံပုံစေတီတောင်(ပုဂံ–ညောင်ဦး)ဆရာတော်ဦးကြည်

ပခုက္ကူမြို့၌ပေါ်ထွန်းခဲ့ဘူးသော သံပုံစေတီတောင်ဆရာတော် ဘုရားကြီးသည် ပုဂံသာသနာမြေမှပေါက်ဖွားခဲ့သည့် မထေရ်မြတ်ဖြစ် တော်မူသည်။

---

၁။ ဝိသုဒ္ဓိ၊ ၈၆။

ပုဂံနယ်နိမိတ်အဝင်ဖြစ်သော ညောင်ဦးမြို့၌ အဖ လေ့သူကြီး ဦးပေခွေး, အမိ လေ့သူကြီးကတော် ဒေါ်မင်းဘူးတို့မှ ၁၂၀၄–ခု၊ သီတင်းကျွတ်လဆုတ် ၅–ရက် ည၌ ၂–နာရီကျော်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ မွေးချင်း ၅–ယောက်ရှိသည့်အနက် ဆရာတော်လောင်းလျာသည် အကြီးဆုံးသားရတနာဖြစ်တော်မူလေသည်၊ ငယ်နာမည် မောင်ကြည်ဖြစ်လေသည်။

## ရှင်သာမဏေဝတ်, ရဟန်းပြုခြင်း

သက်တော် ၁၂–နှစ်သားအရွယ်တွင် ပခုက္ကူမြို့ ပုထိုးဂိုဏ်းထောက်ဆရာတော် ဦးသုမနထံတွင် ရောက်ရှိပညာသင်ကြားတော်မူခဲ့လေသည်၊ ၁၅–နှစ်သားအရွယ်တွင် ဦးသုမနထံ၌ပင် ရှင်သာမဏေဝတ်ကာ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ ဘွဲ့တော်မှာ ရှင်ကိတ္တိဖြစ်လေသည်၊ ရှင်ကိတ္တိသည် ဥပဇ္ဈာယ်ဆရာတော် ဦးသုမနထံတွင် သဒ္ဒါ, သင်္ဂြိုဟ်–စသောဂန္ထန္တအဝဝကို သင်ယူတော်မူခဲ့လေသည်၊ သက်တော် ၂၀–ပြည့်မြောက်ရာ ၁၂၂၄–ခုနှစ်၊ နယုန်လဆန်း ၁၀–ရက်နေ့တွင် ပုထိုးတိုက်ခဏ္ဍသိမ်တော်တွင် ဆရာတော် ဦးသုမနကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်တော်မူခဲ့လေသည်၊ ရဟန်းဘွဲ့မှာလည်း သာမဏေဘွဲ့တိုင်းပင်ဖြစ်ရာ အရှင်ကိတ္တိ (ဦးကိတ္တိ)ဖြစ်လေသည်။

## စံကျောင်းဆရာတော် ဦးသုဒဿနထံ ပညာသင်

ရဟန်းသိက္ခာ ၁၃–ဝါအရတွင် ဥပဇ္ဈာယ်ဆရာတော်၏ စေလွှတ်အပ်နှံချက်အရ မန္တလေးမြို့တော်မြောက်ပြင် မဟာဇောတိကာရာမ (စံကျောင်း) ''သုဒဿနဝရဓမ္မသာမိမဟာဓမ္မရာဇာဓိရာဇဂုရု''ဘွဲ့တံဆိပ်တော်နှင့် ''သုဒဿနဇောအတုလာဓိပတိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု''ဟူသော ဘွဲ့တံဆိပ်တော် ၂–ထပ်ရဆရာတော် ဦးသုဒဿနထံရောက်ရှိ၍ လယ်တီဆရာတော်လောင်းလျာ အရှင်ဉာဏနှင့်အတူ ပညာသင်ကြားတော်မူခဲ့လေသည်၊ စံကျောင်းဆရာတော်ထံပညာသင်

ကြားခြင်းကိစ္စပြီးဆုံးသောအခါ ပခုက္ကူမြို့သို့ပြန်ကြွတော်မူကာ ပုထိုးတိုက်၌သီတင်းသုံးတော်မူ၍ ဓူရ ၂–ပါးကို အားသစ်ပွားများတော်မူခဲ့လေသည်။

## တောထွက်၍ ဓုတင်ကျင့်တော်မူခြင်း

ဆရာတော် ဦးကြည်သည် နေက္ခမ္မဇ္ဈာသယဓာတ်နှင့် ပြည့်စုံတော်မူသည့်အလျောက် ရဟန်းသိက္ခာ ၁၀–ဝါအရတွင် ရွာနီးကျောင်း, မြို့တွင်းကျောင်း ရဟန်းတို့၏အာဒီနဝကို ဉာဏ်ပညာဖြင့် စိစစ်ဆင်ခြင်တော်မူ၍ ရွှေဥမင်ဆရာတော်, တောင်ဖီဆရာတော်တို့၏ ထုံး နှလုံးမူကာ ပခုက္ကူမြို့ မြစ်ကိုင်းရွာမြောက် တာငါးရာကွာ သဲပုံစေတီရှိရာ တောင်တောကျောင်း၌ အာရညကင်ဓုတင်နှင့်တကွ အခြားဓုတင် ၁၂– ပါးကိုပါ သင့်လျော်သလိုကျင့်သုံးတော်မူခဲ့လေသည်။

## ဆရာတော် ဦးကြည်၏ ဓုတင်အကျင့်

သက်တော် ၈၄–နှစ်အထိ သက်ဆုံးတိုင် တိစီဝရိတ်ဓုတင်ကို ကျင့်ဆောင်တော်မူသည်၊ ပျံလွန်တော်မူရာညောင်စောင်း၌ပင် နိသိဇ် ဓုတင်ဆောင်လျက် ပျံလွန်တော်မူသည်ဟုသိရ၏၊ သက်တော် ၇၈– နှစ်တိုင်အောင် အာရညကင်ဓုတင်, ပိဏ္ဍပါတ်ဓုတင်, သပဒါနစာရီဓုတင်, ကောသနိက်ဓုတင်တို့ကို ဆောက်တည်တော်မူ၍ ရံဖန်ရံခါ ပတ္တပိဏ်ဓုတင်, ခလုပစ္ဆာဓုတင်, ခလုပစ္ဆာဘတ္တဓုတင်, ရုက္ခမူဓုတင်, အဗ္ဘောကာသိကဓုတင်, သောသာနိကဓုတင်, ယထာသန္တတိဓုတင်, ပံသုကူလိကဓုတင်တို့ကိုဆောင်လျက် ပဋိပတ္တိသာသနာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့လေသည်။

တေရသသု ဓုတင်္ဂေသု၊ ပယုတ္တော ထေရသေခရော။
ဇနေ သော ဥတ္တမော သုတော၊ လောကဂ္ဂသာသနန္ဓရော။

## ဣန္ဒိယ၊ သီဟိုဠ်ကြွတော်မူခြင်း

ဆရာတော်သည် ၁၂၅၅–ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၄–ရက်နေ့တွင် ဣန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့ကြွတော်မူ၍ ဗောဓိပင်နှင့်ရွှေပလ္လင်, သတ္တဌာနစေတီတော်များ, ဓမ္မစကြာတရားဦးဟောရာ မိဂဒါဝုန်တော, သာဝတ္ထိ, ရာဇဂြိုဟ်–စသည့် ထိုထိုပူဇနီယ, သံဝေဇနီယဌာနများကို ဖူးမြော်ဦးချသံဝေဂယူတော်မူခဲ့လေသည်၊ မဇ္ဈိမဒေသဗောဓိပင်အောက်၌ပေါက်နေသောဗောဓိပင်ပျိုတပင်ကိုလည်း ပင့်တော်မူခဲ့၍ ပခုက္ကူမြို့ ပုထိုးတိုက်ဦး၌ စိုက်ပျိုးကိုးကွယ်တော်မူခဲ့လေသည်။

၁၂၅၈–ခုနှစ်တွင် သီဟိုဠ်နိုင်ငံသို့ကြွတော်မူ၍ သံဃမိတ္တာမဟာဗောဓိ, မဟာစေတီ, ထူပါရာမစေတီ, ကလျာဏီစေတီ, စွယ်တော်, ခြေတော်ရာစသည်တို့ကို ဖူးမျှော်တော်မူခဲ့လေသည်။

ဘာရတံ လင်္ကာဒီပံပိ၊ ဂန္တွာန ယတိကုဉ္ဇရော။
ပူဇနီယေဘိပူဇေသိ၊ ပူဇာဘာဇနမုတ္တမေ။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ယင်းသို့ဖြင့် သီလ, သမာဓိ, ပညာဂုဏ်တို့နှင့်ပြည့်စုံတော်မူသော ပုဂံ(ညောင်ဦး)ဇာတိဆရာတော် ဦးကြည်သည် သက်တော် ၈၄–နှစ်, ဝါတော် ၆၄–ဝါရရှိရာ ၁၂၈၈–ခုနှစ်၊ ပဌမဝါဆိုလဆန်း ၆–ရက်နေ့ ညဉ့် ၂–နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့လေသည်။

ဓုတော သုဓုတာဝါဒေါ သော၊ ထေရိနော ကာသပေါ ယထာ။
ကတွာ သာသနကိစ္စာနိ၊ အဂမိ ကုသိတံ ပုရံ။

## ဆရာတော် ဦးကြည်၏ အဖြစ်ဆန်းများ
## ဆရာတော်နှင့် ပတာတ်ညွှတ်ကွင်း

ဆရာတော်သည် သီတင်းသုံးရာသဲပုံစေတီတောင်မှ မြို့တွင်းဆွမ်းခံဝင်ကြွရာ လမ်းခရီးအကြား ယာခင်းများ၌ သားမုဆိုးတို့ထောင်ထားသော ပတာတ်ညွှတ်ကွင်းတခု၌ ဆရာတော်၏ခြေထောက်မိလျက်

နေ၏၊ ဆရာတော်သည် တခြားအရပ်သို့ကြွတော်မမူပဲ ကြာမြင့်စွာ ရပ်၍နေ၏၊ ထိုအခါ ဒကာတယောက်က လာရောက်ဖြုတ်မည်ပြုသော်လည်း မဖြုတ်ရပဲ ညွတ်ကွင်းထောင်သူ လာရောက်ဖြုတ်မှ ဆက်လက်၍ကြွတော်မူ၏။

## ဆရာတော်နှင့် ပြန်ပေး

ဆရာတော်၏ သီလ, သမာဓိ, ပညာဂုဏ်တို့ကြောင့် ဆရာတော်အား ပစ္စည်းဥစ္စာပေါများသူ ဒကာ, ဒကာမ များစွာတို့ ကြည်ညိုကြကုန်၏၊ ပြန်ပေးသမားတို့သည် ဝေါယာဉ်ဖြင့်ပင်၍ ပြန်ပေးခေါ်ကြကုန်၏၊ တော်တော်ကြာသော် အဝေးရောက်ပြီအမှတ်ဖြင့် ဝေါယာဉ်ကိုမြေချ၍ ဆရာတော်ကိုဝှက်မည်ပြုရာ သီတင်းသုံးရာသဲပုံစေတီတောင်တောရကျောင်းပင်ဖြစ်နေ၍ လက်လျှော့ပြန်သွားကြကုန်၏။

## ဆရာတော်နှင့် ဆင်ကြမ်း

ဆရာတော် ပခုက္ကူမြို့တွင်း ဆွမ်းခံဝင်ကြွစဉ် မမျှော်လင့်ဘဲ သစ်ကုမ္ပဏီမှ အမုန်ယစ် (မုံယို)ဆင်ကြမ်းတကောင်နှင့် ရင်ဆိုင်မိလေ၏၊ မုံယိုဆင်သည် ဆရာတော်အား ရန်ပြုအံ့သောအမူအရာကိုပြသော်လည်း ဆရာတော်သည် ပကတိတည်ငြိမ်သောက္ကန္ဓြေဖြင့်သာ ကြွမြဲကြွတော်မူ၏၊ ဆင်မုံယိုသည်လည်း တစုံတခုအန္တရာယ်မပြုပဲ သွားမြဲလမ်းဖြင့် သွားလေ၏။

## ဆရာတော်နှင့် မြွေများ

ဆရာတော်သည် ပခုက္ကူပုထိုးတိုက်မှ သဲပုံစေတီတောင်, သဲပုံစေတီတောင်မှ ပုထိုးတိုက်သို့ ကြိမ်ဖန်များစွာ နေ့ညဉ့်မရွေး ကြွမြဲဖြစ်ရာ တခါတွင် လမ်း၌ခွေ၍နေသော မြွေပွေးတကောင်ထက် တက်နင်းမိလေ၏၊ မြွေပွေးသည် တစုံတခု ရန်ပြုမနေ မကိုက်မနှိပ်စက်လေပဲ ငြိမ်၍သာနေလေ၏။

## ဆရာတော်နှင့် ကလေးသူငယ်များ

ဆရာတော် မြို့တွင်းရွာတွင်း ဆွမ်းခံဝင်ကြွတော်မူလျှင် လမ်းတလျှောက် ကြွမည့်အိမ်ပေါက်တို့၌ ဒကာ, ဒကာမတို့ အဝတ်ပုဆိုးခေါင်းပေါင်းများခင်းပေးကြကုန်၏၊ ကလေးသူငယ်များကလည်း မိမိတို့ဝတ်ထားသော ခါးမှပုဆိုးများချွတ်ကြကုန်၍ ခင်းပေးကြကာ ဆရာတော်ဘုရား တပည့်တော်တို့ပုဆိုးအခင်းများပေါ် နင်းကြွတော်မူပါဘုရားဟု လျှောက်ထားကြကုန်၏။

သီလဝန္တံ မဟာထေရံ၊ ဇာနန္တိ ဒါရကာပိ စ။
တိရစ္ဆာနာပိ ဇာနန္တိ၊ အဟော သီလဝိသုဒ္ဓတာ။

## အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်

ဆရာတော်သည် ဘူမိနက်သန် အောင်မြေမှန်သည့် ပုဂံမြေ၌ ပေါက်ဖွားပြီး ပုဂံညောင်ဦး၌ ကြာမြင့်စွာနေထိုင် သာသနာပြုတော်မူခဲ့သည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်၊ ဉာဏ်အလွန်ထက်မြက်၏, ဝိနယဂရုကသိက္ခာကာမဂုဏ်နှင့် အထူးပြည့်စုံတော်မူ၏။

## ဖွားမြင်တော်မူခြင်း စသည်

ပုဂံမြို့နယ် ဆင်သားမွေးရွာ၌ အဖ ဦးအိုး, အမိ ဒေါ်ဖီးတို့မှ ၁၂၄၄–ခုနှစ်၊ နတ်တော်လဆန်း ၂–ရက်နေ့ ညဉ့် ၃–ချက်တီးအချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ဆရာတော်လောင်းလျာ၏ ငယ်မည်မှာ မောင်ထွန်းလှဖြစ်လေသည်၊ သက်တော် ၁၅–နှစ်တွင် ကုလားတဲရွာကျောင်း ဦးအုံးကြီးထံတွင် စတင်ပညာသင်ကြားခဲ့သည်။

## ရှင်, ရဟန်းပြု ပညာသင်ခြင်း

ကုလားတဲရွာကျောင်း ဦးအုံးကြီးထံ၌ လအနည်းငယ်နေထိုင်၍ သင်ပုန်းကြီး, မင်္ဂလသုတ်–စသည် သင်ယူပြီး ညောင်ဦးမြို့ ရွှေစေတီတိုက် ဦးလေးဘုန်းကြီး ဦးဝိသုဒ္ဓထံ သာမဏေဝတ်၍ ပညာသင်ကြားခဲ့သည်၊ အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီတိုက်ဆရာတော် ဦးဥေယျထံ၌

လည်း ပညာသင်ကြားခဲ့ဘူးလေသည်၊ သက်တော် ၁၇–နှစ်ရှိရာ ၁၂၆၁– ခုနှစ် ပခုက္ကူမဟာဝိသုတာရာမ ဝိဇ္ဇာယတနကြီးကိုတည်ထောင် ရန် ၄–နှစ်ခန့်အလိုတွင် ပခုက္ကူမြို့ ပန်းစွာတိုက်သို့ရောက်ရှိ၍ ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရမဟာထေရ်ထံ ဥပဇ္ဈာယ်ယူလျက် တပည့်ခံကာ ပိဋကတ် ၃–ပုံ ပါဠိတော်ကို အဋ္ဌကထာတွဲဖက်၍ သင်ယူ ခဲ့လေသည်။

## သဂြိုဟ် ၄–ရက်, သဒ္ဒါကြီး ၁၆–ရက်, ပါထိကပါဠိ, အဋ္ဌကထာ ၁၅–ရက်ဖြင့် သင်ယူခဲ့

ဆရာတော်၏ဉာဏ်တော်မှာ ဝဇိရစိန်အသွားပမာ လွန်စွာမှ မြမြထက်၏၊ ပန်းစွာတိုက်၌နေ၍ ပညာသင်စဉ် အဘိဓမ္မတ္ထသဂြိုဟ် ကျမ်းကို ၄–ရက်အတွင်း အရကျက်ဆောင်ခဲ့၏၊ ကစ္စည်းသဒ္ဒါကြီးကို ၁၆–ရက်ဖြင့် သင်ယူခဲ့၏၊ ပါထိကဝဂ်ပါဠိ, အဋ္ဌကထာကို ၁၅–ရက်ဖြင့် သင်ယူခဲ့၏။

## ကိုရင်ဝတ်နှင့် စာချ, ရဟန်းဖြစ်ခြင်း

ပခုက္ကူ ပန်းစွာတိုက်၌ ရဟန်းမဖြစ်မီ သာမဏေဝတ် ကတည်းကပင် ရေစကြိုဆရာတော်ဘုရားကြီး ဂဏဝါစကစာချအဖြစ် ချီးမြှောက်တော်မူခဲ့သည်၊ သက်တော် ၂၀–ပြည့်မြောက်ရာ ၁၂၆၃– ခုနှစ်၊ တပေါင်းလဆုတ် ၅–ရက်နေ့တွင် ရေစကြိုဆရာတော်ဘုရားကြီး ကို ဥပဇ္ဈာယ်ပြု၍ ပခုက္ကူမြို့ ကုန်သည်ကြီး ဦးဖိုးချမ်း၏ ပစ္စယာနုဂ္ဂဟ ဖြင့် ရဟန်းအဖြစ်သို့ရောက်တော်မူခဲ့လေသည်၊ ပန်းစွာတိုက်နှင့် မဟာ ဝိသုတာရာမတိုက်တို့၌ ရဟန်း ၇–ဝါအထိ စာချလေသည်။

## မန္တလေး ခင်မကန်တိုက်သို့

ရဟန်းသိက္ခာ ၇–ဝါရရှိပြီးနောက် မန္တလေးမြို့ အရှေ့ပြင် မဟာဝိဇယာရာမမည်သော ခင်မကန်တိုက်သို့ရောက်ရှိ၍ ဉာဝါအကျော် မင်းရွှာဆရာတော် အရှင်အရိယဝံသထံ အဘိဓမ္မာညဝါများကို သင်ယူ တော်မူခဲ့လေသည်၊ မန္တလေးတောင်ပြင် မြင်းဝန်တိုက်၌လည်း လ အနည်းငယ် နေထိုင်ပညာသင်ကြားခဲ့သည်ဟု သိရ၏။

## ဆရာတော် အရှင်အရိယဝံသက များစွာချီးကျူး

မင်းရွာဆရာတော် အရှင်အရိယဝံသက ဆရာတော် အရှင်နန္ဒဝံသနှင့် အရှင်ပညာတို့အား ဦးပညာနှင့် ဦးနန္ဒဝံသတို့မှာ လွန်စွာဉာဏ်ထက်မြက်ကြသည်၊ ဦးဂန္ထထံ မရောက်လဲ စာတတ်မည့်ပုဂ္ဂိုလ်ဖြစ်ကြသည်–စသည်ဖြင့် ချီးကျူးသတတ်။

## ပခုက္ကူပြန်ကြွ စာချ, ညောင်ဦး, ညောင်တုံး ဆရာတော်ဟုကျော်ကြား

ရဟန်းသိက္ခာ ၁၀–ဝါအရလောက်တွင် ပခုက္ကူမြို့ အသစ်တည်စ မဟာဝိသုတာရာမတိုက်သို့ကြွရောက်တော်မူ၍ စာသင်သားများစွာတို့အား နိကာယ် ၅–ရပ်ကို ပါဠိ, အဋ္ဌကထာ, ဋီကာ တွဲဖက်၍ မပြတ်ချပို့သင်ပြပေးတော်မူလေသည်၊ ဆရာတော်သည် ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက်၌ ၈–နှစ်ခန့်သီတင်းသုံးတော်မူ၍ စာပေပို့ချသာသနာပြုတော်မူခဲ့လေသည်၊ ထိုစဉ်က ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက်ကြီး၌ သံဃာတော် ၂၀၀–ကျော်အထိ များပြားသီတင်းသုံးပညာသင်ခဲ့ကြကုန်၏။ ညောင်တုံးမြို့ သုံးထပ်တိုက်၌ ကြာရှည်စွာသီတင်းသုံးတော်မူ၍ စာပေပို့ချတော်မူခဲ့သဖြင့် ညောင်ဦးဆရာတော်, ညောင်တုံးဆရာတော်–ဟု သာသနာတော်၌ လွန်စွာကျော်ကြားလေသည်။

## ကျမ်းဂန်ပြုစုတော်မူခြင်း

ဆရာတော်သည် ကျမ်းဂန်မြားမြောက်စွာတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်၊ ၎င်းတို့မှာ –

၁။ ရွှေစည်းခုံသမိုင်းခေါ် စေတိယပ္ပတ္တိကထာ
၂။ အိန္ဒိယသီဟိုဠ်ခရီးစဉ်ခေါ် မဂ္ဂက္ကမဒီပနီကျမ်း
၃။ ပဋ္ဌာဗျာကရဏပုစ္ဆာဝိသဇ္ဇနာကျမ်း
၄။ သိင်္ဂါလောဝါဒသုတ်နိသျ နှင့် သရူပတ္ထဝိဘာဝနီကျမ်း
၅။ သုတ်သီလက္ခန်ပါဠိတော်နိသျ

၆။ သုတ်သီလက္ခန်အဋ္ဌကထာနိသျ
၇။ သုတ်မဟာဝါပါဠိတော်နိသျ
၈။ သုတ်မဟာဝါအဋ္ဌကထာနိသျ
၉။ သုတ်ပါထေယျပါဠိတော်နိသျ
၁၀။ သုတ်ပါထေယျအဋ္ဌကထာနိသျ
၁၁။ ကစ္စာယနသင်္ခေပပါဌ်နိသျ
၁၂။ သက်တော်ရှည်ဘုရားသမိုင်း
၁၃။ ဥပသမ္ပဒကမ္မဝါစာနိသျသစ်
၁၄။ ကထိန်အမေးအဖြေ
၁၅။ ဥပုသ်အမေးအဖြေ
၁၆။ ပဝါရဏာအမေးအဖြေ
၁၇။ အနုဝါဒါဓိကရုဏ်း အဆုံးအဖြတ်
၁၈။ အဒိန္နဒါန် အဆုံးအဖြတ်
၁၉။ ရဟန်းခံကမ္မဝါစာဖတ်နည်း
၂၀။ ဗဒ္ဓသိမ်, ဂါမသိမ် ဆက်စပ်ရာ၌ အဆုံးအဖြတ်
၂၁။ ဒွိသန္တက အဆုံးအဖြတ်
၂၂။ အာရာမ အဋ္ဌုဝိနိစ္ဆယ
၂၃။ ကထိနစီဝရဝိနိစ္ဆယ
၂၄။ ဓမ္မသဘာဝပဝေသနဝိနိစ္ဆယ
၂၅။ သတ္တာဟကရဏီယဝိနိစ္ဆယ
၂၆။ သဘာဂဝတ္ထုနိမိတ္တေနမိတ္တပ္ပဝေသနဝိနိစ္ဆယ
၂၇။ စကြာရတနာ အဆုံးအဖြတ်
၂၈။ အဘိဓမ္မဗုဒ္ဓဘာသိတဝိနိစ္ဆယ
၂၉။ သံဃဘေဒဝိနိစ္ဆယ
၃၀။ အနန္တရိကဂါမသီမာဝိနိစ္ဆယ
၃၁။ လန်ဒန်ပုစ္ဆာ ၆-ချက် အဖြေကျမ်း
၃၂။ ဝိဝါဒါဓိကရဏဝိနိစ္ဆယ

၃၃။ ကထိနာယတ္တဝိနိစ္ဆယ
၃၄။ ကမ္မဝါစာပါဠကူပဒေသဒီပနီ
၃၅။ ပဋ္ဌဝီသတိပုစ္ဆာဝိသဇ္ဇနာကျမ်း
၃၆။ ကူဋ္ဌကဟာပဏဝိနိစ္ဆယကျမ်း
၃၇။ မဟာဝိသုတာရာမဂုဏ်တော်ဖွင့်ကျမ်း
၃၈။ ဆဒအသာခာရဏာဉာဏ်တော်တရားစာ
၃၉။ အငွမအငွမသတ္တာဟဝိနိစ္ဆယကျမ်း
၄၀။ နေတ္တိပါဠိတော်နိသျ
၄၁။ နေတ္တိအဋ္ဌကထာနိသျ–စသည်တို့ ဖြစ်ကုန်၏။

## ဆောင်ရွက်ချက် အမျိုးမျိုး

ဆရာတော်သည် စာချကျမ်းပြုလုပ်ငန်းစုတို့၏ အကြားမှ –

၁။ နိုင်ငံတော်ဝိနည်းမိုရ်တာဝန်
၂။ ဆဌသံဂါယနာဝန်ဆောင် သံဃအဖွဲ့ဝင်တာဝန်
၃။ ဆဌသံဂါယနာသြဝါဒါစရိယတာဝန်
၄။ ဆဌသံဂါယနာသြသာနသောဓကတာဝန်
၅။ ဗုဒ္ဓဝင်စာမူတည်းဖြတ်ရေးအဖွဲ့ဝင်တာဝန်
၆။ မဟာဝိသုတာရာမဂဏဝါစကနိကာယကြီး၏ ဂဏမဟာဝိနာယကတာဝန်–စသည်တို့ကိုလည်း ဆောင်ရွက်တော်မူခဲ့လေသည်။

## သကျသီဟမူလစာချ, အဂ္ဂမဟာပဏ္ဍိတ

မန္တလေးမြို့ သကျသီဟအသင်းကြီးတည်ထောင်၍ အနှစ် ၅၀–ပြည့်မြောက်သဖြင့် ရွှေရတုသဘင်ကျင်းပရာပွဲသဘင်တွင် "ဘဒ္ဒန္တနန္ဒဝံသာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ)"ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိသည့်ပြင် ၁၃၁၃–ခုနှစ်တွင် နိုင်ငံတော်အစိုးရတို့လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ–ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်။

## ပညာဝိကဘုရားအလောင်း

ဆရာတော်သည် ပညာဝိကဘုရားအလောင်း သူတော်ကောင်းကြီးဖြစ်တော်မူသည်၊ ယင်းသို့ဖြစ်ကြောင်း ရွှေစည်းခုံသမိုင်းကျမ်းနိဂုံး, ဒီဃနိကာယ်နိသျနိဂုံးတို့၌ –

ဧတေန ပုညကမ္မေန၊ ပညာဝိကော ဘဝါမဟံ။
ဗုဒ္ဓတ္တံ ပါပုဏိတွာန၊ သန္တာရေယံ သဒေဝကံ။

ဟူသောကိုယ်တိုင်ရေးဂါထာဖြင့် သိရလေသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဖော်ပြပါဂုဏ်တော်တို့နှင့်ပြည့်စုံတော်မူသော အရှင်နန္ဒဝံသဆရာတော်ဘုရားကြီးသည် သက်တော် ၇၅–နှစ်ရှိရာ ၁၃၁၉–ခုနှစ်၊ ကဆုန်လဆုတ် ၅–ရက်နေ့တွင် ပခုက္ကူ မဟာဝိသုတာရာမတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူခဲ့လေသည်။[၁]

နန္ဒဝံသော မဟာထေရော၊ ပုဂါမဇော သုဓီတိမာ။
ဓိယာ ကိစ္စံ ကရိတွာန၊ နန္ဒနံ သော ဂတော သုဓီ။

## အရှင်ဝိသုဒ္ဓါစာရာဘိဝံသမဟာထေရ်

ဆရာတော် အရှင်ဝိသုဒ္ဓါစာရာဘိဝံသသည် မန္တလေးမြို့မစိုးရိမ်ကျောင်းတိုက်၌ စာပေပို့ချကာ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့သည့် ပရိယတ္တိဝန်ဆောင်ပုဂ္ဂိုလ်မြတ်တပါးဖြစ်လေသည်။

## ဖွားမြင်ခြင်း, သာမဏေဝတ်ခြင်း

ပုဂံပြည်မြောက်ဖက် (ပခုက္ကူခရိုင် မြစ်ခြေမြို့) ကျပ်တောင်ကုန်းရွာ၌ အဖ ဦးလူလှ, အမိ ဒေါ်အိမ်မိုးတို့မှ သက္ကရာဇ် ၁၂၅၃–

---

၁။ ဆရာတော် အဋ္ဌုပ္ပတ္တိအကျယ် ထေရုပ္ပတ္တိနန္ဒဒီပနီကျမ်းကြည့်၊ ပခုက္ကူ သာသနာ့ဝင်, မဟာဝိသုတာရာမနိကာယသာသနာ့ဝင်, မန္တလေးသာသနာ့ဝင်ကျမ်း မဟာဝိဇယာရာမ (အရှေ့ပြင် ခင်မကန်)သာသနာဝင်အခန်းကြည့်။

ခုနှစ်၊ ပြာသိုလဆုတ် ၇–ရက်၊ ဗုဒ္ဓဟူးနေ့ ၃–ချက်တီးအချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်နာမည် မောင်လွမ်းဖွယ် ဖြစ်လေသည်။

သက်တော် ၉–နှစ်သားအရွယ်တွင် ကျပ်တောင်ကုန်းရွာ ရွှေမြင်တင်ကျောင်းတိုက်ဆရာတော် ဦးစန္ဒထံတွင် ရောက်ရှိပညာသင်ကြားခဲ့လေသည်၊ ၁၁–နှစ်သားအရွယ်တွင် ဘကြီးဘုန်းတော်ကြီး ဦးဝိမလထံ ရှင်သာမဏေဝတ်၍ ကစ္စည်းသဒ္ဒါကြီး၊ သင်္ဂြိုဟ်၊ ပုဒ်စစ်၊ သံဝဏ္ဏနာ၊ နည်းလေးဆယ်၊ ဆန်း၊ အလင်္ကာကျမ်းများကို သင်ကြားခဲ့လေသည်။

## ပခုက္ကူသုံးထပ်တိုက်

သက်တော် ၁၅–နှစ်သားအရွယ်တွင် ပခုက္ကူမြို့ မြစ်တိုင်း သုံးထပ်တိုက်သို့ရောက်ရှိကာ သုံးထပ်တိုက်ဆရာတော်ထံ ကင်္ခါ၊ ဋီကာကျော်၊ ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာ ၇–ကျမ်းတို့ကို သင်ယူခဲ့လေသည်။

## ရဟန်းဘဝ ဒုလ္လဘသို့

သက်တော် ၁၉–နှစ်၊ ၅–လရှိရာ ၁၂၇၃–ခုနှစ်၊ နယုန်လဆန်း ၁၁–ရက်နေ့တွင် ရဟန်းဘဝဒုလ္လဘသို့ရောက်တော်မူခဲ့လေသည်၊ ရဟန်းဘွဲ့မှာ အရှင်ဝိသုဒ္ဓါစာရ ဖြစ်လေသည်။ ရဟန်းဖြစ်ပြီးနောက် ဆရာဘုန်းတော်ကြီးက ဝိနည်းငယ်လေးစောင် နှုတ်ငုံဆောင်ရမည်ဟု မိန့်တော်မူသဖြင့် ၁–ဝါတွင်း (၃–လမျှ)ဖြင့် ဝိနည်းငယ်လေးစောင်ကို အရကျက်ခဲ့လေသည်။

## မန္တလေး မစိုးရိမ်တိုက်သို့

ဝါကျွတ်ပြီးနောက် မန္တလေးမြို့ အနောက်ပြင် မစိုးရိမ်တိုက်ဆရာတော် ဦးသူရိယ[၁]ထံရောက်ရှိကာ အဘိဓာန်၊ ဝုတ္တောဒယ၊ ဘေဒစိန္တာ၊ မာတိ

---

၁။ ပဌမကျော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဆဋ္ဌသံဂါယနာ သံဃမဟာနာယက မစိုးရိမ်ဆရာတော် ဦးသူရိယ။

ကာ ဓာတုကထာ, ယမိုက်, ပဋ္ဌာန်း–စသည့် ကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။ ရဟန်း ၁–ဝါအရတွင် အစိုးရပဌမလတ်တန်းကို ဖြေဆိုအောင်မြင်တော်မူခဲ့လေသည်။

## သကျသီဟာဓမ္မာစရိယ

ရဟန်းသိက္ခာ ၃–ဝါအရတွင် ပရိယတ္တိသာသနဟိတအသင်းက ကျင်းပသည့်စာမေးပွဲတွင် စာသင်တန်းကို မပန်းလွယ်ကူ အောင်ပန်းရယူခဲ့ပြီးနောက် ၁၂၈၀–ပြည့်နှစ်တွင် ပရိယတ္တိသာသနဟိတအသင်းစာမေးပွဲ စာချတန်းအောင်ပန်းကို ဆွတ်လှမ်းတော်မူခဲ့သဖြင့် "ဘဒ္ဒန္တဝိသုဒ္ဓါစာရာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ" "သီးခြားစာချ"ဘွဲ့ပုံလက်မှတ်တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## စာပေပို့ချ နာယက

သကျသီဟာဓမ္မာစရိယ သီးခြားစာချဖြစ်ပြီးနောက် မစိုးရိမ် တိုက်မာဂဓေယျပဒေသကျောင်း၌ ကျောင်းထိုင်နာယကဖြစ်၍ ရောက်ရှိလာသောစာသင်သားရဟန်းသာမဏေတို့အား စာပေပို့ချကာ ပရိယတ္တိသာသနာစည်ပင်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းတော်မူခဲ့လေသည်။

## မဟာပါဠိအဘိဓာန် ရေးသားပြုစုရာပါဝင်

ဆရာတော် အရှင်ဝိသုဒ္ဓါစာရာဘိဝံသသည် မစိုးရိမ်တိုက်၌ ၁၂၈၂–ခုနှစ်က စတင်ရေးသားပြုစုခဲ့သော သဒ္ဒတ္ထရတနာဝလိအမည်ရှိသော မဟာပါဠိအဘိဓာန်ကျမ်းကြီး ပြုစုရေးသားရေးအဖွဲ့တွင် ကမ္မကာရကဆရာတော်ဖြစ်၍ ပါဝင်ဆောင်ရွက်တော်မူခဲ့လေသည်။

## ကျပ်တောင်ကုန်းရွာ၌ စာပေချပို့

ဒုတိယကမ္ဘာစစ်အတွင်း ၁၃၀၃–ခုနှစ်လောက်မှစ၍ ဇာတိဌာနေဖြစ်သော ပုဂံမြောက်လက် မြစ်မြောက်ဖက် ကျပ်တောင်ကုန်းရွာ

သို့ ရောက်ရှိသီတင်းသုံးတော်မူပြီး ရောက်ရှိလာသော ရဟန်းသာမဏေတို့အား စာပေချပို့တော်မူလေသည်၊ ဆရာတော်ကား စာပေ၌ လွန်စွာ မွေ့လျော်သည့်ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတည်း။

ဘဒန္တဝိသုဒ္ဓေါ ထေရော၊ ဝိသုဒ္ဓေါ သုဒ္ဓအာသယော။
ပရိယတ္တိယာ ရတော ဓီရော၊ သမ္ဗုဒ္ဓသာသနန္ဓရော။

## ဘဝနတ်ထံ ပျံလွန်ခြင်း

တပည့်တပန်းရဟန်းသာမဏေတို့အား စာပေပို့ချကာ သာသနာ့ဝန်ကို အားသွန်ဆဲရှိစဉ် ၁၃၁၁–ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ၅–ရက် ကြာသပတေးနေ့နံနက် ၈–နာရီတွင် သေမင်းခံတွင်း ဝင်တော်မူခဲ့ရရှာလေသည်။

သိဿဂဏာဿဝါစေန္တော၊ ထေရေဟိ ထိရဂုဏော ရတော။
မစ္စု ဂစ္ဆတိ အာဒါယ၊ သဗ္ဗီရာ စဥ္စလာ ဟိ ဝေ။

## အဂ္ဂမဟာပဏ္ဍိတ အရှင်သောဘိတမဟာထေရ်

ဆရာတော်သည် ပုဂံမြို့နယ် သီရိပစ္စယာရွာ၌ အဖ ဦးဘိုးခမ်း၊ အမိ ဒေါ်ကျော့တို့မှ သက္ကရာဇ် ၁၂၇၁–ခုနှစ်၊ တပေါင်းလဆုတ် ၃–ရက် သောကြာနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ဆရာတော် လောင်းလျာ ဖွားမြင်ပြီး မကြာမီ မိဖတို့သည် စဥ့်ကူမြို့သို့ ပြောင်းရွှေ့နေထိုင်ကြကုန်၏။

## ပညာသင် သာမဏေဝတ် သာသနာ့ဝန်ထမ်း

၇–နှစ်သားအရွယ်တွင် စဥ့်ကူမြို့ မူလတန်းကျောင်း၌ စတုတ္ထတန်းအောင်မြင်သည်အထိ ပညာသင်ကြားခဲ့လေသည်၊ ၁၂–နှစ်သား အရွယ်တွင် သီရိပစ္စယာရွာ သာယာဝတော့ကျောင်းဆရာတော် ဦးပညာဝံသထံ ရှင်သာမဏေဝတ်ခဲ့လေသည်၊ ဥပဇ္ဈာယ်ဆရာတော် ဦးပညာဝံသက ရှင်သောဘိတဟု ဘွဲ့မည်ပေးသနားတော်မူလေ၏။

ထိုစဉ်က သာယာဝတေ့ကျောင်း၌ မန္တလေးမြို့အနောက်ပြင် မြဲတောင်တိုက်မှ စာချဆရာတော်ကလေး ဦးဇနိတ ရောက်ရှိနေထိုင် စာချရာ စာသင်သားသံဃာတော် ၂၀–ကျော်ခန့်တို့သည် ဦးဇနိတထံ စာပေသင်ယူလိုက်နာကြကုန်၏။ ထိုအချိန်က ၁၃–နှစ်သာရှိသေးသော ရှင်သောဘိတသည်လည်း ဦးဇနိတထံ၌ သဒ္ဒါကြီးသုတ်စဉ်, ဝိဘတ်သွယ်, စာစပ်နိယံတို့ကို သင်ယူခဲ့လေသည်။

## ပခုက္ကူပိဋကတ် အတတ်မြို့တော်သို့

သီရိပစ္စယာ သာယာဝတေ့ကျောင်းတိုက်၌ စာပေချပို့ ရှင်ပျော့ပျို့သော စာချဆရာတော်ကလေး အရှင်ဇနိတသည် နိကာယ်ပါဠိ, အဋ္ဌကထာကြီးများကို အချောသတ်သင်ယူလိုသဖြင့် နောက်ပါသံဃာများစွာနှင့်အတူ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးသို့ ကြွရောက်တော်မူခဲ့လေသည်၊ ရှင်သောဘိတသည်လည်း ဦးဇနိတနှင့်အတူ ပခုက္ကူ မဟာဝိသုတာရာမတိုက်သို့ ရောက်ရှိလာခဲ့လေသည်၊ မဟာဝိသုတာရာမတိုက်ကြီး၌ ဆရာတော် အရှင်ပညာမဟာထေရ်ထံ သဒ္ဒါကျမ်းများနှင့် ဓမ္မပဒအဋ္ဌကထာကို သာမဏေ ၁၆–နှစ်ခန့်အထိ ဆိုဝါဖြင့် သင်ယူတော်မူခဲ့လေသည်။

## ရန်ကုန်, မန္တလေး, မြင်းခြံနေ ရဟန်းဖြစ်

ဦးဇနိတနှင့်အတူ မန္တလေးမြို့ ဘုရားကြီးတိုက်, ရန်ကုန်မြို့ အောင်မြေဘုံစံတိုက်တို့၌ လိုက်ပါနေထိုင်ကာ ပညာသင်ကြားခဲ့ပြန်သေး၏။ သာမဏေစာမေးပွဲများနှင့် အစိုးရပဋ္ဌမငယ်တန်းကိုလည်း ဖြေဆိုအောင်မြင်ခဲ့လေသည်၊ ၁၂၉၁–ခုနှစ် မြင်းခြံကိုးဆောင်တိုက်၌ နေထိုင်စဉ် ဟသ်ာတမြို့ ဇလုပ်ထော်သမိုင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

## ပခုက္ကူ နောက်တခေါက်ရောက် စာဆို, စာချဖြစ်

ရဟန်းသိက္ခာ ၂–ဝါအရတွင် ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက်သို့ နောက်တခေါက်ရောက်ရှိနေထိုင်၍ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ပညာမဟာထေရ်ထံတော်၌ ဝိသုဒ္ဓိမဂ်မဟာဋီကာ, သမ္မောဟဝိနောဒနီအဋ္ဌကထာ, ကင်္ခါဋီကာသစ်နှင့် အဘိဓမ္မာပါဠိတော်များကို ဆိုဝါဖြင့် သင်ယူခဲ့လေသည်၊ ရဟန်းသိက္ခာ ၅–ဝါအရတွင် ဂဏဝါစကစာချအဖြစ် ချီးမြှောက်ခြင်းကို ခံယူရလေသည်။

## စာသင်တိုက်တည်, ဓမ္မာစရိယဘွဲ့ရ

ရဟန်းသိက္ခာ ၈–ဝါအရ ၁၂၉၉–ခုနှစ်မှစ၍ မြင်းခြံမြို့ ကိုးဆောင်တိုက် ပခုက္ကူကျောင်းသစ်စာသင်တိုက်ကို ဖွင့်လှစ်ကာ စာပေပို့ချရာ သံဃာ ၁၅၀, ၂၀၀, ၃၀၀–ခန့် အထိ များပြားစွာရှိခဲ့ဘူးလေသည်၊ ၁၃၁၂–ခုနှစ်တွင် အစိုးရစာချတန်းကိုလည်း ဖြေဆိုအောင်မြင်သဖြင့် "သာသနဓဇသီရိပဝရ ဓမ္မာစရိယ"ဘွဲ့ကို ရရှိတော်မူခဲ့လေသည်။

## ဂျပန်ပြည်သိမ်သမုတ်ကြွခြင်း

ဂျပန်ဗုဒ္ဓသာသနာ့အဖွဲ့နှင့် မြန်မာနိုင်ငံဗုဒ္ဓသာသနာ့အဖွဲ့ကြီးတို့၏ ကြိုးပမ်းချက်အရ ဂျပန်ပြည် မိုဂျီမြို့၌ သံဃာရာမခေါ်သော ထေရဝါဒကျောင်းတိုက်တတိုက်တည်ရှိခဲ့လေသည်။ ထိုဂျပန်ပြည် မိုဂျီမြို့ သံဃာရာမ၌ သိမ်သမုတ်ရန် ၁၃၁၉–ခုနှစ်က အခြားဆရာတော် ၄–ပါးနှင့်အတူ ပခုက္ကူဂိုဏ်းကိုယ်စား ကြွတော်မူခဲ့လေသည်။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်

ပုဂံသာသနာအောင်မြေမှ ပေါက်ဖွားခဲ့သော ပခုက္ကူ မဟာဝိသုတာရာမဝံသိကဆရာတော် အရှင်သောဘိတသည် ၁၃၂၁–ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူလေသည်။

ဆရာတော် ဦးသောဘိတသည် မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်အတွင်း၌ ၁၂–မုခ်ဘုရားကြီးကိုလည်း ၁၃၃၅–ခုနှစ်၊ ကဆုန်လတွင် အပြီးသတ် ဦးစီးတည်ထားကိုးကွယ်တော်မူခဲ့လေသည်။ အရှင်သောဘိတမဟာထေရ်ကား ဝီရိယကြီးမားသူ ပုဂ္ဂိုလ်မြတ်ပေတည်း။[၁]

ဘဒ္ဒန္တသောဘိတော ထေရော၊ သောဘနော ဝီရိယဝါ သုဓီ။
ဝီရိယံ ပုဂ်မံ ကတွာ၊ သာသနေ ကိစ္စကာရကော။

## စာချကျမ်းပြု ပုဂံဆရာတော် အရှင်ဝိစာရမဟာထေရ်

ဆရာတော် အရှင်ဝိစာရသည် ပုဂံသာသနာ့အောင်မြေမှ ပေါက်ဖွားတော်မူခဲ့သည့် သာသနာ့ဝန်ဆောင် ဆရာတော်တပါး ဖြစ်တော်မူသည်၊ မန္တလေးမြို့ မြတောင်ဆရာတော်အဖြစ်ဖြင့်၎င်း, စစ်ကိုင်းတောင်ရိုး ရတနာဘုံစံချောင်ဆရာတော်အဖြစ်ဖြင့်၎င်း ထင်ရှားခဲ့လေသည်။

## ဖွားမြင်ခြင်း, ပညာသင်ခြင်း, ရဟန်းဖြစ်ခြင်း

ပုဂံမြို့ အရှေ့တောင်ခရီး ၂–မိုင်အကွာ ဖွားစောရွာ၌ အဖ ဦးသာတုတ်, အမိ ဒေါ်ပုတို့မှ သက္ကရာဇ် ၁၂၃၆–ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၁၅–ရက် ဗုဒ္ဓဟူးနေ့ နေမထွက်မီအချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်။

သက်တော် ၇–နှစ်သားအရွယ်တွင် ပုဂံမြို့ နတ်ထောင့်ကျောင်းတိုက် နတ်ထောင့်ဂိုဏ်းအုပ်ဆရာတော် အရှင်သဒ္ဓမ္မနန္ဒိထံ ရောက်ရှိ ပညာသင်ကြားခဲ့လေသည်၊ သက်တော် ၁၃–နှစ်သား အရွယ်တွင် သန့်စင်ကြယ်ရှာ အဖိုး ဦးဝိုင်း, အဖွား ဒေါ်ပိုကြီးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် အရှင်သဒ္ဓမ္မနန္ဒိထံတွင် ရှင်သာမဏေဝတ်ခဲ့လေသည်၊ ဆရာ

---

၁။ မဟာဝိသုတာရာမနိကာယသာသနာဝင်။ ၄၁၉, ၄၂၂–လည်းကြည့်။

တော် အရှင်သဒ္ဓမ္မနန္ဒိက ရှင်ဝိစာရဟု ဘွဲ့အမည်မှည့်ခေါ်တော်မူလေသည်။

အသက် ၁၇–နှစ်အရွယ်တွင် မန္တလေးမြို့ အနောက်ပြင် မဏိရတနာရာမ မြဲတောင်တိုက်သစ်ကြီး၏ ဦးစီးနာယကဖြစ်တော်မူသော အာလောကာဘိဝရသာသနရက္ခမဟာဓမ္မရာဇဂုရု–ဟူသော ပဌမဘွဲ့တံဆိပ်တော်, အာလောကာဘိဝရသာသနရက္ခမဟာဓမ္မရာဇာဓိရာဇဂုရု–ဟူသော ဒုတိယဘွဲ့တံဆိပ်တော်, အာလောကာဘိဓဇအတုလဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု–ဟူသော တတိယတံဆိပ်တော်အားဖြင့် တံဆိပ်တော် ၃–တန်ကို အလှူခံတော်မူခဲ့ရသော ပဌမမြဲတောင်ဆရာတော်ဘုရားကြီး အရှင်အာလောကမဟာထေရ်မြတ်ထံ ဥပဇ္ဈာဆရာတော်ကိုယ်တိုင် လိုက်ပို့အပ်နှံတော်မူသည်။

သက်တော် ၂၀–တွင် မိမိ၏ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သည့် ပုဂံမြို့သို့ ပြန်ကြွတော်မူလာပြီး အဖိုး ဦးဝိုင်း, အဖွား ဒေါ်ပိုကြီးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပုဂံမြို့အရှေ့ ဣန္ဒပစ္စယအမည်ရှိသော သိမ်တော်ကြီး၌ နတ်ထောင့်ဂိုဏ်းအုပ်ဆရာတော် အရှင်သဒ္ဓမ္မနန္ဒိကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်ရှိတော်မူသည်။

ဥပဇ္ဈာယံ ကရိတွာန၊ သဒ္ဓမ္မနန္ဒိ မုတ္တမံ။
သုဒုလ္လဘံ လဘိတွာန၊ ဝိစာရော သာသနေ ရတော။

## မန္တလေးမြို့ ပြည်ပွင့်လှသိမ်ကုန်းတိုက်၌ ပညာသင်

အရှင်ဝိစာရသည် ရဟန်းဖြစ်ပြီးနောက် မန္တလေးမြို့သို့တဖန်ပြန်ကြွတော်မူပြီး လေးပြင်လေးရပ်ရှိ စာချအကျော် ဆရာတော်များထံ ပိဋကတ်ကျမ်းဂန်များကို သင်ယူတော်မူခဲ့သည်၊ ရဟန်းသိက္ခာ ၇–ဝါအရတွင် ပြည်မြို့ ပွင့်လှသိမ်ကုန်းတိုက်သို့ကြွတော်မူ၍ အဘိဓမ္မာအရာတွင် လွန်စွာကျော်ကြားလှသော ၁၁၉၄–ခုဖွား, ပဌမပွင့်လှသိမ်ကုန်းဆရာတော်ဘုရားကြီး အရှင်နာရဒမဟာထေရ်မြတ်ထံ ချဉ်းကပ်တော်မူ၍ အဘိဓမ္မာဆိုင်ရာညဝါများကို ကိုယ်တိုင်ဆိုဝါဖြင့် သင်ယူတော်မူခဲ့သည်။

## မြတောင်တိုက်နာယက, သကျသီဟမူလမဇ္ဈာစရိယ

အရှင်ဝိစာရသည် ရဟန်းသိက္ခာ ၉–ဝါအရတွင် မန္တလေးသို့ ပြန်ကြွတော်မူကာ ဒုတိယမြတောင်ဆရာတော်ကလေးဖြစ်သော အရှင်သုမန၏လွှဲအပ်ချက်အရ ၁၂၆၅–ခုနှစ်၊ နယုန်လမှစ၍ မဏိရတနာရာမ မြတောင်တိုက်ကြီး၏အကြီးအမှူးဦးစီးနာယကဖြစ်၍ သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့သည်၊ ၁၂၆၆–ခုနှစ်တွင် ပရိယတ္တိသာသနဟိတအသင်းက "ဘဒ္ဒန္တဝိစာရာဘိဝံသပရိယတ္တိသာသနဟိတမဇ္ဈာစရိယ (မူလစာချ)"ဟူသောဘွဲ့တံဆိပ်ဆက်ကပ်၍ ထောက်ပံ့လှူဒါန်း ကိုးကွယ်ခြင်းကို ခံယူတော်မူရသည်။

## စစ်ကိုင်းတောင်ရိုးကြွ တရားကျင့်

၁၂၉၄–ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၃–ရက်နေ့တွင် စစ်ကိုင်းတောင်ရိုးသို့ကြွတော်မူ၍ ရတနာဘုံစံချောင်ကို တည်ထောင်တော်မူ၍ ဘာဝနာကမ္မဋ္ဌာန်းလုပ်ငန်းဖြင့် သက်ဆုံးတိုင် ပျော်မွေ့တော်မူခဲ့သည်၊

## စာချ, ကျမ်းပြုစုတော်မူခြင်း

မြတောင်တိုက်၌ မှီခိုရောက်ရှိလာသောစာသင်သားရဟန်းသာမဏေတို့အား ပိဋကတ်ကျမ်းစာများ, ဗျာကရဏ်းကျမ်းစာများကို ကြီးမားသောဝီရိယဖြင့် ချပို့တော်မူရင်း ကျမ်းဂန်များကိုလည်း ရေးသားပြုစုတော်မူခဲ့သည်။

ဆရာတော်ပြုစုတော်မူသော ကျမ်းများမှာ –

၁။ ညဝါ အခြေပြုကျမ်း
၂။ ပစ္စယုဒ္ဒေသဒီပနီကျမ်း
၃။ ပုဂံမြို့ဘုရားတဆဲ့ခုနစ်ဆူသမိုင်းကျမ်း
၄။ တောလေးဆယ်နိဿယကျမ်း
၅။ အာနာပါနရှုဘွယ်ကျမ်း
၆။ မဏိစလထေရုပ္ပတ္တိကျမ်း–စသည်တို့ဖြစ်သည်။

၎င်းကျမ်းများအနက် ညဝါအခြေပြုကျမ်းမှာ ၁၂၆၇–ခုနှစ်၊ ရဟန်းသိက္ခာ ၂–ဝါအရက အဘိဓမ္မတ္ထသင်္ဂဟ ၉–ပိုင်းသရုပ်ကို ညဝါ အခြေပြုအမည်တပ်၍ ရေးသားတော်မူခဲ့သည်၊ ပုံမနှိပ်ရသေးချေ။ အာနာပါနရှုဘွယ်ကျမ်းကို ၁၂၉၉–ခုနှစ်က ရေးသားတော်မူခဲ့သည်၊ ၎င်းကျမ်းလည်း ပုံမနှိပ်ဖြစ်ပါ၊ အခြားကျမ်းအားလုံး ပုံနှိပ်ထုတ်ဝေပြီး ဖြစ်သည်။

## မဏိစလထေရုပ္ပတ္တိကျမ်း

အရှင်ဝိစာရ၏ကျမ်းများအနက် မဏိစလထေရုပ္ပတ္တိကျမ်းမှာ ပဌမမြတောင်ဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ်ကို ပြည့်စုံစွာ ဖော်ပြထားသောကျမ်းဖြစ်သည်၊ ယင်းထေရုပ္ပတ္တိကျမ်း၌ အခန်းပေါင်း ၂၅–ခန်း ပါဝင်ရာ ၎င်းကျမ်းကိုဖတ်ရှုလေ့လာပါက သာသနာ့ယဉ်ကျေးမှုအမျိုးမျိုးနှင့် ကြည်ညိုဖွယ်, သံဝေဂဖြစ်ဖွယ်တို့ကို တွေ့ရှိနိုင်ရာ အဖိုးတန်ဗုဒ္ဓယဉ်ကျေးမှုကျမ်းစာပင်ဖြစ်သည်။

ဆရာတော် အရှင်ဝိစာရသည် ယင်းကျမ်း၏နိဂုံး၌ မိမိ၏ ဇာတိ, စစ်ကိုင်းတောင်ရိုး ရတနာဘုံစံချောင်၏ တင့်တယ်ပုံကို –

မြမ္မလင်္ကာရဘူတေ စ၊ သုတော ပုရေရိမဒ္ဒနေ။
ဇာတေန ကုလပုတ္တေန၊ ဘွားစောဂါမောဝ ဇာတိယာ။

စစ်ကိုင်းနဂေ သုဘေ ရမ္မေ၊ တောယာသယသု မဏ္ဍိတေ။
မဟာရတနာဘုံစန္တိ–ဝှယေ ဝိသုတကန္ဒရေ။

နှစ်ဂါထာဖြင့် ဖော်ပြတော်မူခဲ့သည်။

## ဤဘုရားသာသနာ၌ ကျွတ်ရလိုကြောင်း တောင်းဆုချွေ

ဆရာတော် အရှင်ဝိစာရသည် သံသရာ၌လွန်စွာငြီးငွေ့စိတ်ပျက် ထွက်ရလမ်းရှာနေသောမထေရ်မြတ် မှန်လှပါတော့သည်၊ ဤစာရေးရ မြတ်ပုညကြောင့် ဤဂေါတမ သာသနာတော်၌ပင် အာသဝအလုံးစုံကို ခြေမှုန်းသုတ်သင် စင်ကြယ်အောင် ဆေးလျှော်ကာ အရိယာပေါင်း သူတော်ကောင်းတို့ ပုန်းအောင်းထွန်းတောက်ရောက်ရာဖြစ်

သည့် အမတမည် ရွှေပြည်နိဗ္ဗာန်သို့ ရောက်ရလိုကြောင်း –

အနေန ပုညကမ္မေန၊ က္လမသ္မိံယေဝ သာသနေ။
သဗ္ဗာသဝေ ခေပေတွာန၊ ပပ္ပေါမဟံမတံ ပဒံ။

ဟူသောဂါထာဖြင့် တောင်းဆုချွေတော်မူခဲ့သည်။

## ဘဝနတ်ထံ ဝင်စံတော်မူခြင်း

ဤသို့ဖြင့် သီလ, သုတ စွယ်စုံလှတော်မူသည့် မြတောင်ဆရာတော်, ရတနာဘုံစံချောင်ဆရာတော်ဟု ကျော်ကြားတော်မူသော ပုဂံဆရာတော် အရှင်ဝိစာရသည် သက်တော် ၇၄–နှစ်ရှိရာ ၁၃၁ဝ–ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၃–ရက်နေ့ ညနေ ၆–နာရီအချိန်တွင် နတ်ပွဲသဘင် ဝင်စံကြွသွား အနားယူခဲ့လေပြီ။

ဘဒန္တဝိစာရတ္ထေရော၊ ပုဂံဝံသောဘိပါကဋော။
နိမန္တိတောဝ ဒေဝေဟိ၊ ယာတော ဒေဝါလယံ သုဘံ။

## စာချ, ကျမ်းပြု ကျစွာဘုရင်

"မရင်းအင်း မင်းကျစွာ"ဟူသည်နှင့်အညီ သက္ကရာဇ် ၅၈၁–ခုနှစ်တွင် ကျစွာမင်းကြီးသည် ဓမ္မရာဇာ= ဓမ္မရာဇ်မင်း (တရားမင်း) ဟူသောဘွဲ့မည်နာမကို ခံယူ၍ ပုဂံပြည်၌မင်းပြုတော်မူခဲ့လေသည်၊ သီဟိုဠ်ကျွန်း၌ သာသနာသက္ကရာဇ် ၁၈၄၈–ခုနှစ်၌ "ကလိကာလာဒိ သာဟိစ္စသဗ္ဗညုပဏ္ဍိတ"ဘွဲ့ခံစတုတ္ထပရက္ကမဗာဟုမင်းကြီးသည် တရားနှင့်အညီ သီဟိုဠ်၌မင်းပြုခဲ့လေသည်။[၁] ဝိသုဒ္ဓိမဂ်နိသျကြီးကိုလည်း အတွဲပေါင်းမျှား–ဒွ– သီဟိုဠ်ဘာသာဖြင့် ရေးစီရင်ခဲ့လေသည်၊ ကျစွာမင်းကြီးသည်လည်း ထိုဖော်ပြခဲ့သည့်သီဟိုဠ်မင်းနှင့် ထူးစွာကျမ်းဂန်များကို ပြုစုခဲ့လေသည်။

---

၁။ ကလိကာလာဒိသာဟိစ္စ–သဗ္ဗညုပဏ္ဍိတောတိသာ။
ပတိတံ နာမဓေယျမ္ပိ၊ ပဏ္ဍိတတ္တာ သယံလာဘိ။ (မဟာဝံသ။ ၈၀။ ၃။)

## ကျမ်းဂန်တတ်ဘုရင်

ကျစွာမင်းသည် မြန်မာနိုင်ငံ၌ ကျမ်းဂန်တတ်ဘုရင်ဟု ထင်ရှားလေသည်၊ သီဟိုဠ်စာပေသမိုင်းဆရာတို့ကလည်း ကျစွာမင်းကို များစွာဂုဏ်ပြု ချီးကျူးထောမနာ၍ ရေးသားမှတ်တမ်းတင်ခဲ့ကြကုန်၏၊ ပိဋကတ်ကို အထပ်ထပ် အခေါက်ခေါက် ဆရာသမားကောင်းတို့၏ထံ သင်အံပေါက်ရောက်ခဲ့လေသည်။ မင်းမြတ်သည် တူရွင်းတောင်ခြေ အနီး ရေကန်ကြီးကို ဆည်ဖို့တော်မူ၍ ကန်၏အနီး မင်းတဲဆောင်၌ စာပေချပို့ ရွှင်ပျော်ပြုံခဲ့လေသည်။ မင်းမြတ်သည် ကျမ်းဂန်များကိုလည်း ပြုစုတော်မူခဲ့ရာ သိသမျှဖော်ပြရသော် –

၁။ ပရမတ္ထဗိန္ဒုပါဌ်

၂။ သဒ္ဒဗိန္ဒုပါဌ်–စသည်တို့ ဖြစ်ကုန်၏။

## ပရမတ္ထဗိန္ဒုပါဌ်

ယင်းကျမ်းများအနက် ပရမတ္ထဗိန္ဒုပါဌ်မှာ ၁၁–ဂါထာမျှရှိ ကျမ်းငယ်ဖြစ်လေသည်၊ ကျမ်းအစ၌ ပဏာမစသည် သီးခြားမရေးသား ပဲ

(၁) တာဒိဋ္ဌာဒိ ယကာရာဒိ၊ နဝသင်္ချာ ပကာသိတာ။
ပဥ္စသင်္ချာ ပကာရာဒိ၊ သုညာနာမ သရာဒ္ဓနာ။

ဟူသော ပိဋကတ်သင်္ချာပြုဂါထာကို ရေးသား၍ အောက်ပါ ၁၀–ဂါထာကို ရေးသားခဲ့လေသည်။ ဂါထာများအနက် သင်ရန်ခဲခက်သဖြင့် မျဉ်းအောက်၌ အနက်ပြန်ဆိုချက်ကိုပါ ထည့်သွင်းဖော်ပြအပ်ပါသည်။

(၂) ကာ ကာယာ ရူ တပါရူ ဝါ၊ ပုဂ္ဂါ ဘူ အဝဏ္ဏာမလာ။
ဒုသုဟေတု ဒွိတိဟေတု၊ မဂ္ဂဋ္ဌာ ဖလဋ္ဌာရိယာ။

---

(၂) ကာ၊ ကာမဘုံတို့သည်။ ကာယာ၊ တဆဲ့တဘုံတို့တည်း။ ရူ၊ ရူပဘုံတို့သည်။ တပါ၊ တဆဲ့ခြောက်ဘုံတို့တည်း။ အရူ၊ အရူပဘုံတို့သည်။ ဝါ၊ လေးဘုံတို့တည်း။ ဣတိ၊ ဤသို့။ ဘူ၊ ဘုံတို့သည်။ ပုဂ္ဂါ၊ သုံးဆဲ့တစ်ဘုံတို့တည်း။ အမလာ၊ လောကုတ္တရာစိတ်တို့သည်။ အဝဏ္ဏာ၊ လောကုတ္တရာဘုံမည်ကုန်၏။ ဒုသုဟေတု၊ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်, သုဂတိအဟိတ်ပုဂ္ဂိုလ်တို့နှင့်။

(၃) အပါယေ မာဏဝေ ဒေဝေ၊ တျာဒေါ်နျာညေသု သာရိယေ။
သာသညေစျာညရူပေ ဇာ–ရုပ္ပေဘူချာသု ဝါကရာ။
(၄) ဆလာဒုမှိ နဒါသုမှိ၊ မဏာသုဋ္ဌိမှိ ဒုတိယေ။
စစ္စာဒိတတိယေ ဝေဟပ္ဖလေ မုတာ, ရူပေ ဓုတာ။
(၅) အာရုပ္ပေ ဋ္ဌိဥိနံ ဥဒ္ဒေ၊ ပဘာ ပဘာ စုဋ္ဌာ တုဋ္ဌာ။
ကာမေသု နဓုဒံ ဓုတံ၊ ရူပေန္ဒြစ္စာရုပ္ပေ ချုဝံ။
(၆) ဠျချာသုဠျတျာဘုမ္မာ၊ ကြုခြုဂြုသြုငြုစြုနလု။
ဘူဘူလံဖုဖုယံဘူတျာ၊ ရုရုသူဂြုစတုဒ္ဒသ။

---

ဋ္ဌိတိဟေတု၊ ဋ္ဌိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ်တို့ငှင်း။ မဂ္ဂဋ္ဌာ၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့ငှင်း။ ဖလဋ္ဌာ၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့ငှင်း။ ဣတိ၊ ဤသို့။ အရိယာ၊ တကျိပ်နှစ်ယောက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။
(၃) အပါယေ၊ အပါယ်ဘုံ၌။ ဟေ၊ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တယောက်ကို။ လဗ္ဘတိ၊ ရအပ်၏။ မာဏဝေ၊ လူ့ဘုံ၌ငှင်း။ အဒေါ်ဒေဝေစ၊ စတုမဟာရာဇ်ဘုံ၌ငှင်း။ တျာ၊ ဒုဂ္ဂတိအဟိတ်ကြဉ်သော တကျိပ်တယောက်သောပုဂ္ဂိုလ်တို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ အညေသု၊ စတုမဟာရာဇ်မှတပါး အခြားနတ်ပြည်ငါးထပ်တို့၌။ နျာ၊ ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်ပုဂ္ဂိုလ်ကြဉ် ပုဂ္ဂိုလ်တကျိပ်တို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ အရိယေ၊ သုဒ္ဓါဝါသငါးဘုံ၌။ သာ၊ အထက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်တို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ အသညေ၊ အသညသတ်ဘုံ၌။ ကော၊ သုဂတိအဟိတ်ပုဂ္ဂိုလ်တယောက်ကို။ လဗ္ဘတိ၊ ရအပ်၏။ အညရူပေ၊ သုဒ္ဓါဝါသ, အသညသတ်မှတပါးသော ရူပဆယ်ဘုံ၌။ ဈာ၊ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တယောက်, အရိယာပုဂ္ဂိုလ်ရှစ်ယောက်အားဖြင့် ကိုးယောက်သောပုဂ္ဂိုလ်တို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ အာရုပ္ပေ၊ အရူပလေးဘုံ၌။ ဇာ၊ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တယောက်, သောတာပတ္တိမဂ္ဂဋ္ဌာန်ကြဉ်သော အရိယာပုဂ္ဂိုလ်ခုနစ်ယောက်အားဖြင့် ရှစ်ယောက်သောပုဂ္ဂိုလ်တို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ အာရုပ္ပေဘူချာ၊ ဘုံ၏အစွမ်းအားဖြင့်။ ဝါကရာ၊ ၁၁၄ – ၂၁၄ ယောက်သောပုဂ္ဂိုလ်တို့သည်။ အဿု၊ ဖြစ်ကုန်၏။
(၄) ဒုမှိ၊ အပါယ်လေးဘုံ၌။ ဆလာ၊ သုံးဆဲ့ခုနစ်ပါးသောစိတ်တို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ သုမှိ၊ ကာမသုဂတိခုနစ်ဘုံ၌။ နဒါ၊ ရှစ်ဆယ်သောစိတ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ သုဋ္ဌိမှိ၊ သုဒ္ဓါဝါသငါးဘုံ၌။ မဏာ၊ ငါးဆဲ့ငါးပါးသောစိတ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ ဒုတိယေ၊ ဒုတိယဈာန်သုံးဘုံ၌။ စစ္စာ၊

(၇) ဆလာ ဒုမှိ သုဒ္ဓိသု ကွာ၊ လတာတိမှိ ဖလဒွယေ။
ဓမာဒေါတယိယေ တုမာ၊ ဒုမာဒ္ဒေ မဂ္ဂဒ္ဒေ သုဘာ။
(၈) ဆလာက ဝါ ဆမာဤမာ၊ ဇဝါဘဝါကာမိသု စ။
စျလာမလာပလာရူပေ၊ အာရုပ္ပေတြာန္တြာမျဒွေကူနံ။
(၉) ကေဇာစတုပဥ္စဆ၊ သတ္တဋ္ဌဇာ ဆဝီသတိ။
စုဒ္ဒသတေရသဒွေ စ၊ သတ္တဟိ သတ္တဟိ ဒသ။

---

ခြောက်ဆယ့်ခြောက်ပါးသောစိတ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ အာဒိတတိယေ၊ ပဌမစျာန် သုံးဘုံ၌ငင်း။ ဝေဟပ္ဖလေ၊ ဝေဟပ္ဖိုလ်ဘုံ၌ငင်း။ မုတာ၊ ခြောက်ဆဲ့ငါးပါးသောစိတ်တို့ကို။ လဗ္ဘ န္တိ၊ ကုန်၏။ ရူပေ၊ အသညသတ်, သုဒ္ဓါဝါသကြဉ်သော ရူပဆယ်ဘုံတို့၌။ ဓုတာ၊ ခြောက်ဆဲ့ကိုးပါးသော စိတ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။

(၅) အာရုပ္ပေ၊ အရူပလေးဘုံ၌။ စပါ၊ လေးဆဲ့ခြောက်ပါးသောစိတ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ ဥဒ္ဒေ၊ အထက်အထက်ဖြစ်သော အရူပဘုံ၌။ ဒွိဦးနံ၊ နှစ်ခု နှစ်ခု ယုတ်သည်ကို ပြု၍။ ပဘာ၊ အာကာသနဉ္စာယတနဘုံ၌ လေးဆဲ့သုံးပါးသောစိတ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ ပဘာ၊ ဝိညာနဉ္စာယတနဘုံ၌ လေးဆဲ့တပါးသောစိတ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ စုဋ္ဌာ၊ အာကိဉ္စညာယတနဘုံ၌ သုံးဆဲ့ကိုးပါးသောစိတ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ တုဋ္ဌာ၊ နေဝသညာနာသညာယတနဘုံ၌ သုံးဆဲ့ခုနစ်ပါးသောစိတ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ ကာမေသု၊ ကာမတဆဲ့တဘုံတို့၌။ ဓံ၊ မဟဂ္ဂုတ်ဝိပါက်စိတ်ကိုးခုသည်။ န၊ မရှိ။ ဉဒံ၊ ရှစ်ဆယ်သောစိတ်ကား ရှိ၏။ ရူပေ၊ အသညသတ်, သုဒ္ဓါဝါသကြဉ်သော ရူပဆယ်ဘုံ၌။ ဋြ၊ နှစ်ဆယ်သောစိတ်သည်။ န၊ မရှိ။ ဓုတံ၊ ခြောက်ဆဲ့ကိုးပါးသောစိတ်ကား ရှိ၏။ အာရုပ္ပေ၊ အရူပဘုံ၌။ ချဝံ၊ လေးဆဲ့သုံးပါးသောစိတ်သည်။ န၊ မရှိ။ စာ-စဝံ၊ လေးဆဲ့ခြောက်ပါးသောစိတ်ကား ရှိ၏။

(၆) ဠျာဘုမ္မာ၊ အရူပလေးဘုံဟုဆိုအပ်သော ဘုံတဘုံ၌ အသီးအသီးဖြစ်သော စိတ်တို့သည်။ ဘူ၊ အရူပဝိပါက်စိတ်လေးခုတို့တည်း။ ဒုဘူဍ္ဍာ၊ ပဌမစျာန် သုံးဘုံ, ဒုတိယစျာန်သုံးဘုံ, တတိယစျာန်သုံးဘုံတို့၌ အသီးအသီးဖြစ်သော စိတ်တို့သည်။ ဘူ၊ ပဉ္စမစျာန်ကြဉ်သော ရူပဝိပါက်စိတ်လေးခုတို့တည်း။ တုဘုမ္မာ၊ ဝေဟပ္ဖိုလ်ဘုံ, သုဒ္ဓါဝါသငါးဘုံအားဖြင့် ခြောက်ဘုံ၌ဖြစ်သော စိတ်တို့သည်။ ယံ၊ ပဉ္စမစျာန်ဝိပါက်တခုတည်း။ သူဘုမ္မာ၊ ကာမသုဂတိ ခုနစ်ဘုံ၌ဖြစ်သောစိတ်တို့သည်။ ဖု၊ မဟာဝိပါက်စိတ်ရှစ်ခုတို့တည်း။

(၁၀) ကော်ဝါရံ ပဝတ္တံ နောကော်၊ ဒွေကော်ဝါရံ ယဋ္ဌာဂံတုပစ်။
သောသတ်ကံ ပဋ္ဌဟိစေတာ်၊ ဗဘာမကာတဝါရံဖ်။
(၁၁) ကော်နေတံ မြဲဒွေကနေကာံချ်၊ ရလနေကံဂြေက်နေကာံရ်။
ကြ–ဝွ–မ ဝါရံ ဝိစေတံ၊ နံတိသေသတိသရုဖ်။

## သဒ္ဒဗိန္ဒုပါဠိ

ကျစွာမင်းတရားသည် သဒ္ဒါကျမ်းများ၌ မိုးသီးမိုးပေါက်ပမာ ထူးသောနည်းနယရှိသောသဒ္ဒဗိန္ဒုကျမ်းကိုလည်း ရေးသားစီရင်ခဲ့လေသည်။ ယင်းသဒ္ဒဗိန္ဒုကျမ်းမှာ ဂါထာ ၂၀–မျှသာရှိသည့် ကျမ်းငယ်ဖြစ်လေသည်။ ကျမ်းဦး၌ –

ယဿ ဉေယျေသု မမ္ဗေသု၊ နာဏမတ္တံ ပဇ္ဇေဝိတံ။
နတွာ သဒ္ဒမ္ဗသံဃံ တံ၊ သဒ္ဒဗိန္ဒုသမာရဘေ။

ဟူသောဂါထာဖြင့် ရတနတ္တယပဏာမပြု၍ ကျမ်းစာကို ရေးသားခဲ့

---

ဋ္ဌျဘုမ္မာ၊ ကာမတဆဲ့တဘုံ၌ဖြစ်သောစိတ်တို့သည်။ ဖု၊ ဒေါသမူဒွေး, ဃာနဝိညာဉ်ဒွေး, ဇိဝှါဝိညာဉ်ဒွေး, ကာယဝိညာဉ်ဒွေးအားဖြင့် ရှစ်ပါးတို့တည်း။ တျဘုမ္မာ၊ ကာမသုဂတိခုနစ်ဘုံ, ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံအားဖြင့် တဆဲ့ခုနစ်ဘုံ၌ဖြစ်သောစိတ်တို့သည်။ ယံ၊ သောတာပတ္တိမဂ်စိတ်တခုတည်း။ ကြျဘုမ္မာ၊ ကာမသုဂတိခုနစ်ဘုံ, ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံ, အရူပလေးဘုံအားဖြင့် နှစ်ဆဲ့တဘုံ၌ဖြစ်သောစိတ်တို့သည်။ ဘူ၊ သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ်အားဖြင့် လေးပါးတို့တည်း။ ခြျဘုမ္မာ၊ ကာမသုဂတိခုနစ်ဘုံ, အသညသတ်ကြဉ်သော ရူပါဝစရတဆဲ့ငါးဘုံအားဖြင့် နှစ်ဆဲ့နှစ်ဘုံ၌ဖြစ်သောစိတ်တို့သည်။ ကျာ၊ ဟသိတုပ္ပါဒ်, ရူပကုသိုလ်ငါးခု, ရူပကြိယာငါးခုအားဖြင့် တဆဲ့တပါးတို့တည်း။ ဂြျဘုမ္မာ၊ ကာမသုဂတိခုနစ်ဘုံ, အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ, အာကာသနဉ္စာယတနဘုံအားဖြင့် နှစ်ဆဲ့သုံးဘုံ၌ဖြစ်သောစိတ်တို့သည်။ ရှူ၊ အာကာသာနဉ္စာယတနကုသိုလ်ကြိယာနှစ်ခုတို့တည်း။ ကြျဘုမ္မာ၊ ကာမသုဂတိခုနစ်ဘုံ, အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ, အာကာသာနဉ္စာယတနဘုံ, ဝိညာဏဉ္စာယတနဘုံအားဖြင့် နှစ်ဆဲ့လေးဘုံ၌ဖြစ်သောစိတ်တို့သည်။ ရှူ၊ ဝိညာဏဉ္စာယတနကုသိုလ်ကြိယာနှစ်ခုတို့တည်း။ ငြျဘုမ္မာ၊ ကာမသုဂတိခုနစ်ဘုံ, အသညသတ်ကြဉ်သော

လေသည်။ ကျစွာမင်းကြီး၏ သဒ္ဒဗိန္ဒုကျမ်းကို သဒ္ဒါငယ် ၁၄–စောင်, ၁၅–စောင်ကျမ်းတွင် ကြည့်ရှုနိုင်လေသည်၊ ယင်းသဒ္ဒဗိန္ဒုကျမ်း၏မှီရာ အတ္ထနိဿယကို "တိပိဋကာလင်္ကာရသိရီဓဇမဟာဓမ္မရာဇဂုရု"ဘွဲ့ တံဆိပ်တော်ရ ဗားကရာဆရာတော် အရှင်ဓမ္မာဘိနန္ဒ ရေးသားပြုစုခဲ့လေသည်။

## ပညာရှင်တို့ပေါ်ထွန်းပျော်ရွှင်

ထိုမင်းလက်ထက်၌ ပုဂံနန်းမြို့တော်၌ ပညာရှိလူရှင်ရဟန်းတို့များစွာ ပေါ်ထွန်းခဲ့ကုန်၏။ ပညာရှိများ လူရှင်တို့ ပျော်ရွှင်ချမ်းမြေ့စွာလည်း နေထိုင်ကြရကုန်၏။ နန်းတွင်းသူ မိဖုရား, မင်းသမီး, အပျိုတော်များပင် စာပေဖြင့်ပျော်ကြကုန်၏။

---

ရူပတဆဲ့ငါးဘုံ, အာကာသာနဉ္စာယတနဘုံ, ဝိညာနဉ္စာယတနဘုံ, အာကိဉ္စညာယတနဘုံအားဖြင့် နှစ်ဆဲ့ငါးဘုံ၌ဖြစ်သောစိတ်တို့သည်။ တူ၊ အာကိဉ္စညာယတနကုသိုလ်ကြိယာ, ဒိဋ္ဌိဂတသမ္ပယုတ်လေးခု, ဝိစိကိစ္ဆာသမ္ပယုတ်စိတ်တခုအားဖြင့် ခုနစ်ပါးတို့တည်း။ စြုဘုမ္မာ၊ ကာမသုဂတိခုနစ်ဘုံ, အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ, အာကာသာနဉ္စာယတနဘုံ, ဝိညာဏာဉ္စာယတနဘုံ, အာကိဉ္စညာယတနဘုံ, အာကိဉ္စညာယတနဘုံ, နေဝသညာနာသညာယတနဘုံအားဖြင့် နှစ်ဆဲ့ခြောက်ဘုံ၌ဖြစ်သောစိတ်တို့သည်။ ဂြု၊ နေဝသညာနာသညာယတနကုသိုလ်ကြိယာနှစ်ခု, မဟာကြိယာစိတ်ရှစ်ခု, အနာဂါမိဖိုလ်, အရဟတ္တမဂ်, အရဟတ္တဖိုလ်, စက္ခုဝိညာဉ်ဒွေး, သောတဝိညာဉ်ဒွေး, မနောဓာတ်သုံးခု, သန္တီရဏသုံးခုအားဖြင့် နှစ်ဆဲ့သုံးပါးတို့တည်း။ နဘုမ္မာ၊ အသညသတ်ကြဉ်သော ဘုံသုံးဆယ်၌ဖြစ်သောစိတ်တို့သည်။ စတုဒ္ဒသ၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခု, ဥဒ္ဓစ္စသဟဂုတ်စိတ်တခု, မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်စိတ်ရှစ်ခုအားဖြင့် တဆဲ့လေးပါးတို့တည်း။

(၇) ဒုမှိ၊ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၌။ ဆလာ၊ သုံးဆဲ့ခုနစ်ပါးသောစိတ်တို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ သုဒ္ဓိသု၊ သုဂတိအဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ်တို့၌။ ကွာ–ကာဝါ၊ လေးဆဲ့တပါးသောစိတ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ တိမှိ၊ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၌။ လတာ၊ ခြောက်ဆဲ့သုံးပါးသောစိတ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ အာဒေါဖလဒွယေသု၊ သောတာပတ္တိဖလဋ္ဌာန်, သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့၌။ ဓမာ၊ ငါးဆဲ့ကိုးပါးသောစိတ်တို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

အန္တေပုရေ စ ရဋ္ဌေ စ၊ ဝသန္တာ ဗဟဝေါ ဇနာ။
နာနာသတ္တေဟိ မောဒန္တိ၊ ကာလေ ကျစွာသုရာဇိနော။

## နတ်ရွာစံတော်မူခြင်း

ဖော်ပြပါစာချုပ်ကျမ်းပြု ဘုရင်ကျစွာသည် အိမ်နိမ့်ဂံ ၂၀, စည်းစိမ် ၁၅–နှစ်, သက်တော် ၃၅–နှစ်အရွယ် နုနယ်ငယ်လျစဉ်က ပင် သန်လျက်ကစားတော်မူရာတွင် သန်လျက်ထိမိ၍ နတ်ရွာစံတော် မူခဲ့ရာလေသည်။

ကျစွာဝှယသုဘူပါလော၊ ဝိစကော ဂန္ထကာရကော။
ကတွာ သောဘနကိစ္စာနိ၊ ယထာကမ္မံ ယာတော သုဝီ။

## နတ်ထောင့်ဂိုဏ်းသံဃနာယကဆရာတော် အရှင်ဝိလာသဘိဝံသမဟာထေရ်

ဆရာတော်သည် နတ်ထောင့်ဂိုဏ်း၌ထင်ရှားသည့် ဝိနယ ဂရုက, သိက္ခာကာမပုဂ္ဂိုလ်မြတ်တပါး ဖြစ်တော်မူသည်၊ ပုဂံမြို့ ပြွန် ရွာ၌ အဖ ဦးဘိုးနီ, အမိ ဒေါ်အေးသာတို့မှ သက္ကရာဇ် ၁၂၂၂–ခု၊ တပို့တွဲလဆန်း ၁၃–ရက်နေ့အဝင် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူခဲ့ လေသည်၊ ငယ်နာမည် မောင်ရွှေခါးဖြစ်လေသည်။

---

တတိယေ၊ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၌။ တုမာ၊ ငါးဆဲ့ခုနစ်ပါးသောစိတ်တို့ ကို။ လဗ္ဘန္တိ၊ ကုန်၏။ အန္တေ၊ အဆုံးဖြစ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၌။ ဒုမာ၊ ငါးဆဲ့သုံးပါးသောစိတ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ မဂ္ဂဋ္ဌေသု၊ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်လေးယောက်တို့၌။ ကာ၊ တခုတခုစီသော မဂ်စိတ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။

(ဂ) စ၊ ကာမ, ရူပ, အရူပပုဂ္ဂိုလ်တို့၌ ရထိုက်သောစိတ်ကို အသီးအသီး ဆို ပေအံ့။ ကာမီသု၊ ကာမဘုံ၌ဖြစ်သော ပုထုဇဉ်လေးယောက်, ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့တွင်။ ဆလာ၊ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တို့၌ လေးဆဲ့တပါးသော စိတ်တို့ကို။ ကဝါ၊ သုဂတိအဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ် လေးဆဲ့တပါးသော စိတ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ ဆမာ၊ ကာမတိဟိတ်, ပုထုဇဉ်ပုဂ္ဂိုလ်၌ ငါးဆဲ့ လေးပါးသောစိတ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ ဤမာ၊ ကာမသောတာပတ္တိ

## ပညာသင်ကြားခြင်း, ရှင်သာမဏေဝတ်ခြင်း

သက်တော် ၇–နှစ်သားအရွယ်တွင် ပြွန်ရွာမြောက် ရွှေဘုံသာစေတီတော်ကြီးတည်ရှိရာ ညောင်ပင်ကန်ကျောင်းဆရာတော် ဦးဇိနထံ မိဘတို့အပ်နှံသဖြင့် ပညာသင်ကြားတော်မူခဲ့လေသည်၊ ၁၀–နှစ်သားအရွယ်တွင် ညောင်ကန်ဆရာတော် ဦးဇိနကိုပင် ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေပြုတော်မူခဲ့လေသည်၊ ဘွဲ့တော်မှာ ရှင်ဝိလာသဖြစ်လေသည်၊ ဥပဇ္ဈာယ်ဆရာတော် ဦးဇိနထံ၌ ၆–နှစ်ကြာမျှ နေထိုင်၍ သဒ္ဒါ, သင်္ဂြိုဟ်, နာမ်ဂိုဏ်း, အာချာတ်ဂိုဏ်း, ပုဒ်စစ်, မာတိကာ, ဓာတုကထာ–စသည့်ကျမ်းများကို သင်ယူတော်မူခဲ့လေသည်။

## မြတောင်ဆရာတော် အရှင်အာလောကထံ

သက်တော် ၁၆–နှစ်ခန့်တွင် ဥပဇ္ဈာဆရာတော် ဦးဇိနက အပ်နှံသဖြင့် မန္တလေးမြို့ ရာဇဂုရုဘွဲ့တံဆိပ် ၃–ထပ်ရ ပဌမမြတောင်ဆရာတော်ဘုရားကြီး အရှင်အာလောကထံရောက်ရှိ၍ မြတောင်

---

ဖလဈာန်, သကဒါဂါမိဖလဈာန်ပုဂ္ဂိုလ်၌ ငါးဆယ်သောစိတ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ ဘဝါ၊ ကာမရဟန္တာပုဂ္ဂိုလ်၌ လေးဆဲ့လေးပါးသောစိတ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ ရူပေ–ရူပေသု၊ အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ၌ဖြစ်သော တိဟိတ်ပုထုဇဉ်, ဖလဈာန်ပုဂ္ဂိုလ်လေးယောက်တို့တွင်။ ဧျလာ၊ ရူပတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၌ သုံးဆဲ့ကိုးပါးသောစိတ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ မလာ၊ ရူပသောတာပတ္တိဖလဈာန်, သကဒါဂါမိဖလဈာန်, အနာဂါမိဖလဈာန်ပုဂ္ဂိုလ်၌ သုံးဆဲ့ငါးပါးသောစိတ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ ပလာ၊ ရူပရဟန္တာပုဂ္ဂိုလ်၌ သုံးဆဲ့တပါးသောစိတ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ အာရုပ္ပေ–အာရုပ္ပေသု၊ အရူပလေးဘုံ၌ဖြစ်သော တိဟိတ်ပုထုဇဉ်, ဖလဈာန်ပုဂ္ဂိုလ်လေးယောက်တို့တွင်။ ဥဒ္ဒေကူနံ၊ အထက်အထက်၌ဖြစ်သောအရူပဘုံ၌ စိတ်တခုတခုယုတ်သည်ကိုပြု၍။ တြာ၊ အရူပတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၌ နှစ်ဆဲ့လေးပါး, နှစ်ဆဲ့သုံးပါး, နှစ်ဆဲ့နှစ်ပါး, နှစ်ဆဲ့တစ်ပါးသောစိတ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ ဧြွာ၊ အရူပသောတာပတ္တိဖလဈာန်, သကဒါဂါမိဖလဈာန်, အနာဂါမိဖလဈာန်ပုဂ္ဂိုလ်တို့၌ နှစ်ဆယ်, တဆဲ့ကိုး, တဆဲ့ရှစ်ပါး, တဆဲ့ခုနစ်ပါးသောစိတ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ မျာ၊ အရူပရဟန္တာပုဂ္ဂိုလ်၌ တဆဲ့ငါးပါး, တဆဲ့လေးပါး, တဆဲ့သုံးပါး, တဆဲ့နှစ်ပါးသောစိတ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။

ဆရာတော်ဘုရားကြီး ဦးအာလောကာ၏အမိန့်အရ ပဌမစာချကျောက်သမ္ဘတ် ဆင်ရှာကြီးဆရာတော် ဦးကုမာရထံ ဋီကာကျော်, ရူပသိဒ္ဓိ, အဘိဓာန်, အလင်္ကာ, ဆန်း, ယမိုက်, ပဌာန်း, ဝိနည်းငယ်လေးစောင်ကျမ်းတို့ကို သင်ယူတော်မူခဲ့ရလေသည်။

## ရဟန်းဖြစ်ခြင်း, အဓိဋ္ဌာန်ခြင်း

သက်တော် ၂၀–ပြည့်မြောက်သောအခါတွင် ညောင်ပင်ကန်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူခဲ့လေသည်။ ရဟန်းဖြစ်ပြီးသည်ကစ၍ အရှင်ဝိလာသသည် ငါသည် ဿိက္ခာပုဒ်တော် ကိုယ်တော်မှာ တည်သရွေ့ကာလပတ်လုံး မြင်းလှည်းယာဉ်စသည် မစီးပါ, ရွာတွင်းမြို့တွင်းသို့ အကြောင်းတစုံတရာရှိ၍ သွားသောအခါတို့၌ ဘိနပ်စီးခြင်း, ထီးဆောင်းခြင်း အလျှင်းမပြုပါအံ့, ပရိမဏ္ဍလသိက္ခာပုဒ်နှင့်အညီ သင်္ကန်းကို ဝတ်ရုံသုံးစွဲမည်ဟု အဓိဋ္ဌာန်တော်မူလေ၏။ အဓိဋ္ဌာန်မူသည့်အတိုင်း သက်ဆုံးတိုင် ပြုကျင့်တော်မူခဲ့လေသည်။

---

(၉) ဧကဇာ၊ ပုဂ္ဂိုလ်တယောက်ယောက်၌ အသီးအသီးဖြစ်သောစိတ်တို့သည်။ ဆဝိသတိ၊ နှစ်ဆဲ့ခြောက်ပါးတို့တည်း။ စတုဇာ၊ ပုဂ္ဂိုလ်လေးယောက်၌ဖြစ်သောစိတ်တို့သည်။ စုဒ္ဒသ၊ တဆဲ့လေးပါးတို့တည်း။ ပဥ္စဇာ၊ ပုဂ္ဂိုလ်ငါးယောက်၌ဖြစ်သောစိတ်တို့သည်။ တေရသ၊ တဆဲ့သုံးပါးတို့တည်း။ ဆဇာ၊ ပုဂ္ဂိုလ်ခြောက်ယောက်၌ဖြစ်သောစိတ်တို့သည်။ ဒွေ၊ နှစ်ပါးတို့တည်း။ သတ္တဇာ၊ ပုဂ္ဂိုလ်ခုနစ်ယောက်၌ဖြစ်သောစိတ်တို့သည်။ သတ္တဟိဒသ၊ တဆဲ့ခုနစ်ပါးတို့တည်း။ အဋ္ဌဇာ၊ ပုဂ္ဂိုလ်ရှစ်ယောက်၌ဖြစ်သောစိတ်တို့သည်။ သတ္တဟိဒသ၊ တဆဲ့ခုနစ်ပါးတို့တည်း။

(၁၀) ဧကဝါရံ ပဝတ္တံ၊ တကြိမ်သာဖြစ်သောစိတ်တို့သည်။ နောဧက်၊ ဒွေးပဥ္စဝိညာဉ်တဆယ်, မနောဓာတ်သုံးခု, အဘိညာဉ်ဒွေး, မဂ်စိတ်လေးခုအားဖြင့် တဆဲ့ကိုးခုတို့တည်း။ ဒွေကဝါရံ–ဧက်, ဒွ, ဝါရံ၊ တကြိမ်ရင်း, နှစ်ကြိမ်ရင်း ဖြစ်သောစိတ်သည်။ ပစ်၊ သောမနဿသဟဂုတ်သန္တီရဏစိတ်တခုတည်း။ ယဋ္ဌာဂံ၊ တကြိမ် နှစ်ကြိမ် သုံးကြိမ်ဖြစ်သောစိတ်သည်။ ပစ်၊ မနောဒွါရာဝဇ္ဇန်းစိတ်တခုတည်း။ ထု၊ ခုနစ်ကြိမ်ဖြစ်သောစိတ်သည်။ ပစ်၊

## မြတောင်ဆရာတော်ထံ ဆက်လက်ပညာသင်

ရဟန်းဘာဝဒုလ္လဘာကိုရရှိတော်မူပြီးနောက် ပဌမမြတောင်ဆရာတော်ဘုရားကြီးထံရောက်ရှိချည်းကပ်တော်မူပြန်၍ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်များစွာတို့ကို ၉–နှစ်တိုင် သင်ယူတော်မူခဲ့လေသည်၊ ၎င်းနောက် သဗ္ဗညုဆရာတော် ဦးဇယန္တ၊ ကြံခင်းမြို့ ပုဂံပြန်ကျောင်းဆရာတော်၊ ပြည်မြို့ဂန္ဓမာတောရဆရာတော် ဦးသုမင်္ဂလတို့ထံ၌လည်း ပညာသင်တော်မူခဲ့လေသည်၊ တဖန် ပြည်မြို့ဆီမီးဆွဲကျောင်း၌ ၂–ဝါသီတင်းသုံး၍ စာပေချပို့တော်မူခဲ့လေသည်။

## နတ်ထောင့်ကျောင်းဆရာတော်ဖြစ်ခြင်း

ရဟန်းသိက္ခာ ၁၃–ဝါအရတွင် ပုဂံမြို့နတ်ထောင့်ကျောင်း နတ်ထောင့်ဂိုဏ်းအုပ်ဆရာတော် အရှင်သဒ္ဓမ္မနန္ဒီ ပျံလွန်တော်မူသဖြင့် သေလန္တရာရာမဆရာတော်၊ ကန်စွန်းအိုဆရာတော်တို့၏ တိုက်တွန်းလွှဲအပ်ချက်အရ ပုဂံမြို့ နတ်ထောင့်ကျောင်းတိုက်ကြီး၌ ယာပိုက်မျှတကာ နာယကပြုလုပ်၍ သီတင်းသုံးတော်မူခဲ့လေသည်။

---

ဟသိတုပ္ပါဒ်စိတ်တခုတည်း။ သောသတ်၊ ခြောက်ကြိမ်, ခုနစ်ကြိမ်ဖြစ်သောစိတ်သည်။ ဘ်၊ မဟာကြိယာဉာဏဝိပ္ပယုတ်စိတ်လေးခုတည်း။ ပဥ္စဟို့ သောသတ်၊ ငါးကြိမ်, ခြောက်ကြိမ်, ခုနစ်ကြိမ်ဖြစ်သောစိတ်တို့သည်။ စေကံ၊ အကုသိုလ်ဒွါဒသ မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ်လေးခုအားဖြင့် တဆဲ့ခြောက်ခုတည်း။ ဗ ဘ မ တ ထ ဝါရံ၊ သုံးကြိမ် လေးကြိမ် ငါးကြိမ် ခြောက်ကြိမ် ခုနစ်ကြိမ်ဖြစ်သောစိတ်သည်။ ဖံ၊ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်လေးခု, မဟာကြိယာဉာဏသမ္ပယုတ်စိတ်လေးခုအားဖြင့် ရှစ်ခုတည်း။

(၁၁) ဧကောနေကံ၊ တကြိမ်ငှင်း, အကြိမ်များစွာငှင်း ဖြစ်သောစိတ်သည်။ မြံ၊ အဘိညာဉ်ဒွေးမှတပါးသော ရူပစိတ်တဆဲ့ငါးခု, နေဝသညာနာသညာယတနကုသိုလ်ကြိယာကြဉ်သော အရူပစိတ်တဆယ်အားဖြင့် နှစ်ဆဲ့ငါးခုတည်း။ ဒွေကံနေကံ – ဇော်, ဒွ, နေကံ၊ တကြိမ်ငှင်း, နှစ်ကြိမ်ငှင်း, အကြိမ်များစွာငှင်း ဖြစ်သောစိတ်သည်။ ချံ၊ ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်နှစ်ခု, မဟာဝိပါက်ရှစ်ခု, နေဝသညာနာသညာယတနကုသိုလ်ကြိယာ

## စာပေချပို့ ရှင်ပျော်ပျို့

ဆရာတော်သည် ပုဂံမြို့ နတ်ထောင့်ကျောင်းတိုက်၌ သဒ္ဒါ, သင်္ဂြိုဟ်, ဋီကာကျော်တို့မှစ၍ ပါဠိ, အဋ္ဌကထာကျမ်းဂန်များကို ချပို့တော်မူ၍ ပရိယတ္တိသာသနာတော်မြတ်တိုးတက်စည်ပင်အောင် သက်တော် ၇၄-နှစ်တိုင် ချပို့ဆောင်ရွက်တော်မူခဲ့သည်။

## ဆရာတော်၏ ကြည်ညိုဖွယ်ဂုဏ်တော်များ

ဆရာတော် အရှင်ဝိလာသသည် ရဟန်းဖြစ်သည်ကစ၍ သက်ဆုံးတိုင် သံဃာဒိသိသ် ဂရုကအာပတ်များ မသင့်ဘူးဟု သိရ၏။ ဆေးလိပ်မသောက်, နေလွဲချိန် ကွမ်းမစားခြင်း, ထန်းလျက်များကို မစားရုံမျှမက သကာရည်, ရေနုများကိုပင် ပြစ်ခဲ၍နေလျှင် ရေအေးနှင့် ကျဲအောင်ဖျော်၍ ဘုဥ်းပေးတော်မူလေ့ရှိ၏။

နေ့အခါ ဂန္ထဓုရဝန်ကို အားသွန်ကြိုးပမ်းတော်မူ၍ ညဉ့်အခါ ပုရိမယာမ်၌ ဘုရားဝတ်တက်၍, ညဝါပို့ချပြီးလျှင် ဥဒ္ဒာနသညာဖြင့် ကျိန်းစက်တော်မူကာ ပစ္ဆိမယာမ် ၃-နာရီအချိန်မှစ၍ ထတော်မူလျက်

---

နှစ်ခုအားဖြင့် တဆဲ့နှစ်ခုတည်း။ ရလနေက်၊ နှစ်ကြိမ်ငင်း, သုံးကြိမ်ငင်း, အကြိမ်များစွာငင်း ဖြစ်သောစိတ်သည်။ ရုံ၊ သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်အားဖြင့် နှစ်ခုတည်း။ ဂြေက်နေက် – ဇက်, ရ, ဂ, နေက်၊ တကြိမ်ငင်း, နှစ်ကြိမ်ငင်း, အကြိမ်များစွာငင်း ဖြစ်သောစိတ်သည်။ ရုံ၊ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်အားဖြင့် နှစ်ခုတည်း။ ကဝါရုံ ဝိဓေက်၊ တကြိမ်သဘောရှိသောစိတ်သည်။ ဋ္ဌ နှစ်ဆယ်တည်း။ ရဝါရုံ ဝိဓေက်၊ နှစ်ကြိမ်သဘောရှိသောစိတ်သည်။ တိသ၊ သုံးဆယ်တည်း။ ဂဝါရုံ ဝိဓေက်၊ သုံးကြိမ်သဘောရှိသောစိတ်သည်။ ကေတိသ၊ သုံးဆဲ့တခုတည်း။ ဝဝါရုံ ဝိဓေက်၊ လေးကြိမ်သဘောရှိသောစိတ်သည်။ ရူ၊ နှစ်ခုတည်း။ မဝါရုံ ဝိဓေက်၊ ငါးကြိမ်သဘောရှိသောစိတ်သည်။ ဖ၊ ရှစ်ခုတည်း။

တောင်ခွင်သာသနာပိုင်ဆရာတော်ဘုရားကြီး၏
ဂုဏ္ဍတ္ထဝိနိစ္ဆယ။ ၁။ ၅၁၂-၅၁၃။

ဘုရားဂုဏ်တော် တထောင်, တရားဂုဏ်တော် တထောင်, သံဃာဂုဏ်တော် တထောင် ပုတီးစိတ်တော်မူ၍ လူးလာခေါက်ပြန် စကြံကြွတော်မူလေသည်။

မိမိ၏ သီလ, သမာဓိ, ပညာဂုဏ်များကို ဆင်ခြင်တော်မူပြီးမှ အပရိဟာနိယတရားကို ပွားများစေခြင်း, သဟာသေယျသိက္ခာပုဒ်တော်ကို စောင့်ရှောက်စေခြင်းငှာ ရဟန်းသာမဏေတို့ကို ကျောက်စည်ခေါင်းလောင်းတီးခတ်တော်မူ၍ ထစေတော်မူ၍ ဘုရားဝတ်တက်ခြင်း, ပရိတ်မေတ္တာဘာဝနာပွားများခြင်းစသည်တို့ကို ပြုတော်မူလေ၏။

## တပည့်သံဃာတော်များ ဩဝါဒပေးတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် –

''အတတ်လည်းသင် ပဲ့ပြင်ဆုံးမ သိပ္ပမချန် ဘေးရန်ဆီးကာ သင့်ရာအပ်ပို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ''ဟူသည်နှင့်အညီ ဆရာဝတ်ငါးပါးတွင် အရေးကြီးလှသည့် ပဲ့ပြင်ဆုံးမဩဝါဒပေးမှုကို အခွင့်သာတိုင်း ပြုတော်မူလေ့ရှိတော်မူလေ၏။ အောက်ပါ မကြာ မကြာ ဆုံးမလေ့ရှိသောဩဝါဒဂါထာများနှင့် အနက်များကိုလည်း ဖော်ပြအပ်ပါသည်။

## လင်းတဥပမာ

ဂိဇ္ဈာဂိဇ္ဈာ ပက္ခန္ဒာပိ၊ ဝေဟာသံ ယောဇနာဓိကံ။

ပူတိသွာနာဘိဂိဇ္ဈန္တာ၊ ဘူမျံ ပါသေန ဗန္ဓိတာ။

ဂိဇ္ဈာဂိဇ္ဈာ၊ လင်းတကြီး လင်းတငယ်တို့သည်။ ယောဇနာဓိကံ၊ တယူဇနာထက်လွန်သော။ ဝေဟာသံ၊ ကောင်းကင်ထက်သို့။ ပက္ခန္ဒာပိ၊ ပျံသွားကြကုန်ပြီးလျက်လည်း။ ဘူမျံ၊ မြေ၌။ ပူတိသွာနံ၊ ခွေးသေကောင်ပုပ်ကို။ အဘိဂိဇ္ဈန္တာ၊ အလွန်မက်မောကြပြန်ကုန်သည်ဖြစ်၍။ ဘူမျံ၊ မြေ၌။ ပါသေန၊ ကျောင်းသားတို့ထောင်၍ထားအပ်သောကျော့ကွင်းဖြင့်။ ဗန္ဓိတာ၊ မိပြန်ကြရကုန်၏။

## ငါးဥပမာ

မိနာမိနာ ပက္ခန္ဒာပိ၊ အဂါသေလိလောဒဓိ။
ဂဏ္ဍုပ္ပါဒါဘိဂိဇ္ဈန္တာ၊ ဗလိသေန သုဗန္ဓိတာ။

မိနာမိနာ၊ ငါးကြီး ငါးငယ်တို့သည်။ အဂါသေလိလောဒဓိ၊ မထောက်မှီနိုင်ရာ နက်လှစွာသောမဟာသမုဒ္ဒရာရေသို့။ ပက္ခန္ဒာပိ၊ လူးလာ ပြေးသွား မြူးကစားနိုင်ကုန်ပြီးဖြစ်လျက်လည်း။ ဂဏ္ဍုပ္ပါဒါဘိဂိဇ္ဈန္တာ၊ ငါးမျှားချိပ်တွင် ကပ်ငြိတင်သော တီသတ္တဝါ အာမိသအစာကို လွန်စွာမက်မောကြကုန်သည်ဖြစ်၍။ ဗလိသေန၊ ငါးမျှားချိပ်ဖြင့်။ သုဗန္ဓိတာ၊ ကောင်းစွာလှလှ မိကြရကုန်ပြီ။

## ဥပမေယျ အနုသာသနကထာ

ဧဝံ သရံ သိဿာသိဿာ၊ သာသနေ ခေမလာဘိနော။
လောကာမိသာဘိဂိဇ္ဈန္တာ၊ မာ ဟောန္တု မာရဗဒ္ဓိတာ။

ဧဝံ၊ ဤသို့သောသဘောမျိုးကို။ သရံ–သရန္တာ၊ အစဉ်အောက်မေ့ နှလုံးတွေ့မိကြကုန်သည်ဖြစ်၍။ သာသနေ၊ သာသနာတော်၌။ ခေမလာဘိနော၊ ဘေးကင်းရာအရပ်ကိုရကြကုန်ပြီးသော။ သိဿာသိဿာ၊ တပည့်ကြီး တပည့်ငယ်တို့သည်။ လောကာမိသာဘိဂိဇ္ဈန္တာ၊ ကာမဂုဏ်အများ လိုက်စားလောဘ သက္ကာရတွယ်ကာ ပစ္စည်းရပ်အဖြာဖြာကို တစာစာမက်မောကြကုန်သည်ဖြစ်၍။ မာရဗဒ္ဓိတာ၊ မာရ်မင်းအစာသဖွယ်တို့သည်။ မာ ဟောန္တု၊ မဖြစ်ကြပါစေကုန်သတည်း။

## သီလ, ပညာပြည့်စုံ ဆုံးမသောဂါထာ

သဗ္ဗဒါ သီလသမ္ပန္နော၊ ပညဝါ သုသမာဟိတော။
အဇ္ဈတ္တသညီ သတိမာ၊ ဩဃံ တရတိ ဒုက္ကရံ။

ဧဝံ ပုတ္တာမှိ သတ္ထာရော ပုနပ္ပုနံ အနုသာသရံ။
သဗ္ဗဒါ သီလသမ္ပန္နာ၊ ဩဃံ တရန္တု ပညဝါ။

သဗ္ဗဒါ၊ အခါခပ်သိမ်း။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသော။ သုသမာဟိတော၊ အလွန်တည်ကြည်သော။ အဇ္ဈတ္တသညီ၊ မိမိကိုယ်

တွင်း ဆံမွေးညှင်း–စသော တရားတို့၌ ဝိပဿနာဘာဝနာပွားများ ရှုခြင်းဟုဆိုအပ်သော အဇ္ဈတ္တသညာရှိထသော။ သတိမာ၊ သတိလည်း ရှိထသော။ ပညဝါ၊ ပညာရှိသောသူသည်သာလျှင်။ ဒုက္ခရံ၊ ကူးခတ် နိုင်ခဲသော။ ဩဃံ၊ သံသရာတည်းဟူသောဝဲဩဃကို။ တရတိ၊ လွန် မြောက်နိုင်၏။ က္လတိ ဧဝံ၊ ဤသို့။ သတ္ထာရာ၊ မြတ်စွာဘုရားသည်။ ဝုတ္တမွိ၊ ဟောကြားတော်မူအပ်သောတရားတော်မြတ်ကိုလည်း။ ပုန ပ္ပုနံ၊ အဖန်တလဲလဲ။ အနုဿရံ–အနုဿရန္တော၊ အောက်မေ့ကြကုန် သည်ဖြစ်၍။ သိဿာသိဿာ၊ တပည့်ကြီး တပည့်ငယ်တို့သည်။ သဗ္ဗ ဒါ၊ အခါခပ်သိမ်း။ သီလသမ္ပန္နာ၊ သီလနှင့်ပြည့်စုံကြကုန်သည်။ ပညဝါ– ပညဝန္တာ၊ ပညာရှိကြကုန်သည်ဖြစ်၍။ ဩဃံ၊ သံသရာပင်လယ်ကြီးကို။ တရန္တု၊ လွန်မြောက်လွယ်ကြပါစေကုန်သတည်း။

ဤသို့စသည်ဖြင့် ဂိုဏ်းဝင်သံဃာနှင့် မိမိထံနည်းခံ တပည့် တို့အား ဩဝါဒအနုသာသနီများကို ပေးတော်မူခဲ့လေသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ယင်းသို့ဖြင့် ကိုယ်တိုင်ကလဲ သီလ, သမာဓိ, ပညာနှင့်ပြည့်စုံ ပြီး တပည့်တပန်းရဟန်းသံဃာတို့အား သီလ, သမာဓိ, ပညာနှင့် ပြည့်စုံရန်ကို မျှော်လင့်အားပေးတော်မူသော နတ်ထောင့်ဂိုဏ်း နာယက ပုဂံသာသနာ့ဝန်ဆောင်ဆရာတော်ဘုရားကြီး အရှင်ဝိလာသာဘိဓဇ မဟာထေရ်သည် သက်တော် ၇၄, ဝါတော် ၅၄–ဝါရရှိရာ ၁၂၉၅– ခု၊ တပေါင်းလဆုတ် ၃–ရက်နေ့ ၂–နာရီအချိန်တွင် နတ်မင်းကြွန္တြာ၏ ပင့်လျှောက်ချက်ကို လက်ခံတော်မူသည့်အဟန် ဘဝနတ်ထံ ဝင်စံ တော်မူခဲ့လေသည်။

ဘဒ္ဒန္တဝိလာသော ထေရော၊ ဝိလာသိ ဇိနသာသနေ။
သာသနံ ဝိလာသေတွာန၊ ယာတော ဒေဝါနသန္တိကံ။

## ကျမ်းစာအပြီးသတ်ခြင်း

ဤသို့ဖြင့် သမုဒ္ဒရာဇ် (သမုတိရာဇ်)စသည် တည်ထောင်ခဲ့သော ပုဂံပြည်ကြီး၌ ထင်ရှားသောစေတီပုထိုးများနှင့် အရှင်အရဟံမှစ၍ ထင်ရှားသောပုဂံသာသနာဝန်ဆောင်တို့၏ ဖြစ်စဉ်ဖြစ်ရပ်အဖြူပွတ်စသည်တို့ကို ပုဂံသာသနာဝင်အမည်ဖြင့် ကျမ်းစာတစောင်ဖြစ်မြောက်အောင် စုဆောင်းရေးသားခဲ့ပါပြီ၊ စာရှုသူတို့၏ ကြည်ညိုခြင်း၊ သံဝေဂယူခြင်းတို့ဖြင့် ၊ ကုသိုလ်တရားပွားများနိုင်ကြပါစေဟု ဆုတောင်းပြီး အောက်ပါ ပါဠိ+မြန်မာ စကားရပ်တို့ကို အထွတ်တင်ကာ အကျွန်ုပ်၏ ပုဂံသာသနာဝင်မည်တွင်တောက်လျှမ်းသည့် ကျမ်းစာကို လက်စသတ်လိုက်ပါပြီ။

## ပုဂံသာသနာဝင်ကျမ်း နိဂုံး

(၁) ပခုက္ကူပုသေဋ္ဌဿ၊ ပစ္ဆိမေ အာသိ ဝိဿုတော။
စတုဂါဝုတဒေသမှိ၊ ကန်ရပ်ဂါမော သုသောဘနော။

ဘုရားမြတ်စွာသာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်ရာဖြစ်သဖြင့် မြို့မွန်မြို့မြတ်ဖြစ်သော ပခုက္ကူမြို့၏ အနောက်ဖက် ၄-ဂါဝုတ်ပမာဏဝေးကွာသောအရပ်၌ ပခုက္ကူခရိုင်အတွင်း ကျော်စောခြင်းရှိသောရွာ၏ လေးဖက်လေးတန်၌ ကျောင်းကန်ဘုရား၊ စေတီပုထိုးအမျိုးမျိုးတို့ဖြင့် တင့်တယ်လှသည့် ကန်ရပ်ရွာကြီးတည်ရှိလေသည်။

(၂) ဒွိနောဒွိဝေကသာကမှိ၊ တမှိ ဇာတေန ဇာတိယာ။
လင်္ကာဘာရတအာဒီသု၊ ဝုဋ္ဌပုဗ္ဗသုတေသိနာ။

ထိုကန်ရပ်ရွာကြီး၌ မူလချက်မြှုပ်အနေအားဖြင့် ၁၂၉၂-ခုနှစ်၌ မွေးဖွားသော လင်္ကာဒီပခေါ်ဆိုသည့် သီဟိုဠ်နိုင်ငံ၊ ဘာရတအမည်ရသည့် အိန္ဒိယနိုင်ငံအစရှိသော နိုင်ငံရပ်ခြား တိုင်းတပါးတို့၌ ကြာမြင့်စွာနေခဲ့ဘူး သက္ကတ၊ ပရာကရိတ်၊ အင်္ဂလိပ်၊ သီဟိုဠ် ထိုထိုဘာသာရပ်များ သမိုင်းပညာအမျိုးမျိုးကိုလေ့လာကြိုးပမ်းဆည်းပူးလေ့ရှိသော။

(၃) ဝိသုတာရာမသီဟာနံ၊ သိက္ခိတေန တိပေဋကံ။
သန္တိကေ နဝဝသာနံ၊ သံဂီတိကိစ္စကာရိနာ။

ပခုက္ကူပိဋကတ်မြို့တော်ရှိ မဟာဝိသုတာရာမဝိဇ္ဇာယတနကြီး၌ အရှင်နန္ဒိယမဟာထေရ်[၁]အစရှိကုန်သော မဟာဝိသုတာရာမဝါသီ ပညာရှိ မထေရ်မြတ်ကြီးတို့၏အထံ၌ ကိုးနှစ်တိုင် ပိဋကတ်သုံးပုံကို သင်ယူခဲ့သော ဆဋ္ဌသံဂါယနာမဟာဓမ္မသဘင်ကြီး၌ စာပေလုပ်ငန်းအဝဝကို ပြုလုပ်လေ့ရှိသော။

(၄) ဒက္ခိဏာရာမဝါသီနံ၊ သန္တိကေပိ သုဝိညူနံ။
သိက္ခိတေန တေပိဋတိ-ဝသိကေန ယသဿိနာ။

ရတနာပုံ မန္တလေးမြို့တော် တောင်ပြင် ဒက္ခိဏာရာမဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် အရှင်ဉက္ကံသာဘိဝံသ-အစရှိသော ပညာရှင်မဟာထေရ်မြတ်တို့၏အထံ၌လည်း သင်ယူအပ်သော နည်းနာနယအတတ်ပညာအဝဝရှိသော ရဟန်းသိက္ခာ ၂၃-ဝါရ တပည့်တပန်းအခြံအရံတို့နှင့်လည်း ပြည့်စုံသော။

(၅) သုန္ဒရေ ပုရသေဋ္ဌမှိ၊ သုန္ဒရေ ဝိသုတေ သုတေ။
သုန္ဒရေ ဇောတိပါလမှိ၊ ဝသတာ ဂဏဝါစိနာ။

လှပတင့်တယ်နေချင်စဖွယ်ကောင်းလှသော ပခုက္ကူပိဋကတ်အတတ်မြို့တော်၌ တင့်တယ်သာမော ကျော်စောထင်ရှားလှသော မဟာဝိသုတာရာမကျောင်းတိုက်ကြီးအတွင်း တိုက်တာတည် ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး ဂန္ဓသာရမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်တို့ သီတင်းသုံးတော်မူရာဌာနမွန်ဖြစ်သဖြင့် တင့်တယ်သာယာ နေချင်စရာကောင်းလှသော သာသနာဇောတိပါလကျောင်းကြီး၌ နေထိုင်လျက် ဘာသာအမျိုးမျိုးကို ချပို့လေ့ရှိသော။

---

(၁) အရှင်နန္ဒိယမဟာထေရ်ကား မဟာဝိသုတာရာမဝိဇ္ဇာယတနကြီး၏ တိုက်အုပ်ဆရာတော်ဖြစ်တော်မူသည်၊ ၁၃၃၃-ခု၊ တော်သလင်းလဆန်း ၁၃-ရက်နေ့တွင် ပျံလွန်တော်မူသည်။

(၆) နိဿာယ ဣတိဟာသေပိ၊ သီလာလိပိ ပဘူတယော။
မတိမန္တေတိမန္တိတာ၊ တတောယံဝိဒုမာနိတော။

သမိုင်းရာဇဝင်ကျမ်းဂန်အမျိုးမျိုး, ကျောက်စာအရှိသောမှတ်တမ်းအမျိုးမျိုးတို့ကို မှီငြမ်းပြုပြီး ပညာရှင်တို့နှင့်တိုင်ပင်ဆွေးနွေး၍ ပညာရှင်အပေါင်းတို့ နှစ်ထောင်းဝမ်းသာ ထောမနာအပ် မြတ်နိုးအပ်သော ဤပုဂံသာသနာဝင်ကျမ်းကြီးကို ကြိုးပမ်းရေးသားအပ်ပါသတည်း။

(၇) တိဋ္ဌတိ အယံ မေ ဂန္ထော၊ သုသာရော ယာဝ သာသနံ။
တိဋ္ဌတေဝ သုတေသီနံ၊ သုဝံသံ သုပကာသယံ။

အကျွန်ုပ်ပြုစီရင်အပ်သော ဤပုဂံသာသနာဝင်ကျမ်းသည် ဘုန်းဝန်ပရမေ သုံးလူ့ဆွေမြတ်စွာ သာသနာတည်သရွေ့ကာလပတ်လုံး သာသနာ့သမိုင်း အဋ္ဌုပ္ပတ်ရာဇဝင် သုတေသီတို့အား ကောင်းမြတ်သော သာသနာဝင် အနွယ်အဆက်ကို ကောင်းစွာပြလျက် တည်ထွန်းပါစေသတည်း။

(၈) အနေန သုဝိသိဋ္ဌေန၊ ပုညေနညေန ကမ္မုနာ။
မနသိ ဘိက္ခုညေယေ၀၊ ဂစ္ဆေယျံ အမတံ သိဝံ။

ဤပုဂံသာသနာဝင်ကျမ်းကို ကြိုးပမ်းပြုစုရသောကောင်းမှုထူးနှင့် အခြားကောင်းမှုအစုစုကြောင့် ပညာရှင်ကြီးများဖြစ်တော်မူကြသော ကျေးဇူးရှင်ဆရာသခင် အရှင်မြတ်ကြီးတို့နှင့်အတူ အမတကျွန်းသို့ စံမြန်းရပါစေသတည်း။

## ပုဂံသာသနာဝင်ကျမ်း အလုံးစုံပြီး၏။

